ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၂၀

အာယသ်တော် ၂၇း၆၀ မှ ၂၉း၄၄ အထိ

ပြန်ဆိုရေးသားတည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၀]

စူရာဟ်နမလ်

ပုရွက်ဆိတ်ကောင်ကဏ္ဍ

၂၇ း ၆၀ မှ ၂၇ း ၆၄ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆

مضطر ၏ တောင်းဆိုသည့်ဒိုအာသည် စိတ်နှလုံးဖြူစင်သည့်အပေါ် မူတည်၍ မုချ သဘောတူ လက်ခံတော်မူမည်ဖြစ်ကြောင်း ၅

၂၇ း ၆၅ မှ ၂၇ း ၇၅ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈

၄။ အာယသ်တော်များ၏ ဆက်စပ်ပုံ ၈

၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂

၂၇ း ၇၆ မှ ၂၇ း ၇၉ အထိ

၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄

၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄

၂၇ း ၈၀ မှ ၂၇ း ၈၁ အထိ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅

၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅

၁၀။ သေဆုံးသွားသော သူများ ကြားခြင်း၊ မကြားခြင်းနှင့် ပတ်သက်သည့် ပညတ်ချက်များ ၁၇

ခဉ်	အကြောင်းအရာ	စာမျက်နှာ
	၂၇ း ၈၂	
၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀
၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀
၁၃။	دَآبَّةُ الْأَرْضِ ၊ ၁ ဆိုသည်မှာ မည်သည့်အရာဖြစ်၍ ယင်းအရာသည် မည်သည့် အချိန်၊ မည်သည့် နေရာ၌ ပေါ်ထွက်မည်နည်း။	၂၀
	၂၇ း ၈၃ မှ ၂၇ း ၉၀ အထိ	
၁၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄
၁၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၈
	၂၇ း ၉၁ မှ ၂၇ း ၉၃ အထိ	
၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၅
၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၆
	စူရာဟ်ကဆွဆ်	
	ဖြစ်ကြောင်းကုန်စင် ကဏ္ဍ	
	၂၈ း ၁ မှ ၂၈ း ၁၃ အထိ	
၁၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၀
၁၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၃
	၂၈ း ၁၄ မှ ၂၈ း ၂၁ အထိ	
၂၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၇
၂၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၀
	၂၈ း ၂၂ မှ ၂၈ း ၂၈ အထိ	
၂၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၈
၂၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၁
၂၄။	ဝန်ထမ်း (သို့) ရာထူးရာခံတာဝန်ပေးအပ်ရန် အရေးကြီးသောစည်းကမ်းချက်မှာ နှစ်မျိုးရှိခြင်း	၆၅

၂၈ ႏ ၂၉ မှ ၂၈ ႏ ၃၅ အထိ

၂၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၉
၂၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၁
၂၇။ 'အမလ်'ကျင့်စဉ်ကောင်းမြတ်ခြင်းကြောင့် နေရာသည်လည်း 'ဗရိကသ်'မင်္ဂလာ ဖြစ်ရှိသွားရခြင်း ၇၂
၂၈။ 'ဝအ်ဇ်'တရားဓမ္မ ဟောကြားခြင်းများတွင် အာဝဇ္ဇာန်ရှင်ခြင်းနှင့် စကားကြွယ် ခြင်းတို့သည် နှစ်သက်ဖွယ်ရာဖြစ်ခြင်း ၇၂

၂၈ ႏ ၃၆ မှ ၂၈ ႏ ၄၂ အထိ

၂၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၄
၃၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၆

၂၈ ႏ ၄၃ မှ ၂၈ ႏ ၅၁ အထိ

၃၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၀
၃၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၅
၃၃။ 'သဗ်လီးဂ်'နှင့် 'ဒအ်ဝသ်'လုပ်ငန်းအတွက် အချို့သော စည်းကမ်းချက်များ..... ၈၈

၂၈ ႏ ၅၂ မှ ၂၈ ႏ ၅၅ အထိ

၃၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၉
၃၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၀
၃၆။ مُسلمين 'မုစ်လိမီးန်'ဟူသောစာလုံးသည် အွမ္မသေ့မုဟမ္မဒီယဟ်'အတွက်သာ သီးသန့် ဖြစ်ပါသလား (သို့) အွမ္မသ်တိုင်းအတွက် ဖြစ်ပါသလား။ ၉၁
၃၇။ ဤအာယသ်တော်တွင် အရေးကြီးသော လမ်းညွှန်မှုနှစ်ရပ် ပါရှိခြင်း ၉၅

၂၈ ႏ ၅၆

၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၆
၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၆

၂၈ ႏ ၅၇ မှ ၂၈ ႏ ၆၀ အထိ

၄၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၁
၄၂။	မက္ကာဟ်၏ 'ဟရာမ်'နယ်မြေတွင် သစ်သီးဝလံဟူသမျှ စုရုံးရောက်ရှိခြင်းသည် တန်ခိုးတော်အသျှင်မြတ်၏ အထူးလက္ခဏာတော်များအနက်မှဖြစ်ခြင်း	၁၀၂
၄၃။	အမိန့်ပညတ်ချက်များနှင့် ဥပဒေသတ်မှတ်ချက်များတွင် ရှာငယ်၊ရှာသိမ်တို့သည် မြို့ကြီးများ၏ လက်အောက်ခံဖြစ်ခြင်း	၁၀၅
၄၄။	အသိဉာဏ်ရှိသူ ဆိုသည်မှာ လောကီရေး ရှာဖွေမှု၌ လွန်စွာ နစ်မွန်းမနေဘဲ တမလွန်အရေးကို သောကထားသူဖြစ်ခြင်း	၁၀၆
	၂၈ း ၆၁ မှ ၂၈ း ၆၇ အထိ	
၄၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၈
၄၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၀
	၂၈ း ၆၈ မှ ၂၈ း ၇၃ အထိ	
၄၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၂
၄၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၄
၄၉။	အရာတစ်ခုကိုအခြားအရာတစ်ခုအပေါ်၌လည်းကောင်း၊ လူတစ်ဦးကို အခြားလူတစ်ဦးအပေါ်၌လည်းကောင်း ထူးမြတ်မှုပေးသည့် အမှန်ကန်ဆုံး တိုင်းတာမှုသည် အလ္လာဟ်အသျှင်မြတ်၏ အခွင့်အာဏာပင်ဖြစ်ခြင်း	၁၁၅
	၂၈ း ၇၄ မှ ၂၈ း ၇၅ အထိ	
၅၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၈
	၂၈ း ၇၆ မှ ၂၈ း ၈၂ အထိ	
၅၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၂၁
၅၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၂
	၂၈ း ၈၃ မှ ၂၈ း ၈၄ အထိ	
၅၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၂၆
၅၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၅။	အကျိုးကျေးဇူး	၁၃၀
၄၆။	အပြစ်ကျူးလွန်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ချခြင်းသည်လည်း အပြစ်ပင်ဖြစ်ခြင်း	၁၃၀
	၂၈ း ၈၅ မှ ၂၈ း ၈၈ အထိ	
၄၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၂
၄၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၄
၄၉။	ကုရ်အာန်ကျမ်းတော်မြတ်သည် ရန်သူများအပေါ် အောင်နိုင်ခြင်းနှင့် လိုအင်ဆန္ဒများပြည့်ဝအောင်မြင်နိုင်ခြင်းနှင့် လိုအင်ဆန္ဒများပြည့်ဝအောင်မြင်ရန် အကြောင်းခံတစ်ခုဖြစ်ခြင်း	၁၃၆
	စူရာဟ်အန်ကဗူသ် **ပင့်ကူကောင်ကဏ္ဍ**	
	၂၉ း ၁ မှ ၂၉ း ၇ အထိ	
၅၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၈
၅၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၀
	၂၉ း ၈ မှ ၂၉ း ၉ အထိ	
၅၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၂
၅၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၂
	၂၉ း ၁၀ မှ ၂၉ း ၁၃ အထိ	
၅၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၅
၅၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၆
၅၆။	ပြစ်မှုကျူးလွန်ရန် ဖိတ်ခေါ်သူသည်လည်း ပြစ်မှုကျူးလွန်သူဖြစ်၍ ပြစ်မှုကျူးလွန်သူ ခံစားရသည့် အပြစ်ငရဲကို ၄င်းသည်လည်း ခံစားရခြင်း	၁၄၇
	၂၉ း ၁၄ မှ ၂၉ း ၁၈ အထိ	
၅၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၀
	၂၉ း ၁၉ မှ ၂၉ း ၂၃ အထိ	
၆၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၃
	၂၉ း ၂၄ မှ ၂၉ း ၂၇ အထိ	
၇၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၅
၇၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၇
၇၂။	ကမ္ဘာပေါ်တွင် ပထမဦးဆုံး 'ဟိဂ်ျရသ်'	၁၅၈
၇၃။	အချို့ကျင့်စဉ်များ၏ အကျိုးသည် လောကတွင်လည်း ရရှိသွားခြင်း	၁၅၈
	၂၉ း ၂၈ မှ ၂၉ း ၃၅ အထိ	
၇၄။	အကျယ်ဖွင့်ဆိုချုပ်အနှစ်ချုပ်	၁၆၁
၇၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၃
	၂၉ း ၃၆ မှ ၂၉ း ၄၄ အထိ	
၇၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၆
၇၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၈
၇၈။	အလ္လာဟ်အသျှင်မြတ်ထံတော်၌ အာလင်မ်ဆိုသည်မှာ မည်သူနည်း။	၁၇၀

ပါရာ [၂၀]

စူရာဟ်နမလ်

ပုရွက်ဆိတ်တောင်ကဏ္ဍ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

أَمَّنۡ خَلَقَ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَ وَأَنزَلَ لَكُم مِّنَ
ٱلسَّمَآءِ مَآءٗ فَأَنۢبَتۡنَا بِهِۦ حَدَآئِقَ ذَاتَ بَهۡجَةٖ مَّا كَانَ
لَكُمۡ أَن تُنۢبِتُواْ شَجَرَهَآۗ أَءِلَٰهٞ مَّعَ ٱللَّهِۚ بَلۡ هُمۡ قَوۡمٞ يَعۡدِلُونَ ٦٠

၂၇ : ၆၀ ။ ။ (ဤသို့ ရုပ်ထုများ မြင့်မြတ်သလော။) သို့တည်းမဟုတ် အကြင်အသျှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် အသျှင်မြတ်သည် အသင်တို့အဖို့ မိုးကောင်းကင်မှ (မိုး) ရေကို (ရွာသွန်း) ချပေးသနားတော်မူခဲ့၏။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုရေဖြင့် တင့်တယ်စိုပြေသာယာသော ခြံ၊ ဥယျာဉ်များကို ပေါက်ရောက်စေတော်မူခဲ့၏။ အသင်တို့၌မူ ထိုခြံ၊ ဥယျာဉ်များ၏ သစ်ပင်များကို ပေါက်ရောက်စေနိုင်စွမ်း မရှိပြီ။ (ဤသည်တို့ကို ဖန်ဆင်းရာ၌) အလ္လာဟ်အသျှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ ရှိပါသေးသလော။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ၎င်းတို့သည် အမှန်တရားမှ သွေဖည်သူများပင် ဖြစ်ကြကုန်သည်။ (တစ်နည်း) ၎င်းတို့သည် (အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့်) ဂုဏ်ရည်တူ ပြုလုပ်သူများပင် ဖြစ်ကြကုန်သည်။

أَمَّن جَعَلَ ٱلۡأَرۡضَ قَرَارٗا وَجَعَلَ خِلَٰلَهَآ أَنۡهَٰرٗا وَجَعَلَ
لَهَا رَوَٰسِيَ وَجَعَلَ بَيۡنَ ٱلۡبَحۡرَيۡنِ حَاجِزًاۗ أَءِلَٰهٞ مَّعَ ٱللَّهِۚ
بَلۡ أَكۡثَرُهُمۡ لَا يَعۡلَمُونَ ٦١

၂၇ : ၆၁ ။ ။ (ဤသို့ ရုပ်ထုများ မြင့်မြတ်သလော။) သို့တည်းမဟုတ် အကြင်အသျှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအသျှင်မြတ်သည် ပထဝီမြေကို မှီတင်းနေထိုင်ရာ ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ယင်းပထဝီမြေ၏ အကြား

(များ) ၌ ချောင်းများ (မြစ်များ) ကို ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ယင်း ပထဝီမြေ (တည်ငြိမ်စေရန်) အလို့ငှာ၊ တောင်များကို (ကျောက်ဆူးများအဖြစ်) ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် မြစ်နှစ်ခု၏ အကြင်အခါဝယ် အတားအဆီး တစ်ခုကို ပြုလုပ်တော်မူခဲ့၏။ (ဤသည်တို့ကို ဖန်ဆင်းရာ၌) အလ္လာဟ်အသျှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ ရှိပါသေးသလော။ ထိုသို့ အလျဉ်းမဟုတ်။ အမှန်စင်စစ်မှာမူ ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် မသိနားမလည်ကြသူများပင် ဖြစ်ကြကုန်သည်။

أَمَّنْ يُجِيبُ الْمُضْطَرَّ إِذَا دَعَاهُ
وَيَكْشِفُ السُّوءَ وَيَجْعَلُكُمْ خُلَفَاءَ الْأَرْضِ ۗ أَإِلَٰهٌ مَعَ اللَّهِ ۚ
قَلِيلًا مَا تَذَكَّرُونَ ﴿٦٢﴾

၂၇ : ၆၂ ။ ။ (ဤသို့ ရုပ်ထုများ မြင့်မြတ်သလော။) သို့တည်းမဟုတ် အကြင်အသျှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအသျှင်မြတ်သည် မိမိအား အကြပ်အတည်း ရောက်နေသောသူ (ဒုက္ခသည်) က ဟစ်ခေါ် (တမ်းတ) လေသောအခါ ၎င်းအား ပြန်၍ ထူးတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ဘေးဒုက္ခကိုလည်း ဖယ်ရှားတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ကမ္ဘာမြေ၌ အသင်တို့အား (အသျှင်မြတ်၏) ကိုယ်စားလှယ်များ ပြုလုပ်တော်မူ၏။ အလ္လာဟ်အသျှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ ရှိပါသေးသလော။ အသင်တို့သည် အနည်းငယ်မျှသာလျှင် စဉ်းစားကြရကုန်သည်။

أَمَّنْ يَهْدِيكُمْ فِي ظُلُمَاتِ الْبَرِّ وَ
الْبَحْرِ وَمَنْ يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ ۗ
أَإِلَٰهٌ مَعَ اللَّهِ ۚ تَعَالَى اللَّهُ عَمَّا يُشْرِكُونَ ﴿٦٣﴾

၂၇ : ၆၃ ။ ။ (ဤသို့ ရုပ်ထုများ မြင့်မြတ်သလော။) သို့တည်းမဟုတ် အကြင်အသျှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအသျှင်မြတ်သည် အသင်တို့အား ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာ၏ အမှောင်ထုများ၌ လမ်းညွှန်တော်မူ၏။ ထို့ပြင် အကြင်အသျှင်မြတ်သည် မိမိ၏ ကရုဏာတည်းဟူသော မိုးမရွာမီ၊ လေများကို ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူ၏။ အလ္လာဟ်အသျှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ်ကိုးကွယ်ရာ (အသျှင်) ဟူ၍ ရှိပါသလေးသလော။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တွဲဖက်နိူင်းယှဉ် ကိုးကွယ်ကြသည်တို့ထက် (အတိုင်းအဆမရှိ) မြင့်မြတ်တော်မူပေသည်။

أَمَّنْ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ وَمَنْ يَرْزُقُكُمْ مِنَ السَّمَاءِ وَالْأَرْضِ ۗ
أَإِلَٰهٌ مَعَ اللَّهِ ۚ قُلْ هَاتُوا بُرْهَانَكُمْ إِنْ كُنْتُمْ صَادِقِينَ ﴿٦٤﴾

၂၇ : ၆၄ ။ ။ (ဤသို့ ရုပ်ထုများ မြင့်မြတ်သလော။) သို့တည်းမဟုတ် အကြင်အသျှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအသျှင်မြတ်သည် အဖန်ဆင်းခံတို့ကို (ပထမအကြိမ်) စတင် ဖန်ဆင်းတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်

၄င်းအဖန်ဆင်းခံတို့ကို တစ်ဖန် ထပ်မံ၍ပင် ဖန်ဆင်းတော်မူပေမည်။ ထို့ပြင် အကြင်အသျှင်မြတ်သည် အသင်တို့အား မိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း စားနပ်ရိပ်ကွာကို ချီးမြှင့်ပေးသနားတော်မူ၏။ အလ္လာဟ်အသျှင်မြတ် နှင့်အတူ (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ ရှိပါသေးသလော။ (အို၊ တမန်တော်) အသင်သည် (၄င်းတို့အား၊ အချင်းတို့) 'အကယ်၍ အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် (ဤသည်နှင့် စပ်လျဉ်း၍) မိမိတို့၏ သက်သေသာဓက အထောက်အထားကို ယူဆောင်လာခဲ့ကြလေကုန်' ဟု ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အရှေ့တွင် တင်ပြခဲ့ပြီးဖြစ်သော အာယသ်တော်များ၏ နောက်ဆုံးပိုဒ်၌ မိန့်တော်မူထားသည်မှာ-

ءٰٓ اللّٰهُ خَيْرٌ اَمَّا يُشْرِكُوْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် တုပနှိုင်းယှဉ်ကြသော ရုပ်တုက ပို၍ ကောင်းပါသလော။ (သို့) အလ္လာဟ်အသျှင်မြတ်က ပို၍ ကောင်းပါသလော။ ဤသည် မုရှ်ရစ်က်များ၏ အသိဉာဏ်မဲ့သော လုပ်ရပ်အပေါ် ထိုးနှက်ချက်တစ်ခုပင် ဖြစ်သည်။ ရှေ့ဆက်ပြီး 'သောင်ဟီးဒ်' အထောက်အထားများကို တင်ပြထား၏။

အို၊ လူသားအပေါင်းတို့ တင်ပြပါလော့။ အကြောင်းမူကား ထိုဇာတိတော် (အလ္လာဟ်အသျှင်မြတ်) က ပို၍ ကောင်းပါသလော။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းတော်မူ၏။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရွာသွန်းစေတော်မူပြီး ထိုမိုးရေကြောင့် ထိုအသျှင်မြတ်သည်ပင် သာယာသော ဥယျာဉ်များကို ဖြစ်ထွန်းစေသည်။ သို့မဟုတ်ပါက အသင်တို့အနေနှင့် ထိုဥယျာဉ်များ၌ အပင်များ ပေါက်ရောက်စေရန်မှာ မဖြစ်နိုင်ပေ။ ဤသို့ ကြားသိရပြီးနောက် အလ္လာဟ်အသျှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက်သူ တစ်ဦးတစ်ယောက်မျှ ရှိပါသလော။ သို့သော် မုရှ်ရစ်က်များသည် လက်ခံခြင်း မရှိကြချေ။ သို့သာမက ထိုမုရှ်ရစ်က်များသည် အခြားသူများကို အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူ မှတ်ယူကြသည်။ ကောင်းလေစွ။ ထပ်မံ၍ ပြည့်စုံကုံလုံခြင်းများကို နားထောင်၍ ဤရုပ်တုများ ကောင်းသည်၊ မကောင်းသည်ကို တင်ပြကြလော့။ သို့မဟုတ် ထိုအသျှင်မြတ်က ကောင်းပါသလော။ အကြင်အသျှင်မြတ်သည် မြေပထဝီအား အဖန်ဆင်းခံများနေထိုင်ရန်အတွက် ဌာနအဖြစ် ဖန်ဆင်းပေးတော်မူခဲ့သည်။ ထိုမြေပထဝီ၏ အလယ်ကြား၌ မြစ်ချောင်းများ ဖန်ဆင်းပေးတော်မူ၏။ ယင်းမြေပထဝီကြီး တည်ငြိမ်နေစေရန်အတွက် တောင်များကို ဖန်ဆင်းပေးတော်မူ၏။ ၄င်းနောက် ပင်လယ်သမုဒ္ဒရာများကြား၌ စည်းခြားထားတော်မူ၏။ စူရာဟ်ဖုရ်ကာန်၌ مرج البحرين အောက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခု အထက်ပါအချက်များအား ကြားသိရပြီးနောက် တင်ပြကြကုန်။ အကြောင်းမူကား အလ္လာဟ်အသျှင်မြတ်နှင့်အတူ ယှဉ်တွဲကိုးကွယ်ထိုက်သူ မည်သူတစ်ဦးတစ်ယောက်မျှ ရှိပါသလော။ သို့သော် မုရှ်ရစ်က်

များသည် ယခုလည်း လက်မခံကြချေ။ သို့သော် ထိုသူများထဲတွင် ကောင်းစွာ နားလည်သဘောပေါက်ကြသူများလည်း မရှိကြချေ။ ကောင်းလေစွ။ တစ်ဖန် နောက်ထပ် ထိုအသျှင်မြတ်၏ ပြည့်စုံကုံလုံခြင်းများကို နားထောင်၍ ထိုရုပ်တုများက ပိုကောင်းပါသလော။ (သို့) အလ္လာဟ်အသျှင်မြတ်က ပိုကောင်းပါသလောဆိုသည်ကို တင်ပြကြကုန်။ အကြင်အသျှင်မြတ်သည် တည်ငြိမ်မှုကင်းမဲ့သော လူသားများ၏ ဒိုအာကို ကြားတော်မူ၏။ ထိုအသျှင်မြတ်ကို တမ်းတသတိရကြသောအခါ ၎င်းသူ၏ အခက်အခဲပူသွေးမှုကို ကင်းဝေးစေတော်မူသည်။ ၎င်းနောက် အသင်တို့အား မြေပထဝီအပေါ် သုံးစွဲပိုင်ခွင့်ရှိသူအဖြစ် ပြုပေးသနားတော်မူသည်။ ဤအချက်များကို ကြားသိရပြီး တင်ပြကြလော။ ယခု အလ္လာဟ်အသျှင်မြတ်နှင့်အတူ ယှဉ်တွဲကိုးကွယ်ခြင်းခံထိုက်သူ မည်သူတစ်ဦးတစ်ယောက်မျှ ရှိပါသလော။ သို့သော် အသင်တို့သည် အလွန်တရာ မှတ်ဉာဏ်နည်းပါးကြသောသူများ ဖြစ်ကြပါသည်။ ကောင်းလေစွ။ တစ်ဖန် ထပ်မံ၍ အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံခြင်းများကို နားထောင်၍ ရုပ်တုနှင့် အလ္လာဟ်အသျှင်မြတ် မည်သူက ပို၍ ကောင်းသည်ကို တင်ပြကြကုန်။ အကြင်အသျှင်မြတ်သည် ကုန်းလမ်းနှင့် ရေလမ်း၏ အမှောင်ထုတွင် လမ်းပြပေးတော်မူ၏။ မိုးမရွာမီအလျင် လေများကို စေလွှတ်ပေးတော်မူ၏။ မိုးရွာသွန်းတော့မည်ဆိုသည့် မျှော်လင့်ချက်ပေး၍ နှလုံးသားများကို ပျော်ရွှင်မှု ပေးသနားတော်မူ၏။

ဤအချက်များကို ကြားသိရပြီး အလ္လာဟ်အသျှင်မြတ် နှင့်အတူ အခြားယှဉ်တွဲ ကိုးကွယ်ထိုက်သူ တစ်ဦးတစ်ယောက်မျှ ရှိပါသလော ဆိုသည်ကို တင်ပြကြကုန်။ လုံးဝ မရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများ၏ တုပနှိုင်းယှဉ်ခြင်းထက် ပို၍ မြင့်မြတ်ပါသည်။ ကောင်းလေစွ။ တစ်ဖန် နောက်ထပ် ပြည့်စုံကုံလုံပြီး ကျေးဇူးတရားများကို နားထောင်၍ အလ္လာဟ်အသျှင်မြတ်နှင့် ရုပ်တု မည်သူက ပိုကောင်းသည်ကို တင်ပြကြကုန်။ အကြင်အသျှင်မြတ်သည် ဦးစွာပထမ အဖန်ဆင်းခံများကို ဖန်ဆင်းတော်မူပြီး တစ်ဖန် ၎င်းတို့အား ဒုတိယအကြိမ် ဖန်ဆင်းတော်မူမည်။ ထိုအသျှင် မြတ်သာလျှင် မိုးကောင်းကင်မှ မိုးများကို ရွာသွန်းစေပြီး သစ်ပင်များကို ပေါက်ရောက်စေကာ အသင်တို့အား ရိဇ္ဇာပေးသနားတော်မူ၏။ ဤအချက်များကို ကြားသိရပြီး အလ္လာဟ်အသျှင်မြတ်နှင့် အခြားယှဉ်တွဲ ကိုးကွယ်ထိုက်သူများ ရှိပါသလော။ တင်ပြကြကုန်။ အကယ်၍ အဆိုပါအချက်များကို ကြားသိရပြီး နောက်လည်း ၎င်းတို့က နောက်ထပ်ကိုးကွယ်ခံထိုက်သူ ရှိပါသေးသည်ဟု ပြောမည်ဆိုလျှင် အသင် (တမန်တော်) အနေနှင့် ထိုသူများအား ပြောကြားပါလေ။ ကောင်းလေစွ။ အသင်တို့အနေနှင့် ထိုအရာများအား ကိုးကွယ်ထိုက်သည်ဟူသော ကြွေးကြော်သည့် အချက်မှာ မှန်ကန်သည်ဆိုလျှင် အထောက်အထားများ တင်ပြကြလေကုန်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

اَمَّنْ يُّجِيْبُ الْمُضْطَرَّ اِذَا دَعَاهُ وَيَكْشِفُ السُّوْءَ

တွင် المضطر ဟူသော စာလုံးသည် اضطرار စာလုံးမှ ဆင်းသက်လာသည်။ လိုအပ်ချက် တစ်ခုကြောင့် အကျပ်အတည်းနှင့် ရင်ဆိုင်လာရခြင်းကို اضطرار ဟု ခေါ်ဆိုသည်။ ယင်းအကျပ်အတည်း

သည် ကူညီစောင်မသူမရှိခြင်းနှင့် အမှီသဟဲ မရှိခြင်းကြောင့် ထိုသူအနေနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ ထို့ကြောင့် مضطر ဆိုသည်မှာ ထိုသူအား ခေါ်ဆိုသည်။ 'အကြင်သူသည် လောကရှိ အမှီသဟဲဟူသမျှမှ မျှော်လင့်ချက်ကင်းမဲ့ပြီး အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ သီးသန့် အာရုံစူးစိုက်ပြီး လျှောက်ထားတင်ပြလျက်ရှိသည်။' مضطر ၏ အကျယ်ဖွင့်ဆိုချက်အား စူဒီ၊ ဖွန္နုန်၊ မိဆ္ဝရီ၊ စဟာလ်အိဗ်နေအဗ္ဗဒ္ဒုလ္လာဟ် စသည်တို့မှ ကောက်နုတ်တင်ပြထားပေသည်။ တမန်တော်မြတ် ﷺ သည် ထိုကဲ့သို့သော လူများအတွက် ဤကဲ့သို့သော ဝါကျများဖြင့် ဒိုအာပြုရန် လမ်းညွှန်တော်မူထားပေသည်။

اَللّٰهُمَّ رَحْمَتَكَ اَرْجُوْا فَلَاتَكِلْنِىْ اِلَىٰ طَرْفَةَ عَيْنٍ وَاَصْلِحْ لِىْ شَأْنِىْ كُلَّهُ لَآ اِلٰهَ اِلَّآ اَنْتَ

'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ မဟာကရုဏာတော်အား မျှော်ကိုးပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးအား တစ်ခဏတာမျှအတွက်လည်း ကျွန်တော်မျိုး၏ စိတ်သို့ မအပ်နှံပါနှင့်။ အသျှင်မြတ်သာလျှင် ကျွန်တော်မျိုး၏ လုပ်ရပ်ဟူသမျှကို ဖြောင့်ဖြူးစေတော်မူပါ။ အသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခံထိုက်သူ မရှိ။' *[ကုရ်သုဗီ]*

مضطر ၏ တောင်းဆိုသည့် ဒိုအာသည် စိတ်နှလုံးဖြူစင်သည့်အပေါ် မူတည်၍ မုချ သဘောတူလက်ခံတော်မူမည်ဖြစ်ကြောင်း

အေမာမ်ကုရ်သုဗီက မိန့်ဆိုထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် مضطر ၏ ဒိုအာကို လက်ခံပါမည်ဟု တာဝန်ယူထားပေသည်။ ဤအာယသ်တော်မှ ကြေညာချက် ထုတ်ပြန်ထားသည်မှာ ထိုသို့ တာဝန်ယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ အားကိုးစရာဟူသမျှမှ မျှော်လင့်ချက်ကင်းမဲ့ပြီး ပတ်သက်သူဟူသမျှနှင့် အဆက်အသွယ်ဖြတ်တောက်ကာ အလ္လာဟ်အသျှင်မြတ်သာလျှင် စွမ်းဆောင်နိုင်စွမ်းရှိသည်ဟု မှတ်ယူ၍ ဒိုအာပြုခြင်းသည် အဓိကကျသော စိတ်ထားဖြူစင်ခြင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် စိတ်ထားဖြူစင်ခြင်း၏ အဆင့်မှာ အလွန်မြင့်မားပါသည်။ ယင်းစိတ်ထား ဖြူစင်ခြင်းသည် မည်သည့်ဇန္နာဟ်၌ပင် ရှိစေကာမူ ထိုဇန္နာဟ်သည် အီမာန်ရှင်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ မွတ်သက္ကီဖြစ်စေ၊ ဖွာစီက်ဖြစ်စေ၊ ၄င်းတို့၏ စိတ်ထားဖြူစင်ခြင်း၏ 'ဗရ်ကသ်'ကြောင့် ထိုသူများဘက်သို့ အလ္လာဟ်အသျှင်မြတ်၏ မဟာကရုဏာတော် ကျရောက်လာမည်ဖြစ်သည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်ဘက်မှ ကာဖိရ်များ၏ အခြေအနေများကို တင်ပြထားသကဲ့သို့ ဖြစ်သည်။ ၄င်းမှာ ထိုကာဖိရ်များသည် သမုဒ္ဒရာ၌ ရှိနေစဉ် လှေအား လေးဘက်လေးရံမှ လှိုင်းလုံးများ ဝိုင်းရံလိုက်သောအခါ ၄င်းတို့သည် မိမိတို့၏ မျက်စိရှေ့၌ သေခြင်းတရားအား မြင်တွေ့လိုက်ချိန်တွင် ထိုသူများသည် စိတ်ထားဖြူစင်မှု အပြည့်အဝဖြင့် အလ္လာဟ်အသျှင်မြတ်ကို သတိတရတမ်းတကြသည်မှာ အကယ်၍ ကျွန်ုပ်တို့အား ဤဘေးဒုက္ခမှ လွတ်မြောက်မှု

ပေးသနားတော်မူမည်ဆိုလျှင် ကျွန်ုပ်တို့အနေနှင့် အသျှင်မြတ်အား ကျေးဇူးတင်ပါမည်။ သို့သော် အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့၏ တောင်းဆိုချက်ကို လက်ခံလိုက်ပြီး ကုန်းပေါ်သို့ ပို့ဆောင်ပေးလိုက်သော အခါ ထိုကာဖိရ်များသည် တစ်ဖန် ရှရစ်က်လုပ်ရပ်များ၌ နစ်မွန်းသွားကြသည်။

دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ فَلَمَّا نَجّٰهُمْ اِلَى الْبَرِّ اِذَا هُمْ يُشْرِكُوْنَ

ခိုင်လုံသော ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ က မိန့်တော်မူထားသည်မှာ ဒိုအာသုံးခု အား မုချ လက်ခံတော်မူမည် ဖြစ်သည်။ ယင်းဒိုအာများအား လက်ခံရာတွင် မည်သို့မှ ဒွိဟသံသယဖြစ်စရာ မရှိပေ။ ၎င်းမှာ-

1. မတရားနှိပ်စက်ခြင်း ခံရသူ၏ ဒိုအာ၊
2. ခရီးသည်၏ ဒိုအာ၊
3. ဖခင်ဘက်မှ မိမိသားသမီးအတွက် မကောင်းသော ဆုတောင်းပို့သည့် ဒိုအာ စသည်တို့ဖြစ်သည်။

အဆိုပါဒိုအာသုံးမျိုးစလုံး၏ ပုံစံမှာ **مضطر** ၏ ဒိုအာအတိုင်းပင် ဖြစ်သည်။ မတရားနှိပ်စက်ခြင်း ခံရ သောသူသည် လောကရှိ အမှီသဟဲများနှင့် ကူညီစောင်မခြင်းဟူသမျှမှ မျှော်လင့်ချက်ကင်းမဲ့ပြီး မတရားမှု များ ပပျောက်ရန်အတွက် အလ္လာဟ်အသျှင်မြတ်အား တမ်းတမည်ဆိုလျှင် ထိုသူလည်း **مضطر** ပင် ဖြစ်ပေသည်။ ထိုနည်းတူစွာ ခရီးသည်တစ်ဦးသည် ခရီး၌ မိမိမိတ်ဆွေ ရောင်းရင်းများ၊ ဆွေမျိုးသားချင်း များနှင့် ဝေးကွာ၍ ခိုကိုးရာမဲ့သည့် အချိန်ဖြစ်သည်။ ထိုနည်းတူစွာ ဖခင်သည် မိမိသားသမီးများအတွက် ဖခင်မေတ္တာအရ မည်သည့်အခါမှ မကောင်းမေတ္တာ မပို့သနိုင်ချေ။ သို့သော် ဖခင်သည် စိတ်လုံးဝ ကုန်ဆုံးသွားပြီး မိမိကိုယ်မိမိ အခက်အခဲများမှ ကယ်တင်ရန်အတွက် အလ္လာဟ်အသျှင်မြတ်အား တမ်းတ မည် ဖြစ်သည်။ ဟဒီးစ်တော်၏ ရှေ့ဆောင်တစ်ပါးဖြစ်သူ အာဂျိရီသည် ဟဇရတ်အဗူဇရ် ؓ ၏ ဆင့်ပြန် ချက်မှ ကောက်နုတ်တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ ၎င်းမှာ အလ္လာဟ် အသျှင်မြတ်၏ ဤမိန့်ကြားချက်အရ မတရားနှိပ်စက်ခြင်း ခံနေရသူတစ်ဦးသည် ကာဖိရ်ပင် ဖြစ်လင့်ကစား ထိုသူ၏ ဒိုအာကို အလ္လာဟ်အသျှင်မြတ်က မည်သည့်အခါမှ ငြင်းပယ်မည်မဟုတ်ပေ။ အကယ်၍ **مضطر** တစ်ဦး (သို့) နှိပ်စက်ခံရသူ (သို့) ခရီးသည်တစ်ဦး စသည်တို့သည် မည်သည့်အခါမှ တောင်းဆုများ လက်ခံခြင်း မရှိဟူ၍ မကောင်း မထင်မှတ်လေနှင့်။ မျှော်လင့်ချက်မကင်းမဲ့လေနှင့်။ တစ်ခါတစ်ရံ ဒိုအာများ လက်ခံခြင်းခံရသော်လည်း အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်အရ အကျိုးခံစားရခြင်းမှာ ကြန့်ကြာ တတ်၏။ (သို့) ထိုသူ့အနေနှင့် စိတ်ထားဖြူစင်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံစိုက်ရာ၌ အားနည်းချက်ရှိ၊ မရှိ မိမိကိုယ်မိမိ စမ်းစစ်ရမည်ဖြစ်သည်။

◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊

قُلْ لَّا يَعْلَمُ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ الْغَيْبَ اِلَّا اللّٰهُ ؕ وَمَا يَشْعُرُوْنَ اَيَّانَ يُبْعَثُوْنَ ۝٦٥

၂၇ : ၆၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အကွယ်၌ရှိသော အရာများကို အလ္လာဟ်အသျှင်မြတ်မှတစ်ပါး မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသူတို့သည် မည်သူတစ်ဦးတစ်ယောက်မျှပင် မသိရှိနိုင်ချေ။ ထို့အတူ မိမိတို့သည် မည်သည့်အချိန်အခါ၌ ရှင်ပြန်ထစေခြင်း ခံကြရမည်ကိုလည်း ၎င်းတို့ မသိရှိကြပေ။

بَلِ ادّٰرَكَ عِلْمُهُمْ فِي الْاٰخِرَةِ ۫ بَلْ هُمْ فِيْ شَكٍّ مِّنْهَا ۫ بَلْ هُمْ مِّنْهَا عَمُوْنَ ۝٦٦

၂၇ : ၆၆ ။ ။ အမှန်စင်စစ် 'အာခိရတ်'တမလွန်ဘဝနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အသိပညာမှာ ပျောက်ပျက်၍ သွားချေပြီ။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ ၎င်းတို့သည် ယင်း (အာခိရတ်တမလွန်ဘဝ) နှင့် စပ်လျဉ်း၍ သံသယ၌ပင် ရှိနေကြကုန်၏။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ ၎င်းတို့သည် ယင်း ('အာခိရတ်'တမလွန်ဘဝ) ဘက်မှ မျက်စိကန်းနေသူများပင် ဖြစ်ကြကုန်၏။

وَقَالَ الَّذِيْنَ كَفَرُوْٓا ءَاِذَا كُنَّا تُرٰبًا وَّاٰبَآؤُنَآ اَئِنَّا لَمُخْرَجُوْنَ ۝٦٧

၂၇ : ၆၇ ။ ။ 'စင်စစ် ကာဖိရ်သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့က ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့ကဲ့သို့ (သေပြီးနောက်) မြေကြီးဖြစ်သွားခဲ့ကြသောအခါ၊ ကျွန်ုပ်တို့သည် (သင်္ချိုင်းအတွင်းမှ) ထွက်စေခြင်းကို ခံကြရဦးမည်လော။'

لَقَدْ وُعِدْنَا هٰذَا نَحْنُ وَاٰبَآؤُنَا مِنْ قَبْلُ ۙ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ۝٦٨

၂၇ : ၆၈ ။ ။ 'ကေန်မလွဲ ယင်းကဲ့သို့ ရှင်ပြန်ထရမည်ကို ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း ရှေးယခင်ကပင် ကတိပေး (ခြိမ်းခြောက် ပြောဆို) ခြင်းကို ခံခဲ့ကြရလေသည်။ ဤသည် ရှေးသူဟောင်းတို့၏ အခြေအမြစ်မရှိသော ပုံပြင်များသာ ဖြစ်ကြပေသည်' ဟု ပြောဆိုကြကုန်သည်။

قُلْ سِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِيْنَ ۝٦٩

၂၇ : ၆၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် ကမ္ဘာမြေ၌ လှည့်ပတ်သွားလာကြပြီးလျှင်၊ အပြစ်ထင်ရှားသော သူတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ပျက်ခဲ့ကြသည်ကို ကြည့်ရှုကြလေကုန်။'

وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُنْ فِيْ ضَيْقٍ مِّمَّا يَمْكُرُوْنَ ۝٧٠

၂၇ : ၇၀ ။ ။ ထို့ပြင် အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ ပူဆွေးခြင်းလည်း မရှိပါလေနှင့်။ ထို့ပြင် အသင်သည် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုကြောင့် စိတ်ဆင်းရဲခြင်းလည်း မဖြစ်ပါလေနှင့်။

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٧١﴾

၂၇ : ၇၁ ။ ။ ဤိုပြင် ၎င်းတို့က အကယ်၍ 'အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ပြီးမြောက်ပြည့်စုံပါမည်နည်း' ဟု ပြောဆို (မေးမြန်း) ခဲ့ကြကုန်၏။

قُلْ عَسَىٰ أَن يَكُونَ رَدِفَ لَكُم بَعْضُ الَّذِي تَسْتَعْجِلُونَ ﴿٧٢﴾

၂၇ : ၇၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့ အလျင်စလို လိုလားလျက်ရှိကြသော အပြစ်ဒဏ်၏ တစ်စိတ်တစ်ဒေသသည် အသင်တို့၏နောက်မှပင် (နီးကပ်စွာ) ရောက်နေကောင်း ရောက်နေပေမည်။'

وَإِنَّ رَبَّكَ لَذُو فَضْلٍ عَلَى النَّاسِ وَلَٰكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ ﴿٧٣﴾

၂၇ : ၇၃ ။ ။ ၎င်းပြင် စကန်အမှန် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လူတို့အပေါ်ဝယ် အလွန် ကျေးဇူးပြုတော်မူသော အသျှင်မြတ် အမှန်ပင် ဖြစ်တော်မူ၏။ သို့ရာတွင် ၎င်းလူတို့အနက် မြောက်မြားစွာသော သူတို့သည် ကျေးဇူးတော်ကို မသိတတ်ကြပေ။

وَإِنَّ رَبَّكَ لَيَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ ﴿٧٤﴾

၂၇ : ၇၄ ။ ။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုသူတို့၏ ရင် (နှလုံး) တွင် လျှို့ဝှက်ထားကြသည်တို့ကိုလည်းကောင်း၊ ထိုသူတို့ ထုတ်ဖော်ထင်ရှား ပြောဆိုကြသည်တို့ကိုလည်းကောင်း၊ အမှန်ပင် (ကောင်းစွာ) သိရှိတော်မူ၏။

وَمَا مِنْ غَائِبَةٍ فِي السَّمَاءِ وَالْأَرْضِ إِلَّا فِي كِتَابٍ مُّبِينٍ ﴿٧٥﴾

၂၇ : ၇၅ ။ ။ စင်စစ် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း လျှို့ဝှက်သော အရာဟူ၍ မရှိချေ။ သို့ရာတွင် (ထိုအရာသည်) ထင်ရှားစွာသော (မှတ်တမ်းတော်) စာအုပ်တွင် မှတ်သားထားပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်များ၏ ဆက်စပ်ပုံ

အထက်၌ 'နဗူဝသ်' ပြီးနောက် 'သောင်ဟီးဒ်' အကြောင်းကို တင်ပြထားပေသည်။ ရှေ့ဆက်ပြီး 'မအာဒ်' ခေါ် 'ကေယာမသ်' နှင့် တမလွန်အကြောင်းကို တင်ပြထားပေသည်။ ထိုတင်ပြချက်မှ 'သောင်ဟီးဒ်' နှင့် ပတ်သက်သည့် အထောက်အထားများဘက်သို့ ثُمَّ يُعِيدُهُ ဝါကျမှ အကျဉ်းချုပ် ညွှန်ပြထားပေသည်။

၎င်းနောက် ကာဖိရ်များအနေနှင့် အဆိုပါ 'ကေယာမသ်'နှင့် စပ်လျဉ်း၍ ငြင်းပယ်ရခြင်း၏ အကြောင်းကို ဤသို့ ကောက်ချက်ချကြပေသည်။ အကြောင်းမူကား 'ကေယာမသ်'၏ သတ်မှတ်ချိန်အား မေးမြန်းရာ၌လည်း ဖြေကြားခြင်းမရှိသည့်အတွက် ဖြစ်သည်။ ထိုသို့ ဖြေကြားခြင်းမရှိသည့်အတွက် 'ကေယာမသ်'ဆိုသည်မှာ အခြေအမြစ်မရှိကြောင်းကို သိရှိရသည်ဟူ၍ ဆိုကြသည်။ ဆိုလိုသည်မှာ ထိုကာဖိရ်များသည် သတ်မှတ် ခြင်းမရှိသည့်အတွက် ဖြစ်နိုင်စရာမရှိဟူ၍ အထောက်အထားပေး ပြောကြားကြသည်။ ဤအတွက်ကြောင့် ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဤသို့ အစပြုခဲ့ပါသည်။ ၎င်းမှာ **علم غيب** သည် အလ္လာဟ်အသျှင်မြတ်အတွက် သီးသန့်ဖြစ်သည်။ မိန့်တော်မူထားသည်မှာ **قُلْ لَا يَعْلَمُ** ယင်းအာယသ်တော်တွင် ထိုသူများ၏ ဒွိဟသံသယအတွက်လည်း ဖြေကြားထားပေသည်။ 'ကေယာမသ်'နေ့၏ သတ်မှတ်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ သီးခြားအသိတော်၌ ပါဝင်ပေသည်။ တစ်ဖန် ထိုအချက်အပေါ် ဒွိဟသံသယဖြစ်ခြင်းနှင့် ငြင်းပယ်ခြင်းအပေါ် **بَلِ ادّٰرَكَ** ဟူသော အာယသ်တော်ဖြင့် ရှုတ်ချထားပေသည်။ တစ်ဖန် ထိုကာဖိရ်များ၏ ငြင်းဆိုချက်တစ်ချက်ကိုလည်း တင်ပြထား၏။ ၎င်းမှာ **وَقَالَ الَّذِيْنَ كَفَرُوْا** ဖြစ်သည်။ တစ်ဖန် ထိုသူများ၏ ငြင်းပယ်ခြင်းအပေါ် သင်ခန်းစာရယူရန်အတွက် ဩဝါဒပြုထားသည်မှာ **قُلْ سِيْرُوْا** ဟူ၍ ဖြစ်ပြီး၊ တစ်ဖန် ကာဖိရ်များ၏ ငြင်းပယ်ခြင်းအပေါ် ဖြေသိမ့်စကား ဆိုထားပြန်သည်မှာ **وَلَا تَحْزَنْ** ဟူ၍ ဖြစ်သည်။ တစ်ဖန် ထိုသူများအတွက် သင်ခန်းစာရယူရန် ဩဝါဒပြုထားခြင်းနှင့် ပတ်သက်၍ ထိုသူများ၏ ဒွိဟသံသယရှိခြင်းအပေါ် ဖြေကြားထားသည်မှာ **وَيَقُوْلُوْنَ** ဟူ၍ဖြစ်ပြီး၊ တစ်ဖန် သင်ခန်းစာရယူရန် ဩဝါဒပြုထားခြင်းအား လေးလေးနက်နက် မိန့်ထားသည်မှာ **وَاِنَّ رَبَّكَ لَيَعْلَمُ** ဟူ၍ အဓိပ္ပာယ်၌ တင်ပြထားသည့်အတိုင်းပင် ဖြစ်သည်။

'ကေယာမသ်'ဖြစ်မည့်အချိန်ကို မတင်ပြသည့်အတွက် ယင်း'ကေယာမသ်'သည် ဖြစ်နိုင်ချေမရှိဟူ၍ အထောက်အထားပေး ပြောဆိုကြသည့်အပေါ် အဖြေပေး မိန့်ကြားထားသည်မှာ အသင်တမန်တော် ပြောကြားပါလေ။ ၎င်းမှာ အသင်တို့ တင်ပြသည့် အထောက်အထားသည် မှား၏။ အဘယ်ကြောင့်ဆိုသော် အလွန်ဆုံး ပြောဆိုနိုင်သည်မှာ ကျွန်ုပ်နှင့် အသင်တို့အား 'ကေယာမသ်'နေ့၏ သတ်မှတ်ချက်ကို ဖုံးကွယ်ထား၏။ သို့ပါ၍ အဆိုပါအချက်နှင့် ပတ်သက်ပြီး အထူးသဖြင့် ပြောဆိုရန် မလိုအပ်ပေ။ အကွယ်မှ အရာများကို သိရှိခြင်းနှင့် ပတ်သက်၍ အခြေခံဥပဒေတစ်ရပ် ရှိသည်မှာ မိုးကောင်းကင်ထက်နှင့် မြေပထဝီပေါ်တွင် ရှိသမျှသော အဖန်ဆင်းခံများထဲမှ မည်သူမှ အကွယ်မှ အရာများကို အလ္လာဟ်အသျှင်မြတ်မှအပ မသိရှိကြပေ။ ဤအတွက်ကြောင့် ထိုအဖန်ဆင်းခံများသည် မည်သည့်အခါ ပြန်လည် ရှင်ထရမည်ကိုလည်း မသိရှိကြပေ။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မတင်ပြဘဲနှင့်လည်း အရာခပ်သိမ်းတို့ကို သိတော်မူ၏။ မတင်ပြဘဲနှင့် မည်သည့်အရာကိုမှ တစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ပေ။ သို့သော် အစကနဦး

ကပင် တင်ပြထားခြင်းမရှိသော အရာများ မြောက်မြားစွာ ပေါ်ထွန်းဖြစ်ရှိလာသည်ကို မြင်တွေ့ရပါသည်။ ယင်းအချက်မှ သိရှိရသည်မှာ အရာတစ်ခုနှင့် ပတ်သက်၍ မသိရှိရခြင်းအပေါ် ထိုအရာသည် တည်ရှိခြင်း မရှိဟူ၍ အလျဉ်းမပြောဆိုနိုင်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမြော်အမြင်နှင့်အညီ အချို့သောအရာများကို အကွယ်တွင်ထား၍ ဖုံးကွယ်ထားရန် နှစ်သက်တော်မူ၏။ ၎င်းအရာများအနက်မှ 'ကေယာမသ်'နေ့နှင့် ပတ်သက်၍ မသိရှိရခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့ မသိရှိရခြင်း ကြောင့် မဖြစ်ပေါ်နိုင်ဟူသော အချက်မှာ မည်သို့ ဖြစ်နိုင်မည်နည်း။

ဤသို့ သတ်မှတ်ချက်နှင့်တကွ 'ကေယာမသ်'ဖြစ်မည့် ရက်ကို မသိရှိရခြင်းသည် 'ကေယာမသ်' ဖြစ်ပေါ်မည်ကို လက်ခံသူ၊ လက်မခံသူတို့အကြား ခြားနားချက်မရှိ အတူတူပင် ဖြစ်သည်။ သို့သော် ထိုကာဖိရ်များနှင့် ဖီဆန်သောသူများသည် 'ကေယာမသ်'ဖြစ်မည်ကို လက်မခံသည်သာမက တမလွန်နှင့် ပတ်သက်၍လည်း ၎င်းတို့ကိုယ်တိုင်က မုချ ဖြစ်မည်ကို မသိရှိကြချေ။ ဆိုလိုသည်မှာ တမလွန်နှင့် ပတ်သက် ၍ အလျဉ်းမသိရှိကြချေ။ ဤသည် သတ်မှတ်ချက်အား မသိရှိခြင်းထက် ပိုဆိုးသည်။ သို့သာမက ထိုသူ များသည် တမလွန်နှင့် ပတ်သက်ပြီး ဒွိဟသံသယရှိကြသည်။ ဤသည်ထက် ပိုဆိုးသည်မှာ ယင်းနှင့် စပ်လျဉ်း၍ မျက်ကန်းအသွင်နေကြသည်။ ဆိုလိုသည်မှာ မျက်ကန်းကို လမ်းမမြင်ရသည့်အတွက် ပန်းတိုင်သို့ ရောက် ရန် မဖြစ်နိုင်ပေ။ ထိုနည်းတူစွာ ခိုင်လုံသော အထောက်အထားများဖြင့် တမလွန်ဘဝရှိကြောင်းကို ထောက်ခံရမည်ဖြစ်သည်။ သို့သော် အဆိုပါဖီဆန်သူများသည် အစွန်ဆုံးသော ဖွတ်တရွတ်နိုင်မှုကြောင့် ထို အထောက်အထားများအပေါ် စဉ်းစားသုံးသပ်ခြင်း မရှိကြပေ။ ဤအတွက်ကြောင့် အဆိုပါအထောက် အထားများကို ထိုသူများ မမြင်တွေ့ကြပေ။ ယင်းအထောက်အထားများသည် ပန်းတိုင်သို့ အရောက်ပို့ မည့် အထောက်အထားများ ဖြစ်သည်။ သို့ရှိရာ ထိုသူများသည် ဒွိဟသံသယအဆင့်ထက်ပင် ကျော်လွန် လျက်ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ဒွိဟသံသယဖြစ်သော သူသည် တစ်ခါတစ်ရံ အထောက်အထား များအပေါ် စဉ်းစားသုံးသပ်၍ ဒွိဟသံသယကို ပယ်ဖျက်လိုက်သည်။ ဤသူများသည် စဉ်းစားသုံးသပ် ခြင်းလည်း မရှိကြချေ။ ထိုငြင်းဆိုမှုမှအပ ကာဖိရ်များ၏ အခြားငြင်းဆိုချက်တစ်ချက်ကိုလည်း တင်ပြ မိန့်တော်မူထားပေသည်။ ၎င်းမှာ ဤကာဖိရ်များက ပြောဆိုကြသည်မှာ ကျွန်ုပ်တို့ သေဆုံးပြီး မြေကြီး ဖြစ်သွားကြမည်ဖြစ်သည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့ အဘိုး၊ အဘေးတို့လည်း သေဆုံးပြီး မြေကြီးဖြစ်သွား မည် ဖြစ်သည်။ ထို့နောက်တစ်ဖန် ကျွန်ုပ်တို့ကို 'ကဗရ်'များမှ ပြန်လည်ရှင်ထစေမည်လော။ ယင်းအချက် နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား ကတိပေးခဲ့သကဲ့သို့ တမန်တော်မြတ် ﷺ အလျင် ကျွန်ုပ်တို့၏ ဘိုး၊ ဘေး များနှင့်လည်း ကတိပြုခဲ့ကြပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များအားလုံး၏ ဤအဆို မှာ ကျော်ကြားပေသည်။ သို့သော် ယနေ့အထိ မဖြစ်ရှိသေးသကဲ့သို့ မည်သူမှလည်း မည်သည့်အခါ ဖြစ်မည်ကို တင်ပြခဲ့ခြင်း မရှိသေးပေ။ အကြောင်းမူကား အဆိုပါစကားများသည် အထောက်အထားမဲ့ပြီး ရှေးခေတ် လူများ၏ စကားများကိုသာ တင်ပြနေခြင်းဖြစ်သည်ဟူ၍ ပြောဆိုကြသည်။

သို့ရှိရာ အသင်ကိုယ်တော် ပြောကြားပါလေ။ 'ကေယာမသ်' နေ့နှင့် ပတ်သက်၍ ငါအသျှင်မြတ်သည် အထောက်အထားအမျိုးမျိုးကို နေရာအနှံ့အပြား၌ အသင်တို့အား တင်ပြခဲ့ပြီးဖြစ်သဖြင့် အသင်တို့အနေနှင့် လိမ်လည်ခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ သို့မဟုတ်ပါက အခြားလိမ်လည်သူများကဲ့သို့ အသင်တို့လည်း ပြစ်ဒဏ်များဖြင့် ချုပ်နှောင်ခြင်းခံရမည်ဖြစ်သည်။ အကယ်၍ ထိုလိမ်လည်သူများ ခံစားခဲ့ရသော အဖြစ်ဆိုးအပေါ် ဒွိဟသံသယများ ရှိသည်ဆိုလျှင် အသင်တို့အနေနှင့် မြေပထဝီအပေါ် လှည့်လည်ကြည့်ရှုကြကုန်။ ထိုဆိုးသွမ်းမှုများ၏ ရလဒ်ဆိုးမှာ မည်သို့ ရှိခဲ့ပါသနည်း။ အဘယ်ကြောင့်ဆိုသော် ထိုသူများအပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်များနှင့် ပျက်စီးခြင်း၏ လက္ခဏာများ ယခုအချိန်အထိ ကျန်ရှိနေသေးပါသည်။ အကယ်၍ အဆိုပါပြည့်စုံလှသည့် သံဝေဂတရားများကို မြင်တွေ့ရပြီးနောက်လည်း ဆန့်ကျင်မှုများအား ဖွတ်တရွတ် ပြုလုပ်ကြမည်ဆိုလျှင် အသင်ကိုယ်တော်အနေနှင့် ထိုသူများအတွက် သောကမဖြစ်လေနှင့်။ ထိုသူများ၏ ဆိုးသွမ်းမှုကြောင့် အသင်ကိုယ်တော် စိတ်သောက မဖြစ်လေနှင့်။ အကြောင်းမူကား အခြားနဗီတမန်တော်များလည်း ဤအတိုင်း ကြုံဆုံခဲ့ရပြီး ဖြစ်သည်။

قُلْ سِيرُوا အာယသ်တော်နှင့် အခြားအာယသ်တော်များတွင် ထိုသူများကို 'အဇာဗ်' များဖြင့် ခြိမ်းခြောက်ထားပေသည်။ သို့သော်ငြားလည်း နှလုံးသားမှ လက်မခံ သည့်အတွက် ၎င်းတို့က ရိုင်းပျစွာ ပြောဆိုကြသည်မှာ 'အဇာဗ်' နှင့်ပတ်သက်သည့် ကတိတော်အတိုင်း မည်သည့်အခါ ဖြစ်ရှိမည်နည်း။ အကယ်၍ အသင်နဗီ ပြောဆိုသည့် စကားသည် မှန်ကန်သည်ဆိုလျှင် ပြသလော။ အသင် တမန်တော် ပြောကြားပါလေ။ အသင်တို့ အမြန်လိုလားနေသော 'အဇာဗ်' များထဲမှ တစ်စိတ်တစ်ပိုင်းမျှ အသင်တို့ထံ ရောက်ရှိလာနိုင်သည်။ ယခုအချိန်အထိ မရောက်ရှိလာရခြင်း၏ အကြောင်းမှာ အသင်တို့၏ အသျှင်မြတ်သည် လူသားများအပေါ် အလွန်တရာ ကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုမဟာကရုဏာတော်တရားကြောင့် အနည်းငယ်မျှ အချိန်ပေးထားခြင်းပင် ဖြစ်သည်။ သို့သော် အများစုမှာ ထိုသို့ အချိန်ပေးထားခြင်းအပေါ် ကျေးဇူးသိတတ်ကြခြင်း မရှိပေ။ အကြောင်းမူကား ထိုသို့ အချိန်ပေးထားခြင်းအား တန်ဖိုးထားပြီး အမှန်တရားကို ရှာဖွေကြရမည်ဖြစ်သည်။ လက်ခံရမည်ဖြစ်သည်။ သို့သော် ထာဝရအောင်မြင်မှုကို ရယူရမည့်အစား ငြင်းပယ်ခြင်းနှင့် လှောင်ပြောင်ခြင်းအား အလျင်စလို ပြုကြသည်။ ဤသို့ 'အဇာဗ်' ကျရောက်လာရန် နောက်ကျနေခြင်းသည် အကြောင်းခံတစ်ခုခုကြောင့် ဖြစ်သည်။ ထိုလုပ်ရပ်များ၏ ပြစ်ဒဏ်များ ကျရောက်မည်မဟုတ်ဟူ၍ မထင်မှတ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် အသင်တို့၏ အသျှင်မြတ်သည် အရာခပ်သိမ်းကို သိတော်မူ၏။ အသင်တို့၏ နှလုံးသားတွင်း ဖုံးကွယ်ထားသော အရာများနှင့် အတိအလင်းပြုသော အရာဟူသမျှ အားလုံးကို သိတော်မူ၏။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်၌ ရှိရုံသာမက အလ္လာဟ်အသျှင်မြတ်၏ ရုံးတော်မှာလည်း ရေးသားထားပြီးဖြစ်သည်။

ယင်းရေးသားချက်တွင် ထိုသူများ ပြုကျင့်သည့် ကိစ္စရပ်များတင်မက မိုးကောင်းကင်နှင့် မြေပထဝီတွင် မည်သည့်အရာများမှ ဖုံးကွယ်ခြင်းမရှိ။ 'လောင်ဟေမဟ်ဖူးဇ်' ၌လည်း မရေးသားထားသည်ဟူ၍ မရှိပေ။ အလ္လာဟ်အသျှင်မြတ်၏ ခုံရုံးဆိုသည်မှာ ဤ 'လောင်ဟေမဟ်ဖူးဇ်' ပင် ဖြစ်သည်။ မည်သူမှ

သိရှိခြင်းမရှိဘဲ ဖုံးကွယ်နေသည့် အရာများလည်း ထို 'လောင်ဟေမဟ်ဖူးဇ်' ၌ ရေးသားထားသည်ဆိုလျှင် ထင်ပေါ်သော အရာများ ရေးသားထားခြင်းရှိမည်မှာ ပို၍ပင် ပေါ်လွင်နေပေသည်။ အချုပ်ဆိုရသော် ထိုသူများ၏ မကောင်းမှုများအား အလ္လာဟ်အသျှင်မြတ် သိတော်မူ၏။ ၄င်းနောက် မိုးကောင်းကင်ထက်ရှိ ခုံရုံးတွင် ထိန်းသိမ်းထား၏။ ထိုသူများ၏ လုပ်ဆောင်ချက်များပင်လျှင် ပြစ်ဒဏ်ထိုက်သည့် လုပ်ရပ်များ ဖြစ်သည်။ ပြစ်ဒဏ်ကျရောက်မည့် ဆိုကြောင်းကိုလည်း နဗီတမန်တော်များအားလုံးက တစ်ညီတစ်ညွတ်တည်း မှန်ကန်သည့် သတင်းကိုလည်း ပါးခဲ့ကြသည်။ သို့ရှိရာ ပြစ်ဒဏ်ထိုက်မည်မဟုတ်ဟု နားလည်သဘောပေါက်ရန် အခွင့်အလမ်းပင် မရှိတော့ချေ။ သို့သော်ငြားလည်း နောက်ကျသည်မှာ ဖြစ်နိုင်သည်။ သို့ဖြစ်ပေရာ အချို့ပြစ်ဒဏ်များသည် လောကမှာပင် ထိုဒီဘန်သူများအပေါ်သို့ ကျရောက်ခဲ့ပါသည်။ ပမာဆိုရသော် မိုးခေါင်ရေရှားခြင်းဖြင့် သတ်ဖြတ်ခံရခြင်း၊ အကျဉ်းကျခံရခြင်း စသည်တို့ ဖြစ်သည်။ အချို့ပြစ်ဒဏ်များအား 'ကဗရ်'နှင့် 'ဒိုဇခ်'၌ ခံရမည်ဖြစ်သည်။ အချို့ပြစ်ဒဏ်များအား တမလွန်၌ ခံစားရမည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُلْ لَا يَعْلَمُ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ الْغَيْبَ اِلَّا اللّٰهُ

လူများအား တင်ပြရန် တမန်တော်မြတ် ﷺ အား မိန့်ကြားထားသည်မှာ မိုးကောင်းကင်၌ ရှိရှိသမျှသော အဖန်ဆင်းခံများ၊ ဥပမာ- ဖရိရှတ်သာဟ်များ၊ ၄င်းနောက် မြေပထဝီပေါ်၌ ရှိရှိသမျှသော အဖန်ဆင်းခံများ၊ ဥပမာ- လူသားနှင့် ဂျင်နားသ် အစရှိသော အဖန်ဆင်းခံများ၊ ထိုအဖန်ဆင်းခံများထဲမှ မည်သူမျှ အကွယ်ရှိ အရာများကို မသိရှိနိုင်ကြချေ။ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ သိရှိတော်မူ၏။ ဖော်ပြပါအာယသ်တော်တွင် အတိအလင်း တင်ပြထားသည်မှာ အကွယ်ရှိ အရာများကို သိရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော် ဖြစ်သည်။ ယင်းဂုဏ်တော်တွင် မည်သည့်ဖရစ်ရှ်သာဟ်၊ နဗီ၊ ရစူလ်မှ ပါဝင်ခြင်း မရှိချေ။ အဆိုပါပညတ်ချက်နှင့် ပတ်သက်၍ အရေးကြီးသည့် အကျယ်တဝင့်ရှင်းလင်းချက်ကို စူရာဟ်အင်န်အာမ်၏ အာယသ်တော် (၅၉) ၌ တင်ပြခဲ့ပြီးဖြစ်သည်။

بَلِ ادّٰرَكَ عِلْمُهُمْ فِي الْاٰخِرَةِ بَلْ هُمْ فِيْ شَكٍّ مِّنْهَا بَلْ هُمْ مِّنْهَا عَمُوْنَ

ادّارك စာလုံး၏ ဖတ်ရွတ်ပုံအသီးသီး ရှိသကဲ့သို့ အဓိပ္ပာယ်လည်း အသီးသီးရှိ၏။ ပညာရှင်များအနေနှင့် အကျယ်တဝင့်ကို သဖ်စီးရ်ကျမ်းများတွင် လေ့လာဖတ်ရှုနိုင်၏။ ဤနေရာ၌ အကျဉ်းချုပ်တင်ပြလိုသည်မှာ ادارك ၏ အဓိပ္ပာယ်ကို အချို့သဖ်စီးရ်ပညာရှင်များက تكامل ဟူ၍ ပြန်ဆိုကြသည်။ ၄င်းနောက် فى الاخره ကို ادارك နှင့် ပေါင်းစပ်၍ အဓိပ္ပာယ်ကို ဤသို့ သတ်မှတ်လိုက်ကြသည်။

၎င်းမှာ တမလွန်တွင် ထိုသူ၏ သိခြင်းသည် အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြီးပြည့်စုံသွားမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် အရာခပ်သိမ်း၏ အရင်းအမြစ်များ ပေါ်လွင်ကာ ရှေ့သို့ ရောက်လာမည်ဖြစ်သည်။ သို့သော် ထိုအခါကျမှ သိရှိခြင်းသည် ၎င်းသူအတွက် အသုံးဝင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် လောကတွင် ထိုသူသည် တမလွန်နှင့်ပတ်သက်၍ လိမ်လည်စကားဟု ပြောဆိုခဲ့ကြသည်။ ၎င်းနောက် အချို့သဖ်စီးရ်ပညာရှင်များသည် اِدَّارَكَ စာလုံး၏ အဓိပ္ပာယ်ကို ضَلَّ وَغَابَ ဟူ၍၊ ၎င်းနောက် فِي الْآخِرَةِ ကို عِلْمُهُمْ နှင့် ပေါင်းစပ်ထားပြီး အလိုသဘောဖွင့်ဆိုချက်ကို တမလွန်နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ထိုသူ၏ အသိသည် ဖုံးကွယ်သွားပြီး ထိုအရာများကို သဘောမပေါက်နိုင်တော့ပေဟူ၍ ဖွင့်ဆိုခဲ့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ هَٰذَا الْقُرْآنَ يَقُصُّ عَلَىٰ بَنِي
إِسْرَائِيلَ أَكْثَرَ الَّذِي هُمْ فِيهِ يَخْتَلِفُونَ ﴿٧٦﴾

၂၇ : ၇၆ ။ ။ ဧကန်မလွဲ ဤ ကုရ်အာန်ကျမ်းတော်မြတ်သည် အီစ်ရာအီးလ်မျိုးနွယ်တို့ရှေ့ဝယ်၊ ၎င်းတို့ ကွဲလွဲနေကြကုန်သော အကြောင်းအရာများအနက်မှ မြောက်မြားစွာသော အကြောင်းအရာများကို ဖော်ပြလေ၏။

وَإِنَّهُ لَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ ﴿٧٧﴾

၂၇ : ၇၇ ။ ။ ၎င်းပြင် ဧကန်မလွဲ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) သည် မုအ်မင်နီသက်ဝင်ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်သည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ဖြစ်လေ၏။

إِنَّ رَبَّكَ يَقْضِي بَيْنَهُم بِحُكْمِهِ ۚ وَهُوَ الْعَزِيزُ الْعَلِيمُ ﴿٧٨﴾

၂၇ : ၇၈ ။ ။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့၏ အကြားဝယ် မိမိ၏ အမိန့်တော်ဖြင့် စီရင်ဆုံးဖြတ်တော်မူပေမည်။ စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

فَتَوَكَّلْ عَلَى اللَّهِ ۖ إِنَّكَ عَلَى الْحَقِّ الْمُبِينِ ﴿٧٩﴾

၂၇ : ၇၉ ။ ။ သို့ဖြစ်ရာ (အို၊ နဗီမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချ လွှဲအပ်ပါလေ။ ဧကန်မလွဲ အသင်သည် ထင်ရှားစွာသော (သစ္စာတရား) အမှန်တရားအပေါ်၌ပင် တည်ရှိနေပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချကေန် ဤကျမ်းတော်မြတ်သည် ဗနီအိစ်ရာအီလ်တို့အတွက် ၎င်းတို့ များသောအားဖြင့် ကွဲလွဲကြသော စကားရပ်များ၏ အရင်းအမြစ်များကို ဖော်ထုတ်ပေးသော ကျမ်းဖြစ်သည်။ ထိုဖော်ထုတ်ချက်များသည် အီမာန်ရှင်များအတွက် အထူး 'ဟေဒါယသ်'နှင့် အထူး 'ရဟ်မသ်'ဖြစ်သည်။ ကျင့်သုံးခြင်းဆိုင်ရာများအတွက် 'ဟေဒါယသ်'လမ်းမှန်ပြကျမ်းဖြစ်ပြီး ၎င်းအမိန့်နာခံခြင်းအပေါ် ရရှိမည့် ရလဒ်များနှင့် အကျိုးစဝါးဗ်များသည် 'ရဟ်မသ်'အရ ဖြစ်သည်။ မုချကေန် အသင်၏ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများအကြား 'ကေယာမသ်'နေ့တွင် မိမိ၏ ဆုံးဖြတ်ချက်ကို ချမှတ်တော်မူမည်။ ထိုအခါကျမှ သိရှိသွားကြမည်မှာ စစ်မှန်သော သာသနာမှာ မည်သည့်သာသနာဖြစ်၍ မမှန်ကန်သော သာသနာမှာ မည်သည့်သာသနာနည်း။ သို့ရှိရာ ထိုကဲ့သို့သော သူများနှင့် ပတ်သက်၍ အဘယ်ကြောင့် စိတ်မကောင်းဖြစ်ရမည်နည်း။ ထိုအသျှင်မြတ်သည် အလွန်တရာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၏ အလိုတော်မရှိဘဲ တစ်ဦးကို တစ်ဦး ဒုက္ခရောက်အောင် ပြုနိုင်မည်မဟုတ်ပေ။ သို့ရှိရာ အသင်ကိုယ်တော်အနေနှင့် အလ္လာဟ်အသျှင်မြတ်မှ မုချ ကူညီစောင်မတော်မူမည်ဟူ၍ ယုံကြည်ချက်ထားပါလေ။ အဘယ်ကြောင့်ဆိုသော် အသင်ကိုယ်တော်သည် အမှန်တရားပေါ်၌ ရှိနေခြင်းကြောင့် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ပထမအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံလှသော တန်ခိုးတော်များအကြောင်းကို ဥပမာအသီးသီးဖြင့် တင်ပြပြီးသည့်နောက်တွင် တစ်ဆက်တည်းမှာပင် 'ကေယာမသ်'နေ့တွင် သေသူများကို ပြန်လည် ရှင်ထစေမည်ဆိုခြင်းမှာလည်း ဖြစ်နိုင်ကြောင်းကို တင်ပြထားပေသည်။ အဆိုပါဖြစ်ရပ်များနှင့် ပတ်သက်၍ မည်သို့မှ စောဒကတတ်နိုင်စရာ အလျဉ်းမရှိပေ။ စဉ်းစားသုံးသပ်ချက်အရ ဖြစ်နိုင်ချေရှိခြင်းနှင့်အတူ အဆိုပါကိစ္စရပ်များ မုချ ဖြစ်ရှိမည်ဆိုခြင်းအား နဗီတမန်တော်များနှင့် ကောင်းကင်ကျကျမ်းများမှလည်း သိရှိရပေသည်။ သတင်းတစ်ခု မှန်ကန်တိကျခြင်းသည် ၎င်းသတင်းအား တင်ပြသူ၊ ဆင့်ပြန်သူ၏ မှန်ကန်တိကျခြင်းအပေါ်၌လည်း မူတည်၏။ ထို့ကြောင့် ဤအာယသ်တော်၌ တင်ပြထားသည်မှာ အဆိုပါ အချက်များနှင့် ပတ်သက်၍ သတင်းပေးသည့်အရာသည် ဤကျမ်းတော်မြတ်ကုရ်အာန်ပင် ဖြစ်၏။ ယင်းကျမ်းတော်မြတ်ကုရ်အာန်နှင့် ပတ်သက်၍ စစ်မှန် မှန်ကန်သော သတင်းပေးသည့် ကျမ်းဖြစ်ခြင်းအပေါ် မည်သို့မှ ငြင်းဆိုနိုင်စရာ မရှိပေ။ အဆုံးစွန် တင်ပြရသော် ဗနီအိစ်ရာအီးလ်များ၏ ပညာရှင်များအကြား အချင်းချင်းတို့တွင် ပညတ် ချက်တစ်ခုအပေါ် မူတည်၍ ပြင်းပြင်းထန်ထန် ကွဲလွဲမှုများဖြစ်ရှိလာပြီး မဖြေရှင်းနိုင်ကြသည့် အခါမျိုးတွင်လည်း ကျမ်းတော်မြတ်သည် ထိုအငြင်းပွားလျက်ရှိသော ပညတ်ချက်များအား မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးနိုင်ရန် လမ်းညွှန်တော်မူခဲ့ပေသည်။ သို့ရှိရာ ပညာရှင်များ အငြင်းပွားလျက်ရှိသော ကိစ္စရပ်များတွင် ကြားဝင် ဆုံးဖြတ်ပေးနိုင်သူသည် ထိုပညာရှင်များ

နှင့် သာပို၍ တတ်သိနားလည်ပြီး အရည်အချင်းမြင့်မားရန် အရေးကြီးပေသည်။ ထို့ကြောင့် ကျမ်းတော်မြတ်သည် တိကျမှန်ကန်သော သတင်းများပေးသည့် ကျမ်းတစ်ဆူဖြစ်သည်မှာ ပေါ်လွင်သွားပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ အား ဖြေသိမ့်စကား မိန့်ဆိုထားသည်မှာ အသင် ကိုယ်တော့်အနေနှင့် ထိုသူများ၏ ကန့်လန့်တိုက်ခြင်းကြောင့် စိတ်မထိခိုက်လေနှင့်။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ကိုယ်တော်နှင့် ပတ်သက်၍ ဆုံးဖြတ်ပေးတော်မူမည်။ အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်ချက် အပြည့်အဝထားပါ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မခြင်းသည် အမှန်တရားဘက်မှသာဖြစ်သည်။ အသင်သည် မှန်ကန်သည့် လမ်းကြောင်းပေါ်၌ မုချ ရှိနေပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَآ اَنْتَ بِهٰدِى الْعُمْىِ عَنْ ضَلٰلَتِهِمْ ۚ اِنْ تُسْمِعُ اِلَّا مَنْ يُّؤْمِنُ بِاٰيٰتِنَا فَهُمْ مُّسْلِمُوْنَ ۝

၂၇ : ၈၁ ။ ။ ကေန်စင်စစ် အသင်သည် သူသေတို့အား ကြားစေနိုင်သည်မဟုတ်ပေ။ ထိုနည်းတူစွာ နားပင်းသူတို့အားလည်း၊ ၎င်းတို့သည် ကျောခိုင်းကြလျက် ပြန်၍ လှည့်သွားကြသောအခါ၊ အသင်သည် (မိမိ၏ အသံကို ၎င်းတို့အား) ကြားစေနိုင်သည် မဟုတ်ပေ။

اِنَّكَ لَا تُسْمِعُ الْمَوْتٰى وَلَا تُسْمِعُ الصُّمَّ الدُّعَآءَ اِذَا وَلَّوْا مُدْبِرِيْنَ ۝

၂၇ : ၈၁ ။ ။ ထို့ပြင် အသင်သည် မျက်စိကန်းသူတို့အားလည်း၊ ၎င်းတို့၏ လမ်းလွဲမှုမှ (တရားလမ်းမှန်သို့ ရောက်ရှိရန်အလို့ငှာ) လမ်းညွှန်နိုင်သည်မဟုတ်ပေ။ ငါအသျှင်မြတ်၏ အာယသ်တော်များကို ယုံကြည်ပြီးနောက်၊ အမိန့်တော်ကို လိုက်နာသော သူတို့ကိုသာလျှင် အသင်သည် ကြားစေနိုင်သည် ဖြစ်ပေသည်။

အကျယ်မွင့်ဆိုချက်အနှစ်ချုပ်

အသင် ကိုယ်တော်သည် သေသူများကို ကြားနာစေနိုင်ခြင်း မရှိသကဲ့သို့ နားကန်းနေသူများကိုလည်း ကြားနာစေနိုင်ခြင်း မရှိချေ။ အထူးသဖြင့် ကျောခိုင်းသွားကြသော သူများကို ကြားနာစေနိုင်ခြင်း မရှိချေ။ ၎င်းနောက် အသင်သည် မျက်ကန်းကို လမ်းမှားမှ ကယ်တင်ပြီး လမ်းမှန်တရားကို ပြသနိုင်ခြင်းလည်း မရှိပေ။အသင်သည် ငါအသျှင်မြတ်၏ အာယသ်တော်များအား ယုံကြည်လက်ခံထားသော သူများကိုသာ ကြားနာစေနိုင်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကျွန်ုပ်တို့၏ တမန်တော်မြတ် ﷺ သည် လူသားတစ်ရပ်လုံးအပေါ် အကြင်နာ ကရုဏာတရား ပြည့်ပြည့်ဝဝ ရှိခဲ့၍သာ လူသားအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်အား ကြားနာစေပြီး

အပယ်ငရဲဘုံမှ ကယ်တင်ရန် လိုလားခဲ့သည်။ ထိုမုက္ခပါဠ်တော်များကို လက်မခံပါက မြတ်နဗီအနေနှင့် လွန်စွာ စိတ်ထိခိုက်ရပါ၏။ ထိုအခါမျိုးတွင် မြတ်နဗီအနေနှင့် ပူဆွေးသောက ရောက်ရသည်မှာ တစ်ဦးတစ်ယောက်၏ သားသမီးသည် မိဘဆိုဆုံးမ၏ ပြောဆိုခြင်းအား ဆန့်ကျင်ပြီး မီးပုံအတွင်းသို့ သွားနေသည့်အလား ခံစားရပေသည်။ ထို့ကြောင့် ကျမ်းတော်မြတ်၏ နေရာအသီးသီးတွင် တမန်တော်မြတ် ﷺ အား ဖြေသိမ့်ရန်အတွက် ပုံစံအမျိုးမျိုးဖြင့် တင်ပြ မိန့်တော်မူထားပေသည်။ အထက်ပါ အာယသ်တော်များတွင်

وَلَا تَحۡزَنۡ عَلَيۡهِمۡ وَلَا تَكُنۡ فِي ضَيۡقٍ

သည်လည်း အဆိုပါ ဖြေသိမ့်ခြင်းမျိုးထဲမှ တစ်မျိုး ဖြစ်ပေသည်။ ဖော်ပြပါ အာယသ်တော်တွင်လည်း ဖြေသိမ့်ခြင်းကို ပုံစံတစ်မျိုးဖြင့် တင်ပြမိန့်တော်မူထားခြင်း ဖြစ်ပေသည်။ ၎င်းမှာ အသင်ကိုယ်တော်၏ တာဝန်မှာ အမှန်တရားကို ပို့ပေးရန်ဖြစ်သည်။ ယင်း တာဝန်အား အသင် ကျေပွန်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အမှန်တရားကို လက်မခံကြသောသူများနှင့် ပတ်သက်၍ အသင်၌ မည်သို့မှ အပြစ်မရှိသကဲ့သို့ အသင်၏ အားနည်းချက်လည်း မဟုတ်ပေ။ ထိုလက်မခံကြသောသူများနှင့် ပတ်သက်၍ အသင် ဝမ်းနည်းကြေကွဲခြင်း မဖြစ်လေနှင့်။ သို့သာမက ထိုသူများသည် မိမိတို့၏ လက်ခံနိုင်သော အရည်အချင်းကို ဖျောက်ဖျက်ခဲ့ပြီး ဖြစ်သည်။ ထိုသူတို့သည် မိမိတို့ကိုယ်တိုင်ပင် အရည်အချင်းကို ဖျောက်ဖျက်ခဲ့ခြင်းနှင့် ပတ်သက်၍ ကျမ်းတော်မြတ်၏ ဤအာယသ်တော်တွင် ဥပမာသုံးရပ်ဖြင့် တင်ပြထားပေသည်။ ပထမဥပမာမှာ ထိုသူများသည် အမှန်တရားနှင့် ပတ်သက်လာလျှင် လုံးဝ သူသေအလောင်းကဲ့သို့ ဖြစ်သည်။ လူသေအလောင်းသည် တစ်ဦးတစ်ယောက်၏ စကားကို ကြားနာပြီး မည်သည့်အကျိုးအမြတ်ကိုမျှ ရယူနိုင်ခြင်း မရှိချေ။ ဒုတိယဥပမာအနေနှင့် တင်ပြထားသည်မှာ ထိုသူများသည် နားကန်းနေကြသော သူများကဲ့သို့ ဖြစ်သည်။ နားကန်းနေသူများသည် နားမကြားရသည်သာမက စကားကိုပင် ကြားလိုခြင်း မရှိကြချေ။ သို့သာမက ၎င်းတို့အား တစ်ဦးတစ်ယောက်က ကြားစေလိုပါမူ ထိုသူများက ကျောခိုင်းသွားလိုက်ကြသည်။ တတိယဥပမာမှာ ထိုသူများသည် မျက်ကန်းများကဲ့သို့ ဖြစ်သည်။ တစ်ဦးတစ်ယောက်က ၎င်းတို့အား လမ်းပြလိုပါကလည်း ထိုသူများအနေနှင့် မြင်နိုင်ခြင်းမရှိပေ။ အဆိုပါ ဥပမာသုံးရပ်ကို တင်ပြပြီးသည့်နောက် အဆုံး၌ မိန့်တော်မူထားသည်မှာ-

اِنۡ تُسۡمِعُ اِلَّا مَنۡ يُّؤۡمِنُ بِاٰيٰتِنَا فَهُمۡ مُّسۡلِمُوۡنَ

ဆိုလိုသည်မှာ အသင်ကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များအပေါ် အီမာန်ယူလာပြီး အမိန့်နာခံခြင်းကို လက်ခံကြသောသူများကိုသာ တင်ပြပြောဆို ကြားနာစေနိုင်၏။ ဤအကြောင်းအရာမှ လုံး၀ အတိအလင်း စကားရပ်တစ်ခုကို သိရှိရသည်မှာ ဤနေရာ၌ နားထောင်ခြင်း၊ နားထောင်စေခြင်းဟု ဆိုသည်မှာ နားထဲမှ အသံကြားရုံမျှကိုသာ ဆိုလိုခြင်းမဟုတ်သည့်အပြင် အကျိုးသက်ရောက်မှုရှိရန် နားထောင်ခြင်း၊ ကြားခြင်းမျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်။ အကျိုးသက်ရောက်မှုမရှိသော ကြားခြင်းမျိုး၊ နားထောင်ခြင်းမျိုးကို ကျမ်းတော်မြတ်က ရည်ရွယ်ချက်ရာ ပန်းတိုင်ကို ကြည့်ပြီး

ကြားခြင်း၊ နားထောင်ခြင်း မရှိဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ ပမာဆိုရသော် နောက်ဆုံးဝါကျတွင် မိန့်တော်မူထားသည်မှာ အသင်ကိုယ်တော်သည် အီမာန်ယူလာကြကုန်သော သူများကိုသာလျှင် တင်ပြပြောဆိုနိုင်၏။ အကယ်၍ ထိုနေရာတွင် တင်ပြခြင်း၏ အလိုသဘောမှာ နားထဲတွင် အသံကြားရုံမျှဟုသာ အလိုသဘောဆောင်မည်ဆိုလျှင် ကျမ်းတော်မြတ်၏ ဤမိန့်ကြားချက်သည် တွေ့မြင်ချက်နှင့် ဆန့်ကျင်နေပြီး မှားယွင်းသော ဖြစ်ရပ်တစ်ခု ဖြစ်သွားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များ၏ နားထဲအထိ အသံ ရောက်ရှိခြင်း၊ ကြားခြင်း၊ ပြန်လည်အဖြေပေးခြင်းများ၏ အထောက်အထားများ မရေမတွက်နိုင်အောင် ရှိသည်ကို မည်သူမှ ငြင်းဆိုနိုင်ခြင်း မရှိပေ။ ထိုအချက်မှ သိရှိရသည်မှာ တင်ပြပြောဆိုခြင်းဟု ဆိုရာ၌ အကျိုးသက်ရောက်မှုရှိသော နားဆင်ခြင်းကို ဆိုလိုခြင်းဖြစ်ပေသည်။ ထိုသူတို့ကို သူသေအလောင်းနှင့် ပုံပမာနှိုင်းပြီး တင်ပြမိန့်ဆိုထားသည်မှာ အသင်ကိုယ်တော်သည် သူသေအလောင်းများကို တင်ပြပြောဆို နိုင်ခြင်းမရှိချေ။ ယင်း၏ အလိုသဘောမှာ အကယ်၍ သူသေအလောင်းသည် မှန်သော စကားကို ကြားရပြီး လက်ခံလိုသည်ဆိုလျှင်လည်း ထိုသူသေအတွက် အဆိုပါအချိန်သည် မည်သို့မှ အကျိုးရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူသေသည် ကျင့်ကြံရမည့် နေရာဖြစ်သော ဤလောကကြီးမှ ခွဲခွာသွား ခဲ့ပြီး ဖြစ်သည်။ ဤလောကတွင် ရှိနေစိုက် အီမာန်နှင့် 'အမလ်'သည် ထိုသူအတွက် အကျိုးသက်ရောက်မှု ရှိနိုင်သော်ငြားလည်း ယခု သေပြီးနောက် သချိုင်းဘ၀ (သို့) ပြန်လည်ရှင်ထရမည့်အခါတွင် ကာဖိရ်များ နှင့် ဖိဆန်သူဟူသမျှတို့သည် အီမာန်နှင့် ကောင်းသော ကျင့်စဉ်များကို မျှော်လင့်တောင့်တကြမည်ဖြစ်သည်။ သို့သော် ထိုအချိန်သည် အီမာန်နှင့် 'အမလ်'ကို လက်ခံသည့် အချိန်မဟုတ်တော့ပေ။ သို့ရှိရာ သေဆုံးသွား သောသူသည် မည်သည့် စကားရပ်များကိုမှ ကြားသိခြင်းမရှိဟူ၍ ဤအာယသ်တော်မှ ထောက်ပြနေခြင်း အလျဉ်းမရှိ။ ကေန်အမှန် သေသောသူသည် ကြားနိုင်ခြင်း ရှိ၊ မရှိကို ဤအာယသ်တော်မှ ဖော်ပြထားခြင်း လည်း မရှိ။ သို့သော် သေဆုံးသွားသောသူသည် တစ်ဦးတစ်ယောက်၏ စကားကို ကြားနိုင်ခြင်း ရှိ၊ မရှိ ဆိုသည်နှင့် ပတ်သက်ပြီး ဤနေရာ၌ လေးနက်စွာ သုံးသပ်ထားချက်များ ရှိပေသည်။

သေဆုံးသွားသောသူများ ကြားခြင်း၊ မကြားခြင်းနှင့် ပတ်သက်သည့် ပညတ်ချက်များ

သေဆုံးသွားသောသူသည် အပြင်မှ ပြောဆိုသော စကားများ ကြားနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ဆွဟာဗာများအကြား အကွဲအလွဲများ ရှိခဲ့ပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေအုမရ် ❁ က သေဆုံးသူ ကြားနိုင်သည်ဟူ၍ ဆိုထားပေသည်။ ဟဇရသ်အာအေရှာဟ် ❁ သခင်မက ကြားနိုင်ခြင်းမရှိဟူ၍ ဆိုထား ပေသည်။ ထို့ကြောင့် အခြားဆွဟာဗာများနှင့် သာဗိအီန်များအကြားလည်း နှစ်ဖွဲ့ကွဲသွားခဲ့ရ၏။ အချို့က ကြားနိုင် ခြင်းရှိသည်ကို အတည်ပြုကြသကဲ့သို့ အချို့က ငြင်းဆန်ကြ၏။ ကျမ်းတော်မြတ်တွင် အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ ဤနေရာ၌ တင်ပြထားသကဲ့သို့ စူရာဟ်နမလ်၌လည်း တင်ပြထားပေသည်။ ထိုနည်းတူစွာ စူရာဟ်ရူမ်၌လည်း ဖော်ပြပါဝါကျအတိုင်း မိန့်ဆိုထားပေသည်။ ၄င်းနောက် စူရာဟ်ဖွာသွေရ်၌

လည်း وَمَآ أَنتَ بِمُسۡمِعٖ مَّن فِي ٱلۡقُبُورِ ဟူသော ဝါကျကို မိန့်ဆိုထားပေသည်။ ဆိုလိုသည်မှာ အသင်ကိုယ်တော်သည် 'ကဗရ်' သင်္ချိုင်းတွင်း၌ရှိသော သူများကို တင်ပြပြောဆိုနိုင်ခြင်း မရှိချေ။

အထက်ပါအာယသ်တော်သုံးပိုဒ်စလုံးတွင် စဉ်းစားစရာအချက်တစ်ချက် ရှိသည်မှာ သေဆုံးသွားသောသူသည် ကြားနိုင်ခြင်း မရှိဟူ၍ မည်သည့်အာယသ်တော်ကမှ တင်ပြထားခြင်း မရှိချေ။ သို့သာမက အဆိုပါ သုံးအာယသ်တော်စလုံးတွင် အသင်ကိုယ်တော်အနေနှင့် ကြားအောင် တင်ပြပြောဆိုနိုင်ခြင်း မရှိကြောင်းကိုသာ မိန့်ဆိုထားပေသည်။ အဆိုပါသုံးအာယသ်အပေါ် တစ်ဖက်မှ ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် သေသွားသောသူများ ကြားနိုင်စွမ်းရှိသည်ဆိုကြောင်းကို အထင်အရှား တွေ့ရှိရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင် မိမိသဘောနှင့် ကြားအောင် ပြောဆိုတင်ပြနိုင်စွမ်း မရှိပေ။

ထိုသုံးအာယသ်တော်စလုံးနှင့် ယှဉ်လျက် 'ရှဟီဒ်'များနှင့် ပတ်သက်၍ စတုတ္ထမြောက် အာယသ်တော်တစ်ပိုဒ် လာရှိထားပေသည်။ ယင်းအာယသ်တော်မှ အတည်ပြုမိန့်ဆိုထားသည်မှာ 'ရှဟီဒ်'များကို သင်္ချိုင်းတွင်း၌ ထူးခြားသည့် သက်တမ်းတစ်မျိုးကို ချီးမြှင့်ထားတော်မူ၏။ ထိုသက်တမ်းနှင့် ကိုက်ညီသည့် ရိဇ္ဇကိုလည်း ၎င်းတို့အား ချီးမြှင့်ထားတော်မူ၏။ လောက၌ ကျန်ရစ်ခဲ့ကြသော သားချင်းများနှင့် ပတ်သက်၍လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့အား ကောင်းသတင်းများ ကြားနာစေတော်မူ၏။ ယင်းနှင့် စပ်လျဉ်းသည့် အာယသ်တော်မှာ-

وَلَا تَحۡسَبَنَّ ٱلَّذِينَ قُتِلُواْ فِي سَبِيلِ ٱللَّهِ أَمۡوَٰتَۢاۚ بَلۡ أَحۡيَآءٌ عِندَ رَبِّهِمۡ يُرۡزَقُونَ فَرِحِينَ بِمَآ ءَاتَىٰهُمُ ٱللَّهُ مِن فَضۡلِهِۦ وَيَسۡتَبۡشِرُونَ بِٱلَّذِينَ لَمۡ يَلۡحَقُواْ بِهِم مِّنۡ خَلۡفِهِمۡ أَلَّا خَوۡفٌ عَلَيۡهِمۡ وَلَا هُمۡ يَحۡزَنُونَ

ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်မှ အထောက်အထားပြု တင်ပြနေသည်မှာ ကွယ်လွန်သေဆုံးပြီးနောက်လည်း လူသား၏ ဝိညာဉ်၌ အသိနှင့် ခံစားနိုင်သည့်အာရုံ ကျန်ရှိနေပေသေးသည်။ သို့သာမက 'ရှဟီဒ်'များနှင့် ပတ်သက်၍ ၎င်းတို့၏ ဝိညာဉ်၌ အသိနှင့် ခံစားနိုင်သည့်အာရုံ ရှိနေခြင်းကိုပင် ဤအာယသ်တော်မှ သက်သေထူနေခြင်း ဖြစ်ပေသည်။ သို့သော် အဆိုပါအမိန့်သည် 'ရှဟီဒ်'များအတွက် သီးသန့်ဖြစ်ပြီး သေသူအားလုံးအတွက် မဟုတ်ဟူ၍ စောဒကတက်နိုင်စရာရှိ၏။ ယင်းအချက်နှင့် စပ်လျဉ်း၍ ဖြေကြားထားသည်မှာ ကွယ်လွန်ပြီးနောက်ပိုင်း လူသား၏ ဝိညာဉ်၌ အသိနှင့် ခံစားနိုင်သည့်အာရုံ ကျန်ရှိနေသေးကြောင်းကို အထက်ပါအာယသ်တော်မှ သိရှိရပေသည်။ 'ရှဟီဒ်'များ၏ ဝိညာဉ်သည် ၎င်းတို့၏ ကိုယ်ခန္ဓာနှင့် အတူ 'ကဗရ်'တွင်း တည်ရှိနေသည့်ဂုဏ်ကို အလ္လာဟ်အသျှင်မြတ်မှ ချီးမြှင့်ထားသကဲ့သို့ ထိုနည်းတူစွာ အခြားသူများကိုလည်း ၎င်းအခွင့်အရေးကို ချီးမြှင့်နိုင်ပေသည်။ သေသူများ ကြားနိုင်စွမ်းရှိသည်ဟုဆိုသော် ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေ အိုမရ် ﷺ ၏ အဆိုတစ်ရပ်လည်း ခိုင်လုံသော ဟဒီးဇ်တော်တစ်ပုဒ်အပေါ် မူတည်၍ မိန့်ထားခြင်း ဖြစ်ပေသည်။ ယင်းဟဒီးဇ်တော်သည် ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေအိုမရ် ﷺ မှ တစ်ဆင့် ခိုင်လုံသည့် ဆင့်ပြန်သူများမှ ဆင့်ပြန်လာရှိထားပေသည်။ ၎င်းမှာ-

مامن احد يمر بقبر اخيه المسلم كان يعرفه فى الدنيا
فيسلم عليه الارد الله عليه روحه حتى يرد عليه السلام

အလိုသဘောမှာ အကြင်သူသည် မွတ်စ္စလင်မ်ညီနောင်တစ်ဦး၏ 'ကဗရ်'အပါးမှ ဖြတ်လျှောက်သွားသောအခါ ထို 'ကဗရ်'ထဲမှ လူသည် လောကီ၌ ရှိစဉ်အခါက မိမိနှင့် သိကျွမ်းခဲ့သူဖြစ်သည့်အတွက် ၎င်းအား စလာမ်ပြုခဲ့မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသေသူ၏ ဝိညာဉ်အား ၎င်း၏ ကိုယ်ခန္ဓာအတွင်း ပြန်လည်ပို့ပေးတော်မူပြီး စလာမ်အား ပြန်လည်ဖြေကြားစေတော်မူ၏

အထက်ပါဟဒီးစ်တော်မှ သိရှိရသည်မှာ အကြင်မည်သူမဆို မွတ်စ္စလင်မ်ညီနောင်တစ်ဦး၏ 'ကဗရ်' ၌ သွားရောက်စလာမ်ဆိုပါက သေသူသည် ၎င်း၏ စလာမ်ကို ကြားပြီး အဖြေပေး၏။ ထိုသို့ ကြားသိဖြေကြားခြင်း၏ ပုံစံမှာ အလ္လာဟ်အသျှင်မြတ်သည် သေသူ၏ ဝိညာဉ်အား ပြန်လည်ပို့ပေးတော်မူ၍ ဖြစ်၏။ အဆိုပါအကြောင်းအရာမှ အချက်နှစ်ချက်ကို ကောက်နုတ် သိရှိရပေသည်။

ပထမတစ်ချက်မှာ သေသူသည် ကြားနိုင်၏။ ဒုတိယတစ်ချက်မှာ ၎င်းသေသူအနေနှင့် ကြားခြင်း၊ ကျွန်ုပ်တို့ဘက်မှ ကြားစေခြင်းသည် ကျွန်ုပ်တို့၏ လုပ်ပိုင်ခွင့်အတွင်း၌ မရှိချေ။ သို့သာမက အလ္လာဟ်အသျှင်မြတ် အလိုတူလျှင် ကြားနိုင်ပြီး၊ အလိုမတူလျှင် ကြားနိုင်ခြင်း မရှိပေ။ မွတ်စ္စလင်မ်တစ်ဦးအနေနှင့် စလာမ်ပြုသည့်အခါ အဆိုပါဟဒီးစ်တော်မှ တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် သေသူ၏ ဝိညာဉ်ကို ၎င်းထံ ပြန်ယူလာပြီး စလာမ်အသံကို ကြားစေပြီး ဖြေကြားနိုင်သည့် စွမ်းအားကိုလည်း ပေးတော်မူ၏။ ကျန်ရှိအခြေအနေများ၊ စကားရပ်များနှင့် ပတ်သက်ပြီး သေသူမှ ကြား၏၊ မကြား၏ကို ယတိပြတ် မဆုံးဖြတ်နိုင်ပေ။ ဤအတွက်ကြောင့် 'အေမာမ်ဂဇာလီနှင့် သုခမိန်ကြီး စုဗူကီးတို့၏ လေ့လာသုံးသပ်ချက်အား တင်ပြထားသည်မှာ သေသူများသည် တစ်ခါတစ်ရံ ရှင်သူများ၏ စကားသံကို ကြားရကြောင်း ခိုင်လုံသော ဟဒီးစ်တော်များနှင့် ဖော်ပြပါ အာယသ်တော်မှ သိရှိရပေသည်။ သို့သော် သေသူတိုင်းသည် အခြေအနေတိုင်း၌ လူတိုင်း၏ စကားသံကို မုချ ကြားနိုင်သည်ဆိုကြောင်းအား မသိရှိရပေ။ ဤနည်းဖြင့် ဆင့်ပြန်ချက်များနှင့် အာယသ်တော်များအကြား ကိုက်ညီမှုလည်း ဖြစ်ရှိသွားပေမည်။ သေသူသည် ရှင်သူများ၏ ပြောဆိုသော စကားများကို အချို့အချိန်တွင် ကြားနိုင်ပြီး အချို့အချိန်တွင် မကြားနိုင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ တစ်ဖန် အချို့သော စကားကို ကြားနိုင်ပြီး အချို့ကို မကြားနိုင်သည်မှာလည်း ဖြစ်နိုင်ပေသည်။ တစ်ဖန် အချို့သူများသာ ကြားနိုင်ပြီး အချို့သောသူများ မကြားနိုင်ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် စူရာဟ်နမလ်၊ စူရာဟ်ရူမ်၊ စူရာဟ်ဖွာသွေရ်၏ အာယသ်တော်များမှ သိရှိရသည်မှာ သူသေများကို ကြားစေခြင်းသည် ကျွန်ုပ်တို့၏ အစွမ်းအစနှင့် မဖြစ်နိုင်သည့်အပြင် အလ္လာဟ်အသျှင်မြတ် အလိုရှိသူကိုသာ ကြားစေတော်မူ၏။ ထို့ကြောင့် ကြားနိုင်သည်ဟု ခိုင်လုံသော ဟဒီးစ်တော်များမှ သိရှိရသော နေရာ၌ ကြားသည်ဟူ၍သာ ယုံကြည်ချက်ထားပြီး ခိုင်လုံသော ဟဒီးစ်တော်များမှ မသိရှိရသော နေရာများ၌ ကြားနိုင်ခြင်း၊ မကြားနိုင်ခြင်း ဖြစ်နိုင်ချေနှစ်ရပ်စလုံးရှိ၏။ ယတိပြတ် ကြားသည်ဟူ၍ မဆိုနိုင်သကဲ့သို့ မကြားနိုင်ဟူ၍လည်း မဆိုနိုင်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَإِذَا وَقَعَ الْقَوْلُ عَلَيْهِمْ أَخْرَجْنَا لَهُمْ دَابَّةً مِّنَ الْأَرْضِ تُكَلِّمُهُمْ أَنَّ النَّاسَ كَانُوا بِآيَاتِنَا لَا يُوقِنُونَ ﴿٨٢﴾

၂၇ : ၈၂ ။ ။ စင်စစ် (ငါအသျှင်မြတ်၏) ချိန်းဆိုချက်တို့ကို ၎င်းတို့ရှေ့ဝယ် (အကောင်အထည်ဖော်ရန်) အချိန် ကျရောက်လာသောအခါ၊ ငါအသျှင်မြတ်သည် ၎င်းတို့အဖို့ မြေကြီးမှ အကြင်တိရစ္ဆာန်တစ်ကောင်ကို ထွက်စေတော်မူမည်။ ယင်းတိရစ္ဆာန်သည် ၎င်းတို့နှင့် စကားပြောဆိုမည်ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော်) လူတို့သည် ငါအသျှင်မြတ်၏ သက်သေ လက္ခဏာ (အာယသ်တော်) များကို မယုံကြည်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ကေယာမသ်'နေ့နှင့် ပတ်သက်ပြီး ကတိတော်ရှိသည့်အတိုင်း ထိုသူများအပေါ် ဖြည့်ဆည်းရန် အချိန် ကျရောက်လာသောအခါ (ဆိုလိုသည်မှာ 'ကေယာမသ်'ဖြစ်မည့်အချိန် နီးကပ်လာသောအခါ) ငါအသျှင်မြတ်သည် ထိုသူများအတွက် မြေပထဝီမှ အလွန် အံ့သြစရာကောင်းသည့် သတ္တဝါတစ်မျိုးကို ဖော်ထုတ်တော်မူမည်။ ယင်းသတ္တဝါသည် ထိုသူများနှင့် စကားပြောဆိုမည် ဖြစ်သည်။ အကြောင်းမှုကား ကာဖိရ်များသည် ငါအသျှင်မြတ်၏ အာယသ်တော်များအပေါ် အထူးသဖြင့် 'ကေယာမသ်'နှင့် ပတ်သက် သည့် အာယသ်တော်များအပေါ် ယုံကြည်ခြင်း မရှိကြချေ။ (သို့သော် ယခု 'ကေယာမသ်'ရောက်ရှိလာ ပြီးဖြစ်သည်။ ၎င်း 'ကေယာမသ်'၏ လက္ခဏာများထဲမှ ငါ၏ ထွက်ပေါ်လာခြင်းသည်လည်း လက္ခဏာ တစ်ရပ်ပင် ဖြစ်သည်ဟု ပြောဆိုလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

دابة الارض ဆိုသည်မှာ မည်သည့်အရာဖြစ်၍ ယင်းအရာသည် မည်သည့်အချိန်၊ မည်သည့် နေရာ၌ ပေါ်ထွက်မည်နည်း။

မွစ်နဒေအဟ်မဒ်၌ ဟဇရသ်ဟုဇိုင်ဖွာဟ် ﷺ မှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော် မူထားသည်မှာ အသင်တို့သည် လက္ခဏာ (၁၀) ရပ်ကို မမြင်တွေ့ရသည့် ကာလပတ်လုံး 'ကေယာမသ်' ဖြစ်ရှိမည်မဟုတ်ပေ။ ၎င်းမှာ-

(၁) နေမင်းကြီးသည် အနောက်ဘက်အရပ်မှ ပေါ်ထွက်လာခြင်း၊
(၂) မီးခိုးထွက်ပေါ်ခြင်း၊
(၃) 'ဒါဗ္ဗဟ်'ဆိုသည့် သတ္တဝါတစ်မျိုး ပေါ်ထွက်လာခြင်း၊

⑹ 'ယာဂျူဂျ်' နှင့် 'မာဂျူဂျ်' ပေါ်ထွက်လာခြင်း၊
⑺ တမန်တော်အီစာ ﷺ ဆင်းသက်တော်မူခြင်း၊
⑻ 'ဒဂ်ျဂျာလ်'ပေါ်ထွက်လာခြင်း၊
⑼ သုံးကြိမ် နေကြတ်ခြင်း၊ အနောက်အရပ်၌ တစ်ကြိမ်၊
⑽ အရှေ့အရပ်၌ တစ်ကြိမ်၊
⑾ အာရဗ်ကျွန်းစု၌ တစ်ကြိမ်၊
⑿ မီးကျည်တစ်ခုသည် 'ကအ်ရေအဒန်'မှ ပေါ်ထွက်လာပြီး ယင်းမီးကျည်သည် လူများကို မောင်းနှင်ကာ 'ဟရှရ်'ကွင်းပြင်ဘက်သို့ ခေါ်ဆောင်သွားမည်။ လူများ ညဘက် တည်းခိုသည့်နေရာ၌ ၎င်းမီးကျည်သည်လည်း ရပ်နားတည်းခိုပြီး၊ တစ်ဖန် မောင်းနှင် ခေါ်ဆောင်သွားခြင်းတို့ ဖြစ်သည်။

[မွတ်စ္စလင်မ်ကျမ်း]

ဖော်ပြပါ ဟဒီးစ်တော်တွင် 'ကေယာမသ်'နီးလာသောအခါ မြေပထဝီမှ လူများနှင့် စကားပြောဆိုမည့် သတ္တဝါတစ်မျိုး ထွက်ရှိလာမည်ဆိုကြောင်းကို သိရှိရပေသည်။ ၎င်းနောက် دابّ စာလုံး၏ နောက်ဆုံးအက္ခရာကို 'သန်ဝီန်'နှင့် သုံးနှုန်းထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ယင်းသတ္တဝါသည် အလွန်အံ့သြစရာကောင်းသည့် အဖန်ဆင်းခံတစ်မျိုး ဖြစ်မည်ဆိုကြောင်းကို ညွှန်ပြနေပေသည်။ ထို့နောက် အဆိုပါသတ္တဝါသည် မွေးဖွားသည့်စနစ်အတိုင်း ပေါက်ဖွားလာမည် မဟုတ်သည့်အပြင် ရုတ်တရက် မြေကြီးထဲမှ ထွက်ရှိလာမည်ဖြစ်သည်။ ၎င်းနောက် အဆိုပါဟဒီးစ်တော်မှ ထပ်ဆင့် သိရှိရသည်မှာ အဆိုပါသတ္တဝါ ပေါ်ထွက်လာခြင်းသည် 'ကေယာမသ်'နေ့၏ လက္ခဏာများထဲမှ နောက်ဆုံး လက္ခဏာပင်ဖြစ်မည်။

ယင်းသတ္တဝါ ပေါ်ထွက်ပြီးနောက် အလျင်အမြန်ဆုံး 'ကေယာမသ်'ဖြစ်ရှိမည် ဖြစ်သည်။ အိဗ်နေကစီးရ်သည် အဗူဒါဝူးဒ်သွယာလိစီ၏ အထောက်အထားဖြင့် ဟဇရသ်သွလ်ဟဟ်အိဗ်နေအိုမရ်မှ ရှည်လျားသော ဟဒီးစ်တော်တစ်ပုဒ်ကို တင်ပြထားသည်မှာ ဤအံ့သြစရာကောင်းသော သတ္တဝါသည် မက္ကာဟ်မြို့ရှိ 'ဆွဖွာ'တောင်မှ ထွက်ရှိမည်ဖြစ်သည်။ ယင်းသတ္တဝါသည် ပေါ်ထွက်လာသောအခါ မိမိဦးခေါင်းထက်ရှိ ဖုန်မှုန့်များကို ခါချလျက် 'ကအ်ဗာဟ်'ကျောင်းတော်ရှိ 'ဟဂ်ျရေအဗ်စဝဒ်'နှင့် 'မကာမေအီဗ်ရာဟီမ်'ကြားသို့ ရောက်ရှိသွားမည်။ ထိုအခါ လူများသည် အဆိုပါသတ္တဝါကို တွေ့မြင်ပြီး ထွက်ပြေးကြမည်။ သို့သော် အုပ်စုတစ်စု ကျန်နေရစ်မည်။ ယင်းသတ္တဝါသည် ထိုကျန်ရစ်ခဲ့သော အုပ်စု၏ မျက်နှာများကို ကြယ်တာရာများကဲ့သို့ လင်းဝင်းအောင် ပြုပေးမည်။ ထို့နောက်မှ မြေပထဝီဘက်သို့ ခြေဦးလှည့်ပြီး ကာဖိရ်တိုင်း၏ မျက်နှာများအပေါ် ကုဖွရ်၏ အမှတ်အသားများ ပြုပေးမည်ဖြစ်သည်။ မည်သူမှ ထိုသတ္တဝါတို့၏ ဖမ်းဆီးခြင်းမှ ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ပေ။ ထိုသတ္တဝါသည် မုအ်မင်န်တိုင်း၊ ကာဖိရ်တိုင်းကို သိရှိမည်ဖြစ်သည်။

[အိဗ်နေကစီးရ်ကျမ်း]

၎င်းနောက် မွတ်စ္စလင်မ်ဗင်န်ဟဂ်ျဂျာဂ်ျသည် ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နေအိုမရ် ﷺ မှ ဆင့်ပြန်ထားသည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ မှ ဟဒီးစ်တော်တစ်ပုဒ်ကို ကြားခဲ့ရပြီး ယင်းဟဒီးစ်တော်ကို မည်သည့်အခါမှ မေ့သွားခြင်း မရှိခဲ့ပေ။ ၎င်းမှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ 'ကေယာမသ်' ၏ လက္ခဏာများထဲမှ ပထမဦးဆုံး လက္ခဏာမှာ အနောက်အရပ်မှ နေထွက်လာမည်။ နေမင်းကြီး မြင့်တက်သွားပြီးနောက် အံ့ဩစရာကောင်းသည့် သတ္တဝါတစ်မျိုး ပေါ်ထွက်လာမည်။ ဖော်ပြပါ လက္ခဏာနှစ်ရပ်ထဲမှ မည်သည့်လက္ခဏာမဆို ပထမဦးဆုံး ဖြစ်ရှိပြီးသည့်နောက် ချက်ချင်းပင် 'ကေယာမသ်' ဆိုက်ရောက်လာမည် ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ရှိုက်ခ်ဂျလာလုဒ္ဒီးန်မဟလ္လီ မိန့်ဆိုထားသည်မှာ အဆိုပါအံ့ဩစရာကောင်းသည့် သတ္တဝါ ပေါ်ထွက်လာပြီးသည့်နောက် ကောင်းရာကို ညွှန်ကြားပြီး မကောင်းရာကို မြစ်တားဆိုသည့် အမိန့်များ ပြတ်တောက်သွားမည် ဖြစ်သည်။ ထို့နောက် မည်သည့်ကာဖိရ်မှ အစ္စလာမ်လက်ခံလာကြလိမ့်မည် မဟုတ်တော့ပေ။ ဤအကြောင်းအရာအား များစွာသော ဆင့်ပြန်ချက်များမှ ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပေသည်။ *[မဇ္ဖဟရီကျမ်း]*

အိဗ်နေကစီးရ်နှင့် အစရှိသော ပညာရှင်များသည် မြေကြီးထဲမှ အံ့ဩစရာကောင်းသည့် သတ္တဝါတစ်မျိုး ပေါ်ထွက်လာခြင်းနှင့် ပတ်သက်ပြီး ၎င်းသတ္တဝါ၏ ပုံသဏ္ဌာန်အနေအထားနှင့် အခြေအနေအရပ်ရပ်ကို ဆင့်ပြန်ချက်အသီးသီးတို့မှ ကောက်နုတ်တင်ပြထားကြပေသည်။ ယင်းတင်ပြချက်များထဲမှ အများစုမှာ မယုံကြည်နိုင်စရာများ ဖြစ်သည့်အတွက် ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် ခိုင်လုံသော ဟဒီးစ်တော်များမှ သိရှိရသည့်အတိုင်း အဆိုပါသတ္တဝါသည် အလွန်အံ့ဩစရာကောင်းသည့် အဖန်ဆင်းခံတစ်မျိုးဖြစ်ပြီး မွေးဖွားခြင်းမရှိဘဲ မြေကြီးထဲမှ သူ့အလိုအလျောက် ထွက်ရှိလာမည်။ ၎င်းထွက်ရှိမည့်နေရာမှာ မက္ကာဟ်မြို့ဖြစ်ပြီး တစ်ဖန် လောကကြီးတစ်ခုလုံးတွင် လှည့်လည်သွားလာမည်ဖြစ်သည်။ ယင်းသတ္တဝါသည် ကာဖိရ်နှင့် မုအ်မင်န်ကို ခွဲခြားသိရှိပြီး စကားပြောဆိုမည် ဖြစ်သည်။ ထိုမျှသာ ယုံကြည်ချက်ထားရမည်ဖြစ်သည်။ ဤသည်ထက်မက ပိုပြီး လေ့လာစူးစမ်း၊ တွေးခေါ်သုံးသပ်ရန် အရေးမကြီးသည့်အပြင် မည်သို့မှ အကျိုးရှိမည်မဟုတ်ပေ။

ထို့ပြင် အဆိုပါမြေကြီးထဲမှ ထွက်လာမည့် သတ္တဝါသည် စကားပြောဆိုမည်ဆိုသည့် အလိုသဘောမှာ မည်သို့နည်း။ အချို့ပညာရှင်များက မိန့်ဆိုထားသည်မှာ ၎င်း၏ ပြောဆိုစကားသည် ကျမ်းတော်မြတ်မှ တင်ပြထားသည့်အတိုင်းပင် ဖြစ်မည်။ ၎င်းမှာ-

اِنَّ النَّاسَ كَانُوْا بِاٰيٰتِنَا لَا يُوْقِنُوْنَ

ဤစကားအား ထိုသတ္တဝါသည် အလ္လာဟ်အသျှင်မြတ်ဘက်မှ ပြောဆိုမည်ဖြစ်သည်။ အလိုသဘောမှာ လူအများစုသည် ယနေ့အလျင်က ငါ၏ အာယသ်တော်များအပေါ် ယုံကြည်ကြခြင်း မရှိကြချေ။

ယင်း၏ အလိုသဘောမှာ ထိုသူများ ယုံကြည်ရမည့်အချိန်သည် ကျရောက်လာပြီး ဖြစ်သည်။ သို့သော် ထိုအခါမှ ယုံကြည်မည်ဆိုလျှင် တရားတော်အရ ဘောင်ဝင်မည်မဟုတ်ပေ။ ၎င်းနောက် ဟဇရသ်အိဗ်နေ အဗ္ဗားစ် ؓ ၊ ဟာစန်ဗဆွ်ရီ (ရဟ) ကသာဒဟ် စသည်တို့မှ တင်ပြထားသည်။ တစ်ဖန် ဟဇရသ်အလီ ؓ ၏ ဆင့်ပြန်ချက်တစ်ခုတွင်လည်း တင်ပြထားသည်မှာ ဤသတ္တဝါသည် လူများနှင့် အများသုံးနှုန်းသည့်အတိုင်း စကားများ ပြောဆိုမည် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَيَوْمَ نَحْشُرُ مِن كُلِّ أُمَّةٍ فَوْجًا مِّمَّن يُكَذِّبُ بِآيَاتِنَا فَهُمْ يُوزَعُونَ ﴿٨٣﴾

၂၇ : ၈၃ ။ ။ ထို့ပြင် အကြင်နေ့တွင် ငါအသျှင်မြတ်သည် အုပ်စုအသီးသီးတို့အနက်မှ ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့အား တစ်အုပ်စုစီကို စုရုံးစေတော်မူမည်။ တစ်ဖန် ၎င်းတို့သည် စီတန်းရပ်စေခြင်းကို ခံကြရပေမည်။

حَتَّىٰ إِذَا جَاءُوا قَالَ أَكَذَّبْتُم
بِآيَاتِي وَلَمْ تُحِيطُوا بِهَا عِلْمًا أَمَّاذَا كُنتُمْ تَعْمَلُونَ ﴿٨٤﴾

၂၇ : ၈၄ ။ ။ နောက်ဆုံးတွင် ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့) ရောက်ရှိ၍ လာခဲ့ကြသော အခါ ထိုအသျှင်မြတ်က 'အသင်တို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို မိမိတို့ပညာအားဖြင့် ယင်း (အာယသ်တော်များ) ကို ဝန်းခြုံခြင်း (စေ့ငုသေချာစွာ) မသိရှိကြသေးမီ၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေသလော။ သို့တည်းမဟုတ် အသင်တို့သည် မည်သည်တို့ကို ပြုလုပ်လျက်ရှိကြသနည်း' ဟု မိန့်ကြားတော်မူပေမည်။

وَوَقَعَ الْقَوْلُ عَلَيْهِم بِمَا ظَلَمُوا فَهُمْ لَا يَنطِقُونَ ﴿٨٥﴾

၂၇ : ၈၅ ။ ။ (ထိုအချိန်အခါတွင်) ၎င်းတို့ ပြစ်မှုကျူးလွန်ခဲ့ခြင်းကြောင့်၊ ကတိချိန်းဆိုချက်သည် ၎င်းတို့အပေါ်၌ အတည်ဖြစ်ပြီးဖြစ်ပေရာ ၎င်းတို့မှာ စကားပြောဆိုနိုင်ကြမည် မဟုတ်ပေ။

أَلَمْ يَرَوْا أَنَّا جَعَلْنَا اللَّيْلَ لِيَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا ۚ
إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٨٦﴾

၂၇ : ၈၆ ။ ။ မည်သို့ပါနည်း။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် ညဉ့်ကို ထိုသူတို့ အနားယူကြရန်နှင့် နေ့ကို အလင်းရောင်ပေးသော အရာအဖြစ် ပြုလုပ်တော်မူခဲ့သည်ကို ၎င်းတို့သည် မမြင်ခဲ့ကြလေသလော။ ဧကန်မလွဲ ဤသည်၌ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ (ကြီးကျယ်လှစွာသော) သက်သေလက္ခဏာများသည် အမှန်ပင် ရှိပေသည်။

وَيَوْمَ يُنْفَخُ فِي الصُّورِ فَفَزِعَ مَنْ فِي السَّمَاوَاتِ وَمَنْ فِي الْأَرْضِ
إِلَّا مَنْ شَاءَ اللَّهُ ۚ وَكُلٌّ أَتَوْهُ دَاخِرِينَ ﴿٨٧﴾

၂၇ : ၈၇ ။ ။ ၎င်းပြင် တံပိုးခရာမှုတ်သော နေ့တွင် အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသော သူတို့မှအပ၊ မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် ရှိသမျှတို့သည် ထိတ်လန့်၍ သွားကြပေမည်။ ထို့ပြင် အားလုံးတို့သည် ဂုဏ်သိမ်နိမ့်ကျလျက် ထိုအသျှင်မြတ်ထံတော်သို့ ရောက်ရှိလာကြပေမည်။

وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ ۚ صُنْعَ اللَّهِ
الَّذِي أَتْقَنَ كُلَّ شَيْءٍ ۚ إِنَّهُ خَبِيرٌ بِمَا تَفْعَلُونَ ﴿٨٨﴾

၂၇ : ၈၈ ။ ။ (ထိုနေ့တွင်) အသင်သည် အလွန်မြဲမြံခိုင်မာသည့် အစိုင်အခဲများဖြစ်သည်ဟု ထင်မှတ်သော တောင်များကို မိုးတိမ်များ လွင့်ပါးကဲ့သို့ပင် လွင့်ပါး၍ သွားသည်ကို အသင်တွေ့မြင်ရပေမည်။ (ဤသည်) အရာခပ်သိမ်းတို့ကို ဉာဏ်ပညာအားဖြင့် ခိုင်ခံ့အောင် ပြုလုပ်ဖန်ဆင်းထားတော်မူသော အလ္လာဟ်အသျှင်မြတ်၏ စီရင်တော်မူခြင်းပင် ဖြစ်ပေသည်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှတို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

مَنْ جَاءَ بِالْحَسَنَةِ فَلَهُ خَيْرٌ مِنْهَا وَهُمْ مِنْ فَزَعٍ يَوْمَئِذٍ آمِنُونَ ﴿٨٩﴾

၂၇ : ၈၉ ။ ။ မည်သူမဆို ကောင်းမှု (ကို အီမာန်သက်ဝင် ယုံကြည်မှု) နှင့်တကွ ယူဆောင်လာခဲ့ပါမူ၊ ၎င်းသူ၏ အဖို့ ထို့ထက် ကောင်းမြတ်သော အကျိုးကျေးဇူးကို ရရှိပေမည်။ ထို့ပြင် ၎င်းတို့သည် (ကြီးကျယ်သော) ထိတ်လန့်ခြင်းမှလည်း ကင်းလွတ်သူများပင် ဖြစ်ကြပေမည်။

وَمَنْ جَاءَ بِالسَّيِّئَةِ فَكُبَّتْ وُجُوهُهُمْ فِي النَّارِ هَلْ تُجْزَوْنَ إِلَّا مَا كُنْتُمْ تَعْمَلُونَ ﴿٩٠﴾

၂၇ : ၉၀ ။ ။ သို့ရာတွင် မည်သူမဆို ဒုစရိုက် (ကို ကုဖ္ဖရ်သွေဖည်ငြင်းပယ်မှု) နှင့်တကွ ရောက်ရှိလာခဲ့ပါမူ၊ ထိုသူတို့သည် မျက်နှာမှောက်စေလျက် မီးပုံထဲသို့ ပစ်ချခြင်းကို ခံကြရပေမည်။ (ထို့ပြင်) အသင်တို့သည် မိမိတို့ ကျင့်မူလျက် ရှိခဲ့ကြသော အပြုအမူများ၏ အစားပေးခြင်းကို ခံကြရခြင်းသာလျှင် ဖြစ်သည် (ဟု ပြောဆိုခြင်းကို ခံရပေလိမ့်မည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ကဗရ်' သင်္ချိုင်းတွင်းမှ ပြန်လည်ရှင်ပြန်ထရမည့်နေ့ပြီးနောက် ငါအသျှင်မြတ်သည် အုမ္မသ်တိုင်းမှ (ဆိုလိုသည်မှာ ရှေးအုမ္မသ်များထဲမှ တစ်အုပ်စုချင်းကို၊ ၎င်းနောက် ဤနောက်ဆုံးအုမ္မသ်မှ ငါအသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ခဲ့ကြသောသူများအား စာရင်းယူရန်အတွက် စုရုံးစေမည်။ တစ်ဖန် ထိုသူများကို စာရင်းစစ်ဆေးမည့် နေရာဘက်သို့ စစ်ဆေးရန် ခေါ်ဆောင်သွားမည်။ ထိုသူများ၏ အုပ်စုမှာ

များပြားသည့်အတွက် လျှောက်သွားရာတွင် ရှေ့နောက် လူအုပ်စုတစ်စုတည်း ဖြစ်ရန်အတွက် တားဆီးကြမည်။ သို့မှသာ ရှေ့နောက်မဖြစ်ဘဲ တစ်စု တစ်စည်းတည်း စာရင်းစစ်ဆေးမည့် နေရာသို့ ရောက်ရှိသွားကြမည် ဖြစ်သည်။ ယင်း၏ အလိုသဘောမှာ လူအုပ်စုများပြားမည်ကို ဆိုလိုခြင်းဖြစ်ပေသည်။ လူအုပ်စု များပြားပါက ထိန်းသည်ဖြစ်စေ၊ မထိန်းသည်ဖြစ်စေ ရှေ့နောက် ဖြစ်တတ်စမြဲပင် မဟုတ်ပါလော။ ထိုသို့ လျှောက်သွားရင်းနှင့်ပင် စာရင်းစစ်ဆေးမည့် နေရာသို့ ရောက်ရှိသွားပြီး စာရင်းစစ်ဆေးမှုကို အစပြုသည့်အခါ အလ္လာဟ်အသျှင်မြတ်မှ မိန့်တော်မူမည်မှာ အသင်တို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ခဲ့ကြသည် မဟုတ်ပါသလော။ စေကန်အမှန် အသင်တို့သည် ထိုအာယသ်တော်များကို မိမိတို့အနေနှင့် သိရှိအောင်ပင် မကြိုးစားခဲ့ကြပေ။ သို့မဟုတ်က စဉ်းစားတွေးတောနိုင်သည့် အခွင့်အရေးရရှိမည်သာ ဖြစ်၏။ ထိုသို့ စဉ်းစားတွေးတောပြီးနောက် ရရှိလာသော ရလဒ်အပေါ် ဆုံးဖြတ်၍ ရပ်တည်ခဲ့လျှင် ကောင်းလေစွ။ ဆိုလိုသည်မှာ ထိုသူများသည် အာယသ်တော်များကို ကြားသည်နှင့်တစ်ပြိုင်နက် စဉ်းစားတွေးတောခြင်းမရှိဘဲ ထိုအာယသ်တော်များကို လိမ်လည်ကြတော့သည်။ ယင်းသို့ လိမ်လည်ခြင်းအား အားမရနိုင်သည့်အပြင် နောက်ထပ် မည်သည့်လုပ်ဆောင်ချက်များအား ပြုလုပ်ခဲ့ကြသည်ကို သတိရကြကုန်။ ဥပမာ- နဗီတမန်တော်များနှင့် အီမာန်ယူလာသူများကို နည်းအမျိုးမျိုးနှင့် ဒုက္ခပေးခြင်း။ ၎င်းသည် လိမ်လည်ခြင်းထက် ပို၍ပင် ဆိုးရွားလှသည်။

ထိုနည်းတူစွာ ဤသည် ထက်ပို၍ ကုဖွရ်ယုံကြည်ချက်များနှင့် မကောင်းမှုဒုစရိုက်များ၌ နစ်မွန်းလျက် ရှိခဲ့ကြသည်။ ယခုအချိန်အခါဝယ် ပြစ်မှုထင်ရှားခြင်းကြောင့် ကတိတော်အတိုင်း ပြစ်ဒဏ်များကို စီရင်လိုက်ပြီးဖြစ်သည်။ ဆိုလိုသည်မှာ ပြစ်ဒဏ်ထိုက်သင့်ကြောင်းမှာ အတည်ဖြစ်သွားခဲ့ပြီး ဖြစ်သည်။ ထိုသို့ အတည်ဖြစ်ရခြင်း အကြောင်းမှာ ထိုသူများသည် လောကီ၌ ရှိစဉ်ကာလက ကြီးမားသော ပြစ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ယင်း၏ ရလဒ်သည် ယနေ့ ပေါ်ထွက်လာပြီးဖြစ်သည်။ အထောက်အထားခိုင်လုံသည့်အတွက် ထိုသူများသည် အကြောင်းတစ်စုံတစ်ရာ ပြရန်သော်လည်းကောင်း၊ ဆင်ခြင်များပေးရန်သော်လည်းကောင်း စကားပင် ပြောဆိုနိုင်မည် မဟုတ်ပေ။ အချို့အာယသ်တော်များတွင် ထိုသူများဘက်မှ အကြောင်းအမျိုးမျိုး ပြကြမည်ဟူ၍ တင်ပြထားသည်မှာ အစပထမပိုင်း၌ ဖြစ်မည်။ နောက်ပိုင်းတွင် အထောက်အထားခိုင်လုံသွားသည့်အတွက် မည်သည့်စကားမှ ပြောဆိုနိုင်မည်မဟုတ်ပေ။ 'ကေယာမသ်' နေ့နှင့် ပတ်သက်၍ ခိုင်လုံသည့် အထောက်အထားများ၊ ဆင့်ပြန်ချက်များ အစရှိသည့် အထောက်အထားများ ရှိနေသည့်အတွက် ထိုနေ့အား ငြင်းပယ်သူသည် အသိဉာဏ်မရှိဆုံးသူသာ ဖြစ်မည်။ ပမာဆိုရသော် ထိုသူများသည် ဤအချက်များအပေါ် လေ့လာစူးစမ်းခြင်း မပြုကြပါသလော။ ၎င်းမှာ ငါအသျှင်မြတ်သည် လူများ အနားယူရန်အတွက် ညအခါကို ဖန်ဆင်းပေးထားတော်မူ၏။ ထိုသို့ အနားယူအိပ်စက်ခြင်းသည် သေသည်နှင့် အလားသဏ္ဍာန်တူ၏။ ၎င်းနောက် လှုပ်ရှားသွားလာနိုင်ရန် နေ့အချိန်ကို ဖန်ဆင်းပေးထားတော်မူ၏။ ယင်းနေ့အချိန်သည် လူများနိုးကြားခြင်းအပေါ် မူတည်၍ ဖန်ဆင်းပေးထားသည့်အတွက် အဆိုပါအချက်သည် သေပြီးနောက် ပြန်လည် ရှင်ထခြင်းနှင့် အလားသဏ္ဍာန်တူပေသည်။ သို့ရှိရာ နေ့စဉ်

အိပ်စက်ခြင်း၊ နိုးကြားခြင်း၌ ပြန်လည်ရှင်ပြန်ထရမည်မှာ ဖြစ်နိုင်ခြင်းနှင့် 'ကေယာမသ်'ဖြစ်မည်ဟု ပါရှိသည့် အာယသ်တော်များသည် ခိုင်လုံသည့် အထောက်အထားများဖြစ်ကြောင်း၊ အလွန် ပေါ်လွင်ထင်ရှားသော အထောက်အထားပင် ဖြစ်သည်။ စစ်မှန်သည့် သေခြင်းတရားဆိုသည်မှာ ဝိညာဉ်နှင့် ကိုယ်ခန္ဓာ၏ ဆက်စပ်မှု ပျောက်သွားခြင်းကို ဆိုလိုပေသည်။

ဒုတိယရှင်ခြင်း၏ အရင်းခံမှာ ထိုပပျောက်သွားသော ဆက်စပ်မှု ပြန်ရောက်လာခြင်းကို ဆိုလိုပေသည်။ အိပ်စက်ခြင်းသည်လည်း ဝိညာဉ်နှင့် ကိုယ်ခန္ဓာ၏ ဆက်စပ်မှုကို ပပျောက်စေသည့် အချက်တစ်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိပ်စက်ခြင်း၌ အဆိုပါဆက်စပ်မှုမှာ အားနည်းသွားသည်။ ထိုသို့အားနည်းသွားရခြင်းသည် တည်ရှိနေသည့် အဆင့်အတန်းများထဲမှ အဆင့်တစ်ဆင့် ပျောက်ကွယ်သွားခြင်းကြောင့်ပင် ဖြစ်သည်။ နိုးကြားလာသောအခါ ထိုပပျောက်သွားသော အဆင့်မှာ ပြန်လည်ဝင်ရောက်လာခြင်းပင် ဖြစ်ပေသည်။ ဤသို့ဖြင့် သေခြင်းနှစ်မျိုးမှာ လုံးဝ ပုံတူ ဖြစ်သွားတော့သည်။ ထို့ပြင် အိပ်စက်ပြီးနောက် နိုးကြားခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်ဖြစ်ရာ သေပြီးနောက် ရှင်ရှိမည့် သက်တမ်းသည်လည်း ၄င်းနည်းတူပင်ဖြစ်ရာ ယင်းအချက်သည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအား၌ အဘယ်ကြောင့် မပါရမည်နည်း။ ဤသို့ အသိဉာဏ်မှ ရရှိသော အထောက်အထားသည် လူတိုင်းအတွက် ပေါ်လွင်စေပေသည်။ သို့သော် ယင်းအချက်မှ အကျိုးအမြတ်ရယူခံစားကြရသောသူများမှာ အီမာန်သက်ဝင် ယုံကြည်ကြသောသူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် စဉ်းစားတွေးခေါ်ကြသည်။ အခြားသူများသည် အီမာန်ရှင်များကဲ့သို့ စဉ်းစားတွေးခေါ်ကြခြင်း မရှိပေ။ ပန်းတိုင်တစ်ခုသို့ ရောက်ရှိစေရန်အတွက် စဉ်းစားတွေးခေါ်ရန်မှာ အလွန်အရေးကြီးပေသည်။

ဤအတွက်ကြောင့် အီမာန်ရှင်များမှအပ အခြားသူများသည် အထက်ပါအချက်မှ အကျိုးအမြတ်ရယူနိုင်ကြခြင်း မရှိပေ။ ထို့နောက် ဖော်ပြပါ 'ဟရှ်ရ်'၏အလျင် ကြောက်မက်ဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခု ဖြစ်ရှိလာမည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ရှေ့ဆက်တင်ပြသွားပါမည်။ ၄င်းဖြစ်ရပ်၏ ထိတ်လန့်စရာများမှာလည်း မှတ်သားထားလောက်ပေသည်။ အကြင်နေ့တွင် စူရ်တံပိုးကို မှုတ်စေတော်မူမည်။ ဤသည် ပထမအကြိမ်မှုတ်ခြင်း ဖြစ်မည်။ ဖော်ပြပါ 'ဟရှ်ရ်'၏ ဖြစ်ရပ်များသည် ဒုတိယအကြိမ် စူရ်တံပိုးမှုတ်ပြီးမှ ဖြစ်မည်။ ထိုအခါဝယ် မိုးကောင်းကင်နှင့် မြေပထဝီရှိ ဖရစ်ရှ်သာဟ်များနှင့် လူသား စသည့်အရာများအားလုံးတို့သည် တုန်လှုပ်ခြောက်ခြားသွားကြမည် ဖြစ်သည်။ တစ်ဖန် အားလုံး သေဆုံးသွားကြမည်။ ၄င်းနောက် သေဆုံးကွယ်လွန်ပြီးကြသော သူများ၏ ဝိညာဉ်များလည်း မူးမေ့ သတိလစ်သွားကြမည်။ သို့သော် အလ္လာဟ်အသျှင်မြတ် မသေစေလိုသော သူများသည် အဆိုပါတုန်လှုပ်ခြင်းနှင့် သေခြင်းတရားမှ လွတ်ကင်းမည်ဖြစ်သည်။ ယင်း၏ အလိုသဘောမှာ ခိုင်လုံသော ဟဒီးစ်တော်များအရ ဟဇရသ် ဂျိဗ်ရာအီလ် عليه السلام ၊ ဟဇရသ်မီကာအီလ် عليه السلام ၊ ဟဇရသ်အိစ်ရာအီလ် عليه السلام ၊ ဟဇရသ် အိစ်ရာဖီလ် عليه السلام နှင့် 'အရှ်' ပလ္လင်တော်ကို ထမ်းရွက်ထားကြသော ဖရစ်ရှ်သာဟ်များ ဖြစ်ကြသည်။ တစ်ဖန် ယင်းအဖန်ဆင်းခံများလည်း 'စူရ်'တံပိုးမှုတ်ခြင်း၏ စူးရှခြင်းကို မခံရဘဲ ကွယ်လွန်သွားကြမည်။ *[ဒုရ်ရေမန်စူရ်၊ ရူဟုလ်မအာနီ]*

၄င်းနောက် လောကတွင် ဖြစ်လေ့ရှိသည့်အတိုင်း လူတစ်ဦးဦးအား ကြောက်လန့်သွားပါက ထိုသူနှင့် ဝေးရာသို့ ထွက်ပြေးသွားတတ်ကြသည်။ သို့သော်လည်း ထို 'ဟရှရ်' ကွင်းပြင်တွင် အလ္လာဟ်အသျှင်မြတ် ထံတော်ပါးမှ မည်သူမျှ ထွက်ပြေးနိုင်ကြမည် မဟုတ်ပေ။ သို့သာမက အားလုံးသည် ထိုအသျှင်မြတ် ရှေ့တော်မှောက်တွင် ပြားပြားဝပ်လျက် ရှိကြမည်။ ရှင်နေသောသူများသည် သေဆုံးသွားကြမည် ဖြစ်ပြီး သေနေသော သူများ၏ ဝိညာဉ်များသည် သတိမေ့မြောသွားကြမည်။ ၄င်းနောက် ထို 'စူရ်' တံပိုးမှုတ်ခြင်း၏ စူးရှမှုနှင့် ပြောင်းလဲခြင်းတို့သည် သက်ရှိများအတွင်း ဖြစ်ရှိမည်ဖြစ်ပြီး အသက်မဲ့များနှင့် စပ်လျဉ်း၍ ရှေ့ဆက် တင်ပြသွားပါမည်။

'အို, လူသားအပေါင်းတို့၊ အသင်တို့သည် ထိုအခါတွင် တောင်များ၏ အပေါ်ယံ မာကျော တောင့်တင်းခိုင်မာမှုကို ကြည့်ပြီး ယင်းတောင်များသည် ထာဝရ ဤအတိုင်းပင် တည်ရှိနေမည် ဖြစ်ပြီး မည်သည့်အခါမှ ရွေ့လျား၊ လှုပ်ရှားမည်မဟုတ်ဟူ၍ အသင်တို့ ထင်မြင်ယူဆကြလိမ့်မည်။ သို့သော်လည်း ထိုအချိန်တွင် အဆိုပါတောင်များ၏ အခြေအနေမှာ မိုးတိမ်များကဲ့သို့ ပေါ့ပါးပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်ကာ မိုးကောင်းကင်ထက်တွင် ပျံ့လွင့်နေကြမည်။' ယင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်က

وَبُسَّتِ الْجِبَالُ بَسًّا فَكَانَتْ هَبَاءً مُّنْبَثًّا

ဟူ၍ မိန့်တော်မူထားပေသည်။ ဤကဲ့သို့ လေးလံပြီး မာကျောသော အရာသည် အဆိုပါအတိုင်း မည်သို့ ဖြစ်သွားရသည်ဟု ဆိုကာ မအံ့သြသင့်ပေ။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအား ဖြစ်သည်။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကို သင့်လျော်သည့်ပုံစံဖြင့် ဖန်ဆင်းထားတော်မူသည်။ အစ ပထမကပင် မည်သည့်အရာတွင်မှ ခိုင်မြဲခြင်းနှင့် မာကျောခြင်း မရှိ။ အဘယ်ကြောင့်ဆိုသော် ၄င်းအရာများပင်လျှင် ပင်ကိုယ်အရည်အသွေး မရှိခဲ့ပေ။ သို့ရှိရာ ခိုင်မြဲ၊ မာကျောခြင်းဆိုသည့် အရည်အသွေးသည် ပို၍ပင် မရှိနိုင်ချေ။ မည်သို့ပင်ဖြစ်စေ၊ ထိုအသျှင်မြတ်သည် မရှိသည်ကို ရှိစေရန်လည်းကောင်း၊ ချည့်နဲ့ခြင်းကို စွမ်းအားရှိရန်လည်းကောင်း ပြုနိုင်စွမ်းရှိသကဲ့သို့ ပြောင်းပြန်လည်း ပြုနိုင်စွမ်း ရှိတော်မူ၏။ အဘယ်ကြောင့် ဆိုသော် တန်ခိုးစွမ်းအားသည် အရာခပ်သိမ်းကို ပြုစွမ်းနိုင်ခြင်း၌ တန်းတူပင်ဖြစ်သည်။ အထူးသဖြင့် တစ်ခုနှင့် တစ်ခု ပုံတူရှိသော အရာများနှင့် အလားတူ အရာများတွင် ပို၍ပင် ထင်ရှားစေပါသည်။ ထို့နည်း တူစွာ မိုးကောင်းကင်နှင့် မြေပထဝီ အစရှိသော နေရာများတွင် တည်ရှိကြသော အခြားအဖန်ဆင်းခံ များ၌လည်း ကြီးမားသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ ကျမ်းတော်မြတ်၏ အခြား တစ်နေရာတွင် မိန့်ဆိုတင်ပြထားသည်မှာ-

وَحُمِلَتِ الْأَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَّاحِدَةً فَيَوْمَئِذٍ وَّقَعَتِ الْوَاقِعَةُ وَانْشَقَّتِ السَّمَاءُ

တစ်ဖန် ထို့နောက်ပိုင်းတွင် ဒုတိယအကြိမ် စူရ်တံပိုးမှုတ်တော်မူမည်။ ယင်းသို့ မှုတ်လိုက်ခြင်း ကြောင့် ဝိညာဉ်များသတိရလာပြီး မိမိတို့၏ ကိုယ်ခန္ဓာအသီးသီးတွင် ဝင်ရောက်သွားကြမည်။ ၄င်းနောက် စကြဝဠာတစ်ခုလုံးသည် အသစ်တစ်ဖန် ပြန်လည်ကောင်းမွန်သွားမည်။ အထက်၌ တင်ပြခဲ့သော 'ဟရှရ်'

၏ ဖြစ်ရပ်များသည် ဤဒုတိယအကြိမ် 'စူရ်'တံပိုးမှုတ်ပြီးနောက်မှ ဖြစ်ရှိမည်။ ရှေ့ဆက်၍ မူရင်း ရည်ရွယ်ချက်ဖြစ်သည့် 'ကေယာမသ်'နေ့တွင် စီရင်မည့် အကျိုးရလဒ်နှင့် ပြစ်ဒဏ်များအကြောင်းကို တင်ပြသွားပေမည်။ သို့ရှိရာ ဦးစွာပထမ စကားဦးအနေနှင့် မိန့်တော်မူထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ လုပ်ရပ်ဟူသမျှကို မုချ အပြည့်အဝ သိရှိတော်မူသည်။ ယင်းအချက်သည် အကျိုးရလဒ်နှင့် ပြစ်ဒဏ်ခတ်ခြင်း၏ ပထမစည်းမျဉ်းဖြစ်သည်။ ဒုတိယစည်းမျဉ်းများမှာလည်း ဥပမာအနေဖြင့် တန်ခိုးစွမ်းအားနှင့် အစရှိသည်တို့အား သီးသန့် အဃောက်အသားများဖြင့် သိရှိရပေသည်။ ဤသို့ဖြင့် အဆိုးအကောင်း၏ အစားပေးခြင်း ဖြစ်ရှိနိုင်ခြင်းသည် ထိုအထောက်အထားများမှ ပေါ်လွင်စေပေသည်။ အဆိုးအကောင်း၏ အစားပေးခြင်းကို ထားရှိခြင်းသည်ပင်လျှင် အမြော်အမြင်ရှိခြင်း၏ အလိုတော်ဖြစ်သည်။ ယင်းအချက်မှ အကျိုးရလဒ်နှင့် ပြစ်ဒဏ်များ စီရင်မည်ကို သိရှိရပေသည်။ စကားဦးကို တင်ပြပြီးနောက် ယင်းအချက်များ ဥပဒေနှင့်အညီ ဖြစ်ရှိခြင်းနှင့် နည်းစနစ်ကို တင်ပြမိန့်တော်မူထားပေသည်။ ၎င်းမှာ အကြင်သူသည် ကောင်းမှု (ဆိုလိုသည်မှာ အီမာန်) ယူလာမည်ဆိုလျှင် ထိုသူအီမာန်ယူလာခြင်းအပေါ် အကျိုးစဝါးဗ် ရထိုက်သူဖြစ်မည်။ ထိုသူအား ဖော်ပြပါအကျိုးစဝါးဗ်ထက် ကောင်းမွန်သော အကျိုးစဝါးဗ်ကို ရရှိမည်ဖြစ်သည်။ ၎င်းမှာ ထိုသူများသည် အလွန် ကြောက်ရွံ့တုန်လှုပ်စရာကောင်းသော ထိုနေ့တွင် ငြိမ်းချမ်းသာယာစွာ နေရမည်ဖြစ်သည်။ ပမာဆိုရသော် စူရာဟ်အန်ဗီယာ၌ တင်ပြထားသည်မှာ-

لا يحز نهم الفزع الا كبر

(၎င်းတို့အား ထိုအကြီးဆုံးသော ထိတ်လန့်ဖွယ်ဖြစ်သော 'ကေယာမသ်'နေ့သည်ပင်လျှင် စိတ်ဒုက္ခရောက်စေမည်မဟုတ်။)

၎င်းနောက် အကြင်သူသည် မကောင်းမှု (ဆိုလိုသည်မှာ ကုဖွရ်နှင့် ရှရစ်ကဲ) ကို ယူဆောင်လာမည်ဆိုလျှင် ထိုသူသည် ဝမ်းလျားမှောက်လျက် မီးပုံအတွင်းသို့ ထည့်ခြင်း ခံရမည်ဖြစ်သည်။ ထို့နောက် ထိုသူအား ပြောဆိုမည်မှာ အသင်လောက၌ ပြုလုပ်ခဲ့သော လုပ်ရပ်များကြောင့်သာ ဤပြစ်ဒဏ်များကို ပေးရခြင်းဖြစ်သည်။ (ဤပြစ်ဒဏ်များသည် အကြောင်းမဲ့ပေးခြင်းမျိုး မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَهُمْ يُوزَعُونَ တွင် وزع ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ တားဆီးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အရှေ့မှ လျှောက်နေသူများကို တားဆီးထားမည်ဖြစ်ပြီး သို့မှသာ နောက်မှလူများမီလာပြီး အတူဖြစ်သွားကြမည်။ အချို့ပညာရှင်များက وزع ၏အဓိပ္ပာယ်ကို دفع ဟူ၍ မှတ်ယူပြီး ဆိုလိုသည်မှာ ထိုသူအား တွန်း၍ စီရင်မည့်နေရာသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။ وَلَمْ تُحِيطُوا بِهَا عِلْمًا မှ ညွှန်ပြမိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ခြင်းသည်ပင်လျှင် အလွန်

ကြီးလေးသော အပြစ်ဖြစ်သည်။ အထူးသဖြင့် စဉ်းစားတွေးခေါ်ခြင်းမပြုဘဲ လိမ်လည်မည်ဆိုလျှင် အပြစ်နှစ်ဆပိုကြီးမည် ဖြစ်သည်။ ယင်းအချက်မှ သိရှိရသည်မှာ အကြင်သူများသည် စဉ်းစားတွေးခေါ်သော်ငြားလည်း အမှန်တရားကို ရရှိခဲ့ခြင်း မရှိလျှင် ၎င်းသူ၏ အတွေးအခေါ်မှန်သည် လမ်းမှားဘက်သို့ ဆွဲယူသွားခြင်းကြောင့်ဖြစ်လျှင် မည်သို့ပင်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းနှင့် စသည့် အချက်များအား လိမ်လည်သော်ငြားလည်း စဉ်းစားတွေးခေါ်ခြင်းကြောင့် ထိုသူ့အတွက် ပြစ်ဒဏ်မှာ များစွာ လျော့ပေါ့သွားမည်ဖြစ်သည်။ သို့သော်ငြားလည်း ဖီဆန်ခြင်း၊ လမ်းမှားခြင်း၏ ထာဝရပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသည် ထင်ရှားသည့် ကိစ္စရပ်များထဲမှ ဖြစ်သည်။ ယင်းသို့ထင်ရှားသော ကိစ္စရပ်ဖြစ်ပါလျက် လမ်းမှားခြင်းအပေါ် အတွေးအခေါ် မှားယွင်းသွားခြင်းကိုလည်း ခွင့်လွှတ်မည် မဟုတ်ပေ။

وَيَوْمَ يُنْفَخُ فِي الصُّوْرِ فَفَزِعَ مَنْ فِي السَّمٰوٰتِ

ဤအယသ်တော်၌ فَزِعَ ၏ အဓိပ္ပာယ်မှာ တုန်လှုပ်ချောက်ခြားသွားခြင်း ဖြစ်သည်။ နောက်အခြားအာယသ်တော်တစ်ပိုဒ်တွင် ဤနေရာ၌ فَزِعَ စာလုံးအစား صَعِقَ ဟူ၍ လာရှိပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ သတိလစ်မေ့မျောသွားခြင်း ဖြစ်သည်။ အကယ်၍ အဆိုပါအာယသ်တော်နှစ်ပိုဒ်စလုံးကို ပထမ 'စူရ်' တံပိုးမှုတ်ခြင်းနှင့် ပတ်သက်သည်ဟု သတ်မှတ်မည်ဆိုလျှင် ထိုဖော်ပြပါစာလုံးနှစ်လုံး၏ အလိုသဘောမှာ 'စူရ်'တံပိုးမှုတ်ချိန်တွင် ဦးစွာပထမ အားလုံးတုန်လှုပ်ချောက်ခြားသွားကြမည် ဖြစ်ပြီး တစ်ဖန် သတိလစ်မေ့မျောသွားကြမည်။ နောက်ဆုံးတွင် အားလုံးသေဆုံးကုန်ကြမည် ဖြစ်သည်။ ၎င်းနောက် ကသာဒဟ်နှင့်စသည့် သဖ်စီးရ်ပညာရှင်များက ဤအာယသ်တော်ကို ဒုတိယအကြိမ် 'စူရ်'တံပိုးမှုတ်ခြင်းနှင့် ပတ်သက်သည်ဟူ၍ ဆိုကြသည်။ ယင်း 'စူရ်'တံပိုးမှုတ်ခြင်းကြောင့် သေသူအားလုံး ပြန်လည်ရှင်ပြန်ထကြရမည်ဖြစ်သည်။ သို့ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ အားလုံး ပြန်လည်ရှင်ပြန်ထကြရမည့် အချိန်တွင် တုန်လှုပ်ချောက်ခြားလျက် ထကြမည် ဖြစ်သည်။ အချို့ပညာရှင်များက မိန့်ဆိုထားသည်မှာ သုံးကြိမ်တိတိ 'စူရ်'တံပိုးမှုတ်တော်မူမည်။ ပထမအကြိမ်တွင် فَزِعَ ဖြစ်မည်။ လူအားလုံးတို့သည် တုန်လှုပ်ချောက်ခြားခြင်းနှင့် တည်ငြိမ်မှုကင်းမဲ့သည့် အဖြစ်၌ နစ်မွန်းသွားကြလိမ့်မည်။ ဒုတိယအကြိမ်တွင် صعق ဖြစ်မည်။ လူအားလုံး သေဆုံးသွားကြလိမ့်မည်။ တတိယအကြိမ်တွင် 'ဟရှရ်နရှာရ်' ဖြစ်ရှိမည်။ လူများအားလုံး ပြန်လည်ရှင်ပြန်ထကြလိမ့်မည်။ သို့သော် ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် ဟဒီးစ်တော်များ၏ အထောက်အထားအရ 'စူရ်'တံပိုး နှစ်ကြိမ်မှုတ်မည်ဆိုကြောင်းကိုသာ သိရှိရသည်။ */ ကုရ်သုဗီ၊ အိဗ်နေကဆီးရ် /*

အိဗ်နေမူဗာရက်သည် ဟဇရေသ်ဟစန်ဗဆွရီမှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထား၏။ ၎င်းမှာ 'စူရ်'တံပိုးနှစ်ကြိမ်အကြား နှစ်ပေါင်းလေးဆယ် ကြာမြင့်လိမ့်မည်ဖြစ်သည်။ */ ကုရ်သုဗီ /*

إِلَّا مَا شَآءَ اللّٰهُ

ဤသို့ သီးခြားခွဲထုတ်ထားခြင်းသည် فَزِعَ ထဲမှ ဖြစ်သည်။ ယင်း၏အဓိပ္ပာယ်မှာ တုန်လှုပ်ကြောက်ရွံ့ခြင်းဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'ဟရှရ်'နေ့တွင် လူအချို့သည် တုန်လှုပ်ကြောက်ရွံ့ခြင်း ရှိကြမည်

မဟုတ်ပေ။ ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ ၏ ဟဒီးစ်တော်တစ်ပုဒ်တွင် တင်ပြထားသည်မှာ ထိုသူများသည် 'ရှဟီဒ်'များ ဖြစ်ကြမည်။ ၄င်းတို့အပေါ် 'ဟရှ်ရ်'နေ့တွင် ပြန်လည်ရှင်ထကြသောအခါ တုန်လှုပ်ကြောက်ရွံ့ခြင်း ရှိမည်မဟုတ်ပေ။ *[ကုရ်သုဗီကျမ်း]*

စအီးဒ်အိဗ်နေဂျူဗိုင်ရ် (ရဟ) ကလည်း ထိုသူများသည် 'ရှဟီဒ်'များ ဖြစ်ကြသည်ဟူ၍ မိန့်ဆိုထားသည်။ ထို 'ရှဟီဒ်'များသည် 'ဟရှ်ရ်'နေ့တွင် မိမိတို့၏ ဓါးရှည်များကို ဆွဲကိုင်ကာ 'အရ်ရှ်'ပလ္လင်တော်အနား စုရုံးနေကြမည်။ ၄င်းနောက် ကိုရှိုင်ရီ (ရဟ) လည်း မိန့်ဆိုထားသည်မှာ နဗီတမန်တော်များသည် အဆိုပါ 'ရှဟီဒ်'အုပ်စုတွင် ထိပ်ဆုံးမှ ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များသည် 'ရှဟာဒသ်'၏ အဆင့်အတန်းကို ရရှိကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အပြင် 'နဗူဝသ်'၏ အဆင့်အတန်းသည် အပိုရှိနေမည် ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ထို့နောက် ရှေ့တွင် စူရာဟ်ဇုမရ်၌ တင်ပြထားသည်မှာ-

وَنُفِخَ فِي الصُّورِ فَصَعِقَ مَنْ فِي السَّمٰوٰتِ وَمَنْ فِي الْاَرْضِ اِلَّا مَنْ شَاءَ اللّٰهُ

ဤအာယသ်တော်တွင် فزع စာလုံးအစား صعق စာလုံးကို သုံးနှုန်းထားပြီး ၄င်း၏ အဓိပ္ပာယ်မှာ သတိလစ်မေ့မျောသွားခြင်း ဖြစ်သည်။ ဤနေရာ၌ ၄င်း၏ အလိုသဘောမှာ သတိလစ်၍ သေဆုံးသွားခြင်းဖြစ်သည်။ ယင်းအာယသ်တော်တွင်လည်း الامن شاء الله ဟူ၍ သီးခြားထားပေသည်။ ယင်းသို့ သီးခြားထားခြင်း၏ အလိုသဘောမှာ ခိုင်လုံသည့် ဟဒီးစ်တော်အရဆိုလျှင် ဖရစ်ရှ်သာဟ်ကြီးလေးပါး အပါအဝင် 'အရ်ရှ်'ပလ္လင်တော်ကို ထမ်းရွက်ထားသော ဖရစ်ရှ်သာဟ်များ ပါဝင်ပေသည်။ ၄င်းဖရစ်ရှ်သာဟ်များသည် 'စူရ်'တံပိုးမှုတ်ခြင်းကြောင့် သေဆုံးကြမည်မဟုတ်ပေ။ ခိုင်လုံသော ဟဒီးစ်တော်များအရ ၄င်းဖရစ်ရှ်သာဟ်များသည်လည်း နောက်ပိုင်းတွင် သေဆုံးသွားကြမည်ဖြစ်သည်။ فزع နှင့် صعق စာလုံးကို အဓိပ္ပာယ်တစ်မျိုးတည်းဖြစ်သည်ဟု ဖွင့်ဆိုကြသော ပညာရှင်များသည် 'စူရာဟ်ဇုမရ်'ကဲ့သို့ ဤနေရာ၌လည်း သီးခြားလိုက်ခြင်း၏ အလိုသဘောကို အထူးဖရစ်ရှ်သာဟ်များ ဖြစ်သည်ဟု မှတ်ယူကြသည်။ အထက်၌ တင်ပြပြီးသော အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ယင်းအဆိုကိုသာ အသိအမှတ်ပြုထားပေသည်။ فزع နှင့် صعق ကို အဓိပ္ပာယ်တစ်မျိုးစီ ဖြစ်သည်ဟု ဖွင့်ဆိုကြသောသူများသည် فزع စာလုံးမှ သီးခြားထားသော သူများမှာ 'ရှဟီဒ်'များဖြစ်သည်ဟု ဆိုသည်။ ယင်းနှင့် စပ်လျဉ်း၍လည်း အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။

وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ

အလိုသဘောမှာ တောင်များသည် မိုးတိမ်များကဲ့သို့ မိမိနေရာမှ ရွေ့လျားသွားမည်။ မြင်တွေ့ရသော သူများသည် ထိုတောင်များကို မိမိနေရာ၌ ခိုင်မြဲစွာ တည်ရှိနေသည်ဟု ထင်ရမည်။ သို့သော် အမှန်တကယ်တွင် ထိုတောင်များသည် လျင်မြန်စွာ ရွေ့လျားနေခြင်း ဖြစ်သည်။ အလွန်ကြီးမားသော ထုထည်ရှိပြီး

ယင်း၏အစနှင့် အဆုံးသည် လူသား၏ အမြင်တဆုံးထက် ကျော်လွန်နေသည့်အရာ ဖြစ်နေပါက ၎င်း၏ တစ်ဖက်မှ တစ်ဖက်သို့ ရွေ့လျားနေခြင်းသည် မည်မျှပင်လျှင် မြန်သည်ဖြစ်စေ၊ မြင်တွေ့ရသောသူ များအနေနှင့် မိမိနေရာမှာပင် ရပ်တန့်နေသည်ဟု ထင်မြင်ယူဆရပါသည်။ ယင်းဖြစ်ရပ်၏ သာဓကမှာ နက်မှောင်နေသည့် တိမ်တိုက်ကြီးနှင့် မိုးကောင်းကင်အပြည့် အုံ့ဆိုင်းလျက်ရှိသော တိမ်တိုက်များကဲ့သို့ ဖြစ်သည်။ ၎င်းမှာ ယင်းတိမ်တိုက်များသည် ရွေ့လျားနေသော်ငြားလည်း မိမိနေရာ၌ပင် ရပ်တန့်နေသည်ဟု ထင်မြင်ရပါသည်။ သို့သော် မိုးကောင်းကင်ပတ်လည်တွင် တိမ်တိုက်များ ကင်းစင်သွားသည့်အချိန်၌ ၎င်းတိမ်တိုက်များ ရွေ့လျားနေသည်ကို သိရှိရပေသည်။

အချုပ်ဆိုရသော် တောင်များ၏ ထုထည်နှင့် ရပ်နေတည်နေခြင်းသည် မြင်တွေ့ရသောသူများ၏ အပေါ်ယံအမြင်အရ ဖြစ်သည်။ ယင်းတောင်များ၏ ရွေ့လျားခြင်းသည် အမှန်တကယ် ဖြစ်စဉ်အရ ဖြစ်သည်။ သဖ်စီးရ်ပညာရှင်အများစုသည် အာယသ်တော်၏ အလိုသဘောကို ဤအတိုင်းပင် သတ်မှတ်ထားပေသည်။ ၎င်းနောက် အထက်၌ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြထားသည်မှာ ဤအခြေအနေနှစ်ရပ်သည် အချိန်အခါ နှစ်မျိုးအပေါ် မူတည်နေသည်။ ၎င်းမှာ ဤတောင်သည် မည်သည့်အခါမှ ရွေ့လျားနိုင်မည် မဟုတ်ဟု ဆိုသည်။ ထိုကဲ့သို့ အပေါ်ယံကြည့်ပြီး ထင်မြင်ယူခဲ့ကြသော သူများ၏ ထင်မြင်ယူဆချက်အရ ဖြစ်သည်။ ၎င်းနောက် **تمر مرا لسحاب** သည် 'ကေယာမသ်'နေ့တွင် ဖြစ်ရှိမည့် အခြေအနေအရဖြစ်သည်။ အချို့ ပညာရှင်များက မိန့်ဆိုကြသည်မှာ ကျမ်းတော်မြတ်၌ 'ကေယာမသ်'နေ့တွင် ဖြစ်ရှိမည့် တောင်များ၏ အခြေအနေအသီးသီးကို တင်ပြထားပေသည်။

ပထမအခြေအနေ မှာ **اندكاك** (ထုထောင်းခြင်း) နှင့် **زلزله** (လျှော်လှုပ်ခြင်း) ဖြစ်သည်။ ယင်းသည် မြေပထဝီရှိ တောင်များအားလုံး၌ ဖြစ်ရှိမည်ဖြစ်သည်။ ၎င်းမှာ-

اِذَادُكَّتِ الْاَرْضُ دَكًّا

(မြေပထဝီသည် ထုထောင်းလျက် တစ်ပြေးတည်းညီအောင် ပြုလုပ်ခြင်း ခံရသောအခါ။) ထို့နောက်

اِذَازُلْزِلَتِ الْاَرْضُ زِلْزَالَهَا

(ပထဝီမြေသည် မိမိ လျှော်လှုပ်ခြင်း၊ မိမိ သွက်သွက်ခါ တုန်လှုပ်ခြင်းဖြင့် တုန်လှုပ်ခြင်းကို ခံရလေသောအခါ) တို့မှ သိရှိရသည်။

ဒုတိယအခြေအနေ မှာ ထိုတောင်များ၏ ကြီးမားသော ကျောက်တုံးများသည် ဝါဂွမ်းကဲ့သို့ ဖြစ်သွားမည်။

وَتَكُوْنُ الْجِبَالُ كَالْعِهْنِ الْمَنْفُوْشِ

(၎င်းနောက် တောင်များသည် အရောင်ဆိုးထားသော သိုးမွေးကဲ့သို့ ဖြစ်ကြပေမည်။) ဤအခြေအနေမှာ ကြေးနီများ အရည်အပျော်သွားသကဲ့သို့ အထက်မှ မိုးကောင်းကင်လည်း အရည်ပျော်ကျလာမည်။

တောင်များသည် ဝါဂွမ်းကဲ့သို့ လွင့်ပျံတက်သွားမည်။ အထက်မှ မိုးကောင်းကင်သည် အောက်သို့ ရောက်ရှိလာမည်။ အဆိုပါမိုးကောင်းကင်နှင့် တောင်များ ဆုံတွေ့ကြမည်။

يَوْمَ تَكُوْنُ السَّمَاءُ كَالْمُهْلِ وَتَكُوْنُ الْجِبَالُ كَالْعِهْنِ

(ထိုနေ့တွင် မိုးကောင်းကင်မှာ ဆီအနည် အရည်ကျိုထားသော တွင်းထွက်သတ္တုများကဲ့သို့ ဖြစ်သွားပေမည်။ ၎င်းပြင် တောင်များမှာ အရောင်ဆိုးထားသော သိုးမွေးများကဲ့သို့ ဖြစ်သွားပေမည်) မှ သိရှိရသည်။

တတိယအခြေအနေမှာ ထိုတောင်များသည် စုစည်းလျက်ရှိသော ဝါဂွမ်းများကဲ့သို့ မဟုတ်ဘဲ အစိတ်စိတ်အမွှာမွှာဖြစ်ကာ ပြန့်ကျဲသွားမည်။

وَبُسَّتِ الْجِبَالُ بَسًّا فَكَانَتْ هَبَاءً مُّنْبَثًّا

(၎င်းပြင် တောင်များသည် ညက်ညက်ကြေအောင် ကြေမွှခြင်းကို ခံကြရမည်။)

စတုတ္ထအခြေအနေမှာ ထိုတောင်များသည် အစိတ်စိတ်အမွှာမွှာဖြစ်ကာ ပြန့်ကျဲသွားမည်။

فَقُلْ يَنْسِفُهَا رَبِّىْ نَسْفًا

ပဉ္စမအခြေအနေမှာ ဤတောင်များသည် အစိတ်စိတ်အမွှာမွှာဖြစ်ပြီး မြူမှုန်များကဲ့သို့ မြေပထဝီအပေါ် ပြန့်ကျဲလာသောအခါ ၎င်းမြူမှုန်များကို လေပင့်ကာ အထက်သို့ ပြန်လည်သယ်ဆောင်သွားမည်။ အဘယ်ကြောင့်ဆိုသော် ယင်းမြူမှုန်များသည် မြေပထဝီပေါ် ပြန့်ကျဲပြီး မိုးတိမ်များကဲ့သို့ လျင်မြန်စွာ ရွေ့လျားနေသော်ငြားလည်း မြင်တွေ့ရသောသူသည် ထိုတောင်များအား မိမိနေရာမှာပင် ရပ်တန့်နေသည့်အလား မြင်တွေ့ရမည်ဖြစ်သည်။ ၎င်းမှာ-

تَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَّهِىَ تَمُرُّ مَرَّ السَّحَابِ

ဖြစ်သည်။ တင်ပြပါအခြေအနေများထဲမှ အချို့အခြေအနေသည် 'ပထမ 'စူရ်'တံပိုးမှုတ်ချိန်၌ ဖြစ်ရှိမည်ဖြစ်ပြီး အချို့အရာများသည် ဒုတိယအကြိမ် 'စူရ်'တံပိုးမှုတ်ပြီးနောက် ဖြစ်ရှိမည်ဖြစ်သည်။ ထိုအခါတွင် မြေပထဝီကြီးကို တပြေးညီဖြစ်အောင် ဖန်ဆင်းတော်မူလိုက်ပြီး လှိုဏ်ဂူများနှင့် တောင်များ ရှိတော့မည်မဟုတ်ပေ။ အဆောက်အအုံများနှင့် သစ်ပင်များလည်း ရှိတော့မည်မဟုတ်' ဟု အောက်ပါအာယသ်တော်မှ သိရှိရပါသည်။

قُلْ يَنْسِفُهَا رَبِّىْ نَسْفًا فَيَذَرُهَا قَاعًا صَفْصَفًا لَّا تَرٰى فِيْهَا عِوَجًا وَّلَا اَمْتًا

[ကုရ်သုဗီ၊ ရှုဟူလ်မအာနီကျမ်း]

صُنْعَ اللّٰهِ الَّذِىْ اَتْقَنَ كُلَّ شَىْءٍ

တွင် صنع ၏ အဓိပ္ပာယ်မှာ လုပ်ငန်းဆောင်တာများ ဖြစ်သည်။ اتقن သည် اتقان ဆိုသည့်စာလုံးမှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ အရာတစ်ခုကို ခိုင်မြဲအောင် ပြုလုပ်ဆောင်ရွက်ခြင်း

ဖြစ်သည်။ ဤဝါကျသည် အကြောင်းအရာများအားလုံးနှင့် ပတ်သက်သည်မှာ ပေါ်လွင်ထင်ရှားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်စွမ်းအားများနှင့် ဆန်းကြယ်သည့် လုပ်ဆောင်ချက်များကို တင်ပြထားရာတွင် နေ့နှင့် ည ပြောင်းလဲခြင်းဆိုင်ရာများလည်း ပါဝင်ပေသည်။ ၎င်းနောက် 'စူရ်' တံပိုးမှုတ်ခြင်းမှ 'ဟရှ်ရ်' ကွင်းပြင်အထိ ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ်လည်း ပါဝင်ပေသည်။ အလိုသဘောမှာ အဆိုပါအချက်များသည် အံ့သြစရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအခြင်းအရာများကို ပြုလုပ်ဆောင်ရွက်သော်သူသည် စွမ်းအားနှင့် ပညာအရာတွင် အတိုင်းအတာရှိသည့် လူသား (သို့) ဖရစ်ရှ်သာဟ် မဟုတ်ပေ။ သို့သာမက စကြဝဠာကြီးတစ်ခုလုံးကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ အကယ်၍ ဤဝါကျကို ၎င်းနှင့် ကပ်လျက်ရှိသော تَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً အာယသ်တော်နှင့် ပတ်သက်သည်ဟု ယူဆမည်ဆိုလျှင် အလိုသဘောမှာ တောင်၏ အနေအထားကို မြင်တွေ့ရသောသူသည် မားမားမတ်မတ် ရပ်တည်နေသည်ကို မြင်တွေ့ရမည် ဖြစ်သည်။ သို့သော် ကေန်စင်စစ်တွင် ထိုတောင်များသည် သွားလာလှုပ်ရှားလျက်ရှိပြီး ဝေးလံစွာအထိ ရွေ့လျားသွားမည်ဆိုလျှင်လည်း အံ့သြစရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါ လုပ်ဆောင်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်ချက်များသာ ဖြစ်သည်။ ထိုအသျှင်မြတ်၏ တန်ခိုးတော်စွမ်းအားတွင် အရာခပ်သိမ်း ဖြစ်ရှိတော်မူ၏။

مَنْ جَاءَ بِالْحَسَنَةِ فَلَهُ خَيْرٌ مِّنْهَا

ဤဝါကျတွင် 'ဟရှ်ရ်'၊ 'နရှာရ်' နှင့် စာရင်းစစ်ဆေးပြီးနောက် ရင်ဆိုင်ရမည့် နောက်ဆုံးရလဒ်အကြောင်းကို တင်ပြထားပေသည်။ حسنة ၏ အလိုသဘောမှာ 'ကလေမာဟ်လာအိလာဟာအိလ္လာဟ်လာ' ဖြစ်သည်။ (သို့) 'အိခ်လားဆ်' ဖြစ်သည်။ အချို့ပညာရှင်များသည် အမိန့်နာခံခြင်းသည်လည်း ထိုစာလုံး၏ အလိုသဘော၌ ပါဝင်သည်ဟု ဆိုကြသည်။ အဓိပ္ပာယ်မှာ အကြင်သူသည် ကောင်းသော ကျင့်စဉ်ကို ကျင့်ဆောင်မည်ဆိုလျှင် (ပထမဦးဆုံး စည်းကမ်းချက်ဖြစ်သည့် အီမာန်ရှိမှသာလျှင်လည်း အကောင်းဆုံး ကျင့်စဉ်ဟု ခေါ်ဆိုနိုင်မည် ဖြစ်သည်။) မိမိကျင့်ဆောင်ခြင်းထက် သာပို၍ ကောင်းမွန်သော အစားကို ထိုသူအား ရရှိမည်ဖြစ်သည်။ ယင်းအစား၏ အလိုသဘောမှာ 'ဂျန္နသ်' ၏ ထာဝရစည်းစိမ်ဖြစ်ပြီး 'အဇားဗ်' နှင့် ဒုက္ခအသီးသီးမှ ထာဝရလွတ်မြောက်ခြင်း ဖြစ်သည်။ အချို့ပညာရှင်များက မိန့်ဆိုထားသည်မှာ خير ၏ အလိုသဘောသည် ကောင်းမှုတစ်ခုအစားတစ်ဆယ်မှအစ ပေါင်း ခုနစ်ရာအထိ ရရှိမည်ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

وَهُم مِّن فَزَعٍ يَوْمَئِذٍ آمِنُونَ

ဝွင် فزع ၏ အလိုသဘောမှာ ကြီးမားသော အခက်အခဲ ဒုက္ခများနှင့် တုန်လှုပ်ထိတ်လန့်ခြင်း ဖြစ်သည်။ အလိုသဘောမှာ လောကတွင် ရှောင်ကြဉ်ခြင်းတရား ရှိသူတိုင်းသည် နောက်ဆုံးရလဒ်အပေါ် ကြောက်ရွံ့လျက်ရှိကြသည်။ ထိုသို့လည်း ကြောက်ရွံ့သင့်ပေသည်။

ဥပမာ- ကျမ်းတော်မြတ်၌ မိန့်တော် မူထားသည်မှာ إِنَّ عَذَابَ رَبِّهِمْ غَيْرُ مَأْمُونٍ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်သည် သောကမထားဘဲ စိတ်အေးချမ်းသာစွာ နေရမည့် အရာမျိုးမဟုတ်ပေ။ ဤအတွက်ကြောင့်ပင် နဗီတမန်တော်များ၊ ဆွဟာဗာများနှင့် သူတော်စင်များသည် အမြဲတန်း ကြောက်ရွံ့တုန်လှုပ်လျက် ရှိကြသည်။ သို့သော် ထိုနေ့ (ကေယာမသ်) တွင် စာရင်းစစ်ဆေးခြင်း ပြီးဆုံးသွားပြီးနောက် حسنه ခေါ် ကောင်းမှုများ ယူဆောင်လာကြသော သူများသည် ကြောက်ရွံ့ပူဆွေးခြင်းမှ သောကကင်းဝေးပြီး စိတ်အေးချမ်းမှုကို ရရှိကြမည်ဖြစ်သည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

إِنَّمَا أُمِرْتُ أَنْ أَعْبُدَ رَبَّ هَٰذِهِ الْبَلْدَةِ الَّذِي
حَرَّمَهَا وَلَهُ كُلُّ شَيْءٍ ۖ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُسْلِمِينَ ﴿٩١﴾

၂၇ : ၉၁ ။ ။ (အို့၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် ဤ (မက္ကာဟ်) မြို့တော်၏ အသျှင်သခင် (အစစ်အမှန်) အား ဆည်းကပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကို ခံရလေသည်။ ထိုအသျှင်မြတ်သည် ဤမြို့တော်ကို ထူးမြတ်စေတော်မူခဲ့သည်။ အမှန်မှာ အရာခပ်သိမ်းတို့သည် ထိုအသျှင်မြတ် ပိုင်ဆိုင်သော အရာများပင် ဖြစ်ကြကုန်၏။ ၄င်းပြင် ငါသည် မွတ်စ္စလင်မ်အမိန့်တော်ကို လိုက်နာသူများတွင် (တစ်ဦး) အပါအဝင်ဖြစ်ရန် အမိန့်ပေးတော်မူခြင်းလည်း ခံရပေသည်။'

وَأَنْ أَتْلُوَ الْقُرْآنَ ۖ فَمَنِ اهْتَدَىٰ فَإِنَّمَا يَهْتَدِي لِنَفْسِهِ ۖ
وَمَن ضَلَّ فَقُلْ إِنَّمَا أَنَا مِنَ الْمُنذِرِينَ ﴿٩٢﴾

၂၇ : ၉၂ ။ ။ ထို့ပြင် ငါသည် ကုရ်အာန်ကျမ်းတော်မြတ်ကို (အသင်တို့ရှေ့ဝယ် အစ္စလာမ်သာသနာတော်သို့ ဖိတ်ခေါ်သောသူအနေနှင့်) ဖတ်ကြားရန် (အမိန့်ပေးတော်မူခြင်းကိုလည်း ခံရလေသည်။) သို့ဖြစ်ပေရာ မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့ပါလျှင် ထိုသူသည် မိမိအဖို့သာလျှင် တရားလမ်းမှန်ကို ရရှိခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် မည်သူမဆို လမ်းလွဲလျက်နေခဲ့ပါမူ၊ အသင်သည် ၄င်းတို့အား 'ငါသည် သတိပေးနိုးဆော်သူတစ်ဦးသာလျှင် ဖြစ်ပေသည်' ဟု ပြောကြားပါလေ။

وَقُلِ الْحَمْدُ لِلَّهِ سَيُرِيكُمْ آيَاتِهِ فَتَعْرِفُونَهَا ۚ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ ﴿٩٣﴾

၂၇ : ၉၃ ။ ။ ထို့ပြင် (အို့၊ နဗီတမန်တော်) အသင်သည် (ဤသို့လည်း) ပြောကြားပါလေ။ ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ အသျှင်မြတ်သည် အသင်တို့အား မကြာမီပင် မိမိ၏

သက်သေလက္ခဏာတော်များကို ပြသတော်မူပေမည်။ ထိုအခါ အသင်တို့သည် ယင်းသက်သေလက္ခဏာတော်များကို သိရှိကြပေမည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြကုန်သော အကျင့်အမူတို့ကို မသိတော်မူသော အသျှင်မြတ် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ တမန်တော်၊ လူများအား ပြောကြားပါလေ။) ကျွန်ုပ်အပေါ် ဤအတိုင်းပင် အမိန့်တော် ကျရောက်လာပေသည်။ ၎င်းမှာ ကျွန်ုပ်သည် ဤမြို့ (မက္ကာဟ်) အား စိုးပိုင်တော်မူသော အသျှင် (အစစ်အမှန်) ၏ခဝပ်မှုကို ပြုကြကုန်။ အကြင်အသျှင်မြတ်သည် ဤမြို့ကို ဂုဏ်သရေရှိသည့် မြို့အဖြစ် ပြုလုပ်ဖန်ဆင်းတော်မူ၏။ ၎င်းမှာ 'ဟရာမ်'နယ်နမိတ်သတ်မှတ်ရခြင်းသည် ၎င်းဂုဏ်သရေရှိသည့် မြို့ဖြစ်ခြင်းအပေါ် မူတည်၍ဖြစ်သည်။ အလိုသဘောမှာ ခဝပ်ကိုးကွယ်ရာတွင် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တုပနှိုင်းယှဉ်ခြင်းမပြုရ။ (ထိုအသျှင်မြတ်အား အဘယ်ကြောင့် ခဝပ်ကိုးကွယ်ခြင်း မပြုရမည်နည်း။) ထိုအသျှင်မြတ်သည် အရာအားလုံးကို စိုးပိုင်တော်မူ၏။ ၎င်းနောက် ကျွန်ုပ်အပေါ် ဤသို့လည်း အမိန့်တော်ကျရောက်လာပါ၏။ ၎င်းမှာ ကျင့်ကြံမှုပိုင်းဆိုင်ရာနှင့် ယုံကြည်ချက်ပိုင်းဆိုင်ရာ အားလုံးတွင် အမိန့်နာခံလျက်ရှိရမည်။ (ဤသည် 'သောင်ဟီးဒ်'၏ အမိန့်ဖြစ်သည်။) ၎င်းနောက် ကျွန်ုပ်အပေါ် ဤသို့လည်း အမိန့်ကျရောက်လာပါ၏။ ၎င်းမှာ ကျွန်ုပ်အနေနှင့် အသင်တို့အား ကျမ်းတော်မြတ်ကို ဖတ်ရွတ်ပြရမည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များဘက်သို့ ဖိတ်ခေါ်ရမည်။ ယင်းအချက်သည် 'နဗူဝသ်'၏ အဓိကကျသော ဝတ္တရားများထဲမှ ဖြစ်သည်။ သို့ရှိရာ ငါကိုယ်တော်၏ ဖိတ်ခေါ်ခြင်း ပြီးဆုံးပြီးနောက် လမ်းမှန်တရားပေါ် ရောက်ရှိလာသော သူသည် မိမိအကျိုးအတွက်သာလျှင် လမ်းမှန်ပေါ် ရောက်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူသည် ပြစ်ဒဏ်များမှ လွတ်မြောက်မှု ရရှိပြီး 'ဂျန္နသ်'၏ ထာဝရ စည်းစိမ်ကို ခံစားရမည်ဖြစ်သည်။ ငါကိုယ်တော်သည် ထိုသူ၏ ဥစ္စာပစ္စည်းနှင့် ဂုဏ်အရှိန်အဝါ၏ အကျိုးအမြတ်ကို ရယူလိုခြင်းမဟုတ်ပေ။ ၎င်းနောက် လမ်းမှားပေါ် လျှောက်လှမ်းသူတို့အား အသင် ပြောကြားပါလေ။ ငါကိုယ်တော်အတွက် မည်သို့မျှ ဆုံးရှုံးနစ်နာခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ငါကိုယ်တော်သည် ခြိမ်းခြောက်သောသူ (ဆိုလိုသည်မှာ အမိန့်များကို တင်ပြသူများ) တမန်တော်များထဲမှ ဖြစ်ပါသည်။

(ဆိုလိုသည်မှာ ငါကိုယ်တော်၏ အလုပ်တာဝန်မှာ အမိန့်တော်များကို ပို့ပေးရန်သာ ဖြစ်သည်။ ထိုသို့ ပို့ပေးပြီးလျှင် ငါကိုယ်တော်၏ တာဝန်လည်း ကျေပြီးဖြစ်သည်။ အသင်တို့ လက်မခံပါက ဆိုးကျိုးဟူသမျှသည် အသင်တို့အပေါ်၌သာ ကျရောက်မည်ဖြစ်သည်။ ၎င်းနောက် အသင် ဤသို့လည်း ပြောကြားပါလေ။ ၎င်းမှာ အသင်တို့သည် 'ကေယာမသ်'ဖြစ်ရှိမည့်နေ့ ကြာမြင့်နေသည့်အပေါ် အထောက်အထားပြုကာ ငြင်းပယ်နေခြင်းသည် အသင်တို့၏ အသိဉာဏ်မဲ့ခြင်းပင် ဖြစ်သည်။ အရာတစ်ခုဖြစ်ရှိရန် ကြာမြင့်နေခြင်းကြောင့် ယင်းအရာသည် မည်သည့်အခါမှ ဖြစ်ရှိလာမည်မဟုတ်ဟုဆိုကာ အထောက်အထား မပေးနိုင်ချေ။ ၎င်းနောက် အသင်တို့၏ ဒုတိယအမှားမှာ ငါကိုယ်တော်အား 'ကေယာမသ် အမြန်

ယူလာပါ'ဟု ပြောဆိုခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်'ဖြစ်ရှိခြင်းသည် ငါကိုယ်တော်၏ လုပ်ပိုင်ခွင့်၌ ရှိသည်ဟူ၍ မည်သည့်အခါကမျှ ပြောဆိုခဲ့ခြင်းလည်း မရှိပေ။ သို့သာမက ကောင်းခြင်းဟူသမျှသည် သီးသန့် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။ တန်ခိုးတော်သည်လည်းကောင်း၊ အသိတော်သည်လည်းကောင်း၊ အမြော်အမြင်တရားသည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်၏။ ထိုအသျှင်မြတ်၏ အမြော်အမြင်တရားအရသာ 'ကေယာမသ်'ဖြစ်ရှိမည်။ သို့သော် မကြာသော အချိန်ကာလတွင် 'ကေယာမသ်'ဖြစ်ရှိမည်ဟု ငါကိုယ်တော်အား တင်ပြထားတော်မူပေသည်။ သို့သာမက ထိုအသျှင်မြတ်သည် အသင်တို့အား 'ကေယာမသ်' ဖြစ်ရှိမည့် လက္ခဏာများအား မိမိဘက်မှ ပြသတော်မူမည်။ ဤသို့ဖြင့် အသင်တို့သည် 'ကေယာမသ်'ဖြစ်ရှိမည့် အချိန်တွင် အဆိုပါလက္ခဏာများကို သိရှိသွားကြပေလိမ့်မည်။ ထိုအခါ သိရှိသွားသော်လည်း မည်သို့မှ အကျိုးရှိမည်မဟုတ်ပေ။ ဤသို့ လက္ခဏာများ ပြသခြင်းသာမက မိမိတို့၏ မကောင်းမှုများ၏ ပြစ်ဒဏ်များကိုလည်း ခံစားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့အားလုံး ပြုလုပ်လျက်ရှိသော အရာများအားလုံးကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မေ့လျော့ခြင်း မရှိပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

رَبَّ هٰذِهِ الْبَلْدَةِ

တွင် بلدة ၏ အလိုသဘောသည် သဖ်စီးရ်ပညာရှင်အများစုထံတွင် မက္ကာဟ်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာအားလုံးကို စိုးပိုင်တော်မူသော အသျှင်၊ မိုးကောင်းကင်နှင့် မြေပထဝီအား စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ဤနေရာ၌ မက္ကာဟ်မြို့အား သီးသန့်တင်ပြရခြင်းမှာ ယင်းမြို့၏ ကြီးကျယ်မြင့်မြတ်မှုနှင့် အလ္လာဟ်အသျှင်မြတ် ထံတော်ပါးတွင် ဂုဏ်သရေရှိကြောင်းကို ထုတ်ဖော်ပြသရန် ဖြစ်သည်။ حَرَّمَ စာလုံးသည် تَحْرِيم စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ဂုဏ်သရေရှိခြင်း ဖြစ်သည်။ ထိုသို့ ဂုဏ်သရေရှိခြင်းကြောင့်သာ 'ဟရာမ်'နယ်မြေနှင့် မက္ကာဟ်နှင့် ပတ်သက်သည့် တရားတော်၏ သီးသန့်အမိန့်များလည်း ထိုဂုဏ်သရေရှိခြင်းသာ ဖြစ်၍ ၎င်းဂုဏ်သရေရှိခြင်း၌ ပါဝင်သွားပေသည်။ ဥပမာ- အကြင်မည်သူမဆို 'ဟရာမ်'မြေ၌ ခိုလှုံလိုက်ပါက ထိုသူသည် လုံခြုံမှု ရရှိသွား၏။ 'ဟရာမ်'မြေတွင် ရန်သူ တစ်ဦးအား လက်စားချေခြင်း၊ သတ်ဖြတ်ခြင်း မပိုင်ပေ။ ၎င်းနောက် 'ဟရာမ်'မြေပေါ်တွင် အမဲလိုက် သတ်ဖြတ်ခြင်းလည်း မပိုင်။ အပင်များကို ခုတ်ပစ်ခြင်းလည်း မပိုင်ပေ။ ထိုအမိန့်များကို وَمَنْ دَخَلَهٗ كَانَ اٰمِنًا အာယသ်တော်တွင် ဖော်ပြထားပြီး အချို့ကို စူရာဟ်မာအိဒဟ်'၏ အစတွင် အချို့ لَا تَقْتُلُوا الصَّيْدَ وَاَنْتُمْ حُرُمٌ အာယသ်တော်တွင် တင်ပြခဲ့ပြီးဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ကဆွဆ်

ဖြစ်ကြောင်းကုန်စင် ကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

طٰسٓمّٓ ①

၂၈ : ၁ ။ ။ သွာ၊ စီးန်....မ်၊ မီးမ်...။

تِلۡکَ اٰیٰتُ الۡکِتٰبِ الۡمُبِیۡنِ ②

၂၈ : ၂ ။ ။ ဤသည် ရှင်းလင်းထင်ရှားလှစွာသော (တရား) ကျမ်းဂန်၏ အာယသ်တော်များပင် (ဖြစ်၏။)

نَتۡلُوۡا عَلَیۡکَ مِنۡ نَّبَاِ مُوۡسٰی وَ فِرۡعَوۡنَ بِالۡحَقِّ لِقَوۡمٍ یُّؤۡمِنُوۡنَ ③

၂၈ : ၃ ။ ။ (အို, နဗီတမန်တော်) ငါအသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော အမျိုးသားတို့၏ အကျိုးငှာ၊ အသင်၏ ရှေ့ဝယ် (တမန်တော်) မူစာနှင့် ဖိရ်အောင်န်တို့၏ အတ္ထုပ္ပတ္တိ အချို့ကို တိကျမှန်ကန်စွာ မိန့်ကြားတော်မူ၏။

اِنَّ فِرۡعَوۡنَ عَلَا فِی الۡاَرۡضِ وَ جَعَلَ اَہۡلَہَا شِیَعًا یَّسۡتَضۡعِفُ طَآئِفَۃً

مِّنۡہُمۡ یُذَبِّحُ اَبۡنَآءَہُمۡ وَ یَسۡتَحۡیٖ نِسَآءَہُمۡ ؕ اِنَّہٗ کَانَ مِنَ الۡمُفۡسِدِیۡنَ ④

၂၈ : ၄ ။ ။ ကေန်စင်စစ် ဖိရ်အောင်န်သည် တိုင်းပြည်တွင် လွန်စွာ ဘဝင်မြင့်ခေါင်းထောင် မောက်မာ၍ လာခဲ့လေသည်။ ထို့ပြင် ၎င်းသည် ထိုတိုင်းသူပြည်သားတို့အား အုပ်စုအသီးသီး (ဖြစ်အောင်) ပြုလုပ်၍ ထားသည်။ ထို့ပြင် ၎င်းသည် ထိုအုပ်စုများအနက် အုပ်စုတစ်စုကိုမူ အင်အားလျော့နည်းပါးအောင် ပြုလုပ်ထားသည်။ ၎င်းတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်၍၊ ၎င်းတို့၏ (သမီး) မိန်းကလေးများကိုမူ (သတ်ဖြတ်ခြင်း မပြုဘဲ) အသက်ရှင်စွာ ထားလေ့ရှိခဲ့၏။ ကေန်စင်စစ် ၎င်း (ဖိရ်အောင်န်) သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်၏။

وَنُرِيدُ أَن نَّمُنَّ عَلَى الَّذِينَ اسْتُضْعِفُوا
فِي الْأَرْضِ وَنَجْعَلَهُمْ أَئِمَّةً وَنَجْعَلَهُمُ الْوَارِثِينَ ۝٥

၂၈ : ၅ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် တိုင်းပြည်တွင် မတရား အင်အားလျှော့နည်းပါးအောင် ပြုလုပ်ခြင်း ခံခဲ့ကြရသူတို့အပေါ်ဝယ် ကျေးဇူးပြုတော်မူရန်လည်းကောင်း၊ ထိုသူတို့အား ရှေ့ဆောင်ရှေ့ရပ် (ခေါင်းဆောင်) များ ပြုလုပ်တော်မူရန်လည်းကောင်း၊ ထိုသူတို့အား (ကမ္ဘာမြေဝယ်) အမွေစားအမွေခံ (ကိုယ်စားလှယ်) များ (အဖြစ်) ပြုလုပ်တော်မူရန် လည်းကောင်း အလိုရှိတော်မူ၏။

وَنُمَكِّنَ لَهُمْ فِي الْأَرْضِ وَنُرِيَ فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا
مِنْهُم مَّا كَانُوا يَحْذَرُونَ ۝٦

၂၈ : ၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် စိုးမိုးအုပ်ချုပ်သူများ (အဖြစ်) ပြုတော်မူရန် လည်းကောင်း၊ ဖိရ်အောင်န်၊ ဟာမန်နှင့် ၎င်းနှစ်ဦး၏ စစ်သည်ရဲမက်တို့အား ထို (အားအင်လျော့နည်း) သူတို့ဘက်မှ ၎င်းတို့ စိုးရိမ်လျက် ရှိကြသည့် (အန္တရာယ်) များကို (လက်တွေ့) ပြသတော်မူရန်လည်းကောင်း (အလိုရှိတော်မူပေသည်။)

وَأَوْحَيْنَا إِلَىٰ أُمِّ مُوسَىٰ أَنْ
أَرْضِعِيهِ ۖ فَإِذَا خِفْتِ عَلَيْهِ فَأَلْقِيهِ فِي الْيَمِّ وَلَا تَخَافِي وَلَا
تَحْزَنِي ۖ إِنَّا رَادُّوهُ إِلَيْكِ وَجَاعِلُوهُ مِنَ الْمُرْسَلِينَ ۝٧

၂၈ : ၇ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် (တမန်တော်) မူစာ၏ မိခင်အား (ဤသို့) အသိပေးတော်မူခဲ့၏။ 'အသင်သည် မူစာအား နို့ရည်တိုက်ကျွေးလော့။ ထို့နောက် အသင်သည် ၎င်း (မူစာ) နှင့် ပတ်သက်၍ (အသက်အန္တရာယ် ကို) စိုးရိမ်သောအခါ၊ ၎င်းအား မြစ်ထဲသို့ ပစ်ချလေလော့။ ထို့ပြင် အသင်သည် စိုးရိမ်ခြောက်ခြားခြင်းနှင့် ပူဆွေးခြင်း မရှိ လေနှင့်။ ဧကန်အမှန် ငါအသျှင်မြတ်သည် ၎င်း (မူစာ) အား အသင့်ထံသို့ ပြန်ပို့ပေးတော်မူမည့်အပြင်၊ ၎င်းအား ရစူလ်တမန် တော်များတွင်လည်း တစ်ပါးအပါအဝင် ဖြစ်စေတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ၏။'

فَالْتَقَطَهُ آلُ فِرْعَوْنَ لِيَكُونَ لَهُمْ عَدُوًّا وَحَزَنًا ۗ إِنَّ
فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا كَانُوا خَاطِئِينَ ۝٨

၂၈ : ၈ ။ ။ ထို့နောက် ဖိရ်အောင်န်၏ အိမ်သူအိမ်သားတို့သည် ယင်း (မူစာ) အား၊ နောက်ဆုံးတွင် ၎င်း (မူစာ) သည် မိမိတို့၏ ရန်သူဖြစ်ရန်နှင့် (မိမိတို့အား) ပူဆွေးစေသူဖြစ်ရန် အလို့ငှာ (မြစ်ထဲမှ) ကောက်ယူခဲ့ကြကုန်၏။ ဧကန်စင်စစ်

ဖိရ်အောင်န်သည်လည်းကောင်း၊ ဟာမန်သည်လည်းကောင်း ထိုသူတို့၏ စစ်သည်ရဲမက်တို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَقَالَتِ امْرَاَتُ فِرْعَوْنَ قُرَّتُ عَيْنٍ لِّيْ وَلَكَ ۖ لَا تَقْتُلُوْهُ ۖ عَسٰٓى اَنْ يَّنْفَعَنَآ اَوْ نَتَّخِذَهٗ وَلَدًا وَّهُمْ لَا يَشْعُرُوْنَ ۝٩

၂၈ : ၉ ။ ။ ထို့ပြင် ဖိရ်အောင်န်၏ ကြင်ရာက (ဖိရ်အောင်န်အား) 'ဤ (ကလေးသူငယ်) သည် ကျွန်ုပ်နှင့် အသင်၏အဖို့ မျက်စိအေးမြစေဖွယ်ရာ ဖြစ်သည်။ (သို့ဖြစ်ပေရာ) ၎င်း (မူစာ) အား မသတ်ဖြတ်ကြကုန်လင့်။ ၎င်းသည် ကျွန်ုပ်တို့အား အကျိုးပေးကောင်း ပေးလိမ့်မည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် ၎င်းအား သားအဖြစ် မွေးစားထားကြမည်' ဟု ပြောဆိုခဲ့လေသည်။ စင်စစ် ၎င်းတို့သည် (မိမိတို့မှာ ထိုသူငယ်၏ လက်ချက်နှင့် ပျက်စီးကြရမည်ကို) မသိခဲ့ကြချေ။

وَاَصْبَحَ فُؤَادُ اُمِّ مُوْسٰى فٰرِغًا ۗ اِنْ كَادَتْ لَتُبْدِيْ بِهٖ لَوْلَآ اَنْ رَّبَطْنَا عَلٰى قَلْبِهَا لِتَكُوْنَ مِنَ الْمُؤْمِنِيْنَ ۝١٠

၂၈ : ၁၀ ။ ။ ထို့ပြင် (တမန်တော်) မူစာ၏ မိခင်၏ စိတ်နှလုံးမှာ (လွန်စွာ) တုန်လှုပ်ချောက်ခြား စိုးရိမ်ကြောင့်ကြ (ထိတ်ထိတ်ပြာပြာဖြစ်၍) ပူဆွေးနေလေ၏။ အကယ်၍ ငါအသျှင်မြတ်၏ ကတိကို) ယုံကြည်စိတ်ချသူတို့တွင် အပါအဝင် ဖြစ်စေရန်အလို့ငှာ ၎င်း၏ စိတ်နှလုံးကို ကြံ့ခိုင်မြဲစေတော်မမူခဲ့ပါလျှင် ကေန်စင်စစ် ယင်း (မိခင်) သည် မူစာ၏ အကြောင်းကို ထုတ်ဖော် (ပြောဆို) အံ့ဆဲဆဲပင် ဖြစ်သွားခဲ့ပေသည်။

وَقَالَتْ لِاُخْتِهٖ قُصِّيْهِ ۖ فَبَصُرَتْ بِهٖ عَنْ جُنُبٍ وَّهُمْ لَا يَشْعُرُوْنَ ۝١١

၂၈ : ၁၁ ။ ။ ၎င်းပြင် (တမန်တော်မူစာ၏) မိခင်သည် ၎င်း (မူစာ) ၏ အစ်မအား 'အသင်သည် ယင်း (မူစာ) ၏ နောက်သို့ လိုက်၍ သွားလေ' ဟု ပြောဆိုခဲ့၏။ သို့ဖြစ်ပေရာ ၎င်း (မူစာ၏) အစ်မသည် ယင်း (မူစာ) အား အဝေးမှ (စောင့်၍) ကြည့်ရှုနေခဲ့လေ၏။ သို့ရာတွင် ၎င်း (ဖိရ်အောင်န်၏ အိမ်သူအိမ်သား) တို့သည် (မူစာ၏ အစ်မအား) မသိကြပေ။

وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِنْ قَبْلُ فَقَالَتْ هَلْ اَدُلُّكُمْ عَلٰٓى اَهْلِ بَيْتٍ يَّكْفُلُوْنَهٗ لَكُمْ وَهُمْ لَهٗ نٰصِحُوْنَ ۝١٢

၂၈ : ၁၂ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မူလကပင် ယင်း (မူစာ) ၏အပေါ်၌ နို့ထိန်းသည်တို့ (၏ နို့ရည်) ကို (မစို့ရန်) တားမြစ်ထားတော်မူခဲ့၏။ သို့ဖြစ်ပေရာ ၎င်း (မူစာ၏) အစ်မက 'ကျွန်ုပ်သည် အသင်တို့အား ဤကလေးသူငယ်ကို အသင်တို့အဖို့ မွေးမြူစောင့်ရှောက်၍ ပေးကြမည့်အပြင်၊ ထိုကလေးသူငယ်၏ ကောင်းကျိုးကို လိုလားသူများဖြစ်ကြသော အိမ်ထောင်သားချင်းတို့ကို ညွှန်ပြရပါမည်လော' ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။

فَرَدَدْنٰهُ إِلٰٓى أُمِّهٖ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ
وَلِتَعْلَمَ أَنَّ وَعْدَ اللّٰهِ حَقٌّ وَّلٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُوْنَ ۝١٣

၂၈ : ၁၃ ။ ။ ဤနည်းအားဖြင့် ငါအသျှင်မြတ်သည် ယင်း (မူစာ) မိခင်၏ မျက်စိအေးမြ ကြည်လင်စေရန်အတွက်လည်းကောင်း၊ ၎င်းမိခင် ပူဆွေးမနေရန်အတွက်လည်းကောင်း ယင်း (မူစာ) ကို သူ၏ မိခင်ထံ ပြန်ပို့ပေးတော်မူ၏။ ယင်းသို့ ပြန်ပို့ခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် မှန်ကန်သော ကတိဖြစ်ကြောင်းကို ယင်း (မူစာ) ၏ မိခင် (လက်တွေ့အားဖြင့်) သိရှိရန်ဖြစ်၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် (ဤသည်ကို) မသိကြပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

طٰسٓمٓ ယင်း၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိတော်မူဆုံး ဖြစ်တော်မူ၏။ အသင် (နဗီ) အပေါ် 'ဝဟီ' ဖြင့် ပို့ချပေးခဲ့သော ဤအကြောင်းအရာများသည် ရှင်းလင်းပြတ်သားသည့် ကျမ်းစာအုပ်ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များပင် ဖြစ်သည်။ ယင်းအကြောင်းအရာများထဲမှ ဤနေရာတွင် ငါအသျှင်မြတ်သည် အသင် (နဗီ) အား တမန်တော်မူစာ ﷺ နှင့် ဖိရ်အောင်န်၏ အချို့ဖြစ်ရပ်များကို မှန်မှန်ကန်ကန် ပို့ချ၍ ဖတ်ရွတ်ပြတော်မူမည်။ ထိုသို့ ဖတ်ပြရခြင်းသည် အီမာန် ယူလာသူများအတွက် အကျိုးရှိစေရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်ရပ်များကို တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ သံဝေဂတရား ရစေရန်နှင့် ထိုအကြောင်းအရာများဖြင့် 'နဗုဝသ်' အပေါ် အထောက်အထား ဖြစ်ခြင်း စသည်တို့သည် အီမာန်ရှင်များအတွက်သာ သီးသန့်ဖြစ်သည်။ ထိုအချိန်၌ အီမာန်ရယူပြီးဖြစ်စေ၊ (သို့) အီမာန်ယူလာရန် ဆန္ဒရှိသည်ဖြစ်စေ၊ အဆိုပါအကြောင်းအရာဖြစ်စဉ်၏ အကျဉ်းချုပ်မှာ ဖိရ်အောင်န်သည် 'မိဆွေရ်' မြေပေါ်တွင် အလွန်ကြီးစိုးသူ ဖြစ်သည်။ ထိုဖိရ်အောင်န်သည် အဆိုပါမြို့၌ နေထိုင်သူများကို အုပ်စုအသီးသီးခွဲခြားထားသည်။ ၎င်း၏ ပုံစံမှာ 'ကိဗ်သွီ' များ ဆိုလိုသည်မှာ 'မိဆွေရ်မြို့နေ လူများကို ဂုဏ်သရေရှိသူများအဖြစ် သတ်မှတ်ထားပြီး 'စိဗ်သွီ' များ ဆိုလိုသည်မှာ အီစ်ရာအီလ်လူမျိုးစုကို နှိမ့်ကျပြီး သေးသိမ်သူများအဖြစ် သတ်မှတ်ထားသည်။

ယင်းနှင့် စပ်လျဉ်း၍ ရှေ့ဆက်တင်ပြသည်မှာ ထိုနေထိုင်ကြသော သူများထဲမှ ဗနီအီစ်ရာအီလ်တို့၏ စွမ်းအားကို ချိုးနှိမ်ထားခဲ့သည်။ ထိုသို့ ချိုးနှိမ်သည့် နည်းလမ်းမှာ ၎င်းဗနီအီစ်ရာအီလ်တို့အတွင်း မွေးဖွားလာသော သားယောကျ်ားလေးများကို ပါးကွက်သား လူသတ်ကောင်များ လက်ဝယ်အပ်၍ သတ်ဖြတ်ခိုင်းပြီး သမီးမိန်းကလေးများကို အသက်ရှင်ချန်ထားရှိခဲ့၏။ သို့မှသာ ထိုမိန်းကလေးများထံမှ အလုပ်ရယူနိုင်မည် ဖြစ်ပြီး ၎င်းမိန်းကလေးများဖြင့် မည်သည့်အန္တရာယ်မှ မရှိနိုင်ခြင်းကြောင့် ဖြစ်သည်။ မုချကေန် ထိုဖိရ်အောင်န်သည် အလွန်ကြီးမားသည့် ပြဿနာကောင် ဆိုးသွမ်းသူပင် ဖြစ်သည်။ အချုပ်ဆိုရသော် ဖိရ်အောင်န်သည် အဆိုပါအတိုင်း စဉ်းစားတွေးခေါ်ခဲ့သည်။ ၎င်းနောက် 'မိဆွေရ်' မြေပေါ်တွင်

စွမ်းအားများအား ချိုးနှိမ်ခြင်း ခံထားကြရသောသူများအပေါ်သို့ ငါအသျှင်မြတ်ဘက်တော်မှ ဘာသာရေးအရသော်လည်းကောင်း၊ လောကီချမ်းသာမှုအရလည်းကောင်း နှစ်ဌာနစလုံးအတွက် ကျေးဇူးပြုရန် အတည်ပြုသတ်မှတ်လိုက်သည်။ ၎င်းကျေးဇူးတရားမှာ ထိုသူများကို ဘာသာရေးအရ သာသနာ့ရှေ့ဆောင်အဖြစ် ပြုပေးတော်မူမည်။ လောကတွင် ထိုသူများကို အဆိုပါနိုင်ငံအား ပိုင်ဆိုင်သူအဖြစ် ပြုပေးတော်မူမည်။ ပိုင်ဆိုင်သူဖြစ်ခြင်းနှင့်အတူ အုပ်ချုပ်မှုကို လည်း ပေးသနားတော်မူမည်။ ၎င်းတို့အား မြေပထဝီ၌ အုပ်ချုပ်မှုကို ပေးပြီး ဖိရ်အောင်န်၊ ဟာမန်နှင့် ၎င်းတို့၏ နောက်လိုက်များအား ထိုဗနီအိစ်ရာအီလ်တို့ဘက်မှ ၎င်းတို့ မနှစ်သက် လက်မခံနိုင်သည့် ဖြစ်ရပ်များကို ပြသတော်မူမည်။ ယင်းဖြစ်ရပ်များမှ ထိုပြဿနာကောင်များ တိမ်းရှောင်လျက်ရှိကြသည်။ ယင်း၏ အလိုသဘောမှာ အုပ်ချုပ်မှုကျဆုံးခြင်းနှင့် ပျက်စီးခြင်းပင်ဖြစ်သည်။ ထိုဆိုးကျိုးများမှ တိမ်းရှောင်ရန်အတွက်ပင် ဖိရ်အောင်န်သည် မိမိမြင်မက်ခဲ့သည့် အိပ်မက်အပေါ် နက္ခတ်ပညာရှင်များမှ တင်ပြခဲ့သည့် သဘောတရားအရ ဗနီအိစ်ရာအီလ်တို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်လျက် ရှိခဲ့သည်။ သို့သော် ငါအသျှင်မြတ်၏ အလိုတော်နှင့် တန်ခိုးစွမ်းအားရှေ့တွင် ထိုပြဿနာကောင် ဆိုးသွမ်းသူများ၏ အစီအစဉ်မှာ မည်သို့မှ အသုံးမဝင်ပေ။ ဤသည် ဖြစ်စဉ်အကျဉ်းချုပ် ဖြစ်သည်။ ထိုဖြစ်စဉ်အစမှ အကျယ်တဝင့်မှာ ဤသို့ ဖြစ်သည်။ တမန်တော်မူစာ ﷺ သည် ထိုဆိုးရွားသော အချိန်၌ မွေးဖွားလာသောအခါ ငါအသျှင်မြတ်သည် တမန်တော်မူစာ ﷺ ၏ မိခင်ကို နှလုံးသားအတွင်း၌ အသိပေးတော်မူခဲ့သည်မှာ ထိုကလေးကို ဖုံးကွယ်ထားနိုင်စွမ်းရှိသည့် အချိန်အထိ အသင်မအနေနှင့် ထိုကလေးအား နို့တိုက်ကျွေးနေပါ။

တစ်ဖန် အသင်မသည် ထိုကလေးနှင့်ပတ်သက်ပြီး ထောက်လှမ်းစုံစမ်းသောသူများ သိရှိသွားမည်ကို စိုးရိမ်ပူပန်ရသောအခါ ကြောက်ရွံ့စိုးရိမ်မှု ကင်းမဲ့စွာဖြင့် ထိုကလေးကို သေတ္တာတစ်လုံးတွင် ထည့်ပြီး 'နိုင်းလ်'မြစ်အတွင်း မျှောချလိုက်ပါ။ ထိုသို့ မျှောချလိုက်ရခြင်းကြောင့် အသင်မအနေနှင့် နစ်မြုပ်သွားမည်ကိုလည်း မစိုးရိမ်လေနှင့်။ ခွဲခွာရသည့်အတွက်လည်း သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ထိုကလေးကို တစ်ဖန် အသင်မထံသို့ ပြန်လည် ပို့ပေးတော်မူမည်။ တစ်ဖန် အချိန်တစ်ချိန်အပေါ် မူတည်ပြီး ထိုကလေးကို တမန်တော်အဖြစ် ပြုပေးတော်မူမည်။ အချုပ်ဆိုရသော် မိခင်မှာ သားတော်မူစာကို တင်ပြခဲ့သည့်အတိုင်း နို့တိုက်ကျွေးလျက် ရှိသည်။ တစ်ဖန် လျှို့ဝှက်ချက် ပေါ်လွင်သွားမည်ကို စိုးရိမ်ရသောအခါ သေတ္တာတစ်လုံးအတွင်း ထည့်ပိတ်ကာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် 'နိုင်းလ်'မြစ်အတွင်း မျှောချလိုက်သည်။ ထို 'နိုင်းလ်'မြစ်၏ လက်တက်တစ်ခုသည် ဖိရ်အောင်န်၏ နန်းတော်အတွင်းသို့ ဝင်ရောက်စီးဆင်းလက်ရှိ၏။ (သို့) ဖိရ်အောင်န်၏ နောက်လိုက်များသည် စိတ်ပျော်ရွှင် လန်းဆန်းစေရန်အတွက် မြစ်အတွင်းသို့ လှည့်လည်ကြည့်ရှုရန် ထွက်လာခဲ့သည်။ အချုပ်ဆိုရသော် ၎င်းသေတ္တာမှာ ကမ်းခြေသို့ ရောက်ရှိသွားခဲ့သည်။ ထိုအခါ ဖိရ်အောင်န်၏ နောက်လိုက်များသည် တမန်တော်မူစာ ﷺ ကို သေတ္တာနှင့်အတူ မ,ယူလိုက်ကြသည်။ သို့မှသာ ထိုမူစာ ﷺ သည် ၎င်းသူယုတ်မာများအတွက် ရန်သူအဖြစ်နှင့် သောကဖြစ်စရာ အကြောင်းခံ ဖြစ်ရှိပေမည်။ မုချကေန် ဖိရ်အောင်န်၊ ဟာမန်နှင့် ၎င်းတို့၏ နောက်လိုက်

များသည် မူစာ عليه السلام နှင့် ပတ်သက်၍ မိမိ၏ ရန်သူကို မိမိအပါးမှာပင် ကျွေးမွေးပြုစု၍ အမှားကြီး မှားခဲ့ကြသည်။

ငင်းနောက် မူစာ عليه السلام အား သေတ္တာထဲမှ ထုတ်ယူကာ ဖိရ်အောင်န်ရှေ့မှောက်သို့ ယူဆောင်ခဲ့သည်။ ထိုအခါ ဖိရ်အောင်န်၏ ဇနီးဖြစ်သူ အာစီယာသည် ဖိရ်အောင်န်အား ပြောဆိုသည်မှာ ဤကလေးသည် အသင်နှင့် ကျွန်မ၏ မျက်စိကို အေးမြစေသော ကလေးဖြစ်သည်။ ဆိုလိုသည်မှာ ထိုကလေးကို ကြည့်ပြီး စိတ်ပျော်ရွှင်မှုကို ရရှိမည်ဖြစ်သည်။ သို့ရှိရာ ဤကလေးကို မသတ်ဖြတ်လေနှင့်။ ငင်းကြီးပြင်းလာပြီး ကျွန်ုပ်တို့ကို အကျိုးပြုကောင်း ပြုနိုင်သည်။ (သို့) ဤကလေးကို မိမိတို့သားအဖြစ် မွေးစားလိုက်မည်။ ယင်း၏ ရလဒ်ကို ထိုသူများ အလျဉ်း မသိရှိကြပေ။ ငင်းရလဒ်မှာ ဤကလေးကြောင့်ပင် ဖိရ်အောင်န်၏ အုပ်ချုပ်မှုအားလုံး ပျက်စီးဆုံးရှုံးသွားမည် ဖြစ်သည်။ တစ်ဖက်တွင် ဖြစ်ရှိနေသည်မှာ တမန်တော်မူစာ عليه السلام ၏ မိခင်စိတ်တွင်း၌ အတွေးအခေါ်အမျိုးမျိုး ဖြစ်ရှိကာ မတည်မငြိမ် ဖြစ်နေ၏။ မတည်မငြိမ်ဖြစ်ခြင်းသည် အလွန်ပြင်းပြစွာ ဖြစ်ရှိခဲ့သည့်အတွက် ယင်းသို့ မတည်ငြိမ်မှု ဖြစ်ရခြင်း၏ အဆုံး၌ မိခင်သည် တမန်တော်မူစာ عليه السلام ၏ အခြေအနေအရပ်ရပ်ကို ထုတ်ဖော်တော့မည့် အနေအထား ရောက်ရှိသွား၏။ အကယ်၍ ငါအသျှင်မြတ်၏ ကတိတော်အပေါ် ယုံကြည်မှုအပြည့်အဝထားရန် ထိုသူမ၏ စိတ်နှလုံးသားကို ငါအသျှင်မြတ်သည် အဆိုပါရည်ရွယ်ချက်ဖြင့် ခိုင်မာအောင် မပြုလုပ်ခဲ့သည်ရှိသော် ထိုသူမ အနေနှင့် မိမိစိတ်ကို ထိန်းချုပ်ရန် အလွန်ခက်ခဲပေလိမ့်မည်။ သို့သော်လည်း သူမသည် မိမိစိတ်ကို ခက်ခဲစွာ ထိန်းချုပ်ပြီး ငင်းနောက် အစီအစဉ်တစ်ခု စလုပ်သည်မှာ ထိုမိခင်သည် တမန်တော်မူစာ عليه السلام ၏ ညီမဖြစ်သူ ဆိုလိုသည်မှာ မိမိသမီးအား ပြောဆိုသည်မှာ 'မူစာ၏ သတင်းအစအနကို ရယူစုံစမ်းကြည့်ပါ' ဟု ဖြစ်သည်။ ဤသို့ဖြင့် ထိုသမီးဖြစ်သူမှာ ထွက်လာခဲ့ပြီး နန်းတော်တွင်း၌ သေတ္တာဖွင့်ခဲ့သည်ဆိုသည့် သတင်းကို ကြားရပြီး နန်းတော်အတွင်းသို့ အရောက်သွားကာ သတင်းရယူခဲ့သည်။ (သို့) ထိုသူမအနေနှင့် နန်းတော်အတွင်းသို့ အဝင်အထွက် ရှိကောင်းရှိမည်။ (သို့) အကြောင်းခံတစ်ခုခုဖြင့် ဝင်ရောက်သွားခြင်းဖြစ်မည်။ ငင်းနောက် ထိုသူမသည် တမန်တော်မူစာ عليه السلام ကို အဝေးမှ တွေ့မြင်ခဲ့သည်။ သို့သော် အဆိုပါအမျိုးသမီးသည် တမန်တော်မူစာ عليه السلام ﷺ ၏ ညီမဖြစ်ကြောင်းနှင့် တမန်တော်မူစာ عليه السلام ၏ သောကနှင့် ရောက်လာသည်ကို မည်သူမှ မသိရှိကြပေ။

ငင်းနောက် ငါအသျှင်မြတ်သည် အစကနဦးမှပင် (ဆိုလိုသည်မှာ သေတ္တာထဲမှ ထွက်လာသည်နှင့်) တမန်တော်မူစာ عليه السلام အား နို့ထိန်းတော်များ၏ နို့တိုက်ကျွေးခြင်းမှ တားဆီးတော်မူခဲ့သည်။ ဆိုလိုသည်မှာ မည်သူ၏ နို့ကိုမှ သောက်သုံးခဲ့ခြင်းမရှိပေ။ သို့ရှိရာ ထိုအမျိုးသမီးသည် အဆိုပါအခြေအနေကို အခွင့်ကောင်းယူ၍ ပြောဆိုသည်မှာ ကျွန်မအနေနှင့် အသင်တို့အတွက် ဤကလေးကို ပြုစုကျွေးမွေးမည့် အိမ်တစ်အိမ်ကို ပြပေးပါမည်။ ငင်းတို့သည် ဤကလေးကို ရင်ဝယ်ပိုက်ကာ ကောင်းစွာ ပြုစုကြပေလိမ့်မည်။ ထိုသူများကလည်း ဤကလေးကို နို့တိုက်ကျွေးရန် အခက်အခဲနှင့် ရင်ဆိုင်နေရသည့်အချိန် ဖြစ်သည့်အတွက် အဆိုပါအမျိုးသမီး၏ အကြံပြုချက်ကို လက်ခံလိုက်ပြီး ထိုအိမ်၏ လိပ်စာကို မေးမြန်းသောအခါ ထိုအမျိုးသမီးက

မိမိ၏ အိမ်လိပ်စာကို ပြောဆိုပြသလိုက်၏။ ဤသို့ဖြင့် မိခင်ဖြစ်သူကို ခေါ်ယူ၍ တမန်တော်မူစာ عليه السلام အား ၎င်း၏ ရင်ဝယ် အပ်နှံလိုက်၏။ ရင်ခွင်ထဲသို့ ရောက်ရှိသည်နှင့် တမန်တော်မူစာ عليه السلام သည် နို့သောက်လေတော့သည်။ ထို့နောက် ဖိရ်အောင်နိတို့၏ ခွင့်ပြုချက်ဖြင့် တည်ငြိမ်အေးချမ်းစွာ မိမိအိမ်သို့ ခေါ်ဆောင်လာခဲ့သည်။ တစ်ခါတစ်ရံ ဖိရ်အောင်နိထံ သွား၍ ပြသ၏။

အချုပ်ဆိုရသော် ငါအသျှင်မြတ်သည် တမန်တော်မူစာ عليه السلام ကို အဆိုပါနည်းဖြင့် မိမိ၏ ကတိတော်နှင့်အညီ မိခင်ထံသို့ ပြန်လည် ပို့ဆောင်ပေးတော်မူခဲ့သည်။ သို့မှသာ မိမိသားကို မြင်တွေ့ရပြီး ၎င်းမိခင်မှာ စိတ်အေးရမည်ဖြစ်၍ ခွဲခွာရခြင်း၏ သောကမှလည်း ကင်းဝေးသွားမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်မှာ မှန်ကန်ကြောင်းကိုလည်း အထက်ဖော်ပြပါ အခြေအနေအပေါ် သုံးသပ်ခြင်းဖြင့် ပို၍ ယုံကြည်သွားမည်လည်း ဖြစ်သည်။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည့်အချက်မှာ လူအများစု (ကာဖိရ်) တို့သည် ထိုအချက်အပေါ် ယုံကြည်ကြခြင်း မရှိပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကဆွာဆ်သည် မက္ကီစူရာဟ်များထဲမှ နောက်ဆုံးစူရာဟ် ဖြစ်သည်။ ယင်းစူရာဟ်သည် 'ဟိဂျ်ရသ်' ပြုသည့်အချိန် မက္ကာဟ်မြို့နှင့် 'ဂျုဟ်ဖဟ်'ကြား၌ ကျရောက်ခဲ့သည်။ အချို့ဆင့်ပြန်ချက်များတွင် 'ဟိဂျ်ရသ်'ခရီးစဉ်၌ တမန်တော်မြတ် ﷺ သည် 'ဂျုဟ်ဖဟ်'မည်သော နေရာသို့ ရောက်သောအခါ ဂျိဗ်ရာအီးလ် عليه السلام ကြွမြန်းတော်မူလာပြီး တမန်တော်မြတ် ﷺ အား မိန့်ကြားတော်မူသည်မှာ 'အို၊ ကိုယ်တော်၊ အသင်၏ မွေးရပ်ဌာနေအား အသင် သတိရနေပါသလော။' ထိုအခါ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ဟုတ်ပါ၏။ ကျွန်ုပ် မုချ သတိရပါ၏။' ယင်းဖြေကြားချက်အပေါ် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام က ဤစူရာဟ်၏ အာယသ်တော်များကို ဖတ်ရွတ်ပြတော်မူ၏။ ယင်းစူရာဟ်၏ နောက်ဆုံးတွင် တမန်တော်မြတ် ﷺ ကို သတင်းကောင်းပါးထားသည်မှာ 'နောက်ဆုံးရလဒ်အနေနှင့် မက္ကာဟ်မြို့အား အောင်မြင်ပြီး အသင်၏ လက်ဝယ် ရောက်ရှိလာပေမည်။' ထိုအာယသ်တော်မှာ-

إِنَّ ٱلَّذِى فَرَضَ عَلَيْكَ ٱلْقُرْءَانَ لَرَآدُّكَ إِلَىٰ مَعَادٍ

(ဧကန်မလွဲ အသင်နဗီအပေါ်သို့ ကျမ်းတော်မြတ်ကို ပြဋ္ဌာန်းချမှတ်ပေးတော်မူခဲ့သော အသျှင်မြတ်သည် အသင့်အား ဇာတိနေရပ်သို့ ပြန်လည်ပို့ပေးတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ၏) ဟူ၍ ဖြစ်သည်။ စူရာဟ်ကဆွာဆ်တွင် ဦးစွာပထမ တမန်တော်မူစာ عليه السلام ၏ ဖြစ်ရပ်ကို အကျဉ်းချုပ် တင်ပြပြီး တစ်ဖန် အကျယ်တဝင့် တင်ပြထားပေသည်။ စူရာဟ်ထက်ဝက်အထိ တမန်တော်မူစာ عليه السلام ၏ ဖြစ်ရပ်ကို ဖိရ်အောင်နိနှင့်အတူ တင်ပြပြီး စူရာဟ်နောက်ဆုံးပိုင်းတွင် ကာရူန်နှင့်အတူ တင်ပြထားပေသည်။

တမန်တော်မူစာ عليه السلام ၏ ဖြစ်ရပ်ကို ကျမ်းတော်မြတ်တစ်အုပ်လုံးတွင် အချို့နေရာ၌ အကျဉ်းချုပ်၊ အချို့နေရာ၌ အကျယ်တဝင့်ဖြင့် အကြိမ်ကြိမ် တင်ပြထားပေသည်။ စူရာဟ်ကဟ်ဖ်တွင် ဤတမန်တော်မူစာ

عليه السلام ၏ ဖြစ်ရပ်ကို ဟဇရတ်ခိဇ္ဇွရ် عليه السلام နှင့်အတူ တင်ပြထားပေသည်။ တစ်ဖန် စူရာဟ်ဿွာဟာတွင် ဖြစ်ရပ်အပြည့်အစုံကို အကျယ်တဝင့် တင်ပြထားပေသည်။ ၄င်းနောက် စူရာဟ်နမလ်တွင် ဤအကျယ်တဝင့် အဖြစ်အပျက်ကိုပင် အနည်းအကျဉ်း တင်ပြထားပြီး တစ်ဖန် ဤစူရာဟ်ကဆွာဆွ်၌ ပြန်လည် တင်ပြထားပေသည်။ စူရာဟ်ဿွာဟာတွင် တမန်တော်မူဆာ عليه السلام အတွက် အလ္လာဟ်အသျှင်မြတ်မှ မိန့်တော်မူထားသည်မှာ وَلَقَدْ فَتَنَّاكَ فُتُونًا ဟူ၍ ဖြစ်သည်။

ဟဒီးစ်ပညာရှင်များနှင့် အေမာမ်နစာအီ (ရဟ) စသည်တို့သည် ဤဖြစ်ရပ်အပြည့်အစုံကို ထိုနေရာ၌ပင် အကျယ်တဝင့် တင်ပြထားပေသည်။ ကျွန်ုပ်အနေနှင့်လည်း အိဗ်နေကစီးရ်ကျမ်းကို မှီခိုကိုးကား၍ ဤဖြစ်ရပ်၏ အကျယ်တဝင့် အပြည့်အစုံကို စူရာဟ်ဿွာဟာ၌ တင်ပြထားပေသည်။ ဤဖြစ်ရပ်နှင့် ပတ်သက်ဆက်နွယ်သည့် အစိတ်အပိုင်းအားလုံး အရေးပါသည့် ပညတ်ချက်များနှင့် သိမှတ်ဖွယ်ရာအချို့ကို စူရာဟ်ကဟဖ်တွင် တင်ပြထားပြီး ကျန်ရှိသည်များကို စူရာဟ်ဿွာဟာတွင် တင်ပြထားပေသည်။ ပညတ်ချက်များနှင့် အခြားအကြောင်းအရာများအတွက် ထိုတင်ပြထားသော နေရာများ၌ လေ့လာဖတ်ရှုမည်ဆိုလျှင် လုံလောက်ပေသည်။ ဤနေရာ၌ အာယသ်တော်ရှိ စကားလုံးများ၏ အကျဉ်းချုပ်ဖွင့်ဆိုချက်ကိုသာ တင်ပြသွားပါမည်။

وَنُرِيْدُ اَنْ نَّمُنَّ عَلَى الَّذِيْنَ اسْتُضْعِفُوْا فِي الْاَرْضِ وَنَجْعَلَهُمْ اَئِمَّةً

ဤအာယသ်တော်တွင် ဖိရ်အောင်န်၏ အစီအစဉ်သည် အသျှင်မြတ်၏ ဆုံးဖြတ်ချက်နှင့် ယှဉ်လာပါလျှင် ဆုံးရှုံးနစ်နာခြင်း၌သာ ဖြစ်ရှိမည်သာမက ဖိရ်အောင်န်နှင့် ၄င်း၏ နောက်လိုက်အားလုံး၏ အဆုံးစွန် အသိဉာဏ်မဲ့ခြင်းနှင့် မျက်ကန်းဖြစ်ခြင်းကို တင်ပြထားသည်။ အကြင်ကလေးနှင့်ပတ်သက်ပြီး အိဗ်မက် မြင်မက်ခြင်းနှင့် အိဗ်မက်၏ သဘောတရားအရ ဖိရ်အောင်န်အပေါ် အန္တရာယ်ကြီးတစ်ခု ကျရောက်လာမည်ကို စိုးရိမ်လျက်ရှိခဲ့သည်။ ယင်းအချက်အပေါ် မူတည်၍ပင် ဗနီအိစ်ရာအီလ်တို့၏ မရေမတွက်နိုင်သော မွေးကင်းစ ယောကျ်ားကလေးများကို သတ်ဖြတ်ရန် ဥပဒေပြဋ္ဌာန်းခဲ့သည်။ ထိုကလေးငယ်အား အလ္လာဟ်အသျှင်မြတ်သည် ၄င်းဖိရ်အောင်န်၏ အိမ်တွင် ထိုသူ၏ လက်ပေါ်တွင်ပင် ကြီးပြင်းစေခဲ့သည်။ ၄င်းနောက် မိခင် စိတ်ချမ်းသာစေရန်အတွက် ၄င်းမိခင်၏ ရင်တွင်းသို့ အံ့ဩစရာအသွင်ဖြင့် ပို့ပေးတော်မူခဲ့သည်။ ၄င်းနောက် ဖိရ်အောင်န်ထံမှ နို့တိုက်ကျွေးရသည့် စရိတ်အဖြစ် အချို့ဆင့်ပြန်ချက်များ၌ ရွှေဒင်္ဂါးတစ်ပြားနေ့စဉ် မိခင်က ရရှိသည်ဟု တင်ပြထားပေသည်။ ဤသို့ နို့တိုက်ကျွေးရသည့် စရိတ်ကို ကာဖိရ်ဟာရ်ဗီထံမှ သဘောတူညီချက်ဖြင့် ရယူခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ရွှေဒင်္ဂါးကို ယူပိုင်ခြင်းတွင် မည်သို့မှ စောဒကတက်နိုင်ချေလည်း မရှိပေ။ နောက်ဆုံးတွင် အကြင်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် မျိုးနွယ်စုတစ်ခုလုံးအပေါ် မတရားမှုများ ပြုခဲ့သော်လည်း ထိုအရာသည် ၄င်း၏ နေအိမ်အတွင်းမှ ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခု ဖြစ်မည့်အသွင် ဖြစ်စေခဲ့သည်။ ၄င်းနောက် အိဗ်မက်၏ သဘောကိုလည်း အလ္လာဟ်အသျှင်မြတ်သည် ၄င်းဖိရ်အောင်န်အား မျက်ဝါးထင်ထင် ပြသတော်မူခဲ့သည်။

وَنُرِيَ فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا مِنْهُم مَّا كَانُوا يَحْذَرُونَ

၏ အလိုသဘောမှာ ဤသည်ပင် ဖြစ်သည်။ وَأَوْحَيْنَا إِلَىٰ أُمِّ مُوسَىٰ တွင် وحى ဟူသော စာလုံးသည် ဤနေရာ၌ အဘိဓါန်လာအဓိပ္ပာယ်အရ အသုံးပြုထားသည်။ 'နဗူဝသ်'၏ 'ဝဟီ'ကို ဆိုလိုခြင်း မဟုတ်ပေ။ ယင်းစာလုံး၏ အကျယ်တဝင် ရှင်းလင်းချက်အပြည့်အစုံကို စူရာဟ်သွာဟာ၌ တင်ပြခဲ့ပြီး ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَمَّا بَلَغَ أَشُدَّهُ وَاسْتَوَىٰ آتَيْنَاهُ حُكْمًا وَعِلْمًا ۚ وَكَذَٰلِكَ
نَجْزِي الْمُحْسِنِينَ ﴿١٤﴾

၂၈ : ၁၄ ။ ။ တစ်ဖန် ၎င်း (မူစာ) သည် မိမိလူလားမြောက်သော အရွယ်သို့ ရောက်ရှိပြီး (အသိဉာဏ်) ရင့်သန်လာသောအခါ၊ ငါအသျှင်မြတ်သည် ၎င်း (မူစာ) အား ဉာဏ်အမြော်အမြင်ကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အကျိုးကျေးဇူးကို အစားပေးသနားတော်မူ၏။

وَدَخَلَ الْمَدِينَةَ عَلَىٰ حِينِ غَفْلَةٍ مِّنْ
أَهْلِهَا فَوَجَدَ فِيهَا رَجُلَيْنِ يَقْتَتِلَانِ هَٰذَا مِن شِيعَتِهِ وَهَٰذَا
مِنْ عَدُوِّهِ ۖ فَاسْتَغَاثَهُ الَّذِي مِن شِيعَتِهِ عَلَى الَّذِي مِنْ
عَدُوِّهِ فَوَكَزَهُ مُوسَىٰ فَقَضَىٰ عَلَيْهِ ۖ قَالَ هَٰذَا مِنْ عَمَلِ الشَّيْطَانِ ۖ
إِنَّهُ عَدُوٌّ مُّضِلٌّ مُّبِينٌ ﴿١٥﴾

၂၈ : ၁၅ ။ ။ (တစ်ဖန် ယင်း (မူစာ) သည် (တစ်နေ့သ၌) မြို့တွင်းသို့ ထိုမြို့သူမြို့သားတို့ အမှုမဲ့အမှတ်မဲ့ ဖြစ်နေချိန် ဝင်ရောက်ခဲ့ရာ၊ ယင်းမြို့တွင်း၌ (စကားများ) ရန်ဖြစ်နေကြသော လူနှစ်ယောက်အား တွေ့ရှိခဲ့ပေသည်။ (ထိုနှစ်ယောက်အနက်) တစ်ယောက်သည် ယင်း (မူစာ) ၏ (မျိုးနွယ်) အုပ်စုထဲမှဖြစ်ပြီး၊ အခြားတစ်ယောက်မှာ ယင်း (မူစာ) ၏ ရန်သူ (မျိုးနွယ်) တို့အနက်မှ ဖြစ်ခဲ့ပေသည်။ သို့ဖြစ်ပေရာ ယင်း (မူစာ) ၏ အုပ်စုမှဖြစ်သော သူက၊ ယင်း (မူစာ) ၏ ရန်သူတို့အနက်မှ ဖြစ်သော သူနှင့် ဆန့်ကျင်၍ အပူတပြင်း အကူအညီ တောင်းခံခဲ့လေသည်။ ထိုအခါ မူစာသည် ၎င်း (ရန်သူအုပ်စုမှ ဖြစ်သောသူ) အား လက်သီးဖြင့် (တစ်ချက်တည်း) ထိုး၍ အဆုံးစီရင်လိုက်လေ၏။ ယင်း (မူစာ) သည် (ဤအဖြစ်အပျက်

ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက်) ‘ဤသည် ရှိုက်သွန်၏ အပြုအမူသာ ဖြစ်သည်။ ဧကန်မလွဲ ယင်းရှိုက်သွန်သည် အထင်အရှား လမ်းလွဲစေသော ရန်သူအမှန်ပင် ဖြစ်ပေသည်’ ဟု ပြောဆိုခဲ့လေသည်။

قَالَ رَبِّ إِنِّي ظَلَمْتُ نَفْسِي فَاغْفِرْ لِي فَغَفَرَ لَهُ ۚ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ ﴿١٦﴾

၂၈ : ၁၆ ။ ။ (ထို့နောက်) ၎င်း (မူစာ) သည် (အလ္လာဟ်အသျှင်မြတ်ထံတော်တွင်) ‘အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မိမိ နှိပ်စက်မိပါပြီ။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာ ပေးတော်မူပါ’ ဟု လျှောက်ထားပန်ကြားခဲ့ရာ ထိုအသျှင်မြတ်သည် ၎င်းအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူခဲ့ပေသည်။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည်ပင်လျှင် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော၊ အလွန်တရာ သနားကြင်နာ ကရုဏာ ပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

قَالَ رَبِّ بِمَا أَنْعَمْتَ عَلَيَّ فَلَنْ أَكُونَ ظَهِيرًا لِلْمُجْرِمِينَ ﴿١٧﴾

၂၈ : ၁၇ ။ ။ (ထိုအခါ) ၎င်း (မူစာ) သည် ‘အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ်ဝယ် (ယခုကဲ့သို့) ကျေးဇူးပြုတော်မူခဲ့သည် ဖြစ်ပေရာ ကျွန်တော်မျိုးသည်လည်း (နောက်နောင်တွင်) အပြစ်ရှိသူတို့အား မည်သည့်အခါ၌မျှ အကူအညီပေးသူ ဖြစ်တော့မည် မဟုတ်ပါ’ ဟူ၍ လျှောက်ထားခဲ့လေသည်။

فَأَصْبَحَ فِي الْمَدِينَةِ خَائِفًا يَتَرَقَّبُ فَإِذَا الَّذِي اسْتَنْصَرَهُ
بِالْأَمْسِ يَسْتَصْرِخُهُ ۚ قَالَ لَهُ مُوسَىٰ إِنَّكَ لَغَوِيٌّ مُبِينٌ ﴿١٨﴾

၂၈ : ၁၈ ။ ။ တစ်ဖန် နောက်နေ့ နံနက်အချိန်၌ ၎င်း (မူစာ) သည် ကြောက်ရွံ့စိုးရိမ်စွာ သတိထားလျက် မြို့တွင်းသို့ ရောက်ရှိခဲ့ရာ ရုတ်တရက် ယမန်နေ့က မိမိထံ အကူအညီတောင်းခံခဲ့သော သူသည် (ယနေ့တစ်ဖန် ထပ်မံ၍) မိမိအား ဟစ်ခေါ်နေသည်ကို တွေ့ရပြန်၏။ (ထိုအခါ) မူစာက ၎င်း (ဟစ်ခေါ်သူ) အား ‘ဧကန်အမှန် အသင်သည် ထင်ရှားစွာသော လမ်းလွဲသူတစ်ဦးပင် ဖြစ်သည်’ ဟု ပြောကြားခဲ့လေ၏။

فَلَمَّا أَنْ أَرَادَ أَنْ يَبْطِشَ
بِالَّذِي هُوَ عَدُوٌّ لَهُمَا قَالَ يَا مُوسَىٰ أَتُرِيدُ أَنْ تَقْتُلَنِي
كَمَا قَتَلْتَ نَفْسًا بِالْأَمْسِ ۖ إِنْ تُرِيدُ إِلَّا أَنْ تَكُونَ جَبَّارًا
فِي الْأَرْضِ وَمَا تُرِيدُ أَنْ تَكُونَ مِنَ الْمُصْلِحِينَ ﴿١٩﴾

၂၈ : ၁၉ ။ ။ ထို့နောက် ၎င်း (မူစာ) သည် မိမိတို့နှစ်ဦးစလုံး၏ ရန်သူဖြစ်သောသူ (ကိဗ်သွီ) အား လက်ရောက်မှုပြုရန် ကြံရွယ်ခဲ့လေရာ ထို (မိမိ၏ အိစ်ရာအီလ်မျိုးနွယ်ဝင်ထဲမှ ဖြစ်သော) သူက (ယမန်နေ့၌ မိမိကြောင့် တစ်ဦး သေဆုံး

ပါပြီ။ ကျွန်ုပ်လည်း အပြစ်မကင်း။ ယခုတစ်ဖန် မိမိကြောင့်ပင် နောက်တစ်ဦး သေဆုံး၍ တမန်တော်မူစာသည် ၎င်းရန်သူအား ဆုံးမပြီးနောက် မိမိကိုလည်း ဆုံးမမည်သာ ဖြစ်သည်ဟု ထင်မှတ်စိုးရိမ်ကာ) 'အို၊ မူစာ၊ အသင်သည် ယမန်နေ့က လူတစ်ယောက်အား သတ်ဖြတ်ဘိသကဲ့သို့ (ယခုမူ) ကျွန်ုပ်အား သတ်ဖြတ်လိုသလော။ အသင်သည် တိုင်းပြည်တွင် ရက်စက်စွာ စိုးမိုးအုပ်ချုပ်လိုသူ ဖြစ်ရန်သာလျှင် အလိုရှိပေသည်။ စင်စစ် အသင်သည် စေ့စပ် (ဖျန်ဖြေ) ၍ ပေးသူမဟုတ်'ဟု ပြောဆိုခဲ့လေသည်။

وَجَآءَ رَجُلٌ مِّنْ اَقْصَا الْمَدِيْنَةِ يَسْعٰى قَالَ يٰمُوْسٰٓى اِنَّ الْمَلَاَ
يَاْتَمِرُوْنَ بِكَ لِيَقْتُلُوْكَ فَاخْرُجْ اِنِّيْ لَكَ مِنَ النّٰصِحِيْنَ ﴿٢٠﴾

၂၈ : ၂၀ ။ ။ ထို့နောက် မြို့၏ အစွန်းမှ လူတစ်ယောက်သည် ပြေးလာ၍ 'အို၊ မူစာ၊ မှူးကြီးမတ်ရာတို့သည် အသင်နှင့် ပတ်သက်၍ အသင့်အား သတ်ပစ်ရန် ဆွေးနွေးတိုင်ပင်လျက် ရှိကြပေသည်။ သို့ပါ၍ အသင်သည် (ဤနေရာမှ) ထွက်သွားပါလေ။ ကျွန်ုပ်သည် အသင်၏ ကောင်းကျိုးကို လိုလားသူတစ်ဦး ဖြစ်သည်'ဟု ပြောကြားခဲ့လေသည်။

فَخَرَجَ مِنْهَا خَآئِفًا يَّتَرَقَّبُ قَالَ رَبِّ نَجِّنِيْ مِنَ الْقَوْمِ الظّٰلِمِيْنَ ﴿٢١﴾

၂၈ : ၂၁ ။ ။ ထိုအခါ ၎င်း (မူစာ) သည် (ရန်သူများ လိုက်လာမည်ကို) စိုးရိမ်ကြောင့်ကြလျက် (လမ်းကြောင်းခရီးကို) ကောင်းသော သတိဝီရိယနှင့် (ကြည့်ရှုကာ) ထိုမြို့မှ ထွက်သွားခဲ့လေသည်။ (၎င်းပြင်) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား မတရားသော သူတို့ (၏ ဘေးရန်ခပ်သိမ်းတို့) မှ ကယ်တော်မူပါ' ဟု လျှောက်ထားပန်ကြားခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကျွေးမွေးပြုစုခြင်းကို ရရှိပြီး ပြည့်စုံသည့် လူပျိုရွယ်သို့ မိမိရောက်ရှိပြီးသည့်နောက် ကိုယ်ခန္ဓာပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပိုင်းဆိုင်ရာအားလုံး ဖြောင့်မတ်မှန်ကန်သွားသောအခါ ငါအသျှင်မြတ်သည် ထိုမူစာနဗီကို ဆင်ခြင်တုံတရားနှင့် အသိပညာအရာများကို ချီးမြှင့်ပေးတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'နဗူဝသ်' မရရှိမီအလျှင်ကပင် အဆိုးအကောင်းကို ခွဲခြားပိုင်းခြားနိုင်သော ဖြောင့်မတ်မှန်ကန်သည့် အသိတရားကို ချီးမြှင့်တော်မူခဲ့ပြီးဖြစ်သည်။ ငါအသျှင်မြတ်သည် ကောင်းမွန်သော သူများကို အဆိုပါအတိုင်း အစားပေးသနားတော်မူ၏။ ဆိုလိုသည်မှာ ကောင်းသော ကျင့်ကြံမှုများကြောင့် အသိပညာအရာ၌ တိုးတက်မှုကို ဖြစ်စေသည်။ ယင်းအချက်မှ ညွှန်ပြနေသည်မှာ ဖိရ်အောင်န်၏ လမ်းစဉ်ကို မူစာ عليه السلام သည် မည်သည့်အခါမှ ရွေးချယ်ခဲ့ခြင်း မရှိသည်သာမက ထိုအရာများအား မုန်းတီးခဲ့ပေသည်။ ၎င်းနောက် ထိုခေတ်အခါက အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့သည်မှာ တစ်ခါက မူစာ عليه السلام သည် (ရှုဟွလ်မအာနီကျမ်းတွင် အိမ်နေအိမ်ဟာက်မှတစ်ဆင့် ဆင့်ပြန်ထားသော ဆင့်ပြန်ချက်၌ တင်ပြထားပေသည်။) 'မိဆွေရ်'မြို့ပြင် တစ်နေရာ

သို့ လူအများ အိပ်မောကျနေသည့် အချိန် ရောက်ရှိသွားသည်။ ဆင့်ပြန်ချက်အများစု၌ ယင်းအချိန်အား နေမွန်းတည့်ချိန်ဟူ၍ ဆိုထားပေသည်။ အချို့ဆင့်ပြန်ချက်များတွင် ညဦးယံအချိန်ဖြစ်သည်ဟုလည်း ဆိုထားပေသည်။ *[ဒုရ်ရေမန်စူရ်]*

ထိုအခါ မူစာ عليه السلام သည် အဆိုပါနေရာ၌ လူနှစ်ဦး ခိုက်ရန်ဖြစ်နေသည်ကို မြင်တွေ့ခဲ့ရ၏။ ၎င်းနှစ်ဦး ထဲမှ တစ်ဦးသည် ဗနီအိစ်ရာအီးလ်မျိုးဆက်မှ ဖြစ်သည်။ ကျန်တစ်ဦးမှာ ယင်းမျိုးဆက်နှင့် ဆန့်ကျင်ဘက် ဖြစ်သော ဖိရ်အောင်န်နှင့် ပတ်သက်သည့် ဝန်ထမ်းများထဲမှ ဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ကိစ္စရပ်တစ်ခု နှင့်ပတ်သက်၍ ငြင်းခုံပြဿနာတက်လျက် ရှိကြသည်။ ဖိရ်အောင်ဘက်တော်သားဘက်မှ လွန်ကျူးလျက် ရှိသည်။ သို့ရှိရာ တမန်တော်မူစာ عليه السلام ၏ မျိုးနွယ်ထဲမှ တစ်ဦးသည် တမန်တော်မူစာ عليه السلام ကို မြင်တွေ့ သောအခါ မိမိ၏ ဆန့်ကျင်ဘက်နှင့် ရင်ဆိုင်ရန်အတွက် ၎င်းမူစာနဗီထံ အကူအညီတောင်းခံခဲ့၏။ ဦးစွာ ပထမ တမန်တော်မူစာ عليه السلام သည် ၎င်းဖိရ်အောင်န်၏ ဘက်တော်သားအား နားချခဲ့သည်။ ထိုသို့ နားချခြင်း အပေါ် လက်မခံသည့်အတွက် မူစာ عليه السلام သည် သတိချပ်စေရန်နှင့် မတရားမှုကို ဖယ်ရှားရန်အတွက် ထိုသူအား လက်သီးနှင့် ထိုးလိုက်ရာ ၎င်းမှာ သေဆုံးသွား၏။ ဆိုလိုသည်မှာ မမျှော်လင့်ဘဲ ထိုသူမှာ သေဆုံးသွား၏။ မူစာ عليه السلام သည် ထိုကဲ့သို့ မမျှော်လင့်ဘဲ ဖြစ်ရှိသွားသည့် ဖြစ်ရပ်အပေါ် အလွန် နောင်တ ရခဲ့ပြီး ဤလုပ်ရပ်သည် ရှိုက်သွာန်၏ လုပ်ရပ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ မုချဧကန် ရှိုက်သွာန် သည် လူသားများအတွက် အတိအလင်းရန်သူပင် ဖြစ်သည်။ မှားယွင်းမှုတစ်ခုအတွင်းသို့ သွပ်သွင်းခဲ့သည်။ ၎င်းနောက် ရက်ကြောက်မိကာ အလ္လာဟ်အသျှင်မြတ်ထံတော်ဝယ် လျှောက်ထားခဲ့၏။ အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်တော်မျိုး ပြစ်မှုကျူးလွန်ခဲ့ပါသည်။ အသျှင်မြတ် ခွင့်လွှတ်ပေးသနား တော်မူပါ။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ခွင့်လွှတ်တော်မူလိုက်၏။ မုချဧကန် ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူပြီး မဟာကရုဏာတော်ရှင် ဖြစ်တော်မူ၏။ သို့သော် ထိုခွင့်လွှတ်မှု၏ အသိနှင့် ပေါ်လွင်မှုကို အတိအလင်းအနေဖြင့် 'နဗူဝသ်'ချီးမြှင့်သည့်အခါမှ ရရှိခဲ့သည်။ ပမာဆိုရသော် စူရာဟ်နမ်လ်တွင်

إِلَّا مَنْ ظَلَمَ ثُمَّ بَدَّلَ حُسْنًا بَعْدَ سُوْءٍ فَاِنِّىْ غَفُوْرٌ رَحِيْمٌ

ဟု မိန့်တော်မူထားပေသည်။ ထိုအချိန်၌ အသျှင်မြတ်ဘက်တော်မှ စိတ်အတွင်း အသိထည့်ပေး ခြင်းကြောင့် သိရှိခဲ့သည်ဖြစ်စေ၊ (သို့) လုံးဝ မသိရှိခဲ့သည်ဖြစ်စေ မူစာ عليه السلام သည် အတိတ်ဖြစ်ရပ်အပေါ် 'သောင်ဗာဟ်'ပြုခြင်းနှင့်အတူ အနာဂတ်နှင့်ပတ်သက်ပြီး ဤသို့လည်း လျှောက်ထားခဲ့သည်။ 'အို၊ ကျွန်ုပ် အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ် ကြီးမားသော ဆုလာဘ်များ ချီးမြှင့်တော်မူခဲ့သည်။ ယင်းဆုလာဘ်များနှင့် စပ်လျဉ်း၍ စူရာဟ်သွာဟာ၌ တင်ပြခဲ့ပြီး ဖြစ်သည်။ ၎င်းမှာ- وَلَاتَحْزَنْ မှ وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً اُخْرٰى အထိ ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ် သည် မည်သည့်အခါမှ အပြစ်ရှိသူများကို ကူညီတော့မည်မဟုတ်ပါ။ ဤနေရာ၌ အပြစ်ရှိသူများဆိုသည့် အလိုသဘောမှာ အခြားသူများကို အပြစ်ကျူးလွန်ရန် ဆောင်ရွက်စေလိုသောသူ ဖြစ်သည်။ အဘယ်ကြောင့်

ဆိုသော် တစ်ပါးသူအား အပြစ်လုပ်ခိုင်းခြင်းသည်လည်း အပြစ်ဖြစ်၏။ ဤသို့ဖြင့် ယင်းအမှုတွင် ရှိုက်သွာန်လည်း ပါဝင်သွားပြီး ဖြစ်သည်။ ၎င်းမှာ ထိုမိစ္ဆာသည် အပြစ်လုပ်ခိုင်း၏။ အပြစ်ကျူးလွန်သူသည် မိစ္ဆာအား ကူညီခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းသည် သိလျက်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ၊ ပမာဆိုရသော် ဤအာယသ်တော်

وَكَانَ الْكَافِرُ عَلٰى رَبِّهٖ ظَهِيْرًا

၌ လာရှိထားသည်။ ယင်း၏ အလိုသဘောမှာ ကျွန်ုပ်သည် ရှိုက်သွာန်၏ ပြောဆိုချက်ကို မည်သည့်အခါမှ လက်ခံမည်မဟုတ်ပေ။ ဆိုလိုသည်မှာ အမှားကျူးလွန်နိုင်သော နေရာမျိုးတွင် သတိဝီရိယနှင့် ဆောင်ရွက်မည်။ မူရင်းရည်ရွယ်ချက်မှာ ဤမျှသာ ဖြစ်သည်။ သို့သော် အမိန့်၌ ပါဝင်စေရန်အတွက် အပြစ်ရှိသူများဟူသော စကားလုံးကို ဗဟုဝုစ်ကိန်းအဖြစ် တင်ပြထားပြီး အခြားသူများကိုလည်း အကျုံးဝင်စေခဲ့သည်။

အချုပ်ဆိုရသော် ထိုအတောအတွင်းမှာပင် အဆိုပါဖြစ်ရပ်မှာ ကျော်ကြားသွားခဲ့သည်။ သို့သော် အိစ်ရာအီလ်မျိုးနွယ်ဝင် ပုဂ္ဂိုလ်မှအပ ထိုလျှို့ဝှက်ချက်ကို သိရှိသူမရှိချေ။ ၎င်းအား ကူညီရာ၌ အထက်ပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။ ဤအတွက်ကြောင့် ထိုသူမှာ ထုတ်ဖော်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့် မည်သူမှလည်း မသိရှိခဲ့ပေ။ သို့သော် မူစာ عليه السلام စိုးရိမ်လျက် ရှိသည်။ ထိုသို့ စိုးရိမ်ရင်းနှင့်ပင် တစ်ညသာ ကုန်ဆုံးသွားခဲ့၏။ တစ်ဖန် မူစာ عليه السلام သည် ကြောက်ရွံ့စိုးရိမ်လျက်နှင့်ပင် ထိုမြို့၌ နံနက်မိုးလင်းချိန်တွင် ရုတ်တရက် မြင်တွေ့ရသည်မှာ မနေ့က ၎င်းသူ့ထံ၌ အကူအညီတောင်းခံခဲ့သော သူသာလျှင် တစ်ဖန်တမန်တော်မူစာ عليه السلام ကို အကူအညီပေးရန်အတွက် ခေါ်လျက်ရှိသည်။ ၎င်းသည် တစ်ပါးသူနှင့် ခိုက်ရန်ဖြစ်လျက် ရှိသည်။ မူစာ عليه السلام သည် ယင်းအခြေအနေကို ကြည့်ပြီး မနေ့က အဖြစ်အပျက်ကို သတိရကာ ထိုသူအား စိတ်ဆိုးတော်မူပြီး ၎င်းအား မိန့်တော်မူသည်မှာ 'အသင်သာလျှင် မုချ လမ်းမှားသော သူဖြစ်၍ နေ့စဉ် လူများနှင့် ခိုက်ရန်ဖြစ်လျက် ရှိသည်။' မူစာ عليه السلام သည် အခြေအနေအပေါ် သုံးသပ်ပြီး ထိုသူ့ဘက်မှလည်း အမှားအယွင်းဖြင့် စိတ်လိုက်မာန်ပါ ဒေါသထွက်နေသည်ကို တွေ့မြင်သိရှိသော်လည်း ဖိရ်အောင်န်ဘက်တော်သား၏ နိုင်ထက်စီးနင်းမှုကို မြင်တွေ့ရပြီး ၎င်းအား တားမြစ်ရန် ဆန္ဒဖြင့် မူစာ عليه السلام သည် နှစ်ဦးစလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်သူအပေါ် လက်ရောက်သွား၏။ ဆိုလိုသည်မှာ ဖိရ်အောင်န်ဘက်တော်သား ဖြစ်သည်။ ယင်းသည် အိစ်ရာအီးလ်မျိုးနွယ်ဝင်နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ မူစာ عليه السلام နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မူစာ عليه السلام သည် ဗနီအိစ်ရာအီးလ်တို့ထဲမှ ဖြစ်ပြီး ထိုသူများသည် ဗနီအိစ်ရာအီလ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တစ်နည်းဆိုရသော် မူစာ عليه السلام အား ဗနီအိစ်ရာအီးလ်ဟု မထင်မှတ်ကောင်းလည်း ဖြစ်နိုင်သည်။ (သို့) မူစာ عليه السلام သည် ဖိရ်အောင်န်၏ နည်းလမ်းကို မုန်းတီးကြောင်းမှာ ကျော်ကြားသွားသည့်အတွက် ဖိရ်အောင်န်ဘက်တော်သားများသည် ဆန့်ကျင်ဘက် ဖြစ်သွားကောင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ မူစာ عليه السلام သည် ထိုဖိရ်အောင်န် ဘက်တော်

သားဘက်သို့ လက်အလှမ်း၊ ၄င်းအလျင် အီစ်ရာအီလ်ဘက်တော်သားအပေါ် ဒေါသပုန်ထခဲ့ပြီးဖြစ်သည်။ ထိုအမျက်ဒေါသကြောင့် အီစ်ရာအီလ်ဘက်တော်သားသည် ကျွန်ုပ်အား ရိုက်နှက်ကောင်း ရိုက်နှက်လိမ့်မည်ဟု ဒွိဟသံသယဖြစ်ကာ ကြောက်ရွံ့၍ ထိုဗနီအီစ်ရာအီလ်ဘက်တော်သားမှ ပြောဆိုသည်မှာ 'အို၊ မူစာ၊ အသင်သည် မနေ့က လူတစ်ဦးကို သတ်ဖြတ်ခဲ့သကဲ့သို့ ယနေ့ ကျွန်ုပ်ကိုလည်း သတ်လိုပါ၏လော။ အသင်သည် မိမိ အားအင်ရှိကြောင်းကို လောကအား ပြသလိုပြီး ရင်ကြားစေ့ပေးခြင်းကို မလိုလားကြောင်း သိရှိရပါသည်' အဆိုပါစကားရပ်များကို ဖိရ်အောင်န်ဘက်တော်သားမှ ကြားသိသွား၏။

လူသတ်သမားကို ရှာဖွေနေသော အချိန်တွင် ဤမျှ သဲလွန်စရသွားခြင်းသည်ပင်လျှင် အလွန်လုံလောက်နေပြီး ဖြစ်သည်။ ချက်ချင်းပင် ဖိရ်အောင်န်ထံသို့ သတင်းပို့လိုက်သည်။ ဖိရ်အောင်န်သည် ထိုသတင်းကို ကြားပြီး မိမိလူ အသတ်ခံရသည့်အပေါ် အလွန် အမျက်ထွက်သွား၏။ ဤသတင်းကို ကြားပြီး ဖိရ်အောင်န်သည် မိမိမြင်မက်ခဲ့သော အိပ်မက်အပေါ် ပို၍ စိုးရိမ်ကြောက်ကြမှု ဖြစ်ကာ 'ဤလူ မဖြစ်တန်ကောင်းရာ၏' ဟု ပြောဆို၏။ အထူးသဖြင့် မူစာ عليه السلام သည် ဖိရ်အောင်န်၏ နည်းလမ်းများကို မနှစ်သက်ကြောင်း ဖိရ်အောင်န်မှ သိရှိသွားသဖြင့် ၄င်း၏ အမျက်ဒေါသ ရန်ငြိုးထားခြင်းမှာ အဆိုပါအကြောင်းကြောင့် သာပို၍ သွားပြီးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဖိရ်အောင်န်သည် မိမိ၏ အတွင်းဝန်များကို တိုင်ပင်ဆွေးနွေးရန် စုရုံးပြီး အကောင်းဆုံး အကြံဉာဏ်မှာ မူစာ عليه السلام ကို သတ်ဖြတ်ရန် ဆုံးဖြတ်ကြသည်။ ထိုထိုင်ဝိုင်းတွင် မူစာ عليه السلام အား ချစ်ခင်သူ၊ အကောင်းလိုလားသူတစ်ဦး ရှိသည်။ ထိုသူသည် တိုင်ပင်ဆွေးနွေးကြသည့် မြို့စွန်တစ်နေရာမှ မူစာ عليه السلام ထံသို့ ဖြတ်လမ်းမှ အပြေးအလွှား ရောက်ရှိလာပြီး ပြောဆိုသည်မှာ 'အို၊ မူစာ၊ နန်းတွင်းသားများသည် အသင်နှင့် ပတ်သက်၍ သတ်ဖြတ်ရန် တိုင်ပင်ဆွေးနွေးလျက် ရှိကြသည်။ သို့ရှိရာ အသင် ဤနေရာမှ အမြန်ဆုံးထွက်သွားပါလေ။ ကျွန်ုပ်သည် အသင့်အတွက် အကောင်းလိုလားသူ တစ်ဦး ဖြစ်ပါသည်။ ယင်းစကားကို ကြားပြီး တမန်တော်မူစာ عليه السلام သည် ထိုနေရာမှ အခြားတစ်နေရာသို့ ထွက်ခွာသွားလေသည်။ မည်သည့်နေရာသို့ သွားရမည်ကို မသိရှိသည့်အတွက် ကြောက်ရွံ့စိုးရိမ်မှုကြောင့် နှုတ်မှ ဒိုအာပြုသည်မှာ 'အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား မတရား ဖိနှိပ်သောသူများ၏ လက်မှ လွတ်မြောက်မှု ပေးသနားတော်မူပါ။ ငြိမ်းချမ်းသာယာသော နေရာသို့ ပို့ပေးသနားတော်မူပါ။'

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

وَلَمَّا بَلَغَ اَشُدَّهٗ وَاسْتَوٰى

တွင် اشد စာလုံး၏ အဓိပ္ပာယ်မှာ စွမ်းအားနှင့် ပြင်းထန်မှုသည် အဆုံးစွန်အထိ ရောက်ရှိခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ လူသားသည် အားနည်းသည့် ငယ်စဉ်ကလေးဘဝမှ တစ်ဖြေးဖြေးနှင့် တစ်ဆင့်ပြီး တစ်ဆင့် စွမ်းအားဘက်သို့ တိုးပွားသွားသူ၏ ဖြစ်ပေါ်တည်ရှိမှုတွင် ဖြစ်ထွန်းနိုင်သမျှ စွမ်းအား အားလုံး

ဖြစ်သွားသည့် အချိန်တစ်ချိန် ရောက်ရှိလာမည် ဖြစ်သည်။ ထိုသို့ ပြည့်ဝသွားသော အချိန်ကို أشد ဟု ခေါ်ဆိုပေသည်။ ဤခွန်အားသည် ရေ၊ မြေ၊ လေ ဒေသမတူညီခြင်းနှင့် လူမျိုးစုများ၏ ပင်ကိုယ် သဘောသဘာဝအရ အသီးသီး ဖြစ်ပေသည်။ အချို့ထံ أشد အချိန်ကာလသည် လျင်မြန်စွာ ရောက်ရှိလာပြီး အချို့ထံ ကြာမြင့်မှ ရောက်ရှိလာတတ်ပေသည်။ သို့သော် ဟရေသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် မိုဂျာဟိဒ် မှ အစ်ဒ်အိဗ်နီဟိုမိုင်ဒ်၏ ဆင့်ပြန်ချက်ဖြင့် ဤသို့ ကောက်နုတ်တင်ပြထားပေသည်။ ၎င်းမှာ- أشد ၏ အသက်အရွယ်သည် သုံးဆယ်သုံးနှစ်ဖြစ်သည်။ ယင်းအသက်အရွယ်ကို ခွန်အားပြည့်စုံသည့် အသက်အရွယ် တည်ငြိမ်သည့် အသက်အရွယ်ဟူ၍ ခေါ်ဆိုကြသည်။ ထိုအသက်အရွယ်တွင် ကိုယ်ခန္ဓာ၏ ဖွံ့ဖြိုးထွားကြိုင်းခြင်းသည် အတိုင်းအတာတစ်ခုသို့ ရောက်ရှိပြီး ရပ်တန့်သွား၏။ ထို့နောက်ပိုင်း အသက်လေးဆယ် အထိ တည်ငြိမ်သည့်ကာလ ဖြစ်သည်။ ယင်းအသက်အရွယ်ကိုပင်လျှင် استوى ဟု ခေါ်ဆို သုံးနှုန်းကြပေသည်။ အသက်လေးဆယ်နောက် ခွန်အားကျဆင်း အားနည်းသည့် အသက်အရွယ် အစပြုတော့သည်။ ထိုအချက်မှ သိရှိရသည်မှာ أشد ဟူသော အသက်အရွယ်သည် သုံးဆယ်သုံးနှစ်မှ စပြီး အသက်လေးဆယ် အထိ ဖြစ်သည်။ *[ရှုဟွလ်မအာနီ၊ ကုရ်သုဗီ]*

اٰتَيْنٰهُ حُكْمًا وَّعِلْمًا

ဤနေရာတွင် حُكم သည် 'နဗူဝသ်' (နဗီဖြစ်ခြင်း) နှင့် 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်း) ကို ဆိုလိုပေသည်။

وَدَخَلَ الْمَدِيْنَةَ عَلٰى حِيْنِ غَفْلَةٍ مِّنْ اَهْلِهَا

ဤနေရာတွင် اَلْمَدِيْنَةَ (မြို့) ၏ အလိုသဘောမှာ သဗ်စီးရ်ပညာရှင်အများစု၏ အဆိုအရ 'မိဆွေရ်' မြို့ဖြစ်သည်။ ထိုမြို့၌ ဝင်ရောက်ခဲ့သည်ဟူသော စာလုံးမှ သိရှိရသည်မှာ မူစာ عليه السلام သည် 'မိဆွေရ်' မြို့ပြင် တစ်နေရာသို့ သွားရောက်လျက် ရှိသည်။ တစ်ဖန် တစ်နေ့တွင် လူအများ မေ့လျော့နေသည့် အချိန်မျိုး၌ ထိုမြို့အတွင်း ဝင်ရောက်ခဲ့သည်။ အရှေ့၌ ကိဗ်သ်ဳလူမျိုးအား သတ်ဖြတ်မိခြင်းနှင့် စပ်လျဉ်း၍ တင်ပြထားသော နေရာ၌လည်း တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထိုအချိန်က တမန်တော်မူစာ عليه السلام သည် မိမိ နဗီနှင့် ရစူလ်ဖြစ်ခြင်း၊ ၎င်းနောက် စစ်မှန်သော သာသနာအား ဖော်ထုတ်ရာ အချို့မှာ တမန်တော်မူစာ عليه السلام ၏ နောက်လိုက်များ ဖြစ်သွားခဲ့ကြသည်။ အမိန့်နာခံသူများ ဖြစ်သွားခဲ့ကြသည်။ مِنْ شِيْعَتِه စာလုံးသည် ယင်းအချက်အား သက်သေထူလျက် ရှိသည်။ အဆိုပါအကြောင်းခံများအားလုံးဖြင့် အိဗ်နေအိစ်ဟာက် နှင့် အိဗ်နေဇိုင်ဒ်မှ ကောက်နုတ်တင်ပြထားသော ထိုဆင့်ပြန်ချက်များကို လေးနက်စေပါသည်။ ၎င်းမှာ မူစာ عليه السلام အရွယ်ရောက်လာသောအခါ စစ်မှန်သည့် သာသနာတော်၏ စကားရပ်များကို လူများအား ပြောကြားသော အချိန်တွင် ဖိရ်အောင်နိသည် တမန်တော်မူစာ عليه السلام အား ဆန့်ကျင်လေတော့သည်။ မူစာ عليه السلام အား သတ်ဖြတ်ရန် ဆန္ဒပြုခဲ့သည်။ ဖိရ်အောင်နိ၏ ဇနီးဖြစ်သူ ဟရေသ်အာစီယာခင်မ၏ လျှောက်ထားချက်အရ မူစာ عليه السلام အား သတ်ဖြတ်ခြင်းမှ နောက်ဆုတ်ခဲ့သည်။ သို့သော် မူစာ عليه السلام ကို မြို့မှ ထွက်သွား

ရန် အမိန့်ပေးခဲ့သည်။ ထို့နောက် တမန်တော်မူစာ ﷺ သည် မြို့တွင်းတစ်နေရာ၌ နေထိုင်၍ တစ်ခါတစ်ရံ ပုန်းနိုင်ပြီး 'မိဆွေရ်'မြို့တွင်းသို့ လာလေ့ရှိသည်။

၎င်းနောက် عَلٰى حِيْنِ غَفْلَةٍ مِّنْ اَهْلِهَا ၏ အလိုသဘောမှာ အဖွင့်ပညာရှင်အများစုထံတွင် အညီပါအချိန်သည် လူအများ နေ့အခါတွင် ခေတ္တအိပ်စက်ကြသည့် နေ့လယ်ချိန်ဖြစ်သည်။ *[ကုရ်သုဗီ]*

فَوَكَزَهٗ مُوْسٰى

တွင် وكز ၏ အဓိပ္ပာယ်မှာ 'လက်သီးဖြင့် ထိုးခြင်း' ဖြစ်သည်။ قَضَاهُ ، فَقَضٰى عَلَيْهِ နှင့် قَضٰى عَلَيْهِ ဟူသော စာလုံးသည် 'တစ်ဦးတစ်ယောက်အား လုံး၀ အဆုံးစီရင်လိုက်ခြင်း ပြီးဆုံးအောင် ပြုလုပ်လိုက်ခြင်း' စသည့်အခါမျိုး၌ အသုံးပြုကြသည့် ဝါကျဖြစ်သည်။ ဤအတွက်ကြောင့်ပင် ဤနေရာ၌ ၎င်းစာလုံး၏ အဓိပ္ပာယ်ကို သတ်ဖြတ်ခြင်းဟူ၍ ဆိုထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

قَالَ رَبِّ اِنِّيْ ظَلَمْتُ نَفْسِيْ فَاغْفِرْ لِيْ فَغَفَرَ لَهٗ

ဤအာယသ်တော်၏ အလိုသဘောမှာ မူစာ عليه السلام သည် ကိဗ်သီကာဖိရ်အား မရည်ရွယ်ဘဲ သတ်ဖြတ်မှု ဖြစ်ပေါ်ခဲ့သည်။ မူစာ عليه السلام သည် ဤသည်ကိုလည်း မိမိ၏ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်း ၎င်းကြီးမြင့်သော အဆင့်အတန်းကို ထောက်ရှုလျက် မိမိ၏ အပြစ်ကျူးလွန်ခြင်းဟု သတ်မှတ်၍ အလ္လာဟ် အသျှင်မြတ်ထံတော်တွင် 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့်ရရန် တောင်းခံခဲ့သည်။ အလ္လာဟ်အသျှင် မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိုက်သည်။ ဤနေရာတွင် စောဒကမေးခွန်းတစ်ရပ် ပေါ်ပေါက် လာသည်မှာ ဤကိဗ်သီကာဖိရ်သည် တရားတော်၏ ဝေါဟာရ၌ ဟရ်ဗီကာဖိရ်တစ်ဦး ဖြစ်သည်။ ၎င်းအား သိလျက်နှင့် တမင်သတ်ဖြတ်လျှင်လည်း 'မုဗာဟ်'နှင့် လုပ်ပိုင်သော အလုပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မည်သည့်အစ္စလာမ့်အုပ်ချုပ်မှု၏ အသက်အိုးအိမ် လုံခြုံမှုပေးခံရသူ 'ဇင်မီ'လည်း မဟုတ်။ မူစာ عليه السلام နှင့် ကတိခံဝန်ချက် ပြုထားခြင်းလည်းမရှိ။ သို့ပါလျက် မူစာ عليه السلام သည် ၎င်းအား သတ်ဖြတ်မိ ခြင်းကို ရှိက်သွာန်၏ လုပ်ရပ်ဟုလည်းကောင်း၊ အပြစ်ဟုလည်းကောင်း အဘယ်ကြောင့် သတ်မှတ်ခဲ့ပါ သနည်း။ ၎င်းအား သတ်ဖြတ်ခြင်းသည် အကျိုးကုသိုလ်ပင် ရရန် ထိုက်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မွတ်စ္စလင်မ်တစ်ဦးအပေါ် မတရားမှုပြုနေသည့်အတွက် ထိုမွတ်စ္စလင်မ်ကို ကယ်တင်ရန် ကြိုးပမ်းရာ၌ ထိုသတ်ဖြတ်မှု ဖြစ်ပေါ်ခဲ့၍ ဖြစ်ပါသည်။

ထိုစောဒကမေးခွန်း၏ အဖြေမှာ ကတိခံဝန်ချုပ်သည် နှုတ်အားဖြင့်ဖြစ်စေ၊ ရေးသားခြင်းဖြင့် ဖြစ်စေ အတည်ဖြစ်သကဲ့သို့ အများအားဖြင့် အစ္စလာမ့်နိုင်ငံများတွင် ထိုကဲ့သို့ပင် အစ္စလာမ့်အုပ်ချုပ်ရေး လက်အောက်တွင် ရှိသော ဇင်မီကာဖိရ်တို့နှင့် ကတိခံဝန်ချက်ပြုခြင်း၊ (သို့) မွတ်စ္စလင်မ်မဟုတ်သူများနှင့် အစ္စလာမ့်အုပ်ချုပ်ရေး အာဏာပိုင်တို့ကြား ကတိခံဝန်ချက်ပြုခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ ဤကတိခံဝန် ချက်သည် ပညာရှင်အားလုံးထံတွင် လိုက်နာပြုကျင့်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ ဆန့်ကျင်မှုပြုခြင်းကတိကို

မွေးမြူတော်မူသော အသျှင်မြတ်၊ ကောန်အမှန် ကျွန်တော်မျိုးသည် အသျှင်မြတ် ကျွန်တော်မျိုးထံ ချပေးသနားတော်မူသော မည်သည့်ကောင်းမြတ်သည့် အရာကိုမဆို လိုလားတောင့်တသူ ဖြစ်ပါသည်' ဟု လျှောက်ထားပန်ကြားခဲ့လေသည်။

فَجَآءَتۡهُ إِحۡدَىٰهُمَا تَمۡشِي عَلَى
ٱسۡتِحۡيَآءٖ قَالَتۡ إِنَّ أَبِي يَدۡعُوكَ لِيَجۡزِيَكَ أَجۡرَ مَا سَقَيۡتَ لَنَاۚ
فَلَمَّا جَآءَهُۥ وَقَصَّ عَلَيۡهِ ٱلۡقَصَصَ قَالَ لَا تَخَفۡۖ نَجَوۡتَ مِنَ
ٱلۡقَوۡمِ ٱلظَّٰلِمِينَ ٢٥

၂၈ : ၂၅ ။ ။ ထို့နောက် (မကြာမီပင်) ၎င်း (အမျိုးသမီး) နှစ်ဦးအနက်၊ တစ်ဦးသည် ယင်း (မူစာ) ထံသို့ ရှက်ကြောက်စွာ လျှောက်လျက် လာပြီး၊ 'အသင်သည် ကျွန်ုပ်တို့အား ငဲ့ညှာ၍ (ကျွန်ုပ်၏ တိရစ္ဆာန်များကို) ရေတိုက်ခဲ့သော အကျိုးကျေးဇူးကို အသင့်အား ပြန်ဆပ်ရန်အလို့ငှာ၊ ကျွန်ုပ်၏ ဖခင်သည် အသင့်အား ခေါ်နေပါသည်' ဟု ပြောဆိုလေ၏။ ထို့နောက် ယင်း (မူစာ) သည် ၎င်းသူ (ဖခင်) ၏ထံသို့ ရောက်ရှိလာခဲ့ပြီး ဖြစ်ကြောင်းကုန်စင်ကို ၎င်းသူ (ဖခင်၏) ရှေ့ဝယ် ပြောပြခဲ့သောအခါ ၎င်း (ဖခင်ဖြစ်သူ) က 'အသင်သည် မစိုးရိမ်လေနှင့်။ အသင်သည် မတရားသောသူတို့ (၏ဘေးရန်) မှ လွတ်မြောက်ခဲ့လေပြီ' ဟု ပြောဆိုလေ၏။ (အဖွင့်ပညာရှင်အများစု၏ ယူဆချက်အရ ဖခင်ဖြစ်သူမှာ တမန်တော် ရှုအိုက်ဗ် ဖြစ်သည်ဟု ဖွင့်ဆိုထားပေသည်။)

قَالَتۡ إِحۡدَىٰهُمَا يَٰٓأَبَتِ ٱسۡتَـٔۡجِرۡهُۖ إِنَّ خَيۡرَ مَنِ ٱسۡتَـٔۡجَرۡتَ ٱلۡقَوِيُّ ٱلۡأَمِينُ ٢٦

၂၈ : ၂၆ ။ ။ ထို (အမျိုးသမီး) နှစ်ဦးအနက် တစ်ဦးက (မိမိ၏ ဖခင်အား) 'အို့, ဖခင်၊ အသင် (ဖခင်) သည် ၎င်းသူအား (သူရင်းငှာအဖြစ်) ငှားထားပါ။ ကောန်မလွဲ အသင် (ဖခင်) သည် (သူရင်းငှားအဖြစ်) ငှားအံ့သော သူတို့တွင် ခွန်အားရှိသူ၊ ယုံကြည်စိတ်ချအပ်သောသူသည် အကောင်းဆုံးပင် ဖြစ်ပါသည်' ဟု ပြောဆိုလေ၏။

قَالَ إِنِّيٓ أُرِيدُ أَنۡ أُنكِحَكَ
إِحۡدَى ٱبۡنَتَيَّ هَٰتَيۡنِ عَلَىٰٓ أَن تَأۡجُرَنِي ثَمَٰنِيَ حِجَجٖۖ فَإِنۡ أَتۡمَمۡتَ
عَشۡرٗا فَمِنۡ عِندِكَۖ وَمَآ أُرِيدُ أَنۡ أَشُقَّ عَلَيۡكَۚ سَتَجِدُنِيٓ إِن
شَآءَ ٱللَّهُ مِنَ ٱلصَّٰلِحِينَ ٢٧

၂၈ : ၂၇ ။ ။ ၎င်း (ဖခင်ဖြစ်သူ) က (မူစာအား) 'အသင်သည် ကျွန်ုပ်ထံ ရှစ်နှစ်တိုင်အောင် သူရင်းငှား (လုပ်ငှား) လုပ်ရန် စည်းကမ်းချက်ကို လက်ခံနိုင်မည် ဖြစ်ပါက၊ ကောန်အမှန် ကျွန်ုပ်သည် မိမိ၏ ဤသမီးနှစ်ယောက်အနက် တစ်ယောက်

ယောက်နှင့် အသင့်အား ထိမ်းမြားရှ် ပေးရန် ရည်စူးသည်။ သို့ရာတွင် အကယ်၍ အသင်သည် ဆယ်နှစ်ပြည့်အောင် လုပ်ခဲ့ပါလျှင် အသင့်ဘက်မှ (ကျေးဇူးပြုခြင်း) ပင် ဖြစ်ပေမည်။ စင်စစ် ကျွန်ုပ်သည် အသင့်အပေါ်၌ ကျပ်တည်းခဲယဉ်းမှု ဖြစ်စေရန် လိုလားသည်မဟုတ်ပေ။ အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် များမကြာမီ အသင်သည် ကျွန်ုပ်အား သူမွန်သူမြတ်တစ်ဦးဖြစ်ကြောင်း တွေ့ရှိပါလိမ့်မည်'ဟု ပြောကြားခဲ့လေသည်။

قَالَ ذَٰلِكَ بَيْنِي وَبَيْنَكَ ۖ أَيَّمَا الْأَجَلَيْنِ
قَضَيْتُ فَلَا عُدْوَانَ عَلَيَّ ۖ وَاللَّهُ عَلَىٰ مَا نَقُولُ وَكِيلٌ ۝٢٨

၂၈ : ၂၈ ။ ။ ထိုအခါ ၎င်း (မူစာ) က ဤစည်းကမ်းချက်သည် အသင်နှင့် ကျွန်ုပ်၏စပ်ကြား (အတည်) ဖြစ်ခဲ့လေပြီ။ ကန့်သတ်ပြီးဖြစ်သော ကာလအပိုင်းအခြား နှစ်ခုအနက် မည်သည့်ကာလ အပိုင်းအခြားကိုမဆို ကျွန်ုပ် ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပါလျှင် ကျွန်ုပ်အပေါ်၌ မည်သို့မျှ အဓမ္မပြုလုပ်ရန် အကြောင်းမရှိတော့ပြီ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့ ပြောဆိုကြသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ သက်သေဖြစ်တော်မူပါသည်' ဟု ပြောဆိုခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် မူစာ ﵇ သည် (ဤဒိုအာကို တောင်းဆို၍ အရပ်တစ်ဘက်သို့ အလ္လာဟ်အသျှင်မြတ် အပေါ် ယုံပုံအားကိုးခြင်း၊ အကွယ်မှ အကူအညီကို မျှော်လင့်ခြင်းတို့ဖြင့် ထွက်လာခဲ့သည်။ အလ္လာဟ် အသျှင်မြတ်၏ အကွယ်မှ အကူအညီပင်ဖြစ်၏။) 'မဒ်ယန်'မြို့ဘက်သို့ ဖြစ်နေလေသည်။ (လမ်းမသိသည့် အတွက် စိတ်ဝါတ်ကြွခိုင်မှုနှင့် ယုံကြည်အားကိုးခြင်း၊ ၎င်းစိတ်ဖြေသည့် သဘောကို မိမိကိုယ်မိမိ) ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား (ငြိမ်းချမ်းသော နေရာတစ်ခုသို့) ဖြောင့်မတ်သော လမ်းအား ညွှန်ပြတော်မူမည်ကို မျှော်လင့်ရပါသည်'ဟု မြွက်ဆိုခဲ့လေသည်။ (ဤသို့ဖြင့် ၎င်းမျှော်လင့်သည့်အတိုင်းပင် ဖြစ်ခဲ့လေသည်။ မဒ်ယန်မြို့သို့ ရောက်ရှိသွားသည်။ မဒ်ယန်မြို့၏ ရေတွင်းသို့ ရောက်လေသောအခါ ထိုရေတွင်းတွင် (အမျိုးမျိုးသော) လူအုပ်စုတစ်စုအား (ထိုရေတွင်းမှ ရေများ ငင်ယူ၍ မိမိတို့၏ တိရစ္ဆာန်များကို) ရေတိုက်ကျွေးနေကြသည်ကို တွေ့ရှိရလေသည်။ ထိုသူတို့၏ အခြားတစ်ဖက်၌ အမျိုးသမီးနှစ်ဦးတို့သည် (မိမိတို့၏ တိရစ္ဆာန်များကို) တားဆီးထိန်းသိမ်းလျက် ရပ်နေသည်ကို တွေ့ရလေသည်။ မူစာ ﵇ က (၎င်းတို့အား) 'အသင်မတို့နှစ်ဦး၏ အဖြစ်က မည်သို့ပါနည်း'ဟု မေးမြန်းလေသည်။ ထိုမိန်းမနှစ်ဦးက (ကျွန်မတို့၏ ထုံးစံမှာ) 'ကျွန်မတို့သည် (မိမိတို့၏ တိရစ္ဆာန်များကို) ဤသိုးထိန်းကျောင်းသူတို့က (ရေတွင်း၌ ရေတိုက်ကျွေးနေသူများက) ရေတိုက်ကျွေးပြီး (တိရစ္ဆာန်များကို) ဖယ်ထုတ်မသွားမချင်း ကျွန်မတို့သည် မိမိတို့၏ တိရစ္ဆာန်များကို ရေတိုက်ကျွေးခြင်း မပြုနိုင်ပါ။ (အကြောင်းတစ်ချက်မှာ အရှက်တရားကြောင့်ဖြစ်ပြီး အခြားအကြောင်းတစ်ချက်မှာ အမျိုးသားများနှင့် ယှဉ်ပြိုင်နိုင်ရန် အမျိုးသမီးများ အဖို့ အဘယ်မှာလျှင် ဖြစ်နိုင်အံ့နည်း။) ၎င်းနောက် အမှန်စင်စစ် (ဤကဲ့သို့ အခြေအနေမျိုးတွင် ကျွန်မတို့

လာရန်ပင် အကြောင်းမရှိ။ သို့သော်) ကျွန်မတို့၏ ဖခင်သည် အလွန် အသက်အရွယ် ကြီးရင့်သူ ဖြစ်ပါသည်' ဟု ပြောကြားခဲ့ကြသည်။ (အိမ်၌ အလုပ်များ လုပ်ကိုင်ပေးနိုင်သူဟူ၍ အခြားမည်သူမျှ မရှိပါ။ လုပ်ကိုင်ရန် အရေးကြီးသော အလုပ်များမှာလည်း ရှိနေပါသည်။ ထို့ကြောင့် မဖြစ်မနေ ကျွန်မတို့ အလုပ် လုပ်ကြရ ပါသည်။)

ထိုအခါ (ဤစကားများကို နားထောင်လျက်) မူစာ (عليه السلام) သည် (ကရုဏာသက်ပြီး) သူမတို့နှစ်ဦး အတွက် ရေ (ငင်၍ သူမတို့၏ တိရစ္ဆာန်များကို) တိုက်ကျွေးလေသည်။ (၎င်းနောက် သူမတို့အား စောင့်ဆိုင်း ရခြင်းနှင့် ရေငင်ရသည့် ဒုက္ခတို့မှ ကင်းဝေးစေခဲ့သည်။) တစ်ဖန် (ထိုနေရာမှ) လှည့်၍ အရိပ် (တစ်ခု) တွင် သွား၍ ထိုင်နေခဲ့သည်။ (တောင်၏ အရိပ်လည်း ဖြစ်နိုင်၏။ သစ်ပင်၏ အရိပ်လည်း ဖြစ်နိုင်၏။) ထို့နောက် (အသျှင်မြတ်ထံတော်ပါး၌) 'အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ (ဤအချိန်တွင်) မည်သည့် ကျေးဇူးတော်ပင်ဖြစ်စေ (နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ) ကျွန်တော်မျိုးအပေါ်သို့ အသျှင်မြတ် ချပေးသမျှတို့အား ကျွန်တော်မျိုးသည် (အပြင်းအထန်) လိုလားတောင့်တသူ ဖြစ်ခဲ့ပါသည်'ဟု တောင်းခံ လျှောက်ထားခဲ့လေသည်။ (အကြောင်းမှာ ခရီးလမ်းတစ်လျှောက်လုံးတွင် မည်သည့်အစားအသောက်မျှ မရရှိခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအတွက် အစီအမံများ ပြုပေးတော်မူသည်မှာ ထိုအမျိုးသမီး နှစ်ဦးသည် မိမိတို့အိမ်သို့ ပြန်ရောက်လာကြသည်ကို တွေ့၍ ဖခင်ကြီးက အခါတိုင်းထက် စော၍ ပြန်ရောက် လာကြသည့် အကြောင်းအရင်းကို မေးမြန်းစုံစမ်းရာ သူမတို့နှစ်ဦးက မူစာ (عليه السلام) နှင့် တွေ့ခဲ့ရသည်မှ စ၍ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။ ထိုအခါ ဖခင်က သမီးတစ်ဦးအား '၎င်းအား သွားရောက် ခေါ်လာခဲ့ပါ' ဟု စေလွှတ်လိုက်သည်။)

မူစာ (عليه السلام) ထံသို့ ယင်းအမျိုးသမီးနှစ်ဦးအနက် တစ်ဦးသည် ရှက်ကြောက်နေသည့် ပုံစံဖြင့် လျှောက် လှမ်းလာခဲ့ပြီး (ဤသည်မှာ ဂုဏ်သိက္ခာရှိသော အမျိုးသမီးတို့၏ ပင်ကိုယ်ဗီဇ စရိုက်ပင် ဖြစ်သည်။) 'အသင်သည် ကျွန်မတို့အား ငဲ့ညှာ၍ (ကျွန်မတို့၏ တိရစ္ဆာန်များကို) ရေတိုက်ကျွေးပေးခဲ့သည်ကို ကျေးဇူး တုန့်ပြန်ရန် ကျွန်မ၏ ဖခင်သည် အသင့်အား ခေါ်နေပါသည်' ဟု ပြောဆိုလေသည်။ (ထိုအမျိုးသမီးသည် မိမိ၏ ဖခင်က ကျေးဇူးတုန့်ပြန်လို၍ ခေါ်ခိုင်းခြင်းဖြစ်ကြောင်း၊ ဖခင်၏ ဓလေ့ကို သိရှိ၍ ဖြစ်ပေမည်။ မူစာ (عليه السلام) သည် သူမနှင့်အတူ လိုက်လာခဲ့သည်။ ဤသို့ လိုက်လာရခြင်းမှာလည်း မူစာ (عليه السلام) သည် မိမိ ၏ ကူညီမှုအပေါ် အဖိုးအခရယူရန်အတွက် မဟုတ်။ သို့ရာတွင် လုံခြုံ၍ ငြိမ်းချမ်းသော နေရာနှင့် သနား ကြင်နာတတ်သည့် မိတ်ဆွေတစ်ဦးဦးကို ရှာဖွေနေသော အချိန်ဖြစ်၍ လိုက်သွားခဲ့ခြင်းဖြစ်သည်။ ပြင်းထန်စွာ ဆာလောင်မွတ်သိပ်ခြင်းကလည်း ထိုသို့ လိုက်သွားခြင်း၏ အကြောင်းခံဟုဆိုလျှင်လည်း မည်သို့မျှ ကိစ္စ မရှိပေ။ ၎င်းမှာ အဖိုးအခ ရယူခြင်းနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ကျွေးမွေးရန် ဖိတ်ခေါ်ခြင်းတွင်လည်း အထူးသဖြင့် လိုအပ်ချက်ဖြစ်ပေါ်နေချိန်ဖြစ်သည့်အပြင် အထူးသဖြင့် မွန်မြတ်သော ပုဂ္ဂိုလ်များထံမှ မည်သည့် သေးသိမ်မှုမျှလည်း မဖြစ်နိုင်။ မည်သို့ပင်ဆိုစေ အခြားသူတစ်ဦးတစ်ယောက်၏ ဖိတ်ခေါ် ကျွေးမွေးခြင်းကို လက်ခံရသည်ဖြစ်၍ လက်ခံလိုက်သည်။ လမ်းသွားနေရင်းမှ မူစာ (عليه السلام) သည် ထိုအမျိုးသမီးအား 'အသင်မ ကျွန်ုပ်၏နောက်မှ လျှောက်ပါ။ ကျွန်ုပ်သည် အိဗ်ရာဟီမ် (عليه السلام) ၏ သားမြေးများမှ ဖြစ်ပါသည်။ သူစိမ်း

တစ်ရံစာ အမျိုးသမီးကို အကြောင်းမဲ့ ရည်ရွယ်ချက်မပါသော်လည်း ကြည့်ရမည်ကို မနှစ်သက်သည့်အတွက် ဖြစ်သည်။' နောက်ဆုံးတွင် ဤပုံစံအတိုင်း အဘိုးအိုထံသို့ ရောက်ရှိပြီး) ထို့နောက် မူစာ ﷺ သည် ထို (အဘိုးအို) ထံသို့ ရောက်ရှိလာခဲ့သည်။) ၎င်းအား ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ ၎င်းက (အားပေးစကား ပြောကြားလေသည်။ ထို့နောက်) 'အသင် (ယခု) မစိုးရိမ်လေနှင့်။ အသင်သည် မတရားပြုသူတို့မှ လွတ်မြောက်ခဲ့လေပြီ' ဟု ပြောဆိုလေသည်။

(အဘယ်ကြောင့်ဆိုသော် ဤနေရာ၊ ဤဒေသတွင် ဖိရ်အောင်န်၏ နောက်လိုက်များ မရှိသောကြောင့်ပင် ဖြစ်သည်။ တစ်ဖန်) အမျိုးသမီးတစ်ဦးက 'အို၊ ဖခင်၊ (ဖခင်အဖို့ သူရင်းငှား လိုအပ်နေပါသည်။ သမီးတို့သည်လည်း အသိကြွယ် အရွယ်ရောက်သူများ ဖြစ်ကြကုန်ပါပြီ။ ယခု ကျွန်မတို့အတွက် အိမ်၌သာ နေထိုင်ရန် သင့်တော်ပါမည်။ သို့ပါ၍) ဖခင်သည် ဤသူအား သူရင်းငှားအဖြစ် ထားလိုက်ပါ။ အကြောင်းမှာ သူရင်းငှားကောင်းမှ ခွန်အားရှိသူ (ဖြစ်ခြင်းနှင့်) ယုံကြည်စိတ်ချရသူသာလျှင် ဖြစ်ပါသည်'ဟု ပြောဆိုလေသည်။ (ဤသူတွင် ဖော်ပြပါ အရည်အချင်းနှစ်မျိုးစလုံး ပြည့်စုံပါသည်။ ခွန်အားနှင့် စပ်လျဉ်း၍ ရေတွင်းမှ ရေငင်သည့်အချိန်၌လည်းကောင်း၊ ယုံကြည်စိတ်ချရခြင်းနှင့် စပ်လျဉ်း၍ ၎င်း၏ ဆက်ဆံမှုအထူးသဖြင့် လမ်းတွင် အမျိုးသမီးကို နောက်မှ လျှောက်ထားစေခြင်းဖြင့်လည်းကောင်း အထင်အရှားပင် ပေါ်လွင်ခဲ့ပြီးဖြစ်သည်။ ဤအကြောင်းကို မိမိ၏ ဖခင်အားလည်း တင်ပြပြောဆိုပြီး ဖြစ်သည်။ ထိုသို့ဖြစ်သည့်အပေါ် ထို (ဖခင်ဖြစ်) သူက မူစာ ﷺ အား 'အသင်သည် ကျွန်ုပ်ထံတွင် ရှစ်နှစ် သူရင်းငှားလုပ်မည်ဟူသော စည်းကမ်းချက်ကို လက်ခံလျှင် အသင့်အား ကျွန်ုပ်၏ သမီးနှစ်ဦးအနက် တစ်ဦးဦးနှင့် ထိမ်းမြားပေးရန် ရည်ရွယ်ပါသည်။ (ဤသူရင်းငှားလုပ်ခြင်း၏ အစားသည် 'နေကာဟ်'ဖြစ်သည်။ ဆိုလိုသည်မှာ ရှစ်နှစ်တိုင်တိုင် သူရင်းငှားပြုလုပ်ခြင်းသည် ထို 'နေကာဟ်'၏ 'မဟာရ်'ဖြစ်သည်။) တစ်ဖန်အကယ်၍ အသင်သည် ၁၀ နှစ်ပြည့်အောင် ပြုလုပ်ခဲ့ပါလျှင် အသင့်ဘက်မှ (ကျေးဇူးပြုခြင်း) ဖြစ်ပေမည်။ (ဆိုလိုသည် မှာ ကျွန်ုပ်ဘက်မှ အသင့်အား အတင်းအကြပ်ပြုလုပ်မည် မဟုတ်ပါ။)

ထို့နောက် ကျွန်ုပ်သည် (ဤကိစ္စတွင်) အသင့်အပေါ် အကြပ်အတည်းဖြစ်စေရန် မလိုလားပါ။ (ဆိုလိုသည်မှာ အလုပ်လုပ်ကိုင်ခြင်းနှင့် အချိန်လေးစားခြင်း စသည့် ကိစ္စများတွင် အဆင်ပြေ လွယ်ကူစေခြင်းများဖြင့် ဆက်ဆံပါမည်။) အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် အသင်သည် ကျွန်ုပ်အား ကောင်းသောသူတစ်ဦးအဖြစ် တွေ့ရှိရပါလိမ့်မည်'ဟု ပြောဆိုလေသည်။ မူစာ ﷺ သည် (သဘောတူလက်ခံလိုက်လေသည်။) ၎င်းနောက် ဤစကားများသည် အသင်နှင့် ကျွန်ုပ်အကြား (အတည်) ဖြစ်ခဲ့ လေပြီ။ ထိုသတ်မှတ်ကာလ နှစ်ခုအနက် မည်သည့်ကာလကိုမဆို ကျွန်ုပ် ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပါလျှင် ကျွန်ုပ်အပေါ်၌ မည်သည့်ပုံစံနှင့်မျှ အဓမ္မပြုရန်အတွက် အကြောင်းရှိမည်မဟုတ်တော့ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့ ပြောဆိုနေကြသည်တို့နှင့် စပ်လျဉ်း၍ သက်သေဖြစ် (လုံလောက်) တော်မူပေသည်။ (ထိုအသျှင်မြတ်အား သက်သေအဖြစ် ထားရှိ၍ ကတိကို ဆောင်ရွက်ကြရန်သာ ရှိပေတော့သည်ဟု ပြောဆိုလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَمَّا تَوَجَّهَ تِلْقَاءَ مَدْيَنَ

مَدْيَنَ 'မဒ်ယန်း'သည် ဆီးရီးယားနိုင်ငံရှိ မြို့တစ်မြို့၏ အမည်ဖြစ်သည်။ မဒ်ယန်းဗင်နံအိဗ်ရာဟီးမ် ဟူသော အိဗ်ရာဟီးမ် عليه السلام ၏ သားတော်အမည်ကို မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ဤဒေသသည် ဖိရ်အောင်န် ၏ အုပ်ချုပ်ရေးနယ်ပယ်၏ ပြင်ပ၌ ဖြစ်သည်။ အီဂျစ်မှ မဒ်ယာန်းအထိ အကွာအဝေးသည် မန်ဇိလ် (၈) ခု ကွာဝေးသည်။ ဟဇရသ်မူစာ عليه السلام အဖို့ ဖိရ်အောင်န်စစ်တပ်က နောက်မှလိုက်လာသောအခါ သဘာဝ အလျောက် စိုးရိမ်ကြောက်ရွံ့မှု ဖြစ်ပေါ်ခဲ့သည်မှာ 'နုဗူဝသ်' (နဗီဖြစ်ခြင်း) နှင့် ဆန့်ကျင်သော ကိစ္စရပ် မဟုတ်ပါ။ 'သဝပ်က်ကွလ်' (ယုံပုံအားကိုးမှု) နှင့်လည်း ဆန့်ကျင်သော ကိစ္စရပ်မဟုတ်ပါ။ အီဂျစ်မှ ထွက်ခွာရန် ရည်ရွယ်ခဲ့ချိန်တွင် မဒ်ယန်မြို့ဘက်သို့ ထွက်ခွာစေခြင်း သတ်မှတ်ရခြင်းမှာ မဒ်ယန်သည်လည်း အိဗ်ရာဟီမ် عليه السلام ၏ သားစဉ်မြေးဆက်တို့၏ မြို့ဖြစ်ခြင်း၊ ၎င်းနောက် ဟဇရသ်မူစာ عليه السلام သည်လည်း ဟဇရသ်အိဗ်ရာဟီမ် عليه السلام ၏ သားမြေးများမှ ဖြစ်ခြင်းကြောင့် ဖြစ်ပေမည်။

ထိုအချိန်က ဟဇရသ်မူစာ عليه السلام တွင် ခရီးဆောင်ပစ္စည်း လုံးဝ မပါရှိခဲ့ပေ။ စားသောက်ဖွယ်ရာ များနှင့် ခရီး၌ လိုအပ်ချက်ဖြစ်မည့် မည်သည့်အသုံးအဆောင်ပစ္စည်းမျှ မပါဘဲ ဤအတိုင်းပင် အီဂျစ်မှ ထွက်ခွာလာခဲ့သည်။ ခရီးစဉ်လမ်းကြောင်းကို သိရှိခဲ့ခြင်းလည်း မရှိ။ ဤသို့ အကြပ်အတည်း အခက်အခဲ များ ရှိနေသည့်အချိန်တွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုလျက်

عَسٰى رَبِّىْٓ اَنْ يَّهْدِ يَنِىْ سَوَآءَ السَّبِيْلِ

'ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား မှန်ကန်သော လမ်းကို ပြသတော်မူလိမ့်မည် ဟု မျှော်လင့် ရသည်' ဟူသာ ရွတ်ဆိုနေခဲ့ပေသည်။

အလ္လာဟ်အသျှင်မြတ်သည် ဤဒိုအာကို လက်ခံတော်မူလိုက်သည်။ အဖွင့်ပညာရှင်များက တင်ပြ ကြသည်မှာ 'ဤခရီးစဉ်တွင် ဟဇရသ်မူစာ عليه السلام ၏ အစားအစာမှာ သစ်ရွက်များသာ ဖြစ်ခဲ့သည်။ ဟဇရသ် အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်က မိန့်ဆိုသည်မှာ 'ဤသည် ဟဇရသ်မူစာ عليه السلام အဖို့ ပထမဦးဆုံးသော စမ်းသပ် ခံရမှုဖြစ်သည်။ ဟဇရသ်မူစာ عليه السلام အား စမ်းသပ်မှုများအကြောင်းသည် စူရာဟ်သွာဟာတွင် ရှည်လျား သော ဟဒီးစ်တော်တစ်ရပ်ဖြင့် တင်ပြခဲ့ပြီး ဖြစ်သည်။

وَلَمَّا وَرَدَ مَآءَ مَدْيَنَ وَجَدَ عَلَيْهِ اُمَّةً مِّنَ النَّاسِ يَسْقُوْنَ

مَآءَ مَدْيَنَ ဆိုသည်မှာ ထိုမြို့ရွာရှိ လူတို့က မိမိတို့၏ တိရစ္ဆာန်များကို ရေတိုက်ကျွေးသည့် ရေတွင်း ဖြစ်သည်။

وَوَجَدَ مِنْ دُوْنِهِمُ امْرَاَتَيْنِ تَذُوْدٰنِ

ဆိုလိုသည်မှာ 'အမျိုးသမီးနှစ်ဦးသည် မိမိတို့၏ ဆိတ်များကို အခြားသူတို့၏ ဆိတ်များနှင့် ရောနှော မသွားစေရန် ရေတွင်းဘက်သို့ သွားခြင်းမှ တားဆီးထိန်းသိမ်းနေသည်ကို တွေ့မြင်ရလေသည်'ဟု ဖြစ်သည်။

قَالَ مَا خَطْبُكُمَا قَالَتَا لَا نَسْقِىْ حَتّٰى يُصْدِرَ الرِّعَآءُ وَاَبُوْنَا شَيْخٌ كَبِيْرٌ

خطب ဟူသော စာလုံးသည် အရေးပါသောကိစ္စအတွက် အခြေအနေ မည်သို့ရှိသည်ကို မေးမြန်းရာ၌ သုံးစွဲသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ မူစာ ﷺ သည် ထိုအမျိုးသမီးနှစ်ဦးအား 'အသင်မတို့သည် မိမိတို့၏ ဆိတ်များကို ထိန်းသိမ်း၍ ရပ်နေကြသည်။ အခြားသူများကဲ့သို့ ရေတွင်းအနီးသို့ မောင်း၍ အဘယ်ကြောင့် ရေမတိုက်ပါသနည်း။ အသင်မတို့နှစ်ဦး၏ အဖြစ်အပျက်က မည်သို့ပါနည်း' ဟု မေးမြန်းခဲ့သည်။ ထိုအခါ ထိုအမျိုးသမီးနှစ်ဦးက 'ကျွန်မတို့သည် အမျိုးသားများနှင့် ရောနှောခြင်းမှ ရှောင်ကြဉ်ရန်အတွက် ဤသူများ ရေတွင်း၌ ရှိနေသည့်အချိန်အထိ ကျွန်မတို့၏ ဆိတ်များကို ရေတိုက်ကျွေးခြင်း မပြုပါ။ ၎င်းတို့ ထွက်ခွာသွားသည့်အခါတွင်မှ ကျွန်မတို့သည် မိမိတို့၏ ဆိတ်များကို ရေတိုက်ကြပါသည်' ဟု ဖြေကြားလေသည်။ ဤနေရာတွင် 'ဤအလုပ်အတွက် ဆောင်ရွက်မည့် အမျိုးသားများ အသင်မတို့၌ မရှိပါသလော'ဟူသော မေးခွန်း ပေါ်ပေါက်လာသည်။ ဤမေးခွန်း၏ အဖြေကိုလည်း ထိုအမျိုးသမီးနှစ်ဦးက 'ကျွန်မတို့၏ ဖခင်သည် အသက်အရွယ် အိုမင်းနေပြီးဖြစ်သည်။ ၎င်းသည် ဤအလုပ်များကို မလုပ်နိုင်တော့ပါ။ ထို့ကြောင့် ကျွန်မတို့မှာ အခက်အခဲဖြစ်ရပါသည်'ဟု တစ်ဆက်တည်း ဖြေကြားခဲ့သည်။

ဤဖြစ်ရပ်မှ အရေးကြီးသော သိမှတ်ဖွယ်ရာများ သိရှိရပေသည်။ ၎င်းတို့မှာ-

(၁) အားနည်းသူများအား ကူညီစောင့်မခြင်းသည် နဗီတမန်တော်တို့၏ စွန္နသ်ဖြစ်သည်။ ဟဇရတ် မူစာ ﷺ သည် 'ဆိတ်များကို ရေတိုက်ကျွေးရန် မောင်းလာသော်လည်း လူစုများပြားခြင်းကြောင့် ရေတိုက်ခွင့် မရသေးသည့် အမျိုးသမီးနှစ်ဦးကို တွေ့မြင်ပြီး 'အသင်မတို့၏ အဖြစ်အပျက်၊ အခြေအနေ မည်သို့ပါနည်း' ဟု မေးမြန်းခဲ့သည်။

(၂) ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ရန် မစိုးရိမ်ရပါက အရေးကြီးကိစ္စ လိုအပ်ချက် တစ်စုံတစ်ရာ ပေါ်ပေါက်နေသည့် အခါမျိုးတွင် သူစိမ်းတစ်ရံစာ အမျိုးသမီးများနှင့် စကားပြောဆိုခြင်းမှာ မည်သို့မျှ ကိစ္စမရှိပေ။

(၃) စင်စစ် ဤဖြစ်ရပ်သည် အမျိုးသမီးတို့အပေါ်တွင် 'ပရ်ဒဟ်'ပြုရန် တာဝန်မရှိ၊ အရေးမကြီးသော ထိုခေတ်ထိုအခါက ဖြစ်ခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်သည်။ 'ပရ်ဒဟ်'ပြုရန် တာဝန်မရှိသည့် ထိုအစဉ်အလာသည် အစ္စလာမ့်ခေတ်ဦးကာလ အထိတိုင် ရှိနေခဲ့သည်။ မဒီနာသို့ ဟိဂျ်ရဉ်ပြုပြီး နောက်ပိုင်းတွင်မှ အမျိုးသမီးများအတွက် 'ပရ်ဒဟ်'၏ အမိန့်တော်များ ကျရောက်လာခဲ့သည်။ သို့ရာတွင် ထိုခေတ်အခါတွင်လည်း 'ပရ်ဒဟ်'၏ အဓိကရည်ရွယ်ချက်ဖြစ်သော ပင်ကိုယ်ဗီဇ ဂုဏ်သိက္ခာမြင့်မြတ်မှု၊ တန်ဖိုးထားမှုနှင့် အရှက်သိက္ခာတရားတို့သည် အမျိုးသမီးများ၌ ရှိပြီးသား ဖြစ်ကြသည်ကို သိရှိရသည်။ လိုအပ်ချက် ဖြစ်ပေါ်သည့်တိုင် အမျိုးသားများနှင့် ရောနှောရမည်ကို မနှစ်သက်ကြပေ။ ဒုက္ခခံခြင်းကိုသာ လက်ခံခဲ့ကြသည်။

(၆) အမျိုးသမီးများအဖို့ ဤကဲ့သို့သော ကိစ္စများအတွက် အပြင်သို့ ထွက်ခြင်းသည် ထိုခေတ်သမယ၌လည်း နှစ်သက်ဖွယ်လုပ်ရပ်မဟုတ်ကြောင်း သိရှိရသည်။ ထို့ကြောင့်ပင် ၎င်းမျိုးသမီးနှစ်ဦးတို့က မိမိတို့ဖခင် မတတ်နိုင်၍သာ မိမိတို့ လုပ်နေရခြင်းဖြစ်ကြောင်းကို ၎င်းတို့အတွက် ချွင်းချက် အကြောင်းပြချက်အဖြစ် တင်ပြခဲ့ကြခြင်း ဖြစ်သည်။

فَسَقٰى لَهُمَا

ဆိုလိုသည်မှာ 'မူစာ ﷺ သည် ထိုအမျိုးသမီးနှစ်ဦးကို ကရုဏာသက်ပြီး ရေတွင်းမှ ရေများငင်ယူ၍ ၎င်းတို့၏ ဆိတ်များကို ရေတိုက်ကျွေးခဲ့သည်' ဟု ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'သိုး၊ ဆိတ် စသည်တို့ကို ကျောင်းသူတို့သည် မိမိတို့၏ တိရစ္ဆာန်များကို ရေတိုက်ကျွေးပြီးသောအခါ ထိုရေတွင်းကို အလွန်လေးလံသည့် ကျောက်တုံးကြီးတစ်တုံးဖြင့် ပိတ်ထားလေ့ ရှိကြသည်။ ထိုအမျိုးသမီးနှစ်ဦးမှာ မိမိတို့၏ ဆိတ်များအတွက် ကျန်ရှိခဲ့သော အကြွင်းအကျန်ရေများကိုသာ တိုက်ကျွေးနိုင်ကြပေသည်။ ဤလေးလံသည်ဆိုသော ကျောက်တုံးကြီးမှာ လူ (၁၀) ဦး ဝိုင်း၍ မ,ရလေ့ ရှိသော ကျောက်တုံးကြီးဖြစ်သည်။ သို့ရာတွင် မူစာ ﷺ သည် ထိုကျောက်တုံးကြီးကို တစ်ဦးတည်း မ,၍ ဖယ်ရှားပစ်လိုက်သည်။ ထို့နောက် ရေတွင်းမှ ရေငင်ခဲ့သည်။ ထို့အတွက်ကြောင့်ပင် ထိုအမျိုးသမီးနှစ်ဦးအနက် တစ်ဦးက မူစာ ﷺ နှင့် စပ်လျဉ်း၍ 'ဤသူသည် ခွန်အားဗလနှင့် ပြည့်စုံသူဖြစ်သည်' ဟု မိမိ၏ ဖခင်အား ပြောဆိုခြင်း ဖြစ်ပေမည်။ *[ကုရ်သုဗီကျမ်း]*

ثُمَّ تَوَلّٰىٓ اِلَى الظِّلِّ فَقَالَ رَبِّ اِنِّىْ لِمَآ اَنْزَلْتَ اِلَىَّ مِنْ خَيْرٍ فَقِيْرٌ

ဟဇရတ်မူစာ ﷺ သည် ခုနစ်တိုင်တိုင် မည်သည့်အစားအစာမျှ စားသုံးခြင်း မပြုခဲ့ရပေ။ ထိုအချိန်က သစ်ပင်တစ်ပင်၏ အရိပ်အောက်သို့ လာရောက်၍ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မိမိ၏ အခြေအနေနှင့် လိုလားတောင့်တမှုတို့ကို တင်ပြတောင်းခံခဲ့သည်။ ဤသည်မှာ ဒိုအာဆုမွန်တောင်းခံရာ၌ အလွန်သိမ်မွေ့သော နည်းတစ်ခု ဖြစ်သည်။

خَيْرٌ 'ခိုင်ရ်' ဟူသော စာလုံးသည် တစ်ခါတစ်ရံ ဥစ္စာပစ္စည်း၏ အဓိပ္ပာယ်အတွက် လာရှိသည်။ ဥပမာ- اِنْ تَرَكَ خَيْرَا ۨ الْوَصِيَّةُ ၎င်းအဓိပ္ပာယ်အတွက်ပင် လာရှိထားသည်။ တစ်ခါတစ်ရံ ခွန်အား၊ အင်အား၏ အဓိပ္ပာယ်အတွက်လည်း လာရှိသည်။ ဥပမာ- اَهُمْ خَيْرٌ اَمْ قَوْمُ تُبَّعٍ ၌ ၎င်းအဓိပ္ပာယ်အတွက်ပင် လာရှိထားသည်။ တစ်ခါတစ်ရံ ဤနေရာ၌ လာရှိသည့် အလိုသဘောအတိုင်း စားဖွယ်ရာများအတွက်လည်း လာရှိသည်။ *[ကုရ်သုဗီကျမ်း]*

فَجَآءَتْهُ اِحْدٰىهُمَا تَمْشِىْ عَلَى اسْتِحْيَآءٍ

ကုရ်အာန်၏ ဓလေ့နှင့်အညီ ဤနေရာတွင် ဖြစ်ရပ်ကို အတိုချုံး၍ တင်ပြထားသည်။ အဖြစ်အပျက်အပြည့်အစုံမှာ 'ဤအမျိုးသမီးနှစ်ဦးသည် မိမိတို့ ပုံမှန်ရောက်နေကျ အချိန်ထက်အလျင် စော၍ အိမ်သို့ ပြန်ရောက်လာကြသောအခါ ၎င်းတို့၏ ဖခင်က အကြောင်းစုံကို မေးမြန်းရာ ၎င်းတို့က ဖြစ်ကြောင်းကုန်စင်

ပြောပြကြလေသည်။ ဖခင်သည် ထိုသို့ ကျေးဇူးပြု ကူညီသူအား ပြန်လည် ကျေးဇူးဆပ်ရန်အတွက် သမီးနှစ်ယောက်အနက် တစ်ယောက်ကို အခေါ်လွှတ်လိုက်၏။ ထိုအမျိုးသမီးသည် အရှက်အိန္ဒြေဖြင့် လျှောက်လှမ်းရင်း ရောက်ရှိလာသည်။ ဤနေရာ၌လည်း 'ပရ်ဒဟ်'၏ အမိန့်သည် စနစ်တကျ ကျရောက်ခြင်း မရှိသေးသည့်တိုင် ကောင်းမြတ်သော အမျိုးသမီးများသည် အမျိုးသား တို့နှင့် စည်းလွတ်ဘောင်လွတ် စကားပြောဆိုခြင်း မပြုခြင်းနှင့် လိုအပ်ချက်အရ တွေ့ဆုံ စကားပြောဆိုရလျှင်လည်း အရှက်သိက္ခာတရားဖြင့် စကားပြောဆိုလေ့ ရှိကြခြင်းအပေါ် ညွှန်ပြနေပေသည်။ အချို့အဖွင့်ပညာရှင်များက ဤနေရာတွင် ထိုအမျိုးသမီးစကား ပြောဆိုသည့် ပုံသဏ္ဍာန်ကို တင်ပြကြသည်မှာ 'သူမသည် မိမိ၏မျက်နှာကို အင်္ကျီလက်အစဖြင့် ဖုံးကွယ်၍ စကားပြောဆိုခဲ့သည်' ဟု ဖြစ်သည်။ သဖ်စီးရ်၏ ဆင့်ပြန်များတွင် မူစာ ﷺ သည် သူမနှင့်အတူ လိုက်လာသောအခါ သူမအား 'အသင်မသည် ကျွန်ုပ်၏ နောက်မှ လျှောက်ပါ။ နှုတ်ဖြင့် ကျွန်ုပ်အား လမ်းပြပါ' ဟု ပြောဆိုခဲ့သည်။ ရည်ရွယ်ချက်မှာ မိမိ၏အကြည့် အမျိုးသမီးအပေါ်သို့ မကျရောက်စေရန်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် အမျိုးသမီးက မိမိ၏ဖခင်အား ၎င်းနှင့်ပတ်သက်၍ ယုံကြည်စိတ်ချရသူဖြစ်ကြောင်း တင်ပြခြင်းဖြစ်ပေမည်။ ဤအမျိုးသမီးတို့၏ ဖခင်သည် မည်သူဖြစ်ပါသနည်း' ဟု ဆိုရာ၌ သဖ်စီးရ်အဖွင့် ပညာရှင်များအကြား ကွဲလွဲသော ဆင့်ပြန်ချက်များ လာရှိသည်။ သို့ရာတွင် ကုရ်အာန်၏ အာယသ်တော်များမှ ၎င်းပုဂ္ဂိုလ်သည် ဟဇရသ်ရှုအိုက်ဗ် ﷺ ဖြစ်သည်မှာ ထင်ထင်ရှားရှား သိရှိရပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်တွင် وَاِلٰى مَدْيَنَ اَخَاهُمْ شُعَيْبًا ဟု လာရှိထားသည်။

[ကုရ်သုဗီကျမ်း]

اِنَّ اَبِىْ يَدْعُوْكَ

ဤနေရာတွင် ယင်းအမျိုးသမီးသည် မိမိဘက်မှ ၎င်းအား ဖိတ်ခေါ်လျှင်လည်း ဖိတ်ခေါ်နိုင်သည်။ သို့သော်လည်း ထိုသို့ အလျှဉ်းမဖိတ်ခေါ်ခဲ့ပါ။ ထိုမျှမက မိမိဖခင်မှ အခေါ်လွှတ် ဖိတ်ကြကြောင်းကို တင်ပြလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူစိမ်းအမျိုးသားတစ်ဦးကို အမျိုးသမီးတစ်ဦးကိုယ်တိုင်က ဖိတ်ခေါ်ခြင်းမှာ အရှက်သိက္ခာနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။

اِنَّ خَيْرَ مَنِ اسْتَاْجَرْتَ الْقَوِىُّ الْاَمِيْنُ

ဆိုလိုသည်မှာ ရှုအိုင်ဗ် ﷺ ၏ သမီးတစ်ဦးက မိမိ၏ဖခင်အား ပြောကြားသည်မှာ 'ဖခင်အဖို့ အိမ်၏ လုပ်ငန်းဆောင်တာများအတွက် သူရင်းငှား လိုအပ်နေပါသည်။ ဖခင်သည် ၎င်းအား သူရင်းငှားအဖြစ် ထားလိုက်ပါ။ အဘယ်ကြောင့်ဆိုသော် သူရင်းငှား အလုပ်သမားတစ်ဦးတွင် အလုပ်လုပ်ကိုင်နိုင်သော အရည်အချင်း ခွန်အားဗလနှင့် ဒုတိယမှာ စိတ်ချယုံကြည်ရသူဖြစ်ရန် အရေးကြီးပါသည်။ ကျွန်မတို့သည် ထိုသူတွင် ကျောက်တုံးကြီးကို မ,၍ ရေတိုက်ကျွေးစဉ်က ၎င်း၏ ခွန်အားဗလကိုလည်းကောင်း၊ လမ်းတွင် အမျိုးသမီးကို မိမိ၏ နောက်မှ လျှောက်စေခြင်းဖြင့် ၎င်း၏ သစ္စာသမာဓိကိုလည်းကောင်း တွေ့မြင်သိရှိခဲ့ကြပြီး ဖြစ်သောကြောင့်ပင်' ဟု ဖြစ်သည်။

ဝန်ထမ်း (သို့) ရာထူးရာခံ တာဝန်ပေးအပ်ရန် အရေးကြီးသော စည်းကမ်းချက်မှာ နှစ်မျိုးရှိခြင်း

ဟဇရတ်ရှုအိုင်ဗ် ﷺ ၏ သမီး နှုတ်လျှာအပေါ်တွင် အလ္လာဟ်အသျှင်မြတ်သည် အလွန်သိမ်မွေ့နက်နဲသော အမြော်အမြင်ရှိသည့် စကားများကို တွက်ပေါ်စေတော်မူခဲ့သည်။ မျက်မှောက်ခေတ်ကာလ၌ အစိုးရ ရာထူးရာခံများ၊ ဝန်ထမ်းများရွေးချယ်ရန်အတွက် လုပ်ငန်းအရည်အချင်းနှင့် ဒီဂရီဘွဲ့များကိုသာ ကြည့်ရှုကြသည်။ သို့သော် ယုံကြည်စိတ်ချရခြင်းနှင့် သစ္စာသမာဓိရှိခြင်းကို အာရုံမထားကြတော့ပေ။ ထို့ကြောင့် ရုံးဌာနဆိုင်ရာများတွင်လည်းကောင်း၊ ရာထူးရှင်တို့၏ လုပ်ဆောင်ချက်များတွင်လည်းကောင်း၊ အပြည့်အဝ အောင်မြင်ရမည့်အစား လာဘ်စားခြင်း၊ ဆွေမျိုးများကို ဦးစားပေးခြင်း စသော အကြောင်းများဖြင့် ဥပဒေပြဋ္ဌာန်းချက်များ အကျိုးမရှိ အသက်မဲ့လျက် ရှိသည်။ ဤကုရ်အာန်၏ လမ်းညွှန်ချက်ကို တန်ဖိုးထားလိုက်မည်ဆိုလျှင် လုပ်ငန်းဆောင်တာအားလုံး၏ အစီအမံများ ကောင်းမွန်သွားပေလိမ့်မည်။

قَالَ اِنِّيْٓ اُرِيْدُ اَنْ اُنْكِحَكَ اِحْدَى ابْنَتَيَّ هٰتَيْنِ

ဆိုလိုသည်မှာ အမျိုးသမီးနှစ်ဦး၏ ဖခင် ဟဇရတ်ရှုအိုင်ဗ် ﷺ သည် ကိုယ်တိုင်ပင် မိမိဘက်မှ မိမိ၏ သမီးကို ၎င်းနှင့် ထိမ်းမြားပေးရန် ရည်ရွယ်ချက်ကို ထုတ်ဖော်ခဲ့သည်။ ထို့ကြောင့် ထိုဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် သမီးရှင်များအနေဖြင့် ကောင်းမြတ်သူတစ်ဦးကို တွေ့ရှိရလျှင် ထိုသူ့ဘက်မှ ကမ်းလှမ်းမှုပြုမည်ကို မစောင့်ဆိုင်းဘဲ မိမိဘက်မှပင် စ၍ တင်ပြကမ်းလှမ်းခြင်းမှာ နဗီတမန်တော်တို့၏ စွန္နသ်ဖြစ်ကြောင်း သိရှိရသည်။ ဥပမာ- အုမရ်ဗင်နိခဉ်သွားဗ် ﷺ သည် မိမိ၏ သမီးဟဇရတ်ဟဖ်ဆွဟ် ﷺ မုဆိုးမဖြစ်သွားလေသောအခါ မိမိကိုယ်တိုင်ပင် ဟဇရတ်အဗူဗကရ် ﷺ နှင့် ဟဇရတ်အွတ်စ်မားန် ﷺ တို့အား မိမိ၏သမီးနှင့် 'နေကာဟ်'ပြုပါရန် တင်ပြကမ်းလှမ်းခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

اِحْدَى ابْنَتَيَّ هٰتَيْنِ

ဟဇရတ်ရှုအိုင်ဗ် ﷺ သည် သမီးနှစ်ဦးအနက် တစ်ဦးဦးကို သတ်မှတ်၍ ပြောဆိုနေခြင်းမဟုတ်ဘဲ ၎င်းတို့နှစ်ဦးအနက် တစ်ဦးဦးကို အသင်နှင့် ထိမ်းမြားပေးလိုသည်ဟုသာ ပြောဆိုခဲ့သည်။ ဤပြောဆိုမှုသည် စနစ်တကျ 'နေကာဟ်'ထိမ်းမြားမှုပြုပေးသည့် စကားမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'နေကာဟ်' အတည်ဖြစ်ရန်အတွက် သက်သေများရှေ့မှောက်၌ 'အီဂျာဗ်' (စကားကမ်းလှမ်းခြင်း)၊ 'ကဗူလ်' (လက်ခံခြင်း) ပြုရန်မှ အရေးကြီး၍ စည်းကမ်းချက်ဖြစ်သည်။ ဤအထက်ပါပြောကြားချက်သည် အပေးအယူကိစ္စအတွက်သာ ဖြစ်၏။ ဤအတွက်ကြောင့်ပင် အသင့်အဖို့ (၈) နှစ်တိုင်တိုင် သူရင်းငှားပြုပေးခြင်းကို ဤ 'နေကာဟ်'၏ အစားအဖြစ် သဘောတူပါက ကျွန်ုပ်သည် 'နေကာဟ်'ပြုပေးပါမည်'ဟု ပြောဆိုခြင်းဖြစ်သည်။ ဟဇရတ်မူစာ ﷺ သည် ဤစကားအပေါ် သဘောတူ လက်ခံခဲ့လေသည်။

၎င်းမှ အလိုအလျောက် ပေါ်ပေါ်လွင်လွင် သိရှိရသည်မှာ နောက်ပိုင်းတွင် စနစ်တကျ 'နေကာဟ်' ပြုပေးခဲ့မည်ဖြစ်၏။ ကုရ်အာန်ကျမ်းတော်မြတ်သည် များသောအားဖြင့် ဖြစ်ရပ်တို့၏ ဖြစ်စဉ်များမှာ

အရိပ်အမြွက်စကားအားဖြင့် အကြောင်းအရာတစ်ခုကို ပေါ်လွင်ထင်ရှားအခိုင်အမာ သိရှိရသည်ဆိုလျှင် ထိုဖြစ်ရပ်နှင့်ပတ်သက်သည့် အစိတ်အပိုင်းများကို တင်ပြခြင်း မပြုတော့ပေ။ ဤသို့ သိမ်မွေ့ နက်နဲသော တင်ပြချက် ရှိထားခြင်းပြီး ဖြစ်၍ ထပ်မံ၍ 'နေကာဟ်'ပြုပေးမည့် အမျိုးသမီးကို သတ်မှတ်ခြင်း မပြုဘဲ (သို့) သက်သေများမရှိဘဲ မည်ကဲ့သို့ 'နေကာဟ်'ပိုင်ပါမည်နည်း' ဟု ဒွိဟသံသယ မထားအပ်တော့ပေ။

[ရူဟွလ်မအာနီကျမ်း၊ ဗယာနုလ်ကုရ်အာန်ကျမ်း]

عَلٰٓى اَنْ تَاْ جُرَنِىْ ثَمٰنِىَ حِجَجٍ

ဤသည်မှာ (၈) နှစ်တိုင် သူရင်းငှားအဖြစ် အလုပ်လုပ်ပေးခြင်းကို 'နေကာဟ်'၏ 'မဟရ်'အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ဤနေရာတွင် ဖေကာဟ်ပညာရှင် အေမာမ်ကြီးများအကြား ကွဲလွဲမှုများ ရှိသည်မှာ ခင်ပွန်းသည်မှ မိမိဇနီး၏ အလုပ်ကို လုပ်ကိုင်ပေးခြင်း၊ သူရင်းငှားအဖြစ် လုပ်ကိုင်ပေးခြင်းကို ဇနီးသည်၏ 'မဟရ်'အဖြစ် သတ်မှတ်နိုင်ပါသလော' ဟူ၍ ဖြစ်သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ အာရဗီဘာသာဖြင့် ရေးသားထားသော 'အဟ်ကာမွလ်ကုရ်အာန်'ကျမ်း၌ 'စူရာဟ်ကဆွဆ်'တွင် အသေးစိတ်လေ့လာနိုင်ပါသည်။ သာမန်လူများအဖို့ 'အကယ်၍ ဤ 'မဟရ်'ကိစ္စသည် ရှရီအသေမုဟမ္မဒီယဟ် (တမန်တော်မြတ် ﷺ ၏ ရှရီအသ်) တွင် မပိုင်သည့်တိုင် 'ရှရီအသေရှုအိုင်ဗ်' (ရှုအိုက်ဗ် ﷺ ၏ ရှရီအသ်) တွင် ပြုပိုင်ခဲ့သည်'ဟု သိရှိထားလျှင် လုံလောက်ပေသည်။ နဗီတမန်တော်များ၏ 'ရှရီအသ်'တရားတော်များတွင် ဤသို့ အကိုင်း အလက်အားဖြင့် ကွဲလွဲမှုရှိခြင်းအပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ အထောက်အထားများရှိသည်။ အေမာမ် အာဇူဟာနီဖဟ် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဇနီးသည်၏ သူရင်းငှားအဖြစ် လုပ်ကိုင်ပေးခြင်းကို 'မဟရ်' အဖြစ် သတ်မှတ်ခြင်းမပြုနိုင်'ဟု ဖြစ်သည်။ သို့ရာတွင် ဆင့်ပြန်ချက်တစ်ခု၌ နောင်းခေတ်ပညာရှင်တို့က ဖသ်ဝါပေးထားသည်မှာ ဇနီးသည်ကိုယ်တိုင်က သူရင်းငှားပြုလုပ်ခြင်းကို မိမိ၏ 'မဟရ်'အဖြစ် သတ်မှတ်ပါက ခင်ပွန်းသည်၏ ဂုဏ်သိက္ခာ ရှိသေလေးစားမှုနှင့် ဆန့်ကျင်သည်။ သို့ရာတွင် ဇနီးသည်၏ အလုပ်မှာ အိမ်မှ အပြင်ထွက်၍ လုပ်ရသော အလုပ်မျိုးဖြစ်လျှင် ဥပမာ– တိရစ္ဆာန်များကျောင်းခြင်း၊ (သို့) ကူးသန်း ရောင်းဝယ်ခြင်း စသော အလုပ်မျိုးဖြစ်ပြီး အကယ်၍ ထိုအလုပ်အတွက် လစား (သို့) နေ့စား ပုံစံဖြင့် ကာလကိုလည်း သတ်မှတ်ခြင်းပြုခဲ့ပါလျှင်၊ ဥပမာ– ဤဖြစ်ရပ်၌ (၈) နှစ်ဟု သတ်မှတ်ထားသည်။ ထို သတ်မှတ်ကာလအတွက် ဇနီးသည်က ပေးဆောင်ရန်ဖြစ်သော လုပ်အားခကို 'မဟရ်'အဖြစ် သတ်မှတ်ပေး ခြင်း ပိုင်သည်။

သို့ရာတွင် အခြားမေးခွန်းတစ်ခု ထပ်မံပေါ်ပေါက်လာသည်မှာ 'မဟရ်'သည် ဇနီးသည်၏ ပိုင်ဆိုင်မှု အခွင့်အရေးဖြစ်သည်။ ဇနီးသည်၏ ဖခင် (သို့) နီးစပ်သူဆွေမျိုးတစ်ဦးဦးကို ဇနီး၏ခွင့်ပြုချက်မရှိဘဲ 'မဟရ်' ငွေကို ပေးလိုက်သည်ဆိုလျှင် 'မဟရ်'ပေးခြင်း အထမမြောက်ပါ။ ဤဖြစ်ရပ်တွင် اَنْ تَاْجُرَنِىْ ဟူသော စာလုံးများအရ 'ဖခင်ဖြစ်သူက မူစာ ﷺ အား မိမိ၏ အလုပ်အတွက် သူရင်းငှားအဖြစ် ထားလိုက်သောအခါ သူရင်းငှားပြုပေးခြင်းမှ ရရှိသော အကျိုးအမြတ်သည် ဖခင်ကိုသာ ရရှိကြောင်း ပေါ်လွင်နေပါသည်။

သို့ဖြစ်ပေရာ ဤအကျိုးအမြတ်သည် အမျိုးသမီး၏ 'မဟရ်'မည်သို့ ဖြစ်နိုင်ပါမည်နည်း'ဟု ဖြစ်သည်။ ၄င်း၏ အဖြေမှာ-

(၁) ဤဆိတ်အုပ်သည် သမီးတို့ပိုင်ဆိုင်သော ဆိတ်အုပ်ဖြစ်သည်။ ထို့ကြောင့် ထိုသူရင်းငှား ပြုပေးခြင်း၏ အကျိုးအမြတ်သည် သမီးများအပေါ်သို့သာ သက်ရောက်သည်။

(၂) အကယ်၍ ဖခင်၏ အလုပ်ကို လုပ်ဆောင်ပေးရပြီး ထိုအလုပ်၏ လုပ်အားခ၊ လခသည် ဖခင်၏ တာဝန်ဖြစ်သွားသည့်အတွက် ထိုလုပ်အားခငွေသည် အမျိုးသမီး၏ 'မဟရ်' ဖြစ်သွားပေသည်။ သမီး၏ ခွင့်ပြုချက်ဖြင့် ဖခင်သည် ထို 'မဟရ်'ကို သုံးစွဲခြင်း ပြုနိုင်သည်။ ဤနေရာတွင် အမျိုးသမီး၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ကြောင်း အထင်အရှားပင် ဖြစ်သည်။

ဓမ္မသတ် ။ ။ **اُنۡكِحَكَ** ဟူသော စကားလုံးဖြင့် သိရှိရသည်မှာ 'နေကာဟ်'ကိစ္စကို ဖခင်ကပင် ပြုလုပ်ခဲ့သည်'ဟု ဖြစ်သည်။ ဖေကာဟ်ပညာရှင်များက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်မှာ 'သမီး၏ ဖခင်အနေဖြင့် မိမိသမီး၏ 'နေကာဟ်'အရေးကိစ္စကို တာဝန်ခံသူအဖြစ် ဦးဆောင်၍ ပြုလုပ်သင့်သည်' ဟု ဖြစ်သည်။ သမီးကိုယ်တိုင် မိမိ 'နေကာဟ်'ကို မပြုလုပ်ရ။ ဒုတိယအချက်မှာ အမျိုးသမီးတစ်ဦးသည် မိမိ၏ 'နေကာဟ်'ကို မိမိကိုယ်တိုင် အခက်အခဲ အကြောင်းတစ်စုံတစ်ရာကြောင့် ပြုလုပ်လိုက်သည်ဆိုလျှင် ထို 'နေကာဟ်'သည် ပိုင်သွားပါသလော'ဟု ဖြစ်သည်။ ဤနေရာတွင် အေမာမ်ကြီးများအကြား ကွဲလွဲမှုရှိသည်။ အေမာမ်အဘူဟနီဖာဟ် (ရဟ) ထံတွင် 'နေကာဟ်'ပိုင်သွားပါသည်။ ဤအာယသ်တော်သည် ဤအကြောင်းနှင့်စပ်လျဉ်း၍ မည်သည့်ဆုံးဖြတ်ချက်မျှ မပြုထားပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَلَمَّا قَضٰى مُوۡسَى الۡاَجَلَ وَسَارَ بِاَهۡلِهٖۤ اٰنَسَ مِنۡ جَانِبِ
الطُّوۡرِ نَارًا‌ ۚ قَالَ لِاَهۡلِهِ امۡكُثُوۡۤا اِنِّىۡۤ اٰنَسۡتُ نَارًا لَّعَلِّىۡۤ اٰتِيۡكُمۡ
مِّنۡهَا بِخَبَرٍ اَوۡ جَذۡوَةٍ مِّنَ النَّارِ لَعَلَّكُمۡ تَصۡطَلُوۡنَ ﴿۲۹﴾

၂၈ : ၂၉ ။ ။ ထို့နောက် မူစာသည် ကန့်သတ်၍ ထားခဲ့သော ကာလအပိုင်းအခြားကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီး၊ မိမိ၏ အိမ်သူအိမ်သားတို့နှင့်အတူ (ခေါ်ဆောင်၍ ခရီး) သွားခဲ့သောအခါ ၄င်း (မူစာ) သည် 'သူရ်'မည်သော တောင်ရှိရာဘက်တွင် မီးရောင်တစ်ခုကို တွေ့မြင်ခဲ့လေ၏။ (ထိုအခါ) ၄င်း (မူစာ) က မိမိ၏ အိမ်သူအိမ်သားတို့အား 'အသင်တို့သည် (ဤနေရာ၌ပင်) စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ ကေန်အမှန် ကျွန်ုပ် မီးရောင်တစ်ခုကို တွေ့မြင်ရလေပြီ။ ငါသည် ထိုမီးရှိရာမှ တစ်စုံတစ်ရာ သတင်းကိုသော်လည်းကောင်း၊ မီးစ (မီးခဲ) တစ်ခုခုကိုသော်လည်းကောင်း အသင်တို့ မီးလှုံနိုင်ကြရန် ယူဆောင်၍ လာနိုင်မည် ဖြစ်သည်'ဟု ပြောကြားလေ၏။

فَلَمَّآ أَتٰىهَا نُودِيَ مِن شَاطِئِ الْوَادِ الْأَيْمَنِ فِي الْبُقْعَةِ
الْمُبٰرَكَةِ مِنَ الشَّجَرَةِ أَن يّٰمُوسٰىٓ إِنِّيٓ أَنَا اللّٰهُ رَبُّ الْعٰلَمِينَ ﴿٣٠﴾

၂၈ : ၃၀ ။ ။ ထို့နောက် ၎င်း (မူစာ) သည် ယင်းမီးရှိရာသို့ ရောက်ရှိလေသောအခါ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေရာ၌ လက်ျာဘက်ဖြစ်သော တောင်ကြားအရပ်၏ အစွန်းရှိ သစ်ပင် (တစ်ပင်) မှ (ဤသို့) အသံကြားခဲ့ရလေ၏။ 'အို, မူစာ၊ ကေန်မလွဲ ငါအသျှင်မြတ်သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။'

وَأَنْ أَلْقِ عَصَاكَ ۚ فَلَمَّا رَاٰهَا تَهْتَزُّ كَأَنَّهَا جَآنٌّ وَلّٰى
مُدْبِرًا وَلَمْ يُعَقِّبْ ۚ يٰمُوسٰىٓ أَقْبِلْ وَلَا تَخَفْ ۖ إِنَّكَ مِنَ الْاٰمِنِينَ ﴿٣١﴾

၂၈ : ၃၁ ။ ။ ထို့ပြင် အသင်သည် မိမိ၏ လှင်ကန်တောင်ဝှေးကို ပစ်ချပါလေ။ တစ်ဖန် ယင်း (မူစာ) သည် ၎င်း (တောင်ဝှေး) မှာ မြွေဖြစ်ဘိသကဲ့သို့ တွန့်လိမ်လှုပ်ရှားလျက် ရှိသည်ကို တွေ့မြင်ခဲ့လေသောအခါ ပြန်လှည့်၍ပင် မကြည့်တော့ဘဲ (တစ်ပြိုင်နက်တည်း) ကျောခိုင်း၍ နောက်သို့ ထွက်ပြေးလေ၏။ (ထိုအခါ အသျှင်မြတ်က) 'အို, မူစာ၊ ရှေ့သို့ လာခဲ့ပါလေ။ ၎င်းပြင် အသင်သည် ကြောက်ရွံ့စိုးရိမ်ခြင်း မရှိပါလေနှင့်။ ကေန်မလွဲ အသင်သည် ဘေးအန္တရာယ်ကင်းရှင်းသူတစ်ဦး ဖြစ်ပါသည်။'

اُسْلُكْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَآءَ مِنْ
غَيْرِ سُوٓءٍ ۖ وَّاضْمُمْ إِلَيْكَ جَنَاحَكَ مِنَ الرَّهْبِ فَذٰنِكَ بُرْهٰنٰنِ
مِن رَّبِّكَ إِلٰى فِرْعَوْنَ وَمَلَا۟ئِهِۦٓ ۚ إِنَّهُمْ كَانُوا قَوْمًا فٰسِقِينَ ﴿٣٢﴾

၂၈ : ၃၂ ။ ။ အသင်သည် မိမိ၏ လက်ကို ရင်ကြားထဲသို့ ထည့်သွင်းပါလေ။ (အချင်းတို့) ယင်း (လက်) သည် အပြစ်အနာအဆာ ကင်းရှင်းစွာ လင်းဝင်းတောက်ပလျက် ထွက်၍ လာပေမည်။ ၎င်းပြင် အသင်သည် ကြောက်ရွံ့စိုးရိမ်မှု ကင်းရန် အလို့ငှာ၊ မိမိ၏ လက်ကို မိမိကိုယ်နှင့် (ရင်နှင့်လည်းကောင်း၊ ချိုင်းနှင့်လည်းကောင်း ပြန့်၍) ပူးကပ်ထားပါလေ။ ဤ (တန်ခိုးတော်) နှစ်ခုသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ဖိရ်အောင်န်နှင့် ၎င်း၏ မှူးမတ်တို့ထံသို့ (ဆောင်ကြဉ်းရန်) ထင်ရှားစွာသော သက်သေအထောက်အထားနှစ်ရပ်ပင် ဖြစ်ကြပေသည်။ ကေန်စင်စစ် ၎င်းတို့မှာ အမိန့်တော်ကို သွေဖည်ကြကုန်သော အမျိုးသားများပင် ဖြစ်ကြကုန်သည်။

قَالَ رَبِّ إِنِّي قَتَلْتُ مِنْهُمْ نَفْسًا فَأَخَافُ أَن يَقْتُلُونِ ﴿٣٣﴾

၂၈ : ၃၃ ။ ။ (ထိုအခါ) ၎င်း (မူစာ) က 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကေန်စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့အနက် လူတစ်ယောက်အား သတ်မိခဲ့သည်ဖြစ်ခဲ့ရာ ၎င်းတို့သည် ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကို စိုးရိမ်မိပါသည်' (ဟု လျှောက်ထားလေသည်။)

وَاَخِيْ هٰرُوْنُ هُوَ اَفْصَحُ مِنِّيْ لِسَانًا فَاَرْسِلْهُ مَعِيَ رِدْاً
يُّصَدِّقُنِيْٓ ۡ اِنِّيْٓ اَخَافُ اَنْ يُّكَذِّبُوْنِ ﴿٣٤﴾

၂၈ : ၃၄ ။ ။ 'စင်စစ် ကျွန်တော်မျိုး၏ နောင်တော် ဟာရွန်မှာမူ စကားပြောဆိုရာတွင် ကျွန်တော်မျိုးထက် ပို၍ စကားပီသသူ၊ အာစ လျှာစ ကောင်းသူ ဖြစ်ပါသဖြင့် အသျှင်မြတ်သည် ထိုနောင်တော်အားလည်း ကျွန်တော်မျိုးနှင့်အတူ ကျွန်တော်မျိုးအား ထောက်ခံ (ပြောဆိုနိုင်ရန်) ကူညီရိုင်းပင်းသူအဖြစ် စေလွှတ်တော်မူပါ။ ကေန်မလွဲ ကျွန်တော်မျိုးသည် မိမိအား ၎င်းတို့က မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်'ဟု လျှောက်ထားပန်ကြားခဲ့လေ၏။

قَالَ سَنَشُدُّ
عَضُدَكَ بِاَخِيْكَ وَنَجْعَلُ لَكُمَا سُلْطٰنًا فَلَا يَصِلُوْنَ
اِلَيْكُمَا ۚ بِاٰيٰتِنَآ ۚ اَنْتُمَا وَمَنِ اتَّبَعَكُمَا الْغٰلِبُوْنَ ﴿٣٥﴾

၂၈ : ၃၅ ။ ။ ထိုအသျှင်မြတ်က ယခုပင် ငါအသျှင်မြတ်သည် အသင်၏ နောင်တော်ဖြင့် အသင်၏ လက်ရုံးကို တိုး၍ အားရှိစေတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးအား ဂုဏ်ရှိန်တစ်မျိုးကို ချီးမြှင့်ပေးသနားတော်မူမည်။ သို့ဖြစ်ပေရာ ၎င်း (ဖိရ်အောင်န်နှင့် ၎င်း၏ မှူးမတ်) တို့သည် အသင်တို့နှစ်ဦးအား မည်သို့မျှ ထိပါးနိုင်မည် မဟုတ်ပေ။ (အသင်တို့နှစ်ဦးသည်) ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့်တကွ (သွားကြလေကုန်။) အသင်တို့နှစ်ဦးနှင့်တကွ အသင်တို့နှစ်ဦး၏ နောက်သို့ လိုက်ကြသော သူတို့သည်ပင် အောင်နိုင်သူများ ဖြစ်ကြပေလိမ့်မည်'ဟု မိန့်ကြားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

နောက်ဆုံးတွင် မူစာ عليه السلام သည် ထိုသတ်မှတ်ထားခဲ့သော ကာလကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်။ ထို့နောက် (ဟဇရသ်ရှုအိုက်ဗ် عليه السلام ၏ ခွင့်ပြုချက်ဖြင့်) မိမိ၏ ဇနီးကို ခေါ်ဆောင်၍ (အီဂျစ်သို့မဟုတ် ဆီးရီးယားဘက်သို့) ခရီးထွက်ခဲ့လေသည်။ ဤသို့ဖြင့် (ညတစ်ညတွင် ချမ်းအေးမှုကိုလည်း ရင်ဆိုင်နေရချိန်၊ လမ်းကလည်း မှားနေချိန်တွင်) 'သူရ်'အမည်ရှိ တောင်ရှိရာဘက်တွင် မီး (ရောင်ကဲ့သို့သော အရာ) တစ်ခုကို တွေ့မြင်ရသည်။ မူစာ عليه السلام က မိမိ၏ အိမ်သူအိမ်သားများအား 'အသင်တို့ ဤနေရာ၌ပင် စောင့်ဆိုင်းနေကြကုန်။ ကျွန်ုပ်သည် မီးတစ်ခုကို တွေ့မြင်ရသည်။ (ကျွန်ုပ် ထိုနေရာသို့ သွားပါမည်။) ကျွန်ုပ်သည် ထိုနေရာမှ အသင်တို့ထံသို့ (လမ်းခရီးအတွက်) တစ်စုံတစ်ရာ သတင်း၊ သို့မဟုတ် (တောက်လောင်နေသော) မီးကျည်ခဲ မီးစတစ်ခုကို အသင်တို့ မီးလှုံနိုင်ရန် ယူဆောင်လာနိုင်ပါလိမ့်မည်' ဟု ပြောဆိုလေသည်။ ထို့နောက် မူစာ عليه السلام သည် ထိုမီးရှိရာသို့ ရောက်ရှိလေသော် ၎င်းအား ထိုကွင်းပြင်၏

လက်ျာဘက်မှ (မူစာ عليه السلام ၏ လက်ျာဘက်တွင် ဖြစ်သည်။) ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေရာရှိ သစ်ပင်တစ်ပင်မှ အသံကြားရသည်မှာ 'အို၊ မူစာ၊ ငါအသျှင်မြတ်သည် စကြဝဠာခပ်သိမ်းကို ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့နောက် ထပ်မံ၍ သိလာသည်မှာ) အသင်သည် မိမိ၏ တောင်ဝှေးကို ပစ်ချလိုက်ပါ။' (ထို့ကြောင့် မူစာ عليه السلام သည် တောင်ဝှေးကို ပစ်ချလိုက်သည်။) ထိုတောင်ဝှေးသည် မြွေဖြစ်သွားပြီး လှုပ်ရှားသွားလာနေလေသည်။) သို့ဖြစ်ပေရာ မူစာ عليه السلام သည် ထိုမြွေ အား သေးငယ်သော မြွေ (၎င်းမှာ သွားလာရာ၌ အလွန်လျင်မြန်မှု ရှိ) သကဲ့သို့ တွန့်လိမ်၍ သွားနေသည်ကို တွေ့မြင်ရလေသောအခါ ကျောခိုင်း၍ ထွက်ပြေးလေတော့သည်။ နောက်သို့ပင် လှည့်မကြည့်တော့ပေ။ (ထိုအခါ အသျှင်မြတ်က မိန့်ဆိုသည်မှာ) 'အို၊ မူစာ၊ ရှေ့သို့ လာခဲ့ပါ။ မကြောက်လေနှင့်။ အသင်သည် (အဘက်ဘက်မှ) အန္တရာယ်ကင်းရှင်းသူဖြစ်သည်။ (ဤသည်မှာ အသင့်အဖို့ မည်သည့် ကြောက်ရွံ့စိုးရိမ် ဖွယ်ရာမျှ မဟုတ်။ အသင်၏ 'မုအ်ဂျေဇာဟ်' သာလျှင် ဖြစ်သည်။ ဒုတိယ 'မုအ်ဂျေဇာဟ်' ထပ်မံ၍ ချီးမြှင့် သည်မှာ) အသင်သည် မိမိ၏လက်ကို မိမိရင်ကြားထဲသို့ ထည့်လိုက်ပါလေ။ (ထို့နောက် ပြန်၍ ထုတ်လိုက် ပါလေ။) ထိုအခါ ထိုလက်သည် အပြစ်အနာအဆာကင်းရှင်းစွာ အလွန်တရာ လင်းဝင်းတောက်ပလျက် ထွက်လာပေလိမ့်မည်။ ထို့အပြင် (အကယ်၍ တောင်ဝှေးမှ မြွေအဖြစ်သို့ ပြောင်းလဲသွားသော ဤ 'မုအ်ဂျေဇာဟ်' အားလည်း သဘာဝအလျောက် စိုးရိမ်ကြောက်ရွံ့မှု ဖြစ်ပေါ်ပါလျှင်) ကြောက်ရွံ့မှု (ကင်းစေ ရန်) အတွက် မိမိ၏ (ထို) လက်ကိုပင် (တစ်ဖန်) မိမိ၏ (ရင်ဘတ်ကြား၊ ဂျိုင်းကြား) ဖြင့် (ပထမတစ်ကြိမ် ပြုလုပ်ခဲ့သည့်အတိုင်း) ပူးကပ်ထားလိုက်ပါ။ (သို့မှသာ ထိုလက်သည် မူလပကတိအတိုင်း ဖြစ်သွားပေမည်။ ကြောက်ရွံ့စိတ်လည်း ရှိတော့မည်မဟုတ်ပေ။) သို့ဖြစ်ပေရာ ဤသည် (အသင်၏ နဗီဖြစ်ခြင်းအတွက်) အထောက်အထားနှစ်ရပ်ပင် ဖြစ်သည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်မှ ဖိရ်အောင်န်နှင့် ၎င်း၏ မှူးမတ်များထံသို့ ယူဆောင်သွားရန် ဖြစ်သည်။'

(၎င်းနှင့်စပ်လျဉ်း၍ အသင့်အား အမိန့်ပေးခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ၎င်းတို့သည် အလွန် ဆိုးသွမ်း အမိန့်ဖီဆန်သူများ ဖြစ်သည့်အတွက် ဖြစ်၏။ ဟဇရတ်မူစာ عليه السلام မှ လျှောက်ထားသည် မှာ 'အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်တော်မျိုး သွားရန် အသင့်ရှိပါသည်။ သို့သော် ကျွန်တော်မျိုးသည် အသျှင်မြတ်၏ သီးသန့် အကူအညီ လိုအပ်ပါ၏။ အဘယ်ကြောင့်ဆိုသော်) စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့အနက်မှ လူတစ်ဦးကို သတ်ဖြတ်မိခဲ့ပါသည်။ (ထို့ကြောင့် အလျင်စလိုပင်) ၎င်းတို့က ကျွန်တော်မျိုးအား သတ်ဖြတ်လိုက်မည်ကို စိုးရိမ်ရပါသည်။ (အသျှင်မြတ်၏ အမိန့်တော်များ ပို့ချနိုင်တော့မည် မဟုတ်ပေ။) ထို့အပြင် (အခြားအကြောင်းတစ်ချက်မှာ ကျွန်တော်မျိုးသည် နှုတ်လျှာ သွက်လက်စွာ စကားပြောဆိုနိုင်ခြင်း မရှိပါ။) ကျွန်တော်မျိုး၏ နောင်တော်ဟာရူန်သည်ကား စကား ပြောဆိုရာတွင် ကျွန်တော်မျိုးထက် ပို၍ နှုတ်လျှာသွက်လက်သူ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသျှင်မြတ် သည် ၎င်းအားလည်း ကျွန်တော်မျိုးအား ကူညီသူအဖြစ် ကျွန်တော်မျိုးနှင့်တကွ 'ရိစာလသ်' ချီးမြှင့် တော်မူပါ။ အဘယ်ကြောင့်ဆိုသော် (၎င်းသည် ကျွန်တော်မျိုး၏ ပြောကြားချက်များကို အတည်ပြု၍)

ထောက်ခံခြင်းကို (ကျယ်ကျယ်ပြန့်ပြန့်နှင့် အပြည့်အဝ) ပြုပေးပေလိမ့်မည်။ (အကြောင်းမှာ) ကျွန်တော်မျိုးသည် ထိုသူများက (ဖိရ်အောင်နှင့် ၎င်း၏ မှူးမတ်များက) ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်မည်ကို စိုးရိမ်မိပါသည်။ (ထိုအခါ ရင်ဆိုင်စကားပြောဆိုမှုများ ပြုရပေမည်။ ထိုသို့ ရင်ဆိုင်စကားပြောဆိုသည့်အခါ အများအားဖြင့် စကားကြွယ်သူ၊ စကားသွက်သူသာ ပို၍ အကျိုးဖြစ်ထွန်းပေမည်။) အသျှင်မြတ်က 'ငါအသျှင်မြတ်သည် ယခုပင် အသင်၏ နောင်တော်အား အသင်၏ လက်ရုံးအားအဖြစ် ပြုပေးတော်မူမည်'ဟု မိန့်ကြားတော်မူလေသည်။ (ဤသို့ဖြင့် တောင်းခံမှုတစ်ခုကို လက်ခံတော်မူလိုက်ပြီဖြစ်သည်။) ထို့ပြင် (အခြားတောင်းခံမှုတစ်ခုအား လက်ခံသည်မှာ) ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးအား ထူးခြားသော ဂုဏ်ရှိန်တစ်မျိုးကို ချီးမြှင့်တော်မူမည်။ ထိုဂုဏ်ရှိန်ကြောင့် ၎င်းတို့သည် အသင်တို့နှစ်ဦးအား မည်သို့မျှ ထိပါးနိုင်ကြမည်မဟုတ်ပေ။ (သို့ဖြစ်ပေရာ) ငါအသျှင်မြတ်၏ ချီးမြှင့်ထားသော 'မုအ်ဂျိဇာဟ်' သက်သေလက္ခဏာတော်များနှင့်တကွ သွားကြလေကုန်။ အသင်တို့နှစ်ဦးနှင့်တကွ အသင်တို့၏ နောက်သို့ လိုက်သူများသည် (ထိုသူတို့အပေါ်) အောင်နိုင်သူများပင် ဖြစ်ကြပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَلَمَّا قَضٰى مُوْسَى الْاَجَلَ

ဆိုလိုသည်မှာ မူစာ عليه السلام သည် သတ်မှတ်ကာလကို သူရင်းငှားအဖြစ် အပြည့်အဝ ပြုလုပ်ပေးခဲ့သည်။ (၈) နှစ်သည် တာဝန်အရဖြစ်ပြီး ကျန် (၂) နှစ်မှာ မိမိဆန္ဒအလျောက် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤနေရာတွင် မေးခွန်းထုတ်ရန် ဖြစ်လာသည်မှာ 'မူစာ عليه السلام သည် (၈) နှစ်အတွက်သာ ထမ်းဆောင်ခဲ့ပါသလော။ (သို့) (၁၀) နှစ်အတွက် ထမ်းဆောင်ခဲ့ပါသလော' ဟု ဖြစ်သည်။

ဆွဟီးဟ်ဘုခါရီကျမ်းတွင် လာရှိသည်မှာ ဟဇရတ်အိဗ်နေအဗ္ဗာ့စ် رضي الله عنه အား ဤမေးခွန်း မေးလာသည့်အခါ ၎င်းက 'မူစာ عليه السلام သည် များသောကာလ သတ်မှတ်ချက် (ဝါ) (၁၀) နှစ်ထိ ပြည့်ဝအောင် ထမ်းဆောင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်တို့ ပြောဆိုသည့်အတိုင်း အပြည့်အဝ ထမ်းဆောင်သည့် အလေ့အထ ရှိတော်မူကြသောကြောင့်ပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ဓလေ့တော်သည်လည်း ရပိုင်ခွင့်ရှိသူ၏ အခွင့်အရေးကို ရပိုင်ခွင့်ထက် ပို၍ ပေးတော်မူလေ့ ရှိသည်။ ထို့ပြင် အုမ္မသ်အား 'သူရင်းငှား၊ ဝန်ထမ်းလုပ်အားခနှင့် အရောင်းအဝယ်ကိစ္စများတွင် နှစ်ဦးနှစ်ဘက် လွယ်ကူစေမှုနှင့် တစ်ပါးသူ၏ အကျိုးကို မိမိအကျိုးထက်ပို၍ ဦးစားပေး၍ ပြုလုပ်ကြပါ'ဟူ၍ မိန့်မှာတော်မူခဲ့သည်။'

نُوْدِيَ مِنْ شَاطِئِ الْوَادِ الْاَيْمَنِ မှ اِنِّيْٓ اَنَا اللّٰهُ رَبُّ الْعٰلَمِيْنَ အထိ

ဤအာယသ်တော်နှင့် ပတ်သက်သည့် အကြောင်းအရာကို မူစာ عليه السلام ၏ ဖြစ်ရပ်၌ 'စူရာဟ်သွာဟာ'နှင့် စူရာဟ်နမလ်တို့တွင် တင်ပြခဲ့ပြီးဖြစ်သည်။

စူရာဟ်သွာဟာတွင် نُوْدِيَ اَنْۢ بُوْرِكَ مَنْ فِى النَّارِ နှင့် စူရာဟ်နမ်လ်တွင် اِنِّىْۤ اَنَا رَبُّكَ

ဟု လာရှိပြီး ၄င်းစူရာဟ်၌ပင် اِنِّىْۤ اَنَا اللّٰهُ رَبُّ الْعٰلَمِيْنَ ဟု လာရှိသည်။

ဤစာလုံးများသည် တစ်ခုနှင့်တစ်ခု ကွဲပြားမှုများ ရှိသော်လည်း အဓိပ္ပာယ်နီးစပ်မှုအားဖြင့် အတူတူပင် ဖြစ်သည်။ ဖြစ်ရပ်တင်ပြချက်ကို သူ့နေရာနှင့်သူ သင့်လျော်သော စာလုံးများဖြင့် သုံးနှုန်းထားခြင်း ဖြစ်သည်။

ထို့ပြင် မီးအသွင်ရောင်ခြည်တော်သည် ပုံပမာဆောင်သော ရောင်ခြည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇာတိတော်၏ ရောင်ခြည်တော်ကို ဤကမ္ဘာလောကတွင် မည်သူမျှ မြင်နိုင်စွမ်းမရှိ၍ ဖြစ်သည်။ မူစာ ﷺ ကိုပင် ဤဇာတိတော်၏ ရောင်ခြည်တော်နှင့်စပ်လျဉ်း၍ لَنْ تَرَانِىْ 'အသင်သည် ငါအသျှင်မြတ်အား မြင်နိုင်စွမ်းမရှိပါ' ဟု မိန့်ကြားတော်မူခဲ့သည်။

'အမလ်'ကျင့်စဉ်ကောင်းမြတ်ခြင်းကြောင့် နေရာသည်လည်း 'ဗရ်ကသ်'မင်္ဂလာဖြစ်ရှိသွားရခြင်း

فِى الْبُقْعَةِ الْمُبٰرَكَةِ

'သူရ်'တောင်၏ ထိုနေရာကို ကုရ်အာန်ကျမ်းတော်မြတ်သည် بُقعة مُبارَكه (မင်္ဂလာရှိသော နေရာ) ဟု မိန့်ဆိုထားသည်။ ထိုနေရာ၏ 'ဗရ်ကသ်'မင်္ဂလာရှိရခြင်း အကြောင်းမှာ ထိုနေရာတွင် မီး၏ အသွင်သဏ္ဌာန်ဖြင့် အလ္လာဟ် အသျှင်မြတ်၏ ရောင်ခြည်တော်ကို ပြသတော်မူခဲ့သောကြောင့် ဖြစ်ကြောင်း ထင်ရှားပေသည်။ ဤသို့ဖြင့် ကောင်းမြတ်သော 'အမလ်'ကျင့်စဉ် ဖြစ်ပေါ်ခဲ့သော နေရာသည်လည်း 'ဗရ်ကသ်'မင်္ဂလာရှိသောနေရာ ဖြစ်ရှိလာကြောင်း သိရှိရပေသည်။

'ဝအ်ဇ်' တရားဓမ္မ ဟောကြားခြင်းများတွင် အာဝဇ္ဇာန်ရှင်ခြင်းနှင့် စကားကြွယ်ခြင်းတို့သည် နှစ်သက်ဖွယ်ရာ ဖြစ်ခြင်း

هُوَ اَفْصَحُ مِنِّىْ لِسَانًا

ဤစာပိုဒ်အားဖြင့် 'ဝအ်ဇ်'နှင့် 'သဗ်လီးဂ်'လုပ်ငန်း၌ ဟောကြားရာတွင် စကားကြွယ်ခြင်း၊ အာဝဇ္ဇာန် ရှင်ခြင်းတို့သည် နှစ်သက်ဖွယ်ရာဖြစ်ကြောင်း သိရှိရသည်။ ထိုအရည်အချင်းများ ရရှိရန် ကြိုးပမ်းခြင်းသည် လည်း အပြစ်မဟုတ်ပေ။

◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊

فَلَمَّا جَآءَهُم مُّوسَىٰ بِـَٔايَٰتِنَا بَيِّنَٰتٍ قَالُوا۟ مَا هَٰذَآ إِلَّا سِحْرٌ
مُّفْتَرًى وَمَا سَمِعْنَا بِهَٰذَا فِىٓ ءَابَآئِنَا ٱلْأَوَّلِينَ ﴿٣٦﴾

၂၈ : ၃၆ ။ ။ ထို့နောက် မူစာသည် ၎င်း (ဖိရ်အောင်န်နှင့် မှူးမတ်) တို့ထံသို့ ငါအသျှင်မြတ်၏ ထင်ရှားစွာသော သက်သေလက္ခဏာတော်များနှင့်တကွ ရောက်ရှိခဲ့သောအခါ၊ ၎င်းတို့က 'ဤသည် အသစ်တီထွင် ဖန်တီးထားသော ပဉ္စလက် (စုန်း) အတတ်မျှသာ ဖြစ်သည်။ စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ ရှေးဟောင်း အဘ၊ ဘိုး၊ ဘေးတို့ (လက်ထက်) တွင် ဤကဲ့သို့သော စကား (ရှိခဲ့ဖူးသည်ဟူ၍လည်း) မကြားဖူးခဲ့ကြပါ'ဟု ဆိုကြကုန်၏။

وَقَالَ مُوسَىٰ رَبِّىٓ أَعْلَمُ بِمَن جَآءَ بِٱلْهُدَىٰ مِنْ عِندِهِۦ وَمَن تَكُونُ
لَهُۥ عَٰقِبَةُ ٱلدَّارِ ۖ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٣٧﴾

၂၈ : ၃၇ ။ ။ ၎င်းပြင် မူစာက 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိ၏ ထံတော်မှ တရားလမ်းညွှန်ကို မည်သူ ဆောင်ကြဉ်းခဲ့သည်ကိုလည်းကောင်း၊ ဤလောကီဘဝ၏ နောက်ဆုံးအကျိုးသည် မည်သူ့အဖို့ ရှိမည်ကိုလည်းကောင်း အသိဆုံးပင် ဖြစ်တော်မူ၏။ ဧကန်အမှန် မတရားကျူးလွန်သော သူတို့သည် အောင်မြင်မှုကို ရရှိကြမည် မဟုတ်ပေ'ဟု ပြောကြားခဲ့လေ၏။

وَقَالَ فِرْعَوْنُ
يَٰٓأَيُّهَا ٱلْمَلَأُ مَا عَلِمْتُ لَكُم مِّنْ إِلَٰهٍ غَيْرِى فَأَوْقِدْ لِى
يَٰهَٰمَٰنُ عَلَى ٱلطِّينِ فَٱجْعَل لِّى صَرْحًا لَّعَلِّىٓ أَطَّلِعُ إِلَىٰٓ
إِلَٰهِ مُوسَىٰ وَإِنِّى لَأَظُنُّهُۥ مِنَ ٱلْكَٰذِبِينَ ﴿٣٨﴾

၂၈ : ၃၈ ။ ။ ထိုအခါ ဖိရ်အောင်န်က 'အို၊ မှူးမတ်အပေါင်းတို့၊ ကျွန်ုပ်သည် မိမိအပြင် အသင်တို့၌ အခြားကိုးကွယ်ရာရှိသည်ဟူ၍ မသိပေ။ သို့ဖြစ်ပေရာ 'အို၊ ဟာမန်၊ အသင်သည် ကျွန်ုပ်၏အဖို့ ရွှံ့မြေကို မီးဖြင့် ဖုတ်ပြီးလျှင် မြင့်မားသော အဆောက်အဦး (မျှော်စင်) တစ်ခုကို ပြုလုပ်လော။ သို့မှသာလျှင် ကျွန်ုပ်သည် (ယင်းအဆောက်အဦးပေါ် တက်၍) မူစာ၏ ကိုးကွယ်ရာ အသျှင်မြတ်အား ကြည့်ရှုနိုင်ပေမည်။ သို့ရာတွင် ဧကန်မလွဲ ကျွန်ုပ်သည် ယင်း (မူစာ) အား မုသာဝါဒီဖြစ်သည်' ဟူ၍ ထင်မှတ်ပေသည်။

وَٱسْتَكْبَرَ هُوَ وَجُنُودُهُۥ فِى ٱلْأَرْضِ بِغَيْرِ ٱلْحَقِّ وَظَنُّوٓا۟ أَنَّهُمْ إِلَيْنَا لَا يُرْجَعُونَ ﴿٣٩﴾

၂၈ : ၃၉ ။ ။ စင်စစ် ၎င်း (ဖိရ်အောင်န်) နှင့် ၎င်း၏ စစ်သည် ရဲမက်တို့သည် တိုင်းပြည်တွင် မတရားသဖြင့် မာန်မာန ထောင်လွှားခဲ့ကြသည်သာမက ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်သို့ ပြန်လည် ရောက်ရှိကြရမည်မဟုတ်ဟု ထင်မှတ်နေခဲ့ကြကုန်၏။

فَأَخَذْنَٰهُ وَجُنُودَهُۥ فَنَبَذْنَٰهُمْ فِى ٱلْيَمِّ ۖ فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلظَّٰلِمِينَ ﴿٤٠﴾

၂၈ : ၄၀ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (ဖိရ်အောင်န်) နှင့်တကွ ၎င်း၏ စစ်သည်တို့အား ဖမ်းဆီးကာ ပင်လယ်သမုဒ္ဒရာထဲ၌ ပစ်ချတော်မူခဲ့၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) မတရားသောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို အသင်သည် ကြည့်ရှုပါလေ။

وَجَعَلْنَٰهُمْ أَئِمَّةً يَدْعُونَ إِلَى ٱلنَّارِ ۖ وَيَوْمَ ٱلْقِيَٰمَةِ لَا يُنصَرُونَ ﴿٤١﴾

၂၈ : ၄၁ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ငရဲဘုံသို့ ဖိတ်ခေါ်ကြကုန်သော ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ထိုသူတို့သည် ကူညီစောင်မခြင်းကို လုံးဝ ခံကြရမည် မဟုတ်ပေ။

وَأَتْبَعْنَٰهُمْ فِى هَٰذِهِ ٱلدُّنْيَا لَعْنَةً ۖ وَيَوْمَ ٱلْقِيَٰمَةِ هُم مِّنَ ٱلْمَقْبُوحِينَ ﴿٤٢﴾

၂၈ : ၄၂ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ဤပစ္စုပ္ပန်လောက၌လည်း ကရုဏာတော်မှ ကင်းဝေးမှုကို ၎င်းတို့၏ နောက်မှ ထပ်ကြပ်မကွာ လိုက်ပါစေတော်မူခဲ့၏။ 'ကေယာမသ်' ရှင်ပြန်ထရမည့် နေ့တွင်လည်း ၎င်းတို့၏ အခြေအနေသည် အလွန်ဆိုးရွားသော သူတို့အနက်မှပင် ဖြစ်ကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

သို့ဖြစ်ပေရာ မူစာ ﷺ သည် ထိုသူတို့ထံသို့ ငါအသျှင်မြတ်၏ ထင်ရှားသော သက်သေလက္ခဏာတော်များနှင့် ရောက်ရှိလာခဲ့ရာ ၎င်းတို့က ('မုအ်ဂျေဇာဟ်' များကို တွေ့မြင်ပြီး) ဤသည် ပဥ္စလက်အတတ်တစ်မျိုးသာ ဖြစ်သည်ဟု ပြောဆိုကြသည်။ (အကြောင်းမဲ့ အလ္လာဟ်အသျှင်မြတ်အပေါ်) စွပ်စွဲကြခြင်းသာ ဖြစ်သည်။ (ဆိုလိုသည်မှာ ဤသည်တို့သည် ထိုအသျှင်မြတ်ဘက်တော်မှ 'မုအ်ဂျေဇာဟ်' တော်နှင့် 'ရိစာလသ်' ၏ အထောက် အထားများဖြစ်သည်ဆိုသည့် စကားအပေါ်) ထို့အပြင် ကျွန်ုပ်တို့သည် ဤအကြောင်းကို ကျွန်ုပ်တို့၏ ရှေးအဆက်ဆက် ဘိုး၊ ဘေးတို့၏ ခေတ်များ၌ ရှိသည်ဟုလည်း မကြားဘူးခဲ့ကြပါဟု ပြောဆိုကြလေသည်။ မူစာ ﷺ က (၎င်းတို့အား တုန့်ပြန်ဖြေကြားရာတွင်) မိန့်ကြားသည်မှာ (ပွင့်လင်းထင်ရှားသော အထောက်အထားများ ဖြစ်ရှိပြီးသောအခါတွင်လည်းကောင်း၊ ထိုအထောက်အထားများတွင် မည်သည့်သံသယမျှ ပွားဖွယ်ရာမရှိသော အခါတွင်လည်းကောင်း၊ လက်ခံခြင်း မပြုကြသည့်အခါ ဤသည် အမှန်တရားကို လက်မခံခြင်း၊ အကြောက်အကန် ငြင်းခုံခြင်းသာ ဖြစ်ပေသည်။ ထိုသို့ ပြုခြင်း၏ နောက်ဆုံးအဖြေစကားမှာ) 'ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိထံတော်မှ တရားလမ်းမှန်ကို မည်သူက ဆောင်ကြဉ်းလာခဲ့သည်ကိုလည်းကောင်း၊ ဤလောကီဘဝ၏ နောက်ဆုံး

ရလဒ် (နိဂုံး) ကောင်းမွန်မှုသည် မည်သူ့အတွက် ဖြစ်မည်ကိုလည်းကောင်း ကောင်းစွာ သိရှိတော်မူသည်။ (ထို့အပြင်) ဧကန်အမှန် မတရားကျူးလွန်သူတို့သည် (တရားလမ်းမှန်နှင့် မှန်ကန်သော သာသနာအပေါ်၌ မရှိကြသူတို့သည်) မည်သည့်အခါမျှ အောင်မြင်မှု ရရှိကြမည်မဟုတ်ပေ။ (အကြောင်းမှာ ၎င်းတို့၏ နိဂုံးသည် ကောင်းမည်မဟုတ်ပေ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့နှင့် အသင်တို့တွင် မည်သူသည် လမ်းမှန်ပေါ်၌ ရှိပြီး မည်သူသည် မတရားကျူးလွန်သူဖြစ်သည်ကိုလည်းကောင်း၊ မည်သူသည် နိဂုံးကောင်းသူဖြစ်ပြီး မည်သူသည် အောင်မြင်မှုဖြင့် ဝေးရမည်ကိုလည်းကောင်း အလ္လာဟ်အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူသည်။ သို့ဖြစ်ပေရာ တစ်ဦးချင်းစီ၏ အခြေအနေနှင့် နိဂုံးရလဒ်သည် သေဆုံးပြီးသည်နှင့် အလျှင်အမြန် သိရှိရပေလိမ့်မည်။ ယခု လက်မခံလျှင် အသင်တို့သာ ခံစားရမည် ဖြစ်သည်။)

ထိုအခါ (မူစာ ﷺ ၏ အထောက်အထား တင်ပြချက်များကို ကြားနာမြင်တွေ့ရပြီး) ဖိရ်အောင်န် (အဖို့ ငါ့အား ယုံကြည် လက်ခံသူများသည် ၎င်းဘက်သို့ တိမ်းညွတ်သွားလိမ့်မည်ဟု စိုးရိမ်ကြောက်ရွံ့ပြီး လူတို့ကို စုရုံးစေလျက်) 'အို၊ မှူးမတ်တို့၊ အသင်တို့အဖို့ ကျွန်ုပ်မှအပ အခြားကိုးကွယ်ရာရှိသည်ဟု ကျွန်ုပ် မသိခဲ့ပါ။' ထို့နောက် လှည့်စားဖြားယောင်းရန်အတွက်) မိမိ၏ ဝန်ကြီးဖြစ်သူအား (အကယ်၍ ဤစကားဖြင့် ၎င်းတို့ မကျေနပ်နိုင်ဟုဆိုလျှင်) 'အို၊ ဟာမန်၊ အသင်သည် ကျွန်ုပ်အဖို့ မြေကြီး (ဖြင့် အုတ်များ ပြုလုပ်၍ ၎င်းအုတ်များ) ကို မီးဖုတ်ပြီး (ထိုမီးဖုတ်ပြီးသော အုတ်ကျက်များဖြင့်) မြင့်မားသော အဆောက် အဦးတစ်ခုကို ပြုလုပ်ပါလေ။ သို့မှသာ (ထိုအဆောက်အဦး မျှော်စင်ပေါ်သို့ တွယ်တက်၍) မူစာ၏ အသျှင်မြတ်ကို ကြည့်ရှုနိုင်ပေမည်။ ကျွန်ုပ်မှာမူ (အခြားသော အရှင်တစ်ပါး ရှိသည်ဟူ၍ ကြွေးကြော်သည့်) မူစာအား လိမ်လည်သူဟုသာ ထင်မှတ်ပါသည်' ဟု ပြောဆိုလေသည်။ ဖိရ်အောင်န်နှင့် ၎င်း၏ နောက်လိုက် အပေါင်းအပါတို့သည် ဤကမ္ဘာမြေပေါ်တွင် မတရားသဖြင့် မာန်မာန ထောင်လွှားနေခဲ့ကြသည်။ ထို့အပြင် ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိကြရမည်မဟုတ်ဟု ထင်မှတ်နေကြသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (ထိုမာန်မာနထောင်လွှားခြင်း၏ အစားပေးမှုတွင်) ထိုဖိရ်အောင်န်အားလည်းကောင်း၊ ၎င်း၏ နောက်လိုက်အပေါင်းအပါတို့အားလည်းကောင်း၊ ဖမ်းဆီး၍ သမုဒ္ဒရာပင်လယ်တွင်း၌ ပစ်ချ (နစ်မြုပ်) စေတော်မူခဲ့သည်။

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) မတရားသောသူတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ မည်ပုံ ဖြစ်သည်ကို အသင် ကြည့်ရှုလော့။ (မူစာ ﷺ ပြောကြားခဲ့သည့်

مَنْ تَكُوْنُ لَهٗ عَاقِبَةُ الدَّارِ ؕ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ

ဟူသော စကားအတိုင်း ဖြစ်ခဲ့လေပြီ။) ၎င်းအပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား (လူတို့ကို) ငရဲဘုံသို့ ဖိတ်ခေါ်လျက်ရှိသော ခေါင်းဆောင်များအဖြစ် ပြုပေးတော်မူခဲ့သည်။ (ထို့ကြောင့်ပင်) 'ကေယာမတ်' နေ့တွင် (နိဂုံးရာမဲ့ ဖြစ်ကြမည်မှာ) ၎င်းတို့သည် မည်သည့်ကူညီစောင်မခြင်းကိုမျှ ခံရမည်မဟုတ်ပေ။

(၎င်းတို့သည် နှစ်ဘဝစလုံးတွင် ပျက်စီးဆုံးရှုံးသူများ ဖြစ်ကြပေမည်။ သို့ဖြစ်ပေရာ) ငါအသျှင်မြတ်သည် လောက၌လည်း ကရုဏာတော်မှ ကင်းဝေးမှုကို ၎င်းတို့၏နောက်မှ ထပ်ချပ်မကွာ လိုက်ပါစေတော်မူခဲ့သည်။ 'ကေယာမသ်'နေ့၌လည်း အခြေအနေဆိုးရွားသည့် သူများအနက်မှပင် ဖြစ်ကြပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

فَاَوْ قِدْ لِىْ يٰهَامٰنُ عَلَى الطِّيْنِ

ဖိရ်အောင်န်သည် အလွန်မြင့်မားသော အဆောက်အဦးကြီး တည်ဆောက်ရန် ရည်ရွယ်လိုက်သည်။ သို့ဖြစ်ပေရာ မိမိ၏ ဝန်ကြီးဟာမန်တို့ကို ထိုအဆောက်အဦးတည်ဆောက်ရန် 'မြေအုတ်များကို မီးဖုတ်၍ အုတ်ကျွက်ပြုလုပ်ပါ။ အဘယ်ကြောင့်ဆိုသော် အုတ်စိမ်းများအပေါ်တွင် ကြီးမားမြင့်စွင့်သော အဆောက်အဦး၏ အုတ်မြစ်ချရန် မဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်'ဟူ၍ အမိန့်ပေးလေသည်။ အချို့ပညာရှင်များက 'ဤဖြစ်ရပ်မတိုင်မီ အုတ်ကျွက်များဖြင့် ဆောက်လုပ်သည့် အစဉ်အလာမရှိခဲ့ပါ။ ပထမဦးဆုံး ဖိရ်အောင်န်က စတင်တီထွင်ခဲ့သည်'ဟု ဆိုကြသည်။ သမိုင်းဆင့်ပြန်ချက်များ၌ လာရှိသည်မှာ 'ဟာမန်သည် ထိုအဆောက်အဦး ဆောက်လုပ်ရန်အတွက် (၂၅၀၀၀) ဦးရေရှိသော ပန်းရံဆရာများကို စုဆောင်းခဲ့သည်။ အလုပ်ကြမ်းသမား၊ သစ်နှင့် သံလုပ်ငန်းများ ပြုလုပ်သူများသည် ထိုစာရင်း၌ မပါဝင်ပေ။ အဆောက်အဦး၏ အမြင့်မှာ ထိုခေတ်ထိုအခါက ဤမျှ မြင့်သည့် အဆောက်အဦး မရှိခဲ့ပေ။ ထိုအဆောက်အဦးကြီးအား ဆောက်လုပ်ပြီးစီးသွားသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ဂျိဗ်ရာအီးလ် ﷺ အား အမိန့်ပေးတော်မူလိုက်ရာ ဂျိဗ်ရာအီးလ် ﷺ အား အမိန့်ပေးတော်မူလိုက်ရာ ဂျိဗ်ရာအီးလ် ﷺ သည် ရိုက်ချက်တစ်ချက်တည်းဖြင့် ထိုအဆောက်အဦးကြီးအား သုံးပိုင်းပိုင်း၍ ပြိုကျစေလိုက်သည်။ ထိုသို့ ပြိုကျရာတွင် ဖိရ်အောင်န်၏ အုပ်စုမှ ထောင်ပေါင်းများစွာသောသူတို့သည် ပိ၍ သေကြေပျက်စီးခဲ့ရလေသည်။ *[ကုရ်သုဗီကျမ်း]*

وَجَعَلْنٰهُمْ اَئِمَّةً يَّدْعُوْنَ اِلَى النَّارِ

ဆိုလိုသည်မှာ ဖိရ်အောင်န်၏ မှူးမတ်များကို အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အမျိုးသား ခေါင်းဆောင်များအဖြစ် ပြုပေးတော်မူခဲ့သည်။ သို့ရာတွင် ဤမှားယွင်းသော ခေါင်းဆောင်တို့သည် မိမိတို့၏ အမျိုးသားများကို 'မီး' (ဂျဟန္နမ်) အပယ်ငရဲဘက်သို့ ဖိတ်ခေါ်လျက်ရှိခဲ့ကြသည်။ ဤနေရာတွင် အများစုအဖွင့်ပညာရှင်တို့က 'မီးဘက်သို့ ဖိတ်ခေါ်ခြင်း' အား သွယ်ဝိုက်သော နည်းဖြင့် သုံးနှုန်းထားသည်' ဟု သတ်မှတ်ကြသည်မှာ 'မီး'ဟူသော ဆိုလိုချက်သည် 'ဂျဟန္နမ်'အပယ်ငရဲမီးသို့ ရောက်ရှိစေသော ကာဖိရ်တို့၏ လုပ်ရပ်များဖြစ်သည်။ သို့ရာတွင် ဟဇရသ်မော်လာနာစိုက်ယိဒ်မိုဟမ္မဒ်အန္နဝရ်ရှားဟ်ကိရှ်မီရီး (ရဟ) က အိဗ်နေအရဗီ၏ လမ်းစဉ်အတိုင်း ဆန်းစစ်ထားသည်မှာ 'တမလွန်၏ အစားပေးမှုသည် ကျင့်စဉ်

များအရ ဖြစ်သည်။ ဒွန္နယာလောကတွင် လူသား၏ ပြုမူကျင့်မူမှုတို့သည် 'ဗရ်ဇခ်' (သေဆုံးပြီးချိန်နှင့် 'ကေယာမသ်'၏ ကြားကာလ) တွင်လည်းကောင်း၊ တစ်ဖန် 'ဟရှရ်'ကွင်းပြင်တွင်လည်းကောင်း၊ မိမိတို့ ကျင့်စဉ်များ၏ ပုံစံများအရ ပြောင်းလဲသွားပေမည်။ မူလပုံပန်းသဏ္ဌာန်တွင် ကောင်းမြတ်သော ကျင့်စဉ်များမှာ ပန်းမန်၊ ပန်းခင်းများ အသွင်ဖြင့် 'ဂျန္နသ်'၏ စည်းစိမ်များ ဖြစ်သွားပေမည်။ ကာဖိရ်တို့၏ လုပ်ရပ်နှင့် မတရားမှုတို့သည် မီး၊ မြွေ၊ ကင်းနှင့် အမျိုးမျိုးသော 'အဇာဗ်'အပြစ်ဒဏ်များ၏ အသွင် ဖြစ်ပေါ်သွားလိမ့်မည်။ ထို့ကြောင့် လောကတွင် အကြင်သူသည် အခြားတစ်ဦးဦးကို ကုဖ္ဖရ်နှင့် မတရားမှု တို့ဘက်သို့ ဖိတ်ခေါ်ခြင်း ပြုခဲ့ပါလျှင် ၎င်းသူ၏ ဤဖိတ်ခေါ်ခြင်းသည် စင်စစ် ထိုသူ့အား မီးဘက်သို့သာ ဖိတ်ခေါ်ခြင်း ဖြစ်ပေသည်။ အမှန်စင်စစ် ဤလောကတွင် ၎င်း၏ ပုံပန်းသဏ္ဌာန်မှာ မီးကား မဟုတ်ပါချေ။ သို့ရာတွင် အမှန်စင်စစ်မှာ မီးသာလျှင် ဖြစ်ပေသည်။ ဤနည်းဖြင့် အာယသ်တော်တွင် မည်သည့်သွယ်ဝိုက် သော သုံးနှုန်းမှုမျှ မရှိတော့ပေ။ မိမိ၏ ပင်ကိုယ်အပေါ်၌ပင် အဓိပ္ပာယ်မှာ ပေါ်လွင်ပါသည်။ ဤဆန်းစစ် ချက်ကို လက်ခံကျင့်သုံးပါလျှင် ကုရ်အာန်၏ များစွာသော အာယသ်တော်များတွင် သွယ်ဝိုက်သော နည်း ကို သုံးနှုန်းဒုက္ခရောက်မည် မဟုတ်တော့ပေ။ ဥပမာ- وَ وَجَدُوْا مَا عَمِلُوْا حَاضِرًا နှင့် وَمَنْ يَّعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَّرَهٗ စသည်တို့ ဖြစ်သည်။

وَيَوْمَ الْقِيٰمَةِ هُمْ مِّنَ الْمَقْبُوْحِيْنَ

တွင် مَقْبُوْحِيْنَ သည် مقبوح ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'ပျက်စီးယိုယွင်းသွား သော အရာ' ဟု ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ 'ကေယာမသ်'နေ့တွင် ၎င်းတို့၏ မျက်နှာများသည် ဆိုးရွားသောအဖြစ်သို့ ပြောင်းလဲသွားပြီး မဲနက်သွား၍ မျက်လုံးများမှာ ပြာသွားပေလိမ့်မည်' ဟု ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ
مِنْ بَعْدِ مَآ اَهْلَكْنَا الْقُرُوْنَ الْاُوْلٰى بَصَآئِرَ
لِلنَّاسِ وَهُدًى وَّرَحْمَةً لَّعَلَّهُمْ يَتَذَكَّرُوْنَ ﴿٤٣﴾

၂၈ : ၄၃ ။ ။ ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် ရှေးဟောင်းမျိုးဆက်များကို ဖျက်ဆီးတော်မူခဲ့ပြီးနောက် လူတို့အဖို့ တရားရကြရန်အလို့ငှာ ထင်ရှားစွာသော သက်သေခံများအဖြစ်လည်းကောင်း၊ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း ငါအသျှင်မြတ်သည် မူစာအား ကျမ်းဂန် (တစ်စောင်) ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

وَمَا كُنْتَ بِجَانِبِ الْغَرْبِيِّ إِذْ قَضَيْنَا إِلَىٰ مُوسَى الْأَمْرَ وَمَا كُنْتَ مِنَ الشَّاهِدِينَ ﴿٤٤﴾

၂၈ : ၄၄ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် မူစာထံသို့ အမိန့်တော် (များ) ကို ထုတ်ပြန်တော်မူခဲ့စဉ်အခါ၌ အသင်သည် (တူစီနာတောင်၏) အနောက်ဘက်အရပ်၌ ရှိခဲ့သည်လည်း မဟုတ်ပေ။ ထို့နည်းတူစွာ အသင်သည် ကြည့်ရှုသူတို့တွင်လည်း အပါအဝင် ဖြစ်ခဲ့သည်မဟုတ်ပေ။

وَلَٰكِنَّا أَنْشَأْنَا قُرُونًا فَتَطَاوَلَ عَلَيْهِمُ الْعُمُرُ ۚ وَمَا كُنْتَ ثَاوِيًا فِي أَهْلِ مَدْيَنَ تَتْلُو عَلَيْهِمْ آيَاتِنَا وَلَٰكِنَّا كُنَّا مُرْسِلِينَ ﴿٤٥﴾

၂၈ : ၄၅ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် (အသင်၏ လက်ထက်တိုင်အောင်) မြောက်မြားစွာသော မျိုးဆက်တို့ကို ပေါက်ပွားစေတော်မူခဲ့၏။ ထို့နောက် ၎င်းတို့သည် အသက်ရှည်စွာ နေခဲ့ကြကုန်၏။ ထို့နည်းတူစွာ (အို၊ နဗီတမန်တော်) အသင်သည် 'မဒ်ယန်'မြို့သားတို့နှင့်အတူ နေထိုင်၍ ၎င်းတို့ရှေ့ဝယ် ငါအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားလျက် ရှိခဲ့ဘူးသည်လည်း မဟုတ်ပေ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (ရစူလ်တမန်တော်များအား ဆက်လက်၍) စေလွှတ်တော်မူလျက် ရှိခဲ့၏။ (တစ်နည်း) စင်စစ် ငါအသျှင်မြတ်သည်သာလျှင် (ထိုသတင်းများကို အသင့်ထံသို့) ပို့ဆောင်လျက် ရှိတော်မူ၏။

وَمَا كُنْتَ بِجَانِبِ الطُّورِ إِذْ نَادَيْنَا وَلَٰكِنْ رَحْمَةً مِنْ رَبِّكَ لِتُنْذِرَ قَوْمًا مَا أَتَاهُمْ مِنْ نَذِيرٍ مِنْ قَبْلِكَ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٤٦﴾

၂၈ : ၄၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (မူစာအား ပထမအကြိမ်) ဟစ်ခေါ်တော်မူခဲ့စဉ်အခါ၌လည်း၊ အသင်သည် ('သိနာ'ကျွန်းဆွယ်ရှိ) 'သူရ်'တောင်နံဘေး၌ ရှိခဲ့သည်မဟုတ်ပေ။ သို့သော် (ဤအကြောင်းများကို အသင့်အား အသိပေးတော်မူခြင်းမှာ) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ ကရုဏာတော်သာ ဖြစ်၏။ (ရည်ရွယ်ချက်မှာ) အသင်သည် မိမိအလျှင် သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်မျှပင် မရောက်ခဲ့သော အကြင်အမျိုးသားတို့အား သတိပေး နှိုးဆော်ခြင်းပင် ဖြစ်၏။ သို့မှသာလျှင် ၎င်းတို့သည် တရားရရှိကောင်း ရရှိကြပေမည်။

وَلَوْلَآ أَن تُصِيبَهُم
مُّصِيبَةٌۢ بِمَا قَدَّمَتْ أَيْدِيهِمْ فَيَقُولُوا۟ رَبَّنَا لَوْلَآ أَرْسَلْتَ
إِلَيْنَا رَسُولًا فَنَتَّبِعَ ءَايَٰتِكَ وَنَكُونَ مِنَ ٱلْمُؤْمِنِينَ ﴿٤٧﴾

၂၈ : ၄၇ ။ ။ စင်စစ် (ယင်းသို့ တမန်တော်များ စေလွှတ်တော်မူ၍ သတိပေးနိုးဆော်ခြင်းမှာ) အကယ်၍သာ ၎င်းတို့အပေါ်၌ ၎င်းတို့ ကြိုတင်ပို့နှင့်ခဲ့ကြသော (ပြစ်မှုဒုစရိုက်များ) ကြောင့် ဒုက္ခတစ်စုံတစ်ရာ သက်ရောက်လာသောအခါ ၎င်းတို့က 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးတို့ထံ ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော် မမူခဲ့ပါသနည်း။ ထိုသို့ စေလွှတ်တော်မမူခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြမည် ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့တွင် အပါအဝင်ဖြစ်ကြပါမည်' ဟု မပြောဆိုနိုင်ကြရန် ဖြစ်ပေသည်။

فَلَمَّا جَآءَهُمُ ٱلْحَقُّ مِنْ عِندِنَا قَالُوا۟ لَوْلَآ أُوتِىَ مِثْلَ مَآ
أُوتِىَ مُوسَىٰٓ ۚ أَوَلَمْ يَكْفُرُوا۟ بِمَآ أُوتِىَ مُوسَىٰ مِن قَبْلُ ۖ
قَالُوا۟ سِحْرَانِ تَظَٰهَرَا وَقَالُوٓا۟ إِنَّا بِكُلٍّ كَٰفِرُونَ ﴿٤٨﴾

၂၈ : ၄၈ ။ ။ သို့ရာတွင် ၎င်းတို့ထံသို့ ငါအသျှင်မြတ်ထံတော်မှ အမှန်တရားသည် ကျရောက်လာသောအခါ ၎င်းတို့က (ဤရစူလ်တမန်တော်သည်) မူစာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရသကဲ့သို့သော အရာကို အဘယ်ကြောင့် ချီးမြှင့်ပေးသနားတော်မူခြင်း မခံခဲ့ရပါသနည်းဟု ပြောဆိုခဲ့ကြကုန်၏။ ၎င်းတို့သည် ယခင်က (တမန်တော်) မူစာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရသော အရာကို ငြင်းပယ်ထောက်ခံသော ပဋိလက် (စုန်း) အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က 'ကေန်စင်စစ် ကျွန်ုပ်တို့သည် အားလုံးကို ငြင်းပယ်သူများပင် ဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

قُلْ فَأْتُوا۟ بِكِتَٰبٍ مِّنْ عِندِ ٱللَّهِ هُوَ أَهْدَىٰ مِنْهُمَآ أَتَّبِعْهُ
إِن كُنتُمْ صَٰدِقِينَ ﴿٤٩﴾

၂၈ : ၄၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ အချင်းတို့) 'အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြပါလျှင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဤ ('သောင်ရားသ်' နှင့် ကုရ်အာန်ကျမ်းတော်မြတ်) နှစ်စောင်စလုံးထက် ပိုမို၍ တရားလမ်းညွှန်ဖြစ်သော ကျမ်းဂန်တစ်စောင်ကို ဆောင်ကြဉ်းခဲ့ကြလေကုန်။ ငါသည် ယင်းကျမ်းဂန်နှင့် အညီ လိုက်နာ (ကျင့်သုံး) ပါမည်' ဟု ပြောကြားပါလေ။

فَإِنْ لَّمْ يَسْتَجِيبُوا لَكَ فَاعْلَمْ أَنَّمَا
يَتَّبِعُونَ أَهْوَاءَهُمْ ۚ وَمَنْ أَضَلُّ مِمَّنِ اتَّبَعَ هَوَاهُ بِغَيْرِ
هُدًى مِّنَ اللَّهِ ۚ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ۝

၂၈ : ၅၀ ။ ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်၏ ပြောကြားချက်ကို သဘောမတူခဲ့ကြပါလျှင် ၎င်းတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်စားသူများသာလျှင် ဖြစ်ကြသည်ဟူ၍ အသင်သည် မှတ်ယူပါလေ။ အမှန်စင်စစ် အလ္လာဟ် အသျှင်မြတ်ထံတော်မှ တရားလမ်းညွှန်ခြင်း တစ်စုံတစ်ရာမျှ မရှိဘဲလျက်၊ မိမိ၏ စိတ်အလိုဆန္ဒကိုသာ လိုက်စားသောသူထက် ပိုမို၍ လမ်းလွဲမှားသောသူဟူ၍ မည်သူရှိပါသနည်း။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ကျူးကျော်စော်ကားသော အမျိုးသားတို့အား တရားလမ်းမှန်ကို ညွှန်ပြတော်မူသည် မဟုတ်ပေ။

وَلَقَدْ وَصَّلْنَا لَهُمُ الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُونَ ۝

၂၈ : ၅၁ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့ တရားရကြရန်အလို့ငှာ (မိမိ၏) အာယသ်တော်များကို ၎င်းတို့အဖို့ အဆက်မပြတ် (တဖြည်းဖြည်း) ပို့တော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ('ရိစာလသ်' (ရစူလ်ပွင့်ပေါ်ခြင်း အစဉ်အလာ) သည် လူသားတို့အား ပြုပြင်ရေးအတွက် လိုအပ်ချက်ဖြစ်သောကြောင့် အမြဲတမ်း စဉ်ဆက်မပြတ် ပွင့်ပေါ်စေတော်မူခဲ့သည်။ သို့ဖြစ်ပေရာ) ငါအသျှင်မြတ်သည် (ရှေးဟောင်းမျိုးဆက်များ နူးဟ် ﷺ ၏ အမျိုးသားများ၊ 'အားဒ်' အမျိုးသားများနှင့် 'စမူးဒ်' အမျိုးသားများ) ကို ဖျက်ဆီးတော်မူပြီးနောက် (ထိုခေတ်များတွင် နဗီတမန်တော်တို့၏ လမ်းညွှန်သင်ကြားခြင်းများ မရှိတော့ပေ။ လူတို့သည် 'ဟေဒါယသ်' တရားလမ်းမှန်ကို လွန်စွာ တောင့်တနေသော အချိန်ဖြစ်သည်။) မူစာ ﷺ အား ကျမ်းဂန် (သောင်ရားသ်) ကို ချီးမြှင့်တော်မူခဲ့သည်။ ဤကျမ်းသည် လူတို့ (ဗနီအိစ်ရာအီးလ်) အတွက် အမှားအမှန် ခွဲခြား သိရှိနိုင်ခြင်းအားဖြင့် 'ဟေဒါယသ်' တရားလမ်းမှန်နှင့် 'ရဟ်မသ်' ကရုဏာတော်ပင် ဖြစ်သည်။ သို့မှသာ ထိုလူသားတို့သည် (ထိုကျမ်းတော်အားဖြင့်) တွေးတောဆင်ခြင်ဖွယ် ရှိနိုင်ပေလိမ့်မည်။ (အမှန်တရားကို ရှာဖွေခြင်းတွင် ဦးစွာပထမ အသိဉာဏ်ကောင်းမွန်ရန် လိုအပ်သည်။ ဤသည်ပင် 'ဗဆွီးရသ်' (အမှားအမှန် ခွဲခြားသိနိုင်ခြင်း) ဖြစ်သည်။ ထို့နောက် 'အဟ်ကာမ်' (အမိန့်တော်များကို) လက်ခံလာသည်။ ဤသည်မှာ 'ဟေဒါယသ်' တရားလမ်းမှန်ဖြစ်သည်။ တစ်ဖန် 'ဟေဒါယသ်' တရားလမ်းမှန်၏ ရလဒ် (အသျှင်မြတ်နှင့် နီးကပ်ခြင်း၊ လက်ခံချီးမြှင့်တော်မူခြင်းကို ဆိုလိုသည်) မှာ 'ရဟ်မသ်' ကရုဏာတော်ဖြစ်သည်။) ၎င်းအပြင် (ဤခေတ်သမယများသည်လည်း ကုန်ဆုံးလွန်မြောက်သွား၍ လူတို့သည် 'ဟေဒါယသ်' ကို တောင့်တကြပြန်ရာ မိမိ၏ ရှေးယခင်ဓလေ့တော်နှင့်အညီ

ငါအသျှင်မြတ်သည် အသင့်အား ရစူလ်အဖြစ် ပြုတော်မူခဲ့သည်။ ရစူလ်ဖြစ်ကြောင်း အထောက်အထားများ အနက် မူစာ ﷺ ၏ ဤဖြစ်ရပ်များအကြောင်းကို တိကျစွာ သတင်းပေး တင်ပြခြင်းသည်လည်း အထောက်အထားတစ်ရပ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိကျသော သတင်းကို ပေးနိုင်ရန်အတွက် ၎င်းကို သိရှိရသော လမ်းကြောင်းတစ်ခုခု ရှိရန်မှာ လိုအပ်သောကြောင့် ဖြစ်သည်။ ထိုလမ်းကြောင်းသည် အချက်လေးချက်အပေါ်၌ ခြုံငုံထားသည်။

(၁) **امور عقليه** (ဦးနှောက်အသိဉာဏ်ဖြင့် စဉ်းစား၍ တင်ပြနိုင်သော ကိစ္စရပ်များ) တွင် ဦးနှောက် အသိဉာဏ် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤဖြစ်ရပ်သည် **امر عقليه** ဦးနှောက်အသိဉာဏ်ဖြင့် စဉ်းစားသိရှိနိုင်သော ကိစ္စရပ်များ) ၌မူ မပါဝင်ချေ။

(၂) **امور نقليه** ဆင့်ပြန်ချက်ကို အခြေခံပြီး သိရှိတင်ပြနိုင်သော ကိစ္စရပ်တွင် **سماع** (အကြား) တတ်သိ နားလည်သူတို့ထံမှ ကြားရခြင်းဖြစ်သည်။ ဤသည်မှာ ဒုတိယလမ်းကြောင်းဖြစ်သည်။ သို့သော် ဤအချက်သည်လည်း ၎င်းအကြောင်းအရာများကို သိရှိပြီး သတင်းပေးနိုင်သူနှင့် လက်ပွန်းတတည်း နေထိုင်မှု မရှိခဲ့ခြင်းနှင့် ၎င်းတို့ထံမှ သင်ယူဆည်းပူး လေ့လာခဲ့မှုမရှိခြင်းတို့ကြောင့် မဖြစ်နိုင်သောအချက် ဖြစ်သည်။

(၃) **مشاهده** မိမိကိုယ်တိုင် တွေ့မြင်ကြုံဆုံရခြင်းဖြစ်သည်။ ဤသည်မှာ တတိယလမ်းကြောင်း ဖြစ်သည်။ သို့သော် ဤလမ်းကြောင်းဖြင့် မသိရှိနိုင်ခြင်းမှာ အလွန်ပင် ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် (အလ္လာဟ်အသျှင်မြတ် အမိန့်ရှိ၏။) ငါအသျှင်မြတ်သည် မူစာ ﷺ အား ကျမ်းဂန် (သောင်ရားသ်) ကို ချပေးခဲ့စဉ်က အသင်သည် (သူရ်) တောင်၏ အနောက်ဘက်အရပ်တွင် ရှိခဲ့သည်လည်း မဟုတ်ပါ။

(ထိုနေရာတွင် ရှိနေရန် ဝေးစွ။) အသင်သည် (ထိုခေတ်ထိုအချိန်က) ရှိနေသူများထဲတွင် (လည်း) မပါဝင်ခဲ့ပါချေ။ (သို့ဖြစ်ရာ တွေ့မြင်ကြုံဆုံခဲ့ရ၍သည်ဟူသော ယူဆစရာပင် မရှိတော့ပေ။) သို့ရာတွင် ငါအသျှင်မြတ်သည် (မူစာ ﷺ ၏ ခေတ်သမယနောက်ပိုင်းတွင် မြောက်မြားစွာသော မျိုးဆက်တို့ကို ပေါက်ဖွားစေတော်မူခဲ့သည်။ ထို့နောက် ၎င်းတို့အပေါ်၌ ရှည်လျားစွာသော ကာလ ကျော်ဖြတ်ခဲ့သည်။ (ထိုသို့ ကာလကြာမြင့်လာသည်နှင့်အမျှ တစ်ဖန် ထပ်မံ၍ ၎င်းတို့အဖို့ တရားလမ်းမှန်များ ပျောက်ဆုံးသွား ရပြန်သည်။ ထိုအခါ လူတို့အတွက် 'ဟေဒါယသ်' တရားလမ်းမှန်ကို ပြရန် လိုအပ်ရပြန်သည်။ ထို့ကြောင့် ငါအသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်သည် အသင့်အား ဝဟီဗျာဒိတ်တော်များနှင့် 'ရိစာလသ်' ရစူလ် ခန့်အပ်ခြင်း) တို့ဖြင့် ချီးမြှင့်မြှောက်စားတော်မူခဲ့သည်။ ဤသည်မှာ တိကျခိုင်မာသော သတင်းစကားပေး သည့် စတုတ္ထလမ်းကြောင်းဖြစ်သည်။ ၎င်း၏ အခြားတစ်ဖက်လမ်းကြောင်းများမှာ ထင်ယောင်ထင်မှား ဝိုးတဝါးအသိလမ်းကြောင်းများ ဖြစ်သည်။ ထိုလမ်းကြောင်းများမှာ ယခု ဆွေးနွေးတင်ပြနေသော ပြင်ပ မှုပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ ဤသတင်းများသည် တိကျခိုင်မာသော သတင်းများဖြစ်သောကြောင့်ပင် ဖြစ်သည်။ အချုပ်ဆိုရသော် တိကျပြတ်သားသော အသိပညာရရှိရန်အတွက်

လမ်းလေးသွယ်ရှိသည်။ သုံးမျိုးမှာ လက်မခံနိုင်သော လမ်းသွယ်များဖြစ်သည်။ ထို့ကြောင့် စတုတ္ထအမျိုးအစားသာလျှင် လက်ခံထိုက်၊ အတည် သတ်မှတ်ခံရသော အမျိုးအစားဖြစ်သည်။ ထို့အပြင် (အသင်သည် 'သောင်ရားသ်'ကျမ်းအား ချီးမြှင့်ခြင်းကို တွေ့ခြင်ခံခြင်းမရှိပါဘဲ အတိအကျ သတင်းပေး ပို့ချနေသကဲ့သို့ မူစာ ﷺ သည် မဒ်ယန်မြို့၌ သွားရောက်နေထိုင်ခဲ့သည်ကိုလည်း မြင်တွေ့ခြင်းမရှိခဲ့ပါချေ။ ၄င်းကိုပင် ပေါ်လွင်ထင်ရှားစွာ တင်ပြထားသည်မှာ) အသင်သည် 'မဒ်ယန်'မြို့သားများနှင့်လည်း အတူနေထိုင်ခဲ့သည် မဟုတ်။ အသင်သည် (၄င်းတို့၏ အခြေအနေ အဖြစ်အပျက်များကို တွေ့မြင်ခဲ့သကဲ့သို့ ထိုအခြေအနေများနှင့်စပ်လျဉ်း၍) ငါအသျှင်မြတ်၏ အာယသ်တော်များကို (မိမိ၏) ထို (ခေတ်ရှိ) လူတို့အား ဖတ်ကြားပြခဲ့သည်။ သို့သော်လည်း ငါအသျှင်မြတ်သည်ပင် (အသင့်အား) ရစူလ်အဖြစ် စေလွှတ်တော်မူသည်။

(ရစူလ်အဖြစ် ခန့်အပ်လျက် ထိုအဖြစ်အပျက်များကို 'ဝဟီ'အားဖြင့် ပြသတော်မူခဲ့သည်) ထို့ပြင် (အလားတူ) ငါအသျှင်မြတ်သည် မူစာ ﷺ အား

يَامُوْسٰى اِنِّىٓ اَنَا اللهُ رَبُّ الْعٰلَمِيْنَ وَاَنْ اَلْقِ عَصَاكَ

ဟူ၍ အသံပြုတော်မူခဲ့စဉ် ('နဗူဝသ်'ချီးမြှင့်တော်မူစဉ်က) အသင်သည် 'သူရ်'တောင်၏ နံဘေး (ဖော်ပြပါအနောက်ဘက်) တွင် ရှိခဲ့သည်လည်း မဟုတ်ပေ။ သို့သော်လည်း (ထိုအကြောင်းဖြစ်ရပ်များ၏ အသိကိုလည်း ဤနည်းအတိုင်းပင် ရရှိခဲ့သည်။ ၄င်းမှာ) အသင်သည် မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်ဖြင့် နဗီခန့်အပ်ခြင်း ခံခဲ့ရသည်။ သို့မှသာ အသင်သည် အသင့်အလျှင်က သတိပေး နှိုးဆော်သူ (နဗီ) တစ်ပါးမျှ မရောက်ရှိခဲ့သည့် သူတို့အား သတိပေးနှိုးဆော်နိုင်မည် ဖြစ်သည်။ သို့မှသာ ၄င်းတို့ တရားရကောင်း ရသွားကြပေလိမ့်မည်။ (အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ ခေတ်အခါ၌ရှိသော သူတို့သာမက ၄င်းတို့၏ အဘ၊ ဘိုး၊ ဘေးများသည်လည်း မည်သည့်နဗီကိုမျှ တွေ့မြင်ကြုံဆုံခဲ့ခြင်း မရှိခဲ့ကြပေ။ သို့သော် အချို့သော တရားတော်၏ ပညတ်များ၊ အထူးသဖြင့် 'သောင်ဟီးဒ်' တရားသည် ၄င်းတို့ထံသို့ ရောက်ရှိခဲ့၏။ သို့ဖြစ်ပေရာ

وَلَقَدْ بَعَثْنَا فِىْ كُلِّ اُمَّةٍ رَسُوْلًا

(ကေန်အမှန် မျိုးနွယ်စုတိုင်း၌ (၄င်းတို့ကို လမ်းညွှန်ရန်) ရစူလ်တစ်ပါးပါး စေလွှတ်ခဲ့သည် ဖြစ်၏) ဟူသော အာယသ်တော်နှင့် ဆန့်ကျင်မှုမရှိတော့ပေ။) ထို့ပြင် (အကယ်၍ အနည်းငယ်မျှ စဉ်းစားတွေးခေါ်ကြမည်ဆိုလျှင် နဗီတမန်တော် စေလွှတ်ခြင်းသည် ငါအသျှင်မြတ်၏ မည်သည့်အကျိုးအတွက်မှမဟုတ်။ ၄င်းတို့ အကျိုးအတွက်သာဖြစ်ကြောင်း သိရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် အကောင်းနှင့် အဆိုးကို ခွဲခြားသိရှိပြီး အပြစ်ဒဏ်မှ ရှောင်ကြဉ်နိုင်ကြပေမည်။ တစ်ဖန် ဦးနှောက်အသိဉာဏ်ဖြင့် စူးစမ်းပြီး ဆင်ခြင်နိုင်သည့် မကောင်းသော လုပ်ရပ်များအပေါ် အပြစ်ဒဏ်ခတ်ခြင်းကို ရစူလ်တမန်တော် စေလွှတ်ခြင်း မပြုဘဲလည်း ပြုနိုင်ပေသည်။ သို့ရာတွင် ထိုအချိန်၌ ၄င်းတို့အဖို့ 'အို၊ ဖြစ်ရလေခြင်း၊

အကယ်၍ ရစူလ်တမန်တော် ရောက်ရှိခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့အဖို့ ပို၍ပင် သတိတရား ရရှိကြပေလိမ့်မည်။ ဤဒုက္ခ၌ ကျရောက်လိမ့်မည်မဟုတ်' ဟု ငြီးတွားဝမ်းနည်းစကား ဆိုကြမည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်ကိုလည်း စေလွှတ်တော်မူလိုက်သည်။ သို့မှသာ ထိုသို့ ဝမ်းနည်းစကားဆိုရခြင်းမှ လွတ်ကင်းရှောင်ရှားနိုင်ရန်၊ လွယ်ကူရန်အတွက် ဖြစ်သည်။ ထိုသို့မဟုတ်က ဖြစ်လာနိုင်သည်မှာ) အကယ်၍သာ ၎င်းတို့အပေါ်၌ ၎င်းတို့၏ လုပ်ရပ်များကြောင့် (ဦးနှောက်အသိဉာဏ်အရပင် ဆိုးရွားသော လုပ်ရပ်များကို ဆိုလိုသည်။) ဒုက္ခတစ်စုံတစ်ရာသည် (လောက၌လည်းကောင်း၊ တမလွန်၌လည်းကောင်း) ကျရောက်လာပါလျှင် (ထိုဒုက္ခနှင့် စပ်လျဉ်း၍ ၎င်းတို့သည် ဦးနှောက်အသိဉာဏ် (သို့) ဖရစ်ရှိသာဟ်၏ အကြောင်းခံဖြင့် ဤသည်မှာ မိမိတို့လုပ်ရပ်များ၏ အစား အပြစ်ဒဏ်ဖြစ်သည်ဟု ယုံကြည်သွားသည့်အခါ) 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့ထံသို့ နဗီ တမန်တော်တစ်ပါးပါးကို အဘယ်ကြောင့် စေလွှတ်တော်မမူပါသနည်း။ ထိုသို့ စေလွှတ်တော်မူခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြမည်ဖြစ်ပါသည်။

ထို့အပြင် (ထိုအမိန့် တော်များနှင့် ရစူလ်တမန်တော်အပေါ်) သက်ဝင်ယုံကြည်သူများ ဖြစ်ကြပေမည်ဟု မပြောဆိုနိုင်ကြရန် ဖြစ်သည်။ သို့ဖြစ်ပေရာ ရစူလ်တမန်တော် ရောက်ရှိလာခြင်းကို နဖူးစာကောင်းခြင်းဟု ယူဆပြီး တန်ဖိုးထားကာ ထိုတမန်တော်၏ မှန်ကန်သော သာသနာတော်ကို လက်ခံလိုက်သင့်သည်။ သို့သော်လည်း ၎င်းတို့၏ အခြေအနေမှာ) ၎င်းတို့ထံသို့ ငါအသျှင်မြတ်ဘက်တော်မှ အမှန်တရား (မှန်ကန် သော ရစူလ်တမန်တော်နှင့် မှန်ကန်သော သာသနာတော်) ရောက်ရှိလာသောအခါ (ထိုရောက်ရှိလာသည်များအပေါ် ဒွိဟသံသယစကားများ ထုတ်လွှင့်ရန်) 'ဤတမန်တော်သည် မူစာ عليه السلام ကို ချီးမြှင့်ခြင်းခံရသကဲ့သို့ ကျမ်းဂန်အဘယ်ကြောင့် ချီးမြှင့်ခြင်း မခံရပါသနည်း'ဟု ပြောဆိုကြပေသည်။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် 'သောင်ရားသ်ကျမ်းတော်ကဲ့သို့ တစ်ကြိမ်တည်းတွင် အဘယ်ကြောင့် မကျရောက်ခဲ့သနည်းဟု ဖြစ်သည်။ ရှေ့တွင် ဖြေကြားထားသည်မှာ) ၎င်းတို့သည် ယခင်က မူစာ عليه السلام အပေါ် ကျရောက်ခဲ့သည့် ကျမ်းဂန်ကိုလည်း ငြင်းပယ်ခဲ့ကြသည် မဟုတ်ပါလော။ (အမှန်စင်စစ် မုရှ်ရစ်ကတို့သည် မူစာ عليه السلام နှင့် 'သောင်ရားသ်' ကျမ်းကိုလည်း ယုံကြည်လက်ခံခဲ့ကြသည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစကနဦးကပင် နဗီဖြစ်ခြင်းကို အဓိက ငြင်းပယ်ကြသောကြောင့်ဖြစ်သည်) ၎င်းတို့သည် (ကုရ်အာန်နှင့် 'သောင်ရားသ်'ကို) ထိုကျမ်းဂန်နှစ်စောင်စလုံးသည် အချင်းချင်း တစ်ခုကိုတစ်ခု ထောက်ခံပေးနေသော ပဥ္စလက်အတတ်ဖြစ်သည်ဟု ပြောဆိုကြသည်။ (ဤသို့ ပြောဆိုရခြင်းမှာ 'ရှရီအသ်' တရားတော်၏ ပင်မအချက်များတွင် တူညီသောကြောင့် ဖြစ်သည်။)

ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့သည် ထိုကျမ်းဂန်နှစ်ခုအနက် မည်သည့်ကျမ်းကိုမျှ လက်မခံပါ' ဟု ပြောဆိုကြကုန်၏။ (ဤစာသားသည် ၎င်းတို့၏ အဆိုလည်း ဖြစ်နိုင်၏။ ၎င်းတို့၏ အဆိုစကားများမှ ကောက်နှုတ်၍လည်း ဖြစ်နိုင်၏။ တစ်ကြိမ်တည်း တစ်ခါတည်းတွင် ထိုကျမ်းနှစ်စောင်လုံးနှင့် ပတ်သက်၍ ငြင်းပယ်စကားဆိုခြင်းလည်း ဖြစ်နိုင်သကဲ့သို့ ၎င်းတို့ ပြောဆိုခဲ့ကြသော စကားများကို ပေါင်းစပ်

ကောက်နုတ်၍လည်း ဖြစ်နိုင်သည်။ ထိုသို့ ငြင်းပယ်ခြင်းမှ ၎င်းတို့၏ ထိုဒွိဟသံသယဖြစ်ရသည့် တင်ပြချက်ဖြစ်၏။ ရည်ရွယ်ချက်မှာ ကုရ်အာန်ကျမ်းမြတ်ကို 'သောင်ရားသ်' ကျမ်းနှင့် နှိုင်းယှဉ်၍ ယုံကြည်ရန် မဟုတ်ရဲ့သာမက လှည့်စားဖြားယောင်းရန်နှင့် ဆိုးသွမ်းမှုတစ်ခုသာဖြစ်ကြောင်း ထင်ထင်ရှားရှား သိရှိရသည်။ ထိုအကြောင်း ရှေ့တွင် ဖော်ပြထားသည်မှာ အို, မိုဟမ္မဒ်) အသင်သည် ၎င်းတို့အား 'အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ (ဤ 'သောင်ရားသ်' နှင့် ကုရ်အာန်ကျမ်းတို့အပြင်) ယင်းကျမ်းနှစ်စောင်ထက် တရားလမ်းညွှန်မှု ပိုမိုကောင်းမွန်သော ကျမ်းတစ်စောင်ကို ယူဆောင်လာကြကုန်။ ကျွန်ုပ်သည် ယင်းကျမ်းဂန်အပေါ် လိုက်နာပါမည်' ဟု ပြောကြားပါလေ။ (အဘယ်ကြောင့်ဆိုသော် سِحْرَانِ تَظَاهَرَا ဤကျမ်းနှစ်စောင်သည် ပဥ္စလက်အတတ်သာ ဖြစ်သည်ဟု ပြောဆိုခဲ့ကြခြင်းကြောင့် ဖြစ်သည်။ ထိုသို့ ပြောဆိုခြင်း၏ ရည်ရွယ်ချက်မှာ (**نعوذ بالله**) ထိုကျမ်းနှစ်စောင်လုံးသည် မှားယွင်းသည်ဟု ပြောဆိုရာရောက်သည်။ ဤကျမ်းတော်များ ချပေးရခြင်းမှာ အမှန်တရားပေါ် လိုက်နာရန်ဖြစ်သည်။ သို့ဖြစ်ပေရာ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်များကို မှန်ကန်သည်ဟု လက်ခံယုံကြည်ပါလျှင် ထိုကျမ်းတော်များအတိုင်း လိုက်နာကြကုန်။ ကုရ်အာန်ကို အပြည့်အဝ 'သောင်ရားသ်' ကျမ်းမှ 'သောင်ဟီးဒ်' အကြောင်းနှင့် မိုဟမ္မဒ် ﷺ ပွင့်ပေါ်မည့်အကြောင်း သတင်းကောင်းပေးထားခြင်းအပေါ် ယုံကြည်လိုက်နာကြကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်များကို မှန်ကန်သည်ဟု လက်မခံလျှင် မှန်ကန်သော ကျမ်းတစ်စောင်ကို တင်ပြကြကုန်။ အသင်တို့၏ တင်ပြချက် မှန်ကန်ကြောင်း အထောက်အထားတင်ပြနိုင်ပါက ကျွန်ုပ်သည် ထိုကျမ်းဂန်၏ အမိန့်အတိုင်း လိုက်နာကျင့်ဆောင်ပါမည်ဟု ဖြစ်သည်။ အချုပ်မှာ 'ကျွန်ုပ်သည် အမှန်တရားဖြစ်ကြောင်း အထောက်အထားနှင့်တကွ တင်ပြလျှင် အသင်တို့သည် ထိုအမှန်တရားအပေါ် လိုက်နာကျင့်ဆောင်ကြကုန်။ အကယ်၍ အသင်တို့က အမှန်တရားဟု အထောက်အထားနှင့် တင်ပြလာလျှင် ကျွန်ုပ်ဘက်မှ ၎င်းအပေါ် လိုက်နာကျင့်ဆောင်ရန် အသင့်ပါ' ဟု ဖြစ်သည်။

အကယ်၍ ဤသူတို့သည် အသင်၏ (ဤ) ပြောကြားချက် (**فَأْتُوا بِكِتَٰبٍ**) အပေါ် တင်ပြနိုင်ခြင်း မရှိကြပါလျှင် (တင်ပြနိုင်စွမ်း မရှိသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်

فَاِنْ لَّمْ تَفْعَلُوْا وَلَنْ تَفْعَلُوْا

အတိုင်းပင် ဖြစ်လိမ့်မည်။ သို့တိုင်အောင်လည်း ၎င်းတို့သည် အသင်၏ ပြောစကားများအပေါ် လိုက်နာကျင့်ဆောင်ကြမည် မဟုတ်ပေ။) အသင်သည် ၎င်းတို့၏ (ထိုစောဒကမေးခွန်းများ မေးကြသည့် ရည်ရွယ်ချက်မှာ အမှန်တရား ရှာဖွေရာ၌ ဒွိဟသံသယများ ဖြစ်ပေါ်ရခြင်းကြောင့် မဟုတ်ဘဲ) မိမိတို့၏ စိတ်အလိုဆန္ဒများအပေါ် လျှောက်လှမ်းလိုကြ၍သာ ဖြစ်ကြောင်း မှတ်ယူပါလေ။ (၎င်းတို့၏ စိတ်အလိုဆန္ဒများက မည်သို့ပင်ဖြစ်စေ ငြင်းပယ်ခြင်းသာ ပြုရမည်ဟု ပြောဆိုနေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည်

အမှန်တရား ထင်ရှားပေါ်လွင်သည့်တိုင် ငြင်းပယ်မြဲ ငြင်းပယ်နေခဲ့ကြသည်။) အလ္လာဟ်အသျှင်မြတ်ထံတော်မှ တရားလမ်းညွှန်ချက် (အထောက်အထား) တစ်စုံတစ်ရာမရှိဘဲ မိမိစိတ်အလိုဆန္ဒအပေါ် လျှောက်လှမ်းသူထက် ပို၍ လမ်းမှားသူ မည်သူရှိနိုင်အံ့နည်း။ (ထို့အပြင်) အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မတရားပြုသူတို့ကို (အမှန်တရား ပေါ်လွင်ထင်ရှားပြီးနောက် မှန်ကန်ခိုင်မာသည့် အထောက်အထားများမရှိဘဲ မိမိတို့၏ လမ်းအမှားမှ နောက်မဆုတ်သူတို့ကို) တရားလမ်းမှန် ညွှန်ပြတော်မူမည်မဟုတ်ပေ။

(ဤသို့ ပြုတော်မူခြင်းမှာ ထိုသူတို့ကိုယ်တိုင်က မိမိတို့၏ လမ်းအမှား၌ပင် နေလိုသည့်ဆန္ဒကို မိမိတို့ကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဆန္ဒရှိသည့်အတိုင်းပင် ၎င်းတို့အတွက် လုပ်ရပ်များကို ဖန်တီးဖြစ်ပေါ်စေတော်မူခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်ပင် ဖြစ်သည်။ ထို့ကြောင့် ဤသို့သော သူများသည် အမြဲတစေ လမ်းမှားခြင်း၌သာ ဖြစ်နေရတော့သည်။ ဤနေရာအထိမူ ၎င်းတို့၏ ပြောဆိုစကားဖြစ်သော لَوْلَا اُوْتِيَ مِثْلَ مَااُوْتِيَ مُوْسٰى ဟု ပြောဆိုခြင်းအပေါ် တုန့်ပြန်ဖြေကြားနေခြင်းဖြစ်သည်။) ထို့နောက် (ရှေ့တွင် ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်ကြိမ်တစ်ခါတည်း တစ်လုံးတစ်ဝတည်း ချပေးတော်မမူခြင်း၏ အမြော်အမြင်ကို တင်ပြ မိန့်ကြားတော်မူသည်မှာ) ငါအသျှင်မြတ်သည် ဤကျမ်းဂန် (ကုရ်အာန်) ကို ၎င်းတို့ တရားရကြစေရန် အဆက်မပြတ် (တဖြည်းဖြည်း တစ်စတစ်စဖြင့်) ပို့ချပေးတော်မူသည်။ (သို့မှသာ ၎င်းတို့သည် အကြိမ်ကြိမ် နားထောင်ရခြင်းဖြင့် တရားရရှိနိုင်ကြပေမည်။ ထို့အပြင် ငါအသျှင်မြတ်သည် တစ်ကြိမ်တည်းတစ်ခါတည်း ပို့ချပေးရန်ကိုလည်း စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ရာတွင် ၎င်းတို့အကျိုးအတွက် တစ်စတစ်စ အနည်းငယ်စီ ပို့ချပေးတော်မူခြင်း ဖြစ်သည်။ သို့တိုင်အောင်လည်း ၎င်းတို့သည် အမှောင်ဖုံးလွှမ်းလျက်ရှိပြီး မိမိတို့အတွက် ကောင်းကျိုးရှိမည့်အရာကို ဆန့်ကျင်နေကြသည်' ဟု ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتَابَ مِنْ بَعْدِ مَا اَهْلَكْنَا الْقُرُوْنَ الْاُوْلٰى بَصَائِرَ لِلنَّاسِ

قرون اولی သည် နူးဟ် عليه السلام ၊ ဟူးဒ် عليه السلام ၊ ဆွာလိဟ် عليه السلام နှင့် လူးသ် عليه السلام တို့၏ အမျိုးသားများကို ဆိုလိုသည်။ ၎င်းတို့သည် မူစာ عليه السلام မပွင့်ပေါ်မီကပင် မိမိတို့၏ ဆိုးသွမ်းမှုများကြောင့် ဖျက်ဆီးခြင်း ခံခဲ့ရပြီးဖြစ်သည်။

بَصَائِر သည် **بصيرت** ဟူသော စာလုံး၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ အသိဉာဏ်ရှိခြင်းဟု ဖြစ်သည်။ ဤနေရာ၌ ၎င်း၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်က အရာရာတိုင်း၏ အရင်းအမြစ်ကို ကြည့်ရှုနိုင်စွမ်းနှင့် အမှန်နှင့် အမှားကို ခွဲခြားနိုင်ရန် လူသားတို့၏ နှလုံးသားတွင် ထည့်သွင်းပေးတော်မူထားသည့် 'နူရ်' ရောင်ခြည်ကို ဆိုလိုသည်။ *[မဇ္ဇဟရီကျမ်း]*

بَصَائِرَ لِلنَّاسِ တွင် ناس ဟူသော စာလုံးသည် အကယ်၍ ဟဇရတ်မူစာ عليه السلام ၏ အမွှသ်များ ဟူသာ ဆိုလိုခြင်းဖြစ်လျှင် ထိုအမွှသ်အတွက် 'သောင်ရားသ်' ကျမ်းသည်သာ အမှားအမှန်ခွဲခြားနိုင်ခြင်း အပေါင်းနှင့် စုစည်းထားသည့် ကျမ်းဂန်ဖြစ်ကြောင်း ထင်ရှားပေသည်။ အကယ်၍ ناس ဟူသော စာလုံးအား 'လူသားအားလုံး' ဟု ဆိုလိုခြင်းဖြစ်သည်ဆိုလျှင် ၄င်းတို့တွင် အွမ္မသေမုဟမ္မဒီယဟ်လည်း ပါဝင်သွားပေမည်။ ထိုအခါ ဤနေရာတွင် စောဒကမေးခွန်း ပေါ်ပေါက်လာပေမည်။ ထိုမေးခွန်းမှာ အွမ္မသေမုဟမ္မဒီယဟ်၏ ခေတ်၌ရှိသော 'သောင်ရားသ်' ကျမ်းမှာ ပြုပြင်ပြောင်းလဲမှုများကြောင့် မူလပုံစံ ပျက်စီးသွားပြီးဖြစ်သည်။ ထို့ကြောင့် ၄င်းတို့အတွက် ထိုကျမ်းဂန်ကို အမှားအမှန် ခွဲခြားနိုင်သည့်ကျမ်းဟု မည်သို့ ဆိုနိုင်ပါမည်နည်း။ အခြားတစ်ချက်မှာ ဤသို့ဆိုလျှင် မွတ်စ္စလင်မ်များသည်လည်း ထို 'သောင်ရားသ်' ကျမ်းမှ အကျိုးအမြတ် ရယူရန် အရေးကြီးသည်ဟု ဖြစ်နေပေလိမ့်မည်။ အမှန်စင်စစ် ဟဒီးစ်တော်တွင် ကျော်ကြားသည့် ဖြစ်ရပ် တစ်ခု လာရှိသည်မှာ ဟဇရတ်အုမရ်ဖာရူးက် رضي الله عنه သည် အခါတစ်ပါး၌ တမန်တော်မြတ် ﷺ ထံတော်တွင် ၄င်းအနေဖြင့် 'သောင်ရားသ်' ကျမ်းမှ တရားရယူဖွယ် အဆုံးအမ စသည်တို့ကို ဖတ်ရှုလေ့လာပါမည်။ သို့မှသာ ၄င်း၌ အသိပညာများ တိုးပွားလာပေမည်' ဟူ၍ ခွင့်တောင်းခံခဲ့သည်။ ထိုသို့ ခွင့်တောင်းခံခြင်း အပေါ် တမန်တော်မြတ် ﷺ သည် အမျက်ဒေါသထွက်၍ 'အကယ်၍ ဤအချိန်တွင် မူစာ عليه السلام သည်လည်း အသက်ရှင်လျက် ရှိနေပါလျှင် ၄င်းအတွက်လည်း ငါကိုယ်တော်၏ နောက်လိုက်ပြီး အနွံအတာခံရန် တာဝန် ရှိသည်' ဟု မိန့်ကြားတော်မူလေသည်။

(ဆိုလိုသည်မှာ 'အသင်သည် ငါကိုယ်တော်၏ သင်ကြားလမ်းညွှန်မှုများကိုသာ ကြည့်ရမည်။ 'သောင်ရားသ်' နှင့် 'အင်န်ဂျီလ်' ကျမ်းများကို ကြည့်ရှုရန် အသင့်အတွက် မသင့်' ဟု ဖြစ်သည်။ ထိုကိစ္စ၏ အဖြေ၌ ပြောဆိုနိုင်သည်မှာ 'ထိုခေတ်သမယရှိ အဟ်လိကိသာဗ်တို့၏ လက်ဝယ်ရှိသော 'သောင်ရားသ်' ကျမ်းမှာ ပြုပြင်ပြောင်းလဲထားပြီးသော ကျမ်းဖြစ်သည်။ ဤသည် အစ္စလာမ့်ခေတ်ဦးအခါ၌ ဖြစ်ခဲ့သည်။ 'ဝဟီ' ကျရောက်လျက်ရှိသည့် ကာလဖြစ်သည်။ ထိုအချိန်က ကုရ်အာန်ကျမ်းကို အပြည့်အဝ ထိန်းသိမ်း စောင့်ရှောက်ခြင်းကို ရှေ့ရှုလျက် မိမိ၏ ဟဒီးစ်ဩဝါဒတော်များ ရေးမှတ်စုဆောင်းခြင်းကိုပင် အချို့ပုဂ္ဂိုလ် များအား တားမြစ်တော်မူခဲ့သည်။ ကုရ်အာန်နှင့်အတူ ဟဒီးစ်တော်များ ရောနှောသွားလိမ့်မည်ကို စိုးရိမ်၍ တားမြစ်တော်မူခဲ့ခြင်း ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင် အခြားသော ရုပ်သိမ်းခံရပြီးဖြစ်သည့် ကောင်းကင်ကျ ကျမ်းတစ်စောင်ကို ဖတ်ခြင်း၊ သင်ကြားပေးခြင်းတို့မှာ ဆင်ခြင်တုံတရားနှင့် ဆန့်ကျင် သည့် လုပ်ရပ်ဖြစ်ကြောင်း ထင်ရှားသည်။ ထို့အတွက်ကြောင့် တားမြစ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ ဆိုခြင်း ကြောင့် 'သောင်ရားသ်' နှင့် 'အင်န်ဂျီးလ်' ကျမ်းများ ဖတ်ရှုလေ့လာခြင်းတို့ကို လုံးဝဥဿုံ တားမြစ်သည် ဟု မမှတ်ယူရပေ။ ထိုကျမ်းဂန်များအတွင်း တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်းသည့် ကြိုတင်မိန့်ကြားချက် များ ပါရှိသည်တို့ကို လေ့လာခြင်းနှင့် ၄င်းတို့ကို ပြန်လည်ဆင့်ပြန်ခြင်းများကို ဆွဟာဗာများပြုခဲ့ကြောင်း အထောက်အထားရှိပြီး ကျော်ကြားသော ကိစ္စဖြစ်သည်။ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နိစလာမ် رضي الله عنه နှင့် ကအဗ် အဟ်ဗားရ် رضي الله عنه တို့သည် ဤအရေးကိစ္စတွင် အကျော်ကြားဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည်။ အခြားဆွဟာဗာ

တို့သည်လည်း ၎င်းတို့အပေါ် တားမြစ်ခြင်း မပြုခဲ့ကြပေ။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ 'သောင်ရားသ်'ကျမ်းနှင့် 'အင်န်ဂျီးလ်'ကျမ်းတို့တွင် ပြောင်းလဲမှုမပြုခံရဘဲ ယခုတိုင် ယခင်မူလအတိုင်း ရှိနေသည့် အကြောင်းအရာများရှိပြီး ၎င်းတို့မှာ ဒွိဟသံသယမရှိ၊ بصائر အမှားအမှန် ခွဲခြားနိုင်သော အရာများဖြစ်သည်။ ထိုအရာများမှ အကျိုးအမြတ်ရယူခြင်း ပိုင်သည်။ သို့ရာတွင် ထိုအရာများမှ အကျိုးအမြတ်ရယူခြင်းသည် ပြုပြင်ပြောင်းလဲပြီးဖြစ်သည်။ မဖြစ်သည်ကိုလည်းကောင်း၊ မှားသည်၊ မှန်သည်ကိုလည်းကောင်း ခွဲခြားသိရှိနိုင်သော ကျွမ်းကျင်သည့် အိုလမာဓမ္မသတ်ပညာရှင်များအတွက်သာ ဖြစ်ပေသည်။ သာမန်လူများအတွက်မူ ချွတ်ချော်လွဲမှားမှု၌ ကျရောက်သွားနိုင်သည်။ ၎င်းကျမ်းဂန်များကို လေ့လာခြင်းမှ ရှောင်ကြဉ်ရန် လုံးဝ အရေးကြီးပေသည်။ ဤအမိန့်သည် အမှန်နှင့်အတူ အမှားများ ရောယှက်နေသော ကျမ်းများအားလုံးအတွက် ဖြစ်သည်။ သာမန် လူများအနေဖြင့် ထိုကျမ်းများအား လေ့လာခြင်းကို ရှောင်ကြဉ်ရမည်။ ကျွမ်းကျင်သော အိုလမာဓမ္မသတ် ပညာရှင်များ လေ့လာလျှင် ကိစ္စမရှိ။

لِتُنْذِرَ قَوْمًا مَّا اَتٰهُمْ مِّنْ نَّذِيْرٍ

ဤနေရာတွင် အမျိုးသားများဆိုသည်မှာ အာရပ်အမျိုးသားများကို ဆိုလိုသည်။ ၎င်းတို့သည် ဟဇရသ်အိစ္စမာအီးလ် عليه السلام ၏ သားစဉ်မြေးဆက်မှ ဖြစ်သည်။ ဟဇရသ်အိစ္စမာအီးလ် عليه السلام ၏နောက် ၎င်း၏ အမျိုးအနွယ်တွင် တမန်တော်မြတ် ﷺ ၏ ခေတ်သမယအထိ ၎င်းတို့အနက်မှ မည်သည့်နဗီတမန်တော်မျှ ပွင့်ရောက်ခဲ့ခြင်း မရှိပေ။ စူရာဟ်ယာစီးန်၌လည်း ဤအကြောင်း လာရှိပေမည်။ အခြားတစ်နေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏

وَاِنْ مِّنْ اُمَّةٍ اِلَّا خَلَا فِيْهَا نَزِيْرٌ

'အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်များ မရောက်ရှိခဲ့သော အုမ္မသ်ဟူ၍မရှိ'ဟူသော မိန့်ကြားချက်သည် ဤအာယသ်တော်နှင့် ဆန့်ကျင်ဘက်မဖြစ်ကြောင်း သိရှိရလေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၏ အလိုသဘောမှာ ရှည်လျားဝေးကွာလှသော ခေတ်ကာလမှ ဟဇရသ်အိစ္စမာအီးလ် عليه السلام ၏ နောက်ပိုင်းတွင် ထိုအမျိုးသားများအားတွင်းမှ မည်သည့်နဗီတမန်တော်မျှ ပွင့်ပေါ်ခြင်းမရှိခဲ့သော်လည်း နဗီနှင့် ရစူလ်တမန်တော်များ ရောက်ခဲ့ခြင်းမှ ဤအုမ္မသ်သည်လည်း လွတ်ကင်းခဲ့သည်မဟုတ်ပေ။

وَلَقَدْ وَصَّلْنَا الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُوْنَ

وَصَّلْنَا သည် تَوْصِيْل ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဘိဓါန်အဓိပ္ပာယ်မှာ ကြိုး၏ အမျှင်ကလေးတွင် အခြားကြိုးအမျှင်များ ပေါင်းစပ်၍ ထိုကြိုးကို ခိုင်မာအောင် ပြုလုပ်ခြင်းဟုဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အသျှင်မြတ်သည် လူတို့အတွက် 'ဟေဒါယသ်' တရားလမ်းမှန်ပြသခြင်းများကို စဉ်ဆက်မပြတ် တစ်မျိုးပြီးတစ်မျိုး တင်ပြတော်မူထားသည်။ ထို့ပြင် များစွာသော တရားရဖွယ်ရာ အကြောင်းများကိုလည်း ကြားနာသူတို့တွင် စူးရှသက်ဝင်စေရန် ထပ်ကာထပ်ကာ တင်ပြခြင်းများလည်း ပြထားတော်မူသည်။

'သဗ်လီးဂ်' နှင့် 'ဒအ်ဝသ်' လုပ်ငန်းအတွက် အချို့သော နည်းကမ်းချက်များ

နဗီတမန်တော်တို့သည် 'သဗ်လီးဂ်'(သာသနာ့အမိန့် ကိစ္စရပ်များ ပို့ချရာ) ၌ အလေးအနက်ထားကြသည့် အချက်တစ်ချက်မှာ အမှန်တရား သာသနာ့စကားများကို အဆက်မပြတ် ပြောဆို ပို့ချမြဲ ပို့ချလျက်ရှိကြသည်။ လူတို့၏ ငြင်းပယ်မှုနှင့် သွေဖည်ဆန့်ကျင်မှုတို့ကြောင့် ၄င်းတို့သည် မိမိတို့၏ ကျင့်စဉ်လုပ်ရပ်နှင့် မိမိတို့၏ အာရုံစူးနစ်ခြင်းတို့၌ မည်သည့်အတားအဆီးမျှ အဖြစ်မခံပေ။ သို့သာမက ၄င်းတို့သည် အမှန်တရားများ ပြောကြားခြင်းကို အကယ်၍ တစ်ကြိမ်ဖြင့် လက်မခံလျှင် ဒုတိယအကြိမ် ထပ်မံ၍ ပြောကြားကြသည်။ ထိုအခါ၌လည်း လက်မခံ၊ တတိယ၊ စတုတ္ထအကြိမ် စသည်ဖြင့် ကြိမ်ဖန်များစွာ ပြောဆိုပို့ချကြလေသည်။ လူတစ်ဦးတစ်ယောက်၏ နှလုံးသား၌ ကိန်းဝပ်သွားစေရန် ထည့်သွင်းပေးခြင်းမှာမူ ဟောကြားပို့ချသူ၏ စွမ်းဆောင်နိုင်မှုကား မဟုတ်ပေ။ သို့ရာတွင် မိမိတို့၏ ကြိုးပမ်းမှုကို မမောနိုင်၊ မပန်းနိုင်၊ မငြီးငွေ့နိုင်ဘဲ ပြုလုပ်ခြင်းကို စွဲမြဲစွာ လက်ကိုင်ထား၍ ထိုအလုပ်အပေါ် ဇောက်ချ၍ ကြိုးပမ်းခဲ့ကြသည်။ ယနေ့မျက်မှောက်ခေတ် 'သဗ်လီးဂ်'နှင့် 'ဒအ်ဝသ်'လုပ်ငန်း ကြိုးပမ်းနေကြသူများသည် နဗီတမန်တော်တို့၏ ဤကြိုးပမ်းမှုများကို သင်ခန်းစာယူရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

الَّذِينَ آتَيْنَاهُمُ الْكِتَابَ مِن قَبْلِهِ هُم بِهِ يُؤْمِنُونَ ﴿٥٢﴾

၂၈ : ၅၂ ။ ။ ငါအသျှင်မြတ်သည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်အလျင် (အတိတ်ခေတ်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သော သူတို့မှာမူ၊ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြပေသည်။

وَإِذَا يُتْلَىٰ عَلَيْهِمْ قَالُوا آمَنَّا بِهِ إِنَّهُ الْحَقُّ مِن رَّبِّنَا إِنَّا كُنَّا مِن قَبْلِهِ مُسْلِمِينَ ﴿٥٣﴾

၂၈ : ၅၃ ။ ။ ထို့ပြင် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ကို ၄င်း (အတိတ်ခေတ် ကျမ်းဂန်ရရှိ) သူတို့ရှေ့ဝယ် ဖတ်ကြားသောအခါ၊ ၄င်းတို့က 'ကျွန်တော်မျိုးတို့သည် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြပါပြီ။ စကန်မလွဲ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ (ထုတ်ပြန်တော်မူသည့်) သစ္စာတရား အမှန်ပင် ဖြစ်ပါသည်။ စကန်စင်စစ် ကျွန်တော်မျိုးတို့သည် ဤ (ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီ) အလျှင် (ရှေးယခင်) ကပင် 'မွတ်စ္လင်မ်' အမိန့်တော်ကို လိုက်နာသူများ ဖြစ်ခဲ့ကြပါသည်'ဟု ပြောဆိုခဲ့ကြကုန်၏။

أُولَٰئِكَ يُؤْتَوْنَ أَجْرَهُم مَّرَّتَيْنِ بِمَا صَبَرُوا وَيَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿٥٤﴾

၂၈ : ၅၄ ။ ။ ထိုသူတို့သည် ကြံ့ခိုင်စွာ ရှိခဲ့ကြခြင်းကြောင့်လည်းကောင်း၊ ထို့ပြင် ၄င်းတို့သည် အဆိုးကို အကောင်းဖြင့် (တုံ့ပြန်) တွန်းလှန်ကြသောကြောင့်လည်းကောင်း၊ ၄င်းတို့သည် မိမိတို့အား ငါအသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူ

ခဲ့သော ဥစ္စာပစ္စည်းများအနက်မှ သုံးစွဲလှူဒါန်းကြသောကြောင့်လည်းကောင်း၊ မိမိတို့၏ အကျိုးကို နှစ်ဆတိုး၍ ပေးသနား တော်မူခြင်း ခံကြရပေမည်။

وَإِذَا سَمِعُوا اللَّغْوَ أَعْرَضُوا عَنْهُ وَقَالُوا لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ سَلَامٌ عَلَيْكُمْ لَا نَبْتَغِي الْجَاهِلِينَ ﴿٥٥﴾

၂၈ : ၅၅ ။ ။ ထို့ပြင် ၎င်းတို့သည် အချည်းနှီး အကျိုးမဲ့သော စကားကို ကြားကြလေသောအခါ ထိုအချည်းနှီးသော စကားမှ မျက်နှာလွှဲ ဆုတ်ခွာသွားကြသည့်အပြင် 'ကျွန်ုပ်တို့၏ အပြုအမူများသည် ကျွန်ုပ်တို့အဖို့ ဖြစ်၍၊ အသင်တို့၏ အပြုအမူများသည် အသင်တို့အဖို့သာ ဖြစ်၏။ ငြိမ်းချမ်းမှုသည် အသင်တို့အပေါ်၌ ရှိပါစေ။ ကျွန်ုပ်တို့သည် အသိပညာ ကင်းမဲ့သူတို့အား အလိုမရှိကြပြီ' ဟု ပြောဆိုခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် တမန်တော်မြတ် ﷺ ၏ 'ရေစာလသ်' (ရစူလ်တမန်တော်ဖြစ်ခြင်း) ကို 'သောင်ရားသ်' နှင့် 'အင်န်ဂျီလ်' ကျမ်းများတွင် ပါရှိ၍ သိနားလည်ခဲ့ကြသော တမန်တော်မြတ် ﷺ ပွင့်ပေါ်တော်မူမည် ဆိုသည်ကို ကြိုတင်မိန့်မြွက်ထားသော သတင်းကောင်းများကို တတ်သိနားလည်ခဲ့ကြကုန်သော ပညာရှင်များ၏ ထောက်ခံချက်ဖြင့်လည်း အတည်သိရှိရလေသည်။ သို့ဖြစ်ပေရာ) ငါအသျှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်အလျှင် (ကောင်းကင်ကျ) ကျမ်း ချပေးခြင်းခံခဲ့ရသည့် သူတို့အနက်မှ အမှန်ကို လက်ခံသော စိတ်သဘောထား ရှိသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် ယုံကြည်ခဲ့ကြသည်။ ထို့ပြင် ၎င်းတို့၏ ရှေ့မှောက်တွင် ကုရ်အာန်ကို ဖတ်ကြားပြသသည့်အခါ ၎င်းတို့က ကျွန်တော်မျိုးတို့သည် ဤကုရ်အာန် ကျမ်းတော်မြတ်ကို ယုံကြည်ကြပါသည်။ စေန်မလွဲ ဤကျမ်းမြတ်သည် ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ (ထုတ်ပြန်ပို့ချတော်မူသည့်) မှန်ကန်သော ကျမ်းပင် ဖြစ်သည်။ စေန်စင်စစ် ကျွန်ုပ်တို့သည် ဤ (ကျမ်းမြတ်မကျရောက်မီ) အလျှင်ကပင် (မိမိတို့၏ ကျမ်းများမှ သတင်း ကောင်းပေးချက်များအရ) လက်ခံယုံကြည်ပြီးဖြစ်ပါသည်။ (ယခု ဤကျမ်းမြတ် ကျရောက်လာပြီးသောအခါ ကတိကဝတ် အသစ်ပြုပါသည်ဟု ပြောဆိုကြသည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် မကျ ရောက်မီက ယင်းကျမ်းကို ထောက်ခံခဲ့ကြသည်။ ထိုမျှမက ယင်းကျမ်းတော် ကျရောက်လာခြင်းကို စောင့်ဆိုင်းနေသူ၊ လိုလားနေသူများဖြစ်ကြသော်လည်း ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာသောအခါ ယင်းကျမ်းမြတ်ကို ငြင်းပယ်ခဲ့ကြသူတို့ကဲ့သို့ မဟုတ်ပါ' ဟူ၍ ဖြစ်သည်။ ၎င်းကို ကျမ်းတော်မြတ်ကုရ်အာန်၌

فَلَمَّا جَاءَهُم مَّا عَرَفُوا كَفَرُوا بِهِ

ဟူ၍ တင်ပြထားသည်။ ထိုအကြောင်းများကို ကြည့်ခြင်းဖြင့် 'သောင်ရားသ်' နှင့် 'အင်န်ဂျီးလ်' ကျမ်းများမှ သတင်းကောင်းပေးမှုများသည် ကိုယ်တော်မြတ် ﷺ ကိုသာ ညွှန်းဆိုခြင်းဖြစ်ကြောင်း သိရှိ ရသည်။ စူရာဟ်ရှုအရာအ်၏ နောက်ဆုံး၌

اَوَلَمۡ يَكُنۡ لَّهُمۡ اٰيَةً اَنۡ يَّعۡلَمَهٗ عُلَمٰٓؤُا بَنِىۡۤ اِسۡرَآءِيۡلَ

ဟူ၍ မိန့်ကြားတော်မူထားသည့်အတိုင်း ဖြစ်သည်။ ဤနေရာအထိမှာ ဗနီအိစ္စရာအီးလ်မျိုးနွယ်မှ အိုလမာပညာရှင်များက မိုဟမ္မဒ် ﷺ ၏ 'ရေစာလသ်'အပေါ် ဆန့်ကျင်ထွက်ဆိုခြင်းအကြောင်းများကို တင်ပြထားခြင်း ဖြစ်သည်။ ရှေ့တွင် 'အဟ်လိကိသားဗ်' မှအ်မင်န်တို့၏ ထူးမြတ်မှုများကို တင်ပြထားသည်မှာ) ထိုသူတို့သည် ၎င်းတို့၏ ကြွဲခိုင်စွာ ရှိခဲ့ကြခြင်းကြောင့် အကျိုးနှစ်ဆ ရရှိကြပေမည်။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရှေးကျမ်းများအပေါ် အီမာန်သက်ဝင်ယုံကြည်ခဲ့ခြင်းနှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်အပေါ်လည်း အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ပြီးနောက်တွင်လည်း ယင်းကျမ်းမြတ်အပေါ် ရပ်တည်၍ မိမိတို့၏ အီမာန်ကို အသစ်ဖြစ်စေခဲ့ကြသည်။ ဤသည်မှာ ၎င်းတို့၏ ယုံကြည်ချက်နှင့် အကျိုးကုသိုလ်များအကြောင်း တင်ပြခြင်း ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ ကျင့်စဉ်များနှင့် စာရိတ္တများအကြောင်း တင်ပြထားသည်မှာ) ထို့ပြင် ၎င်းတို့သည် ကောင်းမြတ်ခြင်း (နှင့် သည်းခံခြင်း) ဖြင့် မကောင်းမှု (နှင့် ဒုက္ခပေးခြင်းတို့) ကို တွန်းလှန်ခဲ့ကြသည်။ ထို့ပြင် ငါအသျှင်မြတ်က ၎င်းတို့အား ချီးမြှင့်တော်မူထားသည်များအနက် (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင်) သုံးစွဲလှူဒါန်းခဲ့ကြသည်။ ထို့ပြင် (၎င်းတို့သည် လုပ်ဆောင်ချက်ဒုက္ခများအပေါ် သည်းခံသကဲ့သို့) တစ်စုံတစ်ဦးထံမှ (မိမိတို့နှင့် စပ်လျဉ်း၍) အချည်းအနှီးဖြစ်သော စကားများကို ကြားကြလေသောအခါ (စကားအားဖြင့် ဒုက္ခရောက်စေခြင်းဖြစ်သည်။) ထိုစကားများမှ (လည်း) မျက်နှာလွှဲဖယ်ရှောင်ခွာသွားကြသည်။ ထို့ပြင် (ငြိမ်းချမ်းမှုဖြစ်စေရန်) ကျွန်ုပ်တို့၏ ပြုမူချက် လုပ်ရပ်သည် ကျွန်ုပ်တို့ ရှေ့မှောက်သို့လည်းကောင်း၊ အသင်တို့၏ ပြုမူချက် လုပ်ရပ်သည် အသင်တို့အတွက်လည်းကောင်း ရောက်ရှိပေလိမ့်မည်။ (အို၊ နောင်တော်) ကျွန်ုပ်တို့သည် အသင်တို့အပေါ်၌ ငြိမ်းချမ်းသာယာပါစေဟု 'စလာမ်'ပြုပါ၏။ (ကျွန်ုပ်တို့အား ပြဿနာပြုလုပ်ခြင်းမှ ခွင့်လွှတ်ကြပါ) ကျွန်ုပ်တို့သည် အသိပညာကင်းမဲ့သူတို့နှင့် ပြဿနာဖြစ်ရန် မလိုလားပါ' ဟု ပြောဆိုကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَلَّذِيۡنَ اٰتَيۡنٰهُمُ الۡكِتٰبَ مِنۡ قَبۡلِهٖ هُمۡ بِهٖ يُؤۡمِنُوۡنَ

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ နဗီအဖြစ် စေလွှတ်ခြင်းမခံရမီအလျင်နှင့် ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီအလျင်ကပင် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းများ၏ သတင်းကောင်းပေးချက်များအရ ကုရ်အာန်ကျရောက်ခြင်းနှင့် တမန်တော်မြတ် ﷺ အား နဗီအဖြစ် စေလွှတ်ခံရခြင်းတို့အပေါ် လက်ခံယုံကြည်ကြသည့် 'အဟ်လိကိသားဗ်'တို့အကြောင်း တင်ပြထားသည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ နဗီအဖြစ် စေလွှတ်ခြင်း ခံရသောအခါ မိမိတို့၏ နဂိုမူလ ယုံကြည်ချက်အပေါ်၌ပင် သက်ဝင်ယုံကြည်ခဲ့ကြသည်။

ဟဇရသ်အိမ်နေအဗွားစ် رضي الله عنه ထံမှ ဆင့်ပြန်ချက်လာရှိသည်မှာ ဟဗ်ရှဟ်ဘုရင် နဂျာရှီ၏ အပါးတော်မြဲများအနက် လူ (၄၀) တို့သည် တမန်တော်မြတ် ﷺ အနေဖြင့် 'ခိုင်ဗရ်'စစ်ပွဲအတွက် လုံးပမ်းနေချိန်တွင် မဒီနာမြို့သို့ ရောက်ရှိလာကြသည်။ ၎င်းတို့သည်လည်း 'ခိုင်ဗရ်'စစ်ပွဲ၌ ပါဝင်ခဲ့ကြသည်။ အချို့မှာ ဒဏ်ရာများပင် ရရှိခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့အနက် မည်သူမျှ သတ်ဖြတ် မခံခဲ့ရပေ။ ၎င်းတို့သည် ဆွဟာဗာတို့၏ ဆင်းရဲနွမ်းပါးမှုအခြေအနေကို တွေ့မြင်ရလေသောအခါ ကိုယ်တော်မြတ် ﷺ အား 'ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် မိမိတို့တိုင်းပြည်သို့ ပြန်၍ ဆွဟာဗာများအတွက် ဥစ္စာပစ္စည်းများ စုဆောင်း၍ ယူလာပါမည်' ဟု လျှောက်တင်ကြရာ ကိုယ်တော်မြတ် ﷺ က ခွင့်ပြုတော်မူလိုက်သည်။ ထိုဖြစ်ရပ်အပေါ် ဤအောက်ပါ အာယသ်တော် ကျရောက်လာခဲ့သည်။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ مِنْ قَبْلِهٖ هُمْ بِهٖ يُؤْمِنُوْنَ ﴿الى قوله﴾ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ

ဟဇရသ်စအီးဒ်ဗင်န်ဂျုဗိုင်းရ် عليه السلام က ဆင့်ပြန်သည်မှာ ဟဇရသ်ဂျအ်ဖရ် رضي الله عنه သည် မိမိ၏ မိတ်ဆွေများနှင့်အတူ မဒီနာသို့ 'ဟီဂျ်ရသ်'မပြုမီအလျင်က 'ဟဗ်ရှဟ်'သို့ 'ဟီဂျ်ရသ်'ပြုခဲ့သည်။ နဂျာရှီဘုရင်ထံတော်ပါး၌ အစ္စလာမ်၏ လမ်းညွှန်ချက်များကို တင်ပြလေသောအခါ နဂျာရှီနှင့် ၎င်း၏ နန်းတွင်းအမှုထမ်းတို့သည် 'အဟ်လိကိသားဗ်'ဖြစ်သည့်အလျောက် 'သောင်ရားသ်'နှင့် 'အင်န်ဂျီလ်'ကျမ်းများတွင် ကိုယ်တော်မြတ် ﷺ ၏ သတင်းကောင်းများနှင့် လက္ခဏာများကို တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။ ၎င်းတို့၏ နှလုံးသားများအတွင်းဝယ် ထိုအချိန်မှာပင် အလ္လာဟ်အသျှင်မြတ်သည် အီမာန်ကို ထည့်သွင်းပေးတော်မူခဲ့ပြီးဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

مُسلمين 'မုစ်လိမီးန်' ဟူသော စာလုံးသည် အုမ္မသေ့မုဟမ္မဒီယဟ်'အတွက်သာ သီးသန့် ဖြစ်ပါသလား (သို့) အုမ္မသ်တိုင်းအတွက် ဖြစ်ပါသလား

اِنَّا كُنَّا مِنْ قَبْلِهٖ مُسْلِمِيْنَ

ဆိုလိုသည်မှာ ထို 'အဟ်လိကိသားဗ်'တို့က ပြောဆိုသည်မှာ 'ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီ အလျင်ကပင် မွတ်စ္စလင်မ်များ ဖြစ်ခဲ့ကြပါသည်'ဟု ဖြစ်သည်။ ဤနေရာတွင် مُسْلِم မွတ်စ္စလင်မ်ဟူသော စာလုံးသည် အကယ်၍ မိမိ၏ အဘိဓါန်အဓိပ္ပာယ်အရ 'အမိန့်နာခံသူ'ဟု ယူရမည်ဆိုလျှင် '၎င်းတို့အဖို့ ကုရ်အာန်ကျမ်းမြတ်နှင့် နောက်ဆုံးနဗီတမန်တော်အပေါ် ယုံကြည်ရခြင်းမှာ မိမိတို့ကျမ်းများကြောင့် ဖြစ်ပေသည်။ ထိုယုံကြည်ချက်ကို اسلام 'အစ္စလာမ်'နှင့် مسلمين 'မုစ်လိမီးန်'ဟူသော စာလုံးများဖြင့် 'ကျွန်ုပ်တို့သည် ကနဦးမှပင် ထိုအရာများကို လက်ခံယုံကြည်ခဲ့ပါသည်'ဟူ၍ သုံးနှုန်းထားတော်မူသည်။ အကယ်၍ مسلمين 'မုစ်လိမီးန်'ဟူသောစာလုံးမှ ဤနေရာတွင် ထိုအဓိပ္ပာယ်အတိုင်း

ယူမည်ဆိုလျှင် 'အုမ္မသေ့မုဟမ္မဒီယဟ်'၏ ဘွဲ့ထူးအတွက် مسلمين 'မုစ်လိမီးန်' ဟူ၍ သုံးနှုန်းထားသကဲ့သို့ ထိုအခါ اسلام အစ္စလာမ်နှင့် مسلمين 'မုစ်လိမီးန်'ဟူသော စာလုံးသည် 'အုမ္မသ်သေ့မုဟမ္မဒီယဟ်'အတွက် သီးသန့်မဟုတ်တော့ဘဲ နဗီတမန်တော်အားလုံးတို့၏ သာသနာသည် اسلام အစ္စလာမ် ဖြစ်၍ ၄င်းသာသနာအပေါ် လိုက်နာကျင့်သုံးသူတို့အားလုံးသည် مسلمين 'မုစ်လိမီးန်'သာဖြစ်ကြောင်း အတည် ဖြစ်ပေမည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့အာယသ်တော်များအရ اسلام အစ္စလာမ်နှင့် مسلمين 'မုစ်လိမီးန်'သည် ဤအုမ္မသ်အတွက် အထူးဘွဲ့ထူးဖြစ်ကြောင်း သိရှိရပေသည်။ ဥပမာအားဖြင့် ဟဇရသ်အိဗ်ရာဟီးမ် ﷺ ၏ ပြောကြားချက်ကို ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တိုင်က ဆင့်ပြန်ခဲ့သည်မှာ-

هُوَسَمّٰكُمُ الْمُسْلِمِيْنَ

ဟု ဖြစ်သည်။ အလ္လာမဟ်စီယူသွီသည် ဤအတိုင်းပင် ၄င်းစာလုံးတို့မှာ အုမ္မသေ့မုဟမ္မဒီယဟ်အတွက် သီးသန့်အသုံးအနှုန်းဟု ဆိုထားသည်။ ထို့ပြင် ဤအကြောင်းအရာအပေါ် အထူးကျမ်းငယ်တစ်စောင် ပြုစုထားသည်။ ၄င်းထဲ၌ ဤအာယသ်တော်ရှိ مُسلِمين 'မုစ်လိမီးန်'၏ အလိုသဘောမှာ 'ကျွန်ုပ်တို့သည် ကနဦးကပင် အစ္စလာမ်သာသနာကို လက်ခံရန် အသင့်ရှိနေခဲ့ကြပါသည်' ဟူ၍ ဖြစ်သည်။ လေးနက်စွာ စဉ်းစားကြည့်ရှုပါလျှင် အစ္စလာမ်သည် နဗီတမန်တော်အပေါင်းတို့၏ သာသနာအားလုံးအတွက် တူညီသော အမည်ဖြစ်ခြင်းနှင့် ဤအုမ္မသ်အတွက် အထူးဘွဲ့ထူးလည်း ဖြစ်ခြင်းတို့တွင် မည်သို့မှ ဆန့်ကျင်ခြားနားမှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်သည် မိမိ၏ ဝိသေသအဓိပ္ပာယ်အားဖြင့် နဗီ တမန်တော်အပေါင်းတို့၏ သာသနာအားလုံးအတွက် တူညီသော အမည်ဖြစ်သည်။ သို့ရာတွင် မွတ်စ္စလင်မ်ဟူသော ဘွဲ့ထူးသည် ဤအုမ္မသ်အတွက် သီးသန့်ဟူ၍ သတ်မှတ်၍ရသောကြောင့် ဖြစ်သည်။ ဥပမာ- စွိဒ်ဒီးက်နှင့် ဖာရူးက် စသည်တို့သည် ဘွဲ့ထူးများဖြစ်သည်။ ထိုဘွဲ့ထူးများ၏ ရည်ညွှန်းချက်သည် ဤအုမ္မသ်တွင် အာဗူဗကရ် ﷺ နှင့် အုမရ် ﷺ တို့အတွက် ဖြစ်သည်။ အမှန်စင်စစ် မိမိ၏ ဝိသေသအဓိပ္ပာယ်တို့အားဖြင့် အခြားသော ပုဂ္ဂိုလ်များသည်လည်း စွိဒ်ဒီးက်နှင့် ဖာရူးက်ဖြစ်နိုင်ပေသည်။

اُولٰٓئِكَ يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ

ဆိုလိုသည်မှာ 'မုအ်မင်န် အီမာန်သက်ဝင် ယုံကြည်သူ 'အဟ်လိကိသာဗ်'တို့သည် နှစ်ကြိမ်နှစ်ခါ အကျိုးကုသိုလ်များ ပေးခြင်း ခံရမည်'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤကဲ့သို့သော ကတိတော်သည် ကြင်ယာတော်များအတွက်လည်း လာရှိထားပေသည်။ ၄င်းမှာ-

وَمَنْ يَّقْنُتْ مِنْكُنَّ لِلّٰهِ وَرَسُوْلِهٖ وَتَعْمَلْ صَالِحًا نُّؤْتِهَآ اَجْرَهَا مَرَّتَيْنِ

ဟု ဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ပါးတွင် သုံးဦးသော သူတို့အတွက် ကုသိုလ်အကျိုး နှစ်ဆပေးတော်မူမည့်အကြောင်း လာရှိထားသည်။ ပထမတစ်ဦးမှာ မိမိတို့၏ နဗီမူလက

နဗီတမန်တော်အပေါ် သက်ဝင်ယုံကြည်ပြီး တစ်ဖန် တမန်တော်မြတ် ﷺ အပေါ် သက်ဝင်ယုံကြည်သော 'အဟ်လိကိတာဗ်' ဖြစ်သည်။ ဒုတိယတစ်ဦးမှာ တစ်ဦးတစ်ယောက် ပိုင်ဆိုင်သော ကျေးကျွန်၊ အကယ်၍ ၎င်းသည် မိမိသခင်၏ အမိန့်နာခံမှုကိုလည်း ပြုသည်။ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်၏ အမိန့်တော်များကိုလည်း နာခံမှုပြုသည့်ကျွန်ဖြစ်သည်။ တတိယတစ်ဦးမှာ မိမိ၏ ပိုင်ဆိုင်မှု၌ရှိသော ကျွန်မအား 'နေကာဟ်' မပြုဘဲလည်း နှီးနှောခြင်း 'ဟလာလ်'ဖြစ်သော်လည်း ထိုကျွန်မအား မိမိ၏ကျွန်အဖြစ်မှ လွတ်လပ်သူအဖြစ် သူကောင်းပြုပေးပြီး တစ်ဖန် သူမအား မိမိနှင့် 'နေကာဟ်'ပြုလျက် ဇနီးအဖြစ် ပြုလိုက်သူဖြစ်သည်။

ဤနေရာတွင် ဤမည်သော အချို့အချက်များအပေါ် ကုသိုလ်အကျိုး နှစ်ကြိမ်၊ နှစ်ဆပေးရခြင်း အကြောင်းမှာ မည်သို့ပါနည်းဟူ၍ လေးလေးနက်နက် စဉ်းစားသင့်သည်။ အကယ်၍ ၎င်းတို့၌ ကျင့်စဉ်နှစ်ရပ်ရှိပြီး ထိုကျင့်စဉ်နှစ်ရပ်သည် အကျိုးကုသိုလ်နှစ်ဆ ရရှိခြင်း၏ အကြောင်းခံဖြစ်သည်ဟု ဆိုလျှင် အကြောင်းမှာ အီမာန်သက်ဝင် ယုံကြည်သူ 'အဟ်လိကိတာဗ်'တို့၏ ကျင့်စဉ်နှစ်မျိုးမှာ ၎င်းတို့သည် နဗီတမန်တော်တစ်ပါးနှင့် ထိုနဗီ၏ ကျမ်းအပေါ် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြခြင်းနှင့် တစ်ဖန် နောက်ထပ် ပွင့်ပေါ်လာသည့် နဗီနှင့် ၎င်း၏ ကျမ်းအပေါ် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြခြင်းတို့ ဖြစ်သည်။ ကြင်ယာတော်သခင်မတို့၏ ကျင့်စဉ်နှစ်ရပ်မှာ ကြင်ယာတော်တို့သည် တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းနှင့် အချစ်တရားထားရှိခြင်းတို့ကို ရစူလ်အဆင့်ဖြင့်လည်းကောင်း၊ ခင်ပွန်းသည်အဆင့်နှင့်လည်းကောင်း ပြုကြသောကြောင့် ဖြစ်သည်။ ထို့နောက် တစ်ပါးသူပိုင် ကျွန်၏ ကျင့်စဉ်နှစ်ရပ်မှာ ၎င်း၏ ပိုင်ရှင်သခင်နှင့်လည်းကောင်း၊ အလ္လာဟ်နှင့် ရစူလ်တမန်တော်နှင့်လည်းကောင်း အမိန့်နာခံမှုပြုခြင်း ဖြစ်သည်။ ထို့နောက် ကျွန်မအား သူကောင်းပြု၍ ထိုကျွန်မနှင့် 'နေကာဟ်'ပြုသူအဖို့ ကျင့်စဉ်တစ်ရပ်မှာ သူကောင်းပြုခြင်းဖြစ်ပြီး ကျန်ကျင့်စဉ်တစ်ရပ်မှာ သူမအား 'နေကာဟ်'ပြုလိုက်ခြင်းဖြစ်သည်။ ဤအကြောင်းအရာများအပေါ် စောဒကမေးခွန်း ပေါ်ပေါက်လာသည်။ ၎င်းမှာ ကျင့်စဉ်နှစ်ရပ်ပြုလုပ်ခြင်းအပေါ် ကုသိုလ်နှစ်ဆ ရရှိခြင်းမှာမူ တရားမျှတမှုအရ ကြည့်မည်ဆိုလျှင် လူသားအားလုံးအတွက် ဖြစ်ရပေမည်။ ဤနေရာတွင် သက်ဝင်ယုံကြည်သူ 'အဟ်လိကိတာဗ်'နှင့် ကြင်ယာတော်များ စသည်တို့ကိုသာ အဘယ်ကြောင့် အထူးပြုထားပါသနည်း။ မည်သူမဆို ကျင့်စဉ်နှစ်ရပ် ပြုလုပ်လျှင် ကုသိုလ်နှစ်ခု နှစ်ဆရရှိရမည်သာ ဖြစ်သည်။ ထိုစောဒကမေးခွန်း၏ ဖြေကြားချက် အပြည့်အစုံကို 'အဟ်ကာမွလ်'ကုရ်အာန်ကျမ်း၌ စူရာဟ်ကဆွဆ်ကဏ္ဍတွင် ကျွန်ုပ် အကျယ်တဝင့် ရေးသားခဲ့ပါသည်။ ထိုရေးသား ချက်တွင် ကုရ်အာန်၏ စာလုံးများမှ ညွှန်းဆိုပြသ၍ အတည်ဖြစ်သိရှိရသော အချက်မှာ ထိုအမျိုးအစားအားလုံး၌ ကျင့်စဉ်နှစ်ခုဖြစ်၍ အကျိုးကုသိုလ်နှစ်ခု ရမည်ဟူသော အလိုသဘောမဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာမူ ကျင့်စဉ်ပြုလုပ်သူတိုင်းအတွက် ကုရ်အာန်၏ အားလုံးအတွက် ဥပဒေဖြစ်သောကြောင့်ပင် ဖြစ်သည်။

لَا يُضِيعُ عَمَلَ عَامِلٍ مِّنْكُمْ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက် မည်သည့်ကျင့်စဉ်ကျင့်ကြံသူ၏ ကျင့်စဉ်ကိုမျှ အကျိုးမဲ့ဖြစ်စေတော်မူမည်မဟုတ်ပေ။ ထိုမျှမက ကောင်းမှုပြုသမျှတို့အတွက် စာရင်းနှင့်အညီ အကျိုး

ကုသိုလ် ရရှိပေမည်ဟု ဖြစ်သည်။ ဤနေရာ၌ ဖော်ပြပါအမျိုးအစားများတွင် အကျိုးကုသိုလ်နှစ်ဆ ရရှိမည် ဆိုခြင်းမှာ ထိုသူများအဖို့ ထိုသူတို့ ပြုကျင့်သည့် ကျင့်စဉ်တိုင်း၏ နှစ်ဆသော အကျိုးကုသိုလ် ရရှိပေမည်ဆိုသော အလိုသဘောဖြစ်သည်။ နမာဇ်တိုင်းအပေါ် ကုသိုလ်နှစ်ဆ၊ 'ရိဇာဟ်'၊ 'ဟဂျ်'နှင့် 'အွမ္မရာဟ်' တိုင်းအပေါ် ကုသိုလ်နှစ်ဆ စသည်ဖြင့် ရရှိပေမည်။ ကုရ်အာန်၏ စာလုံးများအပေါ် လေးလေး နက်နက် စဉ်းစားကြည့်မည်ဆိုလျှင် ကုသိုလ်နှစ်ဆပေးရန်အတွက် أَجْرَيْنِ ဟူ၍ တိုတောင်းစွာသောစာလုံး ကို သုံးနှုန်းရမည်ဖြစ်သည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသို့ မသုံးနှုန်းဘဲ أَجْرَهُم مَّرَّتَيْنِ ဟူသော စာလုံးကို သုံးနှုန်းထားသည်။ ထိုစာလုံးတွင် ရှင်းလင်းသော ညွှန်းဆိုချက် ပါရှိသည်မှာ أَجْرَهُم مَّرَّتَيْنِ ၏ အလိုသဘောမှာ ကျင့်စဉ်ကျင့်ရပ်တိုင်းအား ထပ်ဆင့်၍ ရေးမှတ်ခြင်းခံရပေမည်။ ကျင့်စဉ်တိုင်းအပေါ် ကုသိုလ်နှစ်ဆ ရရှိပေမည်ဟု ဖြစ်သည်။

တစ်ဖန် ၎င်းတို့အဖို့ ဤမျှခန့် ကြီးကျယ်သော ထူးမြတ်မှုနှင့် ထူးခြားမှုများ ရရှိခြင်းမှာ အဘယ် ကြောင့်နည်းဟုဆိုလျှင် ရှင်းလင်းသောအဖြေမှာ အလ္လာဟ်အသျှင်မြတ်အဖို့ အထူးကျင့်စဉ်တစ်ရပ်ကို အခြား သော ကျင့်စဉ်များထက် ပို၍ ထူးမြတ်မှု သတ်မှတ်ပေး၍ ၎င်းကျင့်စဉ်၏ အကျိုးကုသိုလ်ကို တိုးမြှင့် ပေးပိုင်ခွင့်ရှိသည်။ 'ရိဇာဟ်'၏ အကျိုးကုသိုလ်ကို အဘယ်ကြောင့် ဤမျှ များပြားစွာ ပေးပါသနည်း။ 'ဇကားသ်'နှင့် 'စွဒ်ကာဟ်'တို့ကို အဘယ်ကြောင့် ဤမျှ မပေးပါသနည်းဟူ၍ စောဒကတက်ရန် မည်သူ့ တွင်မျှ အခွင့်အရေး မရှိပေ။ ဖြစ်နိုင်သည်မှာ ကုရ်အာန်၏ ဖော်ပြပါအာယသ်တော်၌ တင်ပြထားသော ကျင့်စဉ်များ၊ ဘိုခါရီကျမ်း၏ ဟဒီးစ်တော်၌ တင်ပြထားသော ကျင့်စဉ်များမှာ အလ္လာဟ်အသျှင်မြတ် ထံတော်တွင် ၎င်းတို့၏ အဆင့်အတန်းသည် အခြားသော ကျင့်စဉ်များထက် အကြောင်းခံတစ်ခုခုကြောင့် အဆင့်ပိုပြီး မြင့်မားသည့်အတွက် ထိုကျင့်စဉ်အပေါ် ဤသို့သော ဆုလဒ်များ ချီးမြှင့်တော်မူခြင်း ဖြစ်ပေသည်။ အချို့သော အကြီးအကဲပညာရှင်တို့က ဤကျင့်စဉ်၏ ထူးမြတ်ရခြင်းအကြောင်းကို ထိုပုဂ္ဂိုလ်တို့၏ နှစ်ပြန် နှစ်ဆ ဒုက္ခခံမှုဖြစ်သည်ဟု သတ်မှတ်ကြသည်။ ဤသည်မှာလည်း သူ့နေရာနှင့်သူ အလိုသဘော ကောက်ယူ နိုင်သော တင်ပြချက်ဖြစ်သည်။ ဤအာယသ်တော်၏ နောက်ဆုံးတွင် بِمَا صَبَرُوا စာလုံးဖြင့် ထိုသို့ အကျိုးကုသိုလ်နှစ်ဆ ရရှိရခြင်းမှာ ၎င်းတို့သည် ဒုက္ခများ ခံစားရသည့်အပေါ် သည်းခံ မျှသိပ်ကြသော ကြောင့်ဖြစ်သည်'ဟု ဖြစ်နိုင်ကြောင်း အထောက်အထား ပြဆိုကြသည်။

وَيَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ

ဆိုလိုသည်မှာ '၎င်းတို့သည် မကောင်းမှုကို ကောင်းမှုများဖြင့် တွန်းလှန်ကြသည်'ဟု ဖြစ်သည်။ ထိုကောင်းမှုနှင့် မကောင်းမှုဟု သတ်မှတ် သုံးသပ် တင်ပြရာတွင် အေမာမ်ကြီးများ၏ အဆိုကွဲလွဲမှုများ ရှိသည်။ အချို့က ကောင်းမှုဆိုသည်မှာ အမိန့်နာခံမှုဖြစ်၍ မကောင်းမှုဆိုသည်မှာ အမိန့်ဖီဆန်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုသည် မကောင်းမှုကို ဖယ်ရှားပေးသောကြောင့် ဖြစ်သည်။ ဥပမာ- ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က ဟဇရသ်မအားဇ်ဗင်န်ဂျဗလ် ﷺ အား မိန့်ဆိုသည်မှာ-

اَتبِع الحَسَنَةَ السَّيِّئَةَ تَمْحُهَا

'မကောင်းမှုနှင့် အပြစ်ဒုစရိုက်ကျူးလွန်ပြီးနောက် ကောင်းမှုပြုလုပ်မည်ဆိုလျှင် ၎င်းကောင်းမှုသည် မကောင်းမှုဒုစရိုက်ကို ဖယ်ရှားချေဖျက်လိုက်ပေမည်'ဟူ၏။ အချို့အေမာမ်ကြီးများက حَسَنَةً 'ဟစနဟ်'၏ အလိုသဘောမှာ အသိတရားနှင့် သည်းခံမျိုသိပ်ခြင်းဖြစ်ပြီး سَيِّئَة 'စိုက်ယိအဟ်'၏ အလိုသဘောမှာ 'အသိခေါင်းပါးခြင်းနှင့် မေ့မော အာရုံနည်းပါးခြင်းဖြစ်သည်'ဟု ဆိုကြသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အခြားသူတို့၏ အသိတရား ခေါင်းပါးခြင်းကို တုန့်ပြန်ရာတွင် အသိတရားခေါင်းပါးခြင်းဖြင့် မတုန့်ပြန်ဘဲ သည်းခံမျိုသိပ်ခြင်းတို့ဖြင့်သာ တုန့်ပြန်ကြသည်'ဟု ဖြစ်သည်။ အမှန်စင်စစ် ထိုကွဲလွဲသော အဆိုများတွင် မည်သည့်အဆိုမျှ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်း မရှိပေ။ အကြောင်းမှာ حسنه နှင့် سيئه အကောင်းနှင့် အဆိုးဟူသော စာလုံးများတွင် ဖော်ပြပါ အလိုသဘောများ အကျုံးဝင်သောကြောင့် ဖြစ်သည်။

ဤအာယသ်တော်တွင် အရေးကြီးသော လမ်းညွှန်မှုနှစ်ရပ် ပါရှိခြင်း

ပထမအချက်မှာ လူတစ်ဦးသည် မကောင်းမှုတစ်ခုခုကို ကျူးလွန်မိသွားလျှင် ထိုပြစ်မှုအတွက် ကုစားရန် နည်းလမ်းမှာ ထိုပြစ်မှုကျူးလွန်ပြီးနောက် ကောင်းမှုတစ်ခု ပြုလုပ်ရန် သောကထားရမည်။ ဤသို့ဆိုလျှင် ကောင်းမှုသည် ထိုမကောင်းမှုအတွက် 'ကဖ္ဖာရဟ်'ချေဖျက်ခြင်း ဖြစ်သွားပေမည်။

ဒုတိယအချက်မှာ လူတစ်ဦးသည် အခြားတစ်ဦး၏ မတရားပြုမှု ခံရပါလျှင် အမှန်စင်စစ် ထိုမတရားမှုအတွက် တရားတော်၏ ရှုထောင့်အရ မိမိအား ပြုမူခဲ့သည်နှင့်အညီ ၎င်းသူအား တုန့်ပြန်လက်စားချေရန် အခွင့်ရှိပေသည်။ မိမိဆုံးရှုံးနစ်နာရသမျှ (သို့) ဒုက္ခခံစားရသမျှနှင့်အညီ ၎င်းအား လက်စားချေခွင့် ရှိသည်။ သို့သော် အကောင်းဆုံးနှင့် အမြတ်ဆုံးမှာ လက်စားချေမည့်နေရာတွင် မကောင်းမှု၏ အစား ကောင်းမှုဖြင့် လည်းကောင်း၊ မတရားမှု၏အစား ကောင်းမွန်စွာ ဆက်ဆံခြင်းတို့ပင် ဖြစ်သည်။ ဤသည်မှာ အမြင့်မားဆုံးသော စာရိတ္တမွန်ပင် ဖြစ်သည်။ လောကီ၊ လောကုတ္တရာ နှစ်ဌာနတွင် ထိုကျင့်စဉ်၏ အကျိုးကျေးဇူး မရေမတွက်နိုင်အောင် များပြားလှပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် ဤလမ်းညွှန်ချက်ကို ထင်ရှားသော စာလုံးများဖြင့် တင်ပြမိန့်ကြားသည်မှာ-

اِدْفَعْ بِالَّتِیْ هِیَ اَحْسَنُ فَاِذَا الَّذِیْ بَیْنَكَ وَبَیْنَهٗ عَدَاوَةٌ كَاَنَّهٗ وَلِیٌّ حَمِیْمٌ

ဆိုလိုသည်မှာ မကောင်းမှုဒုစရိုက်နှင့် မတရားမှုကို အကောင်းဆုံးသော နည်းလမ်းဖြင့် ဖယ်ရှားတွန်းလှန်ပါ။ (ဆိုလိုသည်မှာ မတရားမှုအား ကောင်းသော ဆက်ဆံခြင်းဖြင့် တုန့်ပြန်ပါ။) သို့ဖြစ်ပေရာ ထိုသူနှင့် အသင်၏အကြား ရန်ငြိုးရှိခြင်းမှ ထိုသူသည် အသင်၏ မိတ်ဆွေအစစ် ဖြစ်သွားပေလိမ့်မည်'ဟု ဖြစ်သည်။

سَلٰمٌ عَلَيۡكُمۡ لَا نَبۡتَغِى الۡجٰهِلِيۡنَ

ဆိုလိုသည်မှာ 'ထိုသူတို့၏ ကောင်းမြတ်သော စာရိတ္တမွန်တစ်မျိုးမှာ အသိတရားခေါင်းပါးသော ရန်သူတစ်ဦးဦးမှ အကျိုးမဲ့စကားများ ကြားရလျှင် ၎င်းအား တုန့်ပြန်ဖြေကြားခြင်း မပြုဘဲ 'ကျွန်ုပ်တို့၏ စလာမ်ကို လက်ခံပါ။ ကျွန်ုပ်တို့သည် အသိတရားခေါင်းပါးသူတို့နှင့် အချင်းများရမည်ကို မလိုလားပါ'ဟု ပြောဆိုကြသည်'ဟု ဖြစ်သည်။ အေမာမ်ဂျဆွားဆ်က မိန့်သည်မှာ စလာမ်သည် နှစ်မျိုးရှိသည်။ တစ်မျိုးမှာ 'စလာမ်သဟိယဟ်' (မွတ်စ္စလင်မ်အချင်းချင်း ပေးကြသည့် စလာမ်) ဖြစ်သည်။ ဒုတိယစလာမ်မှာ 'စလာမ်မုစာလမယ်'နှင့် 'စလာမ်မုသာရကာယ်' ဖြစ်သည်။ ဆိုလိုသည်မှာ မိမိ၏ ရန်သူအား 'ကျွန်ုပ်တို့သည် အသင်တို့၏ အကျိုးမဲ့စကားများအပေါ် အသင်တို့အား မည်သည့် တုန့်ပြန်လက်စားချေခြင်းမှ ပြုမည်မဟုတ်ပါ' ဟု ပြောဆိုခြင်း ဖြစ်သည်။ ဤနေရာ၌ စလာမ်မှာ ဒုတိယအဓိပ္ပာယ်ကို ဆိုလိုခြင်း ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اِنَّكَ لَا تَهۡدِىۡ مَنۡ اَحۡبَبۡتَ وَلٰـكِنَّ اللّٰهَ يَهۡدِىۡ مَنۡ يَّشَآءُ‌ ۚ وَهُوَ اَعۡلَمُ بِالۡمُهۡتَدِيۡنَ‏ ﴿۵۶﴾

၂၈ : ၅၆ ။ ။ စေကန်စင်စစ် (အို၊ နဗီတမန်တော်) အသင်သည် မိမိနှစ်သက်လိုသော သူအား တရားလမ်းမှန်သို့ ပို့ဆောင်နိုင်သည် မဟုတ်ပေ။ အမှန်စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိအလိုရှိတော်မူသော သူအား တရားလမ်းမှန်သို့ ပို့ဆောင်နိုင်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် ဘရားလမ်းမှန်ကို ရရှိကြမည့်သူတို့အား ကောင်းမွန်စွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) စင်စစ် အသင်သည် မိမိလိုလားနှစ်သက်သူကို 'ဟေဒါယသ်'တရားလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သူ မဟုတ်ပေ။ ထိုမျှမက အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိအလိုရှိတော်မူသော သူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူ၏။ (တရားလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်စွမ်းသည် မည်သူ့တွင်မျှ မရှိ။ မည်သူသည် 'ဟေဒါယသ်'တရားလမ်းမှန် ရရှိမည်ဆိုသည်ကို အလ္လာဟ်အသျှင်မြတ်မှအပ သိနိုင်စွမ်းသူလည်း မရှိပေ။) 'ဟေဒါယသ်'တရားလမ်းမှန်ရရှိကြမည့်သူတို့အား အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူဆုံးသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ھدایۃ 'ဟေဒါယသ်'ဟူသော စာလုံးသည် များစွာသော အဓိပ္ပာယ်တို့အတွက် သုံးနှုန်းသည့်စာလုံး ဖြစ်သည်။ အဓိပ္ပာယ်တစ်မျိုးမှာ လမ်းမှန်ပြသခြင်းသာ ဖြစ်သည်။ လမ်းပြခံရသူကို လိုရာပန်းတိုင်သို့

အရောက်ပို့ရန် အရေးမကြီးပေ။ 'ဟေဒါယသ်'၏ အခြားအဓိပ္ပာယ်တစ်မျိုးမှာ တစ်စုံတစ်ဦးအား လိုရာပန်းတိုင်သို့ အရောက်ပို့ပေးခြင်းဟုလည်း လာရှိသည်။ ပထမအဓိပ္ပာယ်အရဆိုလျှင် တမန်တော်မြတ် ﷺ သာမက နဗီတမန်တော်အားလုံးတို့သည် هدى 'ဟာဒီ'တရားလမ်းမှန် ညွှန်ပြသူနှင့် ဤတရားလမ်းမှန် ညွှန်ပြခြင်းသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်၌ရှိသည့် ကိစ္စဖြစ်ကြောင်း ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် ဤတရားလမ်းမှန် ညွှန်ပြခြင်းသာလျှင် ၎င်းတို့၏ တာဝန်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ အကယ်၍ ထိုတရားလမ်းမှန် ညွှန်ပြခြင်းကို ၎င်းတို့အဖို့ ပြုနိုင်စွမ်းမရှိဟုဆိုလျှင် 'နဗူဝသ်'နှင့် 'ရေစာလသ်'၏ တာဝန်ကို မည်သို့ ထမ်းဆောင်ကြပါမည်နည်း။ ဤအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ သည် 'ဟေဒါယသ်'အပေါ် စွမ်းဆောင်နိုင်ခြင်း မရှိကြောင်း တင်ပြမိန့်ကြားထားသည်။ ထိုတင်ပြမိန့်ကြားခြင်းသည် 'ဟေဒါယသ်'၏ အခြားအမျိုးအစားဖြစ်သော 'လိုရာပန်းတိုင်အထိ ပို့ဆောင်ပေးခြင်း' ဟူသော အဓိပ္ပာယ်ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ ပို့ချမှုနှင့် သင်ပြညွှန်ကြားမှုတို့ဖြင့် တစ်စုံတစ်ဦး၏ စိတ်နှလုံးသားတွင် အီမာန်ထည့်သွင်းပေးခြင်းနှင့် ၎င်းသူအား မုအ်မင်န်သက်ဝင်ယုံကြည်သူအဖြစ် ပြုပေးခြင်းတို့သည် အသင်၏ အလုပ်မဟုတ်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ လုပ်ပိုင်ခွင့်၌သာရှိသော ကိစ္စရပ်ဖြစ်သည်'ဟု ဆိုလိုခြင်း ဖြစ်သည်။

'ဟေဒါယသ်'၏ အဓိပ္ပာယ်နှင့် ၎င်း၏ အမျိုးအစားများအကြောင်း အပြည့်အစုံသည် စူရာဟ် 'ဗကရာဟ်'၏ အစ၌ တင်ပြခဲ့ပြီးဖြစ်သည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ လာရှိသည်မှာ 'ဤအာယသ်တော်သည် ကိုယ်တော်မြတ် ﷺ ၏ ဦးရီးတော်အဘူသွာလိဗ်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ဦးရီးတော်အနေဖြင့် မည်သည့်နည်းနှင့်မဆို အီမာန်လက်ခံရန် အလွန်ပင် ဆန္ဒပြင်းပြခဲ့သည်။ ထိုသို့ ဖြစ်ခြင်းအပေါ် ကိုယ်တော်မြတ် ﷺ သည် 'တစ်စုံတစ်ယောက်ကို မုအ်မင်န်သက်ဝင်ယုံကြည်သူအဖြစ် ပြုပေးရန်မှာ အသင်၏ စွမ်းဆောင်မှု၌ မဟုတ်ဟု မိန့်ကြားတော်မူခြင်းခံခဲ့ရသည်။ သဖ်စီးရ်ရူးဟွလ်မအာနီကျမ်းတွင် 'အဘူသွာလိဗ်၏ အီမာန်နှင့် ကုဖွရ်အကြောင်းကို မလိုအပ်ဘဲ အငြင်းအခုံပြုခြင်း၊ အပြန်အလှန်ပြောဆိုခြင်းနှင့် ၎င်းအား မကောင်းပြောဆိုခြင်းများကို ရှောင်ကြရပေမည်ဟု တင်ပြရေးသားထား၏။ အကြောင်းမှာ ထိုသို့ ပြုခြင်းဖြင့် ကိုယ်တော်မြတ် ﷺ ၏ စိတ်ကို ဒုက္ခပေးရာဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالُوٓا۟ إِن نَّتَّبِعِ ٱلْهُدَىٰ مَعَكَ نُتَخَطَّفْ
مِنْ أَرْضِنَآ ۚ أَوَلَمْ نُمَكِّن لَّهُمْ حَرَمًا ءَامِنًا يُجْبَىٰٓ إِلَيْهِ ثَمَرَٰتُ
كُلِّ شَىْءٍ رِّزْقًا مِّن لَّدُنَّا وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ۝

၂၈ : ၅၇ ။ ။ ထို့ပြင် ၎င်းတို့က 'အကယ်၍ ကျွန်ုပ်တို့သည် အသင်နှင့်အတူ ဤ (သာသနာ့) တရားလမ်းမှန်ကို လိုက်ကြပါလျှင် ကျွန်ုပ်တို့မှာ မိမိတို့၏ တိုင်းပြည်မှ နှင်ထုတ်ခြင်းကို ခံကြရပေမည်'ဟု ပြောဆိုခဲ့ကြကုန်၏။ (ယနေ့တွင်

လည်း မည်သူ ကာကွယ်ထိန်းသိမ်းထားလေသနည်း) ငါအသျှင်မြတ်သည် ၎င်းတို့အား ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသော အကြင် 'ဟရာမ်'အတွင်း၌ အတည်တကျ နေရာချပေး (၍ စောင့်ရှောက်) တော်မူခဲ့သည်မဟုတ်ပါလော။ ထို 'ဟရာမ်' (နေရာ) သို့ အမျိုးမျိုးသော အသီးအနှံများသည် ငါအသျှင်မြတ်ထံတော်မှ စားနပ်ရိက္ခာအဖြစ် သယ်ယူရောက်ရှိလာပေသည်။ (၎င်းတို့သည် ကာဖိရ်၊ မုရှိရစ်က်အဖြစ်နှင့် ရှိနေကြစဉ်ပင် ကာကွယ်စောင့်ရှောက်တော်မူရာ မွတ်စ္စလင်မ်ဖြစ်လာကြသည့် အခါ ပို၍ပင် စောင့်ရှောက်တော်မူမည် မဟုတ်ပါလော။) သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာမူ မသိ နားမလည်ကြပေ။

وَكَمْ أَهْلَكْنَا مِن قَرْيَةٍۭ بَطِرَتْ مَعِيشَتَهَا ۖ فَتِلْكَ مَسَـٰكِنُهُمْ لَمْ تُسْكَن مِّنۢ بَعْدِهِمْ إِلَّا قَلِيلًا ۖ وَكُنَّا نَحْنُ ٱلْوَٰرِثِينَ ۝٥٨

၂၈ : ၅၈ ॥ ॥ ၎င်းပြင် ငါအသျှင်မြတ်သည် မိမိတို့၏ စည်းစိမ်ဥစ္စာ၊ ချမ်းသာကြွယ်ဝမှုကြောင့် မော်ကြွားရှင်မြူး ခဲ့ကြသည့် များစွာသော မြို့ရွာတို့ကို ဖျက်ဆီးတော်မူခဲ့၏။ သို့ဖြစ်ပေရာ ဤသည်တို့သည် ၎င်းတို့၏ နေအိမ်များပင် (ဖြစ်၏) ထိုနေအိမ်များမှာ ၎င်းတို့ မရှိကြသည့်နောက်တွင် အနည်းငယ်မျှသော အချိန်ကာလမှအပ စည်ပင်သာယာခဲ့သည် မရှိပေ။ စင်စစ် ငါအသျှင်မြတ်သည်ပင်လျှင် (၎င်းတို့၏ အမွေပစ္စည်းတို့ကို) ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَمَا كَانَ رَبُّكَ مُهْلِكَ ٱلْقُرَىٰ حَتَّىٰ يَبْعَثَ فِىٓ أُمِّهَا رَسُولًا يَتْلُوا۟ عَلَيْهِمْ ءَايَـٰتِنَا ۚ وَمَا كُنَّا مُهْلِكِى ٱلْقُرَىٰٓ إِلَّا وَأَهْلُهَا ظَـٰلِمُونَ ۝٥٩

၂၈ : ၅၉ ॥ ॥ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မည်သည့်မြို့ရွာများကိုမျှ၊ ထိုမြို့ရွာ များ၏ မြို့တော်တွင် ငါအသျှင်မြတ်၏ အာယသ်တော်များကို ၎င်းတို့ရှေ့၌ ဖတ်ကြားသော ရစူလ်တမန်တော်တစ်ပါးကို ပွင့်စေတော်မူခြင်း မရှိသမျှ ကာလပတ်လုံး ဖျက်ဆီးတော်မူသည် မဟုတ်ပေ။ ထို့ပြင် ငါအသျှင်မြတ်သည် မြို့ရွာများကို ထိုမြို့ရွာများ၌ နေထိုင်ကြသော သူတို့သည် (လွန်စွာ) မတရားသောသူများ မဖြစ်ကြသမျှ ကာလပတ်လုံး ဖျက်ဆီးတော်မူ သော အသျှင်မြတ် မဟုတ်ပေ။

وَمَآ أُوتِيتُم مِّن شَىْءٍ فَمَتَـٰعُ ٱلْحَيَوٰةِ ٱلدُّنْيَا وَزِينَتُهَا ۚ وَمَا عِندَ ٱللَّهِ خَيْرٌ وَأَبْقَىٰٓ ۚ أَفَلَا تَعْقِلُونَ ۝٦٠

၂၈ : ၆၀ ॥ ॥ အမှန်စင်စစ် အသင်တို့ ပေးသနားတော်မူခြင်း ခံကြရသော အရာများမှာ ဤပစ္စုပ္ပန်လောကီဘဝ၏ အသုံးအဆောင်နှင့် တင့်တယ်လှပမှုမျှသာ ဖြစ်ကြပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ရှိသော အရာများမှာမူ အကောင်းဆုံး ဖြစ်ကြသည့်အပြင် အခိုင်အမြဲဆုံးလည်း ဖြစ်ကြကုန်၏။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိနားမလည် ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထက်တွင် ကာဖိရ်တို့၏ အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြောင်းကို တင်ပြလာခဲ့သည်။ ဤအာယသ်တော်များတွင် ကာဖိရ်များအနေဖြင့် အီမာန်သက်ဝင်ယုံကြည်ရာလမ်းတွင် အတားအဆီးအဖြစ် မှတ်ယူကြသည့် အဟန့်အတားများအကြောင်း တင်ပြထားသည်။ ဥပမာ- အဟန့်အတားတစ်ခုအကြောင်း တင်ပြထားသည်မှာ) ၎င်းတို့က ပြောကြားသည်မှာ 'အကယ်၍ အသင်နှင့်အတူ (ဤသာသနာ၏) 'ဟေဒါယသ်'တရားလမ်းမှန်အပေါ် လိုက်ကြပါလျှင် ချက်ချင်းပင် ကျွန်ုပ်တို့သည် မိမိတို့၏ နယ်မြေမှ ရိုက်နှက်၍ နှင်ထုတ်ခြင်းခံရပေမည်။' (မွေးရပ်ဌာနေမှ မောင်းထုတ်ခံရ၍ ဆုံးရှုံးနစ်နာမှုများ ဖြစ်ကြပေမည်။ စီးပွားရေး၊ စားဝတ်နေရေးပြဿနာမှာ တစ်ကဏ္ဍဖြစ်သည်။ သို့သော်ငြားလည်း ၎င်းတို့၏ ဤအကြောင်း ပြချက်သည် မှားယွင်းနေသည်ဆိုခြင်းမှာ လုံးဝပင် ထင်ရှားပေသည်။) ငါအသျှင်မြတ်ဘက်တော်မှ (ငါအသျှင်မြတ်၏ 'ကုဒ်ရသ်'(တန်ခိုးတော်) နှင့် ငါအသျှင်မြတ်၏ ကျွေးမွေးစောင့်ရှောက်တော်မူသော အသျှင်ဆိုသည့် ဂုဏ်ပုဒ်နှင့်အညီ ၎င်းတို့စားသုံးရန်) သီးနှံမျိုးစုံ သယ်ယူရောက်ရှိလာသည့် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသော ဘေးမဲ့ဌာနေ 'ဟရာမ်'အတွင်း၌ ငါအသျှင်မြတ်သည် ၎င်းတို့အား အတည်တကျ နေရာချထားပေးတော်မူခဲ့သည် မဟုတ်ပါလော။

(သို့ဖြစ်ပေရာ 'ဟရာမ်'ဖြစ်သည့်အတွက် ထိုနေရာကို အားလုံးက လေးစားသမှု ပြုကြသည်။ အန္တရာယ်ဒုက္ခဖြစ်မည်ဟု စိုးရိမ်ကြောင့်ကြစရာလည်း မရှိ။ ၎င်းနောက် အန္တရာယ် ဒုက္ခ မရှိသည့်အတွက် 'ရိဇ်ဇ်'စားနပ်ရိက္ခာ အကျပ်အတည်းဖြစ်ရန်ကိုလည်း မပူပင်ရတော့ပေ။ ၎င်းတို့အနေဖြင့် ဤအခြေအနေမျိုးကို ကောင်းသော အခြေအနေဟု မှတ်ယူသင့်သည်။ ဤအခြေအနေကို ဆုလဒ်တော်ဟု မှတ်ယူလျက် တန်ဖိုးထား၍ အီမာန် သက်ဝင်ယုံကြည်ရန် သင့်ပေသည်။) သို့ရာတွင် ၎င်းတို့အနက် များစွာသောသူတို့သည် မသိနားမလည်ကြပေ။ (ဆိုလိုသည်မှာ ထိုကျေးဇူးတော်အပေါ် စဉ်းစားတွေးခေါ်ခြင်း အာရုံမရှိကြပေ။) ထို့ပြင် (၎င်းတို့ အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုသည့်အကြောင်းတစ်ရပ်မှာ ၎င်းတို့သည် မိမိတို့၏ ပျော်ပါးမှုနှင့် စည်းစိမ်ယစ်မူးခြင်းများ၌သာ ရှိခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် ဤသည်မှာလည်း ၎င်းတို့၏ အသိတရားခေါင်းပါးမှုသာ ဖြစ်ပေသည်။ အကြောင်းမှာ) ငါအသျှင်မြတ်သည် မိမိတို့၏ စည်းစိမ်ဥစ္စာ ကြွယ်ဝမှုကြောင့် ပျော်ပါးရွှင်မြူးခဲ့ကြသော သူတို့၏ မြို့ရွာများစွာတို့ကို ဖျက်ဆီးတော်မူခဲ့သည်။ သို့ဖြစ်ပေရာ (ကြည့်ရှုလိုက်ပါ။) ၎င်းတို့၏ အိမ်များ (အသင်တို့၏ မျက်စိများ၏ ရှေ့တွင်) ရှိသည်။ ထိုနေအိမ်များမှာ ၎င်းတို့၏ နောက်တွင် အနည်းငယ်မျှသော အချိန်ကာလမှအပ စည်ကားသိုက်မြိုက်ခဲ့ခြင်း မရှိချေ။) ခရီးသွားအာဂန္တုများ ကြုံကြိုက်ရောက်ရှိလာပြီး ခေတ္တမျှ အနားယူရန်ဖြစ်စေ၊ လေ့လာကြည့်ရှုရန် ထိုင်လိုက်ခြင်းဖြစ်စေ၊ ညအိပ်စက်နားနေလိုက်ခြင်းဖြစ်စေ၊ ခေတ္တမျှသာ နေကြကုန်၏)

နောက်ဆုံးတွင် (၎င်းတို့၏ ဥစ္စာပစ္စည်းများ အသုံးအဆောင်များကို) ငါအသျှင်မြတ်သည်သာ ပိုင်ဆိုင်သော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (၎င်းတို့၏ ပေါ်လွင်ထင်ရှားသော အမွေခံဟူ၍ မည်သူမျှ မရှိတော့ပေ။) ထို့ပြင် ၎င်းတို့၌ သံသယတစ်ခုဖြစ်ပေါ်သည်မှာ အကယ်၍ ၎င်းတို့၏ ဖျက်ဆီးမှု၏ အကြောင်းခံ

သည် 'ကုဖွရ်'ငြင်းပယ်ခြင်းသာ ဖြစ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ကာလရှည်ကြာစွာ 'ကုဖွရ်'လုပ်ရပ်ကို ပြုလုပ်လာခဲ့သူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် မပျက်စီးခဲ့ကြပါသနည်း'ဟု ဖြစ်သည်။ အခြားအာယသ်တော်တစ်ပါး၌ ၄င်းတို့၏ ပြောကြားချက်မှာ-

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ

(၄င်းနောက် ထိုသူတို့ ပြောဆိုကြသည်မှာ 'အဇားဗ်'မည်သည့်အခါ ရောက်ရှိလာမည်နည်း) ဟူ၍ လာရှိထား၏။ ထိုဒွိဟသံသယအတွေးများကြောင့် အီမာန်သက်ဝင်ယုံကြည်မှု မပြုကြခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ ဤအကြောင်းကို ရှင်းလင်းထားသည်မှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (ထိုမြို့ရွာများ၏) အဓိကမြို့ (တော်) ၌ ငါအသျှင်မြတ်၏ အာယသ်တော်များကို ၄င်းတို့အား ဖတ်ကြားပြသမည့် ရစူလ်တမန်တော်တစ်ပါး ပွင့်ပေါ်စေတော်မူခြင်း မပြုသမျှ (ပထမအကြိမ်မှာပင်) မည်သည့်မြို့ရွာကိုမျှ ဖျက်ဆီးတော်မူသည် မဟုတ်ပေ။ (ရစူလ်တမန်တော် စေလွှတ်ပြီးသောအခါတွင်လည်း ချက်ချင်းလက်ငင်း) ငါအသျှင်မြတ်သည် ထိုမြို့ရွာများ၌ နေထိုင်သူတို့သည် လွန်စွာ ဆိုးသွမ်းမှုများ မပြုသမျှကာလပတ်လုံး ထိုမြို့ရွာများကို ဖျက်ဆီးတော်မူသည် မဟုတ်ပေ။ (ဆိုလိုသည်မှာ သတ်မှတ်ကာလတစ်ခုအထိတိုင် အကြိမ်ကြိမ် သတိပေးခဲ့ပါသော်လည်း တရားမရကြသည့်အချိန်မှသာ ဖျက်ဆီးခဲ့သည်ဖြစ်၏။ သို့ဖြစ်ပေရာ အထက်တွင် တင်ပြခဲ့သည့် ဖျက်ဆီးခံခဲ့ရသော မြို့ရွာများမှာ ဤဥပဒေအတိုင်းပင် ဖြစ်ပေသည်။ ဤဥပဒေနှင့်အညီပင် အသင်တို့ကို ဆက်ဆံမည်ဖြစ်သည်။ ရစူလ်တမန်တော် ﷺ ကို မစေလွှတ်မီက ဖျက်ဆီးခြင်း မပြုခဲ့သကဲ့သို့ ရစူလ်တမန်တော် ﷺ ပွင့်ပေါ်ပြီးနောက်လည်း ယခုတိုင် ဖျက်ဆီးခြင်း မပြုသေးပေ။ သို့ပါသော်လည်း နောက်အချိန်ကာလ အနည်းငယ်မျှအထိအကယ်၍ အသင်တို့သည် ဤသို့ အမိန့်မနာခံဖီဆန်မှု၌သာ ရှိနေမည်ဆိုလျှင် အပြစ်ဒဏ်များ ကျရောက်လာမည်သာ ဖြစ်ပေသည်။ ထိုအတိုင်းပင် 'ဗဒရ်' စသည်တို့၌ ဖြစ်ခဲ့ပေပြီ။) ထို့ပြင် (၄င်းတို့ အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိသည့် အကြောင်းတစ်ရပ်မှာ ဒွန္နယာလောကသည် လက်ငင်းဖြစ်သည်။ ထို့ကြောင့် ထို 'ဒွန္နယာ'လောကကို စွဲမက်ခုံမင်ရခြင်း ဖြစ်သည်။ 'အာခေရသ်'တမလွန်သည် အကြွေးဖြစ်သည်။ ထို့ကြောင့် ၄င်းအား စွဲမက်ခုံမင်မှုမရှိခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ နှလုံးသားသည် လောက၏ စွဲမက်ခုံမင်မှုများဖြင့် ပြည့်နှက်နေပြီး 'အာခေရသ်' တမလွန်၏ စွဲမက်ခုံမင်မှုများသည် ယင်းနှလုံးသားတွင် နေရာမရဖြစ်ကြရသည်။ ထို့ကြောင့် အီမာန်ရရှိနိုင်မည့် နည်းလမ်းကို ရှာဖွေမည်ဆိုလျှင် ထိုအကြောင်းနှင့်ပတ်သက်၍ နားထောင်ရမည်မှာ) အသင်တို့ ပေးသနားတော်မူခြင်းခံရသော အရာများမှာ (ကာလအနည်းငယ်အတွက် ဖြစ်သော) ပစ္စုပ္ပန်လောကီဘဝ၏ အသုံးအဆောင်များအတွက်နှင့် ဤလောကီဘဝ၏ (လှပမှုနှင့်) တင့်တယ်မှုတို့အတွက်သာ ဖြစ်ပေသည်။ (သက်တမ်းကုန်ဆုံးသည်နှင့်အတူ ထိုအရာများသည်လည်း ကုန်ဆုံးသွားကြမည်သာ ဖြစ်ပေသည်။) အလ္လာဟ်အသျှင်မြတ်ထံတော်၌ ရှိသော အရာ (အကျိုးကုသိုလ်) များမှာမူ ထိုအရာများထက် (အဆင့်အတန်းအားဖြင့်လည်း) အကောင်းဆုံး

ဖြစ်သည်။ ထို့ပြင် အရေအတွက်အားဖြင့်လည်း) အများအပြားဆုံး ဖြစ်သည်။ (အမြဲထာဝရ) တည်ရှိနေမည့် အရာများ ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် (ဤကွာဟမှုကိုလည်းကောင်း၊ သို့မဟုတ် ဤကွာဟမှု၏ တောင်းဆိုချက်ကိုလည်းကောင်း) မသိနားမလည်ကြလေသလော။ (အချုပ်မှာ အသင်တို့၏ နိုင်းနှိုင်း ခြင်းများနှင့် အကြောင်းပြချက်များဖြင့် 'ကုဖ္ဖရ်'သွေဖည်ငြင်းဆန်မှုအပေါ် ရပ်တည်နေခြင်းမှာ အခြေအမြစ် မရှိ။ အကျိုးမဲ့ အချည်းနှီးသာ ဖြစ်သည်ကို သိနားလည်ကြပါ။ ထို့နောက် လက်ခံကြပါ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَقَالُوْا اِنْ نَّتَّبِعِ الْهُدٰى مَعَكَ نُتَخَطَّفْ مِنْ اَرْضِنَا

မက္ကာဟ်မြို့ရှိ ကာဖိရ်များအနက် ဟာရိဆ်ဗင်န်အွတ်စ်မာန်း စသည့် ကာဖိရ်တို့က မိမိတို့ အီမာန် သက်ဝင်ခြင်းမရှိသည့် အကြောင်းပြချက်တစ်ခုကို တင်ပြသည်မှာ ကျွန်ုပ်တို့သည် အသင်၏ လမ်းညွှန် သင်ကြားပေးမှုများကို အမှန်အဖြစ် လက်ခံလိုက်ပြီး အသင်၏ လမ်းညွှန်သင်ကြားမှုများအပေါ် လိုက်နာ ကျင့်ဆောင်လျှက် အသင်နှင့်အတူ ဖြစ်သွားမည်ဆိုလျှင် အာရဗ်တစ်ခွင်လုံးသည် ကျွန်ုပ်တို့၏ ရန်သူဖြစ်သွား ပေလိမ့်မည်။ ထို့ပြင် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ မက္ကာဟ်မြေမှ နှင်ထုတ်လိုက်ကြပေလိမ့်မည်ဟု ပြောဆို ခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၏ ဤအကြောင်းပြချက်အပေါ် အဖြေ (၃) မျိုး တင်ပြထားသည်။ ပထမအဖြေမှာ-

اَوَلَمْ نُمَكِّنْ لَّهُمْ حَرَمًا اٰمِنًا يُّجْبٰى اِلَيْهِ ثَمَرٰتُ كُلِّ شَىْءٍ

ဆိုလိုသည်မှာ ၎င်းတို့၏ ထိုအကြောင်းပြချက် မှားယွင်းသည့်အကြောင်းမှာ အလ္လာဟ်အသျှင်မြတ် သည် မက္ကာဟ်မြို့သားများကို အထူးအစီအမံများဖြင့် လုံခြုံမှုကို သဘာဝအစီအမံအဖြစ် ကနဦးကပင် မက္ကာဟ်မြေကို 'ဟာရာမ်'မြင့်မြတ်သော ဂုဏ်သရေရှိသော မြေအဖြစ် ပြုပေးတော်မူခဲ့သည်။ အာရဗ် တစ်ခွင်လုံးရှိ ကာဖိရ်၊ မုရှ်ရစ်ကဲ့အုပ်စုများအပြင် အချင်းချင်းတွင် ရန်ငြိုးရန်စွယ် ရှိကြသူများသည်ပင် မက္ကာဟ်၏ 'ဟာရာမ်'နယ်မြေအတွင်းဝယ် သတ်ဖြတ်ခြင်းနှင့် တိုက်ခိုက်ခြင်းများသည် အပြင်းအထန် တားမြစ်ချက် 'ဟာရာမ်'ဖြစ်ကြောင်းအပေါ် တူညီစွာ လက်ခံကြသူများ ဖြစ်သည်။ 'ဟာရာမ်'နယ်မြေအတွင်း၌ ဖခင်အား သတ်ဖြတ်သူကို သားတွေ့ရှိပြီး လက်စားချေလိုစိတ်များ အပြင်းအထန် ဖြစ်နေသည့်တိုင် 'ဟာရာမ်' နယ်မြေအတွင်း၌ မိမိ၏ ရန်သူကို သတ်ဖြတ်လိုက်ခြင်း၊ (သို့) ရန်သူအား တစ်စုံတစ်ရာ လက်စားချေခြင်းများ ပြုရန် မည်သူ့တွင်မျှ အင်အားမရှိပေ။ ထို့ကြောင့် အီမာန်သက်ဝင်ယုံကြည်ရန်အတွက် နှင်ထုတ်ခံရမည် ဟူသော စိုးရိမ်ကြောက်ရွံ့မှုများသည် အဘယ်မျှ အသိတရားခေါင်းပါးခြင်း ဖြစ်ပါသနည်း။ အဘယ် ကြောင့်ဆိုသော် စိုးပိုင်တော်မူသော အသျှင်မြတ်က မိမိ၏ ကရုဏာတော်နှင့် ကျေးဇူးတော်တို့ဖြင့် ၎င်းတို့

အား 'ကုဖွရ်'နှင့် ရှရစ်က်များ ပြုကြသည့်တိုင် ထိုနယ်မြေတွင် လုံခြုံအေးချမ်းစွာ ထားတော်မူသည်ဖြစ်ရာ အီမာန်သက်ဝင်ယုံကြည်သည့် အခြေအနေတွင် ၎င်းတို့အား မည်သို့ ပျက်စီးစေတော်မူပါမည်နည်း။ ယဟ်ယာ ဗင်နိစလာမ်က မိန့်သည်မှာ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အသင်တို့သည် 'ဟရာမ်' (မြင့်မြတ်နယ်မြေ) ၏ အကြောင်းခံဖြင့် ငြိမ်းချမ်း၊ လုံခြုံသူများ ဖြစ်ကြသည်။ ငါအသျှင်မြတ် ပေးသနားတော်မူသည့် ရိဇ်စ စားနပ်ရိက္ခာများကို ပေါများစွာ စားသုံးလျက်ရှိကြသည်။ 'အေဗာဒသ်'ခဝပ်ကိုးကွယ်မှုကို ငါအသျှင် မြတ်အပြင် အခြားသူတို့ကို ကိုးကွယ်လျက်ရှိခဲ့ကြသည်။ မိမိတို့၏ လက်ရှိအခြေအနေအပေါ် ကြောက်ရွံ့ စိုးရိမ်ခြင်းမပြုဘဲ ပြောင်းပြန်ဆန့်ကျင်လျက် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင် ယုံကြည်ခြင်းအပေါ် ကြောက်ရွံ့စိုးရိမ်နေကြသည်' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ဖော်ပြပါအာယသ်တော်တွင် မက္ကာဟ်၏ 'ဟရာမ်'နယ်မြေ၏ ဂုဏ်ရည်ကို ဖော်ပြထားသည်။

(၁) 'ဟရာမ်'နယ်မြေသည် လုံခြုံစိတ်ချရသော ငြိမ်းချမ်းသည့်နယ်မြေ ဖြစ်သည်။

(၂) ထိုနယ်မြေတွင် ကမ္ဘာ၏ ဘက်ပေါင်းစုံမှ သစ်သီးဝလံဟူသမျှ သယ်ယူရောက်ရှိလာသော နယ်မြေဖြစ်သည်။ သို့မှသာ မက္ကာဟ်၌ နေထိုင်သူများအဖို့ မိမိတို့၏ လိုအပ်ချက်ဟူသမျှကို လွယ်လင့်တကူ သုံးစွဲနိုင်ကြမည် ဖြစ်သည်။

မက္ကာဟ်၏ 'ဟရာမ်'နယ်မြေတွင် သစ်သီးဝလံဟူသမျှ စုရုံးရောက်ရှိခြင်းသည် အသျှင်မြတ်၏ 'ကုဒ်ရသ်'တန်ခိုးတော်၏ အထူးလက္ခဏာတော်များအနက်မှ ဖြစ်ခြင်း

မက္ကာဟ်မြို့သည် အလ္လာဟ်အသျှင်မြတ်က မိမိ၏ အိမ်တော်အတွက် လောက ကမ္ဘာတစ်ခုလုံး အနက်မှ ရွေးချယ်တော်မူထားသည့် မြို့ဖြစ်သည်။ ထိုမြို့တွင် လောကီဘဝသက်တမ်းအတွက် မည်သည့် အရာမျှ လွယ်ကူစွာ မရနိုင်သင့်သော နေရာပင်ဖြစ်၏။ အကြောင်းမှာ ဂျုံ၊ ကုလားပဲနှင့် ဆန် အစရှိသော လူအများ စားသုံးသည့် အရာများ၏ စိုက်ပျိုးခြင်းသည် ထိုဒေသ၌ မရှိသောကြောင့် ဖြစ်သည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စသည်များဆိုလျှင် ပြောစရာပင် မရှိပေ။ သို့သော်လည်း ထိုအရာအားလုံးသည် မက္ကာဟ် မြို့တွင် အလျှံပယ် ရရှိနေခြင်းမှာ ဦးနှောက်ဖြင့် စဉ်းစားလျှင် မဖြစ်နိုင်သော အချက်ဖြစ်သည်။ 'ဟဂျ်'ကာလ တွင် လူဦးရေ ၂ သိန်း၊ ၃ သိန်းမျှရှိသော မက္ကာဟ်မြို့တွင် ၁၅ သိန်းမျှသော မွတ်စ္စလင်မ်ဦးရေသည် နှစ်စဉ်တိုး၍ ရောက်ရှိကြသည်။ ၎င်းတို့သည် နှစ်လခွဲခန့် နေကြရသည်။ ၎င်းတို့အနက် မည်သူသည် မည်သည့် ကာလတွင် လိုအပ်သော စားဖွယ်ရာများ မရရှိခဲ့ပါဟူ၍ မည်သည့်အခါကမျှ မကြားဖူးခဲ့ရပါ။ ထိုမျှမက နေ့ ည၊ အချိန် မရွေး ရရှိနေသည်ကို လူတိုင်း တွေ့မြင်ရသည်ပင် ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော် မြတ်၏ စာလုံး (ثَمَرٰتُ كُلِّ شَيْءٍ) တွင် လေးလေးနက်နက် စဉ်းစားပါက လူအများ၏ အသိဉာဏ်အရ

ثمرات 'ဆမရားသ်' (သစ်သီးဝလံများ) ဟုဆိုလျှင် သစ်ပင်များနှင့် ပတ်သက်ရတော့မည်။ ထိုသို့ဆိုလျှင် ثَمَرَاتُ كُلِّ شَجَرٍ ဟုသာ မိန့်တော်မူသင့်ပေသည်။ ယခု ဤနေရာတွင် ثَمَرَاتُ كُلِّ شَيْءٍ ဟု မိန့်ကြားတော်မူထားသည်ဟူ၍ စောဒကမေးခွန်း ပေါ်ပေါက်လာပါသည်။

အဖြေမှာ ဤနေရာတွင် ثَمَرَاتُ 'ဆမရားသ်'သည် သစ်သီးဝလံများ၏ အဓိပ္ပာယ်မျှသာမဟုတ်ဘဲ ရရှိသမျှ အရာအားလုံးနှင့် ထွက်ကုန်များအားလုံးဆိုသည့် အဓိပ္ပာယ်အတွက်ဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သမျှတို့သည်လည်း ၎င်း ثَمَرٰت 'ဆမရားသ်'တွင် ပါဝင်သည်။ ဤကဲ့သို့ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ မက္ကာဟ်၏ 'ဟရာမ်'နယ်မြေတွင် စားကုန်၊ သောက်ကုန်ဖြစ်သော အရာများသာ စုပုံရောက်ရှိလာသည်မဟုတ်ဘဲ ဘဝသက်တမ်းအတွက် လိုအပ်ချက်မှန်သမျှ စုပုံရောက်ရှိသည်ဟူ၍ ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတိုင်း၊ ဒေသတိုင်းမှ စားကုန်သောက်ကုန်နှင့် ထိုနိုင်ငံများမှ ထုတ်လုပ်သည့် အသုံးအဆောင်ပစ္စည်းများကို မက္ကာဟ်၌ လွယ်လင့်တကူ ရရှိသည့်ပုံစံမျိုး မည်သည့်နိုင်ငံတွင်မျှ မရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရသောကြောင့် ဖြစ်သည်။ ဤသည်မှာ မက္ကာဟ်မြို့သား ကာဖိရ်တို့၏ အကြောင်းပြပြောဆိုခြင်းအပေါ် တုန့်ပြန်ဖြေကြားခြင်းတစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စိုးပိုင်တော်မူသော အသျှင်မြတ်သည် အသင်တို့၏ ကုဖွ်ရ်နှင့် ရှရစ်က်လုပ်ရပ်များ ပြုလုပ်နေကြသည့် အခြေအနေမှာပင် အသင်တို့၏ နယ်မြေကို စိုးရိမ်ကြောက်ရွံ့ဖွယ်ဟူသရွေ့မှ ငြိမ်းချမ်းသောနေရာအဖြစ် ကာကွယ်စောင့်ရှောက်လျက် အသင်တို့အပေါ်၌ ကျေးဇူးတော်များကို ရွာသွန်းပေးတော်မူခဲ့သည်။ ထို့အပြင် ဤမြေ၌ မည်သည့်အရာမျှ ပေါက်ရောက်ခြင်းမရှိသော်လည်း တစ်လောကလုံး၏ ထွက်ကုန်သီးနှံများကို ဤနယ်မြေ၌ စုပုံရောက်ရှိစေတော်မူခဲ့သည်။ သို့ဖြစ်ပေရာ စကြဝဠာကြီးကို ဖန်ဆင်းထိန်းချုပ်တော်မူသော အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်သည့်အတွက် အသင်တို့ထံမှ ဤစည်းစိမ်များ ပျောက်ကွယ်သွားလိမ့်မည်ဟူသော အသင်တို့၏ စိုးရိမ်မှုသည် အဘယ်မျှ အသိတရားခေါင်းပါးခြင်း ဖြစ်ပါသနည်း။ ထို့နောက် ထိုအကြောင်းပြချက်၏ ဒုတိယအဖြေမှာ-

وَكَمْ اَهْلَكْنَا مِنْ قَرْيَةٍ بَطِرَتْ مَعِيْشَتَهَا

ဤအာယသ်တော်၌ တင်ပြ မိန့်ဆိုထားသည်မှာ ကမ္ဘာပေါ်တွင် ရှိခဲ့သည့် အခြားသော ကာဖိရ် အုပ်စုများ၏ အခြေအနေအဖြစ်အပျက်တို့ကို ကြည့်လိုက်မည်ဆိုလျှင် ၎င်းတို့၏ 'ကုဖွ်ရ်'နှင့် ရှရစ်က်လုပ်ရပ်များ၏ ဆိုးကျိုးမှာ ၎င်းတို့၏ မြို့ရွာများ၊ ခိုင်ခန့်မာကျောသော ခံတပ်များ မြို့ရိုးများနှင့် လုံခြုံစိတ်ချရသည်ဟူသော အရာအားလုံးတို့သည် မည်သို့ ပျက်စီးပျောက်ကွယ်သွားကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့ဖြစ်ပေရာ အဓိက ကြောက်စရာကောင်းသည်မှာ နစ်နာဆုံးရှုံးမှု၊ ပျက်စီးမှုကို ဖြစ်စေသော ကုဖွ်ရ်နှင့် ရှရစ်က်ပင် ဖြစ်သည်။ အသင်တို့သည် 'ကုဖွ်ရ်'နှင့် 'ရှရစ်က်'လုပ်ရပ်များ ကျူးလွန်ခြင်းအပေါ် ကြောက်ရွံ့

စိုးရိမ်မှုမဖြစ်ဘဲ အီမာန်သက်ဝင်ယုံကြည်ခြင်းအပေါ် ကြောက်ရွံ့စိုးရိမ်မှုဖြစ်နေခြင်းမှာ မည်သို့ အသိတရား ခေါင်းပါးခြင်းပါနည်း။ တတိယအဖြေကို ဤ (အောက်ပါ) ပေးထားသည့်အာယသ်တော်၌ တင်ပြထားသည်။

وَمَآ اُوْتِيْتُم مِّنْ شَيْءٍ فَمَتَاعُ الْحَيٰوةِ الدُّنْيَا

ဤအာယသ်တော်တွင် တင်ပြ မိန့်ဆိုထားသည်မှာ 'အကယ်၍ အီမာန်သက်ဝင်ယုံကြည်သည့်အတွက် အသင်တို့အဖို့ တစ်စုံတစ်ရာ ဒုက္ခရောက်ရှိလာပါလျှင် ထိုဒုက္ခမှာ အခိုက်အတန့်မျှသာ ဖြစ်မည်။ ကမ္ဘာလောကရှိ စည်းစိမ်ချမ်းသာမှုနှင့် ဥစ္စာပစ္စည်းအားလုံးတို့သည် အခိုက်အတန့်အတွက်သာဖြစ်ပြီး မည်သူ့ထံတွင်မျှ အမြဲထာဝရ ရှိနေမည်မဟုတ်သကဲ့သို့ ဤလောက၏ ဒုက္ခသည်လည်း အခိုက်အတန့်မျှသာ ဖြစ်သည်။ အလျှင်အမြန် ကုန်ဆုံးသွားမည်သာ ဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်ရှိသူများအဖို့ ခိုင်မာပြီး အမြဲထာဝရ ကျန်ရှိမည့်သုခနှင့် ဒုက္ခကိုသာ သောကထားရပေမည်။ အမြဲတစေရရှိမည့် စည်းစိမ်သုခများအတွက် အခိုက်အတန့် ခံစားရမည့် ဒုက္ခများကို ခံစားခြင်းသည်သာလျှင် အသိဉာဏ်ရှိသူဖြစ်ခြင်း၏ အထောက်အထား ဖြစ်ပေသည်။

لَمْ تُسْكَنْ مِّنْ بَعْدِهِمْ اِلَّا قَلِيْلًا

ဆိုလိုသည်မှာ ရှေးမျိုးနွယ်တို့၏ မြို့ရွာများသည် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်ဖြင့် ဖျက်ဆီးခြင်းခံခဲ့ရသည်။ ယခုတိုင် ထိုမြို့ရွာများ၌ အနည်းငယ်မှအပ သာယာစည်ကားစွာ လူများ နေထိုင်ကြသည် မရှိတော့ပေ။ ထိုအနည်းငယ်မျှသာဟူသည့် အလိုသဘောမှာ အကယ်၍ နေထိုင်ရာ အိမ်နှင့် နေရာများကို အနည်းငယ်မျှသာဟူ၍ ကောက်ယူလျှင်၊ ဥပမာ- ဗိုဂျားဂိုျ၏ အဆိုအရ ထိုသို့ ပျက်စီးခဲ့ပြီးသည့် မြို့ရွာများတွင် မည်သည့်နေရာ၊ မည်သည့်အဆောက်အဦးမှ ပြန်လည် စည်ကားလာသည် မရှိ။ အနည်းငယ်မှ အပ နေထိုင်နိုင်ခဲ့သူ မရှိပေဟူ၍ ဖြစ်မည်။ သို့ရာတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဤအာယသ်တော်၏ သဖ်စီးရ်ကို ဆင့်ပြန်သည်မှာ 'အနည်းငယ်မျှသာ' ဟူသည့် သဘောမှာ နေရာများနှင့် အဆောက်အဦးများကို ကန့်သတ်ဖယ်ထုတ်ခြင်းမဟုတ်ဘဲ နေထိုင်သည့် ကာလကိုသာ ကန့်သတ်ဖယ်ထုတ်ခြင်း ဖြစ်သည်' ဟု ဖြစ်သည်။ အလိုသဘောမှာ အကယ်၍ ဤမြို့ရွာများတွင် တစ်စုံတစ်ဦး နေထိုင်သည်ဟု ဆိုလျှင်လည်း အလွန်နည်းပါးသော အချိန်မျှသာ နေထိုင်ခြင်းဖြစ်ပေမည်။ ဥပမာ- ခရီးသွားအာဂန္တုတစ်ဦးသည် အနည်းငယ်မျှသော အချိန်အတွက် နားခိုနေထိုင်ခဲ့ခြင်းဖြစ်မည်။ ၎င်းမြို့ရွာများ၌ စည်ကားစွာ နေထိုင်ခြင်းဟု မဆိုနိုင်ပေ။

حَتّٰى يَبْعَثَ فِيْٓ اُمِّهَا رَسُوْلًا

اُمٌّ 'အွန်းမ်' ဟူသော စာလုံး၏ ကျော်ကြားသော အဓိပ္ပာယ်မှာ 'မိခင်အမေ' ဟု ဖြစ်သည်။ စင်စစ် မိခင်သည် လူသား၏ အစ ဖန်ဆင်းခြင်း၌ အခြေခံ အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် اُمٌّ ဟူသော

စာလုံးကို 'အဓိကအရင်းအမြစ်၊ အခြေခံအုတ်မြစ်' ဟူသော အဓိပ္ပာယ်များ၌လည်း နေရာအပြောက်အမြားတွင် သုံးနှုန်းထားသည်။ أمها စာလုံး၏ နာမ်စားသည် قرى ဟူသော စာလုံးဘက်သို့ လှည့်နေသည်။ ထို့ကြောင့် أمها သည် أم القرى ၏ အလိုသဘော၌ ဖြစ်သည်။ ဆိုလိုသည်မှာ မြို့ရွာများ၏ အဓိကမူတည်ချက်ဟု ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် မျိုးနွယ်အုပ်စုတစ်စုအား ထိုမျိုးနွယ်အုပ်စုတို့ နေထိုင်ရာ မြို့ကြီးများတွင် မိမိ၏ ရစူလ်တမန်တော်တစ်ပါး၏ အကြောင်းခံဖြင့် အမှန်တရားကို ပို့ချစေခြင်း မပြုသမျှ ကာလပတ်လုံး ထိုအုပ်စုတို့၏ မြို့ရွာများကို ဖျက်ဆီးတော်မမူပေ။ အမှန်တရားဘက်သို့ ဖိတ်ခေါ်မှုများ ရောက်ရှိလာပြီးနောက်တွင် လူတို့သည် ယင်းအမှန်တရားကို လက်ခံခြင်းမပြုကြပါက ထိုအချိန်တွင် ထိုမြို့ရွာများအပေါ် 'အဇားဗ်' အပြစ်ဒဏ်များ ကျရောက်လာလေသည်။

ဤအာယသ်တော်အားဖြင့် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်များနှင့် ရစူလ်တမန်တော်များသည် များသောအားဖြင့် မြို့ကြီးများ၌ စေလွှတ်ခြင်းခံရကြောင်း သိရှိရပေသည်။ ရွာငယ်၊ ရွာသိမ်များ၌ မပွင့်ပေါ်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ရွာငယ်၊ ရွာသိမ်တို့သည် သဘာဝအလျောက် မြို့ကြီးများ၏ လက်အောက်ခံများ ဖြစ်ကြသည်။ စီးပွားရေး လိုအပ်ချက်များအရဖြစ်စေ၊ ပညာရေးလိုအပ်ချက်များ၌ဖြစ်စေ မြို့ကြီးများ၏ လက်အောက်၌ပင် ရှိကြသောကြောင့် ဖြစ်သည်။ မြို့၌ ပျံ့နှံ့သွားသည့် အရာများသည် ရွာငယ်၊ ရွာသိမ်တို့၌လည်း အလိုအလျောက် ပျံ့နှံ့သွားသည်။ ထို့ကြောင့် မြို့ကြီးတစ်မြို့၌ တမန်တော် ပွင့်ပေါ်လာပြီး ထိုရစူလ်တမန်တော်က အမှန်တရားဘက်သို့ ဖိတ်ခေါ်မှုပြုလာပါလျှင် ထိုဖိတ်ခေါ်မှုသည် ရွာငယ်၊ ရွာသိမ်များ၌လည်း အလိုအလျောက် ရောက်ရှိသွားသည်။ ဤနည်းဖြင့် ၎င်းတို့ အားလုံးအပေါ် အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားများ ရောက်ရှိသွားပေသည်။ ငြင်းပယ်၊ ဖီဆန်မှုပြုလာလျှင် အားလုံးတို့အပေါ်တွင် 'အဇားဗ်' အပြစ်ဒဏ် ကျရောက်လာပေသည်။

အမိန့်ပညတ်ချက်များနှင့် ဥပဒေသတ်မှတ်ချက်များတွင် ရွာငယ်၊ ရွာသိမ်တို့သည် မြို့ကြီးများ၏ လက်အောက်ခံဖြစ်ခြင်း

စီးပွားရေးကိစ္စများတွင် ရွာငယ်၊ ရွာသိမ်တို့သည် မြို့များ၏ လက်အောက်ခံ၊ နောက်လိုက်ဖြစ်ပြီး ထိုမြို့ကြီးများမှ မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရသကဲ့သို့ မြို့ကြီးများတွင် အမိန့်တစ်ခုခု ထုတ်ပြန်ကြေညာလိုက်ပါက ထိုအမိန့်ကို လိုက်နာရန်မှာ ထိုမြို့နှင့် ဆက်စပ်နေသည့် ရွာငယ်များအပေါ်၌လည်း တာဝန်ရှိပေသည်။ မသိ၍ (သို့) မကြား၍ဟူသော အကြောင်းပြချက်များကို လက်ခံမည်မဟုတ်ချေ။

ရမ်ဇာန်လမြတ်၏ လကို ကြည့်ခြင်းနှင့် 'အီးဒ်' ၏ လကို ကြည့်ခြင်း၊ မြင်ခြင်းဆိုင်ရာ ဓမ္မသတ်များ၌လည်း ဖိကာဟ်ပညာရှင်များက မိန့်ဆိုကြသည်မှာ အကယ်၍ မြို့တစ်မြို့တွင် ရှရီအသ်တရားတော်နှင့်ညီသော 'ရှဟာဒသ်' ထွက်ဆိုမှုနှင့်အတူ ထိုမြို့၏ ကာဇီ (တရားသူကြီး) က လမြင်ကြောင်း ဆုံးဖြတ်

အတည်ပြုလိုက်ပါက ထိုမြို့နှင့် ဆက်စပ်နေသော ရွာများသည်လည်း ထိုဆုံးဖြတ်ချက်အပေါ် လိုက်နာရန် အရေးကြီးသည်။ သို့သော် အခြားမြို့သားများအဖို့ မိမိတို့၏ မြို့မှ ကာဇီက ထို 'ရုဟာဒသ်' ထွက်ဆိုမှုကို လက်ခံ၍ လမြင်ကြောင်း အမိန့်ဆုံးဖြတ်ချက် မချမချင်း ၎င်းတို့အတွက် အခြားမြို့ရွာ၏ ဆုံးဖြတ်အတည် ပြုချက်အပေါ် လိုက်နာရန် တာဝန်ရှိမည် မဟုတ်ပေ။

وَمَا عِنْدَ اللّٰهِ خَيْرٌ وَّأَبْقٰى

ဆိုလိုသည်မှာ လောက၏ ဥစ္စာပစ္စည်းများနှင့် လောကီရေးစည်းစိမ်ချမ်းသာ အားလုံးသည် သခါရပျက်စီးရမည့်အရာများ ဖြစ်သည်။ ဤလောက၌ ပြုလုပ်ကျင့်ဆောင်မှုများ၏ အကျိုးသည် တမလွန် တွင် ရရှိမည်ဖြစ်သည်။ ထိုရရှိမည့် အကျိုးအစားသည် ဤလောက၏ ဥစ္စာပစ္စည်းများနှင့် စည်းစိမ်ချမ်းသာ တို့ထက် အဆင့်အတန်းအားဖြင့် အလွန်တရာ ကောင်းမြတ်ပေသည်။ လောက၏ အကောင်းတကာ့ အကောင်း ဆုံး အရာသာများသည်လည်း ထိုအဆင့်အတန်းနှင့် ယှဉ်နိုင်မည် မဟုတ်ပေ။ ထိုကောင်းမြတ်မှု အဆင့် အတန်းသည် အမြဲထာဝရ တည်ရှိနေမည်ဖြစ်သည်။ လောက၏ စည်းစိမ်ချမ်းသာနှင့်ကား ဆန့်ကျင်သည်။ လောက၏ စည်းစိမ်ချမ်းသာခြင်းသည် မည်မျှပင် ကောင်းမွန်နေသည်ဖြစ်စေ၊ နောက်ဆုံးတွင် ပျက်စီး၍ ပျောက်ကွယ်သွားမည့် အရာဖြစ်သည်။

အသိဉာဏ်ရှိသူအဖို့ အဆင့်အတန်းအရလည်း နိမ့်ကျ၍ အခိုက်အတန့်ကာလ အနည်းငယ်မျှသာ ဖြစ်သော ဤစည်းစိမ်ချမ်းသာမှုကို ထို့ထက် အဆင့်အတန်းလည်း မြင့်မားများပြား၍ အမြဲတစေ ထာဝရ တည်ရှိမည့် စည်းစိမ်ချမ်းသာအပေါ် ဦးစားပေးမည်မဟုတ်သည်မှာ ထင်ရှားပေသည်။

အသိဉာဏ်ရှိသူဆိုသည်မှာ လောကီရေးရာဗွေ့မူ၌ လွန်စွာ နစ်မွန်းမနေဘဲ တမလွန်အရေးကို သောကထားသူ ဖြစ်ခြင်း

အေမာမ်ရှာဖေအီ (ရဟ) က မိန့်ဆိုသည်မှာ အကယ်၍ လူတစ်ဦးသည် မိမိ၏ ပိုင်ဆိုင်မှု ဥစ္စာ ပစ္စည်းများနှင့် စပ်လျဉ်း၍ 'ကျွန်ုပ်ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို အသိဉာဏ်အရှိဆုံးလူကို ပေးလိုက်ပါ' ဟု 'ဝဆီယျသ်' သေတမ်းစကား မှာကြားမှုပြုပါက 'ထိုသူ၏ ဥစ္စာပစ္စည်းများကို 'အလ္လာဟ်အသျှင်မြတ် ၏ 'အေဗာဒသ်' ခဝပ်ခြင်းနှင့် အမိန့်နာခံခြင်းတို့၌သာ မွေ့လျော်နေသူအား ပေးရမည်ဖြစ်သည်။ အကြောင်းမှာ ဦးနှောက်အသိဉာဏ်၏ တောင်းဆိုမှုသည် ဤအတိုင်းသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် လောက သားများအနက် ထိုသူသည်ပင် အသိဉာဏ်အရှိဆုံးသူ ဖြစ်သည်။ ဤမွေ့သတ်အား ဟနဖီယဟ်တို့၏ ကျော်ကြားသော ဖိကာဟ်ကျမ်းတစ်စောင်ဖြစ်သည့် 'ဒုရ်ရေမုခ်သားရ်' ကျမ်းတွင် 'ဝဆီယျသ်' အခန်း၌လည်း ဖော်ပြထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَفَمَن وَعَدْنَٰهُ وَعْدًا حَسَنًا فَهُوَ لَاقِيهِ كَمَن مَّتَّعْنَٰهُ
مَتَٰعَ ٱلْحَيَوٰةِ ٱلدُّنْيَا ثُمَّ هُوَ يَوْمَ ٱلْقِيَٰمَةِ مِنَ ٱلْمُحْضَرِينَ ﴿٦١﴾

၂၈ : ၆၁ ॥ ॥ သို့ဖြစ်ပေရာ အကြင်သူအား ငါအသျှင်မြတ်သည် ကောင်းမြတ်သော ကတိကို ပေးတော်မူခဲ့၏။ တစ်ဖန် ထိုသူသည် ယင်းကတိပေးချက်အတိုင်း တွေ့ကြုံ (ခံစား) ရမည့်သူလည်း ဖြစ်၏။ ထိုသူသည် အကြင်ကဲ့သို့သူ ဖြစ်နိုင်မည်လော။ ထိုသူ့အား ငါအသျှင်မြတ်သည် ဤမျက်မှောက်လောကီဘဝ၏ အကျိုးခံစားခွင့်ကို ပေးတော်မူခဲ့၏။ ထို့နောက် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ထိုသူမှာ ဖမ်းဆီး၍ ရှေ့တော်မှောက်သွင်းခြင်းကို ခံကြရသူတို့အနက်မှ ဖြစ်ချေမည်။ (သို့ဖြစ်ပေရာ မုအ်မင်န်နှင့် ကာဖိရ်တို့၏ အကျိုးတရားများသည် မည်သို့လျှင် တူနိုင်မည်နည်း။)

وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَآءِىَ ٱلَّذِينَ كُنتُمْ تَزْعُمُونَ ﴿٦٢﴾

၂၈ : ၆၂ ॥ ॥ ၎င်းပြင် အကြင်နေ့တွင် ထိုအသျှင်မြတ်သည် ၎င်း (ကာဖိရ်၊ မုရှ်ရစ်က်) တို့အား ခေါ်ယူတော်မူပြီးလျှင် 'အသင်တို့ ထင်မှတ် (ကိုးကွယ်) လျက် ရှိခဲ့ကြကုန်သော ငါအသျှင်မြတ်၏ တွဲဖက်များသည် အဘယ်မှာနည်း' ဟု မိန့်ကြား (မေးမြန်း) တော်မူပေမည်။

قَالَ ٱلَّذِينَ حَقَّ عَلَيْهِمُ
ٱلْقَوْلُ رَبَّنَا هَٰٓؤُلَآءِ ٱلَّذِينَ أَغْوَيْنَآ أَغْوَيْنَٰهُمْ كَمَا غَوَيْنَا تَبَرَّأْنَآ
إِلَيْكَ مَا كَانُوٓا۟ إِيَّانَا يَعْبُدُونَ ﴿٦٣﴾

၂၈ : ၆၃ ॥ ॥ (ထိုအခါ) ငါအသျှင်မြတ်၏ အမိန့်တော်အတိုင်း မှန်ကန်စွာ (ပြစ်ဒဏ်သက်ရောက်ခြင်း) ခံရမည့် အကြင်သူ (မုရှ်ရစ်က် သို့မဟုတ် ရှိုက်သွာန်) များက လျှောက်ထားကြပေမည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်၊ ဤသူတို့ကိုပင် ကျွန်တော်မျိုးတို့သည် လမ်းလွဲစေခဲ့ကြပါသည်။ (အမှန်မှာ) ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်တိုင် လမ်းမှားခဲ့ကြသည့်နည်းတူ၊ ၎င်းတို့အားလည်း လမ်းလွဲစေခဲ့ကြခြင်းသာ ဖြစ်ပါသည်။ (ယခုသော်) အသျှင်မြတ်၏ ရှေ့တော်မှောက်၌ (၎င်းတို့နှင့် ကျွန်တော်မျိုးတို့မှာ မည်သို့မျှ) မပတ်သက်ကြောင်း လျှောက်ထားအပ်ပါသည်။ (စင်စစ်) ၎င်းတို့မှာ ကျွန်တော်မျိုးတို့အား ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသည် မဟုတ်ပါ။'

وَقِيلَ ٱدْعُوا۟ شُرَكَآءَكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا۟ لَهُمْ
وَرَأَوُا۟ ٱلْعَذَابَ لَوْ أَنَّهُمْ كَانُوا۟ يَهْتَدُونَ ﴿٦٤﴾

၂၈ : ၆၄ ॥ ॥ ထို့ပြင် (၎င်းတို့အား) 'အသင်တို့သည် မိမိ (ဆည်းကပ်ကိုးကွယ်ခဲ့ကြကုန်သော) တွဲဖက်များကို ခေါ်ယူကြလေကုန်' ဟု အမိန့်ပေးတော်မူခြင်း ခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် ယင်းတွဲဖက်များအား ဟစ်ခေါ်သော်

ကြားလည်း၊ ထိုတွဲဖက်များက ၎င်းတို့အား ပြန်၍ ထူးကြမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ပြစ်ဒဏ်ကို (မျက်ဝါးထင်ထင်) တွေ့မြင်ကြရပေမည်။ အကယ်၍သာ ၎င်းတို့သည် (လောကီဘဝ၌ အသက်ထင်ရှား ရှိခဲ့စဉ်အခါ၌) တရားလမ်းမှန်ကို ရရှိသူများ ဖြစ်ခဲ့ကြပါလေသော် ကောင်းလေစွ။'

وَيَوْمَ يُنَادِيهِمْ فَيَقُولُ مَاذَا أَجَبْتُمُ الْمُرْسَلِينَ ﴿٦٥﴾

၂၈ : ၆၅ ။ ။ ထိုနည်းတူစွာ အကြင်နေ့တွင် ထိုအသျှင်မြတ်သည် ၎င်းတို့ကို ဟစ်ခေါ်၍ 'အသင်တို့သည် ငါအသျှင်မြတ် စေလွှတ်တော်မူသော ရစူလ်တမန်တော်တို့အား မည်သို့ ဖြေကြားခဲ့ကြသနည်း' ဟု မေးမြန်းတော်မူပေမည်။

فَعَمِيَتْ عَلَيْهِمُ الْأَنبَاءُ يَوْمَئِذٍ فَهُمْ لَا يَتَسَاءَلُونَ ﴿٦٦﴾

၂၈ : ၆၆ ။ ။ ထိုအခါ ၎င်းတို့အပေါ်၌ ထိုနေ့တွင် အလုံးစုံသော သတင်းစကားများသည် ဖုံးအုပ်ပျောက်ကွယ်သွားပေမည်။ ၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး စုံစမ်းမေးမြန်းခြင်းကိုပင် ပြုနိုင်ကြမည် မဟုတ်ပေ။

فَأَمَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَعَسَىٰ أَن يَكُونَ مِنَ الْمُفْلِحِينَ ﴿٦٧﴾

၂၈ : ၆၇ ။ ။ သို့ရာတွင် အကြင်သူသည် ဝန်ချတောင်းပန်ပြီးနောက် အီမာန်သက်ဝင် ယုံကြည်သည်ရှိသော်၊ ထို့ပြင် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့သည်ရှိသော်၊ ထိုသူသည် အောင်မြင်မှုကို ရရှိကြကုန်သော သူတို့တွင် အပါဝင်ဖြစ်နိုင်ရန် မျှော်လင့်ရချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူအား ငါအသျှင်မြတ်က ကောင်းမြတ်သော ကတိတော်ကို ပေးတော်မူခဲ့သည်။ ထိုသူသည် ယင်း (ကတိတော်အတိုင်း) ရရှိခံစားရမည့်သူဖြစ်သည်။ (သို့ဖြစ်ပေရာ) ထိုသူသည် ငါအသျှင်မြတ်က လောကီရေး အကျိုးခံစားခွင့်ပေးပြီး 'ကေယာမသ်'နေ့၌ ဖမ်းဆီး၍ ရှေ့တော်မှောက်သွင်းခံရမည့် သူများနှင့် တူညီနိုင်ပါမည်လား။ (ပထမလူသည် မုအ်မင်န်ဖြစ်သည်။ ၎င်းနှင့် စပ်လျဉ်း၍ 'ဂျန္နသ်'သုခဘုံ ပေးမည့်အကြောင်း ကတိတော်ရှိထားသည်။ ဒုတိယလူမှာ တရားခံအဖြစ် ရောက်ရှိလာမည့် ကာဖိရ် ဖြစ်သည်။ အကြောင်းမှာ လောကီရေးစည်းစိမ် ရမ္မက်သည်သာ ၎င်းတို့၏ မေ့လျော့ခြင်း အကြောင်းခံဖြစ်သည်။ ထို့ကြောင့် ၎င်းကို ရှင်းလင်းစွာ တင်ပြထားခြင်း ဖြစ်သည်။ အမှန်စင်စစ်၌ ၎င်းတို့နှစ်ဦး၏ အဆင့်အတန်း အခြေအနေများ မတူညီကြခြင်းမှာ ကာဖိရ်သည် ဖမ်းဆီးချုပ်နှောင်ခံရလျက် ရှေ့တော်မှောက်သွင်းခံရခြင်း၊ မုအ်မင်န်မှာ 'ဂျန္နသ်'၏ စည်းစိမ်များ ပေးသနားတော်မူခြင်း ခံရခြင်းကြောင့် ဖြစ်ပါသည်။) ထို့အပြင် (ရှေ့၌ ထိုမတူညီမှုနှင့် ရှေ့တော်မှောက်သွင်းခံရသည့် အခြေအနေ ကွာခြားမှုတို့အကြောင်းကို ရှင်းထား

သည်မှာ ထိုနေ့သည် သတိရအောက်မေ့ဖွယ်ရာနေ့ ဖြစ်သည်။) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ထိုကာဖိရ်များကို (အပြစ်ဒဏ်ပေးသည့်အနေဖြင့်) ခေါ်ယူတော်မူ၍ အသင်တို့က (ငါ့အသျှင်မြတ်၏ တွဲဖက်များဟု) မှတ်ထင် (ကိုးကွယ်) လျက်ရှိခဲ့ကြသော ငါ့အသျှင်မြတ်၏ တွဲဖက်များသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူပေမည်။ (အလိုသဘောမှာ ရှိုက်သွာန်များကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့၏ အမိန့်ကို နာခံကာ ရှရစ်ကိုပြုလုပ်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို တွဲဖက်များဟု သုံးနှုန်းခြင်း ဖြစ်သည်။ ထိုမေးမြန်းခြင်းကို ကြား၍ ရှိုက်သွာန်တို့က) ၎င်းတို့အပေါ်၌ (လူတို့အား လမ်းမှားစေခဲ့ခြင်းကြောင့်) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (ဆိုလိုသည်မှာ 'အဇာႏၜ' အပြစ်ဒဏ် ထိုက်သက်ခဲ့ပြီး ဖြစ်သည်။ ၎င်းမှာ ကုရ်အာန်၏ အာယသ်တော်တစ်ပါးတွင်

لَاَمْلَئَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ

ဟူသော အမိန့်တော်အရ) အတည်ဖြစ်ပြီး ဖြစ်ပေမည်။ (အကြောင်းပြသည့် အနေဖြင့်) လျှောက်ထားကြသည်မှာ 'အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ဧကန်အမှန် ဤသူတို့သည် ကျွန်တော်မျိုးတို့က လမ်းမှားစေခဲ့ကြသူများ ဖြစ်ပါသည်။ (ဤသည်မှာ ဖြေကြားမှု၏ နိဒါန်း ဖြစ်သည်။ ၎င်းအကြောင်းကို တင်ပြ မိန့်ကြားရခြင်းမှာ ၎င်းတို့သည် ထိုကိုးကွယ်ရာများ၏ 'ရှဖာအသ်' အသနားခံပေးခြင်းကို မျှော်လင့်ခဲ့ကြသော်လည်း အမှန်စင်စစ် ထိုကိုးကွယ်ရာများသည် ၎င်းတို့၏ မျှော်လင့်ချက်နှင့် ဆန့်ကျင်၍ ထွက်ဆိုကြမည်ကို ထင်ပေါ်စေရန်အတွက် ဖြစ်သည်။ ရှေ့တွင် အဖြေပေးကြသည်မှာ 'ကျွန်တော်မျိုးတို့က လမ်းလွဲစေခဲ့ကြသည်မှာ အမှန်ဖြစ်သော်လည်း) ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်တိုင် (အတင်းအကြပ် အပြုမခံရဘဲ) လမ်းမှားခြင်းဖြစ်ခဲ့သကဲ့သို့ပင် ၎င်းတို့အားလည်း (အတင်းအကြပ် မပြုဘဲ) လမ်းလွဲစေခဲ့ကြခြင်း ဖြစ်ပါသည်။ (ဆိုလိုသည်မှာ ကျွန်တော်မျိုးတို့အား မည်သူကမျှ အတင်းအကြပ်မပြုဘဲ ကျွန်တော်မျိုးတို့သည် မိမိတို့၏ သဘောဆန္ဒအလျောက် လမ်းမှားခဲ့ကြသည့်အတိုင်း ကျွန်တော်မျိုးတို့သည် ၎င်းတို့အပေါ်၌လည်း အတင်းအဓမ္မပြုစေခဲ့ခြင်း မရှိပါ။ ကျွန်တော်မျိုးတို့၏ အလုပ်မှာ လမ်းမှားစေခြင်းအလုပ်သာ ဖြစ်သည်။ သို့ရှိရာ ၎င်းတို့သည် မိမိတို့၏ သဘောဆန္ဒအလျောက် လက်ခံခဲ့ကြခြင်းသာ ဖြစ်ပါသည်။ စူရာဟအိဗ်ရာဟီးမ်တွင်

وَمَاكَانَ لِيَ عَلَيْكُمْ مِّنْ سُلْطَانٍ اِلَّا اَنْ دَعَوْتُكُمْ فَاسْتَجَبْتُمْ لِي

ဟူ၍ လာရှိသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်တော်မျိုးတို့သည် အပြစ်ရှိသူ တရားခံများကား ဖြစ်ပါသည်။ ၎င်းတို့သည်လည်း အပြစ်ကင်းသူများ မဟုတ်ကြပါဟု ဖြစ်သည်။) ထို့နောက် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ၎င်းတို့နှင့် (ဆက်နွယ်မှုများ) မှ မည်သို့မျှ မပတ်သက်ပြတ်စဲခဲ့ပြီးဖြစ်ကြောင်း လျှောက်ထားကြပါသည်။ (ထို့ပြင်) ၎င်းတို့သည် (အမှန်စင်စစ်) ကျွန်တော်မျိုးတို့ကို (သာ) ဆည်းကပ်ကိုးကွယ်ခဲ့ကြသည် မဟုတ်ပါ။ (ဆိုလိုသည်မှာ ၎င်းတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့

သဘောဆန္ဒအလျောက်လမ်းမှားသူများ ဖြစ်ကြရာ ၄င်းတို့သည် မိမိတို့၏ စိတ်ဆန္ဒများကို ကိုးကွယ်လိုက်စားသူများ ဖြစ်ကြသည်။ ရှိက်သွာန်ကိုသာ ကိုးကွယ်သူများ မဟုတ်ကြပါ။ ဤအကြောင်းများကို တင်ပြရခြင်းမှာ အသင်တို့ အားကိုးအားထားပြုခဲ့ကြသူများက 'ကေယာမသ်'နေ့တွင် မိမိတို့နှင့် မည်သို့မျှ မပတ်သက်ကြောင်း ထွက်ဆိုကြမည်ကို တင်ပြရန် ဖြစ်သည်။) ထို့ပြင် (ထိုတွဲဖက်ခံရသူ ရှိက်သွာန်များက ၄င်းတို့အား ဤကဲ့သို့ ဥပေက္ခာပြု လစ်လျူရှုလိုက်ကြသည့်အခါ ထိုမုရှ်ရစ်က်များအား) 'အသင်တို့သည် မိမိတို့၏ တွဲဖက် (ကိုးကွယ်ရာ) များကို ခေါ်ယူကြလေကုန်'ဟု အမိန့်ပေး ခြင်းခံရပေမည်။ သို့ဖြစ်ပေရာ ၄င်းတို့သည် (စိုးရိမ်ကြောက်ရွံ့မှုများစွာဖြင့် ရွေးစရာလမ်းမရှိ၊ မတတ်နိုင်သည့်အဆုံး) ထိုတွဲဖက်များကို ခေါ်ကြပေမည်။ သို့သော်လည်း ထိုတွဲဖက်များက ပြန်ထူးကြမည်မဟုတ်ပေ။ ထို့ပြင် (ထိုအချိန်၌) ၄င်းတို့သည် (မိမိတို့၏ မျက်စိများဖြင့်) 'အဇာဗ်'အပြစ်ဒဏ်ကို တွေ့မြင်ကြရပေမည်။ အကယ်၍သာ ၄င်းတို့သည် လောကီဘဝ၌ တရားလမ်းမှန်ပေါ်တွင် ရှိခဲ့ကြလျှင် ကောင်းလေစွ။ (ဤသို့သာ ဖြစ်ခဲ့လျှင် ဤဒုက္ခကို တွေ့ကြုံရမည်မဟုတ်ပေ။) ထို့ပြင် ထိုနေ့တွင် ထိုကာဖိရ်များအား ခေါ်ယူတော်မူလျက် အသင်တို့သည် ရစူလ်တမန်တော်များအား မည်ကဲ့သို့ ဖြေကြားခဲ့ကြပါသနည်းဟု မေးမြန်းတော်မူပေမည်။ သို့ဖြစ်ပေရာ ထိုနေ့တွင် ၄င်းတို့ (၏ အသိ) မှ အလုံးစုံသော အကြောင်းအရာများသည် မေ့ပျောက်သွားကြပေမည်။ သို့ဖြစ်ပေရာ ၄င်းတို့သည် (မိမိတို့ကိုယ်တိုင်လည်း မသိနိုင်ကြတော့ပေ။) ၄င်းတို့အချင်းချင်း တစ်ဦးကို တစ်ဦး စုံစမ်းမေးမြန်းခြင်းကိုလည်း ပြုနိုင်ကြမည်မဟုတ်တော့ပေ။ သို့ရာတွင် အကြင်သူသည် (ကုဖ္ဖရ်နှင့် ရှရစ်က်လုပ်ရပ်ကို လောက၌ပင်) 'သောင်ဗာဟ်'အမှားဝန်ခံခြင်း ပြုခဲ့မည်။ ထို့နောက် အီမာန်သက်ဝင်ယုံကြည်ခဲ့မည်။ တစ်ဖန် ကောင်းမြတ်သော အကျင့်သီလများ ဆောက်တည်ခဲ့မည်ဆိုလျှင် ထိုသူသည် (တမလွန်၌) အောင်မြင်မှု ရရှိသူတို့တွင် အပါအဝင်ဖြစ်နိုင်ရန် မျှော်လင့်ရပေသည်။ (ထို့ပြင် ဖော်ပြပါ ဒုက္ခများမှလည်း ကင်းလွတ်ငြိမ်းချမ်းစွာ နေရပေမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

'ဟာရှရ်'ကွင်းပြင်တွင် ကာဖိရ်နှင့် မုရှ်ရစ်က်တို့အား ပထမဦးဆုံး စစ်ဆေးမေးမြန်းမည်မှာ 'ရှရစ်က်'ကိစ္စရပ်များနှင့် ပတ်သက်ပြီးဖြစ်မည်။ 'အကြင် ရှိက်သွာန်တို့ကို အသင်တို့သည် ငါအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာများအဖြစ် ပြုခဲ့ကြသည်။ ၄င်းတို့၏ အမိန့်ကို နာခံခဲ့ကြသည်။ ယနေ့ ၄င်းတို့သည် အဘယ်မှာနည်း။ ယခုမူ ၄င်းတို့သည် အသင်တို့အား တစ်စုံတစ်ရာ ကူညီစောင်မခြင်း ပြုနိုင်ပါသလော'ဟူ၍ ပထမမေးခွန်းအဖြစ် မေးမြန်းတော်မူပေမည်။ ထိုအခါ ကာဖိရ်များက 'ကျွန်တော်မျိုးတို့တွင် မည်သည့်အပြစ်မျှမရှိပါ။ ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်တိုင် ရှရစ်က်ပြုလုပ်ခဲ့ခြင်း မဟုတ်ပါ။ ကျွန်တော်မျိုးတို့အား ထိုရှိက်သွာန်များက လမ်းမှားစေခဲ့ကြခြင်းသာ ဖြစ်ပါသည်'ဟု ဖြေကြားကြပေမည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ရှိက်သွာန်များ ပါးစပ်မှ ဤစကားကို ဖွင့်ဟ ထွက်ဆိုစေတော်မူပေမည်။

'ကျွန်တော်မျိုးတို့သည် ၎င်းတို့အား လမ်းမှားစေခဲ့သည်မှာ မှန်ပါသည်။ သို့သော် အတင်းအကြပ်ပြုစေခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်တော်မျိုးတို့သည်လည်း တရားခံဖြစ်ပါသည်။ သို့သော် ၎င်းတို့သည်လည်း အပြစ်ကင်းသူများ မဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်မျိုးတို့သည် ၎င်းတို့အား လမ်းမှားစေရန် ပြုခဲ့ကြသကဲ့သို့ တစ်ဖက်တွင် နဗီတမန်တော်များနှင့် ၎င်းတို့၏ အရိုက်အရာ ဆက်ခံသူများသည် ၎င်းတို့အား 'ဟေဒါယသ်'တရားလမ်းမှန်ကို ပို့ချပေးခဲ့ကြပါသည်။ အထောက်အထားများနှင့်တကွ အမှန်တရားကို ၎င်းတို့အပေါ်၌ ပို့ဆောင်ပေးခဲ့ကြပါသည်။ ၎င်းတို့သည် မိမိတို့၏ သဘောဆန္ဒအလျောက် နဗီတမန်တော်တို့၏ အဆုံးအမကို နာယူခြင်းမပြုဘဲ ကျွန်တော်မျိုးတို့အား လက်ခံခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းတို့သည် မည်သို့ အပြစ်ကင်းသူများ ဖြစ်နိုင်ပါမည်နည်း'ဟု လျှောက်ထားကြပေမည်။

ဤအကြောင်းအရာအားဖြင့် သိရှိရသည်မှာ အကြင်သူ၏ ရှေ့မှောက်တွင် ရှင်းလင်းပြတ်သားသော အမှန်တရား ရောက်ရှိလာသောအခါ ထိုသူသည် အမှန်တရားဘက်သို့ ဖိတ်ခေါ်သူများကို ဥပေက္ခာပြု၍ လမ်းမှားစေသူများ၏ နောက်သို့လိုက်လျက် လမ်းမှားခြင်းဖြစ်သွားပါလျှင် ၎င်း၏ မည်သည့်အကြောင်းပြချက်ကိုမှ လက်ခံတော်မူမည်မဟုတ်ပေ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَرَبُّكَ يَخْلُقُ مَا يَشَاءُ وَيَخْتَارُ ۗ مَا كَانَ لَهُمُ الْخِيَرَةُ ۚ سُبْحَانَ اللَّهِ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿٦٨﴾

၂၈ : ၆၈ ။ ။ (အို, နဗီတမန်တော်) စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာများကို ဖန်ဆင်းတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် (မိမိအလိုရှိတော်မူသည်ကို) ရွေးချယ်တော်မူ၏။ ၎င်း (မုရှ်ရစ်က်) တို့၌ ရွေးချယ်ခွင့်သည် အလျှင်းမရှိချေ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသည်တို့မှ (လုံးဝ) သန့်ရှင်းစင်ကြယ်တော်မူသည့်အပြင် (ထိုအရာတို့ထက် အတိုင်းအဆမရှိ) မြင့်မြတ်လှတော်မူ၏။

وَرَبُّكَ يَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ ﴿٦٩﴾

၂၈ : ၆၉ ။ ။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများ၌ ကိန်းအောင်းလျက် ရှိသည်တို့ကိုလည်းကောင်း၊ ထိုသူတို့ ထင်ရှားစေကြသည်တို့ကိုလည်းကောင်း (အလုံးစုံတို့ကို) သိရှိတော်မူ၏။

وَهُوَ اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۖ لَهُ الْحَمْدُ فِي الْأُولَىٰ وَالْآخِرَةِ ۖ وَلَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ ﴿٧٠﴾

၂၈ : ၇၀ ။ ။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် (တစ်ဆူတည်းသော) ဆည်းကပ်ကိုးကွယ်ရာ အလ္လာဟ်အသျှင်မြတ်ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ (အသျှင်) ဟူ၍ အလျှင်းမရှိပေ။

ဤပစ္စုပ္ပန် မျက်မှောက်လောကီဘဝ၌လည်းကောင်း၊ 'အာခိရတ်' နောင်တမလွန်ဘဝ၌လည်းကောင်း ထိုအသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောမနာအပေါင်းတို့ကို ခံယူထိုက်တော်မူ၏။ ၎င်းပြင် စိုးမိုးအုပ်ချုပ် အာဏာသည်လည်း ထိုအသျှင်မြတ်၌သာ ရှိ၏။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရကုန်ပေလိမ့်မည်။

قُلْ أَرَءَيْتُمْ إِن جَعَلَ ٱللَّهُ عَلَيْكُمُ ٱلَّيْلَ سَرْمَدًا إِلَىٰ يَوْمِ
ٱلْقِيَٰمَةِ مَنْ إِلَٰهٌ غَيْرُ ٱللَّهِ يَأْتِيكُم بِضِيَآءٍ ۖ أَفَلَا تَسْمَعُونَ ﴿٧١﴾

၂၈ : ၇၁ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် (ငါ့အား) ပြောပြကြလေကုန်။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တိုင်အောင် ညဉ့်ကို အသင်တို့အပေါ်၌ အမြဲထာဝစဉ် တည်စေတော်မူခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်အပြင် အသင်တို့ထံသို့ အလင်းရောင် ဆောင်ကြဉ်း၍ ပေးအံ့သော အခြားကိုးကွယ်ရာ (အသျှင်) ဟူ၍ မည်သူရှိပါသနည်း။ သို့ပါလျက် အသင်တို့သည် မကြားကြလေသလော။'

قُلْ أَرَءَيْتُمْ إِن جَعَلَ ٱللَّهُ عَلَيْكُمُ ٱلنَّهَارَ سَرْمَدًا إِلَىٰ يَوْمِ
ٱلْقِيَٰمَةِ مَنْ إِلَٰهٌ غَيْرُ ٱللَّهِ يَأْتِيكُم بِلَيْلٍ تَسْكُنُونَ فِيهِ ۖ أَفَلَا تُبْصِرُونَ ﴿٧٢﴾

၂၈ : ၇၂ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါဦးလေ။ 'အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တိုင်အောင် နေ့ကို အသင်တို့အပေါ်၌ အမြဲထာဝစဉ် တည်စေတော်မူခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်ပင် အသင်တို့ အနားယူကြရန်အလို့ငှာ ညဉ့်ကို အသင်တို့ထံသို့ ဆောင်ကြဉ်း၍ ပေးအံ့သော အခြားကိုးကွယ်ရာ (အသျှင်) ဟူ၍ မည်သူရှိပါသနည်း။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော။'

وَمِن رَّحْمَتِهِۦ جَعَلَ لَكُمُ ٱلَّيْلَ وَٱلنَّهَارَ لِتَسْكُنُوا۟ فِيهِ وَلِتَبْتَغُوا۟ مِن فَضْلِهِۦ وَلَعَلَّكُمْ تَشْكُرُونَ ﴿٧٣﴾

၂၈ : ၇၃ ။ ။ စင်စစ် ထိုအသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် အသင်တို့အဖို့ ညဉ့်နှင့် နေ့ကို ဖန်ဆင်းတော်မူခဲ့၏။ အသင်တို့သည် ညဉ့်၌ အနားယူ အပန်းဖြေကြရန်နှင့်၊ နေ့၌ အသင်တို့သည် အသျှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို ရှာဖွေကြရန်အလို့ငှာ ပြုလုပ်ဖန်ဆင်းတော်မူခဲ့ပေသည်။ သို့မှသာလျှင် အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြရာကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို, နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (တစ်ပါးတည်းသာလျှင် ပြည့်စုံကုံလုံသော ဂုဏ်တော်များနှင့်အတူ ရှိနေတော်မူသည်။ သို့ရှိရာ ထိုအသျှင်မြတ်သည်) အလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူသည်။ (သို့ဖြစ်ပေရာ ထိုအသျှင်မြတ်အဖို့ ဖန်ဆင်းမှုဆိုင်ရာ

အခွင့်အာဏာလည်း ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။) ထို့ပြင် ထိုအသျှင်မြတ်သည် မိမိနှစ်သက်သော အမိန့်ကို ရွေးချယ်တော်မူသည်။ (နဗီတမန်တော်တို့၏ အကြောင်းခံဖြင့် ပို့ချပေးတော်မူသည်။ သို့ဖြစ်ပေရာ သာသနာရေးရာ၌လည်း အခွင့်အာဏာရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။) ထိုသူ (မုရှ်ရစ်က်) တို့အဖို့မှာမူ (အမိန့်ပညတ်ချက်များနှင့် စပ်လျဉ်း၍) မည်သည့်ရွေးချယ်ခွင့်မျှ မရှိပေ။ (မိမိတို့အလိုရှိသော အမိန့်ပညတ်ချက်များကို ရွေးချယ်ပိုင်ခွင့် မရှိပေ။ ဥပမာ- ဤမုရှ်ရစ်က်တို့သည် မိမိတို့သဘောအလျောက် ရှရစ်က်ပြုလုပ်ခြင်းကို ပိုင်သည်ဟု ရွေးချယ်သကဲ့သို့ ဖြစ်သည်။ ထို့နောက် ထိုအထူးလုပ်ပိုင်ခွင့်တို့အားဖြင့် အသျှင်မြတ်အဖို့ အတည်ဖြစ်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ တွဲဖက်၊ နှိုင်းယှဉ်၊ ကိုးကွယ်ခြင်းတို့မှ စင်ကြယ်သန့်ရှင်းတော်မူပေသည်။ (အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခြင်းနှင့် တရားတော်ဒေသနာရေးရာတို့၌ ဖန်ဆင်းရှင်ဖြစ်ခြင်းနှင့် အခွင့်အာဏာရှိသော အသျှင်မြတ် ဖြစ်ရာ၌ တစ်ပါးတည်းသာ ဖြစ်တော်မူရာ 'အေဗာဒသ်' ခဝပ်ကိုးကွယ်ခြင်း၌လည်း ထိုအသျှင်မြတ်သာ တစ်ပါးတည်း ခံထိုက်တော်မူသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခြင်းနှင့် တရားတော်ဒေသနာရေးရာတို့၌ အခွင့်အာဏာရှိတော်မူသော အသျှင်မြတ်သည် ခဝပ်ကိုးကွယ် ခံထိုက်တော်မူသောကြောင့် ဖြစ်သည်။)

ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (သိရှိတော်မူသည်မှာ) ထိုသူတို့၏ စိတ်နှလုံးသားများတွင် ကိန်းအောင်းလျက် ရှိသည်တို့ကိုလည်းကောင်း၊ ထိုသူတို့ ထင်ထင်ရှားရှား ပြုလုပ်ခဲ့သော အရာတို့ကိုလည်းကောင်း အလုံးစုံကို သိရှိတော်မူသည်။ (မည်သူတစ်ဦးတစ်ယောက်မျှ ဤသို့ သိရှိနိုင်စွမ်းသည့် ကိစ္စ၌လည်း ထိုအသျှင်မြတ်တစ်ပါးတည်းသာ ရှိတော်မူကြောင်း အတည်ဖြစ် သိရှိရသည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ထို (ဂုဏ်တော်များဖြင့် ပြည့်စုံကုံလုံသော ဇာတိတော်) အသျှင်မြတ် ဖြစ်တော်မူသောကြောင့် ထိုအသျှင်မြတ်မှအပ အခြားမည်သည့်အရာမှ ဆည်းကပ်ကိုးကွယ်ရာ ခံထိုက်တော်မူသော အသျှင် မရှိ။ လောက၌လည်းကောင်း၊ တမလွန်၌လည်းကောင်း ထိုအသျှင်မြတ်သည် သာလျှင် ချီးမွမ်းထောမနာအပေါင်းတို့ကို ခံယူထိုက်တော်မူသည်။ (အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်၏ စီမံဖန်ဆင်းမှုတို့သည် နှစ်ဘဝနှစ်ဌာနစလုံးတွင် ထိုအသျှင်မြတ်သည် ပြည့်စုံကုံလုံသော ဂုဏ်တော်များနှင့် ရှိတော်မူသော အသျှင်ဖြစ်ကြောင်းနှင့် ချီးမွမ်းထောမနာ ခံယူထိုက်တော်မူသော အသျှင်ဖြစ်ခြင်းတို့အပေါ် သက်သေဖြစ်သောကြောင့်ပင် ဖြစ်သည်။)

ထို့ပြင် (စိုးမိုးအုပ်ချုပ်မှုမှာ အခွင့်အာဏာရှိရာတွင်) စိုးမိုးအုပ်ချုပ်မှုအခွင့်အာဏာသည်လည်း ('ကေယာမသ်' နေ့တွင်) ထိုအသျှင်မြတ်အတွက်သာ အတည်ဖြစ်ပေမည်။ ထို့ပြင် (ထိုအသျှင်မြတ်၏ ပြည့်ဝသော အာဏာရှိတော်မူခြင်းနှင့် အုပ်ချုပ်မှုအာဏာ ကျယ်ပြန့်မှုသည် ဤမျှ ရှိ၏။) အသင်တို့အားလုံးသည် ထိုအသျှင်မြတ်ထံတော်၌သာ ပြန်လည်သွားကြရပေမည်။ (လွတ်ကင်းသွားခြင်းသည်လည်းကောင်း၊ တစ်နေရာ၌ သွားရောက်ခိုလှုံခြင်းသည်လည်းကောင်း အလျဉ်း ဖြစ်လိမ့်မည်မဟုတ်။ ထို့ပြင် ထိုအသျှင်မြတ်၏ တန်ခိုးတော်ကို ထုတ်ဖော်ရန်အတွက် အို့ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ဤသို့ ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ငါ့အား ပြောကြလေကုန်။ အကယ်၍ အလ္လာဟ်အသျှင်

မြတ်သည် 'ကေယာမသ်' နေ့ထိတိုင် ညကို အသင်တို့အပေါ်၌ အမြဲတမ်း တည်ရှိစေတော်မူခဲ့ပါလျှင် အလ္လာဟ် အသျှင်မြတ်အပြင် အသင်တို့ထံသို့ အလင်းရောင်ကို ဆောင်ကြဉ်းပေးနိုင်သော အခြားကိုးကွယ်ရာဟူ၍ မည်သူရှိပါသနည်း။ (သို့ဖြစ်ပေရာ တန်ခိုးတော်အရာတွင်လည်း ထိုအသျှင်မြတ်သာလျှင် တစ်ပါးတည်း ရှိတော်မူကြောင်း သိရှိရသည်။) သို့ပါလျက် အသင်တို့သည် (ကိုးကွယ်ရာအဖြစ် အလ္လာဟ်အသျှင်မြတ် တစ်ပါး တည်းရှိတော်မူကြောင်း ဤကဲ့သို့ ရှင်းလင်းပြတ်သားသော အထောက်အထားများကို) မကြားကြ လေသလော။ (ထိုကဲ့သို့ပင် တန်ခိုးတော်ကို ထုတ်ဖော်ပြသရန်အတွက် အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ် 'ကေယာမသ်' နေ့ထိတိုင် နေ့ချည်းသာ အမြဲထာဝစဉ် တည်ရှိစေတော်မူခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ် အပြင် မည်သည့်ကိုးကွယ်ရာက အသင်တို့ အနားယူအိပ်စက်နိုင်ရန် ညကို ဖန်ဆင်းနိုင်ပါမည်နည်း။ သို့ပါ လျက် အသင်တို့သည် (ဤတန်ခိုးတော်၏ သက်သေလက္ခဏာတော်များကို) မတွေ့မြင်ကြလေသလော။ (တန်ခိုးတော်အရာ၌ တစ်ပါးတည်းသာ ရှိခြင်းသည် ကိုးကွယ်ခြင်း ခံထိုက်မှု၌လည်း ထိုအသျှင်မြတ်တစ်ပါး တည်းသာ ခံထိုက်ကြောင်း ညွှန်းဆိုခြင်းပင် ဖြစ်ပေသည်။) ထို့ပြင် (ထိုအသျှင်မြတ်သည် ဤကဲ့သို့သော ကျေးဇူးတော်ရှင် ဖြစ်တော်မူသည်မှာ) ထိုအသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် အသင်တို့အတွက် နေ့နှင့်ညကို ဖန်ဆင်းပေးတော်မူသည်။ သို့မှသာ အသင်တို့သည် ညအခါ၌ အိပ်စက်အနားယူနိုင်ကြပေမည်။ နေ့အခါတွင် ထိုအသျှင်မြတ်၏ ကျေးဇူးတော် စားနပ်ရိက္ခာကို ရှာဖွေခြင်း ပြုနိုင်ကြပေမည်။ သို့ရှိရာ (ထိုကျေးဇူးတော်နှစ်ပါးအပေါ်) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏) ကျေးဇူးတော်ကို သိတတ်ကြကုန်။ (ဤသည်မှ ကျေးဇူးပြုရာတွင်လည်း ထိုအသျှင်မြတ်သာ တစ်ပါးတည်း ဖြစ်တော်မူသည်။ ဤသည်ပင် ကိုးကွယ်ခြင်း ခံထိုက်ရာ၌လည်း ထိုအသျှင်မြတ်တစ်ပါးတည်းသာ ခံထိုက်ကြောင်းအတွက် အထောက် အထားဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَرَبُّكَ يَخْلُقُ مَايَشَاءُ وَيَخْتَارُ

ဤအာယသ်တော်၏ အလိုသဘောတစ်ခုမှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြခဲ့သည့်အတိုင်းဖြစ်သည်။ အာယသ်ကြောင့်ဆိုသော် يَخْتَارُ သည် အမိန့်ပညတ်ချက်များ၌ အခွင့်အာဏာရှိခြင်းကို ဆိုလိုသည်။ အလ္လာဟ် အသျှင်မြတ်သည် လောကအပေါင်းကို ဖန်ဆင်းရာ၌ တစ်ပါးတည်းသာ ဖြစ်တော်မူပြီး ထိုအသျှင်မြတ်နှင့် တွဲဖက်သူဟူ၍လည်း မည်သူမျှ မရှိသကဲ့သို့ အမိန့်ပညတ်တော်များ ချမှတ်ရာတွင်လည်း မိမိအလိုရှိသည် ကို မိမိ၏ အဖန်ဆင်းခံများအပေါ် တစ်ပါးတည်းသော အသျှင်မြတ်ကပင် အမိန့်တော်များ ချမှတ်တော် မူသည်။ အချုပ်မှာ စီမံဖန်ဆင်းမှု၌ အခွင့်အာဏာရှိပြီး အလ္လာဟ်အသျှင်မြတ်အတွက် တွဲဖက်မရှိသကဲ့သို့ တရားတော်ဒေသနာပို့ချရာ၌လည်း ထိုအသျှင်မြတ်နှင့် တွဲဖက်သူဟူ၍ မည်သူမျှ မရှိပါချေ။ အခြားအလို သဘောတစ်ခုမှာ ၎င်းကို အေမာမ်ဗဂဝီ (ရဟ) က မိမိ၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင်လည်းကောင်း၊ အလ္လာမာဟ်

အိဗ်နေကိုင်ယင်းမ်က ဇာဒူလ်မအားဒ်ကျမ်း၏ ကျမ်းဦးစကား၌လည်းကောင်း တင်ပြထားသည်။ 'ထိုအခွင့်အာဏာဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံများအနက်မှ မိမိအလိုရှိသူကို မိမိထံပါးမှ ကြီးမြတ်မှု ဂုဏ်သိက္ခာချီးမြှင့်ရန်အတွက် ရွေးချယ်တော်မူသည်။ အေမာမ်ဗဂဝီ (ရဟ) ၏ အဆိုအရ ဤအာယသ်တော်သည် မက္ကာဟ်ရှိ မုရှ်ရစ်က်တို့က

لَوْلَا أُنْزِلَ هٰذَا الْقُرْاٰنُ عَلٰى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيْمٍ

'ဤကုရ်အာန်ကို အလ္လာဟ်အသျှင်မြတ်က ချပေးတော်မူမည်ဆိုလျှင် အာရဗ်နိုင်ငံရှိ မြို့ကြီးနှစ်မြို့ဖြစ်သော မက္ကာဟ်နှင့် သွာအိဖ်မြို့တို့မှ အကြီးအကဲပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ချပေးတော်မူလျှင် ကောင်းလေစွ။ ၎င်းအပေါ် တန်ဖိုးလည်း ထားကြမည်ဖြစ်သည်။ **ယသီးမ်** (ဖတဆိုး)၊ **မိစ်ကီးန်** (ဆင်းရဲသား) တစ်ဦးအပေါ် ပို့ချပေးခြင်း၌ မည်သည့်လျှို့ဝှက်ချက် အမြော်အမြင်ရှိပါသနည်း' ဟု ပြောဆိုမှုအပေါ် အဖြေဖြစ်သည်။ ၎င်းတို့၏ ပြောဆိုချက်အပေါ် ဖြေကြားထားသည်မှာ စိုးပိုင်တော်မူသော အသျှင်မြတ်က ဖန်ဆင်းခံဟူသမျှကို မည်သည့်တွဲဖက်သူ၏ အကူအညီမျှမပါဘဲ ဖန်ဆင်းတော်မူသကဲ့သို့ မိမိ၏ ကြီးမြတ်မှု ဂုဏ်သိက္ခာအတွက် မိမိ၏ အဖန်ဆင်းခံများမှ တစ်စုံတစ်ဦးကို ရွေးချယ်ရန် အခွင့်အာဏာလည်း ရှိပေသည်။ ထိုသို့ ရွေးချယ်ရာ၌ 'မည်သူသည် ထိုက်သင့်သည်။ မည်သူသည် မထိုက်သင့်ပါဟူ၍ အသင်တို့၏ ရွေးချယ်မှုအတိုင်း ရွေးချယ်ရန် မည်သည့်ဖိအားမျှလည်း မရှိ။

အရာတစ်ခုကို အခြားအရာတစ်ခုအပေါ်၌လည်းကောင်း၊ လူတစ်ဦးကို အခြားလူတစ်ဦးအပေါ်၌လည်းကောင်း ထူးမြတ်မှုပေးသည့် အမှန်ကန်ဆုံး တိုင်းတာမှုသည် အလ္လာဟ်အသျှင်မြတ်၏ အခွင့်အာဏာပင် ဖြစ်ခြင်း

ဟာဖိဇ်အိဗ်နေကိုင်ယင်းမ်သည် ဤအာယသ်တော်မှ ကြီးမားသည့် ဥပဒေတစ်ရပ်ကို ထုတ်နုတ်တင်ပြခဲ့သည်မှာ လောကတွင် နေရာတစ်ခုကို နေရာတစ်ခုအပေါ်၌လည်းကောင်း၊ အရာတစ်ခုကို အခြားအရာတစ်ခုအပေါ်၌လည်းကောင်း ထူးမြတ်မှုများ ပေးထားလေ့ရှိသည်။ ဤသည်မှာ ထိုအရာများ၏ ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုကြောင့် မဟုတ်ဘဲ ကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရွေးချယ်ဆုံးဖြတ်ချက်၏ ရလဒ်သာဖြစ်ပေသည်။ ထိုအသျှင်မြတ်က မိုးကောင်းကင်ခုနစ်ထပ်ကို ဖန်ဆင်း တော်မူခဲ့သည်။ ထိုမိုးခုနစ်ထပ်အနက် အပေါ်ဆုံးအထပ်ကို အခြားသော အထပ်များထက် ထူးမြတ်မှုပေးထားသည်။ အမှန်စင်စစ် မိုးခုနစ်ထပ်လုံးအား ဖန်ဆင်းသည့် အရင်းခံပစ္စည်းမှာ တစ်မျိုးတည်းသာ ဖြစ်သည်။ တစ်ဖန် ထိုအသျှင်မြတ်သည် 'ဂျန္နသွလ်ဖိရ်ဒေါင်စ်' ကို အခြားသော 'ဂျန္နသ်' များအပေါ်၌လည်းကောင်း၊ ဂျိဗ်ရာအီးလ် ﷺ ၊ မီကာအီးလ် ﷺ နှင့် အိဇ်ရာဖီးလ် ﷺ အစရှိသော 'ဖရစ်ရှ်သာဟ်' ကောင်းကင်တမန်များအား အခြားသော ကောင်းကင်တမန်များအပေါ် နဗီတမန်တော်တို့ကို အခြားလူသားအားလုံးအပေါ်၌လည်းကောင်း၊ တစ်ဖန် ထိုနဗီတမန်တော်တို့အနက်မှ ရစူလ်တမန်တော်မြတ် ﷺ ကို အခြား

သော နဗီတမန်တော်များအပေါ်၌လည်းကောင်း၊ တစ်ဖန် အစ္စမာအီလ် ﷺ ၏ သားစဉ်မြေးဆက်ကို ကမ္ဘာမြေပထဝီပေါ်ရှိ အခြားသော လူသားများအားလုံးအပေါ်၌လည်းကောင်း၊ တစ်ဖန် ကုရိုက်ရှ်မျိုးနွယ်အား ကျန်မျိုးနွယ်များအားလုံးအပေါ်၌လည်းကောင်း၊ တစ်ဖန် ဗနီဟာရှင်မ်ကို ကုရိုက်ရှ်အားလုံးအပေါ်၌လည်းကောင်း၊ တစ်ဖန် တမန်တော်မြတ် မိုဟမ္မဒ်မုဆ္ဆဖွာ ﷺ ကို ဗနီဟာရှင်မ် အားလုံးအပေါ်၌လည်းကောင်း၊ တစ်ဖန် ဤအတိုင်းပင် ဆွဟာဗာတို့သည် အခြားသော ရှေးအွမ္မသ်များအပေါ်၌လည်းကောင်း ထူးမြတ်မှုပေးခြင်းအားလုံးသည် မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရွေးချယ်မှု အခွင့်အာဏာသာ ဖြစ်ပေသည်။

အလားတူ ကမ္ဘာမြေကြီးတွင် များစွာသောနေရာများကို အခြားသောနေရာများအပေါ်၌လည်းကောင်း၊ များစွာသော နေ့နှင့် ညများကို အခြားသော နေ့နှင့် ညများအပေါ်၌လည်းကောင်း၊ ထူးမြတ်မှုပေးခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အခွင့်အာဏာအတိုင်းသာဖြစ်သည်။ အချုပ်မှာ ထူးမြတ်မှုနှင့် လက်ခံမှုတို့၏ အဓိကတိုင်းတာခြင်းသည် လောကအပေါင်းတွင် ထိုအသျှင်မြတ်၏ ရွေးချယ်မှုနှင့် အခွင့်အာဏာသာဖြစ်သည်။

သို့သော် ထူးမြတ်ခြင်း၏ အခြားသော အကြောင်းခံတစ်ခုမှာ လူသား၏ ကျင့်စဉ်ကျင့်ရပ်များ ဖြစ်သည်။ ကောင်းမြတ်သော ကျင့်စဉ်ကျင့်ရပ်များ ပြုကျင့်ခံရသည့် နေရာများသည်လည်း ထိုကောင်းမြတ်သော ကိုယ်ကျင့်တရားများကြောင့်လည်းကောင်း၊ သို့မဟုတ် ကောင်းမြတ်သူများ နေထိုင်ခြင်းကြောင့်လည်းကောင်း မင်္ဂလာရှိသော နေရာများ ဖြစ်သွားကြသည်။ ဤထူးမြတ်မှုသည် ကြိုးပမ်းမှု၊ ရွေးချယ်မှုနှင့် ကောင်းမြတ်သော ကျင့်စဉ်ကျင့်ရပ်များကြောင့် ရရှိနိုင်သည့် ထူးမြတ်မှုဖြစ်သည်။ အချုပ်ဆိုရလျှင် လောကတွင် ထူးမြတ်ခြင်းသည် အချက်နှစ်ချက်အပေါ် မူတည်သည်။ တစ်ချက်မှာ ရည်ရွယ်၍ ပြုလုပ်ခြင်းကြောင့် မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ရွေးချယ်မှုအရသာ ဖြစ်သည်။ ဒုတိယအချက်မှာ ရည်ရွယ်၍ ပြုလုပ်သော ကောင်းမှုတရားများနှင့် မြင့်မြတ်သော အကျင့်စာရိတ္တများကြောင့် ရရှိသော ထူးမြတ်မှု ဖြစ်သည်။

အလ္လာမဟ်အိဗ်နေကိုင်ယင်းဗ်သည် ဤအခန်းကဏ္ဍတွင် အကျယ်တဝင့် တင်ပြခဲ့သည်။ နောက်ဆုံးတွင် ဆွဟာဗာများအနက် ခုလာဖာအေရာရှိဒီးန်သည် အခြားဆွဟာဗာ ﷺ အားလုံးထက်လည်းကောင်း၊ ခုလာဖာအေရာရှိဒီးန်တွင် ဟဇရသ်အဗူဗကရ် ﷺ အားလည်းကောင်း၊ ၎င်း၏နောက်တွင် ဟဇရသ်ဥမရ် ﷺ အားလည်းကောင်း၊ ၎င်း၏ နောက်တွင် ဟဇရသ်ဥသ္မာန် ﷺ အားလည်းကောင်း၊ ၎င်း၏နောက်တွင် အလီ ﷺ အားလည်းကောင်း အစဉ်လိုက်ကို ဖော်ပြပါထူးမြတ်ခြင်းများ၏ တိုင်းတာချက်ဖြင့် အတည်ပြုထားသည်။

أَرَءَيْتُمْ إِنْ جَعَلَ اللَّهُ عَلَيْكُمُ اللَّيْلَ سَرْمَدًا إِلَىٰ يَوْمِ الْقِيَامَةِ مَنْ إِلَٰهٌ غَيْرُ اللَّهِ يَأْتِيكُم بِضِيَاءٍ ۖ أَفَلَا تَسْمَعُونَ ○ ﴿الى قوله﴾ بِلَيْلٍ تَسْكُنُونَ فِيهِ أَفَلَا تُبْصِرُونَ ○

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ညနှင့်အတူ ည၏ အကျိုးကျေးဇူးများကို ဖော်ပြထားသည်။

بِلَيۡلٍ تَسۡكُنُوۡنَ فِيۡهِ

ဆိုလိုသည်မှာ 'ညတွင် လူသားအဖို့ စိတ်ချမ်းသာယာမှု ရရှိသည်။ ထိုညနှင့် ဆန့်ကျင်၍ နေ့ကို ဖော်ပြရာတွင် بِضِيَاءٍ (အလင်းရောင်) နှင့်အတူ ၎င်းမှ ရရှိမည့် မည်သည့်အကျိုးဆုလဒ်ကိုမှ ဖော်ပြထားခြင်းမရှိပေ။ အကြောင်းတရားမှာမူ ထင်ရှားပါသည်။ အဘယ်ကြောင့်ဆိုသော် နေ့၏ အလင်းရောင်သည် မိမိ၏ ပင်ကိုယ်အရ အထူးမြတ်ဆုံး ဖြစ်သည်။ အမှောင်ထက် အလင်းက ပို၍ ထူးမြတ်ခြင်းမှာ ထင်ရှားကျော်ဇောသောအရာ ဖြစ်ပါသည်။ အလင်းရောင်၏ မရေမတွက်နိုင်သော အကျိုးကျေးဇူးများမှာမူ ပြောပြရန် မလိုအောင်ပင် ကျော်ကြားပြီးဖြစ်သည်။ ညနှင့်ကား ဆန့်ကျင်ပါသည်။ ညသည် အမှောင်ထုဖုံးလွှမ်းလျက် မိမိ၏ ပင်ကိုယ်အရ မည်သည့်ထူးမြတ်မှုမျှ မရှိပေ။ သို့တိုင်အောင် ၎င်း၏ ထူးမြတ်မှုမှာ လူတို့အား အေးချမ်းစွာ အနားယူနိုင်ခြင်း၏ အကြောင်းခံဖြစ်သည့်အတွက် ဖြစ်သည်။ ထို့ကြောင့်ပင် ထိုအကြောင်းတရားကို တင်ပြမိန့်ကြားခြင်း ဖြစ်သည်။ ထို့ကြောင့် နေ့၏ အကြောင်းကို တင်ပြပြီးနောက်တွင် اَفَلَا تَسۡمَعُوۡنَ ဟု မိန့်ကြားထားသည်။ ထို့ပြင် ည၏ အကြောင်းကို တင်ပြပြီး နောက်ဆုံးတွင် اَفَلَا تُبۡصِرُوۡنَ ဟု တင်ပြမိန့်ကြားထားသည်။ ဤသို့ မိန့်ကြားခြင်းမှာ နေ့၏ အကျိုးကျေးဇူးများ၊ 'ဖရ်ကသ်' မင်္ဂလာများနှင့် မရေမတွက်နိုင်သော ရလဒ်များကို မျက်စိ၏ အဝန်းအဝိုင်းအားဖြင့် မမြင်ရနိုင်ပေ။ သို့သော်လည်း ထိုအရာများကို ကြားနိုင်သည့်အတွက် اَفَلَا تَسۡمَعُوۡنَ ဟူ၍ ညွှန်းဆိုမိန့်ကြားခြင်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ သိရှိနားလည်မှု၏ ကြီးမားသော အစိတ်အပိုင်း အစုအပုံသည် နား၏ အကြောင်းခံဖြင့် ရရှိသောကြောင့် ဖြစ်သည်။ မျက်စိဖြင့် မြင်တွေ့ရသော အရာများသည် အမြဲတစေ နားဖြင့် ကြားရသည့်အရာများထက် လွန်စွာ နည်းပါးလှသည်။ ည၏ အကျိုးကျေးဇူးများဟူသည် နေ့၏ အကျိုးကျေးဇူးများနှင့် ယှဉ်လျှင် အလွန်ပင် နည်းပါးလှပေသည်။ တွေ့မြင်နိုင်ခြင်းလည်း ရှိသည့်အတွက် اَفَلَا تُبۡصِرُوۡنَ ဟူသော စကားလုံးကို သုံးနှုန်းမိန့်ကြားထားတော်မူခြင်း ဖြစ်သည်။ *[မဇ္ဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيَوۡمَ يُنَادِيۡهِمۡ فَيَقُوۡلُ اَيۡنَ شُرَكَآءِىَ الَّذِيۡنَ كُنۡتُمۡ تَزۡعُمُوۡنَ ۝

၂၈ : ၇၄ ။ ။ စင်စစ် အကြင်နေ့တွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ဟစ်ခေါ်တော်မူပြီး 'အသင်တို့သည် ငါ အသျှင်မြတ်၏ တွဲဖက်များ ဖြစ်ကြသည်ဟု ထင်မှတ် (ကိုးကွယ်) လျက် ရှိခဲ့ကြသော တွဲဖက်များသည် အဘယ်မှာနည်း' ဟု မိန့်ကြား (မေးမြန်း) တော်မူမည်။

وَنَزَعْنَا مِن كُلِّ أُمَّةٍ شَهِيدًا فَقُلْنَا هَاتُوا بُرْهَانَكُمْ فَعَلِمُوا أَنَّ الْحَقَّ لِلَّهِ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ ﴿٧٥﴾

၂၈ း ၇၅ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် (ထိုနေ့တွင်) သာသနာဝင် အုပ်စုတိုင်းမှ သက်သေတစ်ဦးစီကို ဖော်ထုတ်တော်မူပြီးလျှင် (ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား) 'အသင်တို့သည် (ယှဉ်တွဲကိုးကွယ်မှု မှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍) မိမိတို့၏ သက်သေသာဓက အထောက်အထားကို တင်ပြကြလေကုန်' ဟု မိန့်ကြားတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် မှန်ကန်မှု (အမှန်တရား) မှာ အလ္လာဟ်အသျှင်မြတ်၌သာ တည်ရှိကြောင်း ကောင်းစွာ သိရှိသွားကြပေမည်။ ထို့ပြင် ၎င်းတို့ လီဆယ်ဖန်တီးလေ့ရှိခဲ့ကြသော အရာများမှာလည်း ၎င်းတို့ထံမှ ပျောက်ပျက်၍ သွားကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းအပြင် ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အသံပြု အမိန့်ရှိတော်မူမည်။ (၎င်းတို့၏ သေးသိမ်အရှက်ရခြင်းကို လူသားအားလုံး ကြားကြစေရန်အလို့ငှာ) 'အသင်တို့သည် ငါအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာများဖြစ်သည်ဟု ထင်မှတ်လျက်ရှိခဲ့သော တွဲဖက်များ အဘယ်မှာနည်း' ဟု မေးမြန်းတော်မူပေမည်။ (စင်စစ် စောဒကမတက်နိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင်၏ ဝန်ခံချက်ပြုခြင်းသည်လည်း လုံလောက်ပေသည်။ သို့ရာတွင် ပို၍ လေးနက်စေရန်အတွက် ၎င်းတို့အပေါ်၌ သက်သေထူတော်မူမည်မှာ) ၎င်းအပြင် ငါအသျှင်မြတ်သည် သာသနာဝင်အုပ်စုတိုင်းမှ သက်သေတစ်ဦးစီ (ကိုလည်း) ထုတ်ပြတော်မူပေမည်။ (နဗီတမန်တော်များကို ဆိုလိုသည်။ ထိုနဗီတမန်တော်တို့သည် ထိုသူတို့၏ 'ကုဖ္ဖရ်' သွေဖည်ငြင်းပယ်ခြင်းများအကြောင်း သက်သေထွက်ဆိုကြပေမည်။) တစ်ဖန် ငါအသျှင်မြတ်သည် ထိုမုရှ်ရစ်က်တို့အား (ယခု) 'အသင်တို့သည် (ရှရစ်က်တွဲဖက်ကိုးကွယ်ခြင်း မှန်ကန်ကြောင်း) မိမိတို့၏ အထောက်အထားများကို တင်ပြကြလေကုန်' ဟု မိန့်ကြားတော်မူမည်။ သို့ဖြစ်ပေရာ (ထိုအချိန်တွင်) ၎င်းတို့အဖို့ အမှန်တရားဟူသည် အလ္လာဟ်အသျှင်မြတ်၌သာရှိကြောင်း (ကောင်းစွာ) သိရှိသွားကြပေမည်။ (၎င်းတို့ကို နဗီတမန်တော်များ၏ အကြောင်းခံဖြင့် 'ရှရစ်က်' တွဲဖက်ကိုးကွယ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။) ၎င်းပြင် (လောက၌) ၎င်းတို့ လီဆယ်ဖန်တီးခဲ့ကြသည်များမှာလည်း (ယနေ့) မည်သည့်အရာမျှ ရှိကြတော့မည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် အမှန်တရား ပေါ်ထွန်းလာလျှင် လမ်းမှားခြင်း ပျောက်ကွယ်သွားရသည်မှာ ဓမ္မတာဖြစ်သောကြောင့်ပင် ဖြစ်သည်။)

အကျိုးကျေးဇူး ။ ။ ဤအာယသ်တော်၏ အလျင်က အာယသ်တော် مَا ذَا أَجَبْتُمُ ၌ ကာဖိရ်များမှ နဗီတမန်တော်များကို အဖြေပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။ ဤနေရာတွင် နဗီတမန်တော်တို့ ကိုယ်တိုင်မှ သက်သေထွက်ဆိုစေခြင်းဖြစ်သည်။ ထို့ကြောင့် မေးခွန်းထပ်ခြင်း မရှိပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ قَارُونَ كَانَ مِن قَوْمِ مُوسَىٰ فَبَغَىٰ عَلَيْهِمْ ۖ وَآتَيْنَاهُ
مِنَ الْكُنُوزِ مَا إِنَّ مَفَاتِحَهُ لَتَنُوأُ بِالْعُصْبَةِ أُولِي الْقُوَّةِ
إِذْ قَالَ لَهُ قَوْمُهُ لَا تَفْرَحْ ۖ إِنَّ اللَّهَ لَا يُحِبُّ الْفَرِحِينَ ⑦⑥

၂၈ : ၇၆ ။ ။ ကေန်စင်စစ် ကာရူန်သည် မူစာ၏ (သားချင်း) တို့အနက်မှပင် ဖြစ်ခဲ့၏။ သို့ရာတွင် ၎င်း (ကာရူန်) သည် ထိုအမျိုးသားတို့အပေါ်၌ မာန်မာန ထောင်လွှားခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် ၎င်း (ကာရူန်) အား အဘယ်မျှလောက် ရွှေ၊ ငွေ၊ ဘဏ္ဍာများကို ပေးတော်မူခဲ့သည်ဟူမူ၊ ယင်း (ရွှေ၊ ငွေ၊ ဘဏ္ဍာ) ၏ သော့များသည် ခွန်အားဗလနှင့် ပြည့်စုံသော လူစုကပင် (မ,ကြရာတွင်) မနိုင်မနင်း ဖြစ်စေကြလေသည်။ တစ်ရံရောအခါ၀ယ် ၎င်း (ကာရူန်) ၏ သားချင်းတို့က၊ ၎င်းအား (ဤသို့) ပြောဆို (ဆုံးမခဲ့) ကြကုန်၏။ 'အသင်သည် ဂုဏ်မမောက်လေနှင့်။ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ဂုဏ်မောက်သော သူတို့အား နှစ်မြို့တော်မူသည် မဟုတ်ပေ။' (ကာရူန်သည် တမန်တော်မူစာ၏ ပထွေး၏ သားဖြစ်သည်။)

وَابْتَغِ فِيمَا آتَاكَ اللَّهُ الدَّارَ الْآخِرَةَ ۖ وَلَا تَنسَ نَصِيبَكَ
مِنَ الدُّنْيَا ۖ وَأَحْسِن كَمَا أَحْسَنَ اللَّهُ إِلَيْكَ ۖ وَلَا تَبْغِ
الْفَسَادَ فِي الْأَرْضِ ۖ إِنَّ اللَّهَ لَا يُحِبُّ الْمُفْسِدِينَ ⑦⑦

၂၈ : ၇၇ ။ ။ ၎င်းပြင် အသင် (ကာရူန်) သည် မိမိအား အလ္လာဟ်အသျှင်မြတ် ပေးသနားတော်မူခဲ့သည့် (ရွှေ၊ ငွေ၊ ပစ္စည်း) တို့တွင် တမလွန်ဘ၀ (၏ အကျိုးကျေးဇူး) ကိုလည်း ရှာဖွေလော။ ထို့ပြင် အသင်သည် လောကီဘ၀၏ ဝေစုဝေပုံ ကိုလည်း (နောင်တမလွန်ဘ၀သို့ ယူဆောင်သွားရန်) မမေ့မလျော့လေနှင့်။ ထို့ပြင် အသင့်အား အလ္လာဟ်အသျှင်မြတ်က ကျေးဇူးပြုတော်မူဘိသကဲ့သို့ပင် အသင်သည်လည်း (သူတစ်ပါးတို့အား) ကျေးဇူးပြုလော့။ ၎င်းပြင် အသင်သည် တိုင်းပြည်တွင် ပျက်စီးရာ ပျက်စီးကြောင်းများကို ပြုလုပ်ရန် မလိုလားနှင့်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပျက်စီးရာပျက်စီး ကြောင်း ပြုလုပ်သူတို့အား နှစ်မြို့တော်မူသည် မဟုတ်ပေ။

قَالَ إِنَّمَا أُوتِيتُهُ عَلَىٰ عِلْمٍ عِندِي ۚ أَوَلَمْ يَعْلَمْ أَنَّ اللَّهَ قَدْ
أَهْلَكَ مِن قَبْلِهِ مِنَ الْقُرُونِ مَنْ هُوَ أَشَدُّ مِنْهُ قُوَّةً وَأَكْثَرُ
جَمْعًا ۚ وَلَا يُسْأَلُ عَن ذُنُوبِهِمُ الْمُجْرِمُونَ ⑦⑧

၂၈ : ၇၈ ။ ။ ၎င်း (ကာရူန်) က 'ကျွန်ုပ်သည် ဤ (ပစ္စည်းဥစ္စာ၊ ရွှေ၊ ငွေ၊ ဘဏ္ဍာများ) တို့ကို မိမိအတတ်ပညာ တစ်ခုကြောင့် ရရှိခဲ့ခြင်းသာ ဖြစ်သည်'ဟု ဆိုခဲ့လေ၏။ ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏အလျှင် ၎င်းထက် ပိုမို

၍ပင် ခွန်အားဗလ ကောင်းသည့်အပြင်၊ အခြွေအရံအားဖြင့်လည်း ၎င်းထက် ပို၍ များပြားသော မျိုးဆက်အား ဖျက်ဆီးတော်မူခဲ့ကြောင်းကို ၎င်း (ကာရူန်) သည် မသိခဲ့လေသလော။ စင်စစ် အပြစ်ရှိသောသူများအား ၎င်းတို့၏ ပြစ်မှုများနှင့် စပ်လျဉ်း၍ (စုံစမ်းသည့်အနေဖြင့်) မေးမြန်းရန်ပင် လိုလိမ့်မည် မဟုတ်ပေ။

فَخَرَجَ عَلَىٰ قَوْمِهِ فِي زِينَتِهِ ۖ قَالَ الَّذِينَ يُرِيدُونَ الْحَيَاةَ الدُّنْيَا يَا لَيْتَ لَنَا
مِثْلَ مَا أُوتِيَ قَارُونُ إِنَّهُ لَذُو حَظٍّ عَظِيمٍ ﴿٧٩﴾

၂၈ : ၇၉ ။ ။ ထို့နောက် ၎င်း (ကာရူန်) သည် မိမိအမျိုးသားတို့ရှေ့ဝယ် ကြီးကျယ်သော အခမ်းအနားနှင့်တကွ ထွက်ခဲ့လေ၏။ (ထိုအခါ) လောကီဘဝ (၏ စည်းစိမ်ချမ်းသာ) ကို အလိုရှိသူတို့က 'သြော်- ကာရူန် ရရှိခဲ့သော ဥစ္စာပစ္စည်း (အခမ်းအနား) မျိုးသည် ကျွန်ုပ်တို့၌လည်း ရှိခဲ့လျှင် ကောင်းလေစွ။ စေန်မလွဲ ထို ကာရူန်မှာ ကြီးကျယ်စွာသော အကြောင်းလှခြင်းကို ပိုင်ဆိုင်သူ ဖြစ်ပေသည်' ဟု (ချီးမွမ်း) ပြောဆိုခဲ့ကြကုန်၏။

وَقَالَ الَّذِينَ أُوتُوا الْعِلْمَ وَيْلَكُمْ ثَوَابُ اللَّهِ خَيْرٌ لِّمَنْ آمَنَ وَعَمِلَ صَالِحًا ۚ
وَلَا يُلَقَّاهَا إِلَّا الصَّابِرُونَ ﴿٨٠﴾

၂၈ : ၈၀ ။ ။ သို့ရာတွင် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသော သူတို့မှာမူ 'အသင်တို့သည် အကျိုးနည်းကြပါစေ။ အီမာန်သက်ဝင် ယုံကြည်ပြီး ကောင်းမြတ်သည့် အကျင့်သီလကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့၊ အလ္လာဟ်အသျှင်မြတ်ထံတော်မှ (ချီးမြှင့်တော်မူမည်ဖြစ်သော) အကျိုး'စဝါးဗ်'သည် အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့ရာတွင် ယင်းအကျိုး 'စဝါးဗ်'ကိုမူ သည်းခံခြင်းတရား ထားရှိသော သူတို့သည်သာလျှင် ရရှိကြပေသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

فَخَسَفْنَا بِهِ وَبِدَارِهِ الْأَرْضَ فَمَا كَانَ لَهُ مِن فِئَةٍ
يَنصُرُونَهُ مِن دُونِ اللَّهِ وَمَا كَانَ مِنَ الْمُنتَصِرِينَ ﴿٨١﴾

၂၈ : ၈၁ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်း (ကာရူန်) အား ၎င်း၏ အိမ်နှင့်တကွ မြေမျိုစေတော်မူခဲ့ရာ၊ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ၎င်းအား ကူညီစောင်မမည့် အုပ်စုလည်း မရှိခဲ့ပေ။ ၎င်းကိုယ်တိုင်လည်း (မိမိတို့ကိုယ်ကို) ကယ်တင်နိုင်ခဲ့သည်မဟုတ်ပေ။

وَأَصْبَحَ الَّذِينَ تَمَنَّوْا مَكَانَهُ بِالْأَمْسِ يَقُولُونَ
وَيْكَأَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ مِنْ عِبَادِهِ وَيَقْدِرُ ۖ
لَوْلَا أَن مَّنَّ اللَّهُ عَلَيْنَا لَخَسَفَ بِنَا ۖ وَيْكَأَنَّهُ لَا يُفْلِحُ الْكَافِرُونَ ﴿٨٢﴾

၂၈ : ၈၂ ။ ။ ထို့ပြင် ယမန်နေ့က ၎င်းကဲ့သို့ဖြစ်ရန် တပ်မက် (၍ တောင့်တ) ခဲ့ကြကုန်သော သူတို့က 'သြော်- အကျိုးနည်းလေခြင်း၊ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ပြန့်စွာ ချီးမြှင့်

ပေးသနားတော်မူ၍ (မိမိအလိုမရှိသောသူအား) ကျပ်တည်းစေတော်မူပါသည်။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးပြုတော်မမူခဲ့ပါလျှင်၊ ကျွန်ုပ်တို့သည်လည်း မြေမျိုစေတော်မူခဲ့မည်သာ ဖြစ်ပေသည်။ သြော်- အကျိုးနည်းလေခြင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့မှာ အောင်မြင်ကြသည် မဟုတ်ပေ' ဟု ပြောဆိုကြလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ကာရူးန် (ကို ကြည့်ရှုလိုက်ပါ။ 'ကုဖ္ဖရ်'သွေဖည်ငြင်းပယ်ခြင်းနှင့် ဆန့်ကျင်မှုတို့ ပြုခြင်းကြောင့် ၎င်းအဖို့ မည်သို့သော ပျက်စီးခဲ့သည်ကို ကြည့်ရှုပါလေ။ ၎င်း၏ ဥစ္စာပစ္စည်းတို့သည် မည်သို့မျှ အသုံးမဝင်ရုံသာမက ၎င်းနှင့်အတူ ၎င်း၏ ဥစ္စာပစ္စည်းများသည်လည်း ပျက်စီးခဲ့ရလေသည်။ ၎င်း၏ အကြောင်း အကျဉ်းချုံးမှာ ၎င်းသည်) မူစာ ﷺ ၏ သားချင်းများမှ ဖြစ်သည်။ (ဗနီအိစ္စရာအီလ်ဖြစ်သည့်အပြင် မူစာ ﷺ ၏ ဦးရီးတော်၏ သားဖြစ်သည်။) သို့ဖြစ်ပေရာ ထိုကာရူးန်သည် (ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာခြင်း အရှိန်အဝါဖြင့်) ထိုအမျိုးသားတို့အပေါ်၌ မာန်မာန ထောင်လွှားခဲ့သည်။ ထို့ပြင် (၎င်း၏ ဥစ္စာပစ္စည်းများပြားမှုမှာ ဤမျှ ရှိ၏။) ငါအသျှင်မြတ်သည် ၎င်းအား ရွှေ၊ ငွေ၊ ဘဏ္ဍာများ ချီးမြှင့်တော်မူခဲ့သည်။ ယင်းရွှေ၊ ငွေ၊ ဘဏ္ဍာတို့၏ သော့များသည် ခွန်အားဗလနှင့် ပြည့်စုံသော လူအများကပင် မနိုင်မနင်း မ,ကြရသည်အထိ ဖြစ်သည်။ (ဆိုလိုသည်မှာ သော့တံများ ဤမျှ များပြားသည်ဟုဆိုလျှင် ၎င်း၏ ဘဏ္ဍာတော်များသည်လည်း မြောက်မြားစွာရှိမည်မှာ ထင်ရှားပေသည်။ ၎င်းသည် ဤမာန ထောင်လွှားမှုကို ပြုခဲ့သည်မှာ) တစ်ရံရောအခါ ၎င်းအား ၎င်း၏ သားချင်းတို့က (သဘောပေါက်စေရန် ရှင်းပြသည့်အနေဖြင့်) ပြောဆိုဆုံးမခဲ့ကြသည်မှာ အသင်သည် (ဤဥစ္စာပစ္စည်းများနှင့် ဂုဏ်အရှိန်အဝါ အပေါ်၌) ဂုဏ်မမောက်လေနှင့်။ စေကန်အမှန် ဂုဏ်မောက်သူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေ။ ၎င်းပြင် (ထပ်မံ၍ ပြောကြသည်မှာ) အသင့်အား အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်း) တို့တွင် တမလွန်ဘဝကိုလည်း ရှာဖွေလော့။ ထို့ပြင် လောကီဘဝမှ မိမိ၏ ဝေစုဝေပုံကို (တမလွန်ဘဝသို့ ယူဆောင်သွားရန်) မမေ့လျော့လေနှင့်။ ထို့ပြင် (وَلَا تَنسَ နှင့် ابْتَغِ ၏ အလိုသဘောမှာ) အလ္လာဟ်အသျှင်မြတ်က အသင့်အား ကျေးဇူးပြုခဲ့သကဲ့သို့ အသင်လည်း ၎င်းအသျှင်မြတ်၏ ကျေးကျွန်များအပေါ် ကျေးဇူးပြုလော့။ ထို့ပြင် (အသျှင်မြတ်၏ အမိန့်ဇီဆန်မှုပြုလျက် အရေးကြီးသော 'ဝါဂျိဗ်'တာဝန်များကို ဖျက်ဆီး၍ လောကတွင် ပျက်စီးမှုကို မလိုလားလေနှင့်။ (အပြစ်ဒုစရိုက်များ ကျူးလွန်ခြင်းဖြင့် ကမ္ဘာလောကတွင် ပျက်စီးမှုများ ဖြစ်ပေါ်လာသည်။

ظَهَرَ الْفَسَادُ فِي الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ أَيْدِي النَّاسِ

ဟူသော အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားချက်အရ အထူးသဖြင့် အခြားသူများကို ကူးဆက်စေမည့် အပြစ်ဒုစရိုက်များစွာ ကျူးလွန်ခြင်းမှ) စေကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ဖျက်ဆီးသူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေ။ (ဤဆုံးမစကားများသည် မွတ်စ္စလင်မ်တို့ဘက်မှ ပြောဆိုသည့် ဆုံးမစကားများ

ဖြစ်သည်။ ဤအကြောင်း အရာများကို မူစာ عليه السلام က ပထမကပင် မိန့်ကြားခဲ့ပြီး ဖြစ်မည်။ တစ်ဖန် ထပ်မံ၍ အခြားသော မွတ်စ္စလင်မ်တို့က ပြောဆိုဆုံးမခြင်း ဖြစ်ပေမည်။) ကာရူန်သည် (ထိုစကားများကို ကြားရပြီး) 'ကျွန်ုပ်အဖို့ ဤအရာအားလုံးကို မိမိ၏ ပင်ကိုယ်အတတ်ပညာအားဖြင့် ရရှိခဲ့ခြင်းသာ ဖြစ်သည်' ဟု ဆိုလေသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်သည် စီးပွားရှာဖွေမှု အခြေခံအကြောင်းတရားများနှင့် အစီအမံများကို ကောင်းစွာ နားလည်သူဖြစ်သည်။ ထိုအသိပညာဖြင့် ဤအရာများကို ရှာဖွေစုဆောင်းနိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ ကျွန်ုပ်၏ ဂုဏ်မောက်ခြင်းမှာ အကြောင်းမဲ့မဟုတ်ပေ။ ဤသည်ကို အကွယ်မှ ကျေးဇူးတော်ဟုလည်း မဆိုသာပေ။ ဤအရာများတွင် မည်သူ တစ်ဦးတစ်ယောက်၏ ရပိုင်ခွင့် သက်ဆိုင်မှုလည်း မရှိ။ ရှေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဤစကားများကို ချေပထားသည်မှာ) ထိုသူ (ကာရူန်) သည် (ရှေးအထက်က ဖြစ်ခဲ့သည်များကို) မသိလေသလော။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏အလျင် ၎င်းထက် (ဥစ္စာပစ္စည်း) အင်အားပိုသည့်အပြင် အခြွေအရံအုပ်စုအားဖြင့်လည်း (၎င်းထက်) ပို၍ များပြားသော မျိုးဆက်အုပ်စုတို့အား ဖျက်ဆီးတော်မူခဲ့သည်ကို မသိခဲ့လေသလော။ (ထိုသို့ ပျက်စီးခြင်းမျှဖြင့် ပြီးဆုံးလွတ်မြောက်သွားသည်မဟုတ်ဘဲ ၎င်းတို့၏ 'ကုဖွ်ရ်' ကျူးလွန်မှု လုပ်ရပ်များကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဤအပြစ်အပေါ် 'ကေယာမသ်' နေ့တွင် အပြစ်ဒဏ်ပေးတော်မူပေမည်။ ထို 'ကေယာမသ်' နေ့၏ ဥပဒေမှာ) အပြစ်ရှိသူတို့ အား ၎င်းတို့၏ အပြစ်များကို (စုံစမ်းသည့်အနေဖြင့်) မေးမြန်းရန်ပင် လိုမည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်အဖို့ ဤအကြောင်းအားလုံးကို သိရှိတော်မူပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သတိပေးသည့်အနေဖြင့် မေးမြန်းခြင်းသာ ဖြစ်ပေသည်။

لَنَسْـَٔلَنَّهُمْ اَجْمَعِيْنَ

ဟူ၍ အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားချက် ရှိထားလေသည်။ အလိုသဘောမှာ အကယ်၍ ကာရူန်သည် ဤအကြောင်းအရာအပေါ် ရှုမြင်သုံးသပ်ခြင်းပြုခဲ့ပါလျှင် ဤကဲ့သို့ အသိတရားမဲ့သော စကားများကို ပြောဆိုမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ရှေးအထက်လူမျိုးစုတို့ ပျက်စီးရခြင်း၊ 'အဇာဗ်' အပြစ်ဒဏ်ခတ်ခံရသည့်အခြေအနေများ၊ အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်ရှိခြင်းအပေါ် ၎င်းတမလွန်၌ အရေးယူ အပြစ်ပေးခြင်းများသည် ထိုအသျှင်မြတ်၏ တရားစီရင်သူတို့အနက် အကောင်းဆုံး တရားစီရင်တော်မူ သော အသျှင်ဖြစ်ကြောင်းအပေါ် ထင်ရှားပေသည်။ သို့ပါလျက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ချီးမြှင့်မှုကို မိမိ၏ အသိပညာ၊ အတတ်ပညာ၏ ရလဒ်ဟုဆိုခြင်းနှင့် အရေးကြီးသော 'ဝါဂျိဗ်' တာဝန်များကို ငြင်းပယ်ခြင်းပြုရန် မည်သူ့တွင် အခွင့်အရေး ရှိပါမည်နည်း။) တစ်ဖန် (အခါတစ်ပါးတွင် ဖြစ်ပေါ်ခဲ့သည်မှာ) ကာရူန်သည် မိမိ၏ ကြီးမားခန့်ညားသော အခမ်းအနားနှင့်အတူ မိမိ၏ အမျိုးသားတို့ ရှေ့သို့ ထွက်ခဲ့လေသည်။ (ထိုအခါ ၎င်း၏ အမျိုးသားများအနက်မှ) လောကီရေး လိုလားတပ်မက်ကြသူ (မုအ်မင်န်များထဲမှ ၎င်းကို ထိုသူတို့၏ပြောဆိုချက် وَيْكَاَنَّ اللّٰهَ يَبْسُطُ မှ သိရှိရသည်) တို့က 'သြော်- ကာရူန်၌ ရရှိခဲ့သော ဥစ္စာပစ္စည်း အဆောင်အယောင်များသည် ကျွန်ုပ်တို့၌လည်း ရှိခဲ့လျှင် ကောင်းလေစွ။

မုချဧကန် ထိုကာရူးန် သည် ကြီးကျယ်စွာ နဖူးစာကောင်းသူ ဖြစ်ပေသည်'ဟု ပြောဆိုခဲ့ကြသည်။ (ဤသည် လောဘ၏ လိုလား တပ်မက်မှုဖြစ်သည်။ ဤသို့ ပြောဆိုမှုကြောင့် ၄င်းတို့သည်) ကာဖိရ်များသာ ဖြစ်မည်ဟု မဆိုအပ်ပေ။ မျက်မှောက်ခေတ်တွင်လည်း အချို့ လူတို့သည် မွတ်စ္စလင်မ်ပင် ဖြစ်လင့်ကစား နေ့ရောညပါ အခြားအမျိုးသားတို့၏ တိုးတက်အောင်မြင်မှု များကို ကြည့်၍ လောဘရမ္မက်များ ဖြစ်ပေါ်နေကြသည်။ ထိုအကြောင်းကိုသာ သောကထား အာရုံပြုနေကြသည်)

ထို့ပြင် (သာသနာ၏) အသိပညာ ချီးမြှင့်ခြင်းခံရသူတို့က (ထိုလောဘရမ္မက်ရှိသူတို့အား) 'အို၊ အချင်းတို့၊ အသင်တို့သည် ပျက်စီးခြင်းဒုက္ခနှင့် ရင်ဆိုင်ကြရပေလိမ့်မည်။ (အသင်တို့သည် ဤလောကီ စည်းစိမ်ကို အဘယ်ကြောင့် တပ်မက်နေရသနည်း။) အလ္လာဟ်အသျှင်မြတ်ထံတော်မှ ချီးမြှင့်ပေးသနား တော်မူမည့် အကျိုး'စဝါးဗ်'သည် (ဤလောကီရေး စည်းစိမ်ချမ်းသာများထက် အဆပေါင်းများစွာ) ကောင်း မြတ်ပါသည်။ ထိုအကျိုးကုသိုလ်သည် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော ကျင့်စဉ်များကို ပြုကျင့်သူများသာ ရရှိပေမည်။ ထို့ပြင် (တစ်ဖန် အီမာန်သက်ဝင်လျက် ကောင်းမြတ်သော ကျင့်စဉ်များ ပြုကျင့်သူများတွင်လည်း) ထိုကုသိုလ်စဝါးဗ်သည် (ပြည့်ဝသော စဝါးဗ်အဖြစ် ရရှိမည့်သူများမှာ လောကီ ရေး လောဘရမ္မက်များမှ) သည်းခံမျိုသိပ်သူတို့သာလျှင် ရရှိပေမည်ဟု ပြောဆိုခဲ့ကြသည်။ (သို့ဖြစ်ပေရာ အသင်တို့သည် အီမာန်ပြည့်ဝမှုနှင့် ကောင်းမှုကိုယ်ကျင့်တရားများ ကျင့်ကြံအားထုတ်ကြကုန်။ တရား တော်၏ ဘောင်အတွင်းမှ လောကီရေးကို ရှာဖွေလျက် အပိုအလျှံဟူသော လောကီစည်းစိမ်၏ လောဘရမ္မက် များမှ မျိုသိပ်ကြလေကုန်။) ထို့နောက် ငါအသျှင်မြတ်သည် ထိုကာရူးန်အားလည်းကောင်း၊ ၄င်း၏ စံအိမ် အားလည်းကောင်း (၄င်း၏ ဆိုးသွမ်းမှု မြင့်တက်လာသည့်အတွက်) မြေမြိုစေတော်မူလိုက်သည်။

သို့ဖြစ်ပေရာ ၄င်းအား အလ္လာဟ်အသျှင်မြတ် (၏ 'အဇားဗ်) မှ ကယ်တင်ရန်ဖြစ်သော မည်သည့် အုပ်စု မှလည်း မရှိခဲ့ပေ။ ၄င်းထံတွင် အခြွေအရံ၊ အသင်းအပင်း၊ အုပ်စုများစွာ ရှိသည်မှာ အမှန်ပင် ဖြစ်ပါသော်လည်း ထို့ပြင် ၄င်းကိုယ်တိုင်သည်လည်း မိမိကိုယ်ကို မိမိ ကယ်တင်နိုင်ခဲ့သည် မဟုတ်ပေ။ ထို့နောက် ယမန်နေ့က ထိုသူ (ကာရူးန်) ကဲ့သို့ ဖြစ်လိုသည့်ဆန္ဒ ရှိခဲ့သူများသည် (ယနေ့ ကာရူးန်၏ မြေမြိုပျက်စီးရခြင်းကို တွေ့မြင်ကြပြီး) ပြောဆိုကြသည်မှာ 'ဩော်- အံ့သြဖွယ်ရာ ပျက်စီးရခြင်းပါ တကား' (ရိဇီစားနပ်ရိက္ခာ ကျယ်ဝန်းမှုနှင့် ကျဉ်းမြောင်းမှုတို့သည် နဖူးစာကောင်းခြင်းနှင့် ဆိုးခြင်းတို့ အပေါ် မူမတည်ဘဲ ဖန်ဆင်းမှု၏ အမြော်အမြင်အပေါ်၌သာ မူတည်ပြီး အလ္လာဟ်အသျှင်မြတ်၏ စိုးပိုင်မှု၌သာ ရှိပေသည်။) အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိသူအား ရိဇီစားနပ်ရိက္ခာ ကျယ်ပြန့်စွာ ချီးမြှင့်ပေးသနား တော်မူ၍ မိမိအလိုရှိသူအား ကျပ်တည်းကျဉ်းမြောင်းစေတော်မူသည်။ (လောကီရေးစည်းစိမ်နှင့် ချမ်းသာ ကြွယ်ဝခြင်းကို နဖူးစာကောင်းခြင်းဟု ထင်မှတ်ခဲ့သည်မှာ ကျွန်ုပ်တို့၏ အမှားဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအမှားမှ 'သောင်ဗာဟ်'ပြုပါသည်။ အမှန်စင်စစ်) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ် သနားညှာတာမှု မရှိခဲ့ပါလျှင် ကျွန်ုပ်တို့အားလည်း မြေမြိုစေတော်မူမည်သာ ဖြစ်သည်။ (အဘယ်ကြောင့် ဆိုသော် လောဘရမ္မက်နှင့် လောကီရေးချစ်ခင်မှုဟူသော အပြစ်ကို ကျွန်ုပ်တို့ ကျူးလွန်မိခဲ့၍ ဖြစ်သည်)

'သြော်- အကျိုး နည်း ပျက်စီးရလေခြင်း၊ ကာဖိရ်တို့သည် အောင်မြင်မှု ရရှိကြမည့်သူများ မဟုတ်ကြပေ။ (ကာလအနည်းငယ် စည်းစိမ်ချမ်းသာမှုကို စံစားခဲ့ရပါသော်လည်း) သို့ရာတွင် ၎င်းတို့၏ နိဂုံးမှာ ပျက်စီးဆုံးရှုံးခြင်းသာ ဖြစ်သည်။ အောင်မြင်မှုသည် အီမာန်သက်ဝင်ယုံကြည်သူများအတွက်သာ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကဆွဆ်၏ အစပိုင်းမှ ဤနေရာအထိမှာ ဟဇရတ်မူစာ ﷺ သည် ဖိရ်အောင်န်နှင့် ၎င်း၏ နောက်လိုက်တို့နှင့် ရင်ဆိုင်ခဲ့ရသည့် အကြောင်းများ ဖြစ်သည်။ ဤနေရာမှစ၍ ၎င်း၏ သားချင်းတော်စပ်သူ ကာရူန်နှင့် ရင်ဆိုင်ရသည့်အကြောင်းများကို တင်ပြထားသည်။ ၎င်းနောက် ဤအာယသ်တော်များသည် ရှေ့မှ အာယသ်တော်များနှင့် ဆက်စပ်မှုမှာ ရှေးလွန်ခဲ့ပြီးသော အာယသ်တော်တွင် 'အသင့်အား ချီးမြှင့်ပေးသနားတော်မူထားသည့် လောက၏ စည်းစိမ်ချမ်းသာတို့သည် ရက်အနည်းငယ်မျှ အကျိုးခံစားရန် ဖြစ်သည်။ ၎င်းအား ခင်တွယ်စုံမက်နေခြင်းမှာ အသိဉာဏ်ရှိသူတို့၏ လုပ်ရပ်မဟုတ်ပေ' ဟု လာရှိထားသည်။ ၎င်းကို

وَمَا اُوْتِيْتُمْ مِّنْ شَيْءٍ فَمَتَاعُ الْحَيٰوةِ الدُّنْيَا

ဟူသော အာယသ်တော်၌ တင်ပြခဲ့သည်။ ကာရူန်၏ ဖြစ်ရပ်တွင် ဖော်ပြထားသည်မှာ ၎င်းသည် စည်းစိမ်ချမ်းသာ၊ ဥစ္စာပစ္စည်းများ ရရှိပြီးနောက် ထိုအဆုံးအမကို မေ့လျော့သွားသည်။ ထိုစည်းစိမ်များ၌ ယစ်မူးလျက် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးကန်းခဲ့သည်။ ပစ္စည်းဥစ္စာများအပေါ် ပေးကမ်းရန် တာဝန်ဖြစ်သည့် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဖွရ်ဇ်'အဖြစ် သတ်မှတ်ချက်ကို ထမ်းဆောင်ရန်လည်း ငြင်းဆိုခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်း၏ နိဂုံးမှာ ၎င်းသည် မိမိ၏ ဥစ္စာ၊ ဘဏ္ဍာများနှင့်အတူ မြေမြှုပ်ခံခဲ့ရသည်။

قارون ကာရူန်သည် အာရဗီမဟုတ်သော အိဗ်ရာနီစကားဖြစ်သည်။ ၎င်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများအရ '၎င်းသည် မူစာ ﷺ ၏ သားချင်းတော်စပ်၍ ဗနီအိစ္စရာအီးလ်အမျိုးသားများအနက်မှ ဖြစ်ကြောင်း သိရှိရသည်။ ဟဇရတ်မူစာ ﷺ နှင့် မည်သို့မည်ပုံ တော်စပ်သနည်း' ဟု ဆိုရာတွင် အဆိုကွဲလွဲမှုများရှိနေ၏။ ဟဇရတ်အိဗ်နေအဗ္ဗာ:စ် ﷺ ၏ အဆိုတစ်ရပ်တွင် ၎င်းအား မူစာ ﷺ ၏ ဦးရီးတော်၏ သားဖြစ်သည်ဟု သတ်မှတ်ထားသည်။ ထို့အပြင် အခြားအဆိုများလည်း ရှိပေသေးသည်။

[ကုရ်သုဗီကျမ်း၊ ရူဟုလ်မအာနီကျမ်း။]

ရူးဟုလ်မအာနီကျမ်းတွင် မိုဟမ္မဒ်ဗင်န်အစ္စဟားက်၏ ဆင့်ပြန်ချက်မှ ဆင့်ပြန်ထားသည်မှာ ကာရူန်သည် 'သောင်ရားသ်'ကျမ်းကို အာဂုံဆောင်ထားသူ ဖြစ်သည်။ အခြားသော ဗနီအိစ္စရာအီးလ်များထက် ပို၍ 'သောင်ရားသ်'ကျမ်းကို ရရှိသူဖြစ်သည်။ သို့ရာတွင် စာမိရီကဲ့သို့ပင် မုနာဖိစ်က်ဖြစ်ခဲ့သည်။ ၎င်း မုနာဖစ်က်ဖြစ်ရသည့်အကြောင်းမှာ လောကီရေး ရာထူးရာခံနှင့် ဂုဏ်သိက္ခာတို့ကို အလွန်မက်မောခြင်းပင် ဖြစ်သည်။ ဗနီအိစ္စရာအီးလ် မျိုးနွယ်အားလုံးအပေါ်တွင် မူစာ ﷺ သည် ခေါင်းဆောင်ဖြစ်သည်။ ၎င်း၏

အစ်ကို ဟာရူန် عليه السلام သည် ၎င်း၏ ဝန်ကြီးနှင့် တွဲဖက်နဗီဖြစ်သည်။ ထိုအခါ ကာရူန်သည် 'ကျွန်ုပ်သည်လည်း ၎င်း၏ နီးစပ်သော ဆွေမျိုးရင်းခြာ ညီအစ်ကိုဖြစ်သည်။ ဤခေါင်းဆောင်မှုကို ကျွန်ုပ် အဘယ်ကြောင့် မရရှိပါသနည်း' ဟူ၍ မနာလိုမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဤသို့ဖြင့် ၎င်းသည် မူစာ عليه السلام အား ဤအကြောင်းကို တင်ပြတော့သည်။ မူစာ عليه السلام က 'ဤကိစ္စများသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဖြစ်ပါသည်။ ကျွန်ုပ်သည် မည်သို့မျှ မသက်ဆိုင်ပါ' ဟု ပြောဆိုလေသည်။ သို့သော်လည်း ၎င်းအဖို့ ဤကိစ္စကို အခဲမကျေ ဖြစ်နေခဲ့သည်။ ထို့နောက်တွင် မူစာ عليه السلام အား မနာလိုစိတ်များ ထားလေတော့သည်။

فَبَغٰى عَلَيۡهِمۡ

بَغٰى ဟူသော စာလုံးသည် အဓိပ္ပာယ်အချို့အတွက် လာရှိသော စာလုံးဖြစ်သည်။ ကျော်ကြားသော အဓိပ္ပာယ်မှာ မတရားမှုဟု ဖြစ်သည်။ ဤနေရာတွင် ၎င်း၏ အဓိပ္ပာယ်မှာ 'အဘယ်ကြောင့်ဆိုသော် ၎င်းသည် မိမိ၏ ဥစ္စာပစ္စည်းများအပေါ် ယစ်မူးပြီး အခြားသူများအပေါ် မတရားပြုလေတော့သည်' ဟု ဖြစ်သည်။ ယဟ်ယာဗင်နစ်လာမ်နှင့် စအီးဒ်ဗင်နမုစိုင်ယဗ်တို့က မိန့်ဆိုသည်မှာ 'ကာရူန်သည် ချမ်းသာကြွယ်ဝသည့် ခေရှင်တစ်ဦးဖြစ်သည်။ ဗနီအီစ္စရာအီးလ်တို့ကို ကွပ်ကဲရန် ဖိရ်အောင်န်၏ဘက်မှ တာဝန်ပေးခံရသူဖြစ်သည်။ ထိုတာဝန်ပေးခံရခြင်းအပေါ် ၎င်းသည် ဗနီအီစ္စရာအီးလ်တို့အား မတရားပြုခဲ့သူ ဖြစ်သည်။

[ကုရ်သုဗီကျမ်း]

ထို့နောက် အခြားအဓိပ္ပာယ်တစ်ခုအရ ဂုဏ်မောက်ခြင်း၊ မာနထောင်လွှားခြင်းလည်း လာရှိသည်။ မုဖတ်စိရ်အဖွဲ့ပညာရှင်များစွာတို့က ဤနေရာ၌ ထိုအဓိပ္ပာယ်ကိုပင် သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဥစ္စာပစ္စည်းများအပေါ် ယစ်မူးလျက် ဗနီအီစ္စရာအီးလ်တို့အပေါ် ဂုဏ်မောက်ခြင်း၊ မာနထောင်လွှားခြင်းများကို စတင်ပြုလုပ်လာပြီး ဗနီအီစ္စရာအီးလ်တို့အား သေးသိမ်သူများဟု သတ်မှတ်ခဲ့သည်။

وَاٰتَيۡنٰهُ مِنَ الۡكُنُوۡزِ

كُنُوۡزٌ သည် **كَنۡزٌ** ၏ အများကိန်းဖြစ်သည်။ ရတနာသိုက်ကို ခေါ်ဆိုသည်။ တရားတော်၏ ဝေါဟာရတွင် 'ဇကားသ်' မပေးရသော ရတနာသိုက်ကို ခေါ်ဆိုသည်။ ဟဒီးသ်အသွာထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ '၎င်းသည် ဟဇရသ်ယူစွဖ် عليه السلام ၏ ကြီးကျယ်သော ရတနာသိုက်ကို ရရှိခဲ့သည်ဟု ဖြစ်သည်။

[ရှုဟုလ်မအာနီကျမ်း]

لَتَنُوۡٓءُ بِالۡعُصۡبَةِ

نَاءَ ဟူသော စာလုံးသည် အလေးအပင်ကြောင့် ကိုင်းညွတ်သွားသည့် အဓိပ္ပာယ်ဖြစ်သည်။

عُصۡبَةٌ ၏ အဓိပ္ပာယ်မှာ အုပ်စုဟု ဖြစ်သည်။ ထိုဝါကျ၏ အဓိပ္ပာယ်မှာ ၎င်း၏ ဘဏ္ဍာတိုက်များသည် အလွန်များပြားသည့်အတွက် ထိုဘဏ္ဍာတိုက်တို့၏ သော့တံများ၏ အရေအတွက်မှာလည်း အလွန်ပင်များပြားစွာ ရှိခဲ့သည်မှာ အားကောင်းမောင်းသန် ခွန်အားဗလနှင့် ပြည့်စုံသော အုပ်စုက ထမ်းရာတွင်

လေးလံသောကြောင့် ကိုင်းညွတ်သွားကြရသည်ဟု ဖြစ်သည်။ သော့ခလောက်၏ သော့တံအလေးချိန်မှာ အလွန်ပေါ့ပါးသည်။ ၎င်းအား မ,ရန်ဖြစ်စေ၊ မိမိထံ၌ ထားရန်ဖြစ်စေ မည်သို့မျှ ခက်ခဲခြင်း မရှိပါ။ သို့သော်လည်း အရေအတွက်များပြားခြင်းကြောင့် ၎င်း၏ အလေးချိန်မှာ အားကောင်းမောင်းသန် အုပ်စုဖြင့် ဝိုင်းဝန်းသယ်မ,ရာတွင်ပင် အလွယ်တကူဖြင့် သယ်မနိုင်ခြင်း မရှိအောင် လေးလံသွားရခြင်းဖြစ်သည်။

[ရူးဟွလ်မအာနီ ကျမ်း]

لَاتَفْرَحْ

فَرَحٌ ၏ လုံးချင်းအဓိပ္ပာယ်မှာ 'လူသားသည် ရုတ်တရက် ကောင်းမွန်သော အရသာ တွေ့ရှိခံစားရခြင်းအပေါ် ပျော်ရွှင်ခြင်း'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတွင် فَرَحٌ ကို မကောင်းဟု သတ်မှတ်ထားသည်။ ဤအာယသ်တော်၌ပင် اِنَّ اللّٰهَ لَا يُحِبُّ الْفَرِحِيْنَ ဟု လာရှိထားသည်။ အာယသ်တော်တစ်ပါးတွင် لَاتَفْرَحُوْا بِمَا اٰتٰكُمْ ဟု လာရှိထားသည်။ အခြားအာယသ်တော်တစ်ပါးတွင် فَرِحُوْا بِالْحَيٰوةِ الدُّنْيَا ဟု လာရှိထားသည်။ အချို့အာယသ်တော်များတွင် فَرَحٌ (ပျော်ရွှင်ခြင်း) ကို ခွင့်ပြုရုံသာမကဘဲ တစ်နည်းအားဖြင့် ကြည့်လျှင် အမိန့်တစ်ရပ်အဖြစ် လာရှိထားသည်။ ဥပမာ- فَبِذٰلِكَ فَلْيَفْرَحُوْا တွင်လည်းကောင်း၊ ထို့ပြင် يَوْمَئِذٍ يَفْرَحُ الْمُؤْمِنُوْنَ ဟူသော အာယသ်တော်တွင်လည်းကောင်း၊ မိန့်ကြားထားသည်။ ထိုအာယသ်တော်အားလုံးကို ခြုံငုံ၍ ကြည့်ရာတွင် တားမြစ်ချက်ရှိ၍ မကောင်းသော فَرَحٌ မှာ မာန်မာနထောင်လွှားခြင်းနှင့် ဂုဏ်မောက်ခြင်းများအဆင့်သို့ ရောက်ရှိစေသော ပျော်ရွှင်မှုမျိုးဖြစ်သည်။ ထိုသို့ ဖြစ်ရန်မှာလည်း ထိုအရသာနှင့် ပျော်ရွှင်မှုတို့ကို မိမိ၏ ပင်ကိုယ်အစွမ်းအစ၊ ပင်ကိုယ်အခွင့်အရေးဟု မှတ်ယူပြီး အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့်ဖြစ်သည်ဟု မယူဆသော အခါမျိုးတွင် ဖြစ်သည်။ ထိုအဆင့်သို့ မရောက်ရှိသော ပျော်ရွှင်မှုမျိုးဖြစ်လျှင်မူ တားမြစ်ခြင်းမရှိသည့်အပြင် အဆင့်တစ်ခုအရ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကို သိနားလည်ခြင်းဟုပင် ဆိုရပေမည်။

وَابْتَغِ فِيْمَا اٰتٰكَ اللّٰهُ الدَّارَ الْاٰخِرَةَ وَلَاتَنْسَ نَصِيْبَكَ مِنَ الدُّنْيَا

ဆိုလိုသည်မှာ မွတ်စ္စလင်မ်တို့က ကာရူန်အား 'အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ချီးမြှင့်ပေးသနားတော်မူထားသည့် ဥစ္စာပစ္စည်းများဖြင့် အသင်သည် တမလွန်၏ ရိက္ခာများ စုဆောင်းခြင်း ပြုပါလော့။ လောက၌ အသင်၏ ဝေစုဝေပုံ ရှိသည်ကို အသင် မေ့လျော့ခြင်း မပြုလေနှင့်'ဟု ဆုံးမစကား ဆိုကြခြင်းဖြစ်သည်။ 'လောက၏ ဝေစုဝေပုံကား အဘယ်နည်း'ဟူသော ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ အများစု အဖွင့်ပညာရှင်တို့က ဖွင့်ဆိုခဲ့သည်မှာ '၎င်း၏ အလိုသဘောမှာ လောက၏ သက်တမ်းနှင့် ထိုသက်တမ်းအတွင်း တမလွန်၌ အကျိုးဖြစ်ထွန်းစေမည့် ကျင့်စဉ်ကျင့်ရပ်များ ဖြစ်သည်။ ဤကျင့်စဉ်ကျင့်ရပ်

များတွင် 'ဆွဒ်ကာဟ်' နှင့် 'ခိုင်ရားသ်' များလည်း ပါဝင်သည်။ အခြားသော ကောင်းမှုကိုယ်ကျင့်တရားများလည်း ပါဝင်သည်ဟု ဖြစ်သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် အများစုအဖွင့်ပညာရှင်တို့ထံမှ ဤအဓိပ္ပာယ်ကိုပင် ဆင့်ပြန်ခဲ့ကြသည်။ *[ကုရ်သုဗီကျမ်း]*

ဤအခြေအနေတွင် ဒုတိယစာပိုဒ်သည် ပထမစာပိုဒ်ကို ထောက်ခံထားခြင်းဖြစ်ပေမည်။ ပထမစာပိုဒ်တွင် 'အလ္လာဟ်အသျှင်မြတ်က အသင့်အား ချီးမြှင့်ပေးသနားတော်မူထားသည်။ အလိုသဘောမှာ ဥစ္စာပစ္စည်း၊ စည်းစိမ်ချမ်းသာ၊ သက်တမ်း၊ အင်အားနှင့် ကျန်းမာရေး စသော အရာများဖြင့် တမလွန်၌ အသင့်အတွက် အကျိုးဖြစ်ထွန်းစေခြင်းအတွက် အသုံးချပါ။ စင်စစ် လောက၏ ဤအစိတ်အပိုင်း ဝေစုသည်ပင် အသင့်အတွက် တမလွန်၏ ရိက္ခာများ ဖြစ်သွားရပေမည်။ ကျန်ရှိခဲ့မည့် လောကီရေး စည်းစိမ်ဥစ္စာတို့သည် အမွေစား၊ အမွေခံများအတွက် ဝေစုဝေပုံ ဖြစ်သွားပေသည်။

အချို့အဖွင့်ပညာရှင်တို့က မိန့်ဆိုသည်မှာ 'ဒုတိယစာပိုဒ်၏ အလိုသဘောမှာ အသင့်အား အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူထားသည့် အရာများဖြင့် အသင်သည် မိမိ၏ တမလွန်၏ ရိက္ခာများအဖြစ် ပြုလုပ်ပါ။ သို့သော် မိမိ၏ လောကီရေး လိုအပ်ချက်များကိုလည်း မမေ့လျော့လေနှင့်။ အားလုံးကို 'ဆွဒ်ကာဟ်'၊ 'ခိုင်ရားသ်'အဖြစ် လှူဒါန်းပြီး မိမိကိုယ်ကို ဆင်းရဲသားလည်း ဖြစ်မသွားစေရ။ ထိုမျှမက မိမိအတွက် လိုအပ်သမျှကိုလည်း မိမိထံ၌ ထားရပေမည်။ ဤဖွင့်ဆိုချက်အပေါ် လောကီရေးနဖူးစာကောင်းခြင်းဆိုသည်မှာ ထိုသူ၏ စားဝတ်နေရေး လိုအပ်ချက်များ ဖြစ်ပေမည်။

اِنَّمَا اُوْتِيْتُهٗ عَلٰى عِلْمٍ عِنْدِىْ

အချို့ပညာရှင်များက 'ဤနေရာတွင် အသိပညာဆိုသည်မှာ 'သောင်ရားသ်'၏ အသိပညာကို ဆိုလိုသည်ဟု မိန့်ဆိုကြသည်။ အချို့ဆင့်ပြန်ချက်များတွင် လာရှိသကဲ့သို့ 'ကာရူးန်သည် 'သောင်ရားသ်' ကျမ်း အာဂုံဆောင်သူနှင့် ယင်းကျမ်း၏ အသိပညာရှိသူ အာလင်မ်ဖြစ်သည်။ ထို့ပြင် ဟဇရသ်မူစာ عليه السلام က အထူးရွေးချယ်ခဲ့သည့် ပုဂ္ဂိုလ် (၇၀) ဦးတွင် ပါဝင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ၎င်းသည် မိမိ၏ ထိုအသိပညာအပေါ် ဂုဏ်မောက်ခဲ့သည်။ ထိုအသိပညာကို မိမိ၏ ပင်ကိုယ်အရည်အချင်းဟု ထင်မှတ်ခဲ့သည်။ ထို့ကြောင့် ၎င်းက ဂုဏ်မောက်၍ ပြောဆိုခဲ့သော 'ကျွန်ုပ်ထံ၌ ရှိသမျှသော ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်း အဖုံဖုံတို့သည် ကျွန်ုပ်၏ ပင်ကိုယ်အသိပညာ၏ အရည်အချင်းများဖြင့် ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုပစ္စည်းဥစ္စာများကို ကျွန်ုပ်သာလျှင် ပိုင်ဆိုင်သည်။ ဤပစ္စည်းဥစ္စာများ ရရှိခြင်းတွင် မည်သူ၏ ကျေးဇူးမျှ မရှိပါဟူသော စကားဖြစ်သည်။ ဤနေရာတွင် အသိပညာဟူသော အလိုသဘောမှာ စီးပွားရှာဖွေခြင်း၏ အသိပညာကို ဆိုလိုသည်။ ဥပမာ- ရောင်းဝယ်ဖောက်ကားခြင်းနှင့် လက်မှုအတတ်ပညာ စသည်တို့ ဖြစ်သည်။ ၎င်းတို့အားဖြင့် ဥစ္စာပစ္စည်းများ ရှာဖွေရရှိနိုင်သည်။ ဆိုလိုသည်မှာ 'ကျွန်ုပ် ရရှိပိုင်ဆိုင်ခဲ့သမျှ ဥစ္စာပစ္စည်းများတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်မှာ မည်သို့ သက်ဆိုင်ပါမည်နည်း။ ဤအရာများမှာ ကျွန်ုပ်၏ လိမ္မာပါးနပ်မှုနှင့် အလုပ်ကြိုးစားမှုတို့ဖြင့် ရရှိခဲ့ခြင်းသာ ဖြစ်သည်'ဟူ၏။ အမှန်စင်စစ် ဤအသိတရား

ခေါင်းပါးသူမှာ အမှန်တရားကို မသိနားမလည်ခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလိမ္မာပါးနပ်မှု၊ အလုပ်ကျွမ်းကျင်မှု၊ လက်မှုအတတ်ပညာ (သို့) ရောင်းဝယ်ဖောက်ကားခြင်း၏ ဗဟုသုတနှင့် အသိပညာများသည်လည်း အလ္လာဟ်အသျှင်မြတ်ကသာလျှင် ချီးမြှင့်ပေးသနားတော်မူထားခြင်းဖြစ်ပြီး၊ ၎င်း၏ ပင်ကိုယ်အရည်အချင်းနှင့် အစွမ်းအစမည်သို့မျှ မရှိသောကြောင့် ဖြစ်သည်။

اَوَلَمْ يَعْلَمْ اَنَّ اللّٰهَ قَدْ اَهْلَكَ مِنْ قَبْلِه

'ကျွန်ုပ်၏ ဥစ္စာပစ္စည်းများသည် ကျွန်ုပ်၏ ပင်ကိုယ်အရည်အချင်း အသိပညာနှင့် အတတ်ပညာတို့အားဖြင့် ရရှိခဲ့ခြင်းသာ ဖြစ်သည်'ဟု ကာရူန်၏ ပြောဆိုခဲ့သည့် စကားအပေါ် ဖြေကြားချက်မှာ အထက်တွင် ရေးသားခဲ့ပြီးသည့်အတိုင်း 'အကယ်၍ ထိုဥစ္စာပစ္စည်းတို့သည် ၎င်း၏ အသိပညာ၊ အတတ်ပညာတို့အားဖြင့် ရရှိခဲ့ခြင်းဖြစ်သည်'ဟု လက်ခံလိုက်ပါလျှင်လည်း အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်မှ မည်သို့ လွတ်ကင်းသွားပါမည်နည်း။ အဘယ်ကြောင့်ဆိုသော် ဤအသိပညာ၊ အတတ်ပညာနှင့် ရှာဖွေနိုင်မှု အင်အားများသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ခြင်းများသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် ၎င်း၏ ဖြေကြားချက်၏ အလိုသဘောကို မနှစ်သက်သည့်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်က 'အသင်၏ ဤဥစ္စာပစ္စည်းများသည် အသင်က မိမိ၏ ပင်ကိုယ်အစွမ်းအစဖြင့် ရရှိခဲ့သည်ဟု ဆိုစေဦးတော့ ဆိုနိုင်ပါသည်။ သို့ရာတွင် ဤပစ္စည်းဥစ္စာများကိုယ်တိုင်ပင် မည်သည့်အခြေအမြစ်မျှ ရှိသည်မဟုတ်ပါ။ ပစ္စည်းဥစ္စာများ ရှာဖွေစုဆောင်းခြင်းသည် လူသားအဖို့ မည်သည့်အရည်အသွေး၊ မည်သည့်ထူးမြတ်ခြင်းမျှ ဖြစ်မလာပါ။ ထိုပစ္စည်းဥစ္စာများသည် အခြေအနေတိုင်း၌ ထိုလူသားအတွက် အသုံးမဝင်နိုင်ပါဟု ပြဆိုထားသည်။ ထိုအကြောင်းကို အထောက်အထားအဖြစ် ရှေးအမ္မသ်များမှ အလွန်ကြွယ်ဝချမ်းသာသူများ၏ အဖြစ်အပျက်များကို ပမာခိုင်းနှိုင်းပြဆိုထားသည်မှာ ထိုကြွယ်ဝချမ်းသာသူတို့သည် အမိန့်ဖီဆန်၍ ဆိုးသွမ်းမှုများ ပြုကြလေသောအခါ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်သည် ၎င်းတို့အား ရုတ်တရက် 'အဇားဗ်'အပြစ်ဒဏ်၌ ဖမ်းဆီးလိုက်လေသည်။ ဥစ္စာပစ္စည်းတို့သည် ၎င်းတို့အတွက် မည်သို့မျှ အကျိုးမပြုနိုင်ကြပေ။

وَقَالَ الَّذِيْنَ اُوْتُوا الْعِلْمَ وَيْلَكُمْ

ဤအာယသ်တော်တွင် اَلَّذِيْنَ اُوْتُوا الْعِلْمَ ဟူသော အိုလမာ (အသိပညာရှင်များ) ကို اَلَّذِيْنَ يُرِيْدُوْنَ الْحَيٰوةَ الدُّنْيَا ၏ ဆန့်ကျင်ဘက်အဖြစ် နှိုင်းယှဉ်တင်ပြထားသည်။ ဤနှိုင်းယှဉ်မှုတွင် 'လောကီရေး စည်းစိမ်ယစ်မူးခြင်း၏ ဆန္ဒနှင့် လောကီရေးစည်းစိမ်ကိုသာ ရည်ရွယ်ချက်ပန်းတိုင်အဖြစ် ပြုထားခြင်းမှာ အသိပညာရှိသူတို့၏ လုပ်ရပ်မဟုတ်။ အသိပညာရှိသူတို့၏ ရှုမြင်မှုသည် အမြဲတစေ တမလွန်၏ တည်မြဲသော အကျိုးအမြတ်များအပေါ်၌သာ ဖြစ်သည်။ လောကီရေး စည်းစိမ်ကို လိုအပ်သမျှသာ ရှာဖွေရယူကြသည်။ ထိုမျှခန့် အပေါ်၌သာ ရောင့်ရဲတင်းတိမ်လေ့ရှိကြသည်' ဟူသော အကြောင်းဘက်သို့ အထင်အရှား ညွှန်းဆိုထားခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

تِلْكَ الدَّارُ الْاٰخِرَةُ نَجْعَلُهَا لِلَّذِيْنَ لَا يُرِيْدُوْنَ عُلُوًّا فِى الْاَرْضِ وَلَا فَسَادًا ۗ وَالْعَاقِبَةُ لِلْمُتَّقِيْنَ ﴿٨٣﴾

၂၈ : ၈၃ ။ ။ ဤသည် တမလွန်၏ ဘုံဗိမာန်ပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် ၄င်း (ဘုံဗိမာန်) ကို အကြင်သူတို့အဖို့ သတ်မှတ်ပေးသနားတော်မူ၏။ ထိုသူတို့သည် တိုင်းပြည်တွင် မောက်မာပလွှားမှုကိုလည်း အလိုရှိကြသည် မဟုတ်ပေ။ စင်စစ် (ကောင်းမြတ်သော) အကျိုးဆက်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတို့အဖို့သာ ဖြစ်ပေသည်။

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ خَيْرٌ مِّنْهَا ۚ وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزَى الَّذِيْنَ عَمِلُوا السَّيِّاٰتِ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿٨٤﴾

၂၈ : ၈၄ ။ ။ မည်သူမဆို ကောင်းမှုကို ဆောင်ကြဉ်းခဲ့ပါမူ၊ ထိုသူ၏အဖို့ ယင်းကောင်းမှုထက် ပိုမိုကောင်းမြတ်သော (အကျိုးသည်) ရှိပေသည်။ သို့ရာတွင် မည်သူမဆို မကောင်းမှုများကို ကျင့်မူခဲ့ကြကုန်သော သူတို့သည် မိမိတို့ ကျင့်မူခဲ့ကြကုန်သော ပြစ်မှုနှင့် အမျှသာလျှင် အစား (အပြစ်) ပေးခြင်းကို ခံကြရပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤတမလွန်ဘဝသည် (အကျိုးစဝါးဇ်များကိုသာ အဓိကရည်ရွယ်ချက် ဖြစ်ရမည်ဆိုသည်ကို အထက်၌ ثَوَابُ اللّٰهِ خَيْرٌ တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။) ကမ္ဘာမြေပေါ်တွင် အကြီးအကဲ ဖြစ်လိုခြင်းမရှိသူများနှင့် ဖျက်ဆီးမှုကို မလိုလားကြသော သူများအတွက် ငါအသျှင်မြတ်က အထူးသတ်မှတ်ပေးသနားတော်မူခဲ့သည်။ (ဆိုလိုသည်မှာ အတွင်းပိုင်း အပြစ် 'ဂိုနာဟ်'များဖြစ်သော မာနထောင်လွှားမှုကိုလည်း မပြုကြ။ ကမ္ဘာမြေပေါ်တွင် ဖျက်ဆီးခြင်း ပြဿနာများ ပေါ်ပေါက်စေသော အပြင်ပိုင်း အပြစ် 'ဂိုနာဟ်'များကိုလည်း မကျူးလွန်ကြပေ။ ထို့ပြင် ထိုအတွင်းပိုင်းနှင့် အပြင်ပိုင်းမကောင်းမှုများမှ ရှောင်ကြဉ်ရုံမျှဖြင့် မလုံလောက်သေးပေ။ ထိုမျှမက) ကောင်းမြတ်သော အကျိုးဆက်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတို့အတွက်သာ ဖြစ်သည်။ (၄င်းတို့သည် မကောင်းမှုများမှ ရှောင်ကြဉ်ကြခြင်းနှင့်အတူ ကောင်းမှုများကိုလည်း အစဉ်တစိုက် ပြုလုပ်ကြသူများ ဖြစ်သည်။ ထို့နောက် ကျင့်စဉ်ကျင့်ရပ်တို့၏ အခြေအနေအပေါ် ကောင်းသော အစားပေးခြင်းနှင့် မကောင်းသော အစားပေးခြင်း (အပြစ်ဒဏ်) များ ပေးမည်မှာ) မည်သူမဆို ('ကေယာမသ်' နေ့တွင်) ကောင်းမှုကို ဆောင်ကြဉ်းခဲ့သည်ရှိသော် ၄င်းသူအဖို့ ၄င်း (၏ မျှော်လင့်ချက်ရထိုက်သည်) ထက် ပို၍ ကောင်းမြတ်သော (အကျိုးများ) ရရှိပေမည်။ (အဘယ်ကြောင့်ဆိုသော် ကောင်းမြတ်သော ကျင့်စဉ်များအပေါ် ရထိုက်သည့် အစားမှာ ၄င်းကျင့်စဉ်များ၏ အဆင့်နှင့်အညီသာ ဖြစ်သော်လည်း 'ကေယာမသ်'နေ့တွင် ထို့ထက်ပို၍ ချီးမြှင့်ပေးသနားခြင်း ခံရပေမည်။ ၄င်း၏ အနိမ့်ဆုံးအဆင့်မှာ

(၁၀) ဆ တိုးမြှင့်ပေးခြင်း ခံရမည်ဖြစ်သည်။) ထို့နောက် မည်သူမဆို မကောင်းမှုများ ဆောင်ကြဉ်းလာသည် ဆိုလျှင် ထိုသို့သော သူများအဖို့ ၄င်းတို့ ပြုကျင့်ခဲ့သမျှသော မကောင်းမှုများနှင့်အညီ အစားပေးခြင်းခံကြ ရပေမည်။ (ဆိုလိုသည်မှာ ၄င်းပြုကျင့်ခဲ့သည့် မကောင်းမှုထက် ပို၍ အပြစ်ဒဏ် အစားပေးခြင်း ခံရမည် မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

لِلَّذِيْنَ لَا يُرِ يْدُوْنَ عُلُوًّا فِى الْأَرْضِ وَلَا فَسَادًا

ဤအာယသ်တော်တွင် တမလွန်ဘဝ၏ အောင်မြင်မှုကို ကမ္ဘာမြေပေါ်တွင် မာန်မာနထောင်လွှားမှု နှင့် ဖျက်ဆီးမှုကို ပြုလုပ်ရန် မရည်ရွယ်သူများအတွက် အထူးသတ်မှတ်ပေးထားတော်မူသည်ဟု တင်ပြ ထားသည်။ عُلُوّ 'အုလူးဝ်'၏ အဓိပ္ပာယ်မှာ မာန်မာနထောင်လွှားမှုဟု ဖြစ်သည်။ ဆိုလိုသည်မှာ မိမိကိုယ် မိမိ အခြားသူများထက် ကြီးမြတ်သူ၊ အကြီးအကဲအဖြစ် ခံယူခြင်းနှင့် အခြားသူများကို သေးသိမ်စေရန် သောကထားသူများပင် ဖြစ်သည်။ فَسَاد ၏ အလိုသဘောမှာ လူတို့အား မတရားပြုခြင်းဖြစ်သည်။

[စုဖ်ယားန်စောင်ရီ]

အချို့အဖွင့်ပညာရှင်များက မိန့်ဆိုသည်မှာ ပြစ်မှုဒုစရိုင်တိုင်းသည် فَسَادٌ فِى الْأَرْضِ ကမ္ဘာမြေပေါ် တွင် ပျက်စီးခြင်းများကို ဖြစ်ပေါ်စေသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုဒုစရိုက်ကျူးလွန်ခြင်း၏ အပြစ် ဒဏ်ကြောင့် ကမ္ဘာမြေပေါ်တွင် 'ဗရ်ကသ်'မင်္ဂလာများ ယုတ်လျော့သွားရလေသည်။ ဤအာယသ်တော် အားဖြင့် သိရှိရသည်မှာ မာနထောင်လွှားခြင်းနှင့် မတရားပြုသူများ၊ သို့မဟုတ် မည်သည့်အပြစ်ဒုစရိုက် ဖြစ်စေ ကျူးလွန်ရန် ရည်ရွယ်သူများအဖို့ တမလွန်တွင် ဝေစုဝေပုံ မရှိပေ။

မှတ်သားရန်

မာနထောင်လွှားခြင်းကို 'ဟရာမ်'နှင့် အပြစ်ဟူ၍ ဤအာယသ်တော်၌ တင်ပြထားသည်မှာ လူတို့ အပေါ် ကြွားဝါဂုဏ်မောက်ရန်နှင့် လူတို့အား သေးသိမ်စေလိုသော ဆန္ဒများ ပါရှိသူတို့အတွက်သာ ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိမိအတွက် ကောင်းသော ဝတ်စုံ၊ ကောင်းသော အစားအစာ၊ ကောင်းသော အိမ်များ စီမံခြင်းသည် အခြားသူများအပေါ် ကြွားဝါရန် ရည်ရွယ်ချက်မပါရှိလျှင် အပြစ်မထိုက်ပါချေ။ ၄င်းကို ဆွဟီးဟ် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ပါးတွင် ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။

အပြစ်ကျူးလွန်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ချခြင်းသည်လည်း အပြစ်ပင်ဖြစ်ခြင်း

ဤအာယသ်တော်တွင် عُلُو နှင့် فَساد ၏ ရည်ရွယ်ချက် ထားရှိမှုအပေါ် တမလွန်ဘဝအတွက် နဖူးစာမဲ့ရမည့် အကြောင်း ခြိမ်းခြောက်ခြင်း လာရှိထားသည်။ ထို့ကြောင့် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်

မည်ဟု ယတိပြတ် အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်ပါလျှင် ထိုရည်ရွယ်ချက်သည်လည်း အပြစ်ပင် ဖြစ်သွားကြောင်း သိရှိရလေသည်။ *[ရှူးဟွလ်မအာနီကျမ်း]*

သို့ရာတွင် အကယ်၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းကြောင့် ထိုရည်ရွယ်ချက်ဆန္ဒကို စွန့်လွှတ်လိုက်ပါမူ အပြစ်၏အစား ၄င်း၏ ကောင်းမှု၊ မကောင်းမှုမှတ်တမ်းတွင် 'စဝါးဗ်'ကုသိုလ်ကို ရေးမှတ်ခြင်း ခံရပေမည်။ အကယ်၍ မရည်ရွယ်သော အကြောင်းတစ်စုံတစ်ရာအားဖြင့် ထိုပြစ်မှုအပေါ် ပြုစွမ်းနိုင်ခြင်း မရှိ၍ မပြုလိုက်ရသော်လည်း ထိုပြစ်မှုကျူးလွန်ရန် မိမိဘက်မှ အပြည့်အဝ လုံ့လစိုက်ထုတ် ခဲ့ပါလျှင် ဤအခြေအနေတွင်လည်း အပြစ်ဒုစရိုက်ကို ရေးမှတ်ခြင်း ခံရပေမည်။ *[ဂဇာလီ]*

နောက်ဆုံးအာယသ်တော်တွင် وَالْعَاقِبَةُ لِلْمُتَّقِيْنَ ဟု မိန့်ကြားထားသည်မှာ တမလွန်၏ လွတ်မြောက်အောင်မြင်မှုအတွက် အရာနှစ်ခုဖြစ်သော عُلُو နှင့် فَسَاد မာန်မာနနှင့် ဖျက်ဆီးခြင်းတို့မှ ရှောင်ကြဉ်ရန် အရေးကြီးသည်။ 'သက္ကဝါ'တည်းဟူသော ကောင်းမှုကိုယ်ကျင့်တရားများကို စွဲမြဲစွာ ပြုလုပ်ကျင့်ကြံရန်လည်း အရေးကြီးပေသည်။ ထိုအရာနှစ်ခုကိုသာ ရှောင်ကြဉ်ရုံမျှဖြင့် မလုံလောက်သေးဘဲ တရားတော်အရ 'ဖွရဇ်'၊ 'ဝါဂျိဗ်' ဖြစ်သော ကျင့်စဉ်များအပေါ် ကျင့်ကြံအားထုတ်ခြင်းသည်လည်း တမလွန် ဘဝ၏ လွတ်မြောက်အောင်မြင်မှုအတွက် အရေးကြီးသော သတ်မှတ်ချက်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِي فَرَضَ عَلَيْكَ الْقُرْآنَ لَرَادُّكَ إِلَىٰ مَعَادٍ ۚ
قُل رَّبِّي أَعْلَمُ مَن جَاءَ بِالْهُدَىٰ وَمَنْ هُوَ فِي ضَلَالٍ مُّبِينٍ ﴿٨٥﴾

၂၈ : ၈၅ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အသင့်အပေါ်၌ ကုရ်အာန်ကျမ်းတော်မြတ်ကို (ချမှတ်) ပြဋ္ဌာန်း၍ ပေး တော်မူခဲ့သော အသျှင်မြတ်သည် အသင့်အား (ဟိဂျ်ရသ်ပြုခြင်းမှ) အသင်၏ ဇာတိနေရပ် (မက္ကာဟ်မြို့) သို့ အမှန်ပင် ပြန်၍ ပို့ပေးတော်မူမည်ဖြစ်သော အသျှင်မြတ် ဖြစ်တော်မူ၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ငါ့အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်သည် တရားလမ်းမှန်ကို ဆောင်ကြဉ်းခဲ့သော သူအားလည်းကောင်း၊ ထင်ရှားစွာသော လမ်းမှား၌ ရှိနေသော သူအားလည်းကောင်း ကောင်းစွာ သိရှိတော်မူ၏။

وَمَا كُنتَ تَرْجُو أَن يُلْقَىٰ إِلَيْكَ الْكِتَابُ
إِلَّا رَحْمَةً مِّن رَّبِّكَ ۖ فَلَا تَكُونَنَّ ظَهِيرًا لِّلْكَافِرِينَ ﴿٨٦﴾

၂၈ : ၈၆ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အသင်သည် မိမိထံသို့ ဤ (ကုရ်အာန်) ကျမ်းတော်မြတ် ချပေးသနား တော်မူခြင်းခံရမည်ဟု မျှော်လင့်၍ နေခဲ့သည်ပင် မဟုတ်ပေ။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်

မြတ်၏ ကရုဏာတော်ဖြင့် (ကျရောက်လာခဲ့လေပြီ။) သို့ဖြစ်ပေရာ အသင် (ဤ) ကာဖိရ်သွေဖည်ငြင်းပယ်ကြသော သူတို့အား ကူညီထောက်ခံသူ အလျဉ်းမဖြစ်ပါလေနှင့်။

وَلَا يَصُدُّنَّكَ عَنْ آيَاتِ اللَّهِ بَعْدَ إِذْ أُنزِلَتْ إِلَيْكَ
وَادْعُ إِلَىٰ رَبِّكَ وَلَا تَكُونَنَّ مِنَ الْمُشْرِكِينَ ۝

၂၈ : ၈၇ ။ ။ ထို့ပြင် အသင့်ထံသို့ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ကျရောက်လာခဲ့ပြီးနောက်၊ ၎င်းတို့သည် အသင့်အား ထိုအမိန့်တော်များ (နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း) မှ လုံးဝ တားဆီးခြင်း မပြုကြစေရ။ ထို့ပြင် အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့ (လူတို့အား) ဖိတ်ခေါ်လျက် ရှိပါလေ။ ထို့အပြင် အသင်သည် မုရှ်ရစ်က် (ဖြစ်သော) တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိူင်းယှဉ် ကိုးကွယ်ကြသည့် သူတို့တွင် လုံးဝ အပါ အဝင် မဖြစ်ပါလေနှင့်။

وَلَا تَدْعُ مَعَ اللَّهِ إِلَٰهًا آخَرَ ۘ لَا إِلَٰهَ إِلَّا هُوَ ۚ كُلُّ شَيْءٍ هَالِكٌ إِلَّا
وَجْهَهُ ۚ لَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ ۝

၂၈ : ၈၈ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားမည်သည့် ကိုးကွယ်ရာကိုမျှပင် ဟစ်ခေါ် (တသ) ခြင်း မပြုပါလေနှင့်။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ (အသျှင်) ဟူ၍ အလျဉ်းမရှိပြီ။ ထိုအသျှင်မြတ်မှတစ်ပါး အခြားအရာခပ်သိမ်းတို့သည် ပျက်စီးဆုံးပါးမည်ဖြစ်သော အရာချည်းသာ ဖြစ်ကုန်၏။ အမိန့်အာဏာ အလုံးစုံတို့သည် ထိုအသျှင်မြတ်၌သာ တည်ရှိကုန်၏။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ် ထံတော်သို့သာလျှင် ပြန်သွားကြရမည်သာ ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(၎င်းပြင် အသင်၏ ထိုရန်သူများသည် အသင့်အား သောကဒုက္ခ အမျိုးမျိုးပေး၍ မွေးရပ်ဌာနေကို စွန့်ခွာစေခဲ့ကြသည်။ အသင်သည် မွေးရပ်ဌာနေကို စွန့်ခွာခဲ့ရသည့်အတွက် ပူဆွေးသောက ဖြစ်နေခဲ့သည်။ သို့ပါသော်လည်း အသင်သည် စိတ်ကို ဖြေရန် ကြိုးစားပါ။) အသင့်အပေါ်၌ ကုရ်အာန်ကျမ်း တော်မြတ် (၏ အမိန့်တော်များအပေါ် လိုက်နာကျင့်သုံးရန်နှင့် ၎င်းတို့ကို ဖြန့်ချီပို့ချရန် တာဝန်) ကို သတ်မှတ် ပြဋ္ဌာန်း ခဲ့သည့် (ထိုကုရ်အာန်၏ အမိန့်တော်များနှင့် အသင့်အား ပေးအပ်သည့် တာဝန်တို့သည် အသင်၏ 'နဗူဝသ်' မှန်ကန်ကြောင်း အထောက်အထားများ ဖြစ်သည်။) အသျှင်မြတ်သည် အသင့်အား (အသင်၏) မွေးရပ်ဌာနေ (မက္ကာဟ်) သို့ အမှန်ပင် ပြန်လည်ပို့ပေးတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုအချိန်တွင် အသင်သည် လွတ်လပ်၍ အောင်နိုင်သူ အုပ်ချုပ်သူအဖြစ်နှင့် ရောက်ရှိပေလိမ့်မည်။ ဤသို့သော အခြေအနေ

မျိုးတွင် အသင်သည် အကယ်၍ အခြားတစ်နေရာကို နေထိုင်ရန် ရွေးချယ်ပါလျှင်လည်း အသင့်အဖို့ မိမိသဘောနှင့် ဆုံးဖြတ်ရွေးချယ်ခဲ့သည်ဖြစ်ရာ မည်သည့် ဝမ်းနည်း စိတ်ထိခိုက်စရာမှ ရှိမည်မဟုတ်ပေ။ အသင်၏ 'နဗူဝသ်'သည် မှန်ကန်တိကျမှုရှိပါလျက် အသင့်အား လမ်းမှားသူအဖြစ် သတ်မှတ်၍ မိမိတို့ ကိုယ်ကို မိမိတို့လမ်းမှန်ပေါ်၌ ရှိကြသည်ဟု ယူဆသူများ ရှိကြလေရာ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် တရားလမ်းမှန်ကို (အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ) ဆောင်ကြဉ်းလာသူအားလည်းကောင်း၊ ထင်ရှားသော လမ်းမှား၌ (နစ်မွန်း လျက်) ရှိနေသူအားလည်းကောင်း ကောင်းစွာ သိရှိတော်မူပါသည်ဟု ပြောကြားပါလေ။ (ဆိုလိုသည်မှာ ကျွန်ုပ်၏ လမ်းမှန်ပေါ်၌ ရှိနေခြင်းနှင့် အသင်တို့၏ လမ်းမှားပေါ်၌ ရှိနေခြင်းများကို ပြသရန် တိကျခိုင်မာ သော အထောက်အထားများ ရှိပါသည်။ သို့ရာတွင် ထိုအထောက်အထားများအပေါ် အသုံးချခြင်း၊ ကျင့်သုံး ခြင်း မပြုပါလျှင် 'အလ္လာဟ် အသျှင်မြတ်သာ အသိဆုံးဖြစ်တော်မူပါသည်။ ထိုအသျှင်မြတ်ကပင် ပြသ တော်မူပါလိမ့်မည်' ဟူသည်မှာ နောက်ဆုံးအဖြေသာ ဖြစ်ပါသည်။)

ထို့ပြင် (အို, နဗီတမန်တော်၊ အသင်၏ ဤ 'နဗူဝသ်'သည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှု သက်သက်ဖြစ်သည်။ အကြောင်းမှာ) အသင်သည် (နဗီအဖြစ် ချီးမြှောက်ခြင်း မခံရမီအလျင်က) အသင့် အပေါ်၌ ဤ (ကုရ်အာန်) ကျမ်းတော်မြတ် ချပေးသနားတော်မူခြင်း ခံရလိမ့်မည်ဟု မျှော်လင့်နေခဲ့သည် မရှိပေ။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော်ဖြင့် ထိုကျမ်း တော်မြတ် ကျရောက်လာခဲ့သည်။ သို့ဖြစ်ပေရာ အသင်သည် (ထိုသူတို့၏ အချည်းနှီးဖြစ်သော လုပ်ရပ် နှင့် စကားများအပေါ် ဂရုမမူလေနှင့်။ ယခုထက်တိုင် ၎င်းတို့နှင့် သီးခြားနေထိုင်သကဲ့သို့ နောင်အခါ တွင်လည်း ဤအတိုင်းပင် နေထိုင်ပါလေ။) ထိုကာဖိရ်တို့အား ကူညီထောက်ခံသူ အလျဉ်းမဖြစ်လေနှင့်။

ထို့ပြင် အသင့်ထံသို့ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ကျရောက်လာပြီးနောက် ၎င်းတို့ သည် အသင့်အား ထိုအမိန့်တော်များ (အား လိုက်နာဆောင်ရွက်ခြင်း) မှ ယခု မတားဆီးနိုင်သကဲ့သို့ နောင်တွင်လည်း တားဆီးမှု မပြုနိုင်ကြစေရ။ ထို့ပြင် အသင်သည် (ပုံမှန်ပင်) မိမိအား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင် (၏ သာသနာတော်) ဘက်သို့ (လူတို့အား) ဖိတ်ခေါ်လျက် ရှိပါလေ။ ထို့နောက် (ယခုတိုင် မုရှ်ရစ်က်များနှင့် မည်သည့်ပတ်သက်ဆက်နွယ်မှုမျှ မရှိသကဲ့သို့ နောင်အခါတွင်လည်း အမြဲ ထာဝစဉ်) ထိုမုရှ်ရစ်က်တို့၌ ပါဝင်ပတ်သက်ခြင်း မပြုလေနှင့်။ (ယခုတိုင် ရှရစ်က် တုဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်းမှ သန့်ရှင်းသည့်အတိုင်း နောင်တွင်လည်း သန့်ရှင်းစွာ နေပါလေ။)

သို့ရှိရာ အသင်သည် အလ္လာဟ်အသျှင်မြတ်မှအပ မည်သည့်ကိုးကွယ်ရာကိုမျှ ဟစ်ခေါ် (တသ) ခြင်း မပြုလေနှင့်။ (ဤအာယသ်တော်များတွင် ကာဖိရ်၊ မုရှ်ရစ်က်တို့အား ၎င်းတို့၏ တောင်းဆိုချက်များမှ မျှော်လင့်ချက်ကင်းဝေးစေရန် မိန့်ကြားထားသည်။ ပြောဆိုမိန့်ကြားချက်တို့သည် ၎င်းတို့ကိုသာ ရည်ညွှန်း

ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ကိုယ်တော်မြတ် ﷺ အား သာသနာတော်တွင် ထပ်တူထပ်မျှ ဖြစ်စေရန် တောင်းဆိုခဲ့သည်ဖြစ်ရာ ဤတောင်းဆိုချက်အတိုင်း အောင်မြင်လိမ့်မည်ဟု မည်သည့်အခါမျှ မမျှော်လင့်နှင့်။ ဤသည်မှာ ဒေါသအမျက်ထွက်ခံရသူအား စကားမပြောဘဲ မိမိချစ်ခင်သူကိုသာ စကားပြောဆိုပြီး ၄င်းကို ကြားစေခြင်းမှာလည်း ဓလေ့တစ်ခုပင် ဖြစ်သည်။ 'မုအာလင်မ်' ကျမ်းတွင် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ ဤမိန့်ကြားချက်သည် အပေါ်ယံအားဖြင့် ကိုယ်တော်မြတ် ﷺ အား မိန့်ကြားခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ကိုယ်တော်မြတ် ﷺ အား မဟုတ်ပေ။ ဤနေရာအထိ 'ရိစာလသ်' နှင့်စပ်လျဉ်း၍ အကြောင်းအရာများကို အဓိကထား တင်ပြထားသည်။ ထိုနေရာတွင် 'သောင်ဟီးဒ်' အကြောင်းလည်း ပါဝင်လာသည်။ ရှေ့တွင် 'သောင်ဟီးဒ်' အကြောင်းကို အဓိကထား တင်ပြထားသည်မှာ) ထိုအသျှင်မြတ်မှအပ အခြားသော ကိုးကွယ်ရာ (ဖြစ်ထိုက်သူ) မရှိ။ (ထို့ကြောင့်) ထိုအသျှင်မြတ်မှတစ်ပါး အခြားအရာခပ်သိမ်းတို့သည် ပျက်စီးဆုံးပါးမည့်အရာများသာ ဖြစ်သည်။ (သို့ဖြစ်ပေရာ ထိုအသျှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ မရွေးချယ်လေနှင့်။ ဤအကြောင်းအရာသည် 'သောင်ဟီးဒ်' ၏ အကြောင်းအရာဖြစ်ပေသည်။ ရှေ့တွင် ပြန်လည်ရာဌာနေ အကြောင်းဖြစ်သည်) အမိန့်အာဏာဟူသည် ထိုအသျှင်မြတ်၌သာ တည်ရှိကုန်၏။ (ဤအကြောင်း ထင်ရှားပေါ်လွင်မည်မှာ 'ကေယာမသ်နေ့' တွင် ဖြစ်သည်) ထို့အပြင် အသင်တို့သည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်ပို့ဆောင်ခြင်းခံကြရပေမည်။ (သို့ဖြစ်ပေရာ လူသားအားလုံးသည် မိမိတို့ ပြုမူခဲ့ကြသည်တို့နှင့်အညီ အစားပေးခြင်း ခံရပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

إِنَّ الَّذِىْ فَرَضَ عَلَيْكَ الْقُرْاٰنَ لَرَا دُّ كَ اِلٰى مَعَادٍ

စူရာဟ်၏ နောက်ဆုံးဤအာယသ်တော်များတွင် တမန်တော်မြတ် ﷺ အား နှစ်သိမ့်ခြင်းနှင့် မိမိ၏ တာဝန် 'ရိစာလသ်' နှင့် 'နဗူဝသ်' အပေါ် အပြည့်အဝ ရပ်တည်ရန် အလေးအနက် မိန့်ကြားရန်ဖြစ်သည်။ ထိုအကြောင်းသည် စူရာဟ်၏ အရှေ့အာယသ်တော်များနှင့် ဆက်စပ်မှုရှိသည်မှာ ဤစူရာဟ်တွင် အလ္လာဟ် အသျှင်မြတ်သည် ဟာဇရသ်မူစာ عليه السلام ၏ ဖြစ်ရပ်အကျယ်တဝင့်ကို ဖိရ်အောင်န်နှင့် ၄င်း၏ နောက်လိုက်အုပ်စုတို့၏ ရန်ငြိုးဖွဲ့မှု၊ ၄င်းတို့၏ အန္တရာယ်ကို စိုးရိမ်ရမှုများအကြောင်းနှင့်အတူ မိမိ၏ ကျေးဇူးတော်ဖြင့် မူစာ عليه السلام အား ဖိရ်အောင်န်နှင့် ၄င်း၏ အုပ်စုအပေါ် အောင်နိုင်မှု အကြောင်းများကို တင်ပြမိန့်ကြားတော်မူထားသည်။ သို့ဖြစ်ပေရာ စူရာဟ်၏ နောက်ဆုံးတွင် နောက်ဆုံးနဗီတမန်တော်ချုပ် ﷺ ၏ အလားတူ အခြေအနေအဖြစ်အပျက်များကို အကျဉ်းချုံး၍ တင်ပြမိန့်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် မက္ကာဟ်၌ ရှိသော ကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား စိတ်သောကရောက်စေခဲ့ကြသည်။

ဒုက္ခအမျိုးမျိုးပေးခဲ့ကြသည်။ သတ်ဖြတ်ရန် ကြံစည်ကြသည်။ မွတ်စလင်မ်တို့၏ ဘဝကို မက္ကာဟ်မြို့တွင် စိတ်လက်မချမ်းမသာဖြစ်အောင် ပြုလုပ်ခဲ့ကြသည်။

သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြုမြဲ ဓလေ့တော်အတိုင်း ကိုယ်တော်မြတ် ﷺ ကို အားလုံးအပေါ် လွှမ်းမိုးမှုနှင့် အောင်မြင်မှုတို့ကို ချီးမြှင့်တော်မူခဲ့သည်။ ကာဖိရ်တို့က ထွက်ခွာသွားစေခဲ့သော မက္ကာဟ်ရွှေမြို့တော်သည် အပြည့်အဝပင် ကိုယ်တော်မြတ် ﷺ ၏ လက်ဝယ် ရောက်ရှိလာခဲ့သည်။

اَلَّذِىْ فَرَضَ عَلَيْكَ الْقُرْاٰنَ

အသင့်အား ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်ရန်နှင့် ဖြန့်ချီပို့ချမှုအပြင် ယင်းကျမ်းမြတ်အပေါ် လိုက်နာကျင့်ဆောင်ရန် တာဝန်အဖြစ် သတ်မှတ်တော်မူခဲ့သည်။ ၄င်းအသျှင်မြတ်သည်ပင် အသင့်အား တစ်ဖန် မက္ကာဟ်မြို့သို့ ပြန်လည် ပို့ဆောင်ပေးတော်မူပေမည်။

مَعَادْ 'မအား‌ဒ်'၏ အလိုသဘောမှာ မက္ကာဟ်ကို ဆိုလိုခြင်းဖြစ်သည်။ ဆွဟီးဟ်ဘုခါရီ စသည့် ကျမ်းများတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှ مَعَادْ 'မအား‌ဒ်'၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို ဆင့်ပြန်ခဲ့သည်။ အလိုသဘောမှာ 'အမှန်စင်စစ် ကာလအနည်းငယ်အတွက်သာ ကိုယ်တော်မြတ် ﷺ အဖို့ မိမိ၏ မွေးရပ်ဌာနေ၊ အထူးသဖြင့် 'ဟရာမ်'နှင့် 'ဗိုင်သွလ္လာဟ်' ကို စွန့်လွှတ်ခဲ့ရခြင်း ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးတော်မူသော အသျှင်၊ ထိုကျမ်းတော်မြတ်၏ အမိန့်တော်များအပေါ် လိုက်နာ ကျင့်ဆောင်ခြင်းကို 'ဖွရ်ဇ်'တာဝန် သတ်မှတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် နောက်ဆုံးတွင် ကိုယ်တော်မြတ် ﷺ အား မက္ကာဟ်သို့ ပြန်လည်ပို့ဆောင်တော်မူပေလိမ့်မည်'ဟု ဖြစ်သည်။ အဖွင့်ပညာရှင် အေမာမ်ကြီးများအနက် 'မကာသိလ်'၏ ဆင့်ပြန်ချက်လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် 'ဟိဂျရသ်'ပြုတော်မူစဉ် 'ဓောင်ရ်'လိုဏ်ဂူမှ ညအချိန်တွင် ထွက်တော်မူခဲ့သည်။ ထို့နောက် မက္ကာဟ်နှင့် မဒီနာသို့ သွားသည့် လမ်းမကြီးကို လွှတ်၍ အခြားသော လမ်းများမှ ခရီးထွက်ခဲ့သည်။ အကြောင်းမှာ ရန်သူများကို လိုက်လံရှာဖွေလျက် ရှိနေသောကြောင့် ဖြစ်သည်။ မဒီနာသို့ သွားရာလမ်းတွင် ကျော်ကြားသော စခန်းဖြစ်သည့် رابغ 'ရာဗိဂ်'အနီးရှိ جحفه 'ဂျုဟ်ဖဟ်'ဟူသော နေရာအရောက်တွင် ထိုနေရာ၌ မက္ကာဟ်မှ မဒီနာသို့ သွားသော လမ်းတစ်ခု ရှိသည်။ မက္ကာဟ်သို့ သွားရာလမ်းအပေါ် အကြည့်ရောက်သွားပြီး 'ဗိုင်သွလ္လာဟ်'နှင့် မွေးရပ်ဌာနေကို သတိရလာသည်။ ထိုအချိန်မှာပင် ဟဇရသ်ဂျီဗ်ရာအီးလ် عليه السلام သည် ဤအာယသ်တော်များကို ယူဆောင်၍ ဆင်းသက်လာခဲ့သည်။ ဤအာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ အား 'ဤခွဲခွာမှုသည် ကာလအနည်းငယ်အတွက်သာ ဖြစ်သည်။ နောက်ဆုံးတွင် အသင့်အား မက္ကာဟ်သို့ ပြန်လည်ပို့ဆောင်ပေးတော်မူလိမ့်မည်'ဟူ၍ သတင်းကောင်းများ ပါရှိသည်။ ဤသည် မက္ကာဟ်

ကို အောင်နိုင်မည့်အကြောင်း သတင်းကောင်း ဖြစ်ပေသည်။ ထို့ကြောင့် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိရာတွင် 'ဤအာယသ်တော်သည် جحفه 'ဂျုဟ်ဖဟ်' တွင် ကျရောက်ခဲ့သည်။ ဤအာယသ်တော်သည် မက္ကီလည်း မဟုတ်။ မဒနီလည်း မဟုတ်ပေဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ကုရ်အာန်ကျမ်းတော်မြတ်သည် ရန်သူများအပေါ် အောင်နိုင်ခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝအောင်မြင်နိုင်ခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝအောင်မြင်ရန် အကြောင်းခံတစ်ခုဖြစ်ခြင်း

ဤအာယသ်တော်၌ ကိုယ်တော်မြတ် ﷺ အား မက္ကာဟ်သို့ အောင်မြင်စွာ ပြန်လည်ပို့ဆောင်တော်မူမည့်အကြောင်း သတင်းကောင်းပေးထားတော်မူသည်။ ထိုသို့ သတင်းကောင်းပေးရာတွင် 'အသင့်အပေါ်၌ ကုရ်အာန်ကို 'ဖွရ်ဒ်' အဖြစ် သမုတ်တော်မူသော အသျှင်မြတ်သည် အသင့်အား ရန်သူများအပေါ် လွှမ်းမိုးအောင်နိုင်ပြီး မက္ကာဟ်သို့ ပြန်လည်ပို့ဆောင်ပေးတော်မူမည့် အသျှင် ဖြစ်တော်မူသည်' ဟူသော ခေါင်းစဉ်ဖြင့် သတင်းကောင်း ပေးတော်မူခဲ့သည်။ ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်အား ဖတ်ရွတ်ခြင်းနှင့် ယင်းကျမ်းတော်မြတ်၏ အမိန့်များကို လိုက်နာကျင့်ဆောင်ခြင်းသာလျှင် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုနှင့် ကြီးမားသော အောင်မြင်မှု၏ အကြောင်းခံ ဖြစ်ပေမည်' ဟူ၍ ညွှန်းဆိုထားခြင်းလည်း ပါရှိပေသည်။

كُلُّ شَيْءٍ هَالِكٌ اِلَّا وَجْهَهٗ

ဤအာယသ်တော်၌ وَجْهَهٗ ၏ အလိုသဘောမှာ မြင့်မြတ်မှန်ကန် သန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အသျှင်မြတ်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်မှအပ ခပ်သိမ်းကုန်သော အရာတို့သည် ပျက်စီးပျောက်ကွယ်သွားရမည်သာ ဖြစ်သည်' ဟူ၏ အချို့အဖွင့်ပညာရှင်များက وَجْهَهٗ ၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်အတွက်သာ ပြုလုပ်ကျင့်ကြံအားထုတ်သော 'အမလ်' ဖြစ်သည်' ဟု ဆိုကြသည်။ ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်အတွက် မှန်ကန်သော စိတ်ထားဖြင့် ပြုလုပ်ကျင့်ကြံခဲ့သော 'အမလ်' တို့သည်သာ တည်မြဲကျန်ရှိပေမည်။ ကျန်အရာအားလုံးသည် ပျက်စီးပျောက်ကွယ်သွားမည့် အရာများ ဖြစ်သည်' ဟု ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အန်ကဗူသ်

ပင့်ကူကောင်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တတရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓمّٓ ①

၂၉ : ၁ ။ ။ အလစ်ဖ်၊ လာ.....မ်၊ မီးမ်....။

اَحَسِبَ النَّاسُ اَنْ يُّتْرَكُوْۤا اَنْ يَّقُوْلُوْۤا اٰمَنَّا وَهُمْ لَا يُفْتَنُوْنَ ②

၂၉ : ၂ ။ ။ လူသားတို့သည် ၎င်းတို့က 'ကျွန်ုပ်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြပါ' ဟု ပြောဆိုကြသော ကြောင့် မိမိတို့မှာ စမ်းသပ်ခြင်း မခံကြရဘဲ လွှတ်ထားခြင်း ခံကြရမည်ဟု ထင်မှတ်ကြလေသလော။

وَلَقَدْ فَتَنَّا الَّذِيْنَ مِنْ قَبْلِهِمْ فَلَيَعْلَمَنَّ اللّٰهُ الَّذِيْنَ صَدَقُوْا وَلَيَعْلَمَنَّ الْكٰذِبِيْنَ ③

၂၉ : ၃ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အလျင် ရှိခဲ့ကြကုန်သော သူတို့အား စမ်းသပ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် မှန်ကန်စွာ ပြောဆိုကြသော သူတို့အား ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။ ထို့ပြင် ဧကန်မုချ အသျှင်မြတ်သည် မုသာဝါဒီတို့အားလည်း ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။

اَمْ حَسِبَ الَّذِيْنَ يَعْمَلُوْنَ السَّيِّاٰتِ اَنْ يَّسْبِقُوْنَا ؕ سَآءَ مَا يَحْكُمُوْنَ ④

၂၉ : ၄ ။ ။ သို့တည်းမဟုတ် မကောင်းမှု ဒုစရိုက်များကို ကျင့်မှု (ကျူးလွန်) နေကြကုန်သော သူတို့သည် 'မိမိတို့မှာ ငါအသျှင်မြတ် (ဖမ်းဆီးကွပ်မျက်တော်မူခြင်း) မှ ထွက်ပြေးလွတ်မြောက်သွားကြမည်' ဟု ထင်မှတ်ကြလေသလော။ ၎င်းတို့၏ အဆုံးအဖြတ်မှာ အလွန် မှားယွင်း ဆိုးရွားလှပေသည်။

مَنْ كَانَ يَرْجُوْا لِقَآءَ اللّٰهِ فَاِنَّ اَجَلَ اللّٰهِ لَاٰتٍ ؕ وَهُوَ السَّمِيْعُ الْعَلِيْمُ ⑤

၂၉ : ၅ ။ ။ မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရန် မျှော်လင့်ချက် ထားရှိခဲ့ပါမူ (ထိုသူသည် ဒုက္ခကြီးငယ် များကြောင့် စိတ်ဆင်းရဲနေရန်ပင် မလိုပေ။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ် ပြဋ္ဌာန်း၍ ထားတော်

မှုသော ကာလအပိုင်းအခြားသည် မုချဆိုက်ရောက်လာ (၍ ကုသိုလ်အကျိုးများကို ခံစားရ) မည် ဖြစ်၏။ စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَمَنْ جَاهَدَ فَإِنَّمَا يُجَاهِدُ لِنَفْسِهِ ۚ إِنَّ اللَّهَ لَغَنِيٌّ عَنِ الْعَالَمِينَ ۝٦

၂၉ : ၆ ။ ။ အမှန်စင်စစ် မည်သူမဆို ကြိုးပမ်းဆောင်ရွက်ခဲ့ပါမူ ထိုသူသည် မိမိအဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည်သာ ဖြစ်ချေသည်။ ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာခပ်သိမ်းတို့မှ လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُكَفِّرَنَّ
عَنْهُمْ سَيِّئَاتِهِمْ وَلَنَجْزِيَنَّهُمْ أَحْسَنَ الَّذِي كَانُوا يَعْمَلُونَ ۝٧

၂၉ : ၇ ။ ။ သို့ရာတွင် အကြင်သူတို့သည် အီမာန်သက်ဝင် ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြပါမူ၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်များကို ပပျောက်စေတော်မူမည်။ ထို့ပြင် မုချဧကန် ငါအသျှင်မြတ်သည် ၎င်းတို့အား၊ ၎င်းတို့ ကျင့်မူလျက် ရှိခဲ့ကြသည်တို့ထက် ကောင်းမြတ်သော အကျိုးအစားကို ချီးမြှင့်ပေးသနားတော်မူပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

الٓمٓ အလိဖ်၊ လာမ်၊ မီးမ် (၎င်း၏ အဓိပ္ပာယ်ကိုမူ အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူသည်။ အချို့မွတ်စ္စလင်မ်များသည် ကာဖိရ်တို့၏ ဒုက္ခပေးခြင်း အန္တရာယ်များမှ စိုးရိမ်ကြောက်ရွံ့နေရသည် ဖြစ်ရာ) ကျွန်ုပ်တို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပါပြီဟု ဆိုရုံမျှဖြင့် ၎င်းတို့သည် အမျိုးမျိုးသော ဒုက္ခများမှ စမ်းသပ်ခြင်းမခံရဘဲ စမ်းသပ်မှုများမှ လွတ်ကင်းသွားလိမ့်မည်ဟု ၎င်းတို့က ထင်မြင်နေကြသလော။ (ဤသို့ ဖြစ်လာမည်မဟုတ်ဘဲ ဤကဲ့သို့သော စမ်းသပ်မှုများဖြင့် ရင်ဆိုင်ရမည်သာ ဖြစ်သည်။)

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ အလျင်က (မွတ်စ္စလင်မ်အဖြစ်) ရှိခဲ့ကြကုန်သော သူတို့ကိုလည်း စမ်းသပ်တော်မူခဲ့ပေသည်။ (အခြားသော အုမ္မသ်၏ မွတ်စ္စလင်မ်များအပေါ်၌လည်း ဤစမ်းသပ်မှုမျိုး ပြုလုပ်ခဲ့ပြီးဖြစ်သည်။) သို့ဖြစ်ပေရာ (ထိုနည်းတူစွာ ၎င်းတို့လည်း စမ်းသပ်ခြင်း ခံကြရပေမည်။ ထိုစမ်းသပ်ခံရခြင်းတွင်) အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား (အပြင်ပိုင်းအသိဖြင့် ၎င်းတို့၏ သက်ဝင်ယုံကြည်မှု) မှန်ကန်ခြင်းကို သိလျက်ရှိနေတော်မူပေမည်။ ထို့ပြင် အသျှင်မြတ်သည် မုသာဝါဒီများကိုလည်း ခွဲခြားသိမြင်လျက်ပင် ရှိတော်မူပေမည်။ (မှန်ကန်မှုနှင့် ယုံကြည်မှုတို့ဖြင့် မွတ်စ္စလင်မ်ဖြစ်သူများသည် ထိုစမ်းသပ်ခံရခြင်းများတွင် တည်တံ့စွာ ရှိနေရုံမျှမကဘဲ ပို၍ပင် ခိုင်မာသွားကြလေသည်။ ဒုက္ခမှ လွတ်မြောက်ရန် အခိုက်အတန့် မွတ်စ္စလင်မ်ဖြစ်လာကြသူတို့မှာ ဤသို့ စမ်းသပ်ခံရသောအခါများတွင် အစ္စလာမ်ကို စွန့်လွှတ်

လိုက်ကြလေသည်။ ဤသည်မှာ စမ်းသပ်မှု၏ အမြော်အမြင်တစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သက်ဝင်ယုံကြည်သူနှင့် မယုံကြည်သူတို့ ရောနှောနေသည့် အထူးသဖြင့် ခေတ်ဦးကာလတွင် အလွန်ပင် ခက်ခဲမှုများ ဖြစ်ရသောကြောင့် ဖြစ်သည်။ ဤအကြောင်းများသည် မွတ်စ္စလင်မ်တို့နှင့် ပတ်သက်၍ ဖြစ်သည်။ ရှေ့တွင် ဒုက္ခပေးလျက်ရှိသော ကာဖိရ်များအကြောင်း တင်ပြထားသည်။)

သို့တည်းမဟုတ် မကောင်းမှုဒုစရိုက်မှုများကို ကျူးလွန်ခဲ့ကြသူတို့သည် ငါအသျှင်မြတ်မှ ထွက်ပြေးလွတ်မြောက်သွားကြလိမ့်မည်ဟု ထင်မှတ်နေကြလေသလော။ ၎င်းတို့၏ ဤအကြံအစည်မှာ အလွန်ပင် မှားယွင်းပေသည်။ (ဤဝါကျသည် ရုတ်တရက် ကြားဝင်လာသည့် ပုံစံရှိသည်။ ဤဝါကျတွင် 'ကာဖိရ်တို့၏ နိဂုံးမကောင်းခြင်းကို မိန့်ကြားလျက် ထိုဒုက္ခများအတွက် ၎င်းတို့ထံမှ အစားယူရမည်' ဟု မွတ်စ္စလင်မ်များကို နှစ်သိမ့်ခြင်းဖြစ်သည်။ ရှေ့၌ မွတ်စ္စလင်မ်တို့ကို ဦးတည်မိန့်သည်မှာ) မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရန် မျှော်လင့်ချက်ထားခဲ့လျှင် (၎င်းသူအဖို့ ဤသို့သော ပျက်စီးဆုံးရှုံးခြင်း ဒုက္ခများအပေါ် ပူဆွေးသောကဖြစ်ရန် မလိုပေ။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရန် သတ်မှတ်တော်မူထားသည့်အချိန်မှာ မုချ ဆိုက်ရောက်လာမည်ဖြစ်သည်။ (ထိုသို့ တွေ့ဆုံရသည်နှင့် ပူဆွေးမှုအပေါင်း ပျောက်ကွယ်သွားပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၌

وَقَالُوا الْحَمْدُ لِلّٰهِ الَّذِىٓ اَذْهَبَ عَنَّا الْحَزَنَ

ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။) ၎င်းနောက် ထိုအသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (မည်သည့်စကားသည်မျှ ထိုအသျှင်မြတ်နှင့် ကွယ်ဝှက်၍မရ။ မည်သည့်အလုပ်သည်မျှ ထိုအသျှင်မြတ်နှင့် ဆိတ်ကွယ်ရာမရှိပေ။ သို့ဖြစ်ပေရာ တွေ့ဆုံရသည့်အချိန်တွင် အသင်တို့၏ လုပ်ရပ်အားဖြင့်လည်းကောင်း၊ နှုတ်လျှာအားဖြင့်လည်း အမိန့်နာခံခဲ့ခြင်းများအပေါ် ကောင်းကျိုးအစားပေး၍ သောကအားလုံးကို ပပျောက်စေတော်မူပေလိမ့်မည်။)

ထို့ပြင် စွဲစွဲမြဲမြဲ မှတ်ယူထားကြကုန်။ ငါအသျှင်မြတ်က အသင့်အား လှုံ့ဆော်နေခြင်းတို့မှာ ဒုက္ခများအပေါ် ခါးစည်းခံနိုင်ရန်အတွက် ဤလှုံ့ဆော်ခြင်းတွင် ငါအသျှင်မြတ်အတွက် မည်သည့်အကျိုးအမြတ်မျှ မရှိခြင်းမှာ ထင်ရှားပေသည်။ ထို့မျှမက) မည်သူမဆို ကြိုးပမ်းဆောင်ရွက်ခဲ့ပါမူ ထိုသူသည် မိမိ၏ (အကျိုး) အတွက်သာလျှင် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်သည်။ (အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်အဖို့ (မူ) စကြဝဠာခပ်သိမ်းတို့မှ လိုလားတောင့်တခြင်း ကင်းမဲ့သော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ဤနေရာ၌လည်း ဒုက္ခများကို ခါးစည်းခံရန် လှုံ့ဆော်နေခြင်းဖြစ်သည်။ အကြောင်းမှာ မိမိ၏ အကျိုးအမြတ်ကို သိရှိခြင်းဖြင့် ထိုအလုပ်သည် ပို၍ လွယ်ကူသွားသောကြောင့် ဖြစ်သည်။)

ထို့ပြင် (အမိန့်နာခံမှုအားဖြင့် ရရှိသော အကျိုးအမြတ်အကြောင်းမှာ) အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများ ကျင့်မှုဆောက်တည်ကြသူများကို ဧကန်မုချ ငါအသျှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်များမှ ပပျောက်စေတော်မူမည်။ (ထိုအပြစ်ဒုစရိုက်များတွင် 'ကုဖွရ်'

နှင့် 'ရှရစ်ကဲ'တို့ကဲ့သို့သော ပြစ်မှုများမှာ အီမာန်ကို ပျက်စီးစေသည်။ အချို့ပြစ်မှုများမှာ 'သောင်ဗာဟ်' (၎င်းသည် ကောင်းမြတ်သော 'အမလ်'ကျင့်ကြံမှုများ၌ ပါဝင်သည်။) ဖြင့် ခွင့်လွှတ်မှု ရရှိပေသည်။ အချို့ပြစ်မှုများမှာ ကောင်းမှုများဖြင့် ခွင့်လွှတ်မှုရရှိသည်။ အချို့ပြစ်မှုများမှာ ကျေးဇူးတော်ဖြင့် ခွင့်လွှတ်မှု ရရှိသည်။ အချို့အပြစ်မှုများမှာ အပြစ်ဒဏ်ကျခံပြီးနောက် ခွင့်လွှတ်မှု ရရှိသည်။ ဤနေရာ၌ အပြစ်များကို ပပျောက်စေမည်ဆိုရာ၌ ပုံစံအားလုံးဖြင့် အကျုံးဝင်သည်။) ထို့အပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ (ထို) ကျင့်မှုဆောက်တည်မှု (အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရား) များအတွက် ပို၍ ကောင်းသော အစားကို ချီးမြှင့်တော်မူပေမည်။ (သို့ဖြစ်ပေရာ ဤမျှ လှူဒါန်းမှုများ ပြုပေးသည့်အခါ အမိန့်နာခံမှုနှင့် ကြိုးပမ်းအားထုတ်မှုများကို တစိုက်မတ်မတ် ပြုလုပ်ရန် အရေးကြီးပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَهُمْ لَا يُفْتَنُونَ

'ဖိသ်နဟ်'ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ စမ်းသပ်ခြင်းဟု ဖြစ်သည်။ အီမာန်ရှင်များနှင့် အထူးသဖြင့် နဗီတမန်တော်များသည် လောကတွင် အမျိုးမျိုးသော စမ်းသပ်ခံရခြင်းများကို ဖြတ်သန်းခဲ့ကြရသည်။ နောက်ဆုံးတွင် ၎င်းတို့မှာ အောင်မြင်မှုကို ရရှိခဲ့ကြသည်။ ဤစမ်းသပ်မှုများမှာ ဆန့်ကျင်ဘက် ရန်သူဘက်မှသော်လည်းကောင်း၊ တစ်ခါတစ်ရံ ကာဖိရ်နှင့် ဆိုးယုတ်သူများ၏ ရန်မူခြင်းနှင့် ၎င်းတို့ဘက်မှ ဒုက္ခပေးခြင်းတို့အားဖြင့် ဖြစ်ရှိသော စမ်းသပ်မှုဖြစ်သည်။ ဥပမာ- နဗီတမန်တော်အများစုအပေါ်၌လည်းကောင်း၊ နဗီတမန်တော်ချုပ် မိုဟမ္မဒ် ﷺ အပေါ်၌လည်းကောင်း၊ တမန်တော်မြတ် ﷺ ၏ သာဝကများအပေါ်၌လည်းကောင်း အများဆုံး ဖြစ်ခဲ့လေသည်။ တစ်ခါတစ်ရံ စမ်းသပ်မှုသည် ရောဂါများနှင့် အခြားသော အကြောင်းများဖြင့်လည်း ဖြစ်ပေါ်လာတတ်သည်။ ဥပမာ- ဟဇရသ် အိုင်ယူးဗ် عليه السلام ကြုံတွေ့ခဲ့ရသည့် စမ်းသပ်မှု၊ အချို့ပုဂ္ဂိုလ်များအတွက် ထိုအမျိုးအစားအားလုံး စုပေါင်း၍ စမ်းသပ်ခြင်းမျိုးလည်း ရှိပေသည်။

အာယသ်တော် ကျရောက်လာခဲ့သည့် ဖြစ်ရပ်အကြောင်းအရင်းမှာ ဆင့်ပြန်ချက်များအရ မဒီနာသို့ ပြောင်းရွှေ့ချိန်တွင် ကာဖိရ်တို့၏ ဒုက္ခပေးခြင်းကို ခံခဲ့ရသည့် ဆွဟာဗာများပင်ဖြစ်သည်။ သို့ရာတွင် အလိုသဘောမှာ အားလုံးအပေါ် ခြုံငုံ၍ သက်ဆိုင်သည်။ ခေတ်တိုင်းရှိ အိုလမာသာသနာ့ပညာရှင်များ၊ ဝလီသူတော်စင်များအဖို့ ဒုက္ခမျိုးစုံဖြင့် စမ်းသပ်ခြင်းခံခဲ့ရပေသည်။ ထို့ပြင် နောင်တွင်လည်း စမ်းသပ်ခံနေရဦးမည်ပင် ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

فَلَيَعْلَمَنَّ اللهُ الَّذِينَ صَدَقُوا

ဆိုလိုသည်မှာ ထိုစမ်းသပ်မှုနှင့် ခက်ခဲကြမ်းတမ်းမှုများဖြင့် အီမာန်ရှိသူနှင့် မရှိသူ၊ ကောင်းမြတ်သူနှင့် ဆိုးယုတ်သူများကို မုချပင် ခွဲခြားနိုင်ပေမည်။ အကြောင်းမှာ အီမာန်ရှင်များနှင့်အတူ မုနာဖစ်က်များ ရောယှက်နေခြင်းသည် တစ်ခါတစ်ရံ ကြီးမားသော ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေသည်။ ဤအာယသ်

တော်သည် ကောင်းမြတ်သူနှင့် ဆိုးယုတ်သူ၊ အီမာန်ရှိသူနှင့် မရှိသူကို ခွဲခြားလိုခြင်းဖြစ်သည်။ ထိုသို့ ခွဲခြားခြင်းကို မိန့်ကြားထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မှန်ကန်သူ သစ္စာဝါဒီများနှင့် မုသာဝါဒီများကို ခွဲခြားသိမြင်တော်မူလိမ့်မည်' ဟု ဖြစ်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်အဖို့ လူတို့၏ မှန်ကန်မှုနှင့် လိမ်ညာမှုတို့ကို ၎င်းလူသားအား မဖန်ဆင်းမီအလျင်မှပင် သိရှိတော်မူပြီး ဖြစ်ပေသည်။ စမ်းသပ်စစ်ဆေးခြင်းတို့ဖြင့် ခွဲခြားသိရှိနိုင်သည်ဟူသော အဓိပ္ပာယ်မှာ 'ထိုခွဲခြားမှုကို အခြားသူတို့အပေါ်၌လည်း ထင်ရှားစေတော်မူမည်' ဟု ဖြစ်သည်။

ဟာကီမွလ်အွမ္မသ်ဟာဇရသ်ထာနဝီ (ရဟ) သည် မိမိ၏ ဆရာဖြစ်သူ ဟာဇရသ်မောင်လာနာမိုဟမ္မဒ်ယအ်ကူးဗ်ဆွာဟိဗ် (ရဟ) ထံမှ ထိုသို့ မိန့်ကြားရသည့် အကြောင်းရင်းကို ဆင့်ပြန်ခဲ့သည်မှာ တစ်ခါတစ်ရံ အများလူထု၏ အသိပညာ အဆင့်အနှင့်အညီ ၎င်းတို့ နားလည်နိုင်မည့် စကားနှင့် သုံးနှုန်းတင်ပြရပေသည်။ အီမာန်ရှင်နှင့် မုနာဖစ်ကဲများ ရောယှက်နေသည့် အခါမျိုးတွင် လူတို့သည် စမ်းသပ်စစ်ဆေးခြင်းဖြင့်သာ ခွဲခြားသိရှိနိုင်ပေသည်။ ၎င်းတို့၏ အဆင့်အတန်းနှင့်အညီ အလ္လာဟ်အသျှင်မြတ်က 'ဤအမျိုးမျိုးသော စမ်းသပ်စစ်ဆေးခြင်းများအားဖြင့် မည်သူသည် အီမာန်ရှင်ဖြစ်သည်။ မည်သူသည် အီမာန်ရှင်မဖြစ်သည်ကို သိရှိစေတော်မူခြင်းဖြစ်သည်' ဟု မိန့်ကြားခဲ့ခြင်းဖြစ်သည်။ စင်စစ် ထိုအသျှင်မြတ်၏ အသိဉာဏ်တော်တွင် ဤအရာအားလုံးသည် 'အဇလ်' စကြဝဠာကြီးအား မဖန်ဆင်းမီအလျင်ကပင် ရှိနေတော်မူပြီးဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حُسْنًا ۖ وَإِن جَاهَدَاكَ لِتُشْرِكَ بِي مَا لَيْسَ لَكَ بِهِ عِلْمٌ فَلَا تُطِعْهُمَا ۚ إِلَيَّ مَرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ⑧

၂၉ : ၈ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် လူသားအား (ဤသို့) အမိန့်ပေးတော်မူ၏။ 'အသင်သည် မိမိ၏ မိဘနှစ်ပါးတို့အား ကောင်းစွာ ပြုစုရမည်။ သို့ရာတွင် အကယ်၍ အသင့်၌ အသိပညာ (သက်သေ အထောက်အထား) မည်သည့် တစ်စုံတစ်ရာကိုမျှ မရှိသော အရာကို အသင့်အား ငါအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ရန် ထိုမိဘနှစ်ပါးက ကြိုးပမ်းအားထုတ်ခဲ့ကြပါလျှင်၊ အသင်သည် ယင်းတွဲဖက်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍) ထိုမိဘနှစ်ပါး၏ စကားကို မလိုက်နာလေနှင့်။ အသင်တို့အားလုံးသည် ငါအသျှင်မြတ်ထံသို့ ပြန်လာကြရပေမည်။ ထိုအခါ ငါအသျှင်မြတ်သည် အသင်တို့အား အသင်တို့ ပြုမူလျက် ရှိခဲ့ကြကုန်သော အမှုကိစ္စ (အလုံးစုံ) တို့နှင့် စပ်လျဉ်း၍ အသိပေးတော်မူမည်။'

وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُدْخِلَنَّهُمْ فِي الصَّالِحِينَ ⑨

၂၉ : ၉ ။ ။ ၎င်းပြင် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ခဲ့ကြကုန်သော သူတို့အား စကန်စင်စစ် ငါအသျှင်မြတ်သည် သူမွန်သူမြတ်တို့တွင် ဝင်ရောက်စေတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် လူသားကို မိမိ၏ မိဘနှစ်ပါးအား ကောင်းစွာ ဆက်ဆံရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့ပြင် (ထိုအမိန့်နှင့်အတူ မိန့်ကြားသည်မှာ) အကယ်၍ ထိုမိဘနှစ်ပါးသည် (ကိုးကွယ်ခံထိုက်ခြင်း၏) မည်သည့်အထောက်အထားမျှ အသင့်ထံ၌ မရှိသောအရာကို ငါအသျှင်မြတ်နှင့် တွဖက်ကိုးကွယ်ရန် အသင့်အပေါ် အတင်းအကြပ်ပြုလုပ်ခဲ့လျှင် (အရာဝတ္ထုတိုင်းသည် အရာဝတ္ထုများကို ခဝပ်ကိုးကွယ်ခြင်း ခံထိုက်မှုမရှိကြောင်း ထောက်ပြညွှန်းဆိုနေသည်။) အသင်သည် (ဤအခြေအနေတွင်) ထိုမိဘနှစ်ပါး၏ စကားကို မလိုက်နာလေနှင့်။ အသင်တို့အားလုံးသည် ငါအသျှင်မြတ်၏ ထံတော်သို့သာ ပြန်လာကြရပေမည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အသင်တို့အား အသင်တို့ ကျင့်မူဆောင်ရွက်ခဲ့ကြသော (ကောင်းမှု သို့မဟုတ် မကောင်းမှု) အမှုကိစ္စများကို ပြသတော်မူပေမည်။

၄င်းပြင် (အသင်တို့အနက်) အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများ ဆောက်တည်ခဲ့ကြကုန်သော သူတို့အား ငါအသျှင်မြတ်သည် ကောင်းမြတ်သော သူမွန်သူမြတ်တို့ (၏အဆင့်၌ 'ဂျန္နသ်') တွင် ဝင်ရောက်စေတော်မူမည်။ (ထို့ပြင် မကောင်းမှုဒုစရိုက်များအပေါ် ထိုက်တန်သည့် အပြစ်ဒဏ်များ ခတ်တော်မူမည်။ သို့ဖြစ်ပေရာ ဤအတိုင်းပင် မည်သူမဆို မိဘနှစ်ပါး၏ အမိန့်နာခံခြင်းကို ငါအသျှင်မြတ်၏ အမိန့်နာခံခြင်းအပေါ် ဦးစားပေးခဲ့ပါလျှင် ထိုသူသည် အစားပေးခြင်းခံရပေမည်။ ၄င်းဆန့်ကျင်ဘက်ပြုသူများအဖို့မှာ ကောင်းသော အကျိုးအစားများ ရရှိပေမည်။ အချုပ်မှာ ဖော်ပြပါဖြစ်ရပ်တွင် မိခင်၏ အမိန့်ဖီဆန်ခြင်းအပေါ် အပြစ်ငရဲထိုက်လိမ့်မည်ဟု သို့လောသို့လော မဖြစ်လေနှင့်'ဟု ဖြစ်သည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَوَصَّيۡنَا الۡاِنۡسَانَ

'ဝစ္စီယသ်'သည် လူတစ်ဦးကို စိတ်ကောင်းစေတနာအပေါ် မူတည်လျက် ကောင်းသော အလုပ်တစ်ခုဘက်သို့ ခေါ်ခြင်းဖြစ်သည်။ *[မဇ္ဖဟရီကျမ်း]*

بِوَالِدَيۡهِ اِحۡسَانًا

حُسۡن 'ဟွတ်စ်န်'ဟူသော စာလုံးသည် 'မဆ်ဒရ်'ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ကောင်းမွန်ခြင်း'ဟု ဖြစ်သည်။ ဤနေရာတွင် ကောင်းမွန်သော အလုပ်ကို လုပ်ပုံလုပ်နည်းအရ ပိုမိုလေးနက်စေရန် **حسن** ဆိုသော စာလုံးဖြင့် သုံးနှုန်းတင်ပြထားသည်။ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် လူသားကို မိမိ၏ မိဘနှစ်ပါးတို့နှင့် ကောင်းမွန်စွာ ဆက်ဆံကြလေကုန်' ဟု အမိန့်ပေးတော်မူထားခြင်း ဖြစ်သည်။

وَاِنۡ جَاهَدَاكَ لِتُشۡرِكَ بِىۡ

ဆိုလိုသည်မှာ 'မိဘနှစ်ပါးတို့အား ကောင်းမွန်စွာ ဆက်ဆံခြင်းနှင့်အတူ ၄င်းတို့၏ အမိန့်ကို နာခံရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များနှင့် ဆန့်ကျင်မှု မဖြစ်စေရန်မှာလည်း အရေးကြီးပေသည်။

အကယ်၍ ထိုမိဘနှစ်ပါးသည် သားသမီးတို့ကို 'ကုဖွ်ရ်' နှင့် 'ရှရစ်ကဲ' ပြုလုပ်ရန် အတင်းအကြပ် စေခိုင်းပါလျှင် ဤနေရာတွင် ၎င်းတို့၏ အမိန့်နာခံမှုကို လုံးဝမပြုလုပ်ရပေ။ ဟဒီးစ်တော်တွင်

لَاطَاعَةَ لِمَخْلُوقٍ فِي مَعْصِيَةِ الْخَالِقِ

ဆိုလိုသည်မှာ 'ဖန်ဆင်းရှင်၏ အမိန့်ဖီဆန်မှုတွင် မည်သည့်အဖန်ဆင်းခံ၏ အမိန့်မျှ မနာခံရပေ' ဟု လာရှိထားသည်။ ဤအာယသ်တော်သည် စအဒ်ဗင်န် အဘီဝက္ကာဆ်ွ ﷺ နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကိုယ်တော်မြတ် ﷺ မှ 'ဂျန္နသီ' ဖြစ်ကြောင်း သတင်းကောင်း ပေးခံရသူ၊ ဆွဟာဗာ (၁၀) ပါး (၎င်းတို့ကို **عشرة مبشرة** ဟု ခေါ်တွင်သည်။) တွင် အပါအဝင်ဖြစ်သည်။ ထိုဆွဟာဗာကြီးသည် မိမိ၏ မိခင်၏ အမိန့် နာခံမှုနှင့် မိခင်၏ အေးချမ်းသာယာစေရေးကို အလွန်ဂရုစိုက်သူ ဖြစ်သည်။ ၎င်း၏မိခင် ဟမ်နဟ်ဗင်န်သေ့ အဘီစုဖ်ယားန်သည် မိမိ၏သား စအဒ်သည် မွတ်စ္စလင်မ်ဖြစ်သွားကြောင်း သိရလေသောအခါ သားကို သတိပေးခြိမ်းခြောက်၍ 'အသင်သည် မိမိ၏ ဘိုး၊ ဘေး၊ ဘီ တို့၏ သာသနာအတွင်း ပြန်ရောက်မလာမချင်း စားခြင်း၊ သောက်ခြင်းတို့ကို မပြုတော့ပါ။ အစာငတ်ခံ၍ သေလိုက်ပါမည်။ ထိုအခါ တစ်လောကလုံးက အသင့်အား မိမိ၏ မိခင်ကို သတ်သူဟူ၍ သတ်မှတ်ပြောဆိုကြမည်။ အမြဲတစေ ၎င်းသေးသိမ်မှုသည် အသင်၏ ခေါင်းပေါ်၌ ရှိနေရပေမည်' ဟု ပြောဆိုပြီး 'ကစမ်' ကျိန်ဆိုလိုက်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဤအာယသ်တော်မှ ဟဇရသ်စအဒ် ﷺ သခင်အား မိခင်၏ စကားနားထောင်ခြင်း မပြုရန် တားမြစ်လိုက်သည်။ *[မွတ်စ္စလင်မ်ကျမ်း၊ သိရ်မေဇီကျမ်း]*

ဗဂဝီ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ဟဇရသ်စအဒ် ﷺ ၏ မိခင်သည် တစ်နေ့နှင့်တစ်ညဟုလည်းကောင်း၊ အချို့အဆိုများအရ သုံးနေ့နှင့် သုံးညဟုလည်းကောင်း မိမိ၏ 'ကစမ်' ကျိန်ဆိုခြင်းနှင့် မစားမသောက်ဘဲ အငတ်ခံနေခဲ့သည်။ ထို့နောက် ဟဇရသ်စအဒ် ﷺ ရောက်ရှိလာခဲ့သည်။ မိခင်၏ အချစ်နှင့် အမိန့်နာခံမှုသည် သူ့နေရာနှင့်သူပင် ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှု၏ ရှေ့တွင် မည်သို့မျှ မပြောပလောက်ပေ။ ထို့ကြောင့် မိခင်ကြီးအား ပြောဆိုသည်မှာ 'အို၊ ချစ်ရပါသော မိခင်၊ အကယ်၍ မိခင်၏ ခန္ဓာကိုယ်အတွင်းတွင် အသက်ဝိညာဉ်ပေါင်း (၁၀၀) ရှိနေပြီး ထိုအသက်ဝိညာဉ်တို့သည် တစ်ခုချင်းတစ်ခုချင်း ထွက်သွားပါလျှင်လည်း ကျွန်ုပ်သည် ထိုအချင်းအရာကို တွေ့မြင်လျက်လည်း မိမိ၏ သာသနာကို မည်သည့်အခါမျှ စွန့်လွှတ်မည်မဟုတ်ပါ။ ယခု မိခင် အစားအစာ စားသောက်သည်ဖြစ်စေ၊ (သို့) အငတ်ခံ၍ သေဆုံးသွားသည်ဖြစ်စေ၊ မည်သည့်အခြေအနေ၌မဆို ကျွန်ုပ်သည် မိမိ၏ သာသနာကို စွန့်မည်မဟုတ်ပါ' ဟု ပြောဆိုလေသည်။ မိခင်သည် သား၏ ထိုပြောဆိုချက်များကြောင့် မျှော်လင့်ချက် ကင်းမဲ့လျက် အစာစားလိုက်လေတော့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنَ النَّاسِ مَن يَقُولُ آمَنَّا بِاللَّهِ فَإِذَا أُوذِيَ فِي اللَّهِ جَعَلَ
فِتْنَةَ النَّاسِ كَعَذَابِ اللَّهِ ۖ وَلَئِن جَاءَ نَصْرٌ مِّن رَّبِّكَ
لَيَقُولُنَّ إِنَّا كُنَّا مَعَكُمْ ۚ أَوَلَيْسَ اللَّهُ بِأَعْلَمَ بِمَا فِي صُدُورِ الْعَالَمِينَ ﴿١٠﴾

၂၉ : ၁၀ ။ ။ စင်စစ် လူတို့တွင် အကြင်ကဲ့သို့သော သူလည်း ရှိ၏။ (အမှန်စင်စစ် ၎င်းတို့၏ စိတ်နှလုံးသည် အီမာန် ယုံကြည်မှု၌ မခိုင်မြဲပေ။) ၎င်းတို့က ‘ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြပါပြီ’ ဟု ပြောဆို၏။ သို့ရာတွင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် (၏ လမ်းတော်၌) ဒုက္ခပေးခြင်းကို ခံခဲ့ကြရသောအခါ ၎င်းတို့သည် လူတို့၏ ဒုက္ခပေးမှုကို အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ကဲ့သို့ပင် ထင်မှတ်ယူဆ (ကာ ယခင်က မိမိတို့ အီမာန်ယုံကြည်မှု မှားယွင်း ပြီဟု ဝန်ခံ) ကြလေသည်။ သို့ရာတွင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ကူညီစောင်မ (အရေးသာ အောင်မြင်) မှု တစ်စုံတစ်ရာ ရောက်ရှိလာခဲ့သည်ရှိသော် ၎င်းတို့က ‘ကျွန်ုပ်တို့သည်လည်း ဧကန်အမှန် အသင်တို့နှင့်အတူ ရှိခဲ့ကြပေသည်’ဟု မုချဧကန် ပြောဆိုကြကုန်၏။ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းတို့၏ စိတ်နှလုံးများအတွင်း၌ ရှိသည်တို့ကို အသိတော်မူဆုံးပင် မဟုတ်ပါလော။

وَلَيَعْلَمَنَّ اللَّهُ الَّذِينَ آمَنُوا وَلَيَعْلَمَنَّ الْمُنَافِقِينَ ﴿١١﴾

၂၉ : ၁၁ ။ ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်နသက်ဝင်ယုံကြည်သူတို့အား ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူမည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် မုနာဖစ်က်အယောင်ဆောင်သူတို့အားလည်း ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။

وَقَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا اتَّبِعُوا
سَبِيلَنَا وَلْنَحْمِلْ خَطَايَاكُمْ وَمَا هُم بِحَامِلِينَ مِنْ خَطَايَاهُم
مِّن شَيْءٍ ۖ إِنَّهُمْ لَكَاذِبُونَ ﴿١٢﴾

၂၉ : ၁၂ ။ ။ စင်စစ် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့က မုအ်မင်နသက်ဝင် ယုံကြည်သူတို့အား (အချင်းတို့) ‘အသင်တို့ သည် ကျွန်ုပ်တို့၏ လမ်းစဉ်ကို လိုက်နာကြလေကုန်။ ကျွန်ုပ်တို့သည် အသင်တို့၏ ပြစ်မှုများကို ထမ်းရွက်ကြမည်’ဟု ပြောဆိုကြကုန်၏။ အမှန်စင်စစ် ၎င်းတို့သည် ထို (မုအ်မင်နသက်ဝင် ယုံကြည်ကြ) သူတို့၏ ပြစ်မှုများအနက်မှ အနည်းငယ်မျှ (သော ပြစ်မှု) ကိုပင် ထမ်းရွက်နိုင်ကြမည့်သူများ မဟုတ်ပေ။ ဧကန်စင်စစ် ၎င်းတို့သည် မုသာဝါဒီများပင် ဖြစ်ကြကုန်၏။

وَلَيَحْمِلُنَّ أَثْقَالَهُمْ وَأَثْقَالًا مَّعَ أَثْقَالِهِمْ ۖ وَلَيُسْأَلُنَّ يَوْمَ الْقِيَامَةِ عَمَّا كَانُوا يَفْتَرُونَ ﴿١٣﴾

၂၉ : ၁၃ ။ ။ သို့ရာတွင် မုချစင်စစ် ၎င်းတို့သည် မိမိတို့၏ ဝန်များကိုလည်းကောင်း၊ မိမိတို့၏ ဝန်များနှင့်အတူ အခြားသော ဝန်များကိုလည်းကောင်း ထမ်းဆောင်ကြပေမည်။ ထို့ပြင် ဧကန်မလွဲ ၎င်းတို့သည် ‘ကေယာမသ်’ရှင်ပြန်ထရမည့် နေ့တွင် မိမိတို့ လီဆယ်ဖန်တီးခဲ့ကြကုန်သော အရာများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းကိုလည်း ခံကြရပေဦးမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

လူတို့တွင် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြပါသည်ဟု ပြောဆိုသူများလည်း ရှိကြပေသည်။ သို့ရာတွင် ၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ဒုက္ခတစ်စုံတစ်ရာ ခံစားကြရသောအခါ ၎င်းတို့သည် လူတို့၏ ဒုက္ခပေးမှုကိုပင် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' ကျရောက်လာသကဲ့သို့ ယူဆကြသည်။ လူသားအဖို့ ၎င်းဒုက္ခမှ လွတ်ကင်းရန် လုံးဝ မစွမ်းသာဟု ထင်မှတ်နိုင်ကြသည်။ အမှန်စင်စစ် အဖန်ဆင်းခံတစ်ဦးအဖို့ ဤကဲ့သို့သော 'အဇာဗ်' ကို စွမ်းဆောင်နိုင်စွမ်းပင် အလျဉ်းမရှိပါချေ။ ၎င်းတို့၏ အခြေအနေမှာ) အကယ်၍ (တစ်ခါတစ်ရံ) ကူညီစောင့်ရှောက်မှု တစ်စုံတစ်ရာသည် (မွတ်စ္စလင်မ်တို့အတွက်) အသင်၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ရောက်ရှိလာခဲ့သည် ရှိသော (ထိုအချိန်တွင်) ကျွန်ုပ်တို့သည် (သာသနာနှင့် ယုံကြည်ခြင်းများတွင်) အသင်တို့နှင့်အတူ မုချ ရှိခဲ့ကြပါသည်ဟု ပြောဆိုကြလေသည်။ (ဆိုလိုသည်မှာ မွတ်စ္စလင်မ်များသာ ဖြစ်ကြပါသည်။ ကာဖိရ်တို့၏ အမွေအတင်းအကျပ်ပြုမှုတို့ကြောင့် ကာဖိရ်တို့နှင့်အတူ ဖြစ်ရပါသည်ဟု ပြောဆိုကြပေမည်။ ၎င်းတို့၏ ထိုပြောဆိုခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာသူ ကမ္ဘာသားတို့၏ စိတ်နှလုံးများအတွင်း၌ ရှိသည်တို့ကို သိတော်မူခြင်း မရှိပါသလော။ (ဆိုလိုသည်မှာ ၎င်းတို့၏ စိတ်နှလုံးတွင် အီမာန်သည် ရှိပင် မရှိပါချေ။) ဤကဲ့သို့ (အထက်၌ တင်ပြခဲ့သော) အခြေအနေတို့မှ ၎င်းစိတ်နှလုံးအတွင်း အီမာန်မရှိခြင်းကြောင့်သာ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်သူတို့အား ခွဲခြားသိမြင်လျက်ပင် ရှိနေတော်မူပေမည်။ ထို့ပြင် မုနာဖစ်က်အယောင်ဆောင်သူတို့အားလည်း ခွဲခြားသိမြင်လျက်ပင် ရှိနေတော်မူပေသည်။

ကာဖိရ်သွေဖည်ငြင်းပယ်သူတို့က မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား အသင်တို့သည် (သာသနာရေးတွင်) ကျွန်ုပ်တို့၏ လမ်းစဉ်ကို လိုက်ကြကုန်။ ('ကေယာမသ်' နေ့တွင်) အသင်တို့၏ ပြစ်မှုများ (ကုဖွ်ရ်နှင့် အပြစ်ဒုစရိုက်ကျူးလွန်မှုများကြောင့် ဖြစ်ပေါ်လာသော ပြစ်မှုများ) ၏ ဝန်ထုပ်ဝန်ပိုးများသည် ကျွန်ုပ်တို့၏ တာဝန်သာ ဖြစ်ပေသည်။ (အသင်တို့သည် ဝန်ထုတ်ဝန်ပိုးမှ လွတ်ကင်းကြပေမည်။) ဟု ပြောဆို ကြပေမည်။ အမှန်စင်စစ် ၎င်းတို့သည် ထိုသူတို့၏ ပြစ်မှုများအနက်မှ အနည်းငယ်သော ပြစ်မှုကိုမျှ ထမ်းရွက် နိုင်ကြမည့်သူများမဟုတ်ပေ။ ကေန်အမှန် ၎င်းတို့သည် မုသာဝါဒီများဖြစ်ကြသည်။

သို့သော် ၎င်းတို့သည် မုချကေန် မိမိတို့၏ ဝန်ထုတ်များကို (တနင့်တပိုး) မိမိတို့အပေါ်၌ တင်၍ ထမ်းရွက်ကြပေမည်။ ထို့အပြင် မိမိတို့၏ ပြစ်မှု (ဝန်ထုပ်) များနှင့်အတူ အခြားသော ဝန်ထုတ်များလည်း ထမ်းရွက်ကြပေလိမ့်မည်။ (ထိုဝန်ထုတ် (ပြစ်မှု) များကို ၎င်းတို့အပေါ်သို့ တင်၍ ထမ်းရွက်စေခြင်းဖြင့် အဓိက ပြစ်မှု (ဝန်ထုတ်) ရှင်၌ ဝန်ထုတ်ပေါ့သွားခြင်းရှိမည်မဟုတ်။ အချုပ်မှာ အခြားသူများအဖို့ ပေါ့ပါးသွားခြင်း ရှိမည်မဟုတ်။ သို့ရာတွင် ဤသူများ၏ ဝန်ထုတ်သည် ထိုသူတို့အား လမ်းမှားစေခြင်းကြောင့် ပို၍ လေးလံသွားမည်ဖြစ်ပေသည်။)

ထို့ပြင် မုချကေန် ၄င်းတို့သည် မိမိတို့ လုပ်ကြံဖန်တီးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ 'ကေယာမသ်' နေ့တွင် စစ်ဆေးမေးမြန်းခြင်း (နှင့် တစ်ဖန် ထိုပြစ်မှုအပေါ် အပြစ်ပေးခံရခြင်း) မုချ ဖြစ်ပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَقَالَ الَّذِيْنَ كَفَرُوْا

ကာဖိရ်များဘက်မှ အစ္စလာမ်သာသနာ တိုးတက်ပြန့်ပွားမည်ကို ဟန့်တားရန်နှင့် မွတ်စ္စလင်မ်များကို ဖြားယောင်းသိမ်းသွင်းရန်အတွက် နည်းလမ်းမျိုးစုံ အသုံးပြုလျက် ရှိနေသည်။ တစ်ခါတစ်ရံ ရွှေငွေ၊ ရာထူးအရှိန်အဝါများဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ဒွိဟသံသယပွားဖွယ်ရာများ သွတ်သွင်းရန်လည်းကောင်း ဤအာယသ်တော်တွင် ၄င်းတို့၏ အကြံအစည်များအနက်မှ တစ်ခုကို တင်ပြထားသည်မှာ ကာဖိရ်တို့က မွတ်စ္စလင်မ်များအား အသင်တို့သည် အကြောင်းမဲ့ တမလွန်၏ 'အဇားဗ်'ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်ပြီး ကျွန်ုပ်တို့၏ လမ်းစဉ်ကို မလိုက်ခဲ့ကြပေ။ အကယ်၍ ဤလမ်းစဉ်ကို လိုက်သည့်အတွက် တမလွန်၏ 'အဇားဗ်'ပြစ်ဒဏ်ခံရမည်ဟူသော အသင်တို့၏ ဆိုစကားမှန်ကန်ပါလျှင် အသင်တို့၏ ပြစ်မှုများ၏ ဝန်ထုတ်ဝန်ပိုး ကို ကျွန်ုပ်တို့ ထမ်းမ,ရန် တာဝန်ယူပါသည်။ 'အဇားဗ်'ပြစ်ဒဏ်သည် ကျွန်ုပ်တို့အပေါ်၌သာ ကျရောက်ပေမည်။ အသင်တို့အပေါ်သို့ မီး၏ အပူရှိန်ပင် ရောက်မည်မဟုတ်ပါ'ဟု ပြောဆိုကြပေမည်။

အလားတူ ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို စူရာဟ်နဂ်မ်၏ နောက်ဆုံးရုကူအ်၌ ဖော်ပြထားသည်မှာ-

اَفَرَأَيْتَ الَّذِىْ تَوَلّٰى وَاَعْطٰى قَلِيْلًا وَّ اَكْدٰى

ဟု ဖြစ်သည်။ ၄င်းအာယသ်တော်၌ တင်ပြထားသည်မှာ လူတစ်ဦးအား ၄င်း၏ ကာဖိရ်မိတ်ဆွေများက ဖြားယောင်းခဲ့သည်မှာ 'အသင်သည် ကျွန်ုပ်တို့အား ဤလောကတွင် ဥစ္စာပစ္စည်းအချို့ ပေးလိုက်ပါလျှင် ကျွန်ုပ်တို့သည် 'ကေယာမသ်'နေ့နှင့် တမလွန်၏ နေ့တို့တွင် အသင်၏ 'အဇားဗ်'အပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ တာဝန်ယူပြီး အသင့်အား ကယ်တင်ပါမည်' ဟု ဖြစ်သည်။ ထိုမွတ်စ္စလင်မ်သည် ဥစ္စာပစ္စည်းအချို့ကို ပေးခဲ့ပြီးလည်း ဖြစ်လေသည်။ တစ်ဖန် ရပ်တန့်လိုက်သည်။ ထိုသူ၏ အသိဉာဏ်မဲ့ခြင်းနှင့် ၄င်း၏လုပ်ရပ်များ အလဟဿဖြစ်ရခြင်းအကြောင်းကို စူရာဟ်နဂ်မ်တွင် အကျယ်တဝင့် ဖော်ပြထားသည်။

အလားတူ ကာဖိရ်တို့က မွတ်စ္စလင်မ်များအား ပြောဆိုသည့် အဆိုတစ်ရပ်ကိုလည်း ဤနေရာ၌ ဖော်ပြထားသည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား ဖြေကြားရာတွင် အဖြေတစ်ရပ်အနေနှင့် 'ဤသို့ ပြောဆိုသူများသည် လုံးဝဥဿုံ မုသာဝါဒီများသာ ဖြစ်ကြသည်။ ဤသူများသည် 'ကေယာမသ်'နေ့တွင် ၄င်းတို့၏ ပြစ်မှုများအနက်မှ မည်သည့်ဝန်ထုတ်ဝန်ပိုးကိုမျှ ထမ်းမကြမည်မဟုတ်ပေ'ဟု မိန့်ကြားတော်မူသည်။

وَمَاهُمْ بِحَامِلِيْنَ مِنْ خَطَايَا هُمْ مِّنْ شَيْءٍ اِنَّهُمْ لَكٰذِبُوْنَ

ဆိုလိုသည်မှာ ထိုတမလွန်ရှိ 'အဇားဗ်'အပြစ်ဒဏ်ကို တွေ့မြင်ရပြီးနောက်တွင် ထိုပြစ်မှု၏ ဝန်ထုတ်ဝန်ပိုးကို ထမ်းမရန် ၄င်းတို့အဖို့ သတ္တိရှိကြမည်မဟုတ်ပေ။ ထို့ကြောင့် ၄င်းတို့၏ အဆိုပါကတိသည်

မုသားကတိပင် ဖြစ်သည်။ စူရာဟ်နဂ်မ်တွင် 'အကယ်၍ ဤသူတို့သည် တစ်စုံတစ်ရာ ဝန်ထုတ်ဝန်ပိုးကို ထမ်းမရန် အသင့်အနေအထား ဖြစ်သွားပါလျှင်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့ကို ထိုဝန်ထုတ်ဝန်ပိုး (အပြစ်) ကို ထမ်းမခွင့် ပေးတော်မူမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ ထမ်းမစေခြင်းသည် တရားမျှတမှု ဟူသော ဥပဒေနှင့် ဆန့်ကျင်နေသည်။ အကြောင်းမှာ တစ်ဦး၏ အပြစ်တွင် အခြားသူတစ်ဦးအား ဖမ်းဆီးကျခံစေခြင်းသဘော ဆောင်သွားမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဒုတိယအဖြေတစ်ရပ်အနေနှင့် အမိန့်ရှိသည်မှာ ၎င်းတို့က အသင်တို့အား 'အသင်တို့၏ ပြစ်မှုများ၏ ဝန်ထုတ်ဝန်ပိုးကို ထမ်းမပြီး ကျွန်ုပ်တို့သည် အသင်တို့အား လွတ်မြောက်စေလိုက်ပါမည်' ဟူသော ၎င်းတို့၏ ပြောစကားသည် မှားယွင်းသော မုသားစကားသာ ဖြစ်ပေသည်။

သို့ရာတွင် ၎င်းတို့သည် အသင်တို့အား ဖြားယောင်းသိမ်းသွင်းခြင်း၊ အသင်တို့အား တရားလမ်းမှန်မှ ဖယ်ရှားရန် ကြိုးပမ်းခြင်းတို့သည်ပင်လျှင် ကြီးလေးသော အပြစ်ဖြစ်ပေသည်။ ၎င်းတို့ကို ၎င်းတို့၏ ပြစ်မှုများအပြင် ဤအပြစ်ကိုလည်း သယ်ပိုးစေမည်ဖြစ်သည်။ ၎င်းတို့ ပြုလုပ်ကျူးလွန်ခဲ့သည့် အပြစ်များအတွက်လည်းကောင်း၊ အခြားသူတို့ကို ဖြားယောင်းသိမ်းသွင်းခြင်းအတွက်လည်းကောင်း အပြစ်ဒဏ်များ ကျခံကြရပေမည်။

ပြစ်မှုကျူးလွန်ရန် ဖိတ်ခေါ်သူသည်လည်း ပြစ်မှုကျူးလွန်သူဖြစ်၍ ပြစ်မှုကျူးလွန်သူ ခံစားရသည့် အပြစ်ဇရဲကို ၎င်းသည်လည်း ခံစားရမည်ဖြစ်ခြင်း

ဤအာယသ်တော်ဖြင့် မည်သူမဆို အခြားသူတစ်ဦးဦးအား အပြစ်ဒုစရိုက်၌ နစ်မွန်းစေရန် လှုပ်ရှားလှုံ့ဆော်လျှင်ဖြစ်စေ၊ (သို့) အပြစ်ဒုစရိုက်ကျူးလွန်ခြင်းတွင် ၎င်းအား ကူညီသည်ဖြစ်စေ၊ ထိုသူသည် ပြစ်မှုဒုစရိုက်ကျူးလွန်သူနှင့် တန်းတူပင်ဖြစ်ကြောင်း သိရှိရပေသည်။ ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ နှင့် အနတ်စ်ဗင်န်မာလိက် ﷺ တို့ ဆင့်ပြန့်ခဲ့သည်။ ဟဒီးစ်တော်တစ်ရပ်တွင် 'တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်။ မည်သူမဆို တရားလမ်းမှန်ဘက်သို့ လူတို့အား ဖိတ်ခေါ်ခဲ့ပါလျှင် ထိုဖိတ်ခေါ်မှုကြောင့် တရားလမ်းမှန်ပေါ်၌ ကျင့်ကြံအားထုတ်သူတို့၏ ကျင့်ကြံအားထုတ်မှု ကုသိုလ်အကျိုးအားလုံးသည် ထိုဖိတ်ခေါ်သူ၏ အကောင်း၊ အဆိုး မှတ်တမ်းစာအုပ်၌ ရေးမှတ်ခြင်းခံရပေမည်။ 'အမလ်' ကျင့်ကြံအားထုတ်သူတို့၏ ကုသိုလ်အကျိုး၌လည်း တစ်စုံတစ်ရာ လျော့နည်းမှု ရှိမည်မဟုတ်ပေ။ ထို့ပြင် မည်သူမဆို လမ်းမှားခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းများဘက်သို့ ဖိတ်ခေါ်ပါလျှင် ၎င်း၏ ပြောကြားဖိတ်ခေါ်မှုအပေါ် ထိုလမ်းမှား၌ ကျရောက်လေသမျှ လူအားလုံး၏ အပြစ်နှင့် ဆိုးကျိုးသည် ထိုဖိတ်ခေါ်သူအပေါ်၌လည်း ကျရောက်ပေမည်။ လူတို့၏ 'အဇာဗ်' အပြစ်ဒဏ်နှင့် ဆိုးကျိုးတွင် တစ်စုံတစ်ရာ လျော့နည်းမှု ရှိမည်မဟုတ်ပေ။ *[မွတ်စ္လင်မ်၊ ကုရ်သုဗီ။]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَلَبِثَ فِيْهِمْ اَلْفَ سَنَةٍ اِلَّا خَمْسِيْنَ عَامًا ؕ فَاَخَذَهُمُ الطُّوْفَانُ وَهُمْ ظٰلِمُوْنَ ﴿۱۴﴾

၂၉ : ၁၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် (တမန်တော်) နူးဟ်အား၊ ၎င်း၏ အမျိုးသားတို့ထံ (ရစူလ်တမန်တော် အဖြစ်) စေလွှတ်တော်မူခဲ့ရာ ယင်း (နူးဟ်) သည် ၎င်းတို့တွင် နှစ်ပေါင်းကိုးရာ၊ ငါးဆယ်တိုင်တိုင် နေထိုင်ခဲ့လေ၏။ ထို့နောက် ရေလွှမ်းမိုးခြင်း (ပြစ်ဒဏ်) သည် ၎င်းအမျိုးသားတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေ၏။ အမှန်စင်စစ် ထိုအမျိုးသား တို့မှာ မတရားကျူးလွန်သောသူများပင် ဖြစ်ခဲ့ကြကုန်၏။

فَاَنْجَيْنٰهُ وَاَصْحٰبَ السَّفِيْنَةِ وَجَعَلْنٰهَاۤ اٰيَةً لِّلْعٰلَمِيْنَ ﴿۱۵﴾

၂၉ : ၁၅ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ယင်း (တမန်တော်နူးဟ်) အားလည်းကောင်း၊ သင်္ဘောပေါ်၌ ပါရှိခဲ့ သော သူတို့အားလည်းကောင်း ကယ်တင်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသင်္ဘောကို ကမ္ဘာသူကမ္ဘာသား ခပ်သိမ်း တို့အဖို့ သင်ခန်းစာရယူရန် သက်သေလက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့ပေသည်။

وَاِبْرٰهِيْمَ اِذْ قَالَ لِقَوْمِهِ اعْبُدُوا اللّٰهَ وَاتَّقُوْهُ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۱۶﴾

၂၉ : ၁၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (တမန်တော်) အိဗ်ရာဟီမ်အား (လည်း ရစူလ်တမန်တော်အဖြစ်) စေလွှတ် တော်မူခဲ့၏။ အကြင်အခါဝယ် ၎င်း (တမန်တော်အိဗ်ရာဟီမ်) သည် မိမိ၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေ၏။ (အချင်းတို့) 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုအသျှင် မြတ်အား ကြောက်ရွံ့ခြင်းကြလေကုန်။ အကယ်၍ အသင်တို့သည် သိရှိကြလေသော် ဤသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။'

اِنَّمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ اَوْثَانًا وَّتَخْلُقُوْنَ اِفْكًا ؕ اِنَّ الَّذِيْنَ تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ لَا يَمْلِكُوْنَ لَكُمْ رِزْقًا فَابْتَغُوْا عِنْدَ اللّٰهِ الرِّزْقَ وَاعْبُدُوْهُ وَاشْكُرُوْا لَهٗ ؕ اِلَيْهِ تُرْجَعُوْنَ ﴿۱۷﴾

၂၉ : ၁၇ ။ ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ရုပ်တုများကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြကုန်၏။ ထို့ပြင် အသင်တို့သည် မုသား (အယူဝါဒ) ကိုလီဆယ်ဖန်တီးကြကုန်၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်အား စွန့်၍၊ အသင်တို့ ဆည်းကပ်ကိုးကွယ်လျက် ရှိကြသည်တို့မှာ အသင်တို့၏ စားနပ်ရိက္ခာကို အလ္လာဟ်အသျှင်မြတ်ထံတော်၌သာလျှင် ရှာဖွေကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ ထို့ပြင် အသင်တို့

သည် ထိုအသျှင်မြတ်၏ ကျေးဇူးတော်ကို သိတတ်ကြလေကုန်။ ထို့ပြင် အသင်တို့အားလုံးသည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်သွားကြရပေမည်။

وَإِن تُكَذِّبُوا فَقَدْ كَذَّبَ أُمَمٌ مِّن
قَبْلِكُمْ ۖ وَمَا عَلَى الرَّسُولِ إِلَّا الْبَلَاغُ الْمُبِينُ ﴿١٨﴾

၂၉ : ၁၈ ။ ။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ငါ့အား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြလျှင် အသင်တို့အလျှင် ရှိခဲ့ကြလေသော အုပ်စုများကလည်း (မိမိတို့၏ နဗီတမန်တော်များအား) မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ် ရစူလ်တမန်တော်များအပေါ်၌ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လူသားတို့ထံ) ရှင်းလင်းထင်ရှားစွာ ပို့ဆောင်ရန်သာလျှင် တာဝန်ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် နူးဟ် ﷺ အား ၄င်း၏ အမျိုးသားများထံသို့ (ရစူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ ထိုနူးဟ် ﷺ သည် ၄င်းတို့တွင် နှစ်ပေါင်း ၉၅၀ တိုင်တိုင် နေထိုင်ခဲ့လေသည်။ (ထို့နောက် မိမိ၏ အမျိုးသားတို့ကို ဖိတ်ခေါ်လျက် ရှိနေခဲ့သည်။) တစ်ဖန် (ထိုသို့ဖိတ်ခေါ်သည့်တိုင် ၄င်းတို့သည် အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိကြသည့်အခါ) ရေလွှမ်းမိုးခြင်း၏ ပြစ်ဒဏ်သည် ၄င်းတို့အား ဖမ်းဆီး ကွပ်မျက်လိုက်လေသည်။ စင်စစ် ထိုအမျိုးသားတို့သည် အလွန် မတရားဆိုးသွမ်းသူများ ဖြစ်ခဲ့ကြသည်။

(ဤမျှ နှစ်ကာလ ကြာညောင်းစွာ ဖိတ်ခေါ် မိန့်ကြားနေပါလျက်ပင် စူးရှသက်ရောက်မှု မရယူခဲ့ပေ။) ထို့နောက်တစ်ဖန် (ထိုရေလွှမ်းမိုးခြင်း ဖြစ်ပေါ်ပြီးနောက်) ငါအသျှင်မြတ်သည် ထိုနူးဟ်အားလည်းကောင်း၊ သင်္ဘောပေါ်၌ ပါရှိခဲ့သူတို့အားလည်းကောင်း၊ (ထိုရေလွှမ်းမိုးခြင်း၏ အန္တရာယ်မှ) ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ဤဖြစ်ရပ်ကို ကမ္ဘာသူကမ္ဘာသားတို့အတွက် သင်ခန်းစာရယူရန် သက်သေလက္ခဏာတစ်ရပ်အဖြစ် ပြုလုပ်တော်မူခဲ့သည်။ (ဆန့်ကျင်သွေဖည်သူတို့၏ ဆုံးခန်းတိုင် ရလဒ်သည် မည်သို့ပါနည်းဟူသည်ကို သေချာကျနစွာ စဉ်းစားနိုင်ရန်အတွက် ဖြစ်ပေသည်။)

ထို့နောက် ငါအသျှင်မြတ်သည် အိဗ်ရာဟီးမ် ﷺ အား (လည်း ရစူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့သည်။ ထိုအိဗ်ရာဟီမ် ﷺ သည် မိမိ၏ အမျိုးသားများကို (၄င်းတို့သည် 'ဗွဒ်'ရုပ်များကို ကိုးကွယ်သူများ ဖြစ်ကြသည်။) ပြောကြားသည်မှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုကို ပြုကြကုန်။ ထို့ပြင် ထိုအသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ (ကြောက်ရွံ့ပြီး ရှရစ်က်တုဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်းကို စွန့်လွှတ်ကြလေကုန်။) ဤသည် အသင်တို့အတွက် အကောင်းဆုံးပင် ဖြစ်ပေသည်။ အကယ်၍ အသင်တို့သိလျှင် ကောင်းလေစွ။ (ရှရစ်က်တုဖက်ကိုးကွယ်ခြင်းနှင့်ကား ဆန့်ကျင်၏။ အကြောင်းမှာ ၄င်းရှရစ်က် တုဖက်ကိုးကွယ်ခြင်းသည် အသိတရားခေါင်းပါး၍သာ ပြုလုပ်ကြခြင်း ဖြစ်သောကြောင့်ပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍

ဆင်းတုရုပ်ပွားများကိုသာ (လုံးဝပင် အစွမ်းအစမရှိသော အရာများကို) ကိုးကွယ်ကြကုန်၏။ ထို့ပြင် (ထိုကိုးကွယ်ခြင်းနှင့် စပ်လျဉ်း၍) အသင်တို့သည် မုသားဝါဒကို လီဆယ်ဖန်တီးခဲ့ကြသည်။ (အဘယ်ကြောင့် ဆိုသော် ထိုကိုးကွယ်ရာများထံမှ ကျွန်ုပ်တို့အတွက် နေ့စဉ် စားနပ်ရိက္ခာရရှိသည်ဟူ၍ လုပ်ကြံဖန်တီးခြင်းများ ပြုခဲ့ကြသည်။ အကြောင်းမှာ) အသင်တို့ အလ္လာဟ်အသျှင်မြတ်ကို စွန့်၍ ကိုးကွယ်ရာအဖြစ် ပြုနေသည့်အရာများမှာ အသင်တို့၏ ရိဇိစားနပ်ရိက္ခာကို လုံးဝ ပိုင်ဆိုင်ခြင်း မရှိပေ။ သို့ဖြစ်ပေရာ အသင်တို့သည် ရိဇိစားနပ်ရိက္ခာကို အလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ရှာဖွေကြလေကုန်။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်ထံတော်၌သာ တောင်းခံကြလေကုန်။ ထိုအသျှင်မြတ်သည်သာ ရိဇိစားနပ်ရိက္ခာကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။) ထို့ပြင် (ထိုအသျှင်မြတ်သာ ရိဇိစားနပ်ရိက္ခာ၏ အသျှင်မြတ် ဖြစ်တော်မူသောအခါ) ထိုအသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်။ ထို့ပြင် (အလျှင်က ရရှိခဲ့သော ရိဇိရိက္ခာများသည်လည်း ထိုအသျှင်မြတ်၏ ပေးသနားတော်မူခြင်းများသာ ဖြစ်သည့်အတွက်) ထိုအသျှင်မြတ်အား ကျေးဇူးသိတတ်ကြလေကုန်။ ('အေဗာဒသ်'ခဝပ်ကိုးကွယ်ရန် 'ဝါဂျိဗ်'ဖြစ်ရသည့် အကြောင်းတစ်ခုမှာ ထိုအသျှင်မြတ်သည် ကောင်းကျိုးပေးခြင်းကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူခြင်းပင် ဖြစ်သည်။) ထို့ပြင် (အခြားအကြောင်းတစ်ရပ်မှာ ထိုအသျှင်မြတ်သည် နစ်နာဆုံးရှုံးစေခြင်းကိုလည်း ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူခြင်းပင် ဖြစ်သည်။) အသင်တို့ အားလုံးသည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်သွားကြရပေမည်။ (ထိုအချိန်တွင် 'ကုဖ္ဖရ်'ပြုခြင်းအပေါ် အသင်တို့အား အစားပေးတော်မူပေမည်။)

အကယ်၍ အသင်တို့သည် (ဤတင်ပြ ပြောကြားချက်များတွင်) ကျွန်ုပ်အား မဟုတ်မမှန်ဟု မှတ်ယူပါလျှင် (ကျွန်ုပ်အဖို့ မည်သည့်နစ်နာဆုံးရှုံးမှုမျှ မဖြစ်ပေ။) အသင်တို့အလျှင်၌ ရှိခဲ့ကြသော အုပ်စုများသည်လည်း (မိမိတို့၏ ရစူလ်တမန်တော်များကို) မဟုတ်မမှန်ဟုပင် မှတ်ယူစွပ်စွဲခဲ့ကြပေသည်။ (သို့ရာတွင် ထိုနဗီ၊ ရစူလ်တမန်တော်များအဖို့ မည်သည့်နစ်နာဆုံးရှုံးမှု မဖြစ်ခဲ့ပါချေ။) ထို့ပြင် (ထိုသို့ ဖြစ်ရသည့်အကြောင်းမှာ) နဗီရစူလ်တမန်တော်တို့၏ တာဝန်မှာ လူသားတို့ထံ အမိန့်ပညတ်ချက်များ ရှင်းလင်းထင်ရှားစွာ ပို့ဆောင်ရန်သာ ဖြစ်သည်။ ချော့မော့၍ လက်ခံလာအောင် လုပ်ရန်မှာ ၎င်းနဗီတမန်တော်များ၌ တာဝန်မရှိ။ (သို့ဖြစ်ပေရာ နဗီတမန်တော်အားလုံးသည် 'သဗ်လီးဂ်'ပို့ချမှုများ ပြုပြီးသည့်အခါ တာဝန်မှ လွတ်လပ်သူများ ဖြစ်သွားကြလေသည်။ ကျွန်ုပ်သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့တွင် မည်သည့် နစ်နာဆုံးရှုံးမှုမျှ မရှိပေ။ သို့သော် လက်ခံရန်မှာ အသင်တို့အဖို့ 'ဝါဂျိဗ်'တာဝန် ဖြစ်သည်။ ထိုသို့ လက်မခံခြင်းပြုလျှင် မုချဧကန် အသင်တို့၏ နစ်နာဆုံးရှုံးမှုသာ ဖြစ်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကုန်လွန်ခဲ့သည့် အာယသ်တော်များတွင် ကာဖိရ်တို့၏ ဆန့်ကျင်ရန်လိုမှုနှင့် မွတ်စလင်မ်များအပေါ် သက်ရောက်သော ဒုက္ခပေးခြင်းများအကြောင်း တင်ပြထားသည်။ ယခု ဤအာယသ်တော်များတွင် ဤကဲ့သို့

သော ဖြစ်ရပ်များအပေါ် တမန်တော်မြတ် ﷺ အား နှစ်သိမ့်အားပေးရန် ရှေးနဗီများနှင့် အွမ္မသ်တို့၏ ဖြစ်ရပ်အချို့ကို တင်ပြထားသည်မှာ ရှေးခေတ်အဆက်ဆက်မှစ၍ တရားလမ်းမှန်ရရှိသူများအဖို့ ကာဖိရ်များဘက်မှ ဒုက္ခပေးခြင်းများ ရှိခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့သည် ထိုဒုက္ခများ ခံစားရခြင်းကြောင့် မည်သည့်အခါမျှ ဖွဲ့သတ္တိကျိုးသွားခြင်း မရှိခဲ့ပေ။ ထို့ကြောင့် အသင်သည်လည်း ကာဖိရ်များ၏ ဒုက္ခပေးခြင်းများကို အရေးမမူလေနှင့်။ မိမိ၏ 'ရိစာလသ်'တာဝန်ကို ထမ်းဆောင်ရာတွင် ကြံ့ခိုင်တည်တံ့စွာ ထမ်းဆောင်ပါလေ။

ရှေးနဗီတမန်တော်များအနက် ဦးစွာ ပထမဟဇရတ်နူးဟ် ﷺ ၏ ဖြစ်ရပ်ကို တင်ပြတော်မူထားသည်။ ထိုသို့ တင်ပြရသည့် အကြောင်းတစ်ရပ်မှာ ဟဇရတ်နူးဟ် ﷺ သည် 'ကုဖ္ဖရ်'၊ 'ရှရစ်က်'တို့နှင့် ပထမဦးစွာစတင် ရင်ဆိုင်ရသော နဗီဖြစ်သည်။ ဒုတိယအကြောင်းတစ်ရပ်မှာ '၎င်း၏ အွမ္မသ်သားများက ၎င်းအား ဒုက္ခများ ပေးခဲ့သလောက် မည်သည့်နဗီတမန်တော်မျှ ၎င်းကဲ့သို့ ဒုက္ခများ မရောက်ခဲ့ကြသောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ရှည်လျားသည့် သက်တမ်းကို အထူးချီးမြှင့်တော်မူထားခြင်းကြောင့် ဖြစ်သည်။ သက်တမ်းတစ်လျှောက်လုံးသည် ကာဖိရ်များ၏ ဒုက္ခပေးခြင်းများတွင်သာ ရှိနေခဲ့ရသည်။ ၎င်း၏ သက်တမ်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် (၉၅၀) နှစ်ဟု ဖော်ပြထားသည်မှာ အမှန်ကန်ဆုံးဖြစ်သည်။ အချို့သော ဆင့်ပြန်ချက်များတွင် ဤသက်တမ်းသည် 'သဗ်လီးဂ်'နှင့် 'ဒအ်ဝသ်'ပြုခဲ့သော သက်တမ်းဖြစ်သည်။ ထို့ထက် အလျှင်ကနှင့် ရေလွှမ်းမိုးခြင်းနောက်ပိုင်း၏ သက်တမ်းများလည်း ရှိသည်'ဟု အပိုတင်ပြချက်များ လာရှိသည်။

မည်သို့ပင်ဆိုစေ စံချိန်တင်ဤမျှ ရှည်လျားသည့် သက်တမ်းတွင် စဉ်ဆက်မပြတ် 'ဒအ်ဝသ်'နှင့် 'သဗ်လီးဂ်'လုပ်ငန်းများ၌သာ အသုံးချခြင်းနှင့် 'ဒအ်ဝသ်'နှင့် 'သဗ်လီးဂ်'ပြုလုပ်သည့် အချိန်တိုင်းတွင် ကာဖိရ်များဘက်မှ အမျိုးမျိုးသော ဒုက္ခပေးခြင်းများ၊ ရိုက်နှက်ခြင်းများ၊ လည်ပင်းညှစ် ခြင်းများကို ခံစားခဲ့ရခြင်း၊ ထိုအားလုံးသော ဒုက္ခများ ခံစားရသည့်တိုင် မည်သည့်အခါမျှ ဖွဲ့သတ္တိမလျှော့ ခဲ့ခြင်းတို့သည် ဟဇရတ်နူးဟ် ﷺ ၏ ထူးခြားချက်များပင် ဖြစ်သည်။

ဒုတိယမှာ ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ အကြောင်းကို တင်ပြမိန့်ကြားထားသည်။ ဟဇရတ်အိဗ်ရာဟီးမ် ﷺ သည် အလွန်ကြီးကျယ်သည့် စမ်းသပ်မှုကြီးများကို ကျော်ဖြတ်ခဲ့ရသည်။ နမ်ရူးဒ်၏ မီးပုံကြီး၊ တစ်ဖန် ဆီရီးယားနိုင်ငံမှ ထွက်ခွာရွှေ့ပြောင်းလာပြီး လွင်တီးခေါင်ပြင်တစ်ခုတွင် အစာရေစာမဲ့ နေထိုင်ခဲ့ရခြင်း၊ တစ်ဖန် သားတော်အား 'ဇဗာဟ်'ပြုရခြင်း စသော ဖြစ်ရပ်များ ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ ဖြစ်ရပ်အတွင်း၌ပင် ဟဇရတ်လူးသ် ﷺ နှင့် ၎င်း၏ အွမ္မသ်အမျိုး သားများအကြောင်း၊ တစ်ဖန် စူရာဟ်၏ နောက်ဆုံး အခြား အချို့နဗီတမန်တော်များနှင့် ၎င်းတို့၏ ဆိုးသွမ်းသော အွမ္မသ်သားတို့၏ အကြောင်းများကို တင်ပြထားသည်။ ထိုတင်ပြချက်အားလုံး သည် တမန်တော်မြတ် ﷺ နှင့် အွမ္မသ်မုဟမ္မဒီယဟ် (တမန်တော်မြတ် ﷺ ၏ အွမ္မသ် နောက်လိုက်သားများ) အား အားပေးနှစ်သိမ့်ရန်လည်းကောင်း၊ ထို့ပြင် သာသနာ၏ လုပ်ငန်းများအပေါ်၌သာ တည်တံ့ခိုင်မြဲစွာ နေကြရန်လည်းကောင်း တင်ပြထားခြင်း ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَوَلَمْ يَرَوْا كَيْفَ يُبْدِئُ اللَّهُ الْخَلْقَ ثُمَّ يُعِيدُهُ ۚ
إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿١٩﴾

၂၉ : ၁၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံတို့ကို မည်သို့မည်ပုံ စတင်ဖန်ဆင်းတော်မူခဲ့သည်ကို ၎င်းတို့သည် မတွေ့မမြင် မဆင်ခြင်ခဲ့ကြလေသလော။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည်ပင်လျှင်၊ ထိုအဖန်ဆင်းခံတို့ကို ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ ဧကန်အမှန် ဤသည် အလ္လာဟ်အသျှင်မြတ်အဖို့ လွန်စွာ လွယ်ကူလှပေသည်။

قُلْ سِيرُوا فِي الْأَرْضِ
فَانظُرُوا كَيْفَ بَدَأَ الْخَلْقَ ۚ ثُمَّ اللَّهُ يُنشِئُ
النَّشْأَةَ الْآخِرَةَ ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٢٠﴾

၂၉ : ၂၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာ၍ ထိုအသျှင်မြတ်သည် အဖန်ဆင်းခံတို့ကို မည်သို့ စတင်ဖန်ဆင်းတော်မူသည်ကို ကြည့်ရှု လေ့လာကြလေကုန်။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် (ထိုအဖန်ဆင်းခံတို့ကို) နောက်ထပ်တစ်ကြိမ် ထပ်မံ၍ပင် ဖန်ဆင်းတော်မူမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။'

يُعَذِّبُ مَن يَشَاءُ وَيَرْحَمُ مَن يَشَاءُ ۖ وَإِلَيْهِ تُقْلَبُونَ ﴿٢١﴾

၂၉ : ၂၁ ။ ။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ပြစ်ဒဏ်ပေးတော်မူမည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား သနားကြင်နာတော်မူပေမည်။ ၎င်းပြင် အသင်တို့အားလုံးသည် ထိုအသျှင်မြတ်ထံ တော်သို့ပင် ပြန်သွားကြရပေမည်။

وَمَا أَنتُم بِمُعْجِزِينَ فِي الْأَرْضِ وَلَا فِي السَّمَاءِ ۖ وَمَا
لَكُم مِّن دُونِ اللَّهِ مِن وَلِيٍّ وَلَا نَصِيرٍ ﴿٢٢﴾

၂၉ : ၂၂ ။ ။ စင်စစ် အသင်တို့သည် ကမ္ဘာမြေ၌လည်း (အလ္လာဟ်အသျှင်မြတ်က မိမိတို့အား ပြစ်ဒဏ်ပေးတော်မူခြင်းကို) မစွမ်းဆောင်နိုင်လေအောင် ပြုစွမ်းနိုင်ကြသည် မဟုတ်ပေ။ မိုးကောင်းကင်၌လည်း ပြုစွမ်းနိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် အသင်တို့အဖို့ အလ္လာဟ်အသျှင်မြတ်အပြင်၊ ကိစ္စအဝဝကို ပြီးစီးအောင် ပြုလုပ်ပေးမည့်သူဟူ၍လည်းကောင်း၊ ကူညီ စောင်မမည့်သူဟူ၍လည်းကောင်း တစ်ဦးတစ်ယောက်မျှပင် မရှိချေ။

وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ اللّٰهِ وَلِقَاۤىِٕهٖۤ اُولٰۤىِٕكَ يَىِٕسُوْا مِنْ رَّحْمَتِيْ
وَاُولٰۤىِٕكَ لَهُمْ عَذَابٌ اَلِيْمٌ

၂၉ : ၂၃ ။ ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်နှင့် တွေ့ဆုံခြင်းကိုလည်းကောင်း ငြင်းပယ်ခဲ့ကြသော သူတို့သည်သာလျှင် ငါအသျှင်မြတ်၏ ကရုဏာတော်ကို မျှော်လင့်အားထားခြင်း ကင်းမဲ့ကြပေမည်။ ၎င်းပြင် ထိုသူတို့၌သာလျှင် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် သက်ရောက်ပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံတို့အား မည်သို့မည်ပုံ စတင်ဖန်ဆင်းတော်မူသည်ကို ၎င်းတို့သည် မသိရှိကြလေသလော။ (လုံးဝဥဿုံ မရှိဘဝမှ ရှိခြင်းသို့ ပြုပေးတော်မူခဲ့သည်။) တစ်ဖန် ထိုအသျှင်မြတ်သည်ပင် ထိုအဖန်ဆင်းခံတို့ကို ထပ်မံ၍ ဖန်ဆင်းတော်မူပေမည်။ မချွတ်ကေန် ဤသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လွန်စွာပင် လွယ်ကူလှပေသည်။

(ထိုမျှမက ပထမအကြိမ်နှင့် နှိုင်းယှဉ်လျှင် ပို၍ပင် လွယ်ကူပေသည်ကို အပေါ်ယံ သုံးသပ်ကြည့်ရှုခြင်းနှင့်ပင် သိရှိနိုင်သည်။) သို့ရာတွင် စင်စစ် ဇာတိတော် အသျှင်မြတ်၏ တန်ခိုးတော်တွင် နှစ်မျိုးစလုံးသည် အတူတူပင် ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်သည် ပထမအကြိမ် စကြဝဠာအပေါင်းကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို လက်ခံကြပေသည်။ ၎င်းကို

وَلَئِنْ سَاَلْتَهُمْ مَنْ خَلَقَ السَّمٰوٰتِ

ဟူသော အာယသ်တော်မှ သိရှိရသည်။ ထို့ပြင် ဒုတိယအကြိမ် ဖန်ဆင်းတော်မူခြင်းသည်လည်း ပထမအကြိမ် ဖန်ဆင်းခြင်းနှင့် အလားတူပင် ဖြစ်သည်။ ထိုဒုတိယအကြိမ် ဖန်ဆင်းနိုင်စွမ်းသည် အသျှင်မြတ်၏ တန်ခိုးတော် 'ကုဒ်ရသ်'တွင် ရှိကြောင်းကို ပို၍ ပေါ်လွင်စေသည်။ ထို့ကြောင့် اَوَلَمْ يَرَوْا ဟု သုံးနှုန်းခြင်းသည် ထိုအကြောင်းနှင့်လည်း ပတ်သက်ဆက်နွယ်မှု ရှိနိုင်ပေသည်။ ပို၍ လေးနက်စေရန် ရှေ့တွင် ဤအကြောင်းအရာကိုပင် တူညီသော ခေါင်းစဉ်ဖြင့် တင်ပြရန်အတွက် ကိုယ်တော်မြတ် ﷺ အား မိန့်ကြားတော်မူသည်မှာ) အသင်သည် (၎င်းတို့အား ပြောကြားပါလေ။ အသင်တို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာ၍ အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံတို့အား ပထမအကြိမ် မည်သို့ စတင်ဖန်ဆင်းတော်မူသည်ကို ကြည့်ရှုကြလေကုန်။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ဒုတိယအကြိမ်လည်း ပြန်လည် ဖန်ဆင်းတော်မူပေဦးမည်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်သော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ပထမခေါင်းစဉ်တွင် ဦးနှောက်ဖြင့် စဉ်းစားသိရှိနိုင်သော အထောက်အထားတစ်ခု ဖြစ်သည်။ ဒုတိယခေါင်းစဉ်တွင် ကိုယ်တွေ့သိမြင်နိုင်သော အထောက်အထားပင် ဖြစ်သည်။ ၎င်းစာကြဝဠာအဖန်ဆင်းခံတို့၏ အခြေအနေကို ကြည့်ရှုတွေ့မြင်၍ သိရှိနိုင်သည်။ ဤသည်မှာ 'ကေယာမသ်'ရှိမည် ဆိုသည်ကို

အတည်ပြု တင်ပြထားခြင်း ဖြစ်သည်။ ရှေ့တွင် ပြန်လည်ရှင်ထပြီးနောက် အကျိုး၊ အစားပေးမည့်အကြောင်း တင်ပြထားသည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိသောသူအား ပြစ်ဒဏ်ပေးတော်မူမည်။ (အပြစ်ဒဏ်နှင့် ထိုက်သက်သူကို ဆိုလိုသည်။) ထို့အတူ မိမိအလိုရှိသူအား ကရုဏာပြုတော်မူမည်။ (ကရုဏာတော်နှင့် ထိုက်သက်သူကို ဆိုလိုသည်။) ၎င်းပြင် (ထို 'အဇာဗ်'အပြစ်ဒဏ်ပေးခြင်းနှင့် ကရုဏာပြုခြင်းတို့တွင် မည်သူမျှ ဝင်ရောက်စွက်ဖက်နိုင်ကြမည် မဟုတ်ပေ။ အကြောင်းမှာ) အသင်တို့အားလုံးသည် ထိုအသျှင်မြတ်ထံတော်သို့ပင် ပြန်သွားကြရပေမည်။

(အခြားသူ တစ်ဦးတစ်ယောက်ထံသို့ ပြန်သွားကြရမည် မဟုတ်။) ထို့ပြင် (ထိုအသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်နိုင်ရန် မည်သည့်လမ်းမျှ မရှိ။) အသင်တို့သည် ကမ္ဘာမြေပထဝီတွင် (လျှို့ဝှက်ဖုံးကွယ်၍ အလ္လာဟ်အသျှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် ပြုနိုင်ကြသူများမဟုတ်ပေ။ (ထိုအသျှင်မြတ်၏ လက်ဝယ် ဖမ်းဆီးမခံရဟု မရှိပေ။) ထို့ပြင် မိုးကောင်းကင်အပေါ်၌ (တက်၍) လည်း ပြုနိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်မှအပ အသင်တို့၏ ကိစ္စအဝဝကို ပြီးစီးအောင် ပြုလုပ်ပေးမည့်သူ ဟူ၍လည်းကောင်း၊ ကူညီစောင်မမည့်သူဟူ၍လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှပင် မရှိပါချေ။ (သို့ဖြစ်ပေရာ မိမိ၏ အကြံအစည်၊ အစွမ်းအစဖြင့်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်၏ ကူညီစောင်မမှုဖြင့်လည်းကောင်း လွတ်မြောက်နိုင်ခြင်း မရှိနိုင်ပါချေ။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထို့နောက် (အထူးအားဖြင့်) ထိုအသျှင်မြတ်နှင့် တွေ့ဆုံခြင်းကိုလည်းကောင်း ငြင်းပယ်ခဲ့ကြသူတို့သာလျှင် ('ကေယာမသ်' နေ့တွင်) ငါအသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်အားထားခြင်းမှ ကင်းဝေးကြရပေမည်။ (ဆိုလိုသည်မှာ ထိုအချိန်တွင် ကျွန်ုပ်တို့သည် 'ရဟ်မသ်'ကရုဏာတော်နှင့် မထိုက်တန်သူများသာ ဖြစ်ကြောင်းကို ၎င်းတို့ တွေ့မြင်ကြရပေမည်။) ထို့နောက် ထိုသူတို့ကိုသာလျှင် ပြင်းပြနာကျင်ဖွယ်ဖြစ်သော 'အဇာဗ်'အပြစ်ဒဏ် သက်ရောက်ပေလိမ့်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَمَا كَانَ جَوَابَ قَوْمِهٖۤ

اِلَّاۤ اَنْ قَالُوا اقْتُلُوْهُ اَوْ حَرِّقُوْهُ فَاَنْجٰىهُ اللّٰهُ مِنَ النَّارِؕ

اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّقَوْمٍ یُّؤْمِنُوْنَ۝۲۴

၂၉ : ၂၄ ॥ ॥ ထို့နောက် ၎င်း (တမန်တော်အိဗ်ရာဟီမ်) ၏ အမျိုးသားတို့က 'အသင်တို့သည် ယင်း (အိဗ်ရာဟီမ်) အား သတ်ပစ်ကြလေကုန်။ သို့တည်းမဟုတ် အသင်တို့သည် ၎င်းအား မီးတင်ရှို့ကြလေကုန်'ဟူ၍ ပြောဆိုခြင်းမှအပ အခြားမည်သည့်ကိုမျှ အဖြေပေးနိုင်ခြင်း မရှိခဲ့ကြချေ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (အိဗ်ရာဟီမ်) အား မီးမှ ကယ်ဆယ်တော်မူခဲ့လေသည်။ စင်စစ်အမှန် ဤသည့် (ဖြစ်ရပ်) ၌ အီမာန်သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့အဖို့ သက်သေသာဓကများ ရှိပေသည်။

وَقَالَ إِنَّمَا اتَّخَذْتُمْ مِّنْ دُوْنِ اللّٰهِ أَوْثَانًا ۙ مَّوَدَّةَ بَيْنِكُمْ فِي الْحَيٰوةِ
الدُّنْيَا ۚ ثُمَّ يَوْمَ الْقِيٰمَةِ يَكْفُرُ بَعْضُكُمْ بِبَعْضٍ
وَّيَلْعَنُ بَعْضُكُمْ بَعْضًا ۡ وَّمَاْوٰىكُمُ النَّارُ وَمَا لَكُمْ مِّنْ نّٰصِرِيْنَ ﴿٢٥﴾

၂၉ : ၂၅ ။ ။ ထို့ပြင် ၎င်း (အီဗ်ရာဟီမ်) က (မိမိ၏ အမျိုးသားတို့အား) အသင်တို့သည် ဤမျက်မှောက်လောကီဘဝ၌ မိမိတို့အချင်းချင်း မေတ္တာရှိကြသောကြောင့်သာလျှင် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ရုပ်ပွားဆင်းတုများကို ရွေးချယ်ပြုလုပ်ကြခြင်း ဖြစ်ပေသည်။ ထို့နောက် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် အသင်တို့အချင်းချင်း အချို့က အချို့ကို ငြင်းပယ်ကြပေမည်။ အချင်းချင်း အချို့က အချို့ကို ကျိန်ဆဲကြပေမည်။ ၎င်းပြင် ငရဲဘုံသည် အသင်တို့၏ ခိုလှုံရာဌာနဖြစ်ပေမည်။ ထို့ပြင် အသင်တို့အဖို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။

فَاٰمَنَ لَهٗ لُوْطٌ ۘ وَقَالَ إِنِّيْ مُهَاجِرٌ إِلٰى رَبِّيْ ۗ إِنَّهٗ هُوَ الْعَزِيْزُ الْحَكِيْمُ ﴿٢٦﴾

၂၉ : ၂၆ ။ ။ ထို့နောက် (တမန်တော်) လူသ်သည် ၎င်း (တမန်တော်အီဗ်ရာဟီမ်) အား ယုံကြည်ထောက်ခံခဲ့လေသည်။ ထို့ပြင် ၎င်း (အီဗ်ရာဟီမ်) က ကေန်မလွဲ ငါသည် နေရင်းအရပ်ဒေသသို့ စွန့်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (ညွှန်ပြတော်မူရာ) သို့ ထွက်ခွာသွားမည်။ ကေန်မလွဲ ငါအသျှင်မြတ်သည်ပင်လျှင် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသောအသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်'ဟု ပြောဆိုခဲ့လေ၏။

وَوَهَبْنَا لَهٗ إِسْحٰقَ
وَيَعْقُوْبَ وَجَعَلْنَا فِيْ ذُرِّيَّتِهِ النُّبُوَّةَ وَالْكِتٰبَ
وَاٰتَيْنٰهُ أَجْرَهٗ فِي الدُّنْيَا ۚ وَإِنَّهٗ فِي الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ﴿٢٧﴾

၂၉ : ၂၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် အီဗ်ရာဟီမ်အား (သားတော်) အီစ်ဟာကံနှင့် (မြေးတော်) ယအ်ကူဗ်တို့ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် နဗီတမန်တော်ဖြစ်ခြင်းကိုလည်းကောင်း၊ ကျမ်းဂန် (ချီးမြှင့်တော်မူခြင်း) ကိုလည်းကောင်း၊ ယင်း (အီဗ်ရာဟီမ်) ၏ သားမြေးတို့၌ တည်စေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (အီဗ်ရာဟီမ်) အား ၎င်း၏ အကျိုးကို ဤပစ္စုပ္ပန်လောကီဘဝတွင် (လည်း) ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် တမလွန်ဘဝ၌လည်း ၎င်း (အီဗ်ရာဟီမ်) သည် သူမွန်သူမြတ်တို့အနက်မှပင် ဖြစ်ပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

သို့ဖြစ်ပေရာ (အီဗ်ရာဟီးမ် عليه السلام ၏ ထိုစိတ်ဝင်စားဖွယ် ပြောကြားဟောကြားချက်များပြီးနောက်) ထိုအမျိုးသားတို့၏ (နောက်ဆုံး) အဖြေမှာ အသင်တို့သည် အီဗ်ရာဟီးမ် عليه السلام အား သတ်ဖြတ်ကြကုန်။

(သို့) ၎င်းအား မီးတင်ရှို့ကြလေကုန်ဟူ၍ (အချင်းချင်း) ပြောဆိုခြင်းမှအပ အခြားအဖြေ မရှိခဲ့ကြပေ။ (သို့ဖြစ်ပေရာ မီးတင်ရှို့ရန် စီစဉ်ကြလေသည်။) သို့သော် အလ္လာဟ်အသျှင်မြတ်သည် ထိုအိဗ်ရာဟီးမ် ﷺ အား မီးမှ ကယ်တင်တော်မူခဲ့လေသည်။ (ထိုအကြောင်းအရာသည် စူရာဟ်အန်ဗိယာအ်တွင် လာရှိခဲ့ပြီး ဖြစ်သည်။) ဧကန်အမှန် ဤဖြစ်ရပ်တွင် အီမာန်သက်ဝင် ယုံကြည်သူတို့အတွက် သက်သေလက္ခဏာများစွာ ရှိပေသည်။)

(ဤဖြစ်ရပ်သည် အရာများစွာတို့၏ အထောက်အထားဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အသျှင်မြတ် ဖြစ်ခြင်း၊ အိဗ်ရာဟီးမ် ﷺ ၏ နဗီဖြစ်ခြင်း၊ 'ကုဖ္ဖရ်'နှင့် 'ရှရစ်က်'သည် လမ်းမှားမှုသာ ဖြစ်ခြင်းတို့ ပါဝင်သည်။ ထို့ကြောင့် ဤအထောက်အထားတစ်ခုသည် အထောက်အထားများစွာတို့၏ ကိုယ်စားဖြစ်သွားပေသည်။ ထို့နောက် အိဗ်ရာဟီးမ် ﷺ သည် (တရားဓမ္မဟောကြားရာတွင် ပြောခဲ့သည်မှာ) အသင်တို့သည် ဤမျက်မှောက်လောကီဘဝ၌ အချင်းချင်း လောကီရေး ဆက်နွှယ်ပတ်သက်တော်စပ်ခြင်းများအားဖြင့် အလ္လာဟ်အသျှင်မြတ်ကို စွန့်၍ ရုပ်ပွားဆင်းတုများကို (ကိုးကွယ်ရာအဖြစ်) ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ (၎င်းကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။ လူအများစုသည် မိမိတို့၏ ပတ်သက်ရာ ပတ်သက်ကြောင်း၊ မိတ်ဆွေသင်္ဂဟဆွေမျိုးသားချင်းများ၏ လမ်းကို လိုက်လေ့ရှိကြသည်။ ထိုသို့သာ ပြုလုပ်ကြသည့်အတွက် အမှန်တရားနှင့် စပ်လျဉ်း၍ လေးလေးနက်နက် မစဉ်းစားကြပေ။ အမှန်တရားကို နားလည်သဘောပေါက်သည့်တိုင် မိတ်သင်္ဂဟများနှင့် ဆွေမျိုးများက စွန့်လွှတ်သွားမည်ကို စိုးရိမ်တတ်ကြလေသည်။)

တစ်ဖန် 'ကေယာမသ်'နေ့တွင် (အသင်တို့၏ အခြေအနေမှာ) မူ အသင်တို့ အချင်းချင်း အချို့က အချို့ကို ငြင်းပယ်ကြပေမည်။ အချင်းချင်း အချို့က အချို့ကို ကျိန်ဆဲကြပေမည်။ (စူရာဟ်အအ်ရားဖ်တွင် لَعَنَتْ اُخْتَهَا ဟူ၍လည်းကောင်း၊ စူရာဟ်စဗာအ်တွင် يَرْجِعُ بَعْضُهُمْ اِلٰى بَعْضِ نِ الْقَوْلَ ဟုလည်းကောင်း၊ စူရာဟ်ဗကရာဟ်တွင် اِذْ تَبَرَّا الَّذِيْنَ اتُّبِعُوْا ဟုလည်းကောင်း လာရှိထားသည်။ အချုပ်ဆိုရပါလျှင် ယနေ့မှာမူ အသင်တို့သည် ထိုဆွေမျိုးသားချင်းများကြောင့် လမ်းမှားခြင်းကို ရွေးချယ်ခဲ့ကြသည်။ 'ကေယာမသ်'နေ့တွင် ဤသားချင်း များသည်ပင် အသင်တို့၏ ရန်သူများဖြစ်သွားကြပေလိမ့်မည်။) ထို့ပြင် (အကယ်၍ အသင်တို့သည် ထိုရုပ်ပွားဆင်းတုများ ကိုးကွယ်ခြင်းကို မစွန့်လွှတ်ပါလျှင်) ငရဲဘုံသည် အသင်တို့၏ နေထိုင်ရာဌာန ဖြစ်ပေမည်။ ထို့ပြင် အသင်တို့အား ကူညီစောင်မမည့်သူဟူ၍လည်း တစ်စုံတစ်ဦးမျှ ရှိလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်ပေရာ (ဤမျှ တရားဓမ္မ ဟောကြားသည့်တိုင် ၎င်း၏ အမျိုးသားများက လက်မခံခဲ့ကြပေ။ လူးသ် ﷺ သည်သာ ထိုအိဗ်ရာဟီးမ် ﷺ အား လက်ခံခဲ့လေသည်။ ထိုအခါ အိဗ်ရာဟီးမ် ﷺ က 'မုချဧကန် ကျွန်ုပ်သည် အသင်တို့နှင့်အတူ မနေနိုင်တော့ပြီ။ မွေးရပ်မြေဒေသကို စွန့်၍ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင် (ပြသသည့် နေရာဒေသ) ဘက်သို့ ထွက်ခွာသွားမည်။ ဧကန်အမှန် ထို

အသျှင်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အမြော်အမြင်တရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်' ဟု ပြောဆိုခဲ့သည်။

(ထိုအသျှင်မြတ်သည် ကျွန်ုပ်အား စောင့်ရှောက်တော်မူပေမည်။ ထို့ပြင် ကျွန်ုပ်အား ဤ 'ဟိဂျ်ရသ်' ပြုခြင်း၏ အစားပေးတော်မူလိမ့်မည်။) ထို့နောက် ငါအသျှင်မြတ်သည် (ဟိဂျရသ်ပြုပြီး နောက်ပိုင်းတွင်) အိဗ်ရာဟီးမ် ﷺ အား အိစ္စဟာက် (သားတော်) အားလည်းကောင်း၊ ယအ်ကူးဗ် (မြေးတော်) အား လည်းကောင်း ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် နဗီတမန်တော်ခန့်အပ်ခြင်း (အစဉ်အလာ) ကိုလည်းကောင်း၊ ကျမ်းဂန်ချီးမြှင့်ခြင်း (အစဉ်အလာ) ကိုလည်းကောင်း၊ ၎င်း၏ သားစဉ်မြေးဆက်၌ တည်စေတော်မူခဲ့သည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အိဗ်ရာဟီးမ် ﷺ အား ၎င်း၏ အကျိုးကို ၎င်းအား ဤလောကီဘဝ၌လည်း ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထို့ပြင် အိဗ်ရာဟီးမ် ﷺ သည် တမလွန်ဘဝ၌ လည်း (ကြီးမားမြင့်စွင့်သော အဆင့်အတန်းဖြင့်) ကောင်းမြတ်သူများအနက်မှ ဖြစ်ပေမည်။ (ဤအကျိုး ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ နီးကပ်မှု ရရှိခြင်းနှင့် အလ္လာဟ်အသျှင်မြတ် သဘောတူလက်ခံခြင်း တို့ကို ဆိုလိုသည်။ စူရာဟ်ဗကရာဟ်တွင် وَلَقَدِ اصْطَفَيْنَاهُ فِي الدُّنْيَا ဟု လာရှိသကဲ့သို့ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

فَآمَنَ لَهُ لُوطٌ وَقَالَ إِنِّي مُهَاجِرٌ إِلَىٰ رَبِّي

ဟဇရသ်လူးသ် ﷺ သည် ဟဇရသ်အိဗ်ရာဟီးမ် ﷺ ၏ တူတော်သူဖြစ်သည်။ နမ်ရူးဒ်၏ မီးပုံ ကြီးအတွင်းမှ ဟဇရသ်အိဗ်ရာဟီးမ် ﷺ ၏ 'မုအ်ဂျေဇာဟ်' ကို တွေ့မြင်ပြီး ဦးစွာပထမ မွတ်စ္စလင်မ် ဖြစ်လာခဲ့သူဖြစ်သည်။ ဟဇရသ်အိဗ်ရာဟီးမ် ﷺ ၏ ဇနီး ဟဇရသ်စာရဟ်သခင်မသည် ဦးရီးတော်၏ သမီးလည်းဖြစ်သည်။ သူမသည် မွတ်စ္စလင်မ်ဖြစ်နှင့်ပြီးသူ ဖြစ်သည်။ ၎င်းတို့နှစ်ဦးအား အတူခေါ်ဆောင်၍ ဟဇရသ်အိဗ်ရာဟီးမ် ﷺ သည် မွေးရပ်မြေကို စွန့်၍ 'ဟိဂျ်ရသ်' ပြုရန် ရည်ရွယ်လိုက်သည်။ ၎င်း၏ မွေးရပ်မြေမှာ ကူဖာဟ်၏ ရွာတစ်ရွာဖြစ်သော 'ကူစာ' မည်သော နေရာဖြစ်သည်။ ထိုသို့ ရည်ရွယ်ပြီး إِنِّي مُهَاجِرٌ إِلَىٰ رَبِّي ဟု ပြောဆိုခဲ့သည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်သည် မွေးရပ်ဇာတိကို စွန့်လွှတ်၍ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်သို့ သွားပါသည်' ဟု ဖြစ်သည်။ အလိုသဘောမှာ 'ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုရာတွင် အတားအဆီးမရှိနိုင်သော နေရာ သို့ သွားမည်' ဟု ဖြစ်သည်။

ဟဇရသ်နခအီ (ရဟ) နှင့် ကသာဒဟ် (ရဟ) တို့က إِنِّي مُهَاجِرٌ ဟု ပြောဆိုသူမှာ ဟဇရသ် အိဗ်ရာဟီးမ် ﷺ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ အကြောင်းမှာ ထိုအကြောင်း ပြောဆိုပြီး နောက်တွင် وَوَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ ဟု လာရှိထားရာ ဤစကားပြောဆိုသူမှာ ဟဇရသ်အိဗ်ရာဟီးမ် ﷺ

ပင် ဖြစ်ပေတော့မည်။ မုချကေန် အချို့အဖွင့်ပညာရှင်များကမူ اِنِّىۡ مُهَاجِرٌ သည် ဟဇရတ်လူးသ် ﷺ ၏ ပြောဆိုမှုစကားဖြစ်သည်ဟု သတ်မှတ်ကြသည်။ အဓိပ္ပာယ်တွင် ဤအဆိုအတိုင်း တင်ပြထားသည်။ သို့ရာတွင် စကားသွားစကားလာ စကားလမ်းကြောင်းအရ ကြည့်လျှင် ပထမသဖ်စီးရ်သည် ဦးစားပေးထိုက်သည့် အဆိုဖြစ်မည်ဟု ယူဆရပေသည်။ ဟဇရတ်လူးသ် ﷺ သည်လည်း ထိုဟိဂျ်ရတ်တွင် မုချ ပါဝင်ခဲ့သူဖြစ်သည်။ သို့သော် ဟဇရတ်စာရဟ်သခင်မအကြောင်းကို မဖော်ပြထားသကဲ့သို့ အကြောင်းမှာ ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ နောက်လိုက်သာ ဖြစ်သောကြောင့်ပင်ဖြစ်သည်။ အလားတူ ဟဇရတ်လူးသ် ﷺ ၏ ဟိဂျ်ရတ်အကြောင်းကိုလည်း သီးခြားတင်ပြထားခြင်းမရှိဟု ဆိုရန်မှာ မဖြစ်နိုင်သော ကိစ္စမဟုတ်။

ကမ္ဘာပေါ်တွင် ပထမဦးဆုံး 'ဟိဂျ်ရတ်'

ဟဇရတ်အိဗ်ရာဟီးမ် ﷺ သည် မွေးရပ်ဇာတိကို စွန့်လွှတ်၍ ပထမဦးဆုံး 'ဟိဂျ်ရတ်' ပြုခဲ့ရသော တမန်တော်ဖြစ်သည်။ ၎င်း၏ ဤ 'ဟိဂျ်ရတ်' သည် သက်တော် (၇၅) နှစ်အရွယ်တွင် ဖြစ်ခဲ့သည်။

ဤအကြောင်းအရာအားလုံးကို ကုရ်သုဗီကျမ်းမှ ထုတ်နုတ်တင်ပြခြင်းဖြစ်သည်။

အချို့ကျင့်စဉ်များ၏ အကျိုးသည် လောကတွင်လည်း ရရှိသွားခြင်း

وَاٰتَيۡنٰهُ اَجۡرَهٗ فِى الدُّنۡيَا

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ ငါအသျှင်မြတ်၏ လမ်းတော်၌ စွန့်လွှတ်စွန့်စားမှုများနှင့် အခြားသော ကောင်းမှုကိုယ်ကျင့်တရားများ၏ အကျိုးကုသိုလ်များကို လောက၌လည်း ပေးတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအား အဖန်ဆင်းခံအားလုံးတို့တွင် အားလုံးလက်ခံကြသော အေမာမ်ရှေ့ဆောင်ဦးရွက်အဖြစ် ပြုပေးတော်မူခဲ့သည်။ ယဟူဒီ၊ နဆွာရာနီနှင့် ရုပ်တုကိုးကွယ်သူ စသော လူအားလုံးတို့သည် ၎င်းအား ဂုဏ်ပေးလေးစားမှု ပြုကြရသည်။ မိမိတို့၏ ခေါင်းဆောင်အဖြစ် လက်ခံကြရသည်။ ထို့ပြင် တမလွန်တွင် ၎င်းသည် ထူးမြင့်ကောင်းမြတ်သော 'ဂျန္နသ်' ဥယျာဉ်ဘုံသားတို့အနက်မှ ဖြစ်ပေလိမ့်မည်။ ထိုအချက်ဖြင့် သိရှိရသည်မှာ ကျင့်စဉ်ကျင့်ရပ်များ၏ အဓိကအစားပေးခြင်းမှာမူ တမလွန်၌သာ ဖြစ်ပေမည်။ သို့ရာတွင် တစ်စိတ်တစ်ဒေသကို လောက၌ ပေးသနားခြင်းမျိုးလည်း ရှိသည်။ နိုင်မာသော ဟဒီးစ်တော်များတွင် ကောင်းသော ကိုယ်ကျင့်တရားများဖြင့် များစွာသော လောကီရေးအကျိုးများနှင့် မကောင်းသော လုပ်ရပ်များအားဖြင့် လောကီရေး မကောင်းခြင်းများနှင့် ကြုံဆုံရမည့်အကြောင်း လာရှိထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلُوطًا إِذْ قَالَ لِقَوْمِهِۦٓ إِنَّكُمْ لَتَأْتُونَ ٱلْفَٰحِشَةَ مَا سَبَقَكُم بِهَا مِنْ أَحَدٍ مِّنَ ٱلْعَٰلَمِينَ ﴿٢٨﴾

၂၉ : ၂၈ ။ ။ ထို့နည်းတူစွာ (ငါအသျှင်မြတ်သည် တမန်တော်) လူသ်အား (လည်း) နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။ တစ်ရံရောအခါ ၎င်း (လူသ်) က မိမိ၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ 'ကေန်စင်စစ် အသင်တို့သည် ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် အသင်တို့အလျှင် ကျူးလွန်ခဲ့ခြင်း မရှိသေးသော လွန်စွာ စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်သည့် အမှုကို ကျူးလွန်ကြကုန်သည်။'

أَئِنَّكُمْ لَتَأْتُونَ ٱلرِّجَالَ وَتَقْطَعُونَ ٱلسَّبِيلَ وَتَأْتُونَ
فِى نَادِيكُمُ ٱلْمُنكَرَ ۖ فَمَا كَانَ جَوَابَ قَوْمِهِۦٓ إِلَّآ أَن قَالُوا۟
ٱئْتِنَا بِعَذَابِ ٱللَّهِ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿٢٩﴾

၂၉ : ၂၉ ။ ။ အသင်တို့သည် ယောကျာ်းများထံသို့ (ကာမဂုဏ်ခံစားရန်) သွားကြလေသလော။ ၎င်းပြင် အသင်တို့သည် လမ်းကို ဖြတ်တောက်ကြလေသလော။ (တစ်နည်း) အသင်တို့သည် လမ်း (တွင်) လုယက်တိုက်ခိုက်ကြလေသလော။ ထို့ပြင် အသင်တို့သည် မိမိတို့၏ စုဝေးရာ၌ စက်ဆုပ်ရွံရှာဖွယ်ရာ ကိစ္စများကို ကျူးလွန်ကြလေသလော။ ထိုအခါ ၎င်း (လူသ်) ၏ အမျိုးသားတို့က (အို၊ လူသ်) 'အကယ်၍ အသင်သည် သစ္စာဝါဒီတစ်ဦး ဖြစ်ခဲ့ပါမူ ကျွန်ုပ်တို့ထံ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ကို ယူဆောင်ခဲ့လော'ဟု ပြောဆိုခြင်းမှအပ အခြားမည်သည့်အဖြေမျှပင် ပေးနိုင်ခဲ့ကြသည် မရှိချေ။

قَالَ رَبِّ ٱنصُرْنِى عَلَى ٱلْقَوْمِ ٱلْمُفْسِدِينَ ﴿٣٠﴾

၂၉ : ၃၀ ။ ။ (ထိုအခါ) ၎င်း (လူသ်) က 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ဖျက်ဆီးမှုကို ကျူးလွန်ပြုလုပ်ကြကုန်သော အမျိုးသားတို့အပေါ်၌ အောင်နိုင်မှုကို ပေးသနားတော်မူပါ'ဟု လျှောက်ထားပန်ကြားခဲ့လေသည်။

وَلَمَّا جَآءَتْ رُسُلُنَآ
إِبْرَٰهِيمَ بِٱلْبُشْرَىٰ قَالُوٓا۟ إِنَّا مُهْلِكُوٓا۟ أَهْلِ هَٰذِهِ
ٱلْقَرْيَةِ ۖ إِنَّ أَهْلَهَا كَانُوا۟ ظَٰلِمِينَ ﴿٣١﴾

၂၉ : ၃၁ ။ ။ ၎င်းပြင် ငါအသျှင်မြတ်၏ စေတမန်များသည် ၎င်း (တမန်တော်) အီဗ်ရာဟီမ်၏ ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကို ဆောင်ကြဉ်းခဲ့ကြလေသောအခါ ၎င်း (စေတမန်) တို့က 'ကေန်မလွဲ ကျွန်ုပ်တို့သည် ဤမြို့ရွာသားတို့အား ဖျက်ဆီးမည့်သူများပင် ဖြစ်ကြပေသည်။ ကေန်စင်စစ် ယင်းမြို့ရွာ၌ နေထိုင်သော သူတို့မှာ အလွန်တရာ ပြစ်မှုကျူးလွန်သူများပင် ဖြစ်ကြကုန်သည်'ဟု ပြောဆိုခဲ့ကြလေ၏။

قَالَ إِنَّ فِيهَا
لُوطًا ۚ قَالُوا نَحْنُ أَعْلَمُ بِمَن فِيهَا ۖ لَنُنَجِّيَنَّهُ وَأَهْلَهُ
إِلَّا امْرَأَتَهُ كَانَتْ مِنَ الْغَابِرِينَ ﴿٣٢﴾

၂၉ : ၃၂ ။ ။ (ထိုအခါ) ၄င်း (အီဗ်ရာဟီမ်) က 'ထိုမြို့ရွာ၌ (နဗီတမန်တော်) လူသ်သည် (လည်း) ရှိနေပေသည်' ဟု ပြောကြားခဲ့လေရာ ထိုစေတမန်တို့က ပြောဆိုဖြေကြားခဲ့သည်မှာ ထိုမြို့ရွာ၌ မည်သူတို့ နေထိုင်ကြသည်ကို ကျွန်ုပ်တို့သည် ကောင်းစွာ သိရှိကြပေသည်။ အမှန်ပင် ကျွန်ုပ်တို့သည် လူသ်၏ ဇနီးမှအပ၊ ၄င်း (လူသ်) နှင့်တကွ ၄င်း၏ အိမ်သူအိမ်သား သက်ဆိုင်သူများကိုပါ ကယ်ဆယ်ကြပေမည်။ ၄င်း (လူသ်) ၏ ဇနီးမှာမူ ကျန်ရစ်သူတို့တွင် အပါအဝင်ဖြစ်ပေမည်'ဟု ပြောကြားခဲ့ကြကုန်၏။

وَلَمَّا أَن جَاءَتْ
رُسُلُنَا لُوطًا سِيءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَقَالُوا
لَا تَخَفْ وَلَا تَحْزَنْ ۖ إِنَّا مُنَجُّوكَ وَأَهْلَكَ إِلَّا
امْرَأَتَكَ كَانَتْ مِنَ الْغَابِرِينَ ﴿٣٣﴾

၂၉ : ၃၃ ။ ။ တစ်ဖန် ငါအသျှင်မြတ်၏ စေတမန်တို့သည် လူသ်၏ထံသို့ ရောက်ရှိ၍ လာခဲ့ကြသောအခါ ၄င်း (လူသ်) မှာ ၄င်းတို့ (ရောက်ရှိနေသော) ကြောင့် စိတ်မချမ်းမြေ့ ဖြစ်ခဲ့ရသည့်အပြင် ၄င်းတို့နှင့် ပတ်သက်၍ လွန်စွာ စိတ်ကျဉ်းကျပ်မှုလည်း ဖြစ်ခဲ့လေ၏။ သို့ရာတွင် စေတမန်တို့က (ဤသို့) ပြောဆို (နှစ်သိမ့်စေ) ခဲ့ကြလေသည်။ '(အို၊ လူသ်) အသင်သည် စိုးရိမ်ခြင်းလည်း မရှိပါလေနှင့်။ ပူဆွေးခြင်းလည်း မရှိပါလေနှင့်။ စေကန်မလွဲ ကျွန်ုပ်တို့သည် အသင်၏ ဇနီးမှအပ အသင်နှင့်တကွ အသင်၏ အိမ်သူအိမ်သား သက်ဆိုင်သူအားလုံးတို့အား ကယ်ဆယ်ရမည့်သူများပင် ဖြစ်ကြပေမည်။ ထိုဇနီးမှာမူ (ပြစ်ဒဏ်ခံစားရန်) ကျန်ရစ်ခဲ့ကြကုန်သော သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ကြပေလိမ့်မည်။

إِنَّا مُنزِلُونَ عَلَىٰ أَهْلِ
هَٰذِهِ الْقَرْيَةِ رِجْزًا مِّنَ السَّمَاءِ بِمَا كَانُوا يَفْسُقُونَ ﴿٣٤﴾

၂၉ : ၃၄ ။ ။ စေကန်အမှန် ကျွန်ုပ်တို့သည် ဤမြို့သူ၊ ရွာသားတို့အပေါ်၌ ၄င်းတို့သည် အမိန့်တော်ကို ဖီဆန်လျက် ရှိခဲ့ကြသောကြောင့် မိုးကောင်းကင်မှ ပြစ်ဒဏ်တစ်မျိုးကို ချပေးမည့်သူများပင် ဖြစ်ကြပေသည်။

وَلَقَد تَّرَكْنَا مِنْهَا آيَةً بَيِّنَةً لِّقَوْمٍ يَعْقِلُونَ ﴿٣٥﴾

၂၉ : ၃၅ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် သိနားလည်ကြကုန်သော အမျိုးသားတို့အဖို့ ထိုမြို့ရွာမှ ထင်ရှားစွာသော သက်သေလက္ခဏာအချို့ကို ချန်လှပ်၍ ထားရှိတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချုပ်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်သည် လူးသ္ဂ عليه السلام အားလည်း နဗီအဖြစ် စေလွှတ်တော်မူခဲ့သည်။ အခါတစ်ပါးတွင် ထိုလူးသ္ဂ عليه السلام က မိမိ၏ အမျိုးသားတို့အား ပြောကြားသည်မှာ စေကန်မုချ အသင်တို့သည် ကမ္ဘာသူ၊ ကမ္ဘာသား ခပ်သိမ်းတို့တွင် မည်သူတစ်ဦးတစ်ယောက်မျှပင် အသင်တို့အလျှင်က ကျူးလွန်ခဲ့ခြင်း မရှိသေးသော အလွန်ဆိုးယုတ် အရှက်မဲ့လှစွာသော အမှုကို ကျူးလွန်ကြကုန်၏။

အသင်တို့သည် ယောက်ျားများထံသို့ (မေထုန်အမှုပြုရန်) သွားကြလေသလော။ (အလွန်ဆိုးယုတ်သော အမှုဆိုသည်မှာ ဤသည်ပင်ဖြစ်သည်။) ၎င်းပြင် (ထိုလုပ်ရပ်အပြင် အခြားသော မကောင်းမှုလုပ်ရပ်များလည်း ပြုကြသေးသည်။ ဥပမာ–) အသင်တို့သည် လမ်းတွင် လုယက်တိုက်ခိုက်ကြလေသလော။ ထို့ပြင် အသင်တို့သည် မိမိတို့ စုဝေးရာ၌ စက်ဆုပ်ရွံရှာဖွယ်ကိစ္စများကို ကျူးလွန်ကြလေသလော။ (ပြစ်မှုကို ထင်ပေါ်စွာ ပြုလုပ်ခြင်းသည်လည်း ပြစ်မှုတစ်ခုပင် ဖြစ်သည်။) သို့ဖြစ်ပေရာ လူးသ် عليه السلام ၏ အမျိုးသားတို့က (နောက်ဆုံးတွင်) အကယ်၍ အသင်သည် (ဤစကားအတိုင်း) မှန်ကန်သူဖြစ်ပါလျှင် ကျွန်ုပ်တို့ထံသို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'အဇာဗ်'အပြစ်ဒဏ်ကို ယူဆောင်ခဲ့ပါလေဟု နောက်ဆုံးအဖြစ်အား ပြောဆိုခဲ့သည်။

လူးသ္ဂ عليه السلام သည် အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား ဖျက်ဆီးမှုကို ကျူးလွန်သော အမျိုးသားတို့အပေါ်၌ အောင်နိုင်မှုကို ပေးသနားတော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေသည်။

ထို့ပြင် (လူးသ္ဂ عليه السلام ၏ ဒိုအာကို လက်ခံတော်မူပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် 'အဇာဗ်' အပြစ်ဒဏ်ချမည့်အကြောင်း သတင်းပေးရန် ဖရစ်ရှ်သာဟ်များကို သတ်မှတ်တော်မူသည်။ ၎င်းဖရစ်ရှ်သာဟ်များကို ဒုတိယအလုပ်အနေဖြင့် အိဗ်ရာဟီးမ် عليه السلام အား အိစ္စဟားက် عليه السلام မွေးဖွားမည့် သတင်းကောင်းပေးရန် တာဝန်ပေးအပ်ခဲ့လေသည်။ သို့ဖြစ်ပေရာ) ငါအသျှင်မြတ်၏ (ထို) စေတမန်များသည် အိဗ်ရာဟီးမ် عليه السلام ထံသို့ (၎င်း၏ သားတော် အိစ္စဟားက် عليه السلام မွေးဖွားမည့်အကြောင်း) သတင်းကောင်းယူလာကြစဉ် ထိုဖရစ်ရှ်သာဟ်တို့က အိဗ်ရာဟီးမ် عليه السلام အား 'ကျွန်ုပ်တို့သည် ဤမြို့ရွာသားများကို (ထိုမြို့တွင် လူးသ် عليه السلام ၏ အမျိုးသားများ နေထိုင်ကြသည်။) ဖျက်ဆီးမည့်သူများပင် ဖြစ်ကြပါသည်။ (အကြောင်းမှာ) ဤမြို့ရွာ၌ နေထိုင်သူတို့သည် အလွန်ပင် ဆိုးသွမ်းကြပါသည်' ဟု ပြောဆိုခဲ့ကြသည်။

ထိုအခါ ဟဇရတ်အိဗ်ရာဟီးမ် عليه السلام က 'ထိုမြို့ရွာ၌ လူးသ္ဂ عليه السلام လည်း ရှိနေပေသည်။ (ထိုမြို့ရွာ၌ 'အဇာဗ်'ချခြင်းဖြင့် လူးသ္ဂ عليه السلام ကို ဒုက္ခဖြစ်စေပါလိမ့်မည်။) ထိုအခါ စေတမန်များက ထိုမြို့ရွာ၌ မည်သူမည်ဝါတို့ နေထိုင်ကြသည်ကို ကျွန်ုပ်တို့သည် သိရှိပြီးဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် လူးသ် عليه السلام

အားလည်းကောင်း၊ ၎င်းနှင့် အထူးပတ်သက်ဆက်နွှယ်သူ (အလိုသဘောမှာ အီမာန်ရှင်ဖြစ်သော အိမ်သူ၊ အိမ်သားများနှင့် ဆွေမျိုးသားချင်းများ) တို့ကိုလည်းကောင်း ထို 'အဇာဗ်'အပြစ်ဒဏ်မှလည်းကောင်း ကယ်တင်ကြပေမည်။ ('အဇာဗ်'မကျရောက်လာမီ ၎င်းတို့အား မြို့ရွာအပြင်သို့ ထုတ်ယူလိုက်ကြမည်။) သို့ရာတွင် ၎င်း (လူးသ် ﷺ) ၏ ဇနီးမှာမူ 'အဇာဗ်'အပြစ်ဒဏ်အတွင်း၌ ကျန်ရစ်သူတို့တွင် အပါအဝင် ဖြစ်ပေမည်'ဟု ပြောဆိုဖြေကြားခဲ့ကြသည်။

(ဤအကြောင်းကို စူရာဟ်ဟူးဒ်နှင့် စူရာဟ်ဟိဂျ်ရ်တို့တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤပြောဆိုမှုများသည် ဟဇရတ်အိဗ်ရာဟီးမ် ﷺ နှင့် ပြောဆိုခဲ့ကြခြင်းဖြစ်သည်။) ထို့နောက်တစ်ဖန် (ထိုသို့ ပြောဆိုကြပြီးနောက်) ငါအသျှင်မြတ်၏ စေတမန်တို့သည် လူးသ် ﷺ ထံသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအခါ လူးသ် ﷺ မှာ ၎င်းတို့ (၏ ရောက်လာခြင်း) ကြောင့် စိတ်မချမ်းမသာဖြစ်ရလေသည်။ (အကြောင်းမှာ ၎င်းတို့သည် ရုပ်ဆင်းရူပါ အလွန်လှပသော အသွင်သဏ္ဍာန်ဖြင့် ရောက်ရှိလာကြသောကြောင့် ဖြစ်သည်။ လူးသ် ﷺ သည် ၎င်းတို့အား လူသားများဟုသာ ထင်မှတ်ပြီး မိမိအမျိုးသားတို့၏ ရွံရှာဖွယ်လုပ်ရပ်များကို သတိဝင်လာသောကြောင့် ဖြစ်သည်။) ၎င်းပြင် (ဤအတွက်ကြောင့်) ၎င်းတို့ (ရောက်ရှိလာခြင်း) ကြောင့် စိတ်ကျဉ်းကျပ်မှု ဖြစ်ရလေသည်။ သို့ရာတွင် (ဖရစ်ရှ်သာဟ်များသည် ထိုအချင်းအရာကို တွေ့မြင်ရပြီး) ထိုဖရစ်ရှ်သဟ်တို့က (အို၊ လူးသ်၊ အသင်သည် မည်သည့်အကြောင်းကိုမျှ) စိုးရိမ်ခြင်းလည်း မဖြစ်လေနှင့်။ ပူဆွေးခြင်းလည်းမပြုလေနှင့်။ (ကျွန်ုပ်တို့သည် လူသားများမဟုတ်ကြပါ။ 'အဇာဗ်'အပြစ်ဒဏ်ပေးမည့် ဖရစ်ရှ်သာဟ်များပင် ဖြစ်ကြပါသည်။ إِنَّا رُسُلُ رَبِّكَ ၌ တင်ပြထားသကဲ့သို့ ထို့နောက် ထို 'အဇာဗ်'အပြစ်ဒဏ်မှ) ကျွန်ုပ်တို့သည် အသင့်အားလည်းကောင်း၊ အသင်၏ အထူးပတ်သက်ဆက်နွှယ်သူ အိမ်သူ၊ အိမ်သား အားလုံးတို့ကိုလည်းကောင်း ကယ်တင်ကြပါမည်။ အသင်၏ ဇနီးမှာမူ 'အဇာဗ်'အပြစ်ဒဏ် ခံစားရန် ကျန်ရစ်သူများတွင် တစ်ဦးအပါအဝင်ဖြစ်ပေမည်ဟု ပြောဆိုခဲ့ကြသည်။

(အသင်နှင့်တကွ အသင်နှင့် အထူးဆက်နွှယ်ပတ်သက်သူ အိမ်သူအိမ်သားများကို 'အဇာဗ်'အပြစ်ဒဏ်မှ ကယ်တင်ပြီးနောက်) ကျွန်ုပ်တို့သည် ထိုမြို့ရွာ၏ (ကျန်ရှိသော) နေထိုင်သူများအပေါ် မိုးကောင်းကင်မှ ပြစ်ဒဏ်တစ်မျိုးကို ထိုအမိန့်ဖီဆန်သူတို့အတွက် အပြစ်ဒဏ်အဖြစ် ချပေးရမည့်သူများ ဖြစ်သည်။ (ဤသို့ဖြင့် ထိုမြို့ရွာသည် မြေလှန်မှောက်ချခြင်း ခံခဲ့ရသည်။ အကွယ်မှ ကျောက်တုံးကျောက်ခဲများဖြင့် ပစ်ချခြင်း ခံခဲ့ရသည်။)

ထို့နောက် ငါအသျှင်မြတ်သည် ထိုမြို့ရွာရှိ ထင်ရှားသော သက်သေလက္ခဏာအချို့ကို (ယခုတိုင်) သိနားလည်သူတို့ (သံဝေဂရယူနိုင်ရန်) ကျန်မှုချ ချန်လှပ်ထားတော်မူခဲ့သည်။ (သို့ဖြစ်ပေရာ မက္ကာဟ်သားတို့သည် ဆီရီးယားနိုင်ငံသို့ ခရီးသွားစဉ် ထိုကွင်းပြင်နေရာများကို တွေ့မြင်ကြရသည်။ အသိဉာဏ်ရှိသူတို့မှာမူ အကျိုးထူးခံစားကြရသည်။ အဘယ်ကြောင့်ဆိုသော် ကြောက်ရွံ့ကာ အီမာန်သက်ဝင် ယုံကြည်လာခဲ့ကြသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلُوطًا اِذْ قَالَ لِقَوْمِهٖٓ اِنَّكُمْ لَتَاْتُوْنَ الْفَاحِشَةَ

ဤနေရာတွင် ဟဇရတ်လူးသ္ ﷺ သည် မိမိအမျိုးသားများ၏ အလွန်ဆိုးယုတ်သည့် (၃) မျိုးသော အပြစ်ဒုစရိုက်များကို တင်ပြခဲ့ကြသည်။

(၁) အမျိုးသားသည် အမျိုးသားနှင့် မေထုန်မှုပြုခြင်း၊

(၂) ခရီးသည်များထံမှ လုယက်တိုက်ခိုက်ခြင်းနှင့်

(၃) မိမိတို့ စုဝေးရာနေရာ၌ အားလုံး၏ ရှေ့မှောက်တွင်ပင် ပွင့်လင်းစွာ အပြစ်ဒုစရိုက် ကျူးလွန်ခြင်းတို့ ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤတတိယမြောက် အပြစ်ဒုစရိုက်ကို မည်သည့်ပြစ်မှုဖြစ်သည်ဟု သတ်မှတ်တင်ပြထားခြင်း မရှိပေ။ ၎င်းမှ သိရှိရသည်မှာ အပြစ်ထိုက်သင့်စေသော ပြစ်မှုတိုင်းသည် မူလဓာတ်အရ ပြစ်မှုပင်ဖြစ်သည်။ အကယ်၍ ထိုပြစ်မှုကို အလေးမထားဘဲ ထင်ထင်ပေါ်ပေါ် ကျူးလွန်ပါလျှင် ဤပြစ်မှုသည် အခြားသီးသန့်ပြစ်မှုတစ်ခု ဖြစ်သွားသည်။ ဤသည်မှာ မည်သည့်ပြစ်မှုပင်ဖြစ်စေ အတူတူပင်ဖြစ်သည်။

အချို့အဖွင့်ပညာရှင် အေမာမ်ကြီးများက ဤနေရာတွင် မိမိတို့စုဝေးရာ နေရာ၌ အားလုံး၏ ရှေ့မှောက်၌ ထင်ထင်ပေါ်ပေါ် ကျူးလွန်သည့် စက်ဆုပ်ဖွယ် ပြစ်မှုများကို ရေတွက်ကြသည်။ ဥပမာ-လမ်း၌ သွားလာနေသူတို့ကို ကျောက်ခဲဖြင့် ပစ်ပေါက်ခြင်းနှင့် ၎င်းတို့အား လှောင်ပြောင်သရော်ခြင်းများ ဖြစ်သည်။ အွန်းမေ့ဟာနီ ﷺ သခင်မ၏ ဟဒီးစ်တော်တစ်ပါး၌ ဤအကြောင်းများ လာရှိထားသည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'ထိုစက်ဆုပ်ဖွယ် ရှက်ဖွယ်လိလိ ပြစ်မှုလုပ်ရပ်များသည် ၎င်းတို့၏ ကျော်ကြားသော လုပ်ရပ်များဖြစ်သည်။ ၎င်းတို့သည် ထိုလုပ်ရပ်များကို မည်သည့်နေရာ၌ပင် ဖြစ်စေ ဖုံးကွယ်၍ မပြုကြပေ။ ပွင့်လင်းထင်ရှားစွာ အားလုံး၏ ရှေ့မှောက်၌ပင် ပြုလုပ်လေ့ ရှိကြသည်ဟူ၍ ဖြစ်သည်။

ဤအာယသ်တော်၌ တင်ပြထားသည့် ပြစ်မှု (၃) ခုအနက် ပထမပြစ်မှုသည် အဆိုးရွားဆုံးပြစ်မှု ဖြစ်သည်။ ထိုအမျိုးသားများ၏ အလျင် ကမ္ဘာပေါ်တွင် မည်သူကမျှ ဤပြစ်မှုကို မကျူးလွန်ခဲ့ကြပေ။ တောရိုင်းသတ္တဝါများပင် ဤလုပ်ရပ်ကို ရှောင်ကြဉ်ကြသည်။ အွမ္မသ်၏ ပညာရှင်များသည် ဤပြစ်မှုသည် 'ဇေနာ'ပြစ်မှုထက်ပင် ပို၍ ဆိုးရွားပြင်းထန်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆိုကြသည်။

[ရူးဟွလ်မအာနီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ وَ
ارْجُوا الْيَوْمَ الْآخِرَ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿٣٦﴾

၂၉ : ၃၆ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) မဒ်ယာန် (မြို့သားတို့ထံ) သို့၊ ၎င်းတို့၏ နောင်တော်ရှုအိုက်ဗ်အား (နဗီတမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ ၎င်း (ရှုအိုက်ဗ်) က 'အို၊ ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် နောက်ဆုံးနေ့ကို စိုးရိမ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် ဖျက်ဆီးသူများအဖြစ် တိုင်းပြည်တွင် သောင်းကျန်းမှုကို မပြုလုပ်ကြကုန်လင့်' ဟု ပြောကြားခဲ့၏။

فَكَذَّبُوهُ فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ ﴿٣٧﴾

၂၉ : ၃၇ ။ ။ သို့ရာတွင် ၎င်းတို့သည် ယင်း (ရှုအိုက်ဗ်) အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မြေလျှင်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေရာ၊ ၎င်းတို့မှာ မိမိတို့နေအိမ်များ၌ မှောက်လျက်လဲ (၍ သေကြေပျက်စီး) နေသူများပင် ဖြစ်သွားခဲ့ကြကုန်သည်။

وَعَادًا وَثَمُودَا وَقَد تَّبَيَّنَ لَكُم مِّن مَّسَاكِنِهِمْ ۖ
وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ
وَكَانُوا مُسْتَبْصِرِينَ ﴿٣٨﴾

၂၉ : ၃၈ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) အာဒ်အမျိုးသားများနှင့် ဆမူဒ်အမျိုးသားတို့အား (ဖမ်းဆီးကွပ်မျက်၍ ဖျက်ဆီးတော်မူခဲ့၏။) ထို့ပြင် ဧကန်မလွဲ (၎င်းတို့ ကွပ်မျက်ခြင်း ခံခဲ့ရသည်မှာ) အသင်တို့အဖို့ ၎င်းတို့၏ နေထိုင်ရာများ (ကို ကြည့်ရှုလေ့လာခြင်းအား) ဖြင့် ထင်ရှားခဲ့လေပြီ။ စင်စစ် ရှိုက်သွာန်သည် ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ပြီးလျှင် ၎င်းတို့အား (မှန်ကန်သော တရား) လမ်းမှ တားဆီးပိတ်ပင်ခဲ့လေ၏။ စင်စစ် ၎င်းတို့မှာ အသိအမြင်ဉာဏ်ပညာရှိသော သူများပင် ဖြစ်ခဲ့ကြကုန်၏။ (၎င်းတို့သည် လောကီရေးတွင် အမြော်အမြင် ရှိခဲ့ကြသော်လည်း၊ သာသနာရေးတွင်မူ ရှိုက်သွာန်၏ သွေးဆောင်ဖြားယောင်းမှုမှ မလွတ်မြောက်နိုင်ခဲ့ကြပေ။)

وَقَارُونَ وَفِرْعَوْنَ وَهَامَانَ ۖ وَلَقَدْ
جَاءَهُم مُّوسَىٰ بِالْبَيِّنَاتِ فَاسْتَكْبَرُوا فِي الْأَرْضِ وَمَا كَانُوا سَابِقِينَ ﴿٣٩﴾

၂၉ : ၃၉ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) ကာရူန်၊ ဖိရ်အောင်န်နှင့် ဟာမာန်တို့ကိုလည်း (ဖျက်ဆီးတော်မူခဲ့၏။) စင်စစ် ၎င်းတို့ထံ (တမန်တော်) မူစာသည် ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိ၍ လာခဲ့လေသည်။ သို့ရာတွင် ၎င်းတို့မှာ ကမ္ဘာမြေပေါ်ရှိ တိုင်းပြည်၌ မောက်မာဆိုးသွမ်းခဲ့ကြကုန်၏။ အမှန်မှာ ၎င်းတို့သည် (ငါအသျှင်မြတ်၏ ပြစ်ဒဏ်မှ) လွတ်မြောက်သွားနိုင်ကြသူများ မဖြစ်ခဲ့ကြချေ။

فَكُلًّا اَخَذْنَا بِذَنْۢبِهٖ ۚ فَمِنْهُمْ مَّنْ اَرْسَلْنَا عَلَيْهِ
حَاصِبًا ۚ وَمِنْهُمْ مَّنْ اَخَذَتْهُ الصَّيْحَةُ ۚ وَمِنْهُمْ مَّنْ خَسَفْنَا
بِهِ الْاَرْضَ ۚ وَمِنْهُمْ مَّنْ اَغْرَقْنَا ۚ وَمَا كَانَ اللّٰهُ لِيَظْلِمَهُمْ
وَلٰكِنْ كَانُوْۤا اَنْفُسَهُمْ يَظْلِمُوْنَ ۝

၂၉ : ၄၀ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (အာဒ်၊ ဆမူဒ်၊ ကာရူန်၊ ဖိရ်အောင်နှင့် ဟာမန်တို့အနက်) အသီးသီးအား ၎င်း၏ ပြစ်မှုကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ငါအသျှင်မြတ်သည် ၎င်းတို့အနက် အချို့အပေါ်၌ ကျောက်ခဲများပါရှိသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။ ထိုနည်းတူစွာ ၎င်းတို့အနက် အချို့ကို ကျယ်လောင်ပြင်းထန်လှစွာသော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေ၏။ ထို့ပြင် ၎င်းတို့အနက် အချို့ကို ငါအသျှင်မြတ်သည် မြေမျိုစေတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အနက် အချို့ကိုမူ ငါအသျှင်မြတ်သည် ရေနစ်စေတော်မူခဲ့၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မတရား နှိပ်စက်တော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ညှဉ်းပန်းလျက် ရှိခဲ့ကြကုန်သည်။

مَثَلُ الَّذِيْنَ اتَّخَذُوْا
مِنْ دُوْنِ اللّٰهِ اَوْلِيَآءَ كَمَثَلِ الْعَنْكَبُوْتِ ۚ اِتَّخَذَتْ بَيْتًا ۚ وَ
اِنَّ اَوْهَنَ الْبُيُوْتِ لَبَيْتُ الْعَنْكَبُوْتِ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝

၂၉ : ၄၁ ။ ။ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အခြားတစ်စုံတစ်ရာကို (မိမိတို့၏) ကိစ္စအဝဝကို ပြီးစီးအောင် ပြုလုပ်ဆောင်ရွက်ပေးသူများဟု ရွေးချယ်ပြုလုပ်ကြကုန်သော သူတို့၏ ဥပမာသည် ပင့်ကူ၏ ဥပမာနှင့် အလားတူ၏။ ထိုပင့်ကူမှာ အိမ်တစ်ခုကို ပြုလုပ်၏။ သို့ရာတွင် ကေန်မလွဲ အချည့်နဲ့ဆုံး (အားအနည်းဆုံး) သော အိမ်မှာ ပင့်ကူ၏ အိမ်ပင် ဖြစ်ကြောင်း ၎င်းတို့ သိရှိကြပါလျှင် ကောင်းလေစွ။

اِنَّ اللّٰهَ يَعْلَمُ مَا يَدْعُوْنَ مِنْ دُوْنِهٖ مِنْ شَيْءٍ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ۝

၂၉ : ၄၂ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိအား စွန့်၍ ၎င်းတို့ ဟာစ်ခေါ်လျက် ရှိကြသော မည်သည့်အရာကိုမဆို ကောင်းစွာ သိရှိတော်မူ၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ ۚ وَمَا يَعْقِلُهَاۤ اِلَّا الْعٰلِمُوْنَ ۝

၂၉ : ၄၃ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ဤဥပမာ ပုံဆောင်ချက်များကို လူတို့၏ အကျိုးငှာ ခိုင်းနှိုင်းတော်မူ၏။ သို့ရာတွင် (အာလင်မ်) အသိပညာရှင်တို့သည်သာလျှင် ယင်းဥပမာပုံဆောင်ချက်တို့ကို သိနားလည်ကြကုန်သည်။

خَلَقَ اللّٰهُ السَّمٰوٰتِ وَ
الْاَرْضَ بِالْحَقِّ ۗ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّلْمُؤْمِنِيْنَ ﴿٤٤﴾

၂၉ : ၄၄ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို (တိကျ) မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့ပေသည်။ ဧကန်မလွဲ ဤသည်၌ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ (ကြီးကျယ်လှစွာသော) သက်သေလက္ခဏာသည် အမှန်ပင် ရှိချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် မဒ်ယာန်သားတို့ထံသို့ ၎င်းတို့၏ (နောင်တော်) ရှုအိုင်ဗ် ﷺ အား နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ ထိုရှုအိုက်ဗ် ﷺ က 'အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ အလ္လာဟ်အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ('ရှရစ်ကဲ'ယှဉ်တွဲ ကိုးကွယ်ခြင်းကို စွန့်လွှတ်ကြကုန်။) ထို့ပြင် 'ကေယာမသ်'နေ့ကို ကြောက်ရွံ့ကြကုန်။ (ထိုနေ့အား ငြင်းပယ်ခြင်းမှ ရှောင်ကြဉ်ကြလေကုန်။) ထို့ပြင် ကမ္ဘာမြေပေါ်တွင် ဖျက်ဆီးသူများအဖြစ် သောင်းကျန်းဖျက်ဆီးမှုများ မပြုကြလေနှင့်'ဟု ပြောကြားခဲ့သည်။

(အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်သည့် တာဝန်ဝတ္တရားများ၊ အဖန်ဆင်းခံတို့နှင့် ပတ်သက်သည့် တာဝန်ဝတ္တရားများကို မချိုးဖျက်လေနှင့်။ အကြောင်းမှာ လူတို့သည် 'ကုဖ္ဖရ်'၊ 'ရှရစ်ကဲ'လုပ်ရပ်များ ကျူးလွန်ခြင်းနှင့်အတူ တိုင်းတာခြင်း၌ လျော့ပေါ့ခြင်း (ကိုက်ခိုးခြင်း) နှင့် အလေးချိန်ခွင်များ၌ လျော့ပေါ့ခြင်း (အလေးခိုးခြင်း) တို့ကို ပြုသော အလေ့အထများ ရှိသောကြောင့်ပင် ဖြစ်သည်။ ထိုလုပ်ရပ်များကြောင့် ဖျက်ဆီးမှုပြဿနာများ ဖြစ်ပေါ်လာရသည်။)

သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုရှုအိုက်ဗ် ﷺ ကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ ထို့ကြောင့် မြေလှျင်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ ၎င်းတို့သည် မိမိတို့၏ နေအိမ်များ၌ မှောက်လျက်လဲနေသူများ ဖြစ်ခဲ့ကြသည်။

ထို့ပြင် ငါအသျှင်မြတ်သည် အားဒ်အမျိုးသားတို့ကိုလည်းကောင်း၊ စမူးဒ်အမျိုးသားတို့ကိုလည်းကောင်း (၎င်းတို့၏ အမိန့်ဖီဆန်မှုနှင့် မနာခံမှုတို့ကြောင့်) ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် မုချဧကန် ၎င်းတို့ ဖျက်ဆီးခံခဲ့ရခြင်းမှာ အသင်တို့အဖို့ ၎င်းတို့ နေထိုင်ခဲ့သည့် အိမ်များကို ကြည့်ရှု (လေ့လာ) ခြင်းဖြင့် ထင်ရှားခဲ့လေပြီ။ (၎င်းတို့၏ လွင်တီးခေါင်ပြင် မြို့ရွာများ၏ မြေများသည် ဆီးရီးယားနိုင်ငံသို့ သွားသည့် အသင်တို့၏ လမ်းဆုံ၌ ဖြစ်သည်။) ထို့ပြင် (၎င်းတို့၏ အခြေအနေမှာ) ရှိုက်သွာန်သည် ၎င်းတို့၏ (မကောင်းသော) လုပ်ရပ်များကို ၎င်းတို့အမြင်၌ တင့်တယ်လှပအောင် ပြုလုပ်ထားသည်။ ထို့ပြင် ၎င်းတို့အား လမ်း (မှန်) ပေါ်မှ တားဆီးပိတ်ပင်ခဲ့လေသည်။ စင်စစ် ၎င်းတို့သည် အသိအမြင်ရှိသူများ ဖြစ်ခဲ့ကြသည်။ (ရူးသွပ်နေသူများလည်း မဟုတ်။ အသိတရား ခေါင်းပါးသူများလည်း မဟုတ်။ သို့ရာတွင် ဤနေရာ၌ ၎င်းတို့သည် မိမိတို့၏ အသိဉာဏ်များကို အသုံးမချခဲ့ကြပေ။)

ထို့နောက် ငါအသျှင်မြတ်သည် ကာရူးန်အားလည်းကောင်း၊ ဖိရ်အောင်န်အားလည်းကောင်း၊ ဟာမန်အားလည်းကောင်း (၄င်းတို့၏ 'ကုဖ္ဖရ်'သွေဖည်ငြင်းပယ်ခြင်းတို့ကြောင့်) ဖျက်ဆီးတော်မူခဲ့သည်။ ၄င်းတို့ (သုံးဦး) ထံသို့ မူစာ ﷺ သည် ထင်ရှားစွာသော သက်သေလက္ခဏာများ ယူဆောင်လာခဲ့သည်။ သို့ရာတွင် ၄င်းတို့သည် မြေပထဝီပေါ်တွင် မောက်မာဆိုးသွမ်းခဲ့ကြသည်။ ထို့ပြင် ငါအသျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်မှ လွတ်မြောက်သွားနိုင်သူများ မဖြစ်ခဲ့ကြပေ။

သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (ထိုငါးမျိုးသော သူများအနက်) ထိုသူတို့အသီးသီးအား ၄င်းတို့၏ပြစ်မှုကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ ၄င်းတို့အနက် အချို့အပေါ် ကျောက်ခဲများပါရှိသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့သည်။ (အားဒ်အမျိုးသားများကို ဆိုလိုသည်။) ထို့အတူ ၄င်းတို့အနက် အချို့ကို ကျယ်လောင်ပြင်းထန်လှသော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ (စမူးဒ်အမျိုးသားများကို ဆိုလိုသည်။ စူရာဟ်ဟူးဒ်တွင်

وَاَخَذَ الَّذِيْنَ ظَلَمُوا الصَّيْحَةُ

ဟု လာရှိသည်။) ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းတို့အနက် အချို့ကို မြေမျိုစေတော်မူခဲ့သည်။ (ကာရူးန်ကို ဆိုလိုသည်။) ထို့နောက် ငါအသျှင်မြတ်သည် ၄င်းတို့အနက် အချို့ကို (ရေ၌) နစ်မြုပ်စေတော်မူခဲ့သည်။ (ဖိရ်အောင်န်နှင့် ဟာမန်ကို ဆိုလိုသည်။) ထို့ပြင် (၄င်းတို့အပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်သည့်အခါ) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား မတရားနှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ၄င်းတို့သည်သာ (ဆိုးသွမ်းမှုများ ပြုလုပ်လျက်) မိမိတို့ကိုယ်ကို နှိပ်စက်ညှဉ်းပန်းလျက် ရှိခဲ့ကြခြင်းဖြစ်ပေသည်။ (မိမိတို့ကိုယ်ကို 'အဇာဗ်'နှင့် ထိုက်သင့်စေခဲ့ကြသည်။)

အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အခြားတစ်စုံတစ်ရာကို မိမိတို့၏ ကိစ္စအဝဝကို ပြီးစီးအောင်ပြုလုပ်ဆောင်ရွက်ပေးကြသူများဟု ရွေးချယ်ပြုလုပ်ထားကြသူတို့၏ ဥပမာမှာ ပင့်ကူနှင့် အလားတူသည်။ ထိုပင့်ကူသည် အိမ်တစ်ခုကို ပြုလုပ်သည်။ သို့ပါသော်လည်း မလွဲဧကန် အချည့်နဲ့ဆုံး၊ အားအနည်းဆုံးသော အိမ်မှာ ပင့်ကူ၏ အိမ်ပင်ဖြစ်သည်။

(ထိုပင့်ကူသည် မိမိ၏ ယူဆချက်အရ မိမိ၏ ခိုလှုံရာတစ်ခုအဖြစ် တည်ဆောက်ခဲ့သည်။ သို့သော် အမှန်စင်စစ် ထိုခိုလှုံရာသည် အဆုံးမရှိ အားအင်ချည့်နဲ့လွန်းသည့်အတွက် မရှိသည်နှင့်ပင် အလားတူပေသည်။ ဤအတိုင်းပင် ထို 'မုရှ်ရစ်က်'တို့သည် လွဲမှားသော ကိုးကွယ်ရာများကို မိမိတို့၏ ခိုလှုံရာအဖြစ် မှတ်ယူကြသည်။ သို့ရာတွင် အမှန်စင်စစ် ထိုအရာများသည် မည်သည့်နည်းနှင့်မျှ ခိုလှုံရာများ မဖြစ်ပါချေ။)

စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအား စွန့်၍ ထိုသူတို့ ဟစ်ခေါ်တမ်းတလျက်ရှိသည့် အရာအားလုံး (၏ အခြေအမြစ်နှင့် အားအင်ချည့်နဲ့မှု) ကို ကောင်းစွာ သိရှိတော်မူ၏။ (သို့ဖြစ်ပေရာ ထိုအရာအားလုံးသည် လွန်စွာပင် အားအင်ချည့်နဲ့သော အရာများသာဖြစ်သည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် လွှမ်းမိုးတော်မူသော အမြော်အမြင်တံ့တရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

ထို့ပြင် (ငါအသျှင်မြတ်သည် ထိုအရာများ၏ အခြေအမြစ်ကို သိတော်မူသည့်အတွက်) ငါအသျှင်မြတ်သည် ထို (ကုရ်အာန်၏) ဥပမာပုံဆောင်ချက်များကို (၎င်းဥပမာပုံဆောင်ချက်များအနက် တစ်ခုသည် ဤနေရာ၌ ဖော်ပြထားသည်။) လူတို့ (အား ရှင်းလင်းတင်ပြရန်အတွက်) ခိုင်းနှိုင်းတင်ပြထားခြင်း ဖြစ်သည်။ (ထိုပမာပုံဆောင်ချက်များဖြင့် ထိုသူတို့၏ အသိမဲ့မှုများသည် အသိတရားများအဖြစ်သို့ ပြောင်းလဲလာစေရန်ဖြစ်သည်။ သို့ရာတွင်) ထိုဥပမာပုံဆောင်ချက်များကို အိလ်မ်အသိတရားရှိသူများသာလျှင် သိနားလည်ကြပေမည်။

(လုပ်ရပ်အားဖြင့် အိလ်မ်အသိပညာရှိသူဖြစ်၍လည်းကောင်း၊ သို့မဟုတ် ဆုံးခန်းရလဒ်အားဖြင့် အိလ်မ် အသိပညာရှိသူဖြစ်၍လည်းကောင်း၊ ဆိုလိုသည်မှာ အသိပညာနှင့် အမှန်တရားကို လိုလားသူဖြစ်ရမည်။ ၎င်းတို့မှာမူ အိလ်မ်အသိပညာရှိသူများလည်း မဟုတ်ကြ။ အမှန်တရားကို လိုလားကြသူများလည်း မဟုတ်ကြပေ။ ထို့ကြောင့် အသိတရားခေါင်းပါးခြင်း၌သာ နစ်မွန်းနေကြခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ အသိတရားခေါင်းပါး၍ မသိနားမလည်ကြသော်လည်း အမှန်တရားသည် အမှန်တရားအတိုင်းသာ ရှိပေမည်။ ထိုအမှန်တရားကို အလ္လာဟ်အသျှင်မြတ် သိတော်မူသည်။ ၎င်းကို အလ္လာဟ်အသျှင်မြတ်သည် မိမိ မိန့်ကြားချက်များဖြင့် ရှင်းလင်းတင်ပြထားသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်မှအပ ခဝပ်ကိုးကွယ်မှုခံထိုက်သူ အခြားမည်သူမှမရှိကြောင်း အထောက်အထား ဖြစ်သွားပေသည်။ ရှေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ခဝပ်ကိုးကွယ်ခြင်း ခံထိုက်ကြောင်း အထောက်အထား လာရှိသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း သင့်လျော် အချိုးကျနသော ပုံစံဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ (သို့ဖြစ်ပေရာ ဤအချက်ကို ၎င်းတို့လည်း လက်ခံကြသည်။) အီမာန်သက်ဝင်ယုံကြည်သူများအတွက် ဤသည် (ထိုအသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှု ခံထိုက်သူ ဖြစ်ကြောင်း၏) ကြီးကျယ်လှစွာသော သက်သေဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ထိုအာယသ်တော်များ၌ နဗီတမန်တော်များနှင့် ၎င်းတို့၏ အမျိုးသားများအကြောင်းကို အကျဉ်းချုံး ဖော်ပြထားသည်။ စင်စစ် ထိုအကြောင်းများသည် လွန်ခဲ့ပြီးသော စူရာဟ်များ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဥပမာ- ရှုအိုက်ဗ် ﷺ ၏ အကြောင်းကို စူရာဟ်အအ်ရားဖ်နှင့် စူရာဟ်ဟူးဒ်၌လည်းကောင်း၊ အားဒ်နှင့် စမူးဒ်မျိုးနွယ်များအကြောင်းကိုလည်း စူရာဟ်အအ်ရားဖ်နှင့် စူရာဟ်ဟူးဒ်တို့၌လည်းကောင်း၊ ကာရူးန်၊ ဖိရ်အောင်န်နှင့် ဟာမန်းတို့အကြောင်းကို စူရာဟ်ကဆွဆ္ဆ်၌လည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

وَكَانُوا مُسْتَبْصِرِينَ

استبصار ဟူသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ **بصيرت** 'ဗဆွီရသ်' (နှလုံးသားအမြင်ဖြင့် သိမြင်ခြင်း) ၏ အဓိပ္ပာယ်အတိုင်း ဖြစ်သည်။

مُسۡتَبۡصِر သည် مُبَصِّر (သိမြင်နိုင်သူ) ၏ အဓိပ္ပာယ်တွင် ဖြစ်သည်။ အလိုသဘောမှာ 'ငင်းတို့သည် 'ကုဖ္ဖရ်'နှင့် 'ရှရစ်က်'တို့၌ ဖွတ်တိုးဝင်လျက် 'အဇားဗ်'အပြစ်ဒဏ်နှင့် ပျက်စီးခြင်းတို့၌ နစ်မွန်းကြရလေသည်။ အသိတရား ခေါင်းပါးခြင်းနှင့် ရှုးသွပ်ခြင်းများ လုံးဝ မဟုတ်ကြပေ။ လောကီရေးလုပ်ငန်းများတွင် အလွန် အသိကြွယ်၍ ထက်မြက်သူများ ဖြစ်ကြသည်။ သို့ရာတွင် ငင်းတို့၏ အသိဉာဏ်နှင့် ထက်မြက်ခြင်းတို့မှာ ဤလောကီရေးအတွက်မျှသာ ဖြစ်ခဲ့ရသည်။ ငင်းတို့၏ ဦးနှောက်အသိဉာဏ်တွင် ပြည့်ဝသော တရားမျှတမှုရှိသည့် ကောင်းမှု၊ မကောင်းမှုတို့အပေါ် ကောင်းသော အစားပေးခြင်းနှင့် မကောင်းသော အပြစ်အစားပေးခြင်းတို့ ဖြစ်ရှိမည့် နေ့တစ်နေ့ ရှိသင့်သည်ဟူ၍ နားမလည်ခဲ့ကြပေ။ အကြောင်းမှာ လောကတွင် မတရားသူတို့နှင့် ဆိုးယုတ်သူအများစုတို့သည် ပျော်ရွှင်မြူးတူးလှစွာ လှည့်လည်သွားလာနေကြသည်။ မတရားပြုခံရသူများနှင့် ဒုက္ခရောက်သူတို့မှာမူ ကျပ်တည်းစွာ နေကြရသောကြောင့် ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ တရားမျှတမှုပေးမည့် နေ့၏ အမည်မှာ 'ကေယာမသ်'နှင့် 'အာခေရသ်' ဟု ဖြစ်သည်ဟူသော အကြောင်းများတွင် ငင်းတို့၏ ဦးနှောက် အသိတရားများမှာ ထိုးနှက်ခြင်း ခံခဲ့ရလေသည်။

ဤအကြောင်းအရာသည် စူရာဟ်ရူးမ်တွင်လည်း လာရန်ရှိသည်။

يَعۡلَمُوۡنَ ظَاهِرًا مِّنَ الۡحَيٰوةِ الدُّنۡيَا وَهُمۡ عَنِ الۡاٰخِرَةِ هُمۡ غٰفِلُوۡنَ

ဆိုလိုသည်မှာ ဤသူတို့သည် လောကီရေးဘဝသက်တမ်း၏ အရေးကိစ္စများကိုမူ ကောင်းစွာ သိရှိနားလည်သူများ ဖြစ်ကြသည်။ သို့ရာတွင် 'အာခေရသ်'တမလွန်အရေးကိစ္စများကို မေ့လျော့ထားကြသူများ ဖြစ်သည်။

အချို့အဖွင့်ပညာရှင်အေမာမ်ကြီးများက وَكَانُوۡا مُسۡتَبۡصِرِيۡنَ ၏ အဓိပ္ပာယ်ကို ပြောဆိုကြသည်မှာ 'ငင်းတို့သည် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် 'အာခေရသ်'အပေါ်၌လည်း နှလုံးသား၌ ယုံကြည်ကြပေသည်။ ထိုအရာများသည် မှန်ကန်ကြောင်း ကောင်းစွာ သိနားလည်ကြသူများ ဖြစ်သည်။ သို့သော် လောကီရေး ရမ္မက်ဆန္ဒများသည် ငင်းတို့အား မလူးသာမလွန့်သာ လမ်းမှားစေခဲ့သည်။

وَاِنَّ اَوۡهَنَ الۡبُيُوۡتِ لَبَيۡتُ الۡعَنۡكَبُوۡتِ

عنکبوت သည် ပင့်ကူကို ခေါ်ဆိုသည်။ ပင့်ကူတွင် အမျိုးအစားများစွာ ရှိသည်။ ငင်းတို့အနက် အချို့မှာ မြေကြီး၌ အိမ်လုပ်၍ နေသည်လည်း ရှိသည်။ ဤနေရာတွင် ဤသို့သော ပင့်ကူကို ဆိုလိုခြင်းမဟုတ်ကြောင်း ထင်ရှားသည်။ ထို့မျှမက ပိုက်ကွန်ကဲ့သို့ အိမ်ပြုလုပ်သော ပင့်ကူကို ဆိုလိုသည်။ ထိုပိုက်ကွန်တွင်း တွဲလောင်းခိုလျက် ယင်ကောင်ကို ဖမ်း၍ စားတတ်သည်။ တိရစ္ဆာန်အမျိုးအစားအလိုက်၊ အသိုက်အမြုံ၊ အိမ်ဟု ရှိသည့်အထဲတွင် ဤပိုက်ကွန်ကဲ့သို့ ကြိုးမျှင်များဖြင့် ပြုလုပ်ထားသည့် အိမ်သည် အဆိုပါ အသိုက်၊ အမြုံ၊ အိမ်တို့ထက် အားအင်ချည့်နဲ့ကြောင်း ထင်ရှားသည်။ သာမန်လေတိုက်ခတ်ခြင်းဖြင့်ပင် ကျိုးပျက်သွားနိုင်သည်။

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများကို ကိုးကွယ်ရာအဖြစ် ပြုသူများနှင့် ထိုကိုးကွယ်ရာများအပေါ် အားကိုးအားထားပြုသူတို့၏ ဥပမာ- ပုံဆောင်ချက်ကို ပင့်ကူအိမ်နှင့် ခိုင်းနှိုင်းထားသည်။ ထိုပင့်ကူအိမ်သည် အလွန်ပင် ပါးလွှာ၍ ခိုင်ခန့်မှုမရှိ၊ အားအင်ချည့်နဲ့လှသည်။ ဤအတိုင်းပင် အလ္လာဟ်အသျှင်မြတ်ကို စွန့်၍ ရုပ်တုများအပေါ်၌လည်းကောင်း၊ အခြားလူသားတစ်ဦး စသည်တို့အပေါ်၌လည်းကောင်း၊ ယုံပုံအားထားမှုပြုသူတို့၏ ဥပမာမှာ ဤပင့်ကူသည် မိမိ၏ ပိုက်ကွန်၏ ကြိုးအမျှင်လေးများအပေါ် မှီခိုအားထားပြုသကဲ့သို့ ဖြစ်သည်။

ဓမ္မသတ် ။ ။ ပင့်ကူအား သတ်ဖြတ်ခြင်းနှင့် ပင့်ကူအိမ်ကို ရှင်းလင်းခြင်းတို့နှင့် စပ်လျဉ်း၍ သာသနာ့ ပညာရှင်ကြီးများအကြား ကွဲလွဲသောအဆိုများ ရှိသည်။ အချို့ပညာရှင်ကြီးများက ဤသည်ကို မနှစ်သက် ကြပေ။ အဘယ်ကြောင့်ဆိုသော် ဤပင့်ကူသတ္တဝါသည် 'ဟိဂျ်ရသ်'ပြုစဉ်က 'ဓောင်ရ်'လိုဏ်ဂူအဝတွင် ပင့်ကူအိမ် ပြုလုပ်ပေးခဲ့သည့်အတွက် အလေးအမြတ်ထားရန် ဖြစ်သွားပေသည်။ ဥပမာ- ခသ္ဗီးသ်သည် ဟဇရသ်အလီ ﷺ ထံမှ ပင့်ကူအား သတ်ဖြတ်ခြင်းကို တားမြစ်ချက်ရှိကြောင်း ဆင့်ပြန်ခဲ့သကဲ့သို့ဖြစ်သည်။ သို့ရာတွင် ဆအ်လဗီနှင့် အိဗ်နေအသွီယဟ်တို့က ဟဇရသ်အလီ ﷺ ထံမှပင်

طَهِّرُوا بُيُوتَكُمْ مِنْ نَسْجِ الْعَنْكَبُوتِ فَإِنَّ تَرْكَهُ يُورِثُ الْفَقْرَ

ဟူသော ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်။ ဆိုလိုသည်မှာ 'ပင့်ကူအိမ်များ ရှိခြင်းမှ မိမိတို့၏ အိမ်များကို သန့်ရှင်းစွာ ထားကြလေကုန်။ အကြောင်းမှာ ဤသို့ သန့်ရှင်းခြင်းကို မပြုလုပ်ပါလျှင် ဆင်းရဲမှုနှင့် ကြုံတွေ့ရတတ်သောကြောင့် ဖြစ်သည်။'

ထိုဆင့်ပြန်ချက်နှစ်မျိုးစလုံး၏ စနဒ်မှာ ယုံကြည်လက်ခံထိုက်သည့် အဆင့်၌ မရှိပေ။ သို့သော် ဒုတိယဆင့်ပြန်ချက်ကိုမူ အခြားဆင့်ပြန်ချက်နှင့် အခြားဟဒီးစ်တို့မှ ထောက်ခံမှု ရရှိထား၏။ အဆောက် အဦးနှင့် နေအိမ်များကို သန့်ရှင်းစွာ ထားရန် အမိန့်ရှိထားခြင်း လာရှိထားသောကြောင့် ဖြစ်သည်။

[ရူးဟွလ်မအာနီကျမ်း]

تِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ وَمَا يَعْقِلُهَا إِلَّا الْعَالِمُونَ

မုရှ်ရစ်ကတ်တို့၏ ကိုးကွယ်ရာအရှင်များ၏ အားအင်ချည့်နဲ့မှုကို ပင့်ကူအိမ်နှင့် အလားသဏ္ဌာန် တူကြောင်း ပုံမာ ခိုင်းနှိုင်းတင်ပြပြီးနောက် ငါအသျှင်မြတ်သည် ဤကဲ့သို့သော ရှင်းလင်းပြတ်သားသည့် ပမာခိုင်းနှိုင်းမှုများဖြင့် 'သောင်ဟီးဒ်'၏ အခြေအမြစ်ကို တင်ပြတော်မူသည်။ သို့သော်လည်း ထိုပုံပမာ ခိုင်းနှိုင်းချက်များကို သိနားလည်နိုင်မည့်သူများမှာ အသိပညာ (အိလ်မ်) ရှိကြသူများသာ ဖြစ်ကြပေသည်။ အခြားသော သူတို့သည် မိမိတို့အပေါ်၌ အမှန်တရား ပေါ်လွင်လာစေရန် စဉ်းစားတွေးခေါ်ခြင်း၊ ဆင်ခြင် သုံးသပ်ခြင်းများပင် မပြုကြပေ။

အလ္လာဟ်အသျှင်မြတ်ထံတော်၌ အာလင်မ်ဆိုသည်မှာ မည်သူနည်း။

အေမာမ်ဗဂဝီ (ရဟ) က မိမိ၏ စနဒ်နှင့်အတူ ဟဇရသ်ဂျာဗိရ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူပြီးနောက် 'အာလင်မ်ဟူသည်မှာ အလ္လာဟ် အသျှင်မြတ်၏ ကျမ်းတော်မြတ်တွင် စဉ်းစား၊ ဆင်ခြင်တွေးတောမှုများ ပြုပြီး ထိုကျမ်းတော်မြတ်အပေါ် လိုက်နာ ကျင့်ဆောင်လျက် ထိုကျမ်းတော်မြတ်မှ မနှစ်သက်သော အရာများကို ရှောင်ကြဉ်သူ ဖြစ်သည်' ဟု မိန့်ကြားတော်မူခဲ့သည်။

ဤအချက်ဖြင့် သိရှိရသည်မှာ ကုရ်အာန်နှင့် ဟဒီးစ်တို့၏ စာလုံးများကို နားလည်ရုံမျှဖြင့် အလ္လာဟ် အသျှင်မြတ်ထံတော်တွင် အာလင်မ်မဖြစ်နိုင်ပေ။ ကုရ်အာန်တွင် လေ့လာစူးစမ်း၊ ဆင်ခြင်၊ သုံးသပ်၍ လေးလေးနက်နက် တွေးတောမှု မပြုမချင်း မိမိ၏ ကျင့်စဉ်ကျင့်ရပ်များကို ကုရ်အာန်နှင့်အညီ မပြုမချင်း အာလင်မ်မဖြစ်နိုင်ပေ။

မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရသ်အမရ်ဗင်နုအားဆ္ ﷺ မှ ဆင့်ပြန်သည်မှာ ကျွန်ုပ်သည် တမန် တော်မြတ် ﷺ ထံမှ ဥပမာပုံဆောင်ချက် (၁၀၀) ကို သင်ယူခဲ့ရသည်'ဟူ၏။ အိဗ်နေကဆီးရ် (ရဟ) သည် ဤသည်ကို ဆင့်ပြန်၍ ရေးသားသည်မှာ ဤသည် ဟဇရသ်အမရ်ဗင်နုအားဆ္ ﷺ ၏ အလွန်ကြီးမား သော ထူးမြတ်မှုဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ဤဖော်ပြပါအာယသ်တော်တွင် 'အလ္လာဟ်သျှင်မြတ်နှင့် ရစူလ်တမန်တော်၏ ခိုင်းနှိုင်းထားသည့် ဥပမာပုံဆောင်ချက်များကို နားလည်သူသာ အာလင်မ်ဖြစ်သည်' ဟု မိန့်ကြားထားသောကြောင့် ဖြစ်သည်။

ဟဇရ်အမရ်ဗင်နုမွရ်ရဟ်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ကုရ်အာန်၏ အာယသ်တော်တစ်ပိုဒ်ကို ရောက်၍ ထိုအာယသ်တော်မှာ ကျွန်ုပ်နားမလည်သော အာယသ်တော်ဖြစ်နေလျှင် ကျွန်ုပ်အဖို့ အလွန်ပင် ပူဆွေးသောကဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်က

وَتِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ وَمَا يَعْقِلُهَا إِلَّا الْعَالِمُونَ

ဟု မိန့်ကြားတော်မူ၍ ဖြစ်သည်။' *[အိဗ်နေကဆီးရ်ကျမ်း]*

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရီဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၀]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ۝

معارف القرآن

‘‘အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။’’